Carelinks www.carelinks.net  email: info@carelinks.net

ဗုဒ္ဓဘာသာဝင်များအတွက်သမ္မာကျမ်းစာအခြေခံများ

ဤစာအုပ်ငယ်များကိုမြန်မာဘာသာ၊ တရုတ်ဘာသာ၊ ဂျပန်ဘာသာ၊ ကိုးရီးယားဘာသာ၊ မွန်ဂိုးလီးယားဘာသာ၊ နီပေါဘာသာ၊ ထိုင်းဘာသာ၊ ဗီယက်နမ်ဘာသာ နှင့်အခြားဘာသာစကားများဖြင့်ရရှိနိုင်ပါသည်။


၁။ သမ္မာကျမ်းစာ၏သတင်းစာလွှာအကျဉ်းချုပ်

၂။ ခရစ်ယန်ဘာသာ နှင့် ဗုဒ္ဓဘာသာအချို့သောတူညီချက်များ

၃။ ဗုဒ္ဓဘာသာ၏အခက်အခဲများ
၃.၁ အခွင့်အာဏာလုပ်ဆောင်နိုင်မှုဆိုင်ရာမေးမြန်းချက်များ
၃.၂ အမှန်တရား၏သဘောတရား
၃.၃ ဗုဒ္ဓ နှင့် ယေရှုအကြားနှိုင်းယှဉ်ချက်
၃.၄ ထာဝရဘုရား၏သဘာဝ
၃.၅ သေပြီးနောက်ဘဝ
၃.၆ ကြိုတင်စီမံမှုပြုထားခြင်း
၃.၇ အပြစ်တရား၏ပြဿနာ
၃.၈ ဒုက္ခဝေဒနာခံစားရခြင်း၏ပြဿနာ

၄။ နိဂုံး

## ၁။ သမ္မာကျမ်းစာ စာလွှာအကျဉ်း

သမ္မာကျမ်းစာကိုဓမ္မသစ်ကျမ်းနှင့်ဓမ္မဟောင်းကျမ်းဟူ၍အဓိကအပိုင်းနှစ်ပိုင်း ခွဲခြားထားသည်။ ဤစာအုပ်ငယ် အတိုင်းလိုက်နာနိုင်ရန် အတွက်သင့်အနေဖြင့် သမ္မာကျမ်းစာနှစ်ပိုင်းစလုံးပြည့်ပြည့်စုံစုံသိရှိရန်လိုအပ်မည်ဖြစ်သည်။သင်၏ ဓမ္မသတ်သစ်ကျမ်းပထမစာအုပ်ကိုဖွင့်လိုက်ပါ။ **'Gospel'** သည်ကောင်းချီး သတင်းဟု အဓိပ္ပါယ်ရပါသည်။ ရှင်မသဲသည်အစိုးရ အရာရှိတစ်ဦးဖြစ်ခဲ့ပြီး နောက်ပိုင်းတွင်ယေရှု၏ နောက်လိုက်တစ်ဦးဖြစ်လာခဲ့ကာ ယေရှု၏ ခရီးစဉ်များတွင် လိုက်ပါရသူတစ်ဦး ဖြစ်လာခဲ့ပါသည်။ ပထမအခန်းကြီး နှင့်ပထမအပိုဒ်သည်ရှင်မဿဲသားဖြစ်သည်(သင့်အနေဖြင့်ယင်းကိန်းဂဏန်းတွဲကို ကြည့်ရာ တွင်ပထမကိန်းဂဏန်းသည်အခန်းကြီးကိုညွှန်းပြီးဒုတိယ ကိန်းဂဏန်း သည်အပိုဒ်ကိုညွှန်းပါသည်။) ယင်းမှာရှင်မဿဲကောင်းချီး သတင်းရှင်းလင်းချက် အစဖြစ်ပါသည်။ **'' The book of the genealogy of Jesus Christ, the Son of David, the Son of Abraham''** စာအုပ်ကို ကျွန်ုပ်တို့ ဖတ်ဖူးကြမည်။ ထိုစာအုပ်မှာ ကျွန်ုပ်တို့ မျှော်မှန်းထားသည့် အတိုင်းမဟုတ်ပါ။ ယေရှုသည် ဒါဝိဒ်နှင့်အာဗြဟံတို့မှသက်ဆင်းလာသူဖြစ်သည်ဟု ရှင်မဿဲက ဆိုပါသည်။ ဒါဝိဒ်သည် လွန်ခဲ့သောနှစ်ပေါင်း ၃၀၀၀ ကအစ္စရေး နိုင်ငံ၏ ထင်ရှားသောဘုရင်တစ်ပါးဖြစ်ခဲ့ပါသည်။ အာဗြဟံသည်လွန်ခဲ့သော နှစ်ပေါင်း ၄၀၀၀ ကသက်ရှိထင်ရှားနေထိုင်ခဲ့သူဖြစ်ပြီး ဂျူးနှင့်အာရပ်မျိုးနွယ် နှစ်မျိုးစ လုံးမှပေါက်ဖွားဆင်းသက်လာသူဖြစ်ပါသည်။ ရှင်မဿဲကကျွန်ုပ်တို့အား ပြောဆိုမြွက်ဟခဲ့ သောအချက်မှာယေရှုသည် ဒါဝိဒ်နှင့်အာဗြဟံနှစ်ဦးစလုံးမှ ဆင်းသက်လာသူ ဖြစ်သည်ဟုသောအချက်ဖြစ်ပါသည်။

ပေါလုသည်ယေရှု၏အခြားနောက်လိုက်ဖြစ်ပါသည်။အစကနဦးက သူသည် ခရစ်ယာန်အသင်းတော်၏ရန်သူ တစ်ဦးဖြစ်ခဲ့ပြီး ယေရှုကို ယုံကြည် သူများအား ညှင်းပမ်းနှိပ်စက်ခဲ့သည်။ သို့ရာတွင် ယေရှုက သူအားအမြင်မှန် ရစေကာခရစ်ယာန် ဘာသာဝင်တစ်ဦးဖြစ်လာစေခဲ့ပါသည်။သူအနေဖြင့် ကောင်းချီးသတင်းကရှင်မဿဲနည်းတူ တူညီသောလမ်းကြောင်း အတိုင်း မြင်လာခဲ့ပါသည်။ ကျေးဇူးပြု၍ (ဂလာ ၃း၈)ကိုကြည့်ပါ **ဘုရားသခင်သည် ယုံကြည်ခြင်းကိုထောက်၍တပါးအမျိုးသားတို့ကို ဖြောင့်မတ်ရာ၌ တည်စေတော်မူမည်ဟုကျမ်းစာသည် မျှော်မြင်လျက်အာဗြဟံအား အမိန့်ရှိ၍ သင့်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းချီး မင်္ဂလာကို ခံကြရလိမ့်မည်ဟု ဧဝံဂေလိတရားကိုဟောနှင့်လေ၏။ ဧဝံဂေလိသည် အာဗြဟံအား ကတိပြု ထားသည့်အတိုင်း ဖြစ်ပါသည် အကယ်၍ကျွန်ုပ်တို့ အနေဖြင့် ဘုရားသခင်က အာဗြဟံအားမည်သည့်အချက်ကို ကတိကဝတ် ပြုထားသည်ကို နားလည် နိုင်လျှင် ဧဝံဂေလိကိုကျွန်ုပ်တို့ နားလည်နိုင်မည် ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ဓမ္မသတ် ဟောင်းကို ပြန်ကြည့်ပြီး ဘုရားသခင်က အာဗြဟံ အား မည့်သည့် အကြောင်း အရာများ ပြောခဲ့သည်ကို လေ့လာ သုံးသပ်ရန် လိုပေသည်။သမ္မာကျမ်းစာပထမစာအုပ် (က ၁၇ း၈) တွင်* သင်သည် ယခုညှော့သည်ဖြစ်၍ နေသောခါနန်ပြည် တစ်လျှောက်လုံးကို သင့်အား လည်းကောင်း၊ သင့်နောက်၌ သင့်၏ အမျိုးအနွယ်အားလည်းကောင်း အစဉ်အမြဲ အပိုင်ပေးမည်။ လူတို့၏ ဘုရားလည်းငါဖြစ်မည်ဟု မိန့်မြွက်တော် မူ၏။

သူနှင့်သူ၏ကလေးငယ်များအားဤကမ္ဘာမြေပေါ် တွင်အစဉ်ထာဝရနေထိုင် ကြရ လိမ့်မည်ဟု ဘုရားသခင်က အာဗြဟံအား ကတိပေးခဲ့ပြီးဖြစ်သည်။ ထာဝရ အသက်သည် ဓမ္မဟောင်းကျမ်းမှ ပေါ် ထွက်လာသောအရေးပါသည့် အတွေး စိတ်ကူးတစ်ခုဖြစ်သည်။သမ္မာကျမ်းစာ ၏ အဓိကကျသောစာလွှာသည် အမြဲတောက်လျှောက်တူညီနေသည့်အတွက် ဤအချက်ကိုမှတ်သားထားရမည်။အာဗြဟံသည်မည်ကဲ့သို့အမြဲအသက်ရှင်နေနိုင်ပါမည်လဲ၊ (က ၂၂း၁၇၊ ၁၈) ကိုကြည့်ပါ။ **ငါသည်သင့်အား အစဉ်အမြဲကောင်းချီးပေးမည်၊ သင်၏အမျိုးအနွယ်ကိုလည်းကောင်းကင်ကြယ်ကဲ့သို့လည်းကောင်း၊ သမုဒ္ဒရာသဲလုံး ကဲ့သို့လည်းကောင်း၊ အစဉ်အမြဲပွားများစေမည်။ သင်၏အမျိုးအနွယ်သည် ရန်သူတို့၏မြို့တံခါးများကို အစိုးရလိမ့်မည်၊ သင်၏အမျိုးအနွယ်အားဖြင့်လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာကို ခံကြရလိမ့်မည်ဟုငါ၏စကားကိုသင်နားထောင် သောကြောင့်ငါသည် ကိုယ်ကိုကိုယ်တိုင်တည်၍ကျိန်ဆို၏ဟု ထာဝရဘုရားသခင်၏အမိန့်တော်ကို ဆင့်ဆိုလေ၏။ ဘုရားသခင်က အာဗြဟံအားသူ အနေဖြင့်ကမ္ဘာလောကကြီး တစ်ခုလုံးအတွက်ကောင်းချီးပေးမှု၏မူလအစဖြစ်လာမည့် သားတစ်ယောက် ရလိမ့်မည်ဟု ကတိပေးခဲ့သည်။ သမ္မာကျမ်းစာကို နားလည်နိုင်မည့်နည်းလမ်းမှာ သမ္မာကျမ်းစာ၏အဓိပ္ပါယ်ဖွင့်ဆိုမှုများကိုနားလည်အောင် ကြည့်မြင်တတ် ရန်ဖြစ်သည်။

ကျွန်ုပ်တို့ ယခုဖတ်ရှုခဲ့ပြီးသောစကားလုံးများသည် ဓမ္မသစ်ကျမ်း (တ ၃း၂၅၊ ၂၆) ဖော်ပြထားပြီးဖြစ်သည်။ သင်တို့သည် ပရောဖတ် အမျိုးအနွယ်ဖြစ်ကြ၏၊ ဘုရားသခင်သည် အာဗြဟံကို သင်၏ အမျိုး အနွယ်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာကို ခံကြရလိမ့်မည်ဟု ဗျာဒိတ်ထားတော်မူ၍ ငါတို့ ဘိုးဘေးများတို့ အားပေးတော်မူတော် ပဋိညာဉ်တရားတော်နှင့်သင်တို့သည်ဆိုင်ကြ၏၊ သင်တို့တွင် မိမိဒုစရိုက်တို့ကို ကြင်ရှောင် ဖယ်ရှားသော သူ ရှိသမျှတို့အား ကောင်းချီးမင်္ဂလာကို ပေးစေချင်၍ ဘုရား သခင်သည် မိမိသားတော်ယေရှုကိုထမြောက်စေတော်မူပြီးလျှင် သင့်တို့ရှိရာတို့ ရှေးဦးစွာ စေလွှတ်တော်မူသည်ဟုလူများတို့အားပေတရုဟော ပြော၏။ထို့ကြောင့်
မည်သူတို့သည်အာဗြဟံ၏မျိုးနွယ်ဖြစ်ပါသလဲ(တ၃း၂၅) တွင်ဖော်ပြထားသည့် မျိုးနွယ်ဆက်မှာ ယေရှုဖြစ်သည် ကမ္ဘာလောကကြီး တစ်ခုလုံးရှိ အမျိုးသား အမျိုးသမီးများအတွက် သူယူဆောင် လာမည့်အရာသည် မည်သည့် ကောင်းချီး ပေးမှုများဖြစ်ပါသလဲ။ ဒုက္ခများနှင့် ကယ်တင်ခြင်း၏ခွင့်လွှတ်မှု ကောင်းချီး ပေးခြင်းများ ဖြစ်သည်။ ဆက်၍ လေ့လာကြည့်ရအောင် ၊ (ဂလာ ၃း၁၆) တွင်ကတိတော်တို့ကို အာဗြဟံ နှင့်သူ၏အမျိုးအနွယ်၌ ထားတော်မူ၏။ အမျိုးအနွယ်တို့ဟု အများသောသူတို့ကို ရည်မှတ်၍မိန့်တော်မူသည်မဟုတ် သင်၏အမျိုးအနွယ်ဟု တစ်ယောက်သောသူကို ရည်မှတ်၍မိန့်တော်မူ၏။ ထိုတစ်ယောက်သောသူအား ခရစ်တော်ဖြစ်သတည်း။ သို့ဖြစ်ရာ အာဗြဟံ၏မျိုးနွယ်ဆက်များတစ်ဦးတည်းသော ပုဂ္ဂိုလ်ဖြစ်သော ယေရှုပင်ဖြစ် သည်။ သို့ရာတွင် ကောင်းကင်တွင်ရှိသော ကြယ်များကဲ့သို့ ထို့လူတစ်ဦးတည်း မှ မည်ကဲ့သို့ လူသားများစွာ ဖြစ်လာ နိုင်ပါမည်နည်း။(ဂလာ ၃း၂၇ -၂၉ ) ကြည့်ပါခရစ်တော်၌ ဗတ္တိဇံကိုခံသောသူရှိ သမျှတို့ သည်ခရစ်တော်ကို ယူငင်သယ် ဆောင်သူဖြစ်ကြ၏။ ယေရှုခရစ်၌ ယူဒလူမရှိ၊ ဟေလသလူမရှိ၊ ကျွန်မရှိ၊ လူလွတ်မရှိ၊ ယောကျ်ားမရှိ၊ ထိုသခင်၌ သင့်တို့အပေါင်းသည် တစ်လုံးတစ်ဝတည်းဖြစ်ကြ၏။ ခရစ်တော်နှင့် စပ်ဆိုင်လျှင်အာဗြဟံ၏ အမျိုးအနွယ်ပင်ဖြစ်၍ ကတိတော်အတိုင်းအမွေခံ၏ အရာ၌ တည်ကြ၏။ထိုကြောင့်ပင် ပေါလုက(ဂလာ ၃း၂၉)တွင် ခရစ်တော်၌ ဗတ္တိဇံကိုခံသော သူရှိသမျှတို့ သည်ဘုရားသခင်ကအာဗြဟံအား ပေးထားသောဂတိတော် အတိုင်း အပိုင်းကဏ္ဍအဖြစ် ပါဝင်နိုင်ခြင်းဖြစ်သည်။ ဗတ္တိဇံပြုလုပ်ခြင်းမှာ ယေရှုခရစ်တော်အားယုံကြည် ကြသောသူများအား မြစ်တစ်ခု၊ ရေချိုးကန်သို့မဟုတ်ရေကူးကန်၏ ရေမျက်နှာပြင်အောက်သို့ ခရစ်တော်၏ရေနှစ်ခြင်းမှ ပြန်လည်ပေါ် ထွက်လာသည့် ပွဲတော်တစ်ခုတွင် ပါဝင် ဆင်နွှဲခြင်းဖြစ်သည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ယုံကြည်သူများက ခရစ်တော်ကဲ့သို့ ဖြစ်ရန်ဆန္ဒရှိကြောင်း ပြသလိုက်ခြင်းဖြင့် ရေထဲမှပြန်ထွက်လာသော အခါ သူအနေဖြင့်ခရစ်ယာန်ဘာသာဝင်တစ်ဦး အဖြစ် ဖော်ညွှန်း လိုက်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ဗတ္တိဇံပြုလုပ်ပြီးသည့် အခါမှသာ ဘုရားသခင်ကတိပြုတော်မူသည့်အတိုင်း မျိုးနွယ်ဆက်များအနေဖြင့် ကောင်းကင်မှကြယ်ပွင့်များကဲ့သို့များပြားလာကာကမ္ဘာမြေပေါ်တွင် ထာဝရ အသက် ရှင်မှုကို ရရှိမည်ဖြစ်မည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့အနေဖြင့် ကယ်တင်မှုကိုအလို ရှိပါက ပတ္တိဇံ ပြုကြရမည် ဖြစ်သည်။ သူ၏မျှော်လင့်ချက်မှာ ဣသ ရေလ၏ မျှော်လင့်ချက်ဖြစ်သည်ဟု ပေါလုကပြောခဲ့သည်။ (တ ၂၈း၂၀)သူအနေနှင့် သေခြင်းတရားနှင့်ရင်ဆိုင် ရသည်နှင့် အမျှယင်းမှာသူ၏ မျှော်မှန်း ချက်ဖြစ်ပြီး ယင်းမျှော်မှန်းချက်မှာ ဣရေလ၏မျှော်လင့်ချက်ဖြစ်သည်။ ဗတ္တိဇံဆိုသည်မှာ အဘယ်နည်း၊ ဗတ္တိဇံမှာ ဖြန်းခြင်းမဟုတ်ပေ။ ဓမ္မသစ်ကျမ်းကို ဂရိဘာသာ စကားဖြင့်ရေးသားထားရာ ဗတ္တိဇံမှာ နှစ်ခြင်းဟု အဓိပ္ပါယ်ရသည်။သင်္ဘော နစ်ခြင်း၊ အနှစ်ခံရခြင်းသို့မဟုတ် အဝတ်စတစ်ခုကို နှစ်လိုက်ခြင်းဖြင့် တစ်ရောင်မှအခြား တစ်ရောင်သို့ ပြောင်းရာတွင် အသုံးပြု ကြသည်။ (မ ၃း၁၃-၁၆) ကိုကြည့် လိုက်ပါ။ ထိုအခါယေရှုသည် ဗတ္တိဇံကိုခံအံ့သော ငှာ ဂါလိလဲပြည်မှ ယော်ဒန် မြစ်နားယောဟန်ထံသို့ ကြွတော်မူ၏။ ယောဟန်ကလည်း အကျွန်ုပ်သည် ကိုယ်တော်ထံ၌ ဗတ္တိဇံကိုခံရမည် အကြောင်းပါရှိသည်ဖြစ်၍ ကိုယ်တော်သည် အကျွန်ုပ်ထံသို့ ကြွလာတော်မူသလောဟု ယေရှုကိုဆီးတားလေ၏။ ယေရှုကလည်း အလုံးစုံ သောတရားတို့ကို အကုန်အစင်ကျင့်သင့်သည်ဖြစ်၍ ယခုအခွင့်ပေးပါဟု ပြန်ပြောတော်မူ၏။ ထိုအခါယောဟန်သည်ဝန်ခံလေ၏။ ယေရှုသည် ဗတ္တိဇံကို ခံတော်မူပြီးလျှင်ရေမှပေါ် ထစဉ်တွင် ကောင်းကင်ဖွင့်လှစ် သဖြင့် ဘုရားသခင်၏ ဝိညာဉ်တော်သည်ချိုးငှက်ကဲ့သို့ဆင်းသက်၍ ကိုယ်တော်အပေါ်၌ နားတော်မူသည်ကိုမြင်ရသည်။ ယေရှုသည် ရေထဲသို့ ဗတ္တိဇံပြီးရေထဲမှ ပြန်လည်ပေါ် ထွက်လာသည်။ ဖြန်းခြင်းမဟုတ်ဘဲနှစ်ခြင်းဖြင့် ကလေးငယ် တစ်ယောက်အဖြစ်နှင့် မဟုတ်ဘဲ လူကြီးတစ်ယောက်အသွင်ဖြင့် ဗတ္တိဇံ ခံရ ခြင်းဖြစ်သည်။ ထို့ကြောင့် ဗတ္တိဇံပြုခြင်းကို မြစ်အတွင်း ပြုလုပ် ခြင်းဖြစ်သည်။ သို့ဖြစ်ရာ ယေရှုအနေဖြင့် ဗတ္တိဇံခံရပါက ကျွန်ုပ်တို့လည်း ဗတ္တိဇံခံကြရမည် ဖြစ်သည်။ ယင်းနှစ်ခြင်းပြန်လည်ပေါ် ထွက်လာခြင်းမှာ ယေရှု၏ သေခြင်းနှင့်ပြန်လည်ရှင်သန်ခြင်းကို ဖော်ညွှန်းပြီး ယေရှု၏ သေခြင်းနှင့် ပြန်လည်ရှင်သန်ခြင်းကို

ကျွန်ုပ်တို့၏ကိုယ်ပိုင်အဖြစ်ပြုလုပ်ရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။ ထို့ကြောင့်ပင်ဖြန်းခြင်းဖြင့် မဟုတ်ဘဲနှစ်ခြင်းဖြင့် ပြုလုပ်ကြရမည်ဖြစ်သည်။ (ရော ၆း၃-၅ )ကိုကြည့်ပါ။ ယေရှုခရစ်၌ ဗတ္တိဇံကိုခံသောသူရှိသမျှတို့သည်အသေခံတော်မူခြင်း၌ ဗတ္တိဇံကို ခံကြသည်ဟုသင်တို့မသိသလော။ထို့ကြောင့်အသေခံတော်မူခြင်း၌ ဗတ္တိဇံကိုခံတော်အားဖြင့်ထိုသခင်နှင့်အတူ သင်္ဂြိုလ်ခြင်းကို ခံကြ၏ အကြောင်းမူကား ခရစ်တော်သည် ခမည်းတော်၏ဘုန်းတန်းခိုးအားဖြင့် သေခြင်းမှထမြောက်တော်မူသည် နည်းတူငါတို့သည်လည်း အသစ်သော အသက်၌ ကျင်လည်ကြရသတည်း။ တစ်နည်းကား အသေခံ တော်မူခြင်း၏ ပုံသဏ္ဍာန်ကို ဆောင်၍ထိုသခင်နှင့်အတူငါတို့သည် စိုက်ပျိုးလျက်ရှိသည် မှန်လျှင်ထမြောက်တော်မူခြင်း၏ ပုံသဏ္ဍာန်ကို ဆောင်၍ စိုက်ပျိုးလျှက် ရှိကြလိမ့်မည်။ ထိုကြောင့်ပင်ကျွန်ုပ်တို့က သင့်အားဗတ္တိဇံပြုခံရန် တောင်းဆိုခြင်းဖြင့် သင့်၏ရည်မှန်းချက်ကို ယေရှုခရစ်အား လက်ခံရန် ပြုလုပ်မည် ဖြစ်သည်။

ယေရှုအဖြစ်ဗတ္တိဇံခံခြင်းအားဖြင့် ကျွန်ုပ်တို့သည် လည်းယေရှု၏ အစိတ်အပိုင်းဖြစ်ကာ ကတိပြုချက်များ ကိုလည်း ကျွန်ုပ်တို့ကို အသုံးပြုနိုင် စေမည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်၏ နှုတ်ကပါတ်တော်အတိုင်း သစ္စာရှိရှိနေထိုင်မည်ဆိုပါကယေရှုတွင်ယခုရှိနေသည့် အတိုင်းထာဝရအသက်ရှင်မှုကိုပေးသနားခြင်းခံကြရမည်ဖြစ်သည်။ ထို့နောက်တွင် ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်၏ ဘုံဗိမာန်ကမ္ဘာကြီးအတွင်း အစဉ်ထာဝရနေထိုင်နိုင်ကြမည်ဖြစ်သည်။ အကယ်၍ဤအချက်ကိုသင်ယုံကြည် ပါက ထာဝရအသက်ရှင်နေထိုင်နိုင်ကြမည်ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ရုပ်ဝတ္ထုပစ္စည်းများ နှင့်ပြဿနာကြုံတွေ့ရသည့် အခါတိုင်းယင်းရုပ်ဝတ္ထု ပစ္စည်းများသည် တခဏတာသာဖြစ်ကြောင်း ကျွန်ုပ်တို့နားလည် လာမည် ဖြစ်သည်။ ပြီးလျှင်ခရစ်တော်ပြန် လည် နိုးထလာသောအခါတွင် သစ်ဆန်းသော ဘဝတစ်ခုကို ကျွန်ုပ်တို့အား ပေးအပ်လိမ့်မည့်ဖြစ်သည်။ ထို့ကြောင့် သမ္မာကျမ်းစာ နှင့်ခရစ်တော်တွင် တကယ်မျှော်မှန်းချက်မှာ အလွန်ကြီး မားသည့် အတွက်ကျွန်ုပ်တို့

၏ လက်ရှိပြဿနာများကို အလွန်ကြီးမားသည်ဟု မထင်မှတ် ခြင်းဖြစ်သည်။

သို့သော် ယင်းမှာမည့်သို့ဖြစ်နိုင်ပါသလဲ၊ ယေရှုကကျွန်ုပ်တို့ကို ကယ်တင်နိုင်ပါသလား။ သူသည်ကျွန်ုပ်တို့၏ ကိုယ်စားလှယ်တော်ဖြစ်ပြီး သူသည် ကျွန်ုပ်တို့နှင်တူညီသဖြင့်သေခြင်းနှင့်ရှင်သန်ခြင်းအတွက် ဗတ္တိဇံပြုခံ ကြရခြင်း ဖြစ်ပေသည်။ (ယာ ၂း၁၄-၁၈) ကိုကြည့်ပါ။ ထိုသူငယ်တို့သည် အသွေးအသားနှင့်ဆက်ဆံကြသောကြောင့်ခရစ်တော်သည် အသေခံ တော်မူသောအားဖြင့် သေခြင်းတရားကိုအစိုးသောသူတည်းဟူသော မာရ်နတ်၏ တန်ခိုးကို ချိုးဖွဲ့ဖျက်ဆီးခြင်းငှာလည်းကောင်း၊ ထိုသူငယ်တို့၏နည်းတူ အသွေးအသားကိုဆောင်ယူတော်မူ၏။ အကြောင်းမူကား ခရစ်တော်သည် ကောင်းကင်တမန်တို့ကို မစတော်မူသည်မဟုတ်။ အာဗြဟံအမျိုးကို မစတော်မူ ၏၊ ထို့ကြောင့်ခရစ်တော်သည်လူတို၏ အပြစ်ဖြေစရာအကြောင်းကို စီရင် ၍ ဘုရားသခင်နှင့် စပ်ဆိုင်သောအရာတို့၌ ဂရုဏာနှင့်လည်းကောင်း၊ သစ္စာနှင့် လည်းကောင်း၊ ပြည်စုံသော ယစ်ပုရောဟိတ် အကြီးဖြစ်အံ့သောငှာ မိမိညီ အကို တို့ နှင့်လုံးလုံးတူရသောအကြောင်းရှိ၏။ ထို့သို့စုံစမ်းနှောက်ယှက်ခြင်းကို ကိုယ်တော်တိုင်ခံ၍ ဒုက္ခဆင်းရဲခြင်း၌ ကျင်လည်သောကြောင့် စုံစမ်းနှောက်ယှက် ခြင်း အမှုနှင့်တွေ့ကြုံသောသူတို့ကို မစခြင်းငှာတတ်နိုင်တော်မူ၏။ လှေ့လာမှုပြုလုပ်ရာတွင် မကောင်းဆိုးဝါးသည်တိရစ္ဆာန်တစ်ကောင် သို့မဟုတ် နဂါးတစ်ကောင်မဟုတ်ပေ။ ♥ဒုက္ခဆင်းရဲမှုအတွက် ကိုယ်စားပြုအသုံးပြုထားခြင်း ဖြစ်သည်။ အပြစ်တရား၏ အခကားသေခြင်းပေတည်း။ (ရော ၆း၂၃ ) သို့ရာတွင်ဤနေရာ၌ မကောင်းဆိုးဝါးတွင်သေခြင်းစွမ်းအားရှိသည်ဟု ဖတ်ရှုမည်ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့်ကျွန်ုပ်တို့ပြင်ပရှိမမြင်ရသော အရာတစ်ခုမဟုတ်ဘဲ ကျွန်ုပ်တို့၏ကိုယ်ပိုင်သဘာဝဖြစ်ရပ်များနှင့်သာ ရုန်းကန် လှုပ်ရှား ဆောင်ရွက်ရန်လိုအပ်သည်။ အပိုဒ်၁၄တွင် ထိုအချက်ကို ထပ်ကာတလဲလဲဆိုထားသည်။ သူကိုယ်တိုင်လည်း ကျွန်ုပ်တိုကဲ့သို့ ပင် သဘာဝကို လိုက်နာသူဖြစ်သည်။ ခရစ်ယန်ဘာသာဝင်အများစုတို့က သန့်ရှင်းသော ဝိညာဉ်တော်တစ်ခုအတွင်း ဘုရားသုံးဆူရှိပြီး ၎င်းတို့ အနက် တစ်ဦးမှာ ယေရှုဖြစ်သည်။ သို့ရာတွင်ယင်းမှာ သမ္မာကျမ်းစာကပြောသည့် အတိုင်း မဟုတ်ပေ။ ဟေဗြဲဩဝါဒစာအရ ကျွန်ုပ်တို့အနေဖြင့် ယေရှုနှင့် ပတ်သက်၍ မှန်ကန်စွာသိရှိနားလည်သဘောပေါက်ရန် အရေးကြီးပေသည်။ သူသည်ကျွန်ုပ်တို့၏သဘာဝတရား အတိအကျဖြစ်သည်။ စာရေးသူက ဤအချက်ကို လေးကြိမ်တိုင်အလေးအနက်ထားပြောထားသည်။ သူသည်လည်း ကျွန်ုပ်တို့ကဲသို့ ဖြားယောင်းသိမ်းသွင်းခြင်းခံရသည်။

ကျွန်ုပ်တို့မည်ကဲ့သို့ဖြားယောင်းသိမ်းသွင်းခံရသလဲ၊ ကျွန်ုပ်တို့ ကိုယ်ပိုင်လူ့သဘာဝအားဖြင့်ဖြစ်သည်။(ယာ ၁း၁၃-၁၅ )ကို ကြည့်ပါ။ အပြစ်သွေးဆောင်ခြင်းကိုခံရသောသူမည်သည်ကား ဘုရားသခင်သည် ငါ့ကို

သွေးဆောင်တော်မူသည်ဟုမပြောစေနှင့်၊ မကောင်းသောအရာသည် ဘုရား သခင်ကိုသွေးမဆောင်နိုင်ရာ။ ကိုယ်တော်သည်လည်း အဘယ်သူကို မျှအပြစ်သို့ သွေးဆောင်တော်မမူ မိမိတပ်မက်သော စိတ်ဆွဲငင်ဖြား ယောင်းခြင်း ကို ခံသောသူမည်သည်ကား အပြစ် သွေးဆောင်းခြင်း သို့ ရောက်တတ်၏။ တပ်မက်သောစိတ်သည် ပဋိသန္ဓေယူ၍ ဒုစရိုက်ကိုဖွားတတ်၏ ဒုစရိုက်သည် လည်း ပြည့်စုံလျှင်သေခြင်းကိုဖွားတတ်၏။ ယင်းမှာယေရှုသည် ကျွန်ုပ်တို့ကဲ့ သို့ လူသားသဘာဝရှိသည်။ ဘုရားသခင်ကိုအပြစ်သွေးဆောင်ခြင်းမပြုနိုင်။ သိုရာတွင်ယေရှုကိုကား အပြစ်သွေးဆောင်းခြင်း ပြုနိုင်သည်ဟု အာဖြဲ သြဝါဒစာကဆိုသည် ထို့ကြောင့် ယေရှုသည်ဘုရားသခင် ကိုယ်တိုင်မဟုတ်ပေ။ ယေရှုသည် မာရိယာမှ မွေးဖွားသော ဒေးဗစ်နှင့် အာဗြဟံတို့၏ မျိုးနွယ်ဆက် ဘုရားသခင်၏သားတော် လူသားတစ်ဦးဖြစ်သည်။ ထို့အတူ ဘုရားသခင်ကို မမွေးဖွားနိုင် ယေရှုကိုသာ မွေးဖွားနိုင်သည်။ ဘုရားသခင်သည်မသေနိုင်။ ယေရှုသာသေနိုင်သည်။ ကျွန်ုပ်တို့ဘုရားသခင်ကိုမမြင်နိုင်။ ထို့အတူလူတို့က ယေရှုကိုမြင်နိုင်သည်ထိကိုင်နိုင်သည်။ ယေရှုသည် ဘုရားသခင်မပေါ် ပေါက်မီ မတည်ရှိနိုင်။ သူသည်မေရိယာမှမွေးဖွားသော ဘုရားသခင်၏ သားတော် ဖြစ်သည်။ (လု ၁း၃၁-၃၅) ကို ကြည့်ပါ။ သင်သည် ပိဋိသန္ဓေ ဆွဲယူ၍ သားယောကျာ်းကိုဖွားမြင်လိမ့်မည်။ ထိုသားကို ယေရှုအမည်ဖြင့် မှည့်ရမည်။ ထိုသားသည်ကား ကြီးမြတ်သောသူဖြစ်လိမ့်မည်။ အမြင့်ဆုံး ဘုရားသခင်၏ သားတော်ဟု ခေါ် ဝေါ် သမုတ်ခြင်းကို ခံရလိမ့်မည်။ သူအဘဒါဝိဒ်၏ ရာဇပလ္လင်ကိုထာဝရအရှင်ဘုရားသခင်သည် သူအား ပေးတော်မူမည်။ ထိုသူသည်လည်း ရာကုတ်အမျိုးအနွယ်ကိုအစဉ်မပြတ် အုပ်စိုး လိမ့်မည်။ သူ၏နိုင်ငံသည်လည်း ဆုံးခြင်းမရှိရဟု ပြောဆို၏။ မာရိက လည်း ဤအမှုအယာသည် အဘယ်သို့ဖြစ်လိမ့်နည်း။ ကျွန်ုပ်တို့သည် ယောကျာ်းနှင့် မဆက်ဆံပါဟုကောင်းကင်တမန်အားပြန်ပြော၏။ ကောင်းကင်တမန်ကလည်း သန့်ရှင်းသော ဝိညာဉ်တော်သည်သင်၏ အပေါ်မှာသက်ရောက်တော်မူ၍ အမြင့်ဆုံးသောဘုရားသခင်၏ အာနုဘော်တော်သည်သင့်ကို လွှမ်းမိုးလိမ့်မည် ထိုအကြောင်းကြောင့်ထိုသန့်ရှင်းသော သားသည်လည်း ဘုရားသခင်၏ သား တော်ကို ခေါ်ဝေါ် သမုတ်ခြင်းကိုခံရလိမ့်မည်။ အာဒလုံးကို အနာဂတ် ကာလဖြင့်ရေးသားထားသည် ကိုသတိပြုပါ။ သူသည် ဘုရားသခင်၏သားတော် ဖြစ်လိမ့်မည်။ မာရိသည်သူ၏ဝမ်းတွင်သန္ဓေဆောင်လိမ်မည်။ စိတ်ကူးအတွေး ၊ ယေရှု၏ရုပ်ပုံလွှာ ၊ တို့မှာဘုရားသခင်နှင့်အတူ အစဉ်အမြဲ အစကနဦးထဲပင် ရှိခဲ့သော်လည်း ယင်းမှာယေရှု၏အစဖြစ်သည်။ မာရိသည် သာမာန် အမျိုး သမီး မျှသာဖြစ်သည်ကို သတိပြုပါ။ ယေရှုသည် အာဗြဟံနှင့် ဒါဝိဒ်တို့၏ မျိုးနွယ်ဆက်ဖြစ်သည်။ ယင်းမှာသူ၏မိခင်သည်သူတို့၏မျိုးနွယ်ဆက် ဖြစ်သောကြောင့် ဖြစ်သည်။အကယ်၍ယေရှုသည် ဘုရားသခင်ဖြစ်လျှင် မာရိသည်လည်းဘုရားသခင်၏မယ်တော်ဖြစ်ပြီး သူမအနေဖြင့် သာမာန် အမျိုးသမီးတစ်ဦးမဖြစ်နိုင်တော့ပေ။ အကယ်၍တမန်ကျမ်းစာမှ ဆိုသည့်အတိုင်း ယေရှုသည်ဘုရားသခင် ၏သားတော်ဖြစ်ပြီး လူသား၏သားတော်လည်းဖြစ်ရာ မာရိမှတဆင့် အာဗြဟံနှင့် ဒါဝိဒ်တို့၏မျိုးနွယ်ဆက်ဖြစ်ရာမာရိသည် သာမန်အမျိုးသမီးတစ်ဦးဖြစ်ရာသက်သေပြလျှက် ရှိပေသည်။ သို့ဖြစ်ရာ ထိုအချက်မှာ မှန်ကန်သောယုံကြည်မှုစနစ်တစ်ခုသို့မဟုတ် မှားယွင်းသော ယုံကြည်မှု စနစ်တစ်ခုဖြစ်ရာ မှန်လျှင်လည်းအားလုံးမှန် မှားလျှင်လည်း အားလုံး မှားနိုင်ပေမည်။ အယူဝါဒက ကျွန်ုပ်တို့၏ ဘဝကိုတက်ရောက်မှု ရှိစေသည့် အတွက် အမှန်ကို ယုံကြည်မှုရှိရန် အရေးကြီးပေသည်။ (ဟေဗြဲ ၄း၁၅-၁၆) ကို ကြည့်ပါ။ ငါတို့ ယဇ်ပရောဟိတ်မင်းသည်ငါတို့ ခံရသော ဆင်းရဲ ဒုက္ခ များကြောင့် မကြင်နာနိုင်သောမဟုတ် ၊ငါတို့ခံရသည်နည်းတူ အမျိုးမျိုး သော စုံစမ်းနှောင့်ယှက်ခြင်းတို့ကိုခံဖူးသောသူဖြစ်တော်မူ၏။ သိုရာတွင် ဒုစရိုက်အပြစ်နှင့်ကင်းလွှတ်တော်မူ၏။ ထို့ကြောင့်ငါတို့သည် သနားခြင်း ဂရုဏာကို လည်းကောင်း ၊ တော်လျှော်သောမစခြင်း ကျေးဇူးတော်ကို လည်းကောင်းခံရမည် အကြောင်းရဲရင့်သောစိတ်နှင့်ကျေးဇူးပလ္လင်တော်တို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့။ ယေရှုသည်ကျွန်ုပ်တို့နှင့် တူညီသောသဘာဝရှိသဖြင့် ယေရှုမှတဆင့်ဘုရားသခင်အားယုံကြည်မှုဖြင့်ကိုးကွယ်ဆည်းကပ်နိုင်ပေသည်။ သို့ဖြစ်ရာကျွန်ုပ်တို့ဆုတောင်းသမျှကို လက်ခံနိုင်ရန်အတွက် လူသား ဘုန်းတော်ကြီး၊ ခရစ်ယာန်ဝတ်ပြုကျောင်း သို့မဟုတ်သင်းအုပ်ဆရာမလိုအပ်ပေ။ သို့ဖြစ်ရာ အကျဉ်းချုပ်ကိုဆိုရလျှင် (၁) ဘုရားတစ်ဆူသာရှိသည်။ သုံးဆူမဟုတ်ပါ။ (၂) ယေရှုသည် လည်းကောင်းကိုယ်တိုင်ဘုရားမဟုတ် ဘုရား၏ သားတော်ဖြစ်သည်၊ ဘုရားမပေါ် ပေါက်မီယေရှုမရှိခဲ့။ သူတွင် ကျွန်ုပ်တို့အားလုံး၏ စေ့ဆော်တိုက်တွန်းမှုများနှင့် လူသားအတွေ့ အကြုံ များ အားလုံးရှိပြီးဖြစ်သည်။ သို့ရာတွင်♥ဒုက္ခခံစားရမှုမရှိပေ။ ဤကား ကျွန်ုပ်တို့ အတွက် သူ၏ အသက်ကို နာကျင်သော သေခြင်းတရားဖြင့် ပေးအပ်ခဲ့ပြီး ဖြစ် သည်။ သို့ရာတွင်ထို့နောက်ပိုင်း ဘုရားသခင်က သူအား သေခြင်းမှ ပြန်လည်ရှင်သန်ထမြောက်လာစေပြီး ဖြစ်သည့်အတွက် မည်သည့်အခါတွင်မှ ဒုက္ခခံစားရမှုသူတွင် မရှိတော့ပေ။ (၃) လူတစ်ဦးအား ရေတွင်နှစ်ခြင်းအားဖြင့် ဗတ္တိဇံပြုလုပ်ခြင်းမှ

ကျွန်ုပ်တို့မှသူ၏သေခြင်းနှင့် ရှင်သန်ထမြောက်မှုကို မျှဝေခံစားကြရသည်။ (၄) သို့ဖြစ်ရာ ယေရှုခရစ် ပြန်လာချိန်တွင် ကျွန်ုပ်တို့ ရှင်သန်ထမြောက်လာကြမည်။ ဆုံးဖြတ်မှုဖြင့် ဤကမ္ဘာမြေပေါ်တွင် အခြေ စိုက်သော သူ၏ လောကတွင်ထာဝရရှင်သန်မှုကိုပေးလိမ့်မည်။ ဤလောက သည်ဘုရားသခင်ကလူကိုဖန်ဆင်းပြီးပို၍ကောင်းအောင် ဆောင်ရွက်ပေးသည့် ဧဒင်ဥယာဉ်အတွင်းမှကမ္ဘာကြီးတစ်ခုကဲ့သို့ဖြစ်လိမ့်မည်။ စစ်မဲ့ဖြစ်ပွားမှု ၊ ငတ်မွတ်ခေါင်းပါးမှု၊ ဝမ်းနည်းကြေကွဲမှုစသော ကမ္ဘာမြေပေါ်တွင် ယခုဖြစ် ပေါ်လျှက် ရှိသော ပြဿနာများအားလုံးသည်နောက်ဆုံးတွင် အမြဲထာဝရ ချုပ်ငြိမ်း သွားကြလိမ့်မည်။ (၅) သေပြီးသည်နောက်ကျွန်ုပ်တို့ အသိ တရား မရှိကြတော့ပေ။ ငရဲသည်တစပြင် သချိုင်းမျှသာဖြစ်သည်။ (၆) ဝိညာဉ်သည် ထာဝရရှင်သန်မှုမရှိပေ။ ကျွန်ုပ်တို့သည် မြေမှုန့်ဖြင့်ပြုလုပ်ထားပြီး မြေမှုန့် ဘဝသို့ပြန်လည်ရောက်ရှိသွားကြရသည်။ စိတ်သည်ကျွန်ုပ်တို့ အတွင်းမှ သက်ရှိ စွမ်းအား ဖြစ်သည်။ ကျွန်ုပ်တို့သေဆုံးသွားသောအခါ ဘုရားသခင်က စိတ်ကိုပြန်လည်ဆောင်ယူသွားသည်။ သေဆုံးပြီးသည့် နောက်ပိုင်း သတိ ရှိမှုတွင် ဆက်လက်ရပ်တည်မှု မပြုနိုင်တော့ပေ။ (၇) စေတန်မာန်နတ်သည် ကျွန်ုပ်တို့၏အတွင်းပိုင်း၌ ရှိနေသောမကောင်းဆိုးဝါးသင်္ကေတဖြစ်သည်။ ယင်းကို ကျွန်ုပ်တို့ကတွန်းလှန်နေကြရသည်။ထိုမာနတ်သည်တည်ရှိနေသော နဂါးသို့မဟုတ်မိစ္ဆာကောင်၏အမည်မဟုတ်ပေ။ ဘုရားသခင်သည် ရာနှုန်းပြည့် စွမ်းအားရှိသူဖြစ်သည်။ ဘုရားသခင်ကသူ၏ စွမ်းအားကိုစေတန်မန်နတ်နှင့် တန်ခိုးမျှဝေမှုမရှိ။ ကျွန်ုပ်တို့၏ပြဿနာအားလုံးသည် မာန်နတ်ထံမှမဟုတ်ဘဲ ဘုရားသခင်ထံမှ လာခြင်းဖြစ်၍ ၎င်းတို့တွင်အပြုသဘောဆောင်သော စိတ်ပိုင်းဆိုင်ရာအခြေအနေများ ရှိနေသည်။ (၈) သမ္မာကျမ်းစာကိုဖတ်ရှုခြင်း အားဖြင့် ဘုရား သခင် ထံသို့ရောက်ရှိနိုင်မည့်လမ်းကို ကျွန်ုပ်တို့တွေ့ရှိနိုင်သည်။ ကျွန်ုပ်အနေဖြင့်ထိုအချက်များကိုလေ့လာရန်မေတ္တာရပ်ခံလိုပါသည်။ မှန်ကန်သောခရစ်တော်၏ တရားတော်ကို အသေအချာသိရှိနားလည်သည်အထိ မနားမနေကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။သင့်အနေဖြင့် ကျွန်ုပ်တို့ လွတ်လပ်သော သမ္မာကျမ်းစာကိုရေတွင် နှစ်ခြင်းအားဖြင့် တစ်နေ့တွင် ဗတ္တိဇံခံယူကာ သင်ကိုယ်တိုင် ရည်မှန်းချက်ပြည့်ဝသည်အထိ လေ့လာ လိမ့်မည် ဟုအထူးမျှော်မှန်းပါသည်။ ထို့နောက်တွင်သင့်အနေဖြင့်ထာဝရ သက်ရှိ ထင်ရှား ခြင်း အခြေအနေသို့ ကိန်းသေရောက်ရှိလာလိမ့်မည် ဖြစ်သည်။ ကောင်းပါပြီ ကျွန်ုပ်တို့အနေဖြင့်ထာဝရအသက်ကို စိတ်ကူးမှုမပြုနိုင်ပါ။ ကျွန်ုပ်အနေဖြင့် အကြံပြုနိုင်သည်မှာ အဆုံးမရှိသောကြိုးတစ်ချောင်းကိုစိတ်ကူးကြည့်ပါ။ ယင်းကြိုးကို အကွာအဝေးများစွာဆွဲဆန့်လိုက်လျှင် ဤဘဝတွင်ရှိနေသော ကျွန်ုပ်တို့အနေဖြင့်ကြိုး၏အစပိုင်းမှမီလီမီတာအနည်းငယ် နေရာတွင်သာ ရှိကြမည်ဖြစ်သည်။ အမှန်အားဖြင့်ကျွန်ုပ်တို့သည် ထိုမျှော်လင့်ချက်မှာ ကျွန်ုပ်တို့အနေဖြင့်ဗတ္တိဇံခံပြီး ဘုရားသခင်အထံတော်တွင် နေထိုင်ရန်ဖြစ်သည်။ ကျွန်ုပ်ကဤအချက်အားလုံးကိုသာမာန်မျှလောက်သဘောမထားဘဲ ဘာသာရေး သဘောသက်သက်မမှတ်ယူဘဲအလေးအနတ်ထားဆောင်ရွက်ရန်ပန်ကြားပါသည်။

## ၂။ ခရစ်ယာန်နှင့် ဗုဒ္ဓဘာသာ၏အချို့သောတူညီချက်များ

ဗုဒ္ဓဘာသာသည် နိုးကြားမှုတစ်စုံတစ်ရာ ရရှိရန်ဟုအဓိပ္ပါယ်ရ၍ လူသည်အိပ်စက်ခြင်းနှင့်အတူပါဝင်ခြင်းရှိနေသည်။ ဓမ္မသစ်ကျမ်းတွင် **အိပ်ပျော်သောသူနိုးလော့၊ သေခြင်းမှထမြောက်လော့၊ သို့ပြုလျှင် ခရစ်တော်သည် အလင်းကိုသင့်အား ပေးတော်မူမည်☆☆ဟု(ဧ ၅း၁၄) တွင်ဖော်ပြထားသည်။ သို့သော်လည်းယေရှုသည် အလင်းပေးသူဖြစ်၍ ကိုယ် တိုင် အစွမ်းသတ္တိရှိရန် လှုပ်ရှားကာ မြင့်မြတ်လာသူတစ်ဦးမဟုတ်၊ ပင်ကိုယ် အစွမ်းသတ္တိတံခိုးနှင့်ပြည့်စုံသူဖြစ်သည်။

တတိယမြောက်သစ္စာလေးပါးတရား၏ဖော်ပြချက်အရ ၊ ♥ဒုက္ခချုပ်ငြိမ်းရာ ဘဝ၏လောကခံကုစားမှုမှာတကိုယ် ကောင်းဆန်သော အာသာ ငန်းငန်း ဖြစ်မှု ကိုကျော်လွှားနိုင်ရေးဖြစ်သည်။ ♥ဒုက္ခချုပ်ငြိမ်းရာကို ဦးတည်သော သစ္စာလေးပါး တရားလမ်းကြောင်းကယင်းကုစားမှု၏အကျိုးသက်ရောက်မှုကိုရှင်းလင်းဖော်ညွှန်း ပေးသည်။ ဤကျွန်ဘဝမှကျွန်ုပ်တို့၏လွတ်မြောက်မှုကို မဂ္ဂင်ရှစ်ပါး နည်းလမ်း ဖြင့်အောင်မြင်စွာ ကျော်လွှားနိုင်သည်။ မဂ္ဂင်ရှစ်ပါးလမ်းကြောင်းဖြင့်လူတစ် ယောက်အားလုံးဝပုံသွင်းကာ မတူညီသော အခြေအနေကို ရရှိစေပြီး ကျဆင်း နေသော ဘဝ၏မစွမ်းဆောင်နိုင်မှုများကိုကုသပေးခြင်းဖြစ်သည်။ မဂ္ဂင်ရှစ်ပါး၏ ပထမအဆင့်မှာ မှန်ကန်သောနားလည်မှုဖြစ်ပါသည်။မှန်ကန်သော နားလည် ခြင်း ကို ခရစ်ယာန်ဝါဒတွင်လည်းလိုအပ်ပါသည်။ **သူကိုယ်တိုင် ပင်လျှင်အမှန် တရားဖြစ်သည်☆ဟု ယေရှုပြောခဲ့ပါသည်။(ယော ၁၄း၆ )မှန်ကန်သော ခရစ်ယန် ဝါဒသည် ယုံကြည်မှုအပေါ်တွင် များစွာအလေး ထားပါသည်။ သို့သော်လည်း ယုံကြည်မှုသည်ဘုရားသခင်၏ စကားများကိုကြားနာရခြင်းမှရရှိလာပါသည်။ ( ရော ၁၀း၁၇ ) ယုံကြည်မှုမှာ တစ်စုံတစ်ရာတွင် ယုံကြည်မှုရှိခြင်း ဖြစ်ပါသည်။

သို့ဖြစ်ရာ ဓမ္မကျမ်းစာ၏ စာလွှာကိုမှန်ကန်သောနားလည်မှုမှာမှန်ကန်သော ယုံကြည်မှုအတွက် လိုအပ်ပါသည်။ယုံကြည်မှုသည်မျှော်လင့်ချက်ဖြင့် စိတ်ထဲ တွင်အပေါ်ယံ ကြော ခံစားမှုမဟုတ်ပါ။ ဓမ္မကျမ်းစာကိုယ်တိုင်ပင်ဒုက္ခ၏ ချုပ်ငြိမ်းခြင်း နှင့် လည်းပတ် သက်ပါသည်။ သို့သော်လည်း အဖြေမှာ ဘုရား သခင်သည် သူ၏ သားတော်ယေရှုမှ တဆင့် တိုက်ရိုက်ပါဝင် ပတ်သက်မှု အားဖြင့် ဤကမ္ဘာကြီးနှင့်လူ့သဘာဝကိုယ်တိုင်၏သိသာသော ပြောင်းလဲမှု ဖြစ် ပေါ်စေနိုင် သည်။ ပေါလုက လိုအင်ဆန္ဒတပ်မက်ခြင်းကို ကိလေသာသည် အဆုံး မရှိဖြစ်ပျက်ပြောင်းလဲနေသည့် ဤအရာကို တွေ့မြင့်ပြီးဝမ်းမြောက်ခြင်း အသက် တာဖြင့်အသက်ရှင်ကာကောင်းသောအရာကိုတောင့်တလိုချင်စိတ်ရှိရန်နှင့် ယခုမျက်မှောက်မကောင်းသော အရာရှိခြင်းတို့အကြား ရွေးချယ်၍ ကောင်းမွန်စွာအသက်ရှင်ရန်ဖြစ်သည်ဟုရေးသားထားသည်။ သူသည် ပညတ် တရားနှင့် သူကိုယ်တိုင်အတွင်း လူ၌ ကောင်းသောအရာကို လိုချင်ငြားလည်း၊ မကောင်းသော အရာကို လုပ်မိ ကြောင်းတွေ့ရှိသည်။ သူ၏ အဖြေ၌ ခရစ်တော်၌ လွတ်မြောက်မှုရရှိကြောင်း( အဘယ်သူသည်လွတ်မြောက်စေသင့်သနည်း)ဟူသော မေးခွန်းကိုဖြေဆိုသည်။သူမေးမြန်းထားသည်မှာ ဗုဒ္ဓဘာသာဝင်တို့၏ စဉ်းစားမှုအတွေးကြီးထွားစေသောသဘောကို မဖြစ်နိုင်ကြောင်းစဉ်းစားသင့်ရာ အချက်ကိုငြင်းပယ်ထား၏။ ၄င်း၏အဖြေမှာခပ်သိမ်းသော လောကဓံတရားကို ရင်ဆိုင်နိုင်ရန်မိမိလိုအင်ဆန္ဒအပေါ်၌ ကျော်လွှားနိုင်ရန်ခရစ်တော်၌ အသက်ရှင် ရမည်။ ခရစ်တော်ကိုယ်တိုင် သေခြင်းမှထမြောက်တော်မူသောကြောင့် သေခြင်း ကို အစိုးရသောသူ ထာဝရအသက်ပေးနိုင်သောသူဖြစ်လာခဲ့သည်။(ဟေဗြဲ ၅း၉) ယေရှုသည်လူသားစင်စစ်ဖြစ်တော်မူ သောကြောင့် ကျွန်ုပ်တို့၏ ဖြစ်ပျက်မှုများကိုကိုယ်စားပြုပေသည်။(ဘုရားကိုယ်တိုင်ဖြစ်၍အစားထိုးဝင်ရောက် ခံယူကယ်တင်ခြင်းမဟုတ်ပါ)သူ၏သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကို နှစ်ခြင်းမင်္ဂလာခံယူခြင်းနှင့် ထပ်တူပြုခြင်းအားဖြင့် ကျွန်ုပ်တို့သည် ရွေးချယ်မှုခံရကာ ဘုရားသခင်၏လက်ယာတော်ဘက်တွင် နေသော ကြွယ်ဝချမ်းသာသူများ ဖြစ်လာရသည်။ ထို့နောက်တွင် ခရစ်တော် တဖန်ပြန်ကြွလာသော အခါ ခရစ်တော်နှင့်တူသောအသက်ရှင်မှုဖြင့် ပြည့်ဝစုံ လင် စေရန်တတ်စွမ်းနိုင်ပေသည်။ ဗုဒ္ဓဘာသာဝင်မည်သူကိုမဆို စိန်ခေါ်လိုသည်မှာ မဂ္ဂင်ရှစ်ပါးလမ်းစဉ်ဖြင့်အကျင့်သီလပြည့်စုံရန်အသုံးပြုကာ သင်တို့၏ အပြစ်များကို ပြောင်းလဲကာ အောင်မြင်မှုရရှိနိုင်ပါသလားဟု အမျိုးသား တစ်ဦး နှင့်အမျိုးသမီးတစ်ဦးကဖြေဆိုရပါလိမ့်မည်။ ယခုထိမလုပ်နိုင်ပါဟု အကယ်၍ သင်သည် ရိုးသားသူဖြစ်က ဖြေဆိုပေမည်။ အခြားသောအရာတစ်ခုဖြင့် စိန်ခေါ်လိုပါသည်။ အတ္တကို ပယ်သက်နိုင်မှုက လောကဓံတရားကို ရင်ဆိုင်နိုင်သော ဘုရားမဟုတ်ခဲ့လျှင် ကိုယ်ကျင့်တရားဆိုင်ရာ သီလပြည့်စုံမှုကို ရရှိနိုင်မည် မဟုတ်ပေ။ ထိုကဲ့သို့သော လိုအပ်မှုကို ဘုရားသခင်သည် သူ၏ လုပ်ဆောင်ချက်ဖြင့် ပြောင်းလဲစေနိုင်သည်။ သူ၏တောင်းဆိုချက်မှာ သူ၏မေတ္တာနှင့် အလိုတော်ကို ကျွန်ုပ်တို့၌ ပြည့်စုံစေသကဲ့သို့ ကျွန်ုပ်၏ ချစ်ခြင်းဖြင့် ဘုရားသခင်အပေါ် ယုံကြည်မှုကို ပြည့်စုံစေနိုင်ပေသည်။ ဖန်ဆင်းထားသော ကမ္ဘာလောကကြီးထဲ၌ ဖြစ်ပေါ်နေသော ငြီးထွားအော်ဟစ် သံများကို ဘုရားသခင်၏သားတော်ယေရှုသည် ဖွင့်ပြတော်မူခြင်းအားဖြင့် ဖြေရှင်းနိုင်သည်သာမကဖန်ဆင်းခြင်းကို ပြောင်းလဲစေနိုင်သည် အရာများကို တားဆီးနိုင်သည်သာမက ကမ္ဘာပေါ်တွင် ဒေဝဉယာဉ်၌ ပေးတော်မူသော ကျိန်ခြင်းမှ လွတ်မြောက်နိုင်ပေသည်။ (ရော ၈း၁၉-၂၃ ) ဗုဒ္ဓဘာသာဝင် တို့၏ စတုတ္တအဆင့်မှာ မှန်ကန်သော လုပ်ဆောင်ချက်သို့မဟုတ်အမူအကျင့်ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့၏ပြုမူလုပ်ဆောင်ချက်ကို နားလည်ရမည်၊ ကံ ကံ၏ အကျိုးဖြစ်သည်။ မိမိလုပ်ဆောင်ချက်က မိမိအပေါ် ရောင်ပြန်ဟပ်မည် ဖြစ်သည်။ ငါးပါးသီလဖြစ်သော သူ၏အသက်ကိုမသတ်မှု၊ သူတစ်ပါး ပစ္စည်း ကိုမခိုးမှု၊ လိမ်ညာမပြောဆိုမှု၊ သီလစင်ကြယ်မှုနှင့် မူးယစ်စေသော အရာ ကို မသောက်စားမှုတို့ကို ထိန်းသိမ်းခြင်းဖြင့် မိမိကိုမိမိတိုးတက် ကောင်းမွန် အောင် ပြုလုပ်ကြရမည်ဖြစ်သည်။ သမ္မာကျမ်းစာတွင်လည်း စည်းကမ်းရှိမှု၊ ဥပဒေ လေးစားမှု နှင့် ခရစ်တော်၏အုပ်စိုးမှုကို ဝန်ခံခြင်းလိုအပ်ကြောင်း တွေ့ရပေမည်။ သို့သော် ဤသို့သောလုပ်ရှားဆောင်ရွက်မှုသည် လုံ့စွမ်းအားဖြင့် ရရှိသော ဘုရားသခင်၏ ကျေးဇူးတော်ပင်ဖြစ်သည်။ ပညတ်တရားတော်အောက် တွင်ရရှိ သော ကျေးဇူးတော်ပင်ဖြစ်သည်။(ဧ ၂း၈)ဘုရားသခင်၏ ကျေးဇူးတော် မှာမူ မိမိကိုယ်ကိုညင်းပယ်၍ လောကီတပ်မက်စိတ်များကို စွန့်ပယ်မှုဖြင့် ကျေးဇူးတော် ကို ရရှိရန်သွန်သင်သည်။(တ ၂း၁၁-၁၂)ဘုရားသခင်၏ ကျေးဇူး တော်သည်မည် သည့်အချက်မှ မဟုတ်ပါ။ သို့သော်လည်း ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို ဖြောင့် မတ်ခြင်းကဲ့သို့ မှတ်တော်မူခြင်းအားဖြင့် ဘုရားသခင်၏ သားကဲ့သို့ ပြည့်စုံမှုကို ခံစားကြရ၏။ ကျွန်ုပ်တို့၏ ကျင့်ကြံလုပ်ဆောင်မှု ကြွယ်ဝ မှန်ကန်စွာလုံလောက် စွာ ကောင်းမွန်မှုကြောင့် ပြည်စုံလာခြင်းမဟုတ်ပေ။ ဤဖော်ပြချက်မှာ ဘာသာ တရား များစွာတို့၏ ထင်မြင်ယူဆချက်နှင့် ပညတ်တရားကို နာခံကျင့်ကြံ

လုပ် ဆောင်မှု အပေါ်အသားပေး ဖော်ပြထားချက်များ ပင် ဖြစ်သည်။ မည်သည့် ဥပဒေမှ ပြည့်စုံသောကယ်တင်မှုကို မပေးနိုင်ပေ။ ရှင်ပေါလု က ရောမ ဩဝါဒစာ ထဲတွင်ငြင်းပယ်ကာဖော်ပြထားသည်။ဓမ္မဟောင်း ခေတ် ကာလသွင်သင်မှုဖြင့် လူသားတို့၏ပညတ်တရားအရလွတ်မြောက်မှုမှာကယ် တင် ခြင်း ကိုဖြစ်စေ နိုင်သော ပညတ်မဟုတ်ပေ။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဒူးထောက်ဝန်ချကာ ခရစ်တော်အား ဖြင့်ရရှိသော စင်ကြယ်သော ကျေးဇူး တော် ၏ ကယ်တင်ခြင်း ကို ပြည့်စုံစေခဲ့ သည်။ ခရစ်တော်ထံ၌ နှစ်ခြင်းမင်္ဂလာခံယူခြင်း အားဖြင့် ခရစ် ယာန် ကို ပုံဖော်ကာသင်းဝင်ခြင်းအဖြစ်သို့ ရောက်ကြမည်။ ဤကဲ့သို့ အံ့ဖွယ် ရာကျေးဇူးတော်ကိုလက်ခံရယူခြင်းသည် ခရစ်ယာန်ဝန်းကျင်နှင့် ဗုဒ္ဓဘာ သာ ဝင်တို့ နားလည်သော ပါနာ(အကျိုးအပြစ် )သဘောတရားကို နားလည်မှုဖြင့် တခုခုသော ကံ၏ လုပ်ဆောင်ချက် (ဒါန)၏ အကျိုးဖော်ပြရာတွင် လည်းကွဲပြား ခြားနား စေသည်။ ဗုဒ္ဓဘာသာဝင်တို့၏ကာမမျိုးစေ့တစ်ခုမှသည် အပင် ပေါက် ရှင်သန်ကြီးထွားလာခြင်းအယူအဆမှာ များသောအားဖြင့် တူညီမှုရှိပေသည်။ လူတစ်ဦး၏သူ၏ဘဝတစ်ခုတွင် လုပ်ဆောင်မှုများသည် သူ၏ဖြစ်ပေါ် လာမှု ကိုထိန်းချုပ်သည်။ သို့ရာတွင်သမ္မာကျမ်းစာက ကွဲပြားခြားနားသော ရှုထောင့် ကိုယူသည်။ မြေကြီးထဲမှထွက်သောအပင်သည် ကျွန်ုပ်တို့အမှန် တကယ်စိုက်ပျိုး သော အပင်အစစ်အမှတ်မဟုတ်နိုင်ပေ။ (၁ကော ၁၅း၃၅-၄၉)မျိုးစေ့တစ်ခုကို စိုက်ခြင်း မှဖြစ်လာသည်။ သို့သော်လည်းရှင်ပေါလုဆက်၍ ပြောကြားသည်မှာ ခရစ်တော်၌ တည်ခြင်းသည် ရုပ်ခန္ဓာသစ် တစ်ခုသည် ကမ္ဘာမြေကြီးအတွင်းမှ ပေါ်ထွက်လာသည်ဟု ဆိုသည်။ ကျွန်ုပ်တို့စိုက်ပျိုးသောအပင်ကို ကျွန်ုပ်တို့ရိတ်သိမ်းရလိမ့်မည် ဟူသောသဘောတရားတွင် ကျွန်ုပ်တို့၏ ပြုမူဆောင်ရွက်ချက်များသည့်တရားစီရင်မည့်နေ့အထိစဉ်ဆက်မပြတ် ထာဝရဆက်စပ်နေသည်။ သို့သော်ပြန်လည်ရှင်သန်ထမြောက်ခြင်း ကြောင့် ရရှိ လာသော ရုပ်ခန္ဓာသစ်မှာဘုရားသခင်၏ ကျေးဇူးတော်ကြောင့်ပင် ဖြစ်ပေသည်။ ဗုဒ္ဓဘာသာဝင်တို့၏ မဂ္ဂင်ရှစ်ပါးနောက်ဆုံးအဆင့်မှာ မှန်ကန်သော အာရုံစူးစိုက်မှုသို့မဟုတ် မှန်ကန်သောခံယူမှုသည် ဟိန္ဒူဘာသာ ဝင်တို့ ၏သစ္စာလေးပါးတရားတွင် ပါဝင်သော ရာဂျရောဂ ကျင့်စဉ်သို့မဟုတ် စိတ်ပိုင်း ဆိုင်ရာ လေ့ကျင့်ခန်းများဖြင့်ဘုရားသခင်ထံသွားရာနည်းလမ်းများနှင့် အတူတူ ပင်ဖြစ်သည်။ ဘုရားသခင်နှင့်သက်ဆိုင်သော နည်းလမ်းများတွင် အာရုံစူးစိုက်မှု ရယူခြင်းကို သမ္မာကျမ်းစာတွင်လည်းသင်ကြားပြသထားသည်။ သို့သော်လည်း ကျွန်ုပ်တို့၏ စိတ်အစဉ်သည် ဆောက်တည်ရာမရ လှည့်လည်သွားလာတတ် သော သဘောရှိသဖြင့်လည်းကောင်း၊ ကျွန်ုပ်တို့၏လူသားရေးရာများ ရုပ်စိုင်း ကာ အာရုံစူးစမ်းမှုများနှင့်ဝိရောဓိဖြစ်ပေါ် လေ့ရှိသဖြင့်လည်းကောင်း၊ ဗုဒ္ဓဘာသာ ဝင်တိုင်းနှင့် ခရစ်ယာန်ဘာသာဝင်တိုင်းသည် ဤနေရာတွင် အရှုံးပေးရသည်ချည်းဖြစ်သည်။ ထိုကြောင့်ပင်ဘုရားသခင်ထံသို့ သွားရာ လမ်းမှာစိတ်ပိုင်းဆိုင်ရာလေ့ကျင့်ခန်း သက်သက်ဖြင့်သာမဟုတ် ယေရှုခရစ် တော်မှ တဆင့်လည်းရောက်ရှိနိုင်ပေသည်။ယေရှုသည်ဘုရားသခင်ထံသို့ သွားရာ တစ်ခုတည်းသောလမ်းဖြစ်သည်။ (ယော ၁၄း၆) ထို့ကြောင့်လည်း ယေရှုသည်ကျွန်ုပ်တို့၏ ကိုယ်စားလှယ်တော်ဖြစ်၍လည်းကောင်း၊ ယေရှုသည် ကျွန်ုပ်တို့ကဲ့သို့လည်းကောင်း၊ ယေရှုသည်မည်သည့်အခါတွင်မှ ဒုက္ခဆင်းရဲကို ခံရမည့်သူမဟုတ်၍ လည်းကောင်း ယေရှုမှတဆင့် ဘုရားသခင် ထံသို့ရောက် အောင် ဆုတောင်းကြခြင်းဖြစ်သည်။

## ၃။ ဗုဒ္ဓဘာသာ၏အခက်အခဲများ
## အခွင့်အာဏာလုပ်ဆောင်နိုင်မှုဆိုင်ရာ မေးမြန်းချက်

ဂေါတမဗုဒ္ဓအကြောင်းရေးသားထားသော ဗုဒ္ဓဘာသာဝင်တို့၏ ပဋိကတ်တော်အများစုနှင့်ဟောပြောပို့ချချက်များသည် ဂေါတမဗုဒ္ဓရှင်တော် ပရိနိဗ္ဗာန်ပြုပြီးနောက်နှစ်ပေါင်းလေးရာကြာမှရေးသားခဲ့ခြင်းဖြစ်သည်။ ဗုဒ္ဓ ကျမ်းစာများကို စတင်ရေးသားစဉ် ကပင် ဗုဒ္ဓဘာသာမှာ အပိုင်းများစွာ ခွဲထွက်ခဲ့ သည်။ ကျွန်ုပ်တို့၌ အဘယ်သို့ ဖြစ်ပျက်တည်ရှိ စေရန်ပြုလုပ်သော အရာကား အဘယ်နည်း။ အတော်ဆုံးသုတေသီပညာရှင်ပင်လျှင် ဗုဒ္ဓ၏တရားတော်ထဲ၌ ဗုဒ္ဓပိဋကတ်တော်များ၏ ရေးသားထားချက်များ၏သေချာမှုကို တိကျစွာ ဖော်ညွှန်းနိုင်မှုမရှိပေ။ မည်သို့ပင်ဖြစ်စေခရစ်ယာန်တွင် ကျွန်ုပ်တို့၌ ယေရှု၏ မျက်မြင်သက်သေများနှင့် ယေရှု၏ဘဝပတ်ဝန်းကျင်မှ အဖြစ်အပျက်များကို တိကျသော သမိုင်းကြောင်းအထောက်အထားများ ဖြင့်ရေးသားထားမှု တစ်ခုရှိပေ သည်။ ယင်းအချက်က အဘယ်ကြောင့် ဗုဒ္ဓဘာသာတွင် သင်ကြား ပြသမှုကို အစိတ်အပိုင်းများစွာခွဲခြားခဲ့ရသည်ကို ရှင်းလင်းထားသည်။ ‌ ၂င်းသင်ကြားမှုတွင် အုပ်စိုးပိုင်သောအခွင့်အာဏာနှင့်

သက်ဆိုင်၍အခိုင်အမာ အခြေခံဖော်ပြထားချက် မရှိပေ။ထို့ကြောင့်အနက် အဓိပ္ပါယ် ဖွင့်ဆိုရာတွင် သိသိသာသာ အပြောင်းအလဲများရှိနေပေသည်။ အခွင့်အာဏာနည်းပါးမှုကြောင့် ဟိန္ဒူဝါဒ မျက်မြင် အခြေခံမှာ အလှမ်းဝေးစွာဖြင့် အချိန်ကြာ မြင့်စွာ ပြောင်းလဲမှု ဖြစ်ပေါ်ခဲ့ရခြင်း ဖြစ်ပေသည်။ ယင်းအချက် က ဗုဒ္ဓဘာသာဝင် များအတွင်းကျယ်ပြန့်သော ယုံကြည်မှုကို လည်းရှင်းလင်း ပြ လျှက်ရှိသည်။ သမိုင်းကြောင်းအရ ဗုဒ္ဓဘာသာ သည် ဟိနယာနနှင့် မဟာယာနဟူ၍ အပိုင်းကြီးနှစ်ပိုင်းခွဲထွက်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ဟိနယာနသည် ဗုဒ္ဓဘုရားရှင်အားဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး ထာဝရဘုရားမရှိသော သီးခြားဘာသာ တစ်ခုဖြစ်ခဲ့သည်။ မဟာယာနက ကယ်တင်ရှင်ဘုရားရှိခြင်း အယူအဆ အပေါ် တွင်အခြေခံခဲ့သည်။ မူလရေးသားချက်များမှ သွေဖီနေသော ဗုဒ္ဓကျမ်းစာများကို သာမန်ဗုဒ္ဓဘာသာဝင် များသော်မှ စိတ်ဝင်တစားဖတ်ရှုရန် မမျှော်မှန်းနိုင်ပေ။ အစကနဦးကပင် ဗုဒ္ဓစာပေ ရေးသားမှုများကို အုပ်စုသုံးစုခွဲထားသည်။ ဝိနယပိဋကတ် သုတ္တံပိဋကတ်နှင့် အဘိဓမ္မာပိဋကတ်ဟူ၍ဖြစ်ပါသည်။ နောက်ပိုင်းတွင် ဗုဒ္ဓဘုရားသခင် ပရိနိဗ္ဗာန်ပြုပြီးသော်လည်း နောက်ထပ် ဝင်လာသော အရေးအသားသစ်များကို ခွင့်ပြုရန် အပိုင်းလိုက်ပြင်ဆင်မှု များကိုပြုလုပ်ခဲ့သည်။ ဗုဒ္ဓဘာသာတွင် ကျမ်းဘောင်သွင်းမှု အချက်အလက်များ ကို ယနေ့တိုင် လေးနက်စွာ ပိုင်းခြားစူးစမ်းနေခဲ့ကြရသည်။ ဘာသာတစ်ခုလုံး၌ အခြေခံအခွင်အာဏာမရှိပေ။ ထို့အပြင်ကျမ်းစုစည်းသူများမှာ အိန္ဒိယ ဗုဒ္ဓဘာသာဝင်များအားဖြင့် တိဘက် ကျမ်းအပါအဝင် ကျမ်းအနက်ဖွင့် ဘာသာ ပြန်မှုများကို ဆောင်ရွက်လျှက်ရှိသော်လည်းအိန္ဒိယဗုဒ္ဓဘာသာဝင်တို့ သတ်မှတ် ထားသော စံနှုန်းအနေဖြင့် ထိုစာလုံးများမှာ ကျမ်းစာအရမဝင်ပေ။ တရုတ်ဗုဒ္ဓဘာသာဝင်တို့၏ထုံးတမ်းစဉ်လာအရ အခြားသော ဗုဒ္ဓဘာသာဝင် ဂိုဏ်းကွဲတို့၏ ထုံးတမ်းစဉ်လာများရွေးချယ်စုပေါင်းထားမှုကိုလေ့လာ သုံးသပ်ရန် အချိန်များစွာ ယူလျက် ရွေးချယ်ခဲ့ကြရသည်။၎င်းကျမ်းစာများ သည် ရာစုနှစ်တစ်ခု အတွက် သာဖြစ်နိုင်ပြီး အခြားသောအချိန်ကာလအတွက်မကိုက်ညီနိုင်ပေ။ ကြိမ်ဖန်များစွာ ကော်မတီအစည်းအဝေး ခေါ်ယူလျက် အခြေအတင် ပြောဆို ဆုံးဖြတ်ကာ ရေးသား ထားသောကျမ်းလည်းဖြစ်မလာခဲ့ပေ။ ခေတ်နှင့်အညီ စာပေ ပညာရှင်တို့ရှာဖွေသင်ကြားမှု ပြုလုပ်နေကြသည်ကို လည်း တွေ့ရပေ သည်။အလွန်မြင့်သောမေးခွန်းများကို ရဟန်းသံဃာတို့ ဟောကြား သင်ပြရသည်မှာ ဗုဒ္ဓ၏ တရားတော်ထဲမှာပင် ပင်ကိုယ်ကျမ်းရှင်များ ကိုယ်တိုင် ပင်တရားတော်ကိုငြင်းပယ်သောအခါ ပြန်လည်ရည်ညွှန်းချက်များကို မှတ်သားအတည်ပြုခံနေကြရသည်။ မည်သည့် ပတ်ဝန်းကျင် အသိုင်းအဝန်းတွင် အမှန်တရားကို အတူတကွ သင်ကြားပေးကြရာတွင် အခြေအနေပေါ်မူတည်၍ သင်ကြားရမည်ဆို သည်ကို မသိ နိုင်ပေ။ ခရစ်ယာန်နယ်နမိတ် အနေအထားနှင့် ဗုဒ္ဓဘာသာထဲတွင် ဖြည့်စွက်ရန်မှာ လုပ်ဆောင်ချက်အသစ်များအား ဖြင့်သာလျှင် မြင်နိုင်ပေမည်။ သူတို့သည် ဗုဒ္ဓ၏အရှိန်အဝါအောက်တွင် နေထိုင်အသက်ရှင် ခဲ့ကြရသည်မှာ ကျွန်ုပ်တို့ခရစ်ယာန် မပေါ်ထွန်းမီကပင်ဖြစ်သည်။ သို့သော်ငှား လည်း ၎င်းတို့၏ သင်ကြားမှုနှင့်မတူသောအချက်များကိုသာ ကျွန်ုပ်အစားသွင်း ဖော်ပြပေး ရပေမည်။ ထိုအရာများတို့သည် ဗုဒ္ဓဘာသာဝင်များအား လွှမ်းမိုးလိုသော သဘာဝအပေါ်တွင် အခြေမခံဘဲ ရိုးသားပွင့်လင်းစွာ ထင်ဟပ်တုံ့ပြန်ရပေမည်။ ဗုဒ္ဓကျမ်းဂန်များကို သေချာစွာသဘောပေါက်နားလည်ထားပါမှ ဗုဒ္ဓဘာသာဝင်တို့၏ဗျာဒိတ်တော်ကိုဖွင့်နိုင်ပေမည်။ အကျမ်းဖျဉ်းအားဖြင့် ဗုဒ္ဓဘာသာသည် ပထမရာစုရှိကျမ်းဂန်များ၏ ကျင့်စဉ်များမှာတိုးတက် ကျယ်ပြန့် လာခဲ့သည်။ ထိုတရားတော်များသည် ဗုဒ္ဓ၏နဂိုမူလမိန့်ကြားချက် များပင်ဖြစ်သော်လည်း ကွဲပြားခြားနားမှုများ ရှိနေသေးသည် ကိုတွေ့ ရပေသည်။

အမှန်တရား ကိုမှန်ကန်စွာသိရှိနိုင်သည်မှာ သာမန် လူတစ်ယောက်အနေဖြင့် ကျမ်းဂန်များကို အနက်ဖွင့်ရန်နှင့်ဖတ်ရှုရန် မလွယ်ကူလှပေ။ အချို့သော ရွေးချယ်ထားသည့် ကျမ်းပိုင်းများကိုသာလျှင် ချဲ့ထွင် ရေးသားခွင့်ပြုထား ပေသည်။ သတိချပ်ရန်မှာ ကတ်သလစ်အသင်းတော်များတွင် သာမာန် အသင်းသားများ အားသမှာကျမ်းစာအား အနက်ဖွင့်ဆိုရန်ခွင့်ပြုရန်ခြင်းမရှိပေ။ အခြားသော ဘာသာစကားများဖြင့် အဓိပ္ပာယ်ဖွင့်ဆိုခြင်းထက် မူရင်း လက်တင်ဘာသာစကားဖြင့်သာပြန်ဆိုရန်ဘုန်းတော်ကြီးများက တိုက်တွန်း အားပေးကြ သည်။ ခရစ်ယာန်အသိုင်းအဝန်းနှင့် ဗုဒ္ဓဘာသာအသိုင်းအဝိုင်းတွင် ဘာသာရေးအာဏာတန်ခိုးကြီးထွားမှုအား ချုပ်ကိုင်လိုသောအခါ အခြားသောအမြင်ဝါဒဘာသာစကားအယူလွဲမှုအဖြစ် သတ်မှတ်ကြခြင်းမှာ တူညီချက်အနေဖြင့်တွေ့ရသည်။ ကတ်သလစ်ဘုန်းတော်ကြီးများ အနေဖြင့်လည်း ထိုကဲ့သို့သော ဝမ်းနည်းဖွယ်ရာအဖြစ်အပျက်များ ကြုံတွေ့ရကာ အယူလွဲသူဟု သတ်မှတ်ခံကြရသည် ဇာတ်လမ်းရှိခဲ့သည်။

ဗုဒ္ဓဘာသာဝင်တို့၏**ဂုရု** (တိဘက်တန်-လာမား)သည် ဗုဒ္ဓအနွယ်ဝင် တော်စပ်သူတစ်ဦးအဖြစ် ရွေးချယ်ကာ ယုံကြည်သူများကဆက်ဆံကြသည်။ လူသာမန်ပုတုဇဉ်နှင့် တစ်ဆူတည်းသော ဘုရားကြား၌ ဆက်သွယ် ဆက်ဆံပေးရသူမရှိပေ။ ထို့ကြောင့်ကိုယ်တိုင် အသွင်သဏ္ဍာန် ဆောင်ယူ၍ သူ၏ချစ်ခင်ကြင်နာမှုရှိခြင်း၊ ကြိုးပမ်းအားထုတ်မှုအားဖြင့် ဆက်သွယ်မှုအတွက် ကျင့်ကြံကြသည်။ ဓမ္မသတ်ကျမ်းတွင်သွန်သင်ထားချက်မှာ ခရစ်ယာန် ယုံကြည်သူတိုင်းသည် ယဇ်ပရောဟိတ်များဖြစ်ကြသည်။(၁ပေ ၂း၅)ကျွန်ုပ်တို့သည် အားလုံးကိုဆည်းပူးလေ့လာရန်နှင့် ထာဝရဘုရား၏ နှုတ်ကပတ်တော်ကိုသင်ကြားပေးရမည်။ ဗုဒ္ဓကိုယ်တိုင်ပင်လျှင် ဘာသာဝင်တို့အား စီစဉ်သင်ကြားပေးသောသွန်သင်ချက်များသည် ကန့်သတ်မှု ရှိသည့် သင်ကြားမှုတရားတော်များကိုသာ လျှင်ပေးခဲ့ကြသည်။ သခင်ယေရှု ခရစ်တော်သည်ပညာရှိနှင့် စာပေမတတ်သောလူတန်းစား နှစ်မျိုးစလုံးအား နားလည်နိုင်စေပြီး အကျိုးထွန်းစေမည့်သူ၏သမ္မာတရား ကိုဟောကြားခဲ့သည်။ ဗုဒ္ဓဘာသာ ဂါထာတော်များသည် မကောင်းသောကံကြမ္မာကိုပယ်ရှားရန်ရွတ် ဆိုကြ သည်။ ဝတ်ပြုရာနေရာ ဗိမာန်အားသန့်ရှင်းစေရန်အတွက်လည်းကောင်း၊ ကောင်းသော ကံကြမ္မာရောက်လာစေရန် လည်းကောင်းဂါထာ ရွတ်ဆိုကြသည်။ သူတို့သည်၏ဝတ်ပြုခြင်းသည်စစ်မှန်သောဆည်းပူးလေ့လာမှုမျိုးမဟုတ်ပေ။

သမ္မာကျမ်းစာနှင့်ဂါထာမှာလွန်စွာကွာခြားလှပါသည်။ သမ္မာကျမ်းစာထဲတွင် ပုဂ္ဂိုလ်တစ်ဦးစီနှင့်ဆိုင်သောနှုတ်ကပတ်တော်များ၊ အသက်ရှင်သောဘုရား၏ တတ်စွမ်းခြင်းကိုလူတို့မမှီနိုင်သော အရာတို့ပါရှိသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှုတ်ကပတ်တော်ကအသက်ဝင်ရှင်သန် သစ်လွင်အောင်ပြုလုပ် ပေးနိုင်ကြောင်း တွေ့ရသည်။ စစ်မှန်သောအသက်ရှင်ကျင့်စောင့်မှုများ၊ ဘုရား သခင်၏ သားတော်သည်လူသားဇာတိခံယူ၍ကျွန်ုပ်တို့၌ တည်တော်မူ ကြောင်းဖော်ပြထားသည်။(ယော ၁း၁၄)ကျွန်ုပ်တို့သည်ခရစ်တော်၏ နာမကို အမှီပြု၍တောင်းခံနိုင်ကြောင်း ဆုတောင်းခြင်းအားဖြင့် ရရှိနိုင်ကြောင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်သမ္မာကျမ်းစာအားဖြင့် ဆက်သွယ်တုန့်ပြန်နိုင်ပေ သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည်အသက်ရှင်သောစကား လုံး များ ဖြစ်ပြီး လူသားတို့၏အရည်အသွေး၊ အကြံအစည်များကိုထွင်းဖောက်သိမြင် နိုင်ပေသည်။(ဟေဗြဲ ၄း၁၂-၁၃)စာရွက်ဖြူပေါ်တွင်အလုံးနက်များဖြင့် ရိုက်နှိပ်ထားခြင်းထက် လွန်စွာများပြားစွာဖော်ပြထားသည်။ အသက်ရှင်သောဘုရား၏ အလိုတော်နှင့်ရည်မှန်းထားချက်များသည် ယနေ့ထိတိုင်သက်ဝင်လှုပ်ရှားကာ ကျွန်ုပ်တို့ထံ ကူးစက်ကာ တသက်တာပြောင်းလဲမှုကိုဖြစ်စေသည်။

ဗုဒ္ဓဝါဒသည်တစ်စုံတစ်ခုပေါ်တွင်ကမ္မလွှမ်းမိုး အကျိုးသက် ရောက်မှုကို တွေ့မြင်ရသည်။ တစ်စုံတစ်ဦးသည်မိတ်ဆွေနှင့် ဆွေမျိုးများ၏ အကျိုး ဖြစ်ထွန်း စေရန် မေတ္တာပို့နိုင်သည်။ (ဤမေတ္တာပို့ခြင်းနည်းလမ်းသည် ဗုဒ္ဓဘာသာ ရဟန်းများအဖို့ ထူးဆန်းစွာ လုံလောက်မှုအလှူရရှိမှုကို ဖြစ်စေသည်။) ထို့အပြင် ဤကဲ့သို့ မေတ္တာပို့ခြင်းသည်နောင်ဘဝအတွက် ကံကြမ္မာကို လွှမ်းမိုးမှုပြုနိုင် သည်။သို့သော်ဘယ်အရာအပေါ်၌ အခြေခံကျပါနည်း။အဘယ်ကြောင့် ဤအရာကို ယုံကြည်ရပါသနည်း။ တစ်ခုမျှမဟုတ်ပါ။ထိုအရာသည် စိတ်ကူး ယဉ်ခံယူခြင်း တစ်ခုဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော်မည်သည့်နေရာ၊ ဤအရာနှင့် ပတ်သက်၍ အထောက်အထားရှိပါသနည်း ဘယ်အရာမျှမရှိပါ။ ထိုအရာနှင့် ပတ်သက်၍ စိတ်ချ ယုံကြည်နိုင်သော ကျမ်းဂန်စာပေထဲတွင် ခိုင်လုံသော အထောက်အထား မရှိပေ။ ဗုဒ္ဓဝင်များကျွန်ုပ်တို့အား ပြောပြသော အခါ နတ်ပြည်တွင် ဝင်စားနိုင်ရန် ပုံစံ(၂၆) မျိုးရှိပြီး၊ ကောင်းကင်အောက်ဆုံး၌ ၉ကုဋေ လူဘဝကျင်လည်၍ ၈၄၀၀၀ ကမ္ဘာပေါ်ထွန်းမှုထဲ၌ အကောင်းဆုံး အမြင့်ဆုံးချိန်၌ တာဝတိံသာ နတ်ပြည်၌ ဝင်ရသည်။ ဘယ်လိုနည်း အားဖြင့် ဤဖော်ပြချက်ကို အမှန်တရား တစ်ခုအဖြစ်ယူနိုင်ပါသနည်း။ အခြေတင်ငြင်းခုံ မှုမရရှိသော စာတမ်းအထောက်အထား မရှိဘဲနှင့်လော၊ နှစ်ပေါင်း၂၅၀၀ ခန့်ကအသက်ရှင်ခဲ့ဖူးသော သူတစ်ဦး၏ ထောက်ခံပြောဆိုမှုမလော၊ အမှန် တကယ် ပြောခဲ့ပါသလော။ ထိုစိတ်ကူးယဉ်မှု တစ်ခုဖြင့်ရှင်သန် အသက်ရှင် နိုင်သူ တစ်ယောက်သည် လွန်စွာ သိအမြင် ကွယ်လျှက်ရှိနိုင်ပါသလား။

## သမ္မာကျမ်းစာနှင့်ကွဲပြားခြားနားသောအရာ

ဗုဒ္ဓဘာသာဝင်များသည်သူတို့၏စာပေကျမ်းများကိုရိုးရှင်းစွာမှန်ကန်သည်ဟု မှတ်ယူ၍ သမ္မာကျမ်းစာအားမှားယွင်းသည် ဟုမကြာခဏမှတ်ယူကြသည်။ သို့သော်လည်းဤ အရာမှာ အစပိုင်းဦးစွာထင်မြင်၍

ထောက်ပံ့အားပြုနိုင်ရန် အထောက်အထားများ ရှာဖွေစူးစမ်းကြသည်။ ဓမ္မဟောင်းကျမ်း ပရောဖက် ပြုချက် နည်းလမ်းများသည် သခင်ယေရှု၌ မှန်ကန်စွာပြည့်စုံစေခဲ့သည့် အချက်များ သည်နှိပ်ကွက်ရန်အခွင့်အရေးရရန်ဖြစ်စေသည်။ သမ္မာကျမ်းသည် ခေါင်းမာသော ဂျူးလူမျိုးများပြောင်းလဲစေရန်ရေးသားသည်နှင့် တူညီကြောင်း မြင်ရသည်။ ဓမ္မဟောင်းကျမ်းနှင့်ဓမ္မသစ်ကျမ်းနှစ်ခုစလုံးသည် ဂျူးလူမျိုးများ၏ ဝေဖန်ပိုင်းခြား ချက်များနှင့် ပြည့်ဝလျှက်ရှိသည်။ ကျမ်းနှစ်ခုစလုံး၏ ကျမ်းပိုဒ် များသည်ဂျူးလူမျိုးနှင့်ခရစ် ယာန်များနှစ်ဦးစလုံး၏ ပိုင်ဆိုင်ထားသော ကျမ်းစောင်များ ပါဝင်နေသည်။ ထိုကျမ်းနှစ်စောင်လုံးတွင် သဘောတူစွာ ရောစွက်ရေးသားထားလေသည်။ သခင်ယေရှု၏အချိန်ကာလမတိုင်မီ နှစ်ပေါင်း(၂၀၀)က ဟေဗြဲဓမ္မဟောင်းကျမ်းသည် ဟေသလသာ(ဂရိဘာသာ) ပြန်ကဲ့သို့( **septuagint** ) ကျမ်းလည်းတည်ရှိနေခဲ့သည်။ ဟေဗြဲကျမ်းပိုဒ်များ ကိုလည်း ဂရိဘာသာသို့ ပြောင်းလဲပြန်ဆိုလာခဲ့ကြသည်။

ခရစ်ယာန်အသိုင်းဝိုင်း၏လိုအပ်ချက်ပြဿနာကိစ္စရပ်များကို ဖော်ထုတ် လုပ်ဆောင်ရန်ဖြစ်ပေါ်လာ လျှင်ဓမ္မဟောင်းကျမ်းသည် ပြောင်းလဲပြင်ဆင်မှု ခံလာခဲ့ရတော့သည်။ သမ္မာကျမ်းစာပြဿနာသည် အချိန်ကာလအတိ အကျ မပေးနိုင်ခြင်း၊ နေရာမသိခြင်း၊ နာမည်မသိခြင်း၊ သမ္မာကျမ်းစာ၏ ပြုပြင် ပြောင်းလဲနေခြင်းအတွက်မည်သည့် အဖြစ်ပျက်၌ တာဝန်ယူကြောင်း မသိရခြင်းပင်ဖြစ်သည်။ သမ္မာကျမ်းစာသည်မှားယွင်းရမည်ဟု သူတို့ ထင်မြင် ယူဆကြသည်။ အဘယ်ကြောင့်ဆိုသော ်ဖော်ပြပါအရာများကို သက်သေပြ၍ မရပေ။ အထောက်အထားခိုင်လုံမှုမရှိခြင်းကြောင့်ဗုဒ္ဓဘာသာဝင် တို့ထိတ်လန့်စေသောရေးသားချက်များသည်ထိုးနှက်တိုက်ခိုက် လာသည်။ (ဘီစီ ၂ရာစုမှာချိန်ကာလကဖြစ်ပြီးဓမ္မဟောင်းမူရင်းကျမ်းစာလိပ်မှဖြစ်သည်။) ပင်လယ်သေကျမ်းစာလိပ်သည် ပျောက်ဆုံးသော ဆွေစဉ်မျိုးဆက်များကို ပြန်လည်ကူးယူခြင်းများကို ဖွင့်ပြထားသည်။ ဤကူးယူရေးသားမှုသည် (ဘီစီ၂ရာစုဖြစ်သည်) ထိုကျမ်းစာများကို ဆက်စပ်ကြည့်သောအခါ နောက်ပိုင်းမှရေးသားသော ကျမ်းလိပ်သည် တိကျစွာ ရေးသားထားမှုကို တွေ့ရသည်။**The Codex Alexandxinus** ကျမ်းတွင် ဓမ္မသစ်ကျမ်းဟု လည်းခေါ်သော(**Septuagint**) နှင့်လုံးလုံးလျားလျားပါဝင်နေပြီး သားရေပေါ်တွင် ရေးသားထားကာအနည်းဆုံး အေဒီ၄ရာစုနောက်ပိုင်းက ရေးသားထားသည်။**Codex Siniaticus** ကျမ်းစာလိပ်သည် ဓမ္မသစ်ကျမ်းပါဝင်ပြီး အနည်းဆုံး အေဒီ၃ရာစုခန့်ကရေးသားထားခြင်းဖြစ်သည်။ **Codex Vaticanus** ဟူသောကျမ်းစာမှာ မူ၄ရာစု အချိန်ကာလမှရေးသားထားခြင်း ဖြစ်သည်။ ဖော်ပြပါ**Codex Alexandxinus, Codex Siniaticus, Codex Vaticanus** ကျမ်းစောင်များအားလုံးသည်အရေးကြီးသော အထောက် အထားများအဖြစ် သဘောတူဆုံးဖြတ်ထားကြသည်။ ပထမကျမ်းနှစ်စောင်မှာ ဗြိတိန်နိုင်ငံလန်ဒန်မြို့ပြတိုက်တွင်ရှိပြီးတတိယကျမ်းစာမှာ ဘာတိကန်မြို့
(**vatican**)တွင်ရှိနေပေသည်။ထို့ကြောင့်အနည်းဆုံး ၁၇ ရာစုကျော်ကပင် လျှင်ဓမ္မသစ်ကျမ်းစာများမှာပြောင်းလဲမှုရှိကြောင်း မည်သည့်နည်းနှင့် မဆို ပြောင်းလဲသွားနိုင်ကြောင်းပြောနိုင်ပေသည်။ ထို့ကြောင့်၄င်း အချိန်ကာလများကို ကျော်လွန်လာခဲ့ပြီးရေးသားသော ကျမ်းစောင်များမှာ ပြောင်းလဲမှုများ မလွဲကေန်ရှိရမည်ဟူသော ပြောဆိုမှုကိုမငြင်းဆိုနိုင်ပေ။ ထိုအပေါ်၌ အခြေပြုကာ ဗုဒ္ဓဘာသာဝင်တို့၏ စာပေတို့ သည်လည်း ပြောင်းလဲနိုင ်စရာရှိ ကြောင်းယူဆ နိုင်ပေသည်။ အနည်းဆုံးရှေးကျသော ဓမ္မသစ်ကျမ်း၏ အရင်းအမြစ်၂၄၀၀၀ကို ရှာဖွေစိစစ်ကျရာတွင် လွန်စွာအကျိုးရှိလှပေသည်။ ဗုဒ္ဓဘာသာ စာပေများ ထက်လွန်စွာ ရှေးကျလျှက်ရှိကြောင်း စစ်ဆေးသိရှိ နိုင်ကြပေသည်။ ထပ်မံ ၍အကောင်းဆုံးသော အထောက်ပံ့ဖြစ်စေသော **Homer's Iliad** ၏ စာအုပ်မှာ ၆၄၃နှစ်သက်တမ်းမျှသာရှိသည်။ ရှင်ယောဟန်၏ မူရင်း စာပေအပိုင်း အစကို အချိန်ကာလပြန်ကြည့်ရာ အေဒီ၁၂၀က ရေးသား ထားခြင်း ဖြစ်ပေသည်။

ရှင်မဿဲခရစ်ဝင်ကျမ်းမှာမူ အေဒီ ၆၅ ခုနှစ်ကရေးသားထားလေသည်။ အချို့သောကွဲပြားခြားနားနေသည့် ကျမ်းများကို ဖတ်ရသည်မှာကျမ်း၏ အနှစ် သာရတွက် အကျိုးသက်ရောက်မှုမရှိဖြစ်နေပြီ၊ အချို့သော ကျမ်းစာပေမှာ ဓမ္မသစ်ကျမ်း တွင်ပါဝင်သော ကျမ်းစာများအပြင်အခြားသော ကွဲပြားခြားနား သည့် အကြောင်းအရာတစ်ခုကို လည်းရေးသားသည်။ ဗုဒ္ဓဘာသာဝင်တို့၏ စာပေတွင် လည်းချဲ့တွင်ရေးသားထားသောကွဲလွဲနေသည့် စာပေများစွာရှိပေ သည်။ အဘယ့်ကြောင့်ဆိုသော် ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးနောက်နှစ်ပေါင်း ၃၀၀ခန့်မှ စတင်၍ နှုတ်ဖြင့်ဆင့်ပွားသင်ကြားပေးရာမှာဤကဲ့သို့ စာပေများစွာ ပေါ်ထွက် လာခဲ့ရပေသည်။ ဗုဒ္ဓတရားတော်ကို လူပေါင်းများက ကွဲပြားခြားနားမှု များစွာဖြင့် အနက် အဓိပ္ပါယ်ဖွင့်ခြင်းနှင့် ရေးသာခြင်းပြုခဲ့ရာ ယနေ့ခေတ်တွင် မည်သည့် စာပေမှာ

ကျမ်းဘောင်အတွင်းသို့သွင်းရမည်ကိုငှင်း၊ မည်သည့်စာပေမှာ ကျမ်းဘောင်သွင်း၍မရကြောင်းငြင်းခုံမှုကြီးထွားလျှက်ရှိနေသည်။ အေဒီ ၆ရာစု ကရေးသားကျန်ခဲ့သော ဗုဒ္ဓစာပေသာ ရှေးကျဆုံးသော မူရင်းစာပေအဖြစ် မှတ်ယူ ခြင်းမှာ သမ္မာကျမ်းစာကိုမှတ်ယူလက်ခံ ထားမှုနှင့် ကွဲပြားခြားနားပေသည်။ ကျွန်ုပ်တို့တွင်မည်သည့် ကျမ်းတစ်ခုသည်မူရင်းကျမ်းစာ အဖြစ်ခံယူမှုမှာ ထူးခြားလှသည်။ကျမ်းစာတွင်ရောစွက်ဖြည့်သွင်းထားမှုမရှိသော ကျမ်းအားမူ ရင်းကျမ်းအဖြစ်ခံပြုသတ်မှတ်ပေသည်။ ထို့ကြောင့်ကျမ်းတတ် ဗုဒ္ဓဘာသာ ဝင်တို့အားမူရင်းကျမ်းနှင့် သက်ဆိုင်သော မေးခွန်းအားဖြင့် အနိုင်ပြုရ ပေမည်။

## ၃.၂ အမှန်တရားနှင့်ဆိုင်သောထင်မြင်ယူဆချက်

ဗုဒ္ဓဘာသာဝင်တစ်ဦးဖြေရှင်းရေးသား ချက်တွင်**ခရစ်ယာန်ဘာသာသည် အာဏာကိုအသုံးပြု၍နိုင်ထက်စီးနင်းပြုသော သူများနှင့်တူသည်။✡✡ ဟုဖော်ပြ ထားသည်။**သင်သည်ယုံကြည်ရမည်၊ ထိုသို့မဟုတ်ပါက အပြစ်စီရင်ခြင်း ခံရ သည်။✡✡ ဟူသောအချက်ကို ထောက်ပြထားသည်။ ဗုဒ္ဓဘာသာတွင်မူ လွတ်လပ်စွာရွေးချယ်နိုင်ပြီး ယုံကြည်မှုအနည်း(သို့)အများကို မိမိတို့နှစ်သက်ရာခွင့်ပြု ထားသည်။ ခရစ်ယာန်များသည်ဘိုးဘေးတို့ခံရသော ကျိန်ခြင်းအားဖြင့်အပြစ်သက်ရောက်ပြီးနာကျင်မှုဒုက္ခဝေဒနာခံစားရကြောင်း သွန်သင်မှုခံယူကြသည်။ ဗုဒ္ဓဘာသာဝင်များကမူ တစ်စုံတစ်ယောက်သောသူအား ဖြင့်အားသောများ၏အလိုပြည့်စုံစေခြင်းသည် ယုံကြည်မှုပုံစံတစ်ခု၏ အကျိုး ရလဒ် တစ်ခုကိုဝိညာဉ်ရှိသူတို့၏ အမြင်အားဖြင့်ဖွဲ့ စည်းထားမှုပုံစံ ဖြစ်သည်ဟု ပြောဆိုပြီး၊ တစ်ဦးတစ်ယောက်စီတိုင်းနှင့်သက်ဆိုင်သည့် အခွင့်အရေးပိုင်းဆိုင်ရာ ယုံကြည်သက်ဝင်မှုများကိုမူ လေးစားကြောင်းဖော်ပြထားသည်။

ဤတွေးခေါ် ချက်သည်ဗုဒ္ဓဟောကြားသောတစ်စုံတစ်ခုတွင်ယုံကြည်ခြင်းသည် အကျိုးတစ်ခုဖြစ်ထွန်းမည်ဟူ၍ဟောကြား ခြင်းသည်မခိုင်မာသည့် အခြေပြုမှု ပေါ်တွင် တစ်စုံတစ်ခုကိုယုံကြည်နေခြင်းပင်။ ထူးခြားမှုတစ်ခုမှာ သူတို့ယုံကြည် နေသော အရာထဲတွင် **Fascism** နှင့် **Satanism** နှင့်တူသော ယုံကြည်မှုမျိုး ပါဝင်နေသည်။ ထပ်မံ၍တွေ့ရှိရသည်မှာအာရုံပြုခြင်းမှမည်ကဲ့သို့ဖြစ်ပျက် နေသည်ကိုအဓိပ္ပါယ်လေးနက်စွာပြောပြနိုင်ခြင်းပင်ဖြစ်သည်။ ထိုအရာသည် မှန်သည်ဆိုလျှင်မှားယွင်းမှုလည်းရှိရပေမည်။ ထို့ကြောင့်နိုင်ထက်စီးနင်း သဘောဆန်သောမေးခွန်းများကိုစွန့်လွှတ်ဆွေးနွေးရပေမည်။ ဗုဒ္ဓဘာသာအတွင်း ယုံကြည်မှုကိုသွေဖီသွားစေသည့် စီစဉ်ထားမှုကို ညွှန်ပြထားပြီး ဘာသာတရား အတွင်း၌ အကြွင်းမဲ့စစ်မှန်သောသစ္စာတရား အခြေခံမှုမတူညီကြောင်း ညွှန်ပြလေသည်။ ဗုဒ္ဓဘာသာအတွင်း၌ မတူညီသောပုံစံများဖြင့် သုံးသပ်မှု ပြုနိုင်သည်။ ဇင်(**Zen**)၊ ထေရဝါဒ(**Theravada** )၊ **Soka-gakkai** တိဘက် ဗုဒ္ဓဘာသာ၊ သန့်ရှင်းသောမြေ ဗုဒ္ဓဘာသာအစရှိသဖြင့်တွေ့ရပေသည်။

ခရစ်ယာန်ဘာသာထဲတွင် တယောက်သောသူအားဖြင့် လူသားအားလုံး ကယ်တင်ခြင်းရရန် အခွင့်အရေးတစ်ခုတည်းရှိချိန်တွင်ဗုဒ္ဓဘာသာတွင် အဖန်တလဲလဲဖြစ်ပျက်ဝင်စားမှုကို သင်ကြားပေးသည်။ ထိုသို့အသစ် တဖန် ပြန်လည်မွေးဖွားခြင်းဖြစ်စဉ်ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးတွင် နိဗ္ဗာန်ကိုရရန်မှာ အဆုံးအစမရှိသည့်အခွင့်အရေးများရှိပါမှ ရရှိနိုင်ပေသည်။ ဆိုလိုရင်းမှာ ထိုပုဂ္ဂိုလ် တွင် အနှောင်အဖွဲ့မှအစဉ်အမြဲလွတ်မြောက်နေရပေမည်။ အငြင်း ပွားစရာ အချက်တစ်ခုဖြစ်သော ယေရှုအားဘုရားသခင်၏သားတော် ကဲ့သို့လူအား သေခြင်းမှအသက်ရှင်စေနိုင်ခြင်း၊ အခွင့်အာဏာခံစားရရှိခြင်းကို လက်ခံခြင်း (သို့)ငြင်းပယ်ခြင်းများပါဝင်နေပေသည်။ ဗုဒ္ဓဘာသာတွင် အချိန်ကာစက်ဝိုင်းနှင့် စပ်လျဉ်း၍ တရိစ္ဆာန်၌ ပြန်မွေးဖွားမှုခံရခြင်း(သို့)ဆိုးသောသူများ၏ နိဂုံးဘဝသံသရာလည်ပတ်မှုမှ နိဗ္ဗာန်သို့ရောက်ရှိသည်အထိရှေးရှုနေပေသည်။ ဆိုလိုသည်မှာ လူဆိုတစ်ဦးနှင့်တူသော(**Adolf Hitler**)ပင်လျှင် နိဗ္ဗာန်သို့ ရောက်ရှိ နေပေလိမ့်မည်။ ဤအရာမှာ လူသားများလုပ်ဆောင်မှုအတွက် တာဝန်မရှိပေ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ပြန်လည် ဝင်စား၍ ဖြစ်တည်လိုက်ပါနေရသော ကြောင့်ပင် သမ္မာကျမ်းစာနှင့်ယေရှု၏ သင်ကြားမှု များတွင် ယေရှုသည်လူ့ဘဝအသက်တာ၊ အကျင့်တရားပြုပြင်ပြောင်းလဲနိုင်ရန် အဓိကအရင်းခံဖြစ်ကြောင်းသွန်သင်ထားသည်။ ကျွန်ုပ်တို့ယခုဘဝအဘယ်ကဲ့သို့ အသက်ရှင် နေထိုင်မှုသည် တရားစီရင်ခံရမည့် အချိန်နှင့်မည်ကဲ့သို့ ဆက်စပ်မှု ရှိသည်။ ကျွန်ုပ်တို့စိုက်သည့်အတိုင်း ရိတ်ကြရပေမည်။ (ဂလာ ၆း၈) ထို့အတွက်ကြောင့်ဘုရားသခင်၏ ပြသောလမ်းကို သိသူ၌ ဘုရားသခင် ပေးအပ် သောတာဝန်ရှိပေသည်။ ထိုအရာများကိုအလိုတော် အတိုင်းလုပ်ဆောင်ခြင်းဖြင့်

တရားစီရင်ခံရပေမည်။ ငြင်းဆန်မှုမရှိဘဲ ဘုရားသခင်၏ဦးဆောင်မှုနောက်တွင် မိမိတို့အသက်တာ၊ အပြုအမူများကိုသတိပြုစောင့်ထိန်းသွားရန်ဖြစ်ပေသည်။ ကျွန်ုပ်တို့သည်ခရစ်တော်လက်ဝါးကပ်တိုင်၌ အသေခံခြင်းအားဖြင့် အသက်ရှင် ကြရသည်။ ဤအတွက်အခွင့်အရေးဆိုသည်မှာနှစ်ခါမရပေ။ ✳✳ယခုပင် ကယ်တင်ရာနေ့ရက်ကာလရှိ၏။✡✡(၂ကော ၆း၂) ယနေ့တွင်ဘုရားသခင်၏ အသံကို ကြားရလျှင်ခိုင်မာသောစိတ်နှလုံးမရှိကြနှင့်ဟု (ဟေဗြဲ ၃း၇-၁၅)တွင် ဖော်ပြထားပေသည်။(ဖိ၂း၁၂) တွင်✳✳ကိုယ်ကိုကယ်တင်ခြင်းငှာ ကိုယ်တိုင်ကြိုးစားအားထုတ်ကြလော့✡✡ဟုဖော်ပြထားသည်။ အကယ်၍ကျွန်ုပ်တို့သည် သံသရာကို ဖြတ်သော နိဗ္ဗာန်သို့ကူးမြောက်ရောက်ရှိနိုင်အကြွင်းမဲ့အဆုံးထိတိုင် ကြိုးပမ်း အားထုတ်ရပေမည်။ ယခုအခြေအနေအရ ကျွန်ုပ်တို့အနေဖြင့် အနည်းငယ်သာကြိုးပမ်းအားထုတ်မှုရှိသည်။ ကျွန်ုပ်တို့၏ ကြိုးပမ်းအားထုတ်မှုမှာ အနိမ့်ဆုံး အခြေအနေ၌ ရှေးရှုနေပေသည်။ ဝိညာဉ်အသက်တာအတွက် ကြိုးပမ်းအား ထုတ်သောအခါ ကျွန်ုပ်တို့သည်နိမ့်ကျသောအသက် ရှင်မှုများ ပြောင်းလဲကာကြိုးပမ်းအားထုတ်မှု များဖြစ်လာသည်။ လူသားတို့တွေ့ကြုံခံစားမှုနှင့် သမ္မာကျမ်းစာ၏လူသားတို့၏သဘာဝအပေါ် ရှုမြင်မှုနှစ်ခုစလုံးသည် ကျွန်ုပ်တို့ အသက်တာ အပေါ်၌ ဆင်ခြင်သုံးသပ်ရန်လမ်းပြမှုပြုပြီးဗုဒ္ဓဘာသာကမသထို အရာများကိုငြင်းပယ်ထားသည်။

ဗုဒ္ဓဘာသာသည်✳✳ဘာသာတစ်ခုကိုပုံဖော်ထားမှုတစ်ခု✡✡**(a designer religion)** ဖြစ်သည်ဟုကျွန်ုပ်တွေ့မြင်ရသည်။ သင်နှစ်သက်ပါက ယုံကြည်နိုင်ပြီး အဆုံးမရှိသောသံသရာ၏မတူညီသောအဆင့်များစွာရှိသည်ကို ၄င်း၊ အမျိုးမျိုးသောဖြစ်တည်ချက် မှုများကိုလမ်းညွှန်ထားပြီး အမျိုးမျိုးသောကွဲပြားခြားနားသည့် သွန်သင်မှုကိုတွေ့ရပေမည်။ ✳✳ကျယ်ပြောလှသော ဗုဒ္ဓစာပေ များတွင်ဘယ်အရာသည်သင့်အတွက်အကျိုးဖြစ်ထွန်းစေသည်ကို တိကျစွာ သိမြင်ရန်လိုအပ်ပါသည်။✡✡ ဤအဓိပ္ပါယ်မှာသမ္မာတရားဖွင့်ဆိုချက်ကဲ့သို့သော အကြောင်းတရားမဟုတ်ပါ။ ကျွန်ုပ်တို့အတွက်သံသရာလည်ခြင်းနှင့် မသေချာ သောအရာများသာ ကျန်ရစ်စေခဲ့သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည်သမ္မာတရားဖြစ်ကြောင်းယေရှုကသွန်သင်ထားသည်။(ယော ၁၇း၁၇) သမ္မာ ကျမ်းစာသည် သာလျှင်အမှန်တရားဖြစ်သည်ဟုကြော်ငြာခြင်းသည် အလွန်ကြီးမားသောအဟန့်အတားကိုဖြစ် စေသည်။ သင်ကိုယ်တိုင်စနစ်ကျစွာလေ့လာဆည်းပူးမှုအားလုံးဖတ်ရှုပြီးစီးနိုင်ခဲ့ဖူးပါသလား။ ထိုအရာများသည် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာအားထူးခြားစေနိုင်လောက်အောင်တည့် မတ်စွာ ထိုးနှက်မှုမျိုး မြင်တွေ့ဖူးပါသလား။ တစ်ခါတစ်ရံစိတ်အား ထက်သန်စေ သည်၊ တစ်ခါတစ်ရံ မောပန်းမှုများကိုပြေပျောက်စေသော သင်ကြားသည့် သင်ခန်းစာ များဖြင့် အသက်တာကိုပို့ဆောင်ပေးလေသည်။ ဤဆိုလိုချက်သည် အမှန်တရား တစ်ခုကဲ့သို့ထင်မြင်ယူဆ၍မရပေ။ ထို့ကြောင့်အမှားနှင့် အမှန် သဘောကို နားလည်မှုမရှိ၊ အပြစ်နှင့်ဆိုင်သည့်ထင်မြင် ယူဆချက်မတူခြင်း အပေါ်၌ မှန်သည်ဟု ထင်မှတ်ယူဆ၍မရနိုင်ပေ။ အမျိုးမျိုးသောဗုဒ္ဓဘာသာဝင်များ၏ ရှုဒေါင့်များသည်ကျော်လွန် လာခဲ့သည့် အချိန်ကာလနှင့်မိရိုးဖလာခံယူချက်များ၌ အသားစားခြင်းနှင့်နှိပ်စက်ညှင်းပန်းခြင်းသည်ကိုယ်ကျင့်တရားနှင့်အသိပညာ တို့ကြားပဋိပက္ခဖြစ်စေသောဗုဒ္ဓဘာသာ၏စောင့်ထိန်းမှုဥပမာတစ်ခုဖြစ်သည်။ ပါဠိကျမ်းတွင် ဗုဒ္ဓကိုယ်တိုင်အသားစားကြောင်းဖွင့်ဆိုရေးသားထားသည်ကို မှတ်သားသိရှိရသည်။ သို့သော်လည်းသူ၏တပည့်သံဃာများသည်တိရိစ္ဆာန်အသားကိုစားခြင်းသည် လူ့ဘဝကိုပြန်ရစေသည်ဟူသော ပြန်လည် ဝင်စားခြင်းကို သွန်သင်ထားသောကြောင့် နိဗ္ဗာန်မရောက်မှာ စိုး၍ အသားစားခြင်းကို ရှောင်ကြည် ခဲ့ကြသည်။ အဘယ်သူ၏ ကိုယ်ကျင့် တရားပိုင်း ဆိုင်ရာစံပြုထားခြင်းမှာထူးခြား၍ မှန်ကန်မှုရှိပါသနည်း။ နှုတ်ကပတ်တော် တရား၌ ဘုရားသခင်၏ဝိညာဉ်တော်မှုတ်သွင်းမှုမခံရလျှင် လုပ်ပိုင်ခွင့် အခွင့် အာဏာသည်ရဟန်းများ၌ သာလျှင်ရှိနိုင်ပေမည်။ ဗုဒ္ဓဘာသာတွင်ညီညွတ်သော ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ သွန်သင်မှု မတွေ့ရပေ။ ခရစ်ယာန်တို့၏ ခရစ်တော်၏တရားတော်အားစကြ်ဝဠာတစ်ခုလုံး နှင့်ဆိုင်သော စံထား သတ်မှတ်မှုနှင့် လွန်စွာကွာဟနေပေသည်။(၁ကော ၉း၂၁)ဤကဲ့သို့သော အားဖြင့် ကျွန်ုပ်တို့သည်သဘောပေါက် နားလည်လျှက်စိတ်နှောင့်ယှက်မရှိစေဘဲ ရိုးသားမှန်ကန်စွာထိုးဖောက်သိမြင်သော ပြောဆိုမှုများကို ဆက်လက်ပြောဆိုရန် လိုပေသည်။ သခင်ယေရှုသည်ကျွန်ုပ်တို့ဘဝထဲတွင်အဘယ်ကဲ့သို့တွေ့ဆုံပြီး လုပ်ဆောင်ပေးခြင်း(သို့) ပြောဆိုခြင်း(သို့) ခံစားရပါသနည်း။ သူသည်ကျွန်ုပ်တို့ အတွက်ကိုယ်စားလှယ်ဖြစ်၍သူ၏ ဘဝအသက်တာ၌ ဒုက္ခဝေဒနာ ခံစားရပြီး လူသားများကဲ့သို့ ခံစားရမှုရှိပေသည်။ ကျွန်ုပ်တို့မစွမ်းဆောင်နိုင်သော အရာများ ကို သိရှိပြီးခရစ်တော်ကို ယုံကြည်စိတ်ချစွာ လက်ခံသောအခါ ကျွန်ုပ်တို့

နေရာတွင်ကိုယ်စားလှယ် ဝင်ရောက်ခံစားသောကြောင့် ကျွန်ုပ်တို့ ဘဝ အသက် တာတွင် အဓိပ္ပါယ်ရှိစွာအနှစ်သာရရှိရှိ ကိုးကွယ်ကြပေသည်။ စစ်မှန်သော ခရစ်ယာန် များသည်ခရစ်တော်တည်းဟူသော ပုဂ္ဂိုလ်တော်အပေါ်၌ ယုံကြည် ကိုးကွယ်သော အယူဝါဒဖြစ်သည်။ အောက်တွင်ဖော်ပြထားသည့် အတိုင်း ဤကဲ့သို့ရှင်းပြပါမူ ခရစ်ယာန်စစ်များအကြား စည်းလုံးမှု ပြိုကွဲ စေနိုင်သည်။ ခရစ်တော်သည် ဆရာတစ်ဦးမျှသာမဟုတ် စိတ်ကူးထဲမှ ပုဂ္ဂိုလ်တစ်ဦးသာဖြစ်၍ ဗုဒ္ဓကဲ့သို့ပင်လူသားတစ်ဦးဖြစ်သည်။ သူသည် ကမ္ဘာကြီး ထဲ၌ လူဇာတိ ခံယူ သည်(ယော ၁း၁၄) သူသည် အသက်ရှင်ခဲ့ပြီး၊ ထင်ရှားပြတ်သားစွာပြော ဆိုခြင်း အားလုံးသည်သူ၏ ဖခင်သင်ကြားပေးသော စကားများသာ ဖော်ပြသည်။

## ၃.၃ ဗုဒ္ဓနှင့်သခင်ယေရှုအကြားနှိုင်းယှဉ်ချက်

ဗုဒ္ဓသည်မင်းသားတစ်ပါးကဲ့သို့ဖွားမြင်ခဲ့သည်။ ဖခင်၏ထီးနန်းကို စွန့်ခဲ့သည်။ သူမွေးဖွားလာသောအခါအနာဂတ်ဟောပြော သူများကသူ၏ ခမည်းတော်အားပြောပြသည်မှာ သူသည်သာမန်ကလေးတစ်ဦးမဟုတ်ပေ။ အိန္ဒိယ တစ်နိုင်ငံလုံး ကိုညီညွတ်စေသော နိုင်ငံတော်တစ်ခုအဖြစ် လုပ်ဆောင်ခြင်း (သို့) ထိုလောက ကမ္ဘာနှင့်သက်ဆိုင်သော နိုင်ငံကို စွန့်ပယ်လျှင် လောကကမ္ဘာ တစ်ခုလုံးကို ရွေးနုတ်ကယ်တင်သော ပုဂ္ဂိုလ်ဖြစ်လာလိမ့်မည်ဟုကြိုတင်ဟော ပြောခဲ့ကြသည်။ ဤကဲ့သို့ဟောကိန်းထုတ်သောကြောင့်ထိုကလေးငယ်သည် လောက ကြီးအတွင်းရှိဒုက္ခအမျိုးမျိုးတို့ကိုပြည့်စုံစွာခံစားသိမြင်ကြီးပြင်းလာ ပြီး စည်းစိမ်ခံစားမှုအားလုံးကိုစွန့်ကြပေးကမ်းခဲ့သည်။ သူသည်အို၊ နာ၊ သေခြင်း ကိုဖြစ်စေသောတွေ့ဆုံကြုံတွေ့သောအရာများကို ခုခံကာကွယ်ခဲ့သည်။
အားလုံးနီးပါးဖော်ပြချက်များနှင့် ခရစ်တော်၏အသက်တာမှာ ကွာခြားလွန်းလှ သည်။ ယေရှုသည်တိရိစ္ဆာန်တင်းကုပ်တစ်ခုတွင်ဖွားမြင်ခဲ့ရသည်။ သူ၏မိဘများ သည် သူမွေးဖွားရန်ဒုက္ခဆင်းရဲကို အရင်းပြုလုပ်ဆောင်ပေးခဲ့သည့် ဆင်းရဲသော သူများဖြစ်သည်။ ယေရှုသည်လက်သမားတစ်ဦးဖြစ်ပြီး သေဆုံးသောအခါရာဇဝတ်သားကဲ့သို့သေဆုံးခဲ့ရသည်။ လက်ဝါးကပ်တိုင်တွင် နာကျင်ဝေဒနာခံကာ ဘုန်းအသရေစွန့်လွှတ်ပြီး၊ အစေခံကျွန်၏သဏ္ဍာန် ဆောင်ယူကာနိမ့်ကျနေ သော လူ့အဖွဲ့အစည်းကြီးအတွက်သေခြင်းကိုရင်ဆိုင်ခဲ့ရသည်။ နိမ့်ကျခြင်းဖြင့် ဆင်းသက်လုပ်ဆောင်ခြင်းကြောင့် အမြင့်ဆုံးသော ချီးမြှောက် ခြင်းကိုခံခဲ့ရသည်။(ဖိ ၂း၅-၁၁) အဘယ်ကြောင့် ဆိုသော် သူသည်ကျွန်ုပ်တို့ ခံစားရသော လောကခံ တရားကိုခံစားခဲ့သည်။ ထို့ကြောင့်သူသည် ကျွန်ုပ်တို့တွေ့ကြုံခံစားရမှုကိုပြည့် ဝစွာ နားလည်ပြီး ထိုအရာ များကို အခြေခံကာဘုရား သခင်ထံမှခွင့်လွှတ်ပေးရန် တောင်းခံနိုင်သော ယုံကြည်စိတ်ချမှုပြုနိုင်သောသူဖြစ်သည်။(ယော ၁၅း၁၆)သို့ သော်လည်းယေရှုသည်ကြွယ်ဝ ပြည့်စုံပြီး ကျွန်ုပ်တို့ကိုစောင့်ရှောက်နိုင်ရန် သူသည်ဆင်းရဲ ဒုက္ခခံစားရပေသည်။ ထိုဆင်းရဲဒုက္ခခံစားမှုကို မူကျွန်ုပ်တို့အတွက် စည်းစိမ်ချမ်းသာ ပြုလုပ်ပေးခဲ့ လေသည်။ (၂ကော ၈း၉)

ဗုဒ္ဓသည်ကယ်တင်သော အရှင်တစ်ပါးဖြစ်သည်ဟု ထင်းရှားစေရန် ဆိုရာ တွင် သူသည်လူသားတို့အားကယ်တင်ရန် ၄င်းကိုယ်ကိုအဘယ်ကဲ့သို့လုပ်ဆောင် ကျင့်ကြံရမည်ကို ပြခဲ့လေသည်။ သူ၏ပြသချက်မှာ ကိုယ်တိုင် လုပ်ဆောင်ခြင်း အားဖြင့် သံသရာမှလွတ်မြောက်ဘို့ကြိုးစားအား ထုတ်ရန်နှင့် ထိုလမ်းစဉ် အတိုင်း မှန်ကန်စွာလိုက်ပါရန်ပြသခဲ့လေသည်။ သမ္မာကျမ်းစာ၌ ဖော်ပြချက် အရ(ရော ၃း၁၀)တွင်ဖြောင့်မတ်သောသူမရှိ၊ တစ်ယောက်မျှမရှိဟု ဖော်ပြထား ပေသည်။ လူသားအားလုံးသည်အပြစ်၏ ချုပ်နှောင်မှုကိုခံရသောသူများ ဖြစ်ကြသည်။(ရော ၃း၂၂၊ဂလာ း၂၂)လူသည်မိမိကိုယ်ကို မကယ်တင်နိုင်ပေ။(ရော ၇း၁၅-၂၅)တွင်ရှင်ပေါလု၏အပြစ်ကြောင့်ခံရသော ဒုက္ခဝေဒနာနှင့် ဆိုင်၍ ဆင်ခြင်ဖော်ပြထားသည်မှာ -

> **ငါသည်ကိုယ်ကျင့်သောအကျင့်ကိုမနှစ်သက်၊ ကျင့်ချင်သော အကျင့်ကိုမကျင့်၊ ရွံရှာသောအကျင့်ကိုကျင့်၏။ ထိုသို့ ငါသည်မကျင့်ချင်သောအကျင့်ကိုငါကိုယ်တိုင်ကျင့်သည်မဟုတ်၊ ငါ့အထဲ၌ နေသောအပြစ်တရားသည်ကျင့်၏။ ငါ့အထဲ၌ ငါ့ဇာတိပကတိ၌ ကောင်းသောအရာ တစ်စုံတစ်ခုမျှ မတည် သည်ကိုငါသိ၏။ အကြောင်းမူကားငါသည် ကျင့်ချင် သောစိတ် ရှိသော်လည်း၊ ကောင်းစွာကျင့်တတ်သော အခွင့်ကိုရှာ၍ မတွေ့နိုင်။ ငါသည်ကျင့်ချင်သောအကျင့် ကောင်းကိုမကျင့်၊ မကျင့်ချင်သောအကျင့်ဆိုးကိုကျင့်၏။ ထိုသို့ငါသည် မကျင့် ချင်သော အကျင့်ကိုကျင့်လျှင် ငါကိုယ်တိုင်ကျင့်သည်မဟုတ်၊ ငါ့အထဲ၌ နေသောအပြစ်တရားသည်ကျင့်၏။ ထိုသို့ ကောင်း

သောအကျင့်ကိုကျင့်ချင်သောအခါ၊ မကောင်းသော အကျင့်ကို ကျင့်စေတတ်သောတရားကိုငါတွေ့၏။ ငါသည်အတွင်း လူအား ဖြင့် ဘုရားသခင်၏ပညတ်တရားတော်ကိုနှစ်သက်၏။ သို့သော်လည်းငါကိုယ်အင်္ဂါများ၌ ရှိသောတရားတစ်ပါးသည် စိတ် ဝိညာဉ်တရားကို ဆိုင်ပြိုင်တိုက် လှန်သဖြင့် ငါ့အင်္ဂါများ၌ ရှိသော အပြစ်တရားလက်သို့ ငါ့ကို ဖမ်းသွားအပ်နှံသည်ကို ငါမြင်၏။ ငါသည်ငြိုငြင်သောသူဖြစ်ပါသည်တကား၊ ဤအသေကောင်မှ ငါ့ကို အဘယ်သူ ကယ်လွှတ်မည်နည်း၊ ငါတို့ သခင်ယေရှုခရစ်အားဖြင့် ကယ်လွှတ် တော်မူသော ဘုရားသခင်၏ ကျေးဇူးတော် ကြီးလှပေ၏။ ထိုသို့စိတ်ဝိညာဉ် အားဖြင့်ဘုရားသခင်၏ တရားတော်အလိုသို့၄င်း၊ ဇာတိပကတိအားဖြင့် အပြစ်တရားအလိုသို့၄င်းငါလိုက်တတ်၏။ ✡✡ ဟုဆင်ခြင် စဉ်းစာစရာ တွေ့ မြင်ရပေသည်။

ကျွန်ုပ်တို့ကိုယ်တိုင်ရှင်ပေါလုကဲ့သို့ခံစားရသည်မှာ သေချာပါသလား။ ခရစ်တော်သည်ကျွန်ုပ်တို့အော်ဟစ်သံနှင့်နှလုံးသား ခံစားချက်များ၏ အဖြေ ပင်ဖြစ်သည်။ လူသည်မိမိကိုယ်ကိုမကယ်တင်နိုင်ပေ။**ယေရှု ✡✡ ဟူသော အမည်၏အဓိပ္ပါယ်မှာ ကယ်တင်သော အရှင်ဟုအဓိပ္ပါယ်ရသည်။ ဗုဒ္ဓ(သို့) ယေရှုသည်ကျွန်ုပ်တို့၏ကယ်တင်သောအရှင်ဖြစ်သည်။ အချို့သော ဗုဒ္ဓဘာသာ ဝင်များပြောဆိုရာတွင်ခရစ်ယာန်ဘာသာသည်ဗုဒ္ဓဘာသာနှင့် တူဆီလျော် မှန်ကန်သောအရာများကို ဟောပြောသည်။ ရှင်းရှင်းပြောရပါမူ ထိုအရာလည်း မဖြစ်နိုင်ပေ။ ဗုဒ္ဓသည်အဘယ်မှာယခုရောက်နေပါသနည်း။ သူသည် ယခု ကယ်တင်ပါသလား။ ကယ်တင်ခြင်းသည် ကျွန်ုပ်တို့အတွက် မည်ကဲ့သို့ အဓိပ္ပါယ်ရှိပါသနည်း။ ဗုဒ္ဓသည်သေခြင်းမာန်ကိုအောင်မြင်ပါသလား။ ဗုဒ္ဓသည် အပြစ်နှင့်သေခြင်းကိုအဘယ်သို့အနိုင်ယူ၍ အပြစ်များကို သယ်ဆောင်သွား သည်ကို တွေ့မြင်ရပါသလား။ ဗုဒ္ဓတွင် အပြစ်နှင့်ကင်းပါသလား။ ဗုဒ္ဓဘာသာ ဝင်များသည်အာရုံကြောများနှင့် ဆိုင်သော မေးခွန်းများ အကြောင်းမေးခြင်းသည် အပြစ်တရားနှင့် သက်ဆိုင်သည့် ထင်မြင်ယူဆချက်များ အမှန်ပါဝင်နေပြီး အနိုင် ရစေရန်ရွေးချယ်မှုပြုခြင်းမဟုတ်ဘဲ အရှိတရားအနေဖြင့် သတ်မှတ်ခံယူရန် ဖြစ်ကြောင်း ဗုဒ္ဓဘာသာတွင်ထင်ရှားစွာ တွေ့မြင်ရသည်။

ကောင်းသောကမ္မသည် **punya** (သို့)စင်ကြယ်ခြင်းတန်ခိုးကိုရရှိစေ ကြောင်းတွေ့မြင်ရပါသည်။ သို့သော်လည်းမိမိအတ္တကိုသန့်ရှင်းစေသော တန်ခိုး ဖြစ်ပြီးကျွန်ုပ်တို့အားလုံးအတွင်း၌ သန့်ရှင်းမှုမဖြစ်နိုင်ပေ။ သခင်ယေရှု၏ အတွေးတော်အားဖြင့်ကျွန်ုပ်တို့အားလုံးအတွက် လိုအပ်သော သန့်ရှင်း စင်ကြယ် မှုကိုရစေသည်။(၁ယော ၁း၇)သူသည်ကျွန်ုပ်တို့ နာကျင်မှု နှင့်လူသား တို့ကဲ့သို့ ဆာလောင်မွတ်သိပ်မှုကိုကျွန်ုပ်တို့ကိုယ်စား ဝင်ရောက် တင်ဆောင်ယူပြီး အပြစ်နှင့်ကင်းသောသူဖြစ်သည်။ ထိုဝေဒနာများကိုခံစားလျှက် ဝင်ရောက်လုပ်ဆောင်ပြီးနောက် ရှင်သန် ထ မြောက် ကာ ထာဝရ အသက်ရှင်သောသူဖြစ်သည်။ သူ၏အသက်တာဖြစ်ပျက်မှုများအားဖြင့် ကျွန်ုပ်တို့ မျှော်လင့်သော ကယ်တင်ခြင်းကိုပေးတော်မူခဲ့သည်။ သူ၏ အသေခံတော်မူခြင်း သည်ကျွန်ုပ်တို့အားသန့်ရှင်းစေပြီးဘုရားသခင် ၏အပြစ်လွှတ်ခြင်းကို ကျွန်ုပ်တို့ခံစားရရှိခြင်းမှာ ယေရှုခရစ်တော်ကြောင့် ဖြစ်ပါသည်။

## ၃.၄ ဘုရားသခင်၏သဏ္ဍာန်တော် / ဥာဏ်တော်

ဗုဒ္ဓသည်အတ္တကိုငြင်းပယ်သောသီးခြားတည်ရှိအသက်ရှင်သော ပုဂ္ဂိုလ် ဘုရားတစ်ဆူဖြစ်သည်။ သို့သော်တစ်ဆူတည်းသော ဘုရားကိုကိုးကွယ်မှု ဆိုင်ရာသူ၏အကြွင်းမဲ့အမြင်ရှုထောင့်မှာသက်ရှိအရာခပ်သိမ်းတို့သည်ပုဂ္ဂိုလ်မဟုတ်သည့်အင်အားတစ်ခုဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်။ သမ္မာကျမ်းစာတွင် မူဘုရားသခင်သည်စကြဝဠာကိုချုပ်ကိုင်နိုင်ပြီးလူတစ်ဦးစီတိုင်း၏အသက်ရှင်မှု လမ်းစဉ်များကိုဂရုတစိုက်စောင့်ထိန်းသည်။(ဆာလံ ၄၆း၁၀)တွင်ဖော်ပြထားချက်မှာ **ငါကားဘုရားသခင်ဖြစ်သည်ဟုသိမှတ်ကြလော့။ လူမျိုးတို့ငါသည် ဘုန်းပွင့်မည့်မြေကြီးပေါ်မှာဘုန်းပွင့်မည်။ ✡✡ ဟုဖော်ပြထားသည်။

ဗုဒ္ဓ၏ကြွေးကြော်သံမှာအနာဂတ်အချိန်ကာလတွင်ချမ်းသာသုခကို ရရှိစေသော နိဗ္ဗာန်သွားရာလမ်းကိုပြနိုင်သူမှာဗုဒ္ဓတစ်ပါးတည်းသာ ဖြစ်သည် ဟုကြွေးကြော်ထားသည်။ သခင်ယေရှုမိန့်တော်မူခဲ့သည်မှာဘုရားသခင် ထံသို့ ရောက်နိုင်သော လမ်းခရီးမှာယေရှုခရစ်တော်သာလျှင်ဖြစ်သည်။ (ယော ၁၄း၆) ထိုအရာသည်ကွဲပြားခြားနားနေသောလျှို့ဝှက်သောမိန့်မှာတော်မူ ချက်ပင်ဖြစ်သည်။ ယေရှုသည်ကျွန်ုပ်တို့အားအသက်တာသစ်

ဆီသို့ဆက်သွယ်မှု ပေးသောပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီးတန်ခိုးကြီးသော ဘုရားလည်းဖြစ်သည် ဟုညွှန် ပြထားသည်။ ဗုဒ္ဓသည်အတွေးအခေါ် ပညာရှင်တစ်ဦး ဖြစ်ပြီးသူ၏ နောက်လိုက် များအားကိုယ်ပိုင် ပျော်ရွှင်ချမ်းသာမှု အမြင့်မားဆုံးအဆင့်သို့ ရောက်ရှိစေ သည့်အတွေးအခေါ်များကိုပေးအပ်ခဲ့သည်။ ဤကဲ့သို့ အတွေးအခေါ်ကို သေချာ စွာ ဆန်းစစ်လျှင်ဘာမျှမနစ်နာသော်လည်း တစ်ကိုယ်ကောင်းဆန်မှုမျိုး တွေ့ရသည်။ဗုဒ္ဓဘာသာသည်မိမိကိုယ်ကိုတန်ခိုးရရှိစေသော အကြောင်း အရာများပင်ဖြစ်သည်။ ဤအကြောင်းအရာသည် ဘုရား အဖြစ် သို့ ရောက်ရှိရန် အကျိုးသက်ရောက်မှုရှိပြီးလွတ်မြောက်ရာ လမ်းသို့မျှော်မှန်းရရှိစေသည်။ ခရစ်တော်သည် မိမိကောင်းကျိုးအတွက် လုပ်ဆောင်ခြင်းတန်ခိုးသူ၌ မရှိပေ။ ကျွန်ုပ်တို့သည်အားလုံး အတူတကွကြိုးစားသော်လည်း တစ်ခုတည်း သို့သာ ဖြစ်တည်နိုင်ပြီး၊ လူဇာတိခံယူထားသော သူဖြစ်ကြောင်းသေချာပါက သူကိုယ့်သူ မကယ်တင်နိုင်သောအဖြစ်အပျက်မှာ ကျွန်ုပ်တို့တွင်ရှိနေပေသည်။ သမ္မာကျမ်း စာထဲတွင်ဘုရားသခင်သည်အားလုံးသောတန်ခိုး ရရှိရန်အရင်းအမြစ်ဟု သင်ကြားထားပေသည်။ဤတန်ခိုး(သို့)ဝိညာဉ်တော်သည် ဖန်ဆင်း တော်မူခြင်းနှင့် အရာခပ်သိမ်းအား စောင့်ရှောက် ပြုစုသည့်တန်ခိုးများပါဝင် လေသည်။ ဝိညာဉ်တော်၏ တန်ခိုးသည် နှုတ်တော်ထွက်စကား၊ သမ္မာကျမ်း စာ၏ တန်ခိုးသည် လူသား၏ဘဝထဲရှိကိုယ်ကျင့်တရားပိုင်းဆိုင်ရာ ကိုပြုပြင်ပြောင်းလဲပေးနိုင်လေသည်။ လူ၏နှလုံးသားလွန်စွာ ဆိုးညစ်လာသော အချိန်တွင်သူကိုယ်တိုင်အဘယ်လို မကောင်းမှုမျိုး ဖြစ်နေကြောင်း ဆင်ခြင်ဆန်းစစ်မှုမပြုနိုင်တော့ပေ။(ယော ၁၇း၉)ကျွန်ုပ်တို့၏ စိတ်နှလုံး အတွင်းသို့ကြည့်မည်ဆိုပါက ကျွန်ုပ်ကိုယ်တိုင်ပြောင်းလဲပြုပြင်နိုင်ရန် ကောင်းမွန် စေသည့်ကိုယ်ပိုင်တန်ခိုးလုံလောက်စွာ မရှိခြင်းကိုရှင်းလင်းစွာ တွေ့ရပေသည်။ ဗုဒ္ဓဘာသာဝင်များ၏ တန်ခိုးအာဏာမှာ ဆင်ခြင်တုံတရား ပိုင်းဆိုင်ရာသာ လျှင်ဖြစ်ပြီး မိမိကိုယ်ကိုဆန်းစစ်စေခိုင်းခြင်းပင်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင ်ယောကျာ်းနှင့်မိန်းမများ၌ သေဆုံးရန်မလိုလားပေ။ ယေရှုခရစ်သည် ⁎⁎သခင်ဘုရား၏ဝိညာဉ်တော်တရားဖြစ်သည်။✡✡(၂ကော ၃း၁၇) ဟုရှင်းလင်းဖော်ပြထားသကဲ့သို့ဘုရားသခင်အားဖြင့်ကောင်းကင်နှင့် မြေကြီးပေါ်ရှိခပ်သိမ်းသောအခွင့်တန်ခိုးများ ရှိသည့်ကိုယ်စားလှယ်အဖြစ်နှင့် စေလွှတ်ခြင်းခံရသည်။(မ ၂၈း၁၈)ဘုရားသခင်သည် သူ၌ ရှိသော အခွင့်တန်ခိုးကို ခရစ်တော်အပေါ်၌ လွှဲပြောင်းပေးကာအသက်ရှင်စေသည်။ ကိုယ်ပိုင်ဆုံးဖြတ်ချက်ခြေလမ်းများဖြင့် ကမ္ဘာပေါ်တွင်လျှောက်လှမ်းနေသော လမ်းကိုလူသည်မစီရင်တတ်ပေ။(ယော ၁၀း၂၃)ကျွန်ုပ်တို့ကိုယ်တိုင် ပြောင်းလဲ စေရန် ကူညီ လုပ်ဆောင်နိုင်ခြင်းမရှိပေ။ ဤဖော်ပြချက်နှင့်အတူမိမိကိုယ်ကို ဆန်းစစ်မှုအားရိုးသားမှုရှိစွာလူသားတိုင်းမှတ်ယူနိုင်ပေသည်။

သမ္မာကျမ်းစာ၏ ကိုယ်ပိုင်ဘုရားသခင်သည် သခင်ယေရှု၏ခမည်းတော် ဖြစ်ပြီးသူ၏ နာမတော်ထင်ရှားစေသောအကြောင်း အရာများကို ရှာဖွေနေသည်။ ဘုန်းတော်ထင်ရှား ရန်မှာမူသူ့ ကိုယ်ပိုင်ဂုဏ်တော်များထင်ရှားစေရန် ပညတ်ချက်များရှိပေသည်။ ဗုဒ္ဓဘာသာတွင်မူ စွဲလမ်းတပ်မက်မှုအားလုံး နှင့်အတူဒုက္ခဝေဒနာလျော့ပါးစေရန် ရှာဖွေကြသည်ဟူသော ယခုကဲ့သို့ ပြောဆိုမှုမှာမှားယွင်း နေပြီးခရစ်ယာန်အစုဖွဲ့များ ဝိညာဉ်တော်ဂိုဏ်း **(Pentecostals)**၏ မှားယွင်းသောသွန်သင်ချက်များကဲ့သို့ ပင်⁎⁎ထိုသူ၏အမည်နှင့် တောင်းပိုင်ခွင့်ရှိသည်။✡✡ ဟူ၍ဘာသာတရားကို ရုပ်ပိုင်းဆိုင်ရာ အကျိုးမြတ်ရရှိစေသော ဟောပြောမှုမျိုးဖြင့်ဖွင့်ဆို ဖိတ်ခေါ်ကမ်းလှမ်း မှုပြုကြသည်။ ဤကဲ့သို့လုပ်ဆောင်မှုသည်၊ ဤကဲ့သို့ ပြုလုပ်ခြင်းသည်မိမိအတ္တအကျိုးအတွက်ဘာသာတရားကိုကိုးကွယ်မှုမှာမရှိ မဖြစ်တည်မီရာကောင်းသည်ဟုထင်မြင်ပေသည်။ သို့သော်လည်း သမ္မာကျမ်းစာ တွင်မှန်ကန်သောသတင်းတရားဟောပြောမှုမှာ မှန်သောဘုရားသခင် တစ်ဆူတည်းသာ ရှိပြီးဘုရားသခင်ဘုန်းတော်ထင်ရှားစေရန် ဘုရားကို ရှာရမည်ဖြစ်သည်။သူ၏မှန်သောသဘော နှင်ဖြောင့်မတ်ခြင်း လက္ခဏာများကို ရှာဖွေပြီးဘုရားသခင ်နာမတော်ထင်ရှားစေရန် လူမှုအဖွဲ့အစည်းထဲရှိယောကျာ်း၊ မိန်းမအားလုံးကို ရွေးနှုတ်ကယ်တင်ခြင်းခံရစေရန်အစဉ်ဟောပြောရပေမည်။

## ၃.၅ သေပြီးနောက်ဘဝ

သေပြီးနောက်ကျွန်ုပ်ဘာဖြစ်မဖြစ်မည်နည်းဟူသော မေးခွန်းမှာ သာမန် မေးမြန်းသောမေးခွန်းတစ်ခုဖြစ်သည်။ ဗုဒ္ဓဘာသာသည် ဤအကြောင်းနှင့် ပတ်သက်၍ဖြေဆိုနိုင်မှုလွန်စွာအားနည်းပေသည်။ ဗုဒ္ဓကိုယ်တိုင်ပင်လျှင် သေဆုံးပြီးနောက်တွင်မည်သို့ရှိမည်ကို တိကျစွာအာမခံမထားရှိခဲ့ပေ။

သည်နိဗ္ဗာန်(သို့)ထာဝရကာလပေါ်တွင်ရှင်းလင်းစွာသက်ကြားမှုမျိုးမထားခဲ့ပေ။ အတွေးအခေါ်ပိုင်းဆိုင်ရာချင့်ချိန်နှိုင်းဆမှုအနေဖြင့် သာသူ၏သွန်သင်မှုကို ထားခဲ့သည်။ ယနေ့ဗုဒ္ဓ၏ခန္ဓာကိုယ်မှဓာတ်တော်များကိုဟိမဝန္တာတောင်၏ ခြေရင်းရှိကုစိနရ(**kusinara**)အရပ်၏စေတီထဲတွင်ထားရှိပေသည်။ သေပြီးနောက်တည်ရမည့်အချက်အလက်များကိုဗုဒ္ဓဘာသာတွင် နက်နဲစွာ ယခုထိတိုင်မဖြေရှင်းနိုင်သေးပေ။

ကျွန်ုပ်သည်ယေရှု၏ကျွန်ုပ်ကိုယ်စားအသေခံခြင်းနှင့် ရှင်သန် ထမြောက် ခြင်းကို ယုံကြည်သည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်သည် ခရစ်တော်၌ နှစ်ခြင်းမင်္ဂလာခံယူခြင်း ဖြင့်၍ သဘောကိုနားလည်သောကြောင့် ပင်ကျွန်ုပ် သည် ရှင်သန်ထမြောက်၍ ခမည်းတော်၏ ကျေးဇူးတော်အား ဖြင့် ထာဝရ အသက်ကို ယေရှုနှင့်အတူ ရရှိမည်ဟူသော အမျှော်လင့်ခြင်း ရှိသောကြောင့် ယုံကြည်ရခြင်းဖြစ်ပါသည်။ သမ္မာကျမ်းစာသည် သေပြီးနောက် ထာဝရ ရှင်သန် သော ဝိညာဉ်နှင့်အသက်ရှင်စေမည်ဆိုသော မျှော်လင့်ချက်မှလွဲ၍ အခြားသော ဖိတ်ခေါ်မှုမရှိပေ။ အဘယ့်ကြောင့်ဆိုသော် ခရစ်တော်၌ ကျွန်ုပ်တို့ တည်နေပြီး ခရစ်တော်သည်လူသားစင်စစ်ပုံသဏ္ဍာန်ဖြင့် အသေခံပြီး နောက် ထမြောက် ရှင်သန်ခြင်း ပုံစံကိုကျွန်ုပ်တို့ တွေ့မြင်ခဲ့ရပြီးဖြစ်သောကြောင့် ကျွန်ုပ်တို့၏ မျှော်လင့်ခြင်းမှာခရစ်တော်၌သာ ရရှိမည်ဖြစ်ပေသည်။ ခန္ဓာကိုယ်မရှိသော ဝိညာဉ်ကဲ့သို့ မဟုတ်၊ သီးခြားနေသောဝိညာဉ်လည်းမဟုတ်၊ စစ်မှန်သောပုဂ္ဂိုလ်၊ အစမ်းသပ်ခံသောပုဂ္ဂိုလ်အဖြစ် ထင်ရှားပြသတော်မူသော ကြောင့်ပင်။

ဗုဒ္ဓဘာသာဟောကြားချက်တွင်နိဗ္ဗာန်သည်ပေါင်းစပ်တည်နေကာ ဖော်ပြ၍မရနိုင်သကဲ့သို့စကားနှင့်မှီအောင်မဖော်ပြနိုင်ပေ။ ထိုနေရာတွင်ကျွန်ုပ်တို့ အလိုဆန္ဒများ ပေါင်းစပ်တည်နေခြင်းဘာမျှမရှိသောနေရာဟု နားလည်ရသည်။ ထိုနေရာတွင်ရှင်းလင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုနိုင်ခြင်းမရှိသော မျှော်လင့်ချက်မျိုးပင်ဖြစ်သည်။ သမ္မာကျမ်းစာတွင်မူအလွန်အဓိပ္ပါယ်ရှိသောမျှော်လင့်ခြင်းဖော်ပြ ထားပြီး၊ ခရစ်တော်ပြန်လာသောအခါမြေကြီးပေါ်တွင် ခရစ်တော်လုပ်ဆောင် ပေးမှုဖြင့် ဘုရားသခင်၏နိုင်ငံတော်တည်ဆောက်ခြင်း၌ ပါဝင်နိုင်သူများဖြစ်ရန် မျှော်လင့်ဖိတ်ခေါ်ထားခြင်းဖြစ်သည်။

ဗုဒ္ဓဘာသာတွင် လူဖြစ်ခြင်းကိုရှုမြင်မှုမှာ အလွန်နိမ့်ကျသော အရာတစ်ခု အဖြစ်ပါရှိနေသည်။ လူဖြစ်ခြင်းကိုမနှစ်သက်စရာ ကောင်းသည့် အင်အားအစု အဝေးတစ်ခုအဖြစ်ရှုမြင်သည်။ သခင်ယေရှုကမူလူသားတို့၏ အဓိပ္ပါယ်နှင့် တန်ဖိုးရှိစေမှုအတွက် တုန်လှုပ်ဖွယ်ကောင်းလောက်အောင် အလေးအနက် ထားလျှက်ပေးဆပ်ခဲ့သည်ကိုတွေ့ရပေသည်။ သူ၏ဟောပြောသော ပုံဥပမာ တော်ထဲတွင် သူသည်ကောင်းသောသိုးထိန်းဖြစ်ပြီးသိုး(၉၉) ကောင်ကိုထားလျှက် ပျောက်သောသိုးတစ်ကောင်ကိုတန်ဖိုးထားရှာဖွေသောအရှင် ဖြစ်သည်ဟု ဖော်ပြထားသည်။ တစ်ဦးတစ်ယောက်စီတိုင်းကို အရေးပါသော တန်ဖိုးရှိသော သူများ ဖြစ်စေသည်။ သမ္မာကျမ်းစာတွင် လူသည်အာဗြဟံ၊ ဣဇက်နှင့် ယာကုပ်တို့ကဲ့သို့တူညီစွာအသက်ရှင်လျှင် ဘုရားသခင်၏နိုင်ငံတော်၌ အသိအမှတ် ပြုခြင်း ခံရပေမည်။ (မဿဲ ၈း၁၁၊ လု ၁၃း၂၈)ကျွန်ုပ်တို့တစ်ဦး တစ်ယောက်စီတိုင်းဘုရားသခင်၏ နိုင်ငံတော်တွင် ထာဝရအသက်ရှင်ဝင်စားခွင့် ရရှိပေမည်။ ဗုဒ္ဓဘာသာ၌ ဟောကြားချက်တွင်ဗုဒ္ဓဉာဏ်သဘောသည် Sunyata ဖြစ်ပြီးအတ္တမရှိဟူသောသဘောသဘာဝကိုဟောကြားထားသည်။ ကျွန်ုပ်တို့သည်နိဗ္ဗာန်(**nirvana**)တွင် မည်သူတစ်ဦးတစ်ယောက်မျှ အကျိုး ဖြစ်ထွန်းမှုမျိုးမျှမရှိပေ။ ဤကဲ့သို့လူသားတို့အဓိပ္ပါယ်နှင့် တန်ဖိုး လျော့ကျစေသောအရာများ ဗုဒ္ဓဘာသာ၏သွန်သင်ချက်တွင်တွေ့ရသည်။ သမ္မာ ကျမ်းစာ ပါသွန်သင်ချက်မှာရှင်သန်ထမြောက်ခြင်းမှာသခင်ယေရှု၏ ပုံဖော်ချက် တစ်ခုဖြစ်သည်။ သခင်ယေရှုသည်လူသားများကဲ့သို့ သေဆုံးခဲ့ ခြင်းသည်မရှိမဖြစ်လိုအပ်ပြီးလူကဲ့သို့ ဂူသချိုင်းမှထွက်ပေါ်လာကာ ရှင်သန်ထမြောက်မှုကို ခံရပေမည်။ ထို့အပြင်ဤကဲ့သို့ထမြောက်လိုပါက ခရစ်တော်၌ တည်မှသာ ဖြစ်နိုင်ပေ လိမ့်မည်။ ဤအရာသည်သေခြင်း၏ကာလကိုအထူးသက်သ ၁စေပြီး စစ်မှန်သောခရစ်ယာန်အနေဖြင့်သေဆုံးမှသာ ရှန်သန်ထမြောက်ပေလိမ့်မည်။ ထို့အပြင်ခရစ်တော်၌ တည်နေခြင်းဖြင့်ထာဝရအတူတကွ အသက်ရှင်ကာ လွန်သောသူများနှင့်ထပ်မံတွေ့ဆုံနိုင်ကြပေလိမ့်မည်။ ခရစ်တော်၏ တရားစီရင်ရာနေရာသည ပြောင်းလဲခြင်းတို့၏ အဆုံးသတ်ပြီးဗုဒ္ဓဘာသာ၏ သွင်ပြင်လက္ခဏာ ဖြစ်သည့် သံသရာလည်ခြင်း၏အဆုံးသတ်မှုနှင့်တူညီမှုမရှိပေ။ ဖတ်ရှုခဲ့ရသည့်တလျောက်ကျွန်ုပ်တို့လူသားတို့၏သဘာဝကိုမှန်ကန်စွာနားလည် သဘောပေါက်ရန်မှာလွန်စွာအရေးကြီးပေသည်။ စတာလင်(**Stalin**)၊ ဟစ်တလာ (**Hitler**)၊ ကူးမားရော့(**Khmer**

Rouge) အစရှိသဖြင့်ထိုသို့သော ပုဂ္ဂိုလ်တို့သည်များယွင်းစွာနားလည်မှုမှနေ၍ ကြောက်မက်ဖွယ်ရာများကို ထာဝရတည်စေခဲ့သည်။ ဗုဒ္ဓဘာသာဝင်များသည်မသိခြင်းမှမကောင်းမှုများ ပေါ်ထွက်သည်ဟုယုံကြည်ကြသည်။ ဤအရာမှာတစ်စိတ်တစ်ပိုင်းမျှသာ မှန်ကန်နေ သော်လည်းသမ္မာကျမ်းစာသည်ကျွန်ုပ်တို့အားသေချာသိမြင်စေသည်။(ယာ ၄း၁)တွင်ကျွန်ုပ်တို့ကိုယ်တွင်းရှိကိလေသာကာမစိတ်နှင့် တိုက်ခိုက်ယှဉ်ပြိုင်ရပြီးအတွင်းစိတ်သဘောရိုးသားဖြောင့်မတ်ခြင်းကို သေချာစွာ သိရန်သွန်သင်ထားသည်။(ယာ ၁း၁၃-၁၅)တွင် ကျွန်ုပ်၏ကိုယ်ပိုင် တပ်မက် စိတ်အားဖြင့် အပြစ်သွေးဆောင်မှုခံရခြင်းဖြစ်သည်။ လူသိများသောတွေးချက်မှာ မကောင်းမှုသည်ပုဂ္ဂိုလ်သဏ္ဍာန်အားဖြင့်ဝင်ရောက်ခြင်းမျိုးမဟုတ်ကြောင်း သမ္မာကျမ်းစာထဲတွင်သင်ကြားထားသည်။ စာတန်မာရ်နတ်သည် ရန်ဘက်ပြုသူကို မကောင်းသောဆန္ဒကိုသွေးဆောင်သော ပုဂ္ဂိုလ်အဖြစ် အခြေခံ သဘောအရပြောဆိုကြသည်။ ကျွန်ုပ်တို့၌ မကောင်းသောသဘောမှာ ကျွန်ုပ်တို့အတွင်း၌ အစဉ်ရှိနေသောအရာပင်ဖြစ်သည်။ စာပေများစွာတွင် ဤအကြောင်းပတ်သက်၍ထုတ်ဝေသူမှာ များစွာထံအကျိုး များစွာရရှိနိုင်ပေသည်။

အသက်တာသစ်ဖြစ်ပေါ်သောတန်ခိုးသည် ခရစ်တော်နှင့်အတူနီးကပ်စွာ ရင်းနှီးစွာနှောင်ဖွဲ့ခြင်းခံယူမှုသာဖြစ်နိုင်ပေမည်။ အသက်ရှင်ခြင်းနှင့် မဖောက် ပြန်ခြင်း အကြောင်းသည် ဧဝံဂေလိတရားအားဖြင့် ထင်ရှားစေသည်ဟု (၂တိ၁း၁၀)တွင်ပါရှိလေသည်။ ယေရှုခရစ်၌ အသက်ရှင်ပြီး ထိုအသက်သည် လူသားတို့၏အလင်းဖြစ်သည်။(ယော ၁း၄)ဤအရာသည် အပြစ်တရား၏ အခကြောင့် သေခြင်းနှင့်ရင်ဆိုင်ရမည်မှာမုချကေန်ဖြစ်သော်လည်းခရစ်တော် အားဖြင့် သေခြင်းတရားမှာအဓိပ္ပါယ်ရှိလာသည်။ ခရစ်တော်သေခြင်း မှာ အပြစ် မဟုတ်ကြောင်းယခုကဲ့သို့အသေခံခြင်းမှာကျွန်ုပ်တို့အတွက်ကြောင့်ဖြစ်သည်။ ထို့ကြောင့်ကျွန်ုပ်တို့သည် သေခြင်းမှထမြောက် ပြီးထာဝရကာလအသက်ရှင်ရန် ယုံကြည်ခြင်း အားဖြင့်နှစ်ခြင်းမင်္ဂလာခံယူ၍ခရစ်တော်နှင့်အတူ အသေခံပြီး ရှင်သန်ထမြောက်ကာခရစ်တော်၌ အသက်ရှင်မှုရရန် မျှော်လင့် လုပ်ဆောင် ကြပေသည်။ ဗုဒ္ဓဘာသာတွင်လူတစ်ဦးသေဆုံးသောအခါ အသက်ကိုအသက်ကို တောင့်တခြင်း၊ စွဲစော်မှုသည်သူတို့၏ကာမ(**Karma**) အားဖြင့်ဖြစ်ပြီး ဤအကြောင်းအရာမှ အသိတရားတို့စီးဆင်းလာပြီး ဆက်လက် အသက်ရှင်မှု ဖြစ်တည်ကာတစ်စုံတစ်ခုသောတခြားသောနေရာတွင် ရှင်သန်လာခြင်း ဖြစ်သည်ဟု ဖော်ပြထားပေသည်။ ဤသည်မှာ ရှင်းလင်းသောထင်မြင်ယူဆချက် ဖြစ်သည်။ မည်သည့်သေသောခန္ဓာမှအသက်ရှင်လာမည်နည်း။ တိရိစ္ဆာန်၊ ကွဲပြားခြားနားသော မျှော်လင့်ချက်မြင်နိုင်သောအခြားသော လူသားအဖြစ်နှင့် ပေါ်ထွက် လွတ်မြောက်လာမည်လောဟူ၍သေခြင်းတရားကိုကြောက်မက် ဖွယ်ရာရှုမြင်ကြသည်။

ဗုဒ္ဓဘာသာဝင်များသည်သေဆုံးရန်တဒင်္ဂခဏ္ဍအချိန်မှာလွန်စွာ အရေးကြီးပြန်လည်ဝင်စားခြင်းအဖြစ်သို့ ရောက်ရှိနိုင်ပြီး သံဃာတော်များ မှ သေခါနီး အချိန်တွင်သေခြင်းနှင့် ဆိုင်သောကျမ်းစာ အထပ်ထပ်ရွတ်ဆိုမှုမှာ အထောက်အကူရစေသည်ဟုယုံကြည် ကြသည်။ ကယ်တင်ခြင်းသို့ရောက်ရန် မှာမူလူသားနှင့်သံဃာကြိုးပမ်း၍ လည်းမရနိုင်ပါ။ အခြားတစ်ပါး၌ ဝင်စား မွေးဖွား ခြင်းအနေဖြင့် စဉ်းစားချင့်ချိန်စရာ တစ်ခုဖြစ်လာပေသည်။ ပြန်လည်ဝင်စားသောအတွေ့အကြုံမရှိသော်လည်း မိမိတို့ယုံကြည်မှုအပေါ် ကောက်ချက်ချ မှုမျိုးအနေဖြင့်သာရှိလေသည်။ လူတို့သုံးစွဲပါများခြင်းအားဖြင့်မှာ ယွင်းမှု တိုးခိုင်မာလာသည်။ ထို့ကြောင့်ရဟန္တာပင်လျှင်သေဆုံးသော အခါ ဘုရားအဖြစ် ပြန်လည်ဝင်စားမှုပြုနိုင်ရန်မှာမသေချာလှပေ။ အဘယ်ကဲ့သို့ အသက်ရှင်ပါကဘုရားသခင်အဘယ်ကဲ့သို့စီရင်မှုပြုမလဲ။ သမ္မာကျမ်းစာတွင် မှန်ကန်စွာပြေပြထားသည်မှာ(ဆာလံ ၄၉း၇)တွင် မိမိညီအစ်ကိုကို ရွေးနိုင်ရန်တန်ဖိုးကျသင့်ငွေကို ဘုရားသခင်၌ မည်သူမျှမပေးနိုင်ပေ။ **Ullambana** (ဥလမ်ဗာန)ပွဲတော်တွင် **sutras** ဟူသည့် ကျမ်းဂန် ရွတ်ဆို ပေသည်။ ကောင်းသောဘဝ၌ ပြ ပန်လည်ဝင်စားစေရန်ရ ွတ်ဆိုပေးခြင်းဖြစ်ပြီး လူသားတို့ ကယ်တင်ခြင်းသည်အခြားသောသူအပေါ်၌ ၄င်း၊ မဖြစ်နိုင်သော စကားများ၌ ၄င်း၊ မှီခိုနေကြသည်။ ထိုအရာများထက်ခိုင်မာသော အရာတစ်စုံ သေချာမှုတစ်ခုကိုသင်လိုချင်ပါသလား။ ဖြစ်ပျက်သမျှအကြောင်းအရာများ ကိုပေါင်းစပ်၊ စပ်ဆက်စဉ်းစားကြည့်ရန်မှာ သမ္မာကျမ်းစာပိုင်းဆိုင်ရာသဘောအရ နိဗ္ဗာန်အစရှိသဖြင့် အကြောင်းအရာများနှင့်ကမ္ဘာပေါ်ရှိဘုရားသခင်၏ နိုင်ငံတော်အကြောင်းညီမျှစွာချိန်ထိုးဆင်ခြင်သင့်ပေသည်။

ယခုဘဝတွင်ခရစ်တော်နောက်လိုက်လျှင် ဘဝအသက်တာထဲတွင် ဘုရင်နှင့်ယဇ်ပရောဟိတ်များဖြစ်လာပြီး ကျွန်ုပ်တို့သည် ကမ္ဘာမြေကြီးအား အုပ်စိုးခွင့် ရရှိပေလိမ့်မည်။(ဗျာ ၅း၁၀)ကျွန်ုပ်တို့တွင် အမျိုးမျိုးသော

လုပ်ဆောင်မှုများခွဲဝေတာဝန်ယူကြရပေမည်။ (လု ၁၉း၁၇)ခရစ်တော်သည် ကမ္ဘာမြေကြီးပေါ်၌ လုပ်ဆောင်နိုင်သောအခွင့်စည်းကမ်းကို ဝေမျှလျှက် အတူတကွကျွန်ုပ်တို့နှင့်လုပ်ဆောင် ကြရပေမည်။ (ဗျာ ၂း၂၇၊ ၂တိ ၂း၁၂)**အုပ်စိုးသောအရှင်တစ်ပါး(ယေရှု)ပေါ်ထွန်းတော်မူလိမ့်မည်။ မင်းသားမှူးမတ်တို့သည် တရားသဖြင့်စီရင်ကြလိမ့်မည်။(ဟေရှာ ၃၂း၁၊ ဆာလံ ၄၅း၁၆)ခရစ်တော်သည်ဒါဝိဒ်၏ရာဇပလ္လင်ကိုရရှိပြီးအုပ်စိုးသောပြန်လည် တည်ထောင်ခဲ့သည်။(လု ၁း၃၂-၃၃)ထို့ကြောင့်သူသည်ဒါဝိဒ်၏ အရိုက်အရာနှင့် အုပ်စိုးမှုအခွင့်အာဏာရရှိသောကြောင့်ဂျေရုဆလင်မြို့ တွင်စိုးစံသည်။ ခရစ်တော်သည် ဂျေရုဆလင်မြို့မှစတင်၍လုပ်ဆောင်ပြီး၊ အနာဂတ် နိုင်ငံတော်ကြီး ဖြစ်စေခဲ့သည်။ တိုင်းနိုင်ငံများသည် ကောင်းကင်ဗိုလ်ခြေအရှင် ရှင်ဘုရင်ကိုကိုးကွယ်ရန်နှစ်စဉ်လာပြီးသင်္ကေနေပွဲခံရရန် ဂျေရုဆလင်မြို့သို့ ရောက်ရှိလာမည်ဖြစ်သည် ဟုဖော်ပြထားသည်။ (ဇာ ၁၄း၁၆)

(ဟေရှာ ၂း၂-၃)တွင်ဂျေရုဆလင်မြို့သို့ နှစ်စဉ် ဘုရားသခင်အား ကိုးကွယ်ရန် လာမည်ဖြစ်ကြောင်းကိုလည်းပရောဖက်ပြု ထားသည်။ နောက်ဆုံး နေ့တွင်တောင်၏ထိပ်တွင် ဘုရားသခင်၏ အိမ်တော်ကိုတည်ဆောက် လိမ့်မည်ဟု(ဒံ ၂း၃၅-၄၄)တွင်ပါရှိသည့် အပြင်ဘုရားသခင်၏နိုင်ငံတော်တွင်၊ နိုင်ငံတော်ဝင်လူသားများကိုအရာခပ်သိမ်းတို့အပေါ်တွင်ချီးမြှောက် လိမ့်မည်ဖြစ်ပြီးတိုင်းနိုင်ငံများ သည်ထိုနိုင်ငံအောက်သို့ရောက်ရှိကြလိမ့်မည်။ များစွာသောလူတို့သည်ယာကုပ်၏ဘုရားအိမ်သို့ တောင်ပေါ်သို့ တက်ကာသွားလာ ပြောဆိုဖိတ်ခေါ်သင်ပေးသည်✡✡ဟုခရစ်တော်၏ နယ်နိမိတ်မှာ တောင်ထိပ်ပေါ်တွင်ရှိသော နိုင်ငံအဖြစ်လူတို့အသိဉာဏ်တွင် ချဲ့ထွင် စိတ်ကူး သကဲ့သို့ဖြစ်ပြီး တစ်ကမ္ဘာလုံးအထိ ဤအသိဉာဏ်ကို ဖြန့်ကျက် စဉ်းစားလာကြသည်။ ဤနေရာတွင်စိတ်လမ်းမှုပုံဖော် မှုမှအစစ်အမှန်ကိုးကွယ်မှု တစ်ရပ်ဖြစ်လာသည်။ လူတို့၏အုပ်ချုပ်မှုဆိုင်ရာ ဖွဲ့စည်းမှုပုံစံများနှင့် တရားမျှ တစွာအုပ်ချုပ်မှုပိုင်းဆိုင်ရာ ကိစ္စရပ်များအစား၊ တစ်ကမ္ဘာလုံးနှင့် ဆိုင်သောဥပဒေနှင့် ဘုရားသခင်၏စကားတော်များအားဖြင့် တစ်ခုတည်း အဖြစ် သို့ရောက်လာ ပေမည်။ ဂျေရုဆလင်မြို့မှ ခရစ်တော်အားဖြင့်ကြော်ငြာ မည်ဖြစ်သည်။ အားလုံးသောနိုင်ငံများ စုစည်းလာပြီး ဘုရားသခင်၏ မှန်သော အသိပညာကိုရှာဖွေရန်တူညီသော စိတ်ဆန္ဒသည် တိုင်းနိုင်ငံများ ကြား တွင် စိတ်ဝမ်းကွဲခြင်းကိုယုတ်လျော့လာပေလိမ့်မည်။ တစ်ဦးချင်း စီတိုင်းတို့၏ ကြားတွင်ဤကဲ့သို့သောအသိဉာဏ် ပညာရရှိသော ဘဝကိုချီးမြှောက်မှုများ ရရှိလာပေလိမ့်မည်။

(ဟေရှာ၆ဝး၅)တွင်ဖော်ပြထားချက်၏ တိုင်းနိုင်ငံတော်၏ ကြွယ်ဝပြည့်စုံ မှုပြောင်းလဲမှုမှာ ဂျေရုဆလင်မြို့တွင်ဖြစ်လာမည့် အကြောင်းအရာကိုပုံ ဖော်ကာကြိုတင် ဟောကြားထားချက်ဖြစ်ပြီးယုဒနှင့် တစ်ပါးအမျိုးသား ဂျူး မဟုတ်သောသူများသည်ဂျေရုဆလင်မြို့ တွင်ဘုရားသခင်ကို ကိုးကွယ် လာကြသည်။ (ဇာခရီ ၈း၂ဝ-၂၃)၏နိုင်ငံတော်နှင့်ဆိုင်သော ပရောဖက်ပြုချက်နှင့် ဆက်နွှယ်ကာပြည့်စုံစွာ ဖော်ပြထားသည်။

(ဇာခရီ ၁၄း၁၆)တွင်ဘုရားသခင်ရှေ့တော်တွင်ဆုတောင်းရန်နှင့် ဘုရားသခင်၏ခွန်အားကို ရှာဖွေခြင်းဖြင့်ဆက်လက် လျှောက်လှမ်းနိုင် မည်ဖြစ်သည်။ များစွာသောလူများနှင့်အင်အားကြီးမားသော လူမျိုးများသည် ဂျေရုဆလင်၌ ဘုရားသခင်၏အင်အားစု အားရှာဖွေရန် ရောက်ရှိလာကြပေလိမ့် မည်။ (၁ဝ)ယောက်သောပုဂ္ဂိုလ်များသည် ရောက်ရှိလာသောလူမျိုးများ၏ ဘာသာစကားဖြင့် မိမိဟောပြောသက်သေခံကြခြင်းမှာ သင်တို့လှောင်ပြောင်နှင် ထုတ်သောယုဒတစ်ဦးပင်လျှင်ဖြစ်သည်။ ကျွန်ုပ်တို့သည်သင်နှင့်အတူ ရှိသကဲ့သို့ **ဘုရားသခင်သည်သင်နှင့်အတူပါရှိမည်✡✡ ဟုမိန့်တော်မူသံကိုကျွန်ုပ်တို့ သည်ကြားခဲ့ရပြီးဖြစ်သည်။

ယုဒလူမျိုးတို့၏ဖန်ဆင်းခြင်းနှင့်ဆိုင်သောပုံဖော်ပြုလုပ်ချက် တွင် **သင့်ကိုအမြီးမဖြစ်စေဘဲ၊ ခေါင်းဖြစ်စေတော်မူသဖြင့် လူအပေါင်းတို့ အပေါ်၌ လွှမ်းမိုးနိုင်ရန်မှာ နာခံခြင်းနှင့်နောင်တ ရဝန်ချခြင်းကြောင့် ထိုအခွင့် အရေးကို ရရှိမည်ဖြစ်သည်။(တရားဟော ၂၈း၁၃) ဘုရားသခင်၏ ကယ်တင်ခြင်း အကြံ အစည်တော်လုပ်ငန်းထဲတွင်ယုဒလူမျိုးကို အခြေပြုကာတန်ဖိုးထားအခြားသော သူများအတွက်လုပ်ဆောင်ခြင်းဖြစ်သည်။ ထိုအချိန်ကာလတွင် တပြိုင်တည်း ခရစ်ယာန်ဘာသာသည် ယုဒဘာသာအတွင်း၌ ယုဒလူတို့လျစ်လျူရှုသော ဘုရားသခင်၏အကြံစည်တော်ကို ရုတ်တရက်ပြီးဆုံးမှုကိုဖြစ်စေခဲ့သည်။ လူပေါင်းများစွာတို့သည် စိတ်အားထက်သန်စွာဆွေးနွေးမှုများဖြစ်လာခဲ့သည်။ ထို့ကြောင့်**ဘုရားသခင်က သင်နှင့်အတူရှိမည်✡✡ ဟူသောစကားအဖြင့်သာ သူတို့ပင်ဖြစ်သည်ဟုပြောနိုင်ခြင်းဖြစ်သည်။ ဘာသာပြောင်းခြင်းကိစ္စရပ်အား

ဝိညာဉ်သဘောနှင့်ဆိုင်သော အရာများထက်အချီးနှီးသော ကမ္ဘာလောကကြီးထဲရှိ သောတွေးခေါ်မှုများကိုဖြည့်စွက်ကာ ထပ်တလဲလဲ စဉ်းစားတုံ့ဆိုင်းမှု ဖြစ်နေကြပေသည်။

အဓိကအရေးကြီးသောပညတ်ချက်များပေးကာ ဘုရားကိုရိုသေခြင်းသည် ဖြစ်သည်။ ခရစ်တော်သည်တိုင်းနိုင်ငံအားလုံးကို တရားစီရင်မည်ဟု ဖော်ပြခြင်းမှာအံ့သြစရာမဟုတ်ပေ။ ဓားကိုထွန်သွားစေမည်ဖြစ်ပြီး၊ လှံကိုတံ စဉ်စေမည်။ တပြည်နှင့်တပြည် စစ်တိုက်ခြင်းမပြုဘဲ၊ စစ်အတတ်ပညာ လဲထပ် မံမသင်စေရန်ဆုံးမတော်မူကာ တရားစီရင်ရမည်ဖြစ်ကြောင်းဖော်ပြထားသည်။ (ဟေရှာ ၂း၄)ခရစ်တော်၏အကြွင်းမဲ့အခွင့်အာဏာအုပ်စိုးခွင့်သည် တရားမျှတစွာ စုပေါင်းလုပ်ဆောင်ကာတိုင်းနိုင်ငံတို့သည်စစ်မက်ဖြစ်ပွားရာမှ စိုက်ပျိုးရေး ကူးသန်းရောင်းဝယ်မှုအကျိုးကိုဖြစ်ထွန်းသူ၏အချိန်ကာလတွင် တရားသောသူသည်ချမ်းသာကြွယ်ဝနိုင်မည် ဖြစ်ကြောင်း၊ ဝိညာဉ်ပိုင်းနှင့်သက်ဆိုင်၍ ချီးမြှောက်ခြင်းကိုခံရပြီးဘုရားသခင်မေတ္တာရောင်ပြန်ကို ထင်ဟပ်ပေးစွမ်းခြင်းဖြင့် ဘုရားသခင်ကိုရိုသေလေးစားရပေမည်။ ဘုရားသခင်၏မေတ္တာ၊ သနား ကြင်နာခြင်းနှင့်တရားမျှတစွာအသက်ရှင်ခြင်းဖြင့်ထင်ဟပ် လုပ်ဆောင်ကြရ ပေမည်။ ထိုကဲ့သို့သောလုပ်ဆောင်မှုအားဖြင့်ရရှိသော ချီးမြှောက်ခြင်း သည် အတ္တဆန္ဒနှင့် အတ္တဆန်စွာဝါကြွားစရာအားဖြင့်ရသော ချီးမြှောက်ခံရမှုမျိုး မဟုတ်ပေ။

ဓားလက်နက်ကိုလှံသွားဖြစ်စေမှုသည်မြောက်များစွာအကြီးအကျယ် ထွန်းယက်စိုက်ပျိုးမှုအစိတ်အပိုင်းတစ်စိတ်တစ်ဒေသ ကို တွေ့မြင်နေရပေပြီ။ ဤ ကဲ့သို့သော အကျိုးရလဒ်သည်အာဒံ၏ အပြစ်ကြောင့်မြေကြီးသည် ကျိန်ခြင်းခံရသော ကြောင့်ဖြစ်သည်။ (ကမ္ဘာ ၃း၁၇-၁၉)ဤကျိုးသက် ရောက်မှု ရလဒ်သည် အစားအစာရရှိရာဖွေရသော အခန်းကဏ္ဍမှာ အောက်မှ ပေါ်ပေါက်လာသည့် လိုအပ်ချက်ပင်ဖြစ်သည်။ (ဆာ ၇၂း၁၆)တွင် **ပြည်တော်၌ များစွာသော စပါးရှိ၍အသီးအနှံသည်လေမနန်တော်ကဲ့သို့တောင်ထိပ်ပေါ်မှာ လှုပ်ရှားလိမ့်မည်။ မြို့သူမြို့သားတို့လည်း၊ မြေ၏မြက်ပင်ကဲ့သို့ စည်ပင်ကြ လိမ့်မည်။☆☆ ဟုဖော်ပြထားသည်။(အာမုတ် ၉း၁၃)တွင် **လယ်ထွန်သောသူသည် စပါးရိတ်သောသူကိုလည်းကောင်း၊ စပျစ်သီးနယ်သော သူသည် မျိုးကြဲ သောသူကို မှီလျှက်တောင်တို့မှ ချိုသောစပျစ်ရည်ယို၍ ကုန်းရှိသမျှတို့လည်း အရည်ဖြစ်ရပေမည်။☆☆ဟုဤကဲ့သို့ ကမ္ဘာမြေကြီးကို မြေသြဇာကောင်းမွန်၍ သီးနှံဖြစ်ထွန်း တိုးတက်မှုရှိစေခဲ့သည်။ ဤကဲ့သို့သောကမ္ဘာမြေကြီး၏ ကျိန်ခြင်းကိုစတင်ရာနေရာမှာဒေဝဉယျာဉ်၌ မိန့်မြွက်ပြီးနောက်တွင်ဖြစ်လာခဲ့ ရခြင်းဖြစ်သည်။ ဤကဲ့သို့စိုက်ပျိုးရေးပိုင်ဆိုင်ရာ သွင်းကုန်ထုတ်ကုန် လုပ်ဆောင်နိုင်ကြောင်း သိမြင်ခြင်းအားဖြင့်လူပေါင်းများစွာ တို့ကြား နီးစပ်မှု ရရှိပေသည်။ နိုင်ငံတော်နှင့်ဆိုင်သော ပရောဖက်ပြုချက်မှာ စိုက်ပျိုးရေး ဆိုင်ရာ လူနေမှုဘဝ၊ ရောင့်ရဲကျေနပ်မှုဘဝတစ်ခု စီသို့ပြန်လာရန်လူအပေါင်းတို့ အားတံဆိပ်ခတ်ပေးခဲ့သည်။(ဖိ ၄း၄)**လူအပေါင်းတို့သည် ကိုယ်ပိုင်သော စပျစ်ပင်နှင့်သဖန်းပင်အောက် မှာထိုင်ကြလိမ့်မည်။ ကြောက်စေသောသူ တစ်ယောက်မျှမရှိရ☆☆ဟူ၍ ဖော်ပြထားသည်။ ဤကဲ့သို့အတ္တဆန္ဒ ရောင့်ရဲ တင်းတိမ်မှု သည် အလုပ်သမား၏လုပ်အားခစနစ်ရှိနိုပ်စက်ချိုးနှိမ် တတ်သော စရိုက်လက္ခဏာများအား ပယ်ရှားနိုင်ပေမည်။ အတိတ်ကဤကဲ့သို့ ချို့တဲ့သော သူများက အသုံးပြုခြင်းဖြင့် သူ့ဘဝအသက်တာတွင် လုပ်ဆောင် ခဲ့ကြသည်။

ထိုသူတို့သည် ကိုယ်ဆောက်သောအိမ်၌ နေကြလိမ့်မည်။ ကိုယ်စိုက် သော စပျစ်ဉယာဉ်ယျဉ်အသီးကို စားကြလမ့်မည်၊ သူတို့သည်အိမ်ကိုဆောက်၍ အခြားသောသူနေရမည်မဟုတ် သူတိုသည်စပျစ်ဉယျာဉ်ကိုစိုက်၍ အခြားသော သူစားရမည်မဟုတ်၊ ငါ၏လူတို့အသက်သည် သစ်ပင်၏အသက်ကဲသို့ဖြစ်၍ သူတို့သည် ကိုယ်ပြုစုသောအရာကိုကြာ မြင့်စွာသုံးဆောင်ကြရလိမ့်မည်။ ရွေး ကောက်သောသူတို့သည် အချီးအနှီးမလုပ်ဆောင်ကြရ၊ အသက်တို့သော သားကို မဖွားမြင်ကြရ၊ ကိုယ်တိုင်မှစ၍အမျိုးအနွယ်တို့သည် ထာဝရဘုရားပေးတော်မူ သော ကောင်ချီးမင်္ဂလာကိုခံရသောသူဖြစ်လိမ့်မည်။

တောနှင့်လွင်ပြင်သည်ဝမ်းမြောက်လိမ့်မည်၊ ဆိတ်ငြိမ်သောအရပ်သည် လည်းရွှင်လန်း၍နှင်းပွင့်ကဲသို့အပွင့်ပွင့်ကြလိမ့်မည်၊ အလွန်ပွင့်လန်း၍ ဝမ်းမြောက်ခြင်း သီခြင်းဆိုခြင်းနှင့်ကွမြူးတူးလိမ့်မည်၊ ဘုရားသခင်သည် ကိုယ်တော်တိုင်ကြွလာ၍သင်တို့ကိုကယ်တင်တော်မူလိမ့်မည်။ထို့အခါ မျက်စိကန်းသောသူတို့သည် မျက်စိပွင့်လင်းကြလိမ့်မည်၊ နားပင်းသော သူတို့ သည် နားပင်းခြင်းနှင့်လွတ်ကြလိမ့်မည်၊ခြေဆွံ့သောသူတို့သည် ဒရယ်ကဲသို့ ခုန်လိမ့်မည်၊ စကားအသောသူတို့သည်သီချင်းဆိုကြလိမ့်မည်။ အကြောင်းမူ ကားတော၌ စမ်းရေထွက်၍ လွင်ပြင်၌ မြစ်ရေစီးလိမ့်မည် တံလျှပ်သည် ရေပြင်ဖြစ်လိမ့်မည်၊ ခြောက်သွေ့သောမြေသည် စမ်းရေတွင်းဖြစ်လိမ့်မည်။(ဟေရှာ ၃၅း ၁-၇)

တောခွေးနှင့်သိုးငယ်တို့သည်အတူကျက်စားကြလိမ့်မည်၊ ခြင်္သေ့သည် နွားကဲ့သို့မြက်ကိုစားလိမ့်မည်၊ မြွေမူကား မြေမှုန့်ကိုသာစားရလိမ့်မည့်၊ ငါ၏သန့်ရှင်းသော တောင်တပြင်လုံး၌ အချင်းချင်းညှင်းဆဲခြင်း ဖျက်ဆီးခြင်းကို မပြုရဟု ထာဝရဘုရားမိန့်တော်မူ၏ (ဟေရှာ ၆၅း၂၅)

နို့စို့သူငယ်သည်လည်း မြွေဆိုးတွင်းပေါ်မှာ ကစားလိမ့်မည်။(ဟေရှာ ၁၁း၆-၁)

ရေသည်ပင်လယ်ကိုလွှမ်းမိုးသကဲ့သို့ မြေကြီးသည် ထာဝရဘုရား၏ ဘုန်းတော် ကိုသိကျွမ်းခြင်းပညာနှင့် ပြည့်စုံလိမ့်မည်။ (ဟဗ ၂း၁၄)

ငါအသက်ရှင်သည်ဖြစ်၍ ထာဝရဘုရား၏ ဘုန်းတော်သည် မြေတပြင်လုံး၌ ပျံ့နှံ့လိမ့်မည်။ (တော ၁၄း၂၁)

ဤကဲ့သို့တူညီသောနည်းလမ်းကဲ့သို့သော ကျိန်ခြင်းသည် ဖန်ဆင်းခြင်း ၏သဘောသဘာဝကိုကြီးစွာသောတန်ဖိုးထားသောအခြေအနေကို လျော့ကျ စေခဲ့သည်။ ထို့ကြောင့်လူသားဘဝစာနာထောက်ထားမှုကို နည်းပါးစေသောအရာဖြစ်စေရန်ကြံရွယ် နေသည့်အရာသည်ကျိန်ခြင်းနှင့် အလားသဏ္ဍာန်တူ ကြောင်းသိမှတ်သင့်ပေသည်။ (ဗျာ ၂၀း၂-၃)တွင်ဘုရားနှင့် သက်ဆိုင်သော အမှတ်လက္ခဏာအသုံးနှုန်းများပြောဆိုရာတွင်(အပြစ်နှင့် ၎င်း၏ အကျိုးဆက်) ကန့်သတ်ချက်ရှိသောဖြစ်စဉ်များမှာသန်းပေါင်းများစွာ အတွင်း ပြောကြရပေ သည်။ ဘဝကိုအသုံးပြုရာတွင်တိုးတက်မှုကိုဖြစ်စေရမည်။(ဟေရှာ ၆၅း၂၀) အသက်တရားရှိသော်လည်းသူငယ် ဟူ၍မှတ်ရ၏။ အပြစ်ရှိသော သူသည် အသက်တရားရှိလျှက်သေလျှင်ကျိန်ခြင်းကိုခံရသောသူဟူ၍မှတ်ရ၏။** ဟုဖော်ပြ ထားသည် (ဟေရှာ ၆၅း၂၃)တွင်မူအသက်တိုသောသားသမီးကို မမွေးသော အဖြစ်ပျက်တွေ့ကြုံရမည်။ မျက်စိကန်းသောမျက်စိပွင့်လင်းခြင်း၊ နားပင်းသော သူနားပင်းမှုမှလွတ်ကင်းခြင်း၊ ခြေဆွံ့သောသူဒရယ်ကဲ့သို့ခုန်ခြင်း၊ စကားအသောသူသီချင်းဆိုခြင်းတို့ဖြစ်လာမည်။ (ဟေရှာ ၃၅း၅-၆) ဘုရား သခင်၏ တန်ခိုးတော်များကိုမြည်းစမ်းပြီးမှ ရွေ့လျော့ဖောက်ပြန်သော သူသည် နောင်တရခြင်းနှင့်အသစ်ပြုပြင် ခြင်းကိုငြင်းပယ်မှုခံရပေမည်။ (ဟေဗြဲ ၆း၅)

အကြောင်းမူကား၊ ပင်လယ်ရေသည် မိမိနေရာကို လွှမ်းမိုးသကဲ့သို့၊ မြေကြီး သည်ထာဝရဘုရား၏ ဘုန်းတော်ကိုသိကျွမ်းခြင်းပညာနှင့် ပြည့်စုံ လိမ့်မည်။(ဟဗက္ကုတ် ၂း၁၄)

ငါအသက်ရှင်သည်ဖြစ်၍၊ ထာဝရဘုရား၏ ဘုန်းတော်သည် မြေတပြင်လုံး၌ နှံ့ပြားလိမ့်မည်။(တော ၁၄း၂၁)

ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေရန်မှာကမ္ဘာကြီးပေါ်တွင် တန်ဖိုးထား နေထိုင်မှုကို ဆိုလိုပြီးဘုရားသခင်၏ဖြောင့်မတ် တော်မူသော ဂုဏ်တော်များကို ချီးမွမ်းသောကြောင့်ကမ္ဘာကြီးသည် မှန်ကန်သော အခြေအနေသို့ ရောက်ရှိ လာပေလိမ့်မည်။ ဘုရားသခင် ၏အမြင့်ဆုံးသော ရည်ရွယ်ချက်မှာ(တောလည်ရာ ၁၄း၂၁)**------

**ကျမ်းစာသားကူးရန်/ ဖြစ်သည်။ ကမ္ဘာမြေကြီးတွင်နူးညံ့ သိမ်မွေ့မှုတို့၏ အမွေကိုခံစားရပြီး ဝိညာဉ်အသက်တာငြိမ်သက်ပြည့်စုံ ကြွယ်ဝခြင်း၌ အားရဝမ်းမြောက်မှုကို ဖြစ်စေသည်။(ဆာလံ၃၇း၁၁) ထိုထက်မကအသက်တာတွင် ပျော်ရွှင်ဝမ်းမြောက် လွယ်ကူချောမွေ့သော ဘဝကိုရရှိပေမည်ဖြစ်သည်။ ဖြောင့်မတ်ခြင်း တရားကို ဆာလောင်ငတ်မွတ်သိပ်သော သူသည်မင်္ဂလာရှိ၍ ဝပြောခြင်းသို့ရောက်သည့် နိုင်ငံတော်ထဲဝင်သူဖြစ်မည်ဟု ရေးသားထားသည်။(ရှင်မဿဲ ၅း၆)

ယခုကဲ့သို့နိုင်ငံတော်တွင်ထာဝရအသက်ပိုင်ဆိုင်နိုင်ရန်တွေးခေါ် ဆင်ခြင်မှုကို ခရစ်ယာန်ဘာသာတွင်းရှိသူများကတိတော်ကိုဗန်းပြကာ တရား သဘောကို လျော့ကျစေသည်။ ဘုရားသခင်၏နိုင်ငံတော်နှင့် ကျွန်ုပ်တို့၏ပိုင်ဆိုင်ရရှိနိုင်ခြင်းသည်အမှတ်တမဲ့ ဖြစ်ပျက်ခြင်းမှ နိုင်ငံတော်နှင့် ဆိုင်သော ခိုင်မာသောအကြောင်းပြချက် အထောက်အထားကိုဖော်ပြခြင်းအားဖြင့် ဘုရား သခင်၏ ဘုန်းတော်ကိုထင်ရှားစေနိုင်သည်။ နှစ်ခြင်းမင်္ဂလာခံယူပြီးအချိန်မှသည် ကျွန်ုပ်တို့အသက်တာဖွံ့ဖြိုးမှုမှာဆက်တန်ဖိုးထားခိုင်မာ တည်တံ့စေရပေမည်။ စာရေးသူဆီသို့ဒုက္ခပြဿနာပဋိပက္ခများကြားရင်ဆိုင်တွေ့ကြုံရခြင်းဖြင့်လွန်ခဲ့သော (၁၀)နှစ်ခန့်မှယခုထိတိုင်ပျော်ရွှင်ခြင်း၊ ကြွယ်ဝပြည့်စုံမှုနှင့် ကောင်းသောအရာ များတည်ဆောက်စုစည်းမှုဖြစ်စေသောအသက်တာကိုသက်ဝင်လှုပ်ရှားစေခဲ့သည်။

ဘုရား၏ဘုန်းတော်နာမတော်ထင်ရှားစေရန် ပြက်ဝပ်ကိုးကွယ်နှိမ့်ချသော စိတ်ထားနှင့် လူတွင်ကန့်သတ်ချက်ရှိသောသိမြင် နားလည်သောဉာဏ်ရှိသည်ကို သက်သေခံရန်ဖြစ်သည်။

ဤကဲ့သို့အမြင်ရှုဒေါင့်ရှိသူပင်လျှင်ဘုရားသခင်၏ နိုင်ငံတော်ဖြစ်တည်မှုကို ရုပ်ဝတ္တုပိုင်းဆိုင်ရာဘေကအကျိုးအမြတ်မျှော်ကိုးလျှက်သက်ရှင် လုပ်ဆောင်တတ်ပေသေးသည်။ ပြင်ပအရာများကို အနာဂတ်ကာလအတွက် တွေးခေါ် လုပ်ဆောင်မှုများအစား ခရစ်တော်အကြံပေးခဲ့သည်မှာ**နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်း တရားတော်ကိုရှေးဦးစွာရှာကြလော့၊

နောက်မှထိုအရာများကို ထပ်၍ ပေးတော်မူလတ္တံ✡✡ ဟူ၍ဖြစ်သည်။(မဿဲ၆း၃၀-၃၄)အရာခပ်သိမ်းအတွက် ကျွန်ုပ်တို့စဉ်းစား၍ကြိုးပမ်းအားထုတ်မှုအတွက်ဘုရားသခင်၏နိုင်ငံတော်တွင် အကြွင်းမဲ့ပြည့်ဝစုံလင်စေနိုင်ခြင်းမှာတုနှိုင်းဖွယ်မရှိပေ။

ကျွန်ုပ်တို့သည်(ဘုရားသခင်၏)ဖြောင့်မတ်ခြင်းတရားကို ရှာဖွေရန် လိုအပ်သည်။ ထို့ကြောင့်ဘုရားသခင်၏လက္ခဏာဖြစ် သော်ချစ်ခြင်း မေတ္တာဖြင့် ဖွံ့ဖြိုးတိုးတက်စေရန်ကြိုးစားရပေမည်။ ဘုရားသခင်၏နိုင်ငံတော်ကို ကျွန်ုပ်တို့လိုလားပါမူဖြောင့်မတ်စွာဖြင့်ရှိသည့်နေရာတွင် ဘုန်းတော်ထင်ရှားစေသောနေရာမှာဘုရားသခင်၏နိုင်ငံတော်ပင်ဖြစ်သည်။ အဘယ့် ကြောင့် ဆိုသော် ကျွန်ုပ်တို့တွင်ကိုယ်ကျင့်တရားပိုင်းဆိုင်ရာကို ပြည့်ဝစုံလင် စေမှုသည် ယခုထက်နောင်ကာလတွင်ဖြစ်နိုင်ပေမည်။ ကျွန်ုပ်တို့သည် သေခြင်းမှလွတ်မြောက်လိုလားပြီးထာဝရကာလအသက်ရှင်လိုသောဆန္ဒရှိကြပေသည်။ ယခုအတွက်မဟုတ်ဘဲပစ္စုပ္ပန်ကာလ၌ တွေ့ကြုံရသည့်ဒုက္ခဆင်းရဲ ကိုသိမြင် လွတ်မြောက် လိုခြင်းကြောင့်ဗုဒ္ဓဘာသာဝင်များသည် နောင်ဖြစ်လာမည့်အရာကို စွဲလမ်းခဲ့သည်။ ဗုဒ္ဓဘာသာတွင်မြွက်ဆိုထားသည်မှာ ကမ္ဘာကြီးသည် နှစ်များသန်းချီကြာပြီး နောက်ဖျက်ဆီးမှုခံရပြီးနောက်၌ကမ္ဘာဖြစ်တည်မှု သံသရာဖြစ်စဉ် သည်လည်းထပ်မံဖြစ်ပေါ်လာဦးမည်ဟုကြိုတင်ဟောကြားခဲ့ သည်။ ခရစ်ယာန်သမ္မာကျမ်းစာတွင်မူလူမျိုးတစ်ဆက်စီ လွန်သွားသော်လည်း ကမ္ဘာကြီးသည်မပျက်စီးဘဲအစဉ်တည်မည်ဟုဖော်ပြထားသည်။(ဒေသနာ ၁း၄) အဘယ်ကြောင့်ဆိုသော် ကမ္ဘာကြီးသည် ဘုရားသခင်၏အကြံစည်တော် ရည်ရွယ်ချက်မှာ ထာဝရတည်သောဖြစ်တည်မှုဖြင့်ခန့်အပ်ထားခြင်းကြောင့်သူ့ အချိန်နှင့်သူဘုရားသခင်အခွင့်ပေးသောအချိန်၌ သက်ဝင်လှုပ်ရှားနေဦးမည် ဖြစ်သည်။ ကျွန်ုပ်တို့သည်အခြေအနေအချိန်အခါများနှင့်ဆိုင်၍ အလျင်လို ကြောက်မတ်ထိန့်လန့်စရာမရှိပေ။ ယနေ့သည်ကယ်တင်ရာနေ့ဖြစ်သည်ဟု ရှင်ပေါလုက(၂ကော၆း၂)တွင် ဖော်ပြထားစရာယနေ့သည်ဘုရားသခင်၏ အသံကိုကြားရန်လိုပေသည်။ မနက်ဆိုပါကနောက်ကျသွားပေလိမ့်မည်။ (ဟေဗြဲ ၃း၁၂-၁၃) ဟုဆိုထားသည်။ ရုပ်လောကကမ္ဘာကြီးသည် ဖန်ဆင်းရှင် ဘုရားသခင်၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် လုပ်ဆောင် ပေးခြင်းဖြင့်လုပနိုင်စေမည်ဖြစ်သည်။ မြေကြီးပေါ်တွင်ဘုရားသခင်၏ နိုင်ငံတော်တည်ထောင်နိုင်ရန်စိတ်ပါဝင်စားခြင်းရည်ရွယ်ကို သိမြင်နားလည်ခြင်း သည်ပင် ဘုရားသခင်၏ နိုင်ငံတော်ကို မြေကြီးပေါ်တွင်တည်ထောင်သည့် ဝမ်းမြောက်ဖွယ် သတင်းသာလျှင် ဖြစ်သည်။ လူအများစုမှာဘုရားသခင်၏ ရည်ရွယ်ချက်အချက်ကိုနားလည်သော်လည်း မကောင်းမှုကျဆုံးမှု အနေဖြင့် ရှုမြင်ကြသည်။ ကမ္ဘာကိုဖန်ဆင်းသောအခါ အလွန်ကောင်းသည်ဟု သမ္မာကျမ်းစာပါ(က ၁း၃၁)အရဖြစ်နိုင်ပေသည်။ အခြားသော ဖန်ဆင်းခြင်း ဆိုင်ရာလုပမှုကို ရှုမြင်ခြင်းသည်ကျွန်ုပ်တို့အတွက် အသက်ရှင်နိုင်မှု အခွင့်အလမ်းကို ထောက်ပံ့ပေးခြင်းလည်းဖြစ်ပါသည်။ ဤရှုမြင်ချက်သည် ဗုဒ္ဓဘာသာထင်မြင်တွေးခေါ်ချက်ဖြစ်သည်။ အဆုံးမရှိသံသရာလည်ခြင်းနှင့် အသစ်ပြန်လည် ဝင်စားမှုပြုခြင်းရှိနေခြင်းသည် ကမ္ဘာကြီးကို ရှိနေစေပြီး ကမ္ဘာပေါ်ရှိ အရာခပ်သိမ်းကို အလွန်ကောင်းသည်ဟုလက်မခံပေ။ ဖော်ပြထားသည်မှာ အစမရှိဟုခံယူထားပြီး ဖန်ဆင်းခြင်းကိုငြင်းပယ်ထားသည်။ ဖန်ဆင်းခြင်း၏ ရည်ရွယ်ချက်ပုံသဏ္ဍာန်များက ငြင်းပယ်ထားသော ဘုရားသခင် ရှိသည်ကို ငြင်းပယ်ထားသည်။ ဤသည်မှာ ဆင့်ကဲဖြစ်စဉ်သီအိုရီကဲ့သို့သော အရာတစ်ခုဖြစ်သည်။ အခြားသောလူသားအစသီအိုရီမှာမည်သည့် အရာမျှပေါင်းစပ်ခြင်းမရှိ။ ဘုရားသခင်၏နိုင်ငံတော်မှယေရှုပြန်လာခြင်း၏ အဓိပ္ပါယ်မှာ သမိုင်းကြောင်းဆိုင်ရာခရစ်ယာန်ရှုဒေါင့်ဖြစ်ပြီးထိုအရာသည် အစမှအဆုံးသို့ပို့ဆောင်ထင်ရှားစွာပြသည့်နည်းလမ်းပင်ဖြစ်သည်။ သူသည်မည်သည့်နေရာမှကြွဆင်းလာမည် ကိုငှင်း၊ ဘယ်အရပ်သို့သွားမည်ကို ၎င်းကျွန်ုပ်တို့သိကြပေသည်။ ဗုဒ္ဓဘာသာဝင်တို့၏ရှုဒေါင့်မှာ သံသရာ လည်ခြင်းတွင်အစမရှိ၊ အဆုံးမရှိ၊ ရည်ရွယ်ချက်မရှိ။ ထို့ကြောင့် ယနေ့အသက်ရှင်မှုသည်စစ်မှန်သောသဘောဆောင်ကာအသက်ရှင်မှုမရှိ၊ မည်သည့်အရာကိုမျှ ဦးတည်မျှော်မှန်းမှုမပြုခြင်းနှင့် ဘုရားအဖြစ်သို့ ရောက်ရန် တာဝန်သာ ဦးတည်ခြင်းပြုသည်။ ဗုဒ္ဓဘာသာတွေးခေါ်ချက်တွင် **ဘာမျှမရှိခြင်း✡✡ မှာအလွန်များလှသည်။ နိဗ္ဗာန်၌ ပင်လျှင်အတ္တမရှိခြင်းတရား **Sunyata** ကျင့်ကြံမှုဖြင့်ရရှိသည်။ ဗုဒ္ဓဘာသာဝင် များသည်တန္တရ **(Tantras)**ဆိုသော ရှိရှိသမျှကိုးကွယ်ရာဘုရားတို့သည်**(Sunyata)**မရှိခြင်းတရားနှင့် ဆိုင်၍ ထင်ရှားပြသခဲ့သည့်ဖြစ်စဉ်များကိုသင်ကြားပို့ချကြသည်။ ဤကဲ့သို့စိတ်ကူးသည့် အဆုံးစွန်ဆုံးသောတည်ရှိမှု သဘောမပါရှိပေ။ ဤယူဆချက်ဖြစ်သည့် မရှိခြင်း တရားကိုဖြန့်ကျက်ဆင်ခြင်ကြည့်သောအခါအကျိုးဖြစ်ထွန်းစေသည့်အတ္တကိုငြင်းပယ်မှုကိုလက်ခံသော်လည်း ဘုရားသခင်၏တည်ရှိတော်မူကို သာ ငြင်းပယ်သည်

သာမကလူသားတို့၏စစ်မှန်သောတည်ရှိမှု အနာဂတ်ကို လည်း ငြင်းပယ်ထားသည်။ ယေရှုသည်မျက်မှောက် အချိန် ကာလ တွင် ဂူသချိုင်း အတွင်း ၌ သေသောယုံကြည်သူတဦးအား ပြန်လည်ရှင်သန် ထမြောက်စေခြင်း အားဖြင့်သေသူ၏ အစ်မများကို ဝမ်းမြောက်စေခဲ့သည်။(ယော ၁၁း၂၃-၂၇) ဤ ကဲ့သို့သော မျှော်လင့်ခြင်းပြည့်ဝရန်သခင်ယေရှု၌ ရှိနေပြီးသူသည်လည်း ရှင်သန်ထမြောက်သော အသက်ရှင်သူဖြစ်လေသည်။(ယော ၁၁း၂၅)ရှိခြင်း သဘော တရားကို မရှိပါဟုအသုံးပြု ရန်ပြောဆိုခြင်းသည် အရက်မူးသော သူတစ်ဦး အရက်စွဲစဉ်ခံစားရစဉ်ရှိနေသောစကားအသုံးအနှုံးမျိုးမဟုတ်ပါ။ ကျွန်ုပ်တို့အသက်ရှင် ရှိသည်။ စစ်မှန်မှုလည်းရှိသည်။ ဘုရားသခင်နှင့် အတူဘုရားသခင်ရှိခြင်းနှင့်ယေရှုလည်းရှိနေပြီးရှိခြင်းသဘော ၏ရည်ရွယ်ချက် များလည်း ပါရှိပေသည်။

## ၃.၆ ကြိုတင်စီမံမှုပြုထားခြင်း

ဗုဒ္ဓဘာသာဝင်များသည်အတိတ်ဘဝကလုပ်ဆောင်မှုများအားဖြင့် မိမိတို့တွင်ဆုံးဖြတ် ခန့်ခွဲမှတ်သားထားမှုခံရပြီး ဖြစ်သည်ဟုယုံကြည်ကြသည်။ ဤသို့သောစကားလုံးနှင့် စဉ်းစားမှုကိုကာ ( **Karma** )ဟုခေါ်ပြီးပြုလုပ်ခဲ့သော အကြောင်းတရားကြောင့် အနာဂတ်တွင်ပျော်ရွှင်ခြင်းနှင့်စိတ်ဒုက္ခဆင်းရဲကို ခံစားကြရပေသည်။

သမ္မာကျမ်းစာတွင်အကြောင်းပြချက်အမျိုးမျိုးဖြင့်ငြင်းပယ်ရမည့် အတွေး အခေါ် အမျိုးအစားအဖြစ် ပြောဆိုမှုကြားခဲ့ရသည်။

-ဘုရားသခင်၏စကားကိုနာခံခြင်းအကြောင်းအရင်းခံတစ်ခုလုံးအား အဓိပ္ပါယ်မရှိဖြစ်အောင်လုပ်ဆောင်ခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် သမ္မာ ကျမ်းစာတွင်ဖော်ပြထားသည့် ပညတ်တော်များကို စောင့်ထိန်း ခြင်း နှင့်ပြုလုပ်ခြင်းအားဖြင့် ဘုရားသခင် ကိုချမ်းသာခြင်း (သို့) စိတ်မချမ်းသာစရာများကိုပေးနိုင်ပေသည်။ ပညတ်တော်များနှင့် ဆိုင်သောထင်မြင်ယူဆချက်မှာဘုရားသခင်နာခံရန် အတင်းအကျပ် ပြုလုပ်ပါကပညတ်ချက်ထားခြင်းသဘောကို အဓိပ္ပါယ်မဲ့ သွားစေ သည်။ (ဟေဗြဲ၅း၉) တွင်ခရစ်တော်သည် နာခံခြင်းအားဖြင့်စုံလင် ခြင်း ရှိက ၁ ကယ်တင်ခြင်းကျေးဇူးကိုပေးမည် ဟုဖော်ပြထားသည်။

- ဟေဗြဲသြဝါဒစာအခန်းကြီး(၁၁)တွင် ဘုရားသခင်ကို မျက်မှောက် ပြု၍ မျှော်လင့်အသက်ရှင်ခြင်းအားဖြင့် ကယ်တင်ခြင်း ကတိတော်ရရန် ယုံကြည်ခြင်းနှင ့်ဆက်နွယ်မှုရှိကြောင်း ဖော်ပြထား ပေသည်။ အရာခပ်သိမ်းသည်ဘုရားသခင်၏ကြိုတင် စီမံထားမှု အားလုံးရှိပြီးဖြစ်ပါက သမ္မာကျမ်းစာတွင် ဒုက္ခမှ လွတ်မြောက်ရန် ဘုရားသခင်အား ဆုတောင်းခြင်း ဥပမာတော်များ သည်အဓိပ္ပါယ် မရှိသော အရာများဖြစ်သွားပေလိမ့်မည်။
- နှစ်ခြင်းမင်္ဂလာခံယူခြင်းသည်လည်းကယ် တင်ခြင်းအတွက် ကြိုတင် တောင်းခံသော အမှတ်လက္ခဏာတစ်ခုဖြစ်သည်။ (မဿဲ ၁၆း၁၆၊ ယော ၃း၃-၅) ဘာပဲဖြစ်ဖြစ်ကယ်တင်ခြင်းသည် ခရစ်တော်၏ ရွေးချယ် ပြင်ဆင်ပေးကာ အမှန်တကယ် လုပ်ဆောင်ခဲ့သည်။ (၂တိ ၁း၁၀)ကြိုတင်ပြင်ဆင်စီမံထားမှု၊ ထင်မြင်ချက်စိတ်ကူးယဉ်မှု မှရရှိလာခြင်း မဟုတ်ပေ။ ကျွန်ုပ်တို့စဉ်းစားဆင်ခြင်ရပေမည်။ ကျွန်ုပ်တို့ကခရစ်တော်ကိုရွေးချယ်ဆက်သွယ်မှု ကိုယ်တိုင်ပြုခဲ့ ကြောင်းကိုနှစ်ခြင်း မင်္ဂလာခံယူမှုကိုပြုလုပ်ခဲ့ကြရသည်။(ရောမ ၆း၁၅-၁၇)တွင်ကျွန်ုပ်တို့နှစ်ခြင်းမင်္ဂလာခံယူသောအခါ အပြစ်၏ အုပ်စိုးမှုကို နာခံသောဘဝအသက်တာမှခရစ်တော်အား သခင်အဖြစ် ပြောင်းလဲအုပ်စိုးခွင့်ပြုခြင်းဖြစ်သည်ဟုမိန့်တော်မူခဲ့ပေသည်။ ⁂အကြင် သူသည် အထံ၌ အစေခံကျွန်ဖြစ်ခြင်းငှာ သင်တို့ဝင်၍ အစေခံ၏✡✡ ဟုဖော်ပြထားသည်။ ဤအချက်အားဖြင့် လွတ်လပ်စွာ ဆုံးဖြတ် စဉ်းစားခွင့်ကိုတစ်ယောက်စီတိုင်းအား ပြောဆိုထားပြီး ကြိုတင်ပြင်ဆင်စီမံထား ပြီးသားဖြစ်ခြင်း သဘောမျိုး မဖော်ပြထား ပေ။ဧဝံဂေလိတရား၏အသည်းနှလုံးဗဟိုမှာ နာခြင်းဖြင့် လုပ်ဆောင် ရန်တာဝန်အပ်နှင်းခြင်းပင်ဖြစ်သည်။
- ဘုရားသခင်၏ နှုတ်ကပတ်တော်အား ချေပပြောဆိုထားသော အချက်မရှိပေ။ သမ္မာကျမ်းစာထဲတွင် တားမြစ်ထားခြင်းနှင့် ဥပမာ အနေဖြင့်မှတ်တမ်းပြုစုဟောပြောခြင်းနှစ်ခုစလုံးမရှိပေ။ ဟောပြော ခြင်းအားဖြင့်ယောကျာ်းနှင့်မိန်းမအပေါင်း တို့သည်ကယ်တင်ခြင်းသို့ ရောက်ခြင်းကိုသာပြသထားပေသည်။ ကယ်တင်တော်မူခြင်း တရားစကား(တ ၁၃း၂၆)သည် လူသားများဆီသို့ပြောကြားခြင်း အကြောင်းပါရှိသည်။

- ကျွန်ုပ်တို့လုပ်ဆောင်မှုတို့အတွက်အပြစ်စီရင်ခံရမည်ဖြစ်သည်။(ဗျာ ၂၂း၁၂)အဘယ့်ကြောင့်ဆိုသော်ကျွန်ုပ်တို့၏ လွတ်လပ်စွာ ရွေးချယ် ပိုင်ခွင့်သည် အရေးမပါခဲ့ပါလျှင် ကယ်တင်ခြင်းနှင့် ဆက်ဆံနိုင် ပါဦးမည်လော။ ရှင်ပေါလုသည် ယုဒလူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုငြင်းဆန်သော သူများ ဖြစ်သောကြောင့် ထာဝရအသက်ရရှိရန် မထိုက်တန်သော သူများ ဖြစ်သည်ဟု ပြောဆိုထားသည်။(တ ၁၃း၄၆)ယုဒလူတို့သည် မိမိကိုယ်ကို စီရင် ဆုံးဖြတ်ကြခြင်းကို ဘုရားသခင်သည် သူတို့အား ဟန့်တားခြင်း မရှိပေ။ ဘုရားသည်ကယ်တင်ခြင်းခံရမည့် သူနှင့် တရားစီရင်ခြင်း ခံရမည့် သူများကိုကြိုတင် စီမံခန့်ခွဲပြီး ဖြစ်သည်ဟုကျွန်ုပ်တို့ ဆိုပါလျှင် ဘုရားသခင်သည် အပြစ်သား များဖြစ် ရန် အခမ့ ပို့ဆောင်ပြီး အခြားသောသူအားဖြေင့်မတ်သော သူများ ဖြစ်ရန် အားပေးပံ့ပိုးသောဘုရားဖြစ်သွားပေလိမ့်မည်။ အာဒံကြောင့် အပြစ် တရားဝင်လာပြီးလူအပေါင်းတို့၌ သေခြင်း တရားဝင် လာရသည်။ (ရောမ ၅း၁၂)ဤအပြစ်တရားကြောင့်လူသားတို့ သေခြင်း တည်းဟူသောအဖိုးအခပေးကြရသည်။ (ရောမ ၆း၂၃) ဘုရားသခင်က တိုက်တွန်းအားပေးမှုကြောင့်အပြစ်သား ဖြစ်လာ ခြင်းမဟုတ်၊ အာဒံ၏အပြစ်ပြုလုပ်မှု ရှေးကနဦးအစကတည်းက ရှိနှင့်ပြီး ဖြစ်သည်။
- (၁ကော ၁၀)ကျမ်းပိုဒ်များစွာတွင် ဘုရားသခင်နှင့် ဆက်ဆံမှုပြုခြင်း အသက် တာသည် အတိတ်ကပြုမှားမိခဲ့သောအရာများ ပယ်ရှား စွန့်ပစ်ပြီးယုံကြည်သူ၏ အသက်တာမည်ကဲ့သို့ ဖြစ်ရမည်ကို သတိပေးထားသည်။ ခရစ်တော်နှင့်ကင်းကွာ၍ ကျေးဇူးတရား၌ တည်ကာမနေခြင်းကို(ဂလာတိ ၅း၄)တွင်အဓိပ္ပါယ်ဖွင့်ဆိုလိုသည်မှာ ကယ်တင်ခြင်းကိုပေးရာတွင် တစ်ကြိမ်တစ်ခါကယ်တင်ခြင်းသည် အမြဲတမ်း ကယ်တင်ခြင်းကို ရရှိနေမည်မဟုတ်ကျေးဇူးတရား၌ ကင်းကွာ၍ ဆုံးရှုံးနိုင်သည်။ ထိုနည်းတူစွာနိဗ္ဗာန်သို့ ရောက်ရန်မှာ လည်း အသက်တာရင့်ကျက်မှုရှိမှသာဖြစ်နိုင်ပေမည်။ သက်ဆုံးတိုင် မှန်ကန်စွာဆုပ်ကိုင်သင်ကြားမှုစဉ်ဆက်မပြတ်ခံယူသွားမှသာလျှင် ကယ်တင်ခြင်းခံကြရပေမည်။(၁တိ ၄း၁၆)
- ဘုရားသခင်၏နှုတ်ကပတ်တော်တရားကိုနားလည်ခြင်းသည် လွတ်လပ်စွာ ကြိုးစားအားထုတ်မှုကို ဖြစ်စေပြီးအင်အားဖြစ်စေသော နာမတော်၌ တည်သည်ကိုသခ င်ယေရှုသည်ရှင်းလင်းစွာ သင်ကြားထားလေသည်။ ✶✶သမ္မာကျမ်းစာကိုကြည့် သောသူသည် နားလည် ပါစေ✩✩ ဟုသွန်သင်ခဲ့လေသည်။(မဿဲ ၂၄း၁၅)ကျွန်ုပ်တို့ ကိုယ်တိုင် နားလည်ရန်နှင့် အနိုင်ထက် သွေးဆောင်စေခိုင်းမှုမျိုး မဟုတ်ပေ။ ✶✶နားရှိသောသူမည်သည် ကားကြားပါစေ✩✩ဟူသော ထပ်ခါ ပြောဆိုခဲ့သော ခရစ်တော်၏ စကားနှင့်✶✶သမ္မာကျမ်းစာကို ကြည့်သော သူသည်နားလည်ပါစေ✩✩ဟူသော ဖော်ပြချက်နှစ်ခုကို နှိုင်းယှဉ်ကြည့်ပါကငင်းတို့ ကြားတွင်ထိုနှင့် ဤသာကြားခံ နေပေ သည်။နားရှိခြင်းသည်နားကြားရန်ဖြစ်သည်။ ထို့ကြောင့် နာကြားခြင်းနှင့်ဖတ်ရှု နားလည်ခြင်းသဘောမှာတူညီသည်ဟု မှတ်ယူရပေမည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏ ဝိညာဉ်တော်သည် သခင်ယေရှုအားဖြင့် အကျယ်တဝင့်ထင်ရှားစွာ သက်သေ ထူနိုင်ရန်သူ၏စကားတော်များအား ဝိညာဉ်တော်မှုတ်သွင်းထားသည့်နှုတ်ကပတ်တော်ဖြစ်သည်။(ယော ၆း၆၃) ဘုရားသခင်၏ ဝိညာဉ်တော်သည် လူတစ်ဦးစီတိုင်း အပေါ် တွင် အလုပ် လုပ်ခြင်းသည် တစိတ်တဒေသသာ အမိန့်တော်ရှိခြင်း၊ နာခံ စေခြင်းကိုသာဖြစ်နေနိုင်ပေသည်။

✶✶အလိုရှိသောအတိုးကိုမပေးဘဲအသက်ရေကိုယူပါစေ✩✩(ဗျာ ၂၂း၁၇)ဟု နှုတ်ကပတ်ကအသက်ကိုဝမ်းမြောက်ဖွယ်သတင်းအား တုန့်ပြန်ကာ တွေ့ရှိ စေသည်။ ဤနေရာတွင်ကျွန်ုပ်တို့၏ ကိုယ်ပိုင်ဆန္ဒရှိသည့် အတိုင်း ကယ်တင်ခြင်းကို လိုချင်သောဆန္ဒအားဖြင့် ရွေးချယ်မှုသည် ကြိုတင်စီမံ ပြင်ဆင်ထားမှုထက်ကျော်လွန်၍ လွတ်လပ်စွာ ရွေးချယ်ခွင့် ပေးထားသည်။ ✶✶ထာဝရဘုရားကို ပဌာနာပြုသော သူရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ကြလတ္တံ✩✩ ဟူ၍ယေရှု၏ နာမတော်တွင် ဖြစ်တည်ခံယူသူတိုင်းအားပေးကြောင်း တွေ့ရပေသည်။

ယေရှုသည်ကျွန်ုပ်တို့အပြစ်များကိုခွင့်လွှတ်သည်။ သို့သော် ဗုဒ္ဓဘာသာတွင်✶ကာမ✩လုပ်ဆောင်ခြင်းများမှဘယ်သောအခါမျှ မလွတ်မြောက် နိုင်ပါဟု မိန့်မြွက်ထားသည်။ ခွင့်လွှတ်ခြင်းသည်သခင်ယေရှု၌ အခြေပြုပြီးမှသာ အခြား သောသူကိုလက်ခံနိုင်သော ခွင့်လွှတ်ခြင်း အရာသာကို အတုကျေးဇူးတော် အားဖြင့် ပေးသော အသက်ရှင်မှုနှင့်မေတ္တာတရား၏ ခွင့်လွှတ်ခြင်း အသက်တာ သည်

ပျော်ရွှင်ဝမ်းမြောက်ခြင်း အသက်တာကိုတည်ဆောက်မှု ပေးသည်။ မျက်မှောက်ကာလလူသားတို့ဘဝသည်ပြန်လည်ဝင်စားမှုအသီးသီး ရှိပါကထိုကဲ့သို့သံသရာ၊ မရပ်မနားလှည့်လည်နေရခြင်းကို တနည်းနည်းအားဖြင့် ညွှန်ပြစရာမတွေ့ရပေ။ အခြေအမြစ်မရှိသည့် ယုံကြည်မှုဖြင့်တနေ့နေ့၌ ကျွန်ုပ်တို့နိဗ္ဗာန်သို့ ရောက်ရှိပေလိမ့်မည်။ အချို့သောဗုဒ္ဓဘာသာတို့၏ ထုံးတမ်းစဉ်လာအရကျွန်ုပ်တို့သည် အဆုံးအစမရှိသော သံသရာကမ္ဘာကြီးကို ဖြတ်ကျော် ရမည်ဖြစ်သောကြောင့် နိဗ္ဗာန်ကိုဘယ်သောအခါမျှ မရောက်နိုင် တော့ပေ။ ယေရှုသည်ရေ၌ ၄င်း၊ သန့်ရှင်းသောဝိညာဉ်တော်၌ ၄င်း၊ ကျွန်ုပ်တို့၏ အသစ်တသက်တာဖြစ်လာစေရန်ဒုတိယမွေးခြင်းတည်းဟူသော နှစ်ခြင်းမင်္ဂလာ ခံယူခြင်းအားဖြင့်ပေးကမ်းခဲ့သည်။(ယော ၃း၃-၅)ဘုရားသခင်၏ နိုင်ငံတော်သို့ ကျွန်ုပ်တို့ဝင်ရောက်နိုင်ရန်ကမ္ဘာကြီး ပေါ်သို့ယေရှုသည် တဖန်ပြန် လည်ကြွရောက်လာမည်ဖြစ်သည်။ပြန်လည်မွေးဖွားခြင်းဟူသည် ယေရှုက ဒုတိယအကြိမ်မွေးခြင်း အသက်တာကိုတောင်းခံသည်။ ဗုဒ္ဓဘာသာ ဝင် များအဖို့မူပြန်လည်ဝင်စားခြင်းများသည်သေခြင်း၌ နောက်ဆုံးနိဂုံးချုပ်သည်။ ခရစ်တော်သည် ပေးဆပ်စွန့်လှူကာဘုရားသခင်၏ နိုင်ငံတော်က ိုဖြစ်ရပ်မှန်တစ်ခု၊ မပြောင်းဘဲတည်တံ့နေမည့်ထာဝရနိုင်ငံဖြစ်စေရန် လုပ်ဆောင်ခဲ့ သည်။ ဂျေရုဆလင်မြို့ကဲ့သို့သောထာဝရမြို့တော်ဖြစ်သည်။ ဂျေရုဆလင်မြို့ တည်နေရာကို ကျွန်ုပ်တို့သိနိုင်ပေသည်။ ဗုဒ္ဓဘာသာဝင်များကမူ ဗုဒ္ဓဘာသာတစ်ဦး၏ နိဗ္ဗာန်ဆိုင်၏အနက်အဓိပ္ပါယ်ဖွင့်ဆိုရန် မေးလာသည့်အခါ ကျွန်ုပ်တို့တွင်တွေးတော ဆင်ခြင်မှုအစစ်မှန်မရှိ။ အဓိပ္ပါယ်အစာသွင်း ထည့်သွင်း နိုင်ရန်စကားလုံးနှင့် ဗုဒ္ဓဘာသာ၏ပေးလှူခြင်း အကျိုးအဓိပ္ပါယ်နှင့်မျှော်လင့်ခြင်း ဆိုင်၏နားလည်မှုမရှိ၊ ဦးတည်ချက်များမတူညီခြင်းကြောင့် ကျွန်ုပ်တို့ အမည် ပေးရန်မတတ်နိုင်ပေ။သမ္မာကျမ်းစာတွေးခေါ်မှု သွန်သင်ချက်ဖြစ်သော ဘုရားသခင်၏နိုင်ငံတော်နှင့်လည်းလွန်စွာကွာခြားလှသည်။

ဗုဒ္ဓဘာသာ၏သံသရာနှင့်ဆိုင်သောရှုခြင်းအမြင်ရှုဒေါင့်သည် သမိုင်းကြောင်းတွင်အဓိပ္ပါယ်မပါရှိဘဲနှင့်ဗုဒ္ဓဘာသာဝင်များ သည်ရုပ်ဝတ္တုပိုင်းဆိုင်ရာ မခြားနားဘဲတည်ရှိနေသောအရာများကိုပြုလုပ်ထားသည်။ သမ္မာကျမ်းစာ အပေါ်တွင်ဆက်လက်တည် ဆောက်မှုပြုသည်။ သမိုင်းအထောက်ထားသည် ဣသရေလ၏ သမိုင်းကြောင်းတွင်အဓိပ္ပါယ်ပြည့်စုံစွာရှိနေပေသည်။ ဥပမာအားဖြင့်ရှင်ပေါလုသည်(၁ကော ၁၀း၁-၂)တွင်ဣသရေလလူမျိုးတော် ပင်လယ်နီကိုဖြတ်၍လျှောက်သွားခြင်းသည်ရေထဲမှဖြတ်လျှောက်ခြင်း ဖြစ်သောကြောင့်မိုးတိမ်နှင့်ပင်လယ်ထဲမှာမောရှေ၌ ဗတ္တိဇံကိုခံသည်ဟု မှတ်ယူကြသည်။ ဥပမာမြောက်များစွာဤလူမျိုးတော်မှ စတင်လာခြင်းနှင့် အတူသင်ခန်းစာယူဖွယ်များတွေ့ရသည်။ အဂုတ္တုပြည်၌ ဣသရေလလူမျိုး ကျွန်ခံရခြင်း၊ သူတစ်ပါးတို့ညွှန်ပြ အသက်ရှင်သော ဘဝအဲ ဂုတ္တုရုပ်တု ဘုရားများတွင် အစေခံပြီးကျွန်များကိုပြင်းထန်စွာ ခိုင်းစေခြင်းတို့ရှိပေသည်။ သူတို့၏ဘဝ အသက်တာတွင်ဘုရားသခင်ကို အော်ဟစ်ရှာဖွေ ကာလွတ်မြောက်ရာလမ်း သို့ရှာဖွေပို့ဆောင်ပေးခြင်း အဖြစ်ပျက်များတွင် ဘုရားသခင်သည် အဖြေပေးကာလုပ်ဆောင်ခြင်းများသည် စိတ်ကူးယဉ်မှု မျိုးမပါရှိပေ။ ဘုရားသခင်သည် မောရှေအားဖြင့် ဣသရေလလူမျိုးကိုအဲဂုတ္တု ပြည်မှထုတ်ဆောင်ရန်စေလွှတ်ခဲ့သည်။ ပင်လယ်နီကိုဖြတ်၍ တော၌ လည်ကာ ကတိထားတော်မူသောပြည်သို့ဝင်စားခဲ့ရသည်။ ပင်လယ်နီကိုဖြတ်ကျော် ခြင်းသည် နှစ်ခြင်းမင်္ဂလာခံယူခြင်းနှင့် တူညီပြီးနိုင်ငံတော်နှင့် ကတိထားရာ ပြည်သို့ ချက်ချင်းရောက်ရသည် မဟုတ်၊ တော၌ လမ်းလျှောက်လှည့် လည်ကြရသည်။ ဘုရားသခင်သည် ဣသရေလလူမျိုးအား ဦးဆောင်မှုတစ် လျှောက်လုံးတွင် ကောင်းကင်တမန်တစ်ပါးအားဖြင့် နေ့နှင့်ည မပြတ်အစဉ် ပို့ဆောင်ခဲ့ သည်။ ကျွန်ုပ်တို့တစ်ယောက်စီတိုင်း၌ လည်း ကောင်းကင်တမန် တစ်ပါးစီပတ်ဝန်းကျင်၌ စခန်းချကာကွယ်ပို့ဆောင်ပေးခြင်းဖြင့်ကယ်တင်ခြင်းဖြင့် ကယ်တင်ဆီသို့လျှောက်လှမ်းအသက်ရှင်ရပေသည်။ (ဆာလံ ၃၄း၇၊ ဟေဗြဲ ၁း၁၄) ဣသရေလလူမျိုးတော်သည် နေ့ရက်တိုင်းမန္နမုန့်ကို ကျွေးမွေးခြင်း ကိုခံရသည်။ ယေရှုသည်ရှိဟောဟန်ခရစ်ဝင်အခန်းကြီး (၆)တွင် ခရစ်တော်ကိုယ်တိုင်နှင့် ဘုရားသခင်၏မိန့်မှာချက်နှစ်ခုစလုံးတွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ သူတို့သည်မန္နမုန့်ကိုမစားရလျှင် တောထဲတွင် မကြာမီသေသွားတော့မည်ပင်။ ထိုနေရာတွင် အခြားသော အစာမရှိ ထိုမုန့်သာစားရန်ရှိလေသည်။ ဤအကြောင်းချက်နှင့် ပတ်သက်၍ အတင်းအဓမ္မဆွဲမခေါ် လိုပါ။ သို့သော်သင့်အတွက် သန်မာမှု ခွန်အားလုံ လောက်စေရန်သမ္မာကျမ်းအတိုင်းအတူသွား အသက်ရှင်✡✡ စားပွဲတွင်ဖတ်ရှုပြီး၊ နေ့စဉ် သမ္မာကျမ်းစာဖတ်ခြင်းဖြင့်ကျမ်းပိုဒ်များတို့အားဖြင့်အခြေခိုင်မှုတစ်ခုလုံးကိုရရှိပြီး၊

ခရစ်တော်၏ကျွေးမွေးပြုစုခြင်းကိုအထူးသဖြင့်သင်သည်တွေ့မြင်ကာ နှုတ်က ပတ်တော်စာကိုသူတစ်ပါးတွေ့မြင်အောင်လုပ်ဆောင် နိုင်သူဖြစ်လိမ့်မည်။ မိတ္တဗူပွားခြင်းအစီအစဉ်သည်ထုတ်ဝေပုံနှိပ်သူများထံမှအကျိုးအမြတ်မမျှော် ကိုးဘဲဖြန့်ဝေပေးလျှက်ရှိသည်။ ဤကဲ့သို့ကျွန်ုပ်တို့ဖတ်ရှုခြင်းအားဖြင့်နေ့စဉ် အသက်ရှင်မှုအသက်တာလုပ်ရိုးလုပ်စဉ်များကို ပိုမိုကျယ်ပြန့်စွာလုပ်ဆောင်နိုင်ရန် ထူးခြားမှုဖြစ်စေပြီး နေ့ရက်တိုင်းတွင် နှစ်သက်ကျေနပ်မှုခံစားရပြီးအခန်းကြီးလိုက်ဖတ်ရှုခြင်းအားဖြင့်အသက်တာတွင်ထင်ဟပ်ကာခွန်အားဖြစ်စေသည်။

## ၃.၇ အပြစ်တရား၏ပြဿနာ

ကျွန်ုပ်တို့သည်အပြစ်တရား၏ပြဿနာကိုအရင်းတည်၍ဗုဒ္ဓဘာသာအားကျရှုံးစေရန်ပြောဆိုမှုမျိုးကိုအစောပိုင်းကတည်းကပင် တားမြစ် ထားပေသည်။ လူသားတို့မိမိတို့ဆန္ဒအလေးထားခြင်းသည်မှားယွင်းသော အပြုအမူများတို့၏ပြဿနာအရင်းမြစ် ဖြစ်သည်ကိုငြင်းပယ်ထားခဲ့သည်။ မှားယွင်းသောအရာလုပ်ဆောင်ခြင်းများအားဖြင့်ဦးတည်ရာဗဟိုကို လွဲချော်ခြင်းဖြစ်စေသည်။အဘယ်အရာမှန်သည်ကိုသိပြီးလုပ်ဆောင်မှု လွဲချော်မှုသည်ကျွန်ုပ်တို့အတွက်မရှိမဖြစ်ကြုံတွေ့ရသောပြဿနာဖြစ်သည်။ဗုဒ္ဓဘာသာသည်မူလအစအကြောင်းအရင်းကိုလျော့တွေးပြီးသမ္မာကျမ်း စာထဲရှိဖန်ဆင်းခြင်းရေးသားထားမှုကိုထုတ်ပယ်ထားသည်။ ဗုဒ္ဓဘာသာ ၏ရည်ရွယ်ချက်ဉာဏ်ပညာပိုင်းဆိုင်ရာကဏ္ဍ၊ ဂရုဏာတရားနှင့်နိဗ္ဗာန်ကိုရရန်ကြိုးစားမှုကဏ္ဍများကိုဖွံ့ဖြိုးစေရန်ဖြစ်သည်။စကြာဝဠာ ဘယ်လို စတင် ဖြစ်ပေါ် လာသည်ကို မရှိခြင်းကလုပ်ဆောင်ရန်ကူညီထောက်ပံ့သိစေခြင်း ဖြစ်သည်။

ဤဖော်ပြပါအချက်၏အဓိပ္ပါယ်မှာပစ္စုပ္ပန်အခြေအနေ၌ သာဗဟိုပြုရန်သာလျှင်ဖြစ်သည်။သမ္မာကျမ်းစာ၌ ဖတ်ကြည့်ရာ အစကနဦးတွင်ဖန်ဆင်းခြင်းနှင့်အစပြုထားပြီးသမ္မာကျမ်းစာပထမဆ ုံးအခန်းတွင်ဖြည့်စွက်ကာ ပြည့်စုံစေရန်ရည်သန်ဖြည့်စွက်ထားသည့်စိတ်အတွင်းပိုင်းဆိုင်ရာ ဟန်ချက်ညီစေရန်သမ္မာကျမ်းစာအတွင်း၌ ရှိသောဖော်ပြချက် များနှင့်ဗုဒ္ဓဘာသာစာပေများအတွင်းရှိရေးသား ဖော်ပြချက်များမှာကြီးမားသော ကွာဟ မှုရှိနေသည်။ ဘုရားသခင်သည်ဖန်ဆင်းရှင်ဖြစ်ပြီး လူတို့အထဲသို့ ယုံကြည်ခြင်း၊ မှတ်သွင်းခြင်းနှင့်ဒါဝိဒ်နှင့်ယေရမိကဲ့သို့သောဆုတောင်းသူများဖော်ပြထားသည်။ ဓမ္မသစ်ကျမ်းတွင်အသစ်သော ဖန်ဆင်းခြင်းကို ယောကျာ်းများနှင့် မိန်းမများကိုခရစ်တော်၏အသွင်သဏ္ဍာန် ဆောင်လုပ် ဆောင် ရန်သွန်သင်ချက်များ တွေ့ရသည်။ ခရစ်တော်နှင့်တလုံးတဝတည်းဖြစ်ရန်ကိုယ် တော် နောက်သို့ လိုက်ပါနေသည်ကိုရေးသားထားသည်။ ဗုဒ္ဓဘာသာတွင်သိခြင်းပေါ်တွင် ဗဟိုပြီး နဂိုမူလအစကိုထုတ်ပယ် ထားသည်။ သိခြင်းရှိပါက နိဗ္ဗာန်သို့ ဘယ်သော အခါ မျှမရောက်ရှိနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် မူလ အစ ကိုလျစ်လျူရှုထားပြီး မသိခြင်းကြောင့်အပြစ်များအားလုံး ဖြစ်ပေါ်လာသည်ဟူသောအချက်သည်ပင် ဒုက္ခခံစားရခြင်း၏ မရှိမဖြစ်လိုအပ်သည့်အကြောင်းပြချက်ဖြစ်သည်။ ဗုဒ္ဓဘာသာ သည်အရှိတရားအားလုံးသည် သံသရာကြီးထဲတွင် အစမရှိ၊အဆုံးမရှိဖြစ်တည်နေကြသည်ဟုနားလည်ကြသည်။ထို့ကြောင့်မသိခြင်းသည် နဂိုမူလအစ ပထမမေးခွန်းဖြစ်သည်။ ထိုမသိခြင်းသည် ဘုရား သခင်သည် မမြင်ရသော ဖန်ဆင်းရှင် ဖြစ်သည်ကို သိခြင်းရလဒ်ဖြစ်လာစေသည်။ ဖန်ဆင်းရှင်နှင့်ပုံဖော်သူပုဂ္ဂိုလ်မရှိပါဟုဆိုလျှင်ကျွန်ုပ်တို့သည် ဆင့်ကဲဖြစ် တည်မှုသီအိုရီ **(Evolution)**ကိုယုံကြည်ရပေတော့မည်။ ဗုဒ္ဓဘာသာဝင်အများ စုတို့ထိုကဲ့သို့ ပြုမူနေကြသည်။ ထိုကဲ့သို့မဖြစ်နိုင်ပေ။ လူသားသိပ္ပံ၏ဥပမာအရ ဒြပ်ပစ္စည်းများမှဖြစ်လာသည်မှာလည်းမဖြစ်နိုင်ပေ။ ထိုအရာတွင် အစတည် ဖြစ်မှုရှိနေ ရပေမည်။ ဆင့်ကဲဖြစ်စဉ်သီအိုရီသည်တစ်ဆင့်ခြင်းကိုပြန်၍ ကြည့်ကာ မေးခွန်း များကိုဖြေဆိုနိုင်ပေလိမ့်မည်။ မည်သည့် နေရာသည် အစအဦး ဖြစ်တည် နေပြီးဖန်ဆင်း ခြင်းအကြောင်းကို ပုံဖော်ဖြစ်ပေါ်လာခြင်းအစကို မည်သို့ ရှာဖွေမည် နည်း။ သံသရာ၏အစ၊ မည်သို့သောနေရာ၊ မည်သို့သောအချိန်ကာလ သံသရာ စက်ဝန်းတည်နေသည်ကိုမသိရှိပေ။ ကောင်းမြတ်ခြင်းနှင့် ဆိုးညစ် ခြင်း၏ အကြောင်းတရားအဓိက သည်မည်သည့်နေရာတွင် စတင်ရမည်နည်း။ ဗုဒ္ဓ ဘာသာ ဝင်များမှာသူတို့စိတ်ကိုချုပ်တည်းကျင့်ကြံရာတွင်အလွန် ခက်ခဲမှု ရှိကြ ပေသည်။ သမ္မာကျမ်းစာထဲတွင် စစ်မှန်၍ယုံကြည်နိုင်ဖွယ်ရှိသည့်ရှင်းလင်း ဖော်ပြချက်များပါရှိသည်။ သခင်ယေရှုသည် ထာဝရအသက်ပေးနိုင်သောအခွင့် အာဏာ

ရှိကြောင်းသမ္မာကျမ်းစာထဲတွင်ရှင်းလင်းစွာဖော်ပြထားသည်။(တ၃း၁၅)
ဘုရားသခင်မှာမူလသဘာသလူ့ဘဝအသက်တာ၏အစပထမအရှင်ဖြစ်သည်။

## ၃.၈ ဒုက္ခဝေဒနာခံစားရခြင်းပြဿနာ

ဗုဒ္ဓဘာသာတွင်ဒုက္ခဝေဒနာခံစားရခြင်းမှလွတ်ငြိမ်းချမ်းသာမှုရရှိရန် ဗဟိုပြုကြိုးပမ်းအားထုတ်သောဘာသာဖြစ်သည်။ ဒုက္ခဝေဒနာခံစားရခြင်းသည် ဘုရားသခင်ရှိပါက ဘုရားသခင်သည်ဒုက္ခဝေဒနာကိုဖန်ဆင်းခဲ့ပြီးသူတို့၏ ပြဿနာကြီး၏သိခြင်းကို နားလည်ရန်ကန့်သတ်မှုအတားအဆီးများစွာရှိနေပြီး ဖန်ဆင်း ခြင်းမှာ ရှုတ်ထွေးနေသောအစုအဝေးကြီးဖြစ်သည်။ ထို့ကြောင့်ဗုဒ္ဓ၏သင်ကြားမှုများတွင်ဒုက္ခဝေဒနာခံစားရခြင်းသည်လွတ်မြောက်မှုအစ မူလလမ်းစပင်ဖြစ်သည်။ဒုက္ခဝေဒနာကိုဖန်ဆင်းသောဘုရားထက် ဒုက္ခကိုဖြစ်စေ သောအင်အားကြီးအားဝေးကွာသွားစေမှုကိုအဓိကထားသည်။ ဗုဒ္ဓဘာသာဝင် များသည် ဤကဲ့သို့ထွက်မြောက်ရန် ဖြစ်နိုင်မည်ဟုနားလည် နိုင်ပါသလား။ လူသားတစ်ဦးဖြစ်သောဗုဒ္ဓသည်ဘုရားထက်မြင့်အောင် မိမိကိုယ်ကိုတည်ထောင် ခြင်းဖြစ်သည်။ ဗုဒ္ဓဘာသာသည် ဘုရားသခင်ကို မသိခြင်းအားတစ်ခုဖြင့် နိမ့်ကျ စေသည့် အကျိုးသက်ရောက်မှုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ယုံကြည်ခြင်းမပါဘဲဒုက္ခဝေဒနာသည်လူ့ဘဝအသက်တာကန့်သတ်မှုရှိခြင်း နားလည်သဘောပေါက်စေသောဘုရား၏ လမ်းစဉ်ကိုအသုံးပြုခြင်းဖြစ်သည်။ အတိုချုပ်အားဖြင့် ဗုဒ္ဓဘာသာတွင်ယုံကြည်ခြင်းအတိုင်းအတာမှုမရှိပေ။ဤအချက်ကိုကြည့်ခြင်း အားဖြင့် လူသားသည်ဘာသာတရားကိုပုံဖော် ထားခြင်းဖြစ်သည်။ ထိုဘာသာ တရားသည်မျှော်လင့်ခြင်း၊လူသားတို့အားနာကျင်စေခြင်း များတို့ကိုဝယ်ယူခံရန်ဆိုင်၏စင်ပေါ်တွင်ပြသထားသည်နှင့် တူပေသည်။ ယုံကြည်ခြင်းသည်မျှော်လင့်သောအရာတို့ကို သိမှတ်စွဲလမ်း၍ မသိသေးသော အရာတို့ ကိုမျက်မှောက်ပြုခြင်းဖြစ်သည်ဟု သမ္မာကျမ်းစာနှင့် သခင်ယေရှု မိန့်တော်မူချက် အရတွေ့မြင်ရပေသည်။(ဟေဗြဲ ၁၁း၁) ဗုဒ္ဓဘာသာဝင်များအဖို့ ကိုးကွယ်ဝတ်ပြုခြင်းသည်ဗုဒ္ဓနှင့်ဗောဓိသတ္တဝါ(**bodhisattvas**)ကိုကိုးကွယ်ပြီး ရုပ်တုနှင့်ဘုရားကျောင်းကန်များကိုဆင်တူပြုလုပ်၍ဆောင်ယူထားခြင်း များဖြင့်ရွှေ့လျောလာသည်။အဘယ့်ကြောင့်ပါနည်း။ ရိုးရိုးလေးပင် ဗုဒ္ဓဘာသာသည်နိမ့်ချမှုဖြင့်မရှိမဖြစ်လိုအပ်သည်။ ဘုရားနှင့်၎င်း၊ နာမတော်ဖြင့်၎င်း၊ ယုံကြည်ခြင်းအားဖြင့်၎င်း၊စစ်မှန်စွာဆက်သွယ်ဆက်ဆံမှုကိုပြတ်ပြတ် သားသားဖြတ်တောက်စွန့်လေသည်။ ဗုဒ္ဓဘာသာနှင့်အလားတူစွာကက်သလစ်အယူဝါဒစည်းကမ်း ချက်များနှင့် **mani** ဘာသာရှိဗုဒ္ဓဘာသာ၏ **wheels** များမှာဆင်တူမှုရှိကြောင်းတွေ့ရသည်။ မေးခွန်းထွက်ပေါ်လာသည်မှာဘာသာတရားသက်သက်မျှသာလိုချင်ပါသလား(သို့)ဖန်ဆင်းရှင်ဘုရားနှင့်အပြန်အလှန်လှုပ်ရှားဆက်သွယ်မှုအစစ်အမှန်ကိုလိုချင်ပါသလား။ တစ်ဆူတည်း သောဘုရား၊တန်ခိုးကြီးသောဘုရားကျွန်ုပ်တို့အား ရှာဖွေကာ ဆက်သွယ်မှု ပြုခြင်းဖြင့်သူ၏နိုင်ငံထဲသို့ထာဝရ ကယ်တင်ခြင်းကိုရရှိစေမည်။ သီရိလင်္ကာရှိ ကျင့်ကြံမှုလမ်းစဉ်တွင်အလားတူစွာဗုဒ္ဓဘာသာဝင်ဘုရင်များသည် ဗုဒ္ဓ၏ မွေတော်ဓာတ်တော်များကိုစောင့်ရှောက်ထားလေ့ရှိပြီး ကတ်သလစ် ဘာသာဝင် များသည် ခရစ်တော်ကိုလက်ဝါးကပ်တိုင်၌တင်သတ်စဉ်ကရိုက်သောသံ၊ လက်ဝါးကပ်တိုင်ပုံစံငယ်များကို ဆင်ယင်အလေးအနက်ထားမှုမျိုး တွေ့ရပေသည်။ဗုဒ္ဓဘာသာဝင်များသည်ဘုရားဖူးလာခြင်းအလေ့အထ ရှိကြရာတွင်ဗုဒ္ဓသည်ရှိခဲ့ဘူးသည့်အနေဖြင့်သိခဲ့ကြပြီးရုပ်ဝတ္ထုဆိုင်ရာပစ္စည်းများနှင့် ဆက်နွယ် ပတ်သက်မှုပြု ကြသည်။ ဗုဒ္ဓ၏ဖွားဖက်တော်များနှင့် အတူရှိနေသောနေရာ၊ သန့်ရှင်းသော နေရာများသည် ဖူးမြော်ပူဇော်ခြင်းကို ထောက်ပံ့မှုပေးသောအရာများဖြစ်သည်။ အာရှတခွင်ဗုဒ္ဓကိုကိုးကွယ်သော နေရာတိုင်းတွင် စေတီပုထိုး(**stupas**)များပါဝင်သည်။ ထိုကဲ့သို့ပင်ကက်သလစ် အသင်းတော် များသည်လည်းအရှေ့အလယ်ပိုင်းဥရောပနေရာများတွင် ဝတ်ပြုရာနေရာအရပ် တွင်ရုပ်တုများ၊ဘုရားစင်များတည်ဆောက်လေ့ရှိကြသည်။ ကျွန်ုပ်၏သူငယ် ချင်းကဤအရာများသည်ဘာသာရေးသဘောဆောင်ရုံမျှသာဖြစ်သည်။ ကျွန်ုပ် အတွက်တော့မဖြစ်နိုင်ပါ။ ကျွန်ုပ်သည်သင်နှင့်အတူပိုမို၍စစ်မှန်၍ မှန်ကန်သော အချက်အလက်ကိုသင့်အားပြောပြမည်ဟူ၍သာချေပခဲ့ရတော့သည်။

ဗုဒ္ဓဘာသာတွင်ဇာတိခံယူခြင်း၏ပြဿနာကိုမှန်ကန်စွာ အရင်းအမြစ် ရှာဖွေစစ်ဆေးမှုရှိပေသည်။ လူတို့၏ဇာတိပကတိသည် ရောဂါ၊ သေခြင်း၊ ဝမ်းနည်းခြင်း၊ ညည်းတွားခြင်း၊ နာကြင်ခြင်း၊ ပူပန်ခြင်းနှင့် စိတ်ပျက်အားလျော့ခြင်း များကိုဖြစ်ပေါ်လာစေသည်။ ဇာတိ ပကတိကြောင့်ဖြစ်သော အကျိုးတရားတို့ကို ပယ်သတ်နှိမ်နင်းမှုပြုရပေမည်။ ထိုအကြောင်းတရားတို့သည် စေခိုင်းသော အကြောင်းတရားမဟုတ်သောအရာများဖြစ်သည်။ ထိုအရာ များသည်ကျွန်ုပ်တို့ရှေ့တွင်ရှိနေပေသည်။ သို့သော်လည်းအလိုဆန္ဒအားဖြင့် နိဗ္ဗာန်ကိုမရနိုင်ပေ။ထိုဆန္ဒသည်ဒုက္ခပင်ဖြစ်သည်။ သို့သော် ဗုဒ္ဓ ဘာသာ ဇာတိ ဟူသည့်လူဖြစ်ခြင်းပြဿနာကိုဖြေရှင်းနိုင်ရန်မျှော်ကိုး၍ သာဘာသာတစ်ခု ဖြစ်သည်။ဇာတိပကတိ၏အကြောင်းကို ကျွန်ုပ်တို့ ကိုယ်တိုင်လည်း မဖြေရှင်းနိုင်ပေ။သမ္မာကျမ်းစာသည် သခင် ယေရှုခရစ်တော်၏ဖြေဆိုချက်များဖြင့် ဖိတ်ခေါ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့ကဲ့သို့ပင်လူသားတစ်ဦးဖြစ်သည်။ပဋိသန္ဓေကို ဘုရားသခင်၏ပါဝင်ကြားဝင်လုပ်ဆောင်မှုဖြင့်ဖြစ်တည်စေခဲ့သည်။ ထို့ကြောင့် ပြည့်ဝစုံလင်သောလူသားတစ်အဖြစ်သို့ရောက် ရှိလာသည်ကို တွေ့မြင်ရသည်။ သူသည်ဇာတိပကတိနှင့်ဆိုင်သောပြဿနာရပ်တို့၏ နည်းလမ်းများကို လွတ်မြောက်ရန်လမ်းဖွင့် ပေးသည်သာမကအပြစ်၏တန်ခိုးကိုအောင်နိုင်သော သူလည်းဖြစ်သည်။ သမ္မာကျမ်းစာထဲတွင် ဖော်ပြချက်အရအပြစ်သည် ဒုက္ခဝေဒနာအားလုံး၏အရင်းအမြစ်ဖြစ်သည်။ ဗုဒ္ဓဘာသာတွင်ကျွန်ုပ်တို့တွင် ဒုက္ခရှိသောကြောင့်ဒုက္ခကိုရှုမြင်ရန်ပြောဆိုသည်။ အဘယ့်ကြောင့် ဤဒုက္ခအားလုံးသည်ဖြစ်ရသည်ကိုဖြေရှင်းချက်မပေးဘဲဝန် ခံကာ ဗုဒ္ဓပေးသော အဖြေမှန်ကန်စီလျော်သည်ဟုခံယူကြသည်။ ထိုဒုက္ခဆိုသော အရာကို ဆုပ်ကိုင်မှု ပြုစေသောပြဿနာနှင့်ထိုဒုက္ခကို နားမလည်စေသော သည့်အရာကိုရှာဖွေကြရပေမည်။ ဤထက်ပို၍ ဆိုးသည်မှာ ဗုဒ္ဓဘာသာဝင်တို့၏ ဒုက္ခကိုအဓိပ္ပါယ်ဖွင့်ဆိုရာတွင် ဖန်ဆင်းခြင်းသည် ဖန်ဆင်းမှုများကို ထွက်ပေါ်စေပြီးမသိခြင်းအားဖြင့် ပြည့်စုံမှုရှာကာ ဒုက္ခကိုရောက်ရှိလာစေသည်။ သမ္မာ ကျမ်းစာတွင် ဘုရားသခင်ကမိန့်တော်မူသည်မှာ ဖန်ဆင်းသောအရာတိုင်း **အလွန်ကောင်းသည်** အခြေသို့ပြန်ရောက်စေသောအကြံအစည်တော်ကိုအကောင် အထည်ဖော်ခဲ့သည်။ မည်သူကအံ့သြဖွယ်ရာ ကောင်းသောဖန်ဆင်းမှု အပေါ် သေချာစွာသုံး သပ်ပြီးမသိခြင်း၏အားကလုပ်ဆောင်ခြင်းဖြင့် ဤသို့ လုပ်ဆောင် ခြင်းဖြစ်သည်ဟု ပြင်းထန်စွာဝေဖန်သုံးသပ်မည်နည်း။ ဖန်ဆင်းရှင်သည်သူ၏ဖန်ဆင်းအပေါ် ရှုမြင်ရာတွင်သေချာစွာအလွန်ကောင်းသည်ဟုတွေ့မြင် ပါသလား။ ဖန်ဆင်းခြင်းကိုဖျက်စီးခဲ့သူကြောင့်ပြဿနာပေါ်ပေါက်လာ ရခြင်း ဖြစ်ပြီး သမ္မာကျမ်းစာပါကောက်နှုတ်ချက်တွင်ထိုကဲ့သို့ ကျဆင်းသွားမှုနှင့် ကမ္ဘာမြေကြီးကိုရွေးနှုတ်ကယ်တင်ခြင်းကိုပြည့်စုံခြင်းခရစ်တော်ကလုပ်ဆောင်သွားသည်။ ဗုဒ္ဓဘာသာသည်ဖန်ဆင်းခြင်းကိုဝေဖန်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုအရာ သည် လူသားတို့၏ဒုက္ခဝေဒနာကိုအဆုံးစွန်ဆုံးမကောင်းသော အခြေနေသို့ ရောက်စေသောပြင်းထန်သောစွဲလမ်းမှုတစ်ခုဖြစ်သည်။ ဤ ဖန်ဆင်းခြင်း သည် ကိုခိုင်မာစွာစုစည်း၍မရှင်းပြနိုင်ပေ။ မည်ကဲ့သို့သော အဆင့်တွင် ဖန်ဆင်းခြင်း၏ အဆုံးသတ်(သို့)ပြဿနာ၏အကြောင်းတရားကိုယ်တိုင် သိခြင်း ပါရှိခြင်းသည် ကျွန်ုပ်တို့အတွက်ပြဿနာ မဟုတ်ပေ။ ဗုဒ္ဓဘာသာဝင်များ သည် စကြာဝဠာကြီး ထဲတွင်ဖန်ဆင်းမှုများဆက်လက်ရှိနေပြီး ပျက်စီးခြင်းများလည်းဆက်လက်ရှိ နေသည်ဟု ယုံကြည်ကြသည်။ ဤသို့ဖြစ်ခြင်းမှာနာကြင်မှု၏ အကြောင်းရင်းခံကာ ပျောက်ဆုံးခြင်းနှင့်ကွဲကွာသွားခြင်းတို့ဖြစ်လာသည်။ လိမ်ညာသောဖန်ဆင်း ခြင်းသည်အဓိပ္ပါယ်မရှိပေ။ ဤကဲ့သို့ဖော်ပြခြင်းသည် ပြဿနာအပေါ်၌ ပြဿနာ ထပ်ဆင့်ပိုလာစေသည်။ ထိုအရာနှင့်ပတ်သက်၍ အခြားသောသူတို့ငြင်းဆိုထား ချက်တစ်ခုမှာ အရင်းခံပြဿနာတစ်ခုဖြစ်သောလူသားတို့၏ အပြစ်နှင့်ပြည့်ဝမှု ကိုရင်ဆိုင်နိုင်ရန်စွမ်းဆောင်နိုင်မှု မရှိခြင်းက ဒုက္ခကိုရင်ဆိုင်ရစေသည်ဟူ၏။

ဗုဒ္ဓဘာသာတွင်အပြစ်၏တန်ဖိုးလျော့ကျစေမှုဟူ သော ယူဆချက်ရှိသည်။ ထိုအရာသည်သေးငယ်သောအခန်းလေးတစ်ခု အတွင်း၌ အမှားနှင့်အမှန်ကို ပိုင်းခြားပြီးရေးဆွဲထားသည့်မျဉ်းကြောင်းလေးတစ်ခုဖြစ်သည်ဟုလက်ခံထားသည်။ သာမန်ဗုဒ္ဓဘာသာဝင်တို့၏ရှုဒေါင့်တွင်လွန်ကျူးမှုအတွက် ပြင်ပပိုင်း မဟုတ်သည့်အာရုံသိမြင်ခြင်းဆိုင်ရာအမှန်နှင့် အမှားသဘောကို လက်ခံပြဋ္ဌာန်း၍ ရင်ဆိုင်မှုပြုကြသည်။ လွန်ကျူးမှုအပြစ်အတွက်တုန့်ပြန်အကျိုး သက်ရောက်မှုကို ဥပမာအနေဖြင့်ဖော်ပြရပါလျှင်သူတစ်ပါးမယားကိုပြစ်မှားသူသည် နောင်ဘဝ တွင် ငယ်ငယ်ရွယ်ရွယ်နှင့် သေဆုံးလိမ့်မည် (သို့မဟုတ်) လိင်တန်ဆာ သေးငယ် စွာဖြင့် မွေးဖွားလာလိမ့်မည်ဟုဖော်ပြထားသည်။ဤကဲ့သို့သော ဆုံးဖြတ်ချက် ကိုမည်သူပေး၍ ဤကဲ့သို့သော အကျိုးတရားအရင်း အမြစ်တန်ခိုးဖြစ်ပျက်မှု မည်သည့်နေရာမှရလာပါသနည်းဟုမေးရပေမည်။ တစ်ဆူတည်းသော ဘုရား၊ တန်ခိုးကြီးသော အရှင်မရှိလျှင် ဤသို့သော မေးခွန်းသည် ဗုဒ္ဓဘာသာအားဖြင့်

အဖြေရမည်မဟုတ်ပေ။ များစွာသောပြစ်မှားခြင်းများသည်အပြုအမူအနေ အထိုင် များကို ဂရုမပြုခြင်းမျှသာလျှင် ဖြစ်သည်။ ထို့ကြောင့် အသိဉာဏ်နှင့် ယှဉ်သော အပြုအမူအနေထိုင်များအားလုံးလိုအပ်လာသည်။ သမ္မာကျမ်းစာသည် ဘုရား သခင်ကို ပြစ်မှားခြင်းအားအဓိကစစ်မှန်သောအပြစ်ဟူ၍ ဖော်ပြထားပြီး အပြစ် တွက် ခွင့်လွှတ်ခြင်းသည်ခရစ်တော်၏အသေခံပေးခြင်းနှင့်ရှင်သန်ထ မြောက်မှု အားဖြင့်သာလျှင်အစစ်အမှန်ကိုရရှိပေမည်။ ခရစ်တော်၏ ခွင့်လွှတ် ခြင်းကျေးဇူး တော်ခံစားရခြင်းသည်သူ၏သခင်ယေရှုနှင့်ဘုရားသခင်ကို ဆာလောင်ငတ်မွတ် သိပ်သောချဉ်းကပ်ဝတ်ပြုမှုဖြင့်ပြန်လည်နှောင်ဖွဲ့မှသာလျှင် ခံစားရပေမည်။ဤအကြောင်းအရာအားဗုဒ္ဓဘာသာ၌ ဝတ်ပြုခြင်းအားဖြင့်မတတ်နိုင်ပေ။

ဗုဒ္ဓဘာသာဝင်များသည်စွဲလမ်းခြင်းနှင့်အတူ ဒုက္ခဝေဒနာမှလွတ် မြောက် ခြင်းနှင့် ကောင်းသောဘဝရရှိခြင်းမှာ အတိတ်ကမကောင်းမှု လုပ်ဆောင်ခဲ့သော ဘဝ၏ အကျိုးရလဒ်ဒုက္ခကိုဖြတ်နိုင်ရန် ထိုလူ့ဘဝ၌ တွေးခေါ် ဆင်ခြင်ကာ ဦးတည်ခဲ့သောကြောင့်ဖြစ်သည်။ သို့သော်မျက်စိမမြင်၍ မွေးဖွားလာခဲ့သော သူတစ်ဦးနှင့် ပတ်သက်၍ ခုခံပြောဆိုမှုအား သခင်ယေရှုကဤသူသည်ကိုယ့် အပြစ်ကြောင့် ကန်းခြင်းမဟုတ်ဟူ၍ အတိတ်ခရစ်ယာန်ဘာသာနှင့် ဗုဒ္ဓဘာသာ ကြားအငြင်းပွားစရာတစ်ခုပင်ဖြစ်သည်။ အချို့သော ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဘာသာတရားအားလုံး၏ အဆုံးမှာတူညီသည်ဟု သဘောသက်ရောက်ခံယူ မှုသည်ယုတ္တိမတန်ရယ်စရာကောင်းလှပေသည်။ ခရစ်ယာန်နှင့်ဗုဒ္ဓဘာသာ ကြား တွင်အလွန်ကြီးမားသောကွာဟချက်များပင်ဖြစ်သည်။

ပြန်လည်ဝင်စားမှုဖြစ်တည်ခြင်းသည် တိရိစ္ဆာန်တစ်ကောင်သို့လူတစ် ယောက်ကဲ့သို့ဖြစ်နိုင်ပေသည်။ ဗုဒ္ဓဘာသာသည်လူကိုတိရိစ္ဆာန်တစ်ကောင်ခန့် မျှသာရှုမြင်သည်။ သမ္မာကျမ်းစာတွင်လူ၏အတွေ့အကြုံနှင့် တိရိစ္ဆာန်အတွေ့ အကြုံ အတူကဲ့သို့ဖော်ပြ ထားသည်။(ဒေသနာ ၃း၂၅-၂၇၊ ၉း၅-၆) သို့ သော်လည်း ကျွန်ုပ်တို့အားဘုရားသခင်သည်ပုံသဏ္ဍာန်တော်နှင့် အညီပြုလုပ်ဖန် ဆင်းထားသည်။အဘယ်ကြောင့်ဆိုသော်ကျွန်ုပ်တို့သည် ဘုရားသခင်၏ ပုံသ ဏ္ဍာန်တော်နှင့်အညီဖန်ဆင်းထားသောသူများဖြစ်၍ တစ်ပါးသူအား ရိုသေလေး စားမှုရှိရမည်ဟုဖော်ပြထားသည်။(ယာ ၃း၉-၁၀)လူသည် ဘုရားသခင် ပေး သောဘုရားသခင်၏ပုံသဏ္ဍာန်ဖြစ်သည်။(မာ ၁၂း၁၆-၁၇)ထို့ကြောင့် ကျွန်ုပ်တို့ တွင်ခန္ဓာကိုယ်ပိုင်လာရသည်။ အကယ်၍ တိရိစ္ဆာန်နှင့်သစ်ပင်တို့လည်း လူ၌ ဝင်စားလာမှုရှိပါကကျွန်ုပ်တို့ သတ်မိပါက မှားယွင်းမှု ဖြစ်စေသည်။ ဗုဒ္ဓဘာသာ ဝင်များသည် ဤသွန်သင်ချက် နောက်လိုက်ပါပြီး သစ်ပင်နှင့် တိရိစ္ဆာန်များကို ဘယ်သော အခါမျှမသတ်သင့်ပေ။ ကျွန်ုပ်တို့လုပ်ရ တော့မည်။ ကျွန်ုပ်တို့နှင့် သူတို့၏ယုံကြည်မှုစနစ်မှာခိုင်မာ၍ထုထည်ကြီးမားသော ကွာဟချက်က ိုကျေနပ် ဖွယ်သောရှင်းပြမှုကို ဘယ်သောအခါမျှရရှိလိမ့်မည်မဟုတ်ပါ။ ထိုအရာ သည် သမ္မာကျမ်းစာကိုပိုမိုအာရုံစိုက်စေပြီးယုံကြည်ရန်သမ္မာကျမ်းစာ၏တိရိစ္ဆာန် နှင့်သစ်ပင်တို့ကို အစားအစာအဖြစ်စားရန်ဖန်ဆင်းထားပြီး ကျေးဇူးတော်ကို ချီးမွမ်းခြင်းအားဖြင့်လက်ခံရမည်ဟုမိန့်တော်မူထားပေသည်။ (၁တိ ၄း၃-၄)

## ၄။ နိဂုံး

သမ္မာကျမ်းစာအတွင်း၌ တွေ့ရသောခရစ်တော်၏ရည်ရွယ်ချက်နှင့် သွန်သင်ချက်များသည်လူတို့ဘသထဲရှိလက်တွေ့ လုပ်ဆောင်မှုများအား ယုတ္တိ ရှိစွာပြောင်းလဲလာစေကြောင်းတွေ့ရှိရသည်။ သမ္မာကျမ်းစာသည် ခရစ်ယာန် ဘာသာအတွက်စစ်မှန်သော အခြေခံအချုပ်အခြာအာဏာစိုးပိုင်သော အရာပင် ဖြစ်သည်။ ဗုဒ္ဓဘာသာ၌ ဤကဲ့သို့မရှိပေ။ သမ္မာကျမ်းစာကို သင်ကိုယ်တိုင် ဖတ်ခြင်းဖြင့် အားလုံးကိုသင်စွမ်းဆောင်နိုင်ပေမည်။ မှန်သော တစ်ဆူတည်းသော ဘုရားအားလမ်းပြပေးရန်ဆုတောင်းရပေမည်။ ထို့ကြောင့်သူသည် သင့်ကို ပို့ ဆောင်ပေးတော်မူခြင်းအားဖြင့် ရင်းနှီးမှုရရှိလာမည်ဖြစ်သည်။ စစ်မှန်၍ ဖြစ်နိုင် သည်ဟု ဆင်ခြင်မိပါကသင်သည်ခရစ်တော် သေခြင်းမှထမြောက်တော်မူသော ဘုရားသခင်၏သားတော်ထံ၌ နှစ်ခြင်းမင်္ဂလာခံယူပါ။ ကျွန်ုပ်အား ပေးပါရစေ။ သင့်ကိုယ်သင် အားပေးမှုဖြင့်ဤအချက်များကို မပျောက် စေပါနှင့်။ အောက ်ဖော်ပြပါလိပ်စာအတိုင်းဖြည့်၍ မည်သည့်အရာသည်သင့်အတွက် ဖြစ်နိုင် ကြောင်း၊ ဤစာပေများကို သင်၏နေအိမ်၊ သင့်ကိုယ်ပိုင်နေရာတွင်စနစ် ကျစွာသမ္မာကျမ်းစာလေ့လာ၍ဖြည့်စွက်ပေးပါ။ဘုရားသခင်ကောင်းချီးပေးပါစေ။

## လေ့လာမှု(၁) ထာဝရဘုရားသခင်

### ၁.၁ ထာဝရဘု ရားသခင်၏တည်ရှိမှု

ယုံကြည်ခြင်းမရှိလျှင်ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်၊ အကြောင်းမူကားဘုရားသခင်အထံတော်သို့ချဉ်းကပ်သော သူသည်ဘုရားသခင်ရှိ တော်မူ သည်ကိုလည်းကောင်း၊ ကိုယ်တော်ကိုရှာသောသူအား အကျိုးပေးသည်ကို လည်းကောင်းယုံကြည်ရမည်။ (ဟေဗြဲ ၁၁း၆) ဤလေ့လာမှု၏ အဓိကဦးတည်ချက်မှာပထမဦးဆုံးအနေဖြင့် ဘုရားသခင်ရှိသည်ဟု ယုံကြည်ပြီး ဘုရား သခင်ထံသို့လာလိုသောသူများအားကူညီရန်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏ တည်ရှိမှုအပေါ်တွင် ယုံကြည်မှုကို ခိုင်မာစေသောသက်သေ ပြချက်နှင့်ကျွန်ုပ်တို့မစပ်ဆိုင်ပေ၊ အစိတ်အပိုင်းပေါင်းမြောက်မြားစွာနှင့် ဖွဲ့စည်း ထားသောကျွန်ုပ်တို့၏ခန္ဓာကိုယ်များကိုစစ်ဆေးကြည့်လျှင်(ဆာ ၁၃၉း၁၄)၊ ပန်းပွင့်တစ်ပွင့်တွင် ဒီဇိုင်းဖော်ထားသောသက်သေပြမှု၊ ရှင်းလင်းသော ညတစ် ည၏ကျယ်ပြန့်သောဟင်းလင်းပြင်အတွင်းသို့ ရှုမျှော်ကြည့်လျှင် ထိုမရေ မတွက်နိုင်သောဘဝ၏ အခြားသတိပြုဖွယ်ရာ ရောင်ပြန်ဟပ်မှုများသည် ထာဝရ ဘုရားသခင်ရှိသည်ဟုမယုံကြည်မှုကို သေချာပေါက်မယုံကြည်မှုဖြစ်စေသည်။ ထာဝရဘုရားသခင်မရှိကြောင်း ယုံကြည်ရန် အတွက်ဘုရားသခင်ရှိကြောင်း ယုံကြည်ရန်ထက်ပိုမိုသော ယုံကြည် မှုရှိရန်လိုအပ်သည်။ ဘုရားသခင်မရှိဘဲ အမိန့် တော်မရှိ၊ အကြောင်းရင်းခံသို့မဟုတ်စကြဝဠာအတွင်း အဆုံးစွန်သောရှင်းလင်း မှုမရှိပေ၊ သို့ဖြစ်ရာ ယင်းမှာဘုရားသခင်ရှိသည်ဟု မယုံကြည်သူများ၏ဘဝ အတွင်း ရောင်ပြန် ဟပ်လိမ့်မည် ဖြစ်သည်။ယင်းကိုစိတ်ထဲတွင်ထားကာကြည့် လျှင် လူသားတို့၏ အဓိကအပိုင်းတွင်ရုပ်ဝါဒက လူအများ၏ဘဝ၏ ကိုး ကွယ်ရာ အဖြစ် လွှမ်းမိုးနေသော အဖွဲ့ အစည်းများတွင် မောရှေထာဝရဘုရား သခင်တွင်ယုံကြည်မှုအတိုင်းအတာတစ်ခုအထိ ရှိနေခြင်းမှာအံ့သြဘွယ်ရာ မဟုတ်ပေ။

သို့ရာတွင်အဆင့်မြင့်စွမ်းအားရှိသည်ဟုတိကျရေရာ၍နားမလည် နိုင်သောအတွေးနှင့်ထာဝရဘုရားသခင်အားသစ္စာရှိ သောလုပ်ဆောင်ချက် အတွက် ဘုရားသခင်ကမည်သည့်အရာကိုပြန်လည်ပေးမည်ဟုအမှန်တကယ် သေချာသူများအကြား ကျယ်ပြန့်သောခြားနားချက်တစ်ခုရှိသည်။ (ဟေဗြဲ ၁၁း၆)ကဤအချက်ကို ဖော်ထုတ်ပေးသည်ကျွန်ုပ်တို့အနေဖြင့် ထာဝရ ဘုရားသခင်ရှိကြောင်း**နှင့်**ထာဝရဘုရားအားတစိုက်မတ်မတ် ရှာသူများအား အကျိုးကျေးဇူးတုန့်ပြန်ပေးသူ ဖြစ်ကြောင်းယုံကြည်ရမည် သမ္မာ ကျမ်းစာတွင်ပါဝင်သော အကြောင်းအချက်အများစုတို့မှာထာဝရဘုရား၏လူများဖြစ် သောအစ္စရေး၏သမိုင်းကြောင်းကြောင့်ဖြစ်သည်။ တစ်ဖန် သူတို့၏ ထာဝရ ဘုရားသခင်ဖြစ်တည်မှုကိုလက်ခံမှုမှာဘုရားသခင်၏ကတိစကားတွင် သူတို့၏ ယုံကြည်မှု အားဖြင့်တိုင်းတာမှုမပြုလုပ်သောအချက်ဖြစ်သည်။ ထာဝရဘုရားသည်အတွက်ကောင်းကင်ပေါ်၊ အောက်အရပ်မြေကြီးပေါ်မှာ ဘုရားသခင် ဖြစ်တော်မူကြောင်းကိုလည်းကောင်း၊ အခြားတစ်ပါးသော ဘုရားမရှိကြောင်းကို လည်းကောင်း၊ ယနေ့သိမှတ်၍ နှလုံးခြင်းသိကြလော့၊ သင်တို့နှင့်တကွသားမြေးတို့သည်ချမ်းသာရခြင်းငှာလည်းကောင်း၊ သင်တို့၏ဘုရားသခင် ထာဝရဘုရား ပေးတော်မူသောပြည်၌အသက်တာရှည်စေခြင်းငှာလည်းကောင်း၊ ယနေ့ငါမှာထားသော ပညတ်တရားတော်တို့ကိုစောင့်ရှောက်ကြ ရမည်ဟုသူတို့၏ခေါင်းဆောင်မောရှေကဟောပြောလေသည်။ (တရား ၄း၃၉၊၄၀)

တူညီသောအချက်ကိုဖော်ညွှန်းထားပြန်သည်။ ကျွန်ုပ်တို့၏အတွင်းထာဝရဘုရားရှိသည်ဟူသောအသိမှာဘုရားသခင်အား အလိုအလျောက် ထောက်ခံကြောင်းမဆိုလိုပေ၊ အကယ်၍ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့တွင် ဖန်ဆင်းရှင်တစ်ဦးအမှန်တကယ်ရှိကြောင်း အပြင်ထက် သဘောတူကြလျှင်ကျွန်ုပ်တို့ကသူ၏ ပညတ်တော်တရားများကို ထိမ်းသိမ်းစောင့်ရှောက် လိုက်နာကြရမည်ဖြစ်သည်။ ထိုအချက်မှာထိုပညတ်တော်များသည် မည် သည့် အရာများဖြစ်သည်၊ ၎င်းတို့ကိုမည်ကဲ့သို့ ထိမ်းသိမ်းရမည်ကို ရှင်းပြရန်မှာ၊ ဤလေ့လာမှုများ၏ အဓိကအကြောင်းရင်းဖြစ်သည်။ ယင်းကိုဆောင်ရွက် ရန်ကျွန်ုပ်တို့အနေဖြင့် သဒ္ဒါကျမ်းစာကိုလေ့လာစူးစမ်းရှာဖွေသည်နှင့်အမျှ ဘုရားသခင်တည်ရှိနေကြောင်းကျွန်ုပ်တို့၏ ယုံကြည်မှုမှာလည်း ပို၍အားကောင်းလာစေမည်ဖြစ်သည်။

ယုံကြည်ခြင်းသည်ကြားနာခြင်းအားဖြင့်ဖြစ်၏၊ ကြားနာခြင်းသည် လည်းဘုရားသခင်၏စကားတော်အားဖြင့်ဖြစ်၏။ (ရော ၁၀း၁၇)

အလားတူပင်(ဟေရှာ ၄၉း၉၇၁၂)ကအနာဂါတ်နှင့်ပတ်သက်၍ ကျွန်ုပ်တို့ အားသိရှိနားလည်စေသော ဘုရားသခင်၏ ဟောပြောချက်များကို မည်ကဲ့သို့ နားလည်သဘောပေါက်မှုကို ဖော်ပြထားသည်။ သင်တို့သည်ငါ၏ သက်သေ ဖြစ်ကြ၏ (ဟေရှာ ၄၃း၁၃) ဘုရားသခင်ကလည်း ငါဖြစ်သည်အတိုင်းငါဖြစ်၏ ဟူ၍လည်းကောင်း၊ ငါဖြစ်သည်ဟုအမည်ရှိသော သူသည်ငါကိုသင်တို့ရှိရာ သို့ စေလွှတ်တော်မူပြီဟူသော အချက်မှာ လုံးဝမှန်ကန်သည်(ထွ ၃း၁၄) တမန်တော်ပေါလသည်ယွှုအခါမြောက်ပိုင်းဂရိနိုင်ငံတွင်တည်ရှိ သော(မေရိမြို့) **Berea** မြို့သို့လာရောက်ခဲ့သည်။ လုပ်ရိုးလုပ်စဉ်အတိုင်း သူကထာဝရ ဘုရား သခင်၏ကောင်းချီးသတင်းများကို ဟောပြောခဲ့သည်။ သို့ရာတွင် ပေါလ၏ စကားကိုလက်ခံရမည့်အစားသူတို့သည် တရားစကားများ (ထာဝရဘုရား၏ တရားပေါလ၏ စကားကိုမလုပ်ကိုအလွန်ကြည်ညိုသော စေတနာစိတ်နှင့် နှုတ်ကပတ်တော်တရားတော်ကိုခံယူ၍မှန်သည်မမှန်သည်ကိုသိခြင်းငှာ ကျမ်းစာကိုနေ့တိုင်းအစဉ်စေ့စေ့ကြည့်ရှုကြ၏။ ထို့ကြောင့်လူအများတို့သည် ယုံကြည်ခြင်းသို့ရောက်ကြ၏။(တ၁၇း၁၁၊၁၂) သူတို့၏ ယုံကြည်မှုများသည် သူတို့၏စိတ်ခါတ်ပွင့်လင်းမှု၊ ပုံမှန်နေ့စဉ်စနစ်တကျ သမ္မာကျမ်းစာကို ရှာဖွေလေ့လာမှုတို့ကြောင့်ဖြစ်သည်။ သို့ဖြစ်ရာမှန်ကန်သော ယုံကြည်မှု တစ်ခုရရှိခြင်းမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ဆက်စပ်မှုမရှိသော စိတ်ပိုင်းဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုအားဖြင့် ဘုရားသခင်က ၄င်းတို့ယုံကြည် စေရန် ရုတ်တရက်ဆောင်ရွက်မှုကြောင့်မဟုတ်ပေ၊ သို့ကြောင့် **Billy Craham** ဘာသာရေး စစ်ပုံအတွင်းသို့ကနာလူများက မည်ကဲ့သို့ဝင်ရောက်မည် သို့မဟုတ် ယုံကြည်မှုများအဖြစ် **Penteeostal** ပြန်လည်ရှင်သန်မှု တွေ့ဆုံပွဲမှ တစ်ဖန် ပြန်ထွက်မှုကိုမည်ကဲ့သို့ဆောင်ရွက်ကြပါမည်လဲ၊ သမ္မာကျမ်းစာကို မရ၍မည်မျှနေ့စဉ်ရှာဖွေမှုကထိုဖြစ်ရပ်များကို မည်ကဲ့သို့ပြီးမြောက်စေသလဲ၊ သမ္မာကျမ်းစာပေါ်တွင်အခြေခံသော ယုံကြည်မှုမရှိခြင်းက နောက်ပိုင်း ခရစ်ယာန် အတွေ့အကြုံများတွင် တွေ့ရှိမှုကပြောင်းလဲမှုကိုဟာကွက်ဖြစ်စေပြီး၊ အဘယ် ကြောင့် လူများစွာတို့က သမ္မာကျမ်းစာသင်ကြားမှုလုပ်ငန်းများမှထွက်ခွာသွား ကြသည်ကိုဖော်ပြလျက်ရှိသည်။

ဤလေ့လာမှု၏အဓိကမှာသင်ကိုယ်တိုင်ယုံကြည်မှုရှိနိုင်ရန်အတွက် သမ္မာကျမ်းစာအားသင်ကိုယ်တိုင်စနစ်တကျရှာဖွေ လေ့လာမှုအတွက်စနစ် တကျပုံစံတစ်ခုဖြည့်ဆည်းပေးနိုင်ရန်ဖြစ်ပါသည်။ မှန်ကန်သောကောင်းချီး သတင်းကိုကြားနာမှုနှင့် မှန်ကန် သောယုံကြည်မှုတစ်ခုအကြား ဆက်သွယ်မှု မှာမကြာခဏပင်သမ္မာကျမ်းစာ ကောင်းချီးသတင်း ဟောပြောချက်များ၏ မှတ်တမ်းကို အလေးအနက်ထားစေလျက်ရှိသည်။

ကရိပ္ပုအမည်ရှိသော တရားစရပ်မှူးသည် မိမိအိမ်သူအိမ်သား အပေါင်း တို့နှင့်တကွဘုရားသခင်ကိုယုံကြည်လေ၏၊ ကောရိန္သုပြည်သားအများတို့ လည်းယုံကြည်၍ဝတ္တိဇံကိုခံကြ၏။ (တ ၁၈း၈)

ကောင်းချီးသတင်း၏နှုတ်ကပတ်တော်ကိုကြားနာရသော လူတို့သည် ယုံကြည်မှုရရှိကြသည်။ (တ ၁၅း၇)

ကျွန်ုပ်တို့ဟောပြောကြသည်ကိုသင်တို့သည်လည်းယုံကြည်ခဲ့ကြသည်။ (၁ကော ၁၅း၁၁)

မျိုးစေ့သည်ဘုရားသခင်၏တရားစကားဖြစ်သည်(လု ၈း၁၁)။ မုံညင်းစေ့ပင်သည်ယုံကြည်မှုဖြစ်သည်(လု ၁၇း၆)။ ယုံကြည်မှု သည်ယုံကြည်မှု နှုတ်ကပတ်တော်ကိုလက်ခံခြင်းမှလာသည်ဟုမြင်ရသည်(ရော ၁၀း၈)။ ယုံကြည်ချက်စကားကိုယ်တိုင်ရှာဖွေလေ့ကျင့်သော သမ္မာဩဝါဒစကားနှင့် မွေးမြူခြင်းကိုခံသောယေရှုခရစ်၏ဓမ္မဆရာကောင်းဖြစ်လိမ့်မည်။(၁တိ ၄း၆) ဘုရားသခင်နှင့်သူ၏ နှုတ်ကပတ်တော်တွင်ယုံကြည်မှုကို နှလုံးသားအထိ တိုးဝင်ဖွင့်ထားပေသည်။(ဂလာ ၂း၂၊ဟေဗြဲ ၄း၂)

သင်တို့သည်ယုံကြည်မည့်အကြောင်းသူပြောသော စကားမှန်သည် ကိုသူသိ၏ဟုတမန်တော်နှင့်ယောဟန်ကကျွန်ုပ်တို့ ဘုရားရှင်၏ စာဖြင့် ရေးသားထားသောမှတ်တမ်းကိုဟောပြောသည်။(ယော ၁၉း၃၅) ဘုရားရှင်၏ နှုတ်ကပတ်တော်သည်သမ္မာတရားဖြစ်ပါ၏။(ယော ၁၇း၁၇) ထိုအမှန် တရားကိုကျွန်ုပ်တို့ယုံကြည်ရမည်။

## ၁-၂ထာဝရဘုရားသခင်၏ ကိုယ်ရည်ကိုယ်သွေး

ထာဝရဘုရားသခင်ကိုအမှန်တကယ်ရှိသောရုပ်ခန္ဓာဖြင့်ဖြစ် တည်ခဲ့သော လူတစ်ဦးအဖြစ်သမ္မာကျမ်းစာ၏ဖော်ညွှန်းချက် မှာထူးဆန်းဂုဏ်ယူဖွယ် တစ်ခုဖြစ်ပါသည်။ ယေရှုသည်ဘုရားသခင်၏ သားတော်ဖြစ်သည်ဟုဆိုခြင်းမှာ ခရစ်ယာန်ဘာသာဝင်တိုင်း ၏အခြေခံယုံကြည်မှုတစ်ခုဖြစ်ပါသည်။ အကယ်၍

ဘုရားသခင်သည်ရုပ်ခန္ဓာ ဖြင့်တည်ရှိသော သက်ရှိတစ်ဦးမဟုတ်လျှင် ဘုရားရှင ် ၏ လူပုံရိပ်မဟုတ်သော သားတစ်ယောက်ရှိရန်မှာ မဖြစ်နိုင်ပေ။(ဟေဗြဲ ၁း၃) ထို့အပြင်အကယ်၍ဘုရားသခင်သည်ကျွန်ုပ်တို့၏စိတ်ထဲမှ သဘောတရား တစ်ခုမျှသာ ဖြစ်ပါကဟင်းလင်းပြင်၏ဘာမျှမရှိသော နေရာထဲမှ ဝိညာဉ်တော် တစ်ခုသာ ဖြစ်ပါက ဘုရားရှင်နှင့်ပုဂ္ဂိုလ်ရေး ဆိုင်ရာ သက်ရှိဆက်နွယ်မှု အတွက် ခက်ခဲစေလိမ့်မည်။ ဘာသာရေး၏အဓိကတွင်ဘုရားသခင်နှင့် ပတ်သက်၍ တကယ်မရှိမှုသဘော တရားမှာ ဝမ်းနည်းဘွယ်ရာ တစ်ခုဖြစ်သည်။

ထာဝရဘုရားသခင်သည်ကျွန်ုပ်တို့ထက်အတိုင်းအဆမရှိ ကြီးကျယ် မြင့်မြတ်သော သူဖြစ်သဖြင့်အဆုံးစွန်အားဖြင့်ကျွန်ုပ်တို့က ဘုရားသခင် အားဖြင့်နိုင်မည့်ရှင်းလင်းသော ကတိစကားပေါ်တွင် သက်ဝင်ယုံကြည်မှုကို လူများစွာတို့ကနားလည်နိုင်သည်။ အစ္စရေး တို့ကဘုရားသခင်၏ ပုံသဏ္ဍာန်ကို ပြင်ရန်ယုံကြည်မှုမရှိကြ၊ (ယော ၅း၃၇)ယင်းအချက်မှာ ဘုရားသခင်တွင် အမှန်တကယ်ပုံသဏ္ဍာန် မရှိဟူသော အချက်ကိုထင်ရှားစွာ ဖေါ် ပြလျက်ရှိသည်။ ယင်းကဲ့သို့ယုံကြည်မှုမှာ ဘုရားသခင်ကိုနားလည်ခြင်းနှင့်ဘုရားသခင်၏ နှုတ်ကပတ်တော် ကိုယုံကြည်မှုမှ ရရှိနိုင်သည်။

**စိတ်နှလုံးဖြူစင်သော သူတို့သည်မင်္ဂလာ ရှိကြ၏၊ အကြောင်းမူကား ထိုသူတို့သည်ဘုရားသခင်ကိုမြင်ကြရလတ္တံ့✡✡ (မ ၅း၈)

**ဘုရားသခင်၏အစေခံများသည်သူကိုပြုစုလိမ့်မည်၊ သူတို့ကသူ၏ မျက်နှာ တော် ကိုမြင်ရလိမ့်မည်၊သူ့အမည်ကိုသိကြ လိမ့်မည်၊ (ဗျာ ၃း၁၂) ဘုရားသခင်၏နာ မတော် ကိုသူတို့နဖူး၌ စာ ရေးလျက်ရှိကြမည်။✡✡ (ဗျာ ၂၂း၃၊၄)

အကယ်၍ကျွန်ုပ်တို့အနေဖြင့်ထိုအချက်ကိုမှန်ကန်စွာ ယုံကြည်လျှင် ယင်းကဲ့သို့အံ့ဩဖွယ်ရာ မျှော်လင့်ချက်မှာ ကျွန်ုပ်တို့၏ဘဝအပေါ် တွင် နက်နဲသော၊ လက်တွေ့ကျသည့်အကျိုးသက်ရောက်မှုဖြစ်စေလိမ့်မည်။

**လူအပေါင်းတို့နှင့်အသင့်အတင့်နေလျှင်ငြိမ်သက်ခြင်းကိုလည်းကောင်း၊ သန့်ရှင်းခြင်းပါရမီကိုလည်းကောင်းမီအောင်လိုက် ကြလော့၊ သန့်ရှင်းခြင်း ပါရမီ မရှိလျှင်အဘယ်သူမျှထာ ဝရဘုရားကိုမဖူးမမြင်ရ။ (ဟေဗြဲ ၁၂း၁၄)

ကောင်းကင်ဘုံကိုတိုင်တည်၍ကျိန်ဆိုလျှင်ဘုရားသခင်၏ပလ္လင်တော် ကိုလည်းကောင်း၊ ပလ္လင်တော်ပေါ် မှာထိုင်တော်မူသော သူကိုလည်းကောင်း တိုင်တည်၍ကျိန်ဆိုသတည်း၊ (မ ၂၃း၂၂)ယင်းမှာအကယ်၍ ဘုရားသခင် သည်ရုပ်ခန္ဓာ အဖြစ်တည်၍မှုမဟုတ်လျှင် အဓိပ္ပါယ်မရှိပေ။

ကိုယ်တော် ဖြစ်တည်မူသည့်အတိုင်းငါတို့သည်မြင်ကြရလတ္တံ့၊ ထိုသို့မျှော်လင့်သော သူမည်သည်ကားကိုယ်တော် သန့်ရှင်းတော် မူသည့်နည်းတူ ကိုယ်ကိုကိုယ်သန့်ရှင်းစေတတ်၏။(၁ယော ၂း၂၃)

ကောင်ကင်ဘုံနှင့်စပ်ဆိုင်သော ဖခင်နှင့်ပတ်သက်၍ဤဘဝအတွင်း ကျွန်ုပ်တို့၏နားလည်မှုမှာ မပြည့်စုံပေ၊ သို့ရာတွင်ကျွန်ုပ်တို့ ကဘုရားသခင်အား နောက်ဆုံးတွင်တွေ့ရသည် အထိဤဘဝ၏အမှောင်ထုကိုဖြတ်၍ ရှေ့သို့ မျှော်ကြည့်နိုင်ပေသည်။ ကျွန်ုပ်တို့က သူအားရုပ်ပိုင်းဆိုင်ရာ မြင်စေမှုမှာ သူ၏ပို၍ကြီးမားသော စိတ်ပိုင်းဆိုင်ရာဟောပြောမှုနှင့် နှိုင်းယှဉ်ကြည့် လိုက်သော အခါသံသယကင်းရှင်း သွားလိမ့်မည်ဖြစ်သည်။ သို့ဖြစ်ရာ လူသားတို့၏ ဒုက္ခခံစားမှုနက်ရှိုင်းမှုမှ နောက်ဆုံးနေ့တွင် သူ့အနေနှင့် ပြည့်ဝသော အတွေ့အကြုံ ရရှိမည်။ ဘုရားသခင်နှင့် လုံးဝကိုယ်တိုင် ဆက်သွယ်မှုကို ယေရှုအနေဖြင့်ရရှိလိမ့်မည်ဖြစ်သည်။

ငါအရေကုန်ပြီးမှဤကိုယ်ကိုပင်ဖျက်ဆီးသော်လည်း၊ ငါသည် ကိုယ်ခန္ဓာ၌ ဘုရားသခင်ကိုမြင်မည်ဟူ၍လည်းကောင်းငါသိ၏။ ငါဘက်၌ နေတော်မူသော ဘုရားသခင်ကိုငါမြင်မည်။ သူတစ်ပါးမြင်သည် သာ မကငါသည်ကိုယ်မျက်စိနှင့်ဖူးမြင်မည်၊ အခြားအရာနှင့် ဖူးတွေ့မည်မဟုတ်။(ယောဘ ၁၉း၂၆၊၂၇)

တမန်တော်ပေါလသည်အခြားဘဝ၏နာကျင်မှုနှင့် ဝရုန်းသုန်းကား ဖြစ်မှုမှငိုကြွေးမြည်တမ်းကာ ယျှုတွင်ငါတို့သည်မှန်အားဖြင့် ရိပ်မိလျက်သာ နေကြ၏၊ ထိုအခါမူကားမျက်မှောက်ထင်ထင်မြင်ကြရလိမ့်မည်။(၁ကော် ၁၃း၁၂)

ဘုရားသခင်အားမှန်ကန်သော နားလည်မှုမှာ သမ္မာ ကျမ်းစာ သင်ကြားမှု၏ အခြားနေရာဒေသအားလုံးတွင်မျက်စိဖွင့် ပေးသည့် သော့ချက်တစ်ခုဖြစ်သည်။ သို့ရာတွင် တစ်ဦးတစ်ယောက်ကမုသားပြောဆိုမှုမှာ အခြားသူ၏မုသားပြောဆို မှုကိုဦးဆောင်သွားလိမ့်မည်။ သို့ဖြစ်ရာ ဘုရားသခင်နှင့်ပတ်သက်၍များ ယွင်းသော သဘောထားခံယူမှုမှာ ကျမ်းစာကပေးသော အမှန်တရားကို မှုန်ဝါးစေလိမ့်မည်ဖြစ်သည်။အကယ်၍သင့်အနေဖြင့် ဘုရားသခင်ကို အမှန်တကယ် သိပါရဲ့လား?

ဟူသောမေးခွန်းပေါ်လာမည်ဖြစ်သည်။ ကျွန်ုပ်တို့ အနေဖြင့်ဘုရားသခင်နှင့်ပတ်သက်၍ကျမ်းစာသင်ကြားမှုများကိုနောက်ထပ်ရှာဖွေကြရဦးမည်ဖြစ်သည်။

## ၁-၃ဘုရားသခင်၏ အမည်နာမနှင့် ပင်ကိုယ်လက္ခဏာ

အကယ်၍ဘုရားသခင်ရှိပါက ဘုရားသခင်ကသူ့အကြောင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့အားတစ်နည်းနည်းဖြင့်ပြောပေးနိုင်ရန် တီထွင်ပြု လိမ့်မည်ဟု တွေးတောနိုင်ပေသည်။ ကျွန်ုပ်တို့အနေဖြင့် သမ္မာကျမ်းစာသည် ဘုရားသခင်၏လူသားသို့ကယ်တင်မှုဖြစ်ပြီး၊ ထိုအထဲတွင်ဘုရားသခင်၏ ပင်ကိုယ်စရိုက်ဖော်ထုတ်မှုကိုတွေ့မြင်ရပေသည်။ ဤသည်ကြောင့်ပင် ဘုရား သခင်၏နှုတ်ကပတ်တော်ကို ဘုရားသခင်၏မျိုးစေ့အဖြစ်ဖော်ပြခြင်းဖြစ်သည်။(၁ပေ ၁း၂၃)အဘယ်ကြောင့်ဆိုပေအကယ်၍ထိုအရာသည်ကျွန်ုပ်တို့၏စိတ်နှင့်ပေါင်းစပ်မှုရှိပါကဘုရားသခင်၏ပင်ကိုယ်စရိုက်ရှိသောလက်ရှိအသက် တစ်ဦးကိုကျွန်ုပ်တို့၏အတွင်းပိုင်းတွင်ဖြစ်ပေါ်စေမည်ဖြစ်သည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့ အနေဖြင့်ကျွန်ုပ်တို့ကိုယ်ကျွန်ုပ်တို့ဘုရားသခင်၏နှုတ်ကပတ်တော်ကို အသုံးပြုကာ သင်ခန်းစာယူကာကျွန်ုပ်တို့လိုက်ဖက်ညီမှုရှိလာမည်ဖြစ်သည်။(ရော ၈း ၂၉)ဘုရားသခင်၏သားတော်တွင်ဘုရားသခင်၏ ပြီးပြည့်စုံသော ပုံရိပ်ကပင်ကိုယ်လက္ခဏာကိုတွေ့ရှိရသည်။(ကော ၁း၁၅)ဤအထဲတွင် ကျမ်းစာ၏ အပိုင်းကြောင်းဆိုင်ရာအထောက်အထားလေ့လာမှု၏တန်ဖိုးကို တွေ့ရှုရသည်။ယင်းတွင်ဘုရားသခင်၏လူများ၊ အမျိုးသားများနှင့် မည်သို့ မည်ပုံ ဆက်စပ်မှုရှိသည်ကိုအပြည့်အဝတွေ့ရသည်။ အမြဲလိုပင်တူညီသော အခြေခံကျသည့်ပင်ကိုယ်စရိုက်များကိုတွေ့ရသည်။

ဟေဗြဲကျမ်းစာတွင်လူတစ်ဦးတစ်ယောက်၏အမည်သည်သူတို့၏ ပင်ကိုယ်စရိုက်ကိုမကြာခဏရောင်ပြန်ဟပ်သည်။ သို့မဟုတ် သူတို့နှင့် ပတ်သက်သော သတင်းအချက်အလက်များနှင့် ပတ်သက်၍ ရောင်ပြန်ဟပ် လေသည်။ ရှင်းလင်းသောအချက်အချို့ တို့မှာယေရှု'ကယ်တင်ရှင် -သူကသူ၏လူများကိုသူတို့၏ဒုက္ခများမှကယ်တင်တော်မူသောကြောင့်(မ ၁း၂၁)

အဗြဟံ'များစွာသောလူမျိုးတို့၏ဖခင်- ငါသည်သင့်ကိုများစွာသော လူအမျိုးမျိုးတို့၏အဘအရာ၌ ခန့်ထားပြီ

ထို့ကြောင့်ပင်ဘုရားသခင်၏အမည်များနှင့်ဘွဲ့များသည် ဘုရားသခင်နှင့်ပတ်သက်သောသတင်းအချက်အလက်များစွာ ကိုပေးလိမ့်မည်ဟု မျှော်လင့်ရပေသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ ပင်ကိုယ်စရိုက်နှင့် လက္ခဏာများ၊ များစွာရှိနေသော ကြောင့်ဖြစ်သည်။ သူတွင်အမှန်အားဖြင့် အမည်နာမတော်တစ်ခုထက်ပို၍ရှိလေသည်။ ဗတ္တိဇံခံယူပြီးနောက် ဘုရားသခင်၏အမည်နှင့် ပတ်သက်၍ အသေးစိတ်လေ့လာမှုတစ်ခု ပြုလုပ်ရန် အကြံပြုထားသည်။ သူ၏အမည်နာမထဲတွင်ဖော်ပြထားသကဲ့သို့ဘုရားသခင်၏ ပင်ကိုယ်စရိုက်နှင့်ပတ်သက်သောနောက်ထပ်လေ့လာမှုများမှာကျွန်ုပ်တို့အားလုံး၏ ဘဝကိုဘုရားသခင်ထံတွင်ထားရှိချိန်အတောအတွင်း တွင်လေ့လာသင့်သည်။ နောက်ဆက်တွဲဖြစ်ပေါ်မှုများမှာအစပျိုးအဆင့်တစ်ခုသာဖြစ်ပေသည်။ ထာဝရဘုရားသည်မောရှေရှေ့မှကြွသွားတော်မူလျက်ထာဝရဘုရား၊ ထာဝရဘုရားချစ်သနားခြင်းမေတ္တာဂရုဏာနှင့်ပြည့်စုံလျက်စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့်ကြွယ်ဝတော်မူထသော အထောင် အသောင်း များသော သူတို့အားသနားခြင်းကျေးဇူးတရားကိုစောင့်တော်မူထသော အဓမ္မကျင့်ခြင်း၊ တရားတော်ကိုကျူးလွန်ခြင်း၊ ပြစ်မှားခြင်း၊ အပြစ်ကို ဖြေလွှတ် တော်လည်း အချည်းနှီးသက်သက်ဖြေလွှတ်တော် မမူထသောသားစဉ်မြေးဆက် တတိယအသက်၊ စတုတ္ထအသက်၊တိုင်အောင်အဘတို့၏ အပြစ်ကိုသားတို့၌ ဆပ်ပေးစီရင်တော်မူသော ဘုရားသခင်ဟုကြွေးကြော်တော်မူ၏။(တွ ၃၄း၅-၇)

ယင်းအချက်မှာဘုရားသခင်၏အမည်နာမများကသူ၏ ပင်ကိုယ် စရိုက်ကို ဖော်ထုတ်ပေးသည်။ ထင်ရှားသောသက်သေပြချက် ဖြစ်သည်၊ သူ၏ထိုအရာများပိုင်ဆိုင်မှာ ဘုရားသခင်သည် ပုဂ္ဂိုလ်ဆိုင်ရာသက်ရှိဖြစ်ကြောင်းသက်သေပြလျက်ရှိပြီး၊ ကျွန်ုပ်တို့ လူသားများတွင်လည်းဖြစ်ပေါ်လေ့ရှိသော ပင်ကိုယ်စရိုက်၊ စိတ်လှုပ်ရှားမှုများကိုအကျိုးအကြောင်းပြခြင်းမှာအဓိပ္ပါယ်မရှိပေ။

ဘုရားသခင်အားသူ၏လူများကသိရှိမှတ်မိစေရန်သီးခြားအမည်၊ တစ်ခုကိုရွေးချယ်လေသည်။ ယင်းမှာလူသားများနှင့်သူ၏ တုန့်ပြန်မှုကို အကျဉ်းချုပ်ဖော်ပြချက်ဖြစ်သည်။

အစ္စရေးလူမျိုးများသည်အီဂျစ်နိုင်ငံတွင်ကျွန်များဖြစ်ခဲ့ကြပြီး ထိုလူများ နှင့်ဘုရားသခင်နှင့်ပတ်သက်သောအကြောင်းအရာ များကိုသတိပေးရန် လိုအပ်သည်။ အီဂျစ်ကိုစွန့်ခွာပြီး ကတိကဝတ်ပြုထားသော်လည်းမြေသို့ခရီး ဆက်ထွက်ခွာရန်သူတို့အားစိတ်ဓါတ်မြင့်မားစေရန်အတွက် ကူညီနိုင်စေရန် သူတို့အား ဘုရားသခင်၏အမည်ကိုပြောရန် မောရှေအား တိုက်တွန်းလေသည်။(၁ကော် ၁၀း၁) ကျွန်ုပ်တို့အနေဖြင့် ဗတ္တိဇံခံယူပြီးဘုရားသခင်၏နိုင်ငံတော် ဆီသို့ခရီးစတင်ထွက်ခွာရန် မစတင်မီဘုရားသခင်၏ အမည်နှင့်ပတ်သက်သောအခြေခံနည်းစနစ်များကိုနားလည်ရန်လည်းလိုအပ်သည်။

ထာဝရဘုရားသခင်ကအစ္စရေးတို့အားသူ၏အမည်မှာ **YAHWEH** ဖြစ်ပြီးအဓိပ္ပါယ်မှာငါဖြစ်သည့်အတိုင်းငါဖြစ်၏၊ သို့မဟုတ်ပို၍ မှန်ကန်စွာဘာသာပြန်လျှင်ငါဖြစ်မည့်သူသည်ငါဖြစ်လိမ့်မည်ဖြစ်သည်။ (ထွ ၃း၁၃-၁၅) ဤအမည်ကို အနည်းငယ်ချဲ့လျှင်ထာဝရဘုရားသခင်ကမောရှေသို့ထပ်၍ ဟောခဲ့သည်မှာသင်တို့ဘိုးဘေးများ၏ ဘုရားသခင်အာဗြဟံ၏ဘုရား၊ ဣဇာက်၏ဘုရား၊ယာကုပ်၏ဘုရားတည်းဟူသောထာဝရဘုရားသည် ငါတို့သင်တို့ ရှိရာသို့ စေလွှတ်တော်မူပြီဟုအစ္စရေးလူမျိုးကလေးငယ်များအား ဟောရမည်။ ထိုအမည်သည်အစဉ်ငါ့အမည်ဖြစ်၏၊ လူမျိုးအစဉ်အဆက် မပြတ်ငါ့ဘွဲ့ နာမဖြစ်၏။(ထွ ၃း၁၅)

ထာဝရဘုရားသခင်၏အမည်နာမအပြည့်အစုံမှာ **''The Lord God''** ဖြစ်သည်။

ဓမ္မသတ်ဟောင်းကိုအများအားဖြင့်ဟီးဗြူးစာဖြင့်ရေးသားထားပြီး၊ ဘုရားသခင်အတွက်ဟီးဗြူးစကားလုံးများကိုအသေးစိတ် ဘာသာပြန်ဆိုရာတွင် အသေးစိတ်အချက်များစွာကျန်ရစ်ခဲ့သည်။ ထာဝရဘုရားကို ဘာသာပြန် ဆိုရာတွင် အတွေ့ရအများဆုံး ဟီးဗြူးစကားလုံးများအနက်တစ်လုံးမှာ **''EI shim''**ဖြစ်ပြီး **''mighty ones'', God's memorial** ယင်းအမည်မှာ ဘုရားသခင် အနေဖြင့်သူ့အား၊ ကျွန်ုပ်တို့အားသူ့ကိုမှတ်မိစေလိုသော အမည် ဖြစ်ပေသည်။ ထို့ကြောင့်

**YAHWEH ELOHIM**

အဓိပ္ပါယ်မှာ

**HE WH0 WILL BE REVEALED IN A GROUP OF MIGHTY ONES,** ဖြစ်သည်။

အင်အားကြီးမားသောသူများ၏အုပ်စုတစ်ခုအတွင်းမှသူပေါ်ထွက်လာသည်။

ထာဝရဘုရားသခင်အနေဖြင့်သူ၏ပင်ကိုယ်လက္ခဏာနှင့် သူ၏ကြီးမားသောလူအုပ်စုတစ်ခုအတွင်းအရေးပါမှုကိုဖော်ထုတ်လိုမှုဖြစ်သည်။ သူ၏နှုတ်ကပတ်တော်ကိုလေးစားလိုက်နာခြင်းအားဖြင့်ကျွန်ုပ်တို့အနေဖြင့်ဘုရားသခင်၏ပင်ကိုယ်စရိုက် များကိုကျွန်ုပ်တို့ကိုယ်တိုင်ယခုအချိန်မှစ၍ ဖွံ့ဖြိုးတိုးတက်ဆောင်ရွက်နိုင်မည်ဖြစ်မည်။ ထိုမှသာအလွန်ကန့်သတ်သော အခြေအနေတွင် ထာဝရဘုရားသခင်အနေဖြင့်သူ၏ဤဘဝတွင်အမှန်တကယ်ယုံကြည်သူများအားဘုရားသခင်ကိုယ်တိုင်ဖော်ထုတ်လျက်ရှိသည်။ သို့ရာတွင်ဘုရားသခင်၏အမည်နာမတော်သည်ကမ္ဘာမြေကြီးတွင် ထာဝရ ဘုရားသခင်နှင့် ပင်ကိုယ်စရိုက်နှင့် သဘာဝနှစ်မျိုးစလုံးတွင်သည်မရှိအခြားသောလူများနှင့် ပြည့်နှက်လာသည့်အခါတွင်အရှိန်ကျရောက်လာမည်ဖြစ်သည်။(ရော ၂ပေ ၁း၄)အကယ်၍ကျွန်ုပ်တို့ အနေဖြင့်ဘုရားသခင်၏ ရည်မှန်းချက်နှင့် စုစည်း လိုပြီးဘုရားသခင်ကဲ့သို့နောက်ထပ်သေခြင်းတရားမရှိသည်ဖြစ်ရာ ပြီးပြည့်စုံ သော စိတ်ပိုင်းဆိုင်ရာပြည့်စုံမှုတွင်ထာဝရနေနိုင်ရန်၊ ကျွန်ုပ်တို့ကဘုရားသခင်၏ နာမတော်နှင့်အမြဲဆက်စပ်မှုရှိနေရမည်ဖြစ်သည်။ ဤအတိုင်းဆောင်ရွက်ရန်မှာ **Yuhwhe Elohin** အဖြစ်အမည်နာမအတွင်းသို့ဗတ္တိဇံခံရန်ဖြစ်လေသည်။

(မ ၂၈း၁၉)ယင်းမှာ ကျွန်ုပ်တို့အား အာဗြဟံ၏မျိုးနွယ်စစ်(မျိုးစေ့)ဖြစ်သည်။ (ဂလာ ၃း၂၇-၂၉)ဤလောကကိုအမွေခံစေမည်ဟုကတိတော်ကိုအာဗြဟံ

မှစသောသူ၏အမျိုးအနွယ်တို့သည်ပညတ်တရားအားဖြင့်ရကြသည်မဟုတ်

ယုံကြည်ခြင်း၏ဖြောင့်မတ်ခြင်းအားဖြင့်ရကြ၏။(က၁၇း၁၊ ရော ၄း၁၃) စွမ်းအားကြီးမားသူ၏ရပ်စု **(Elohin)**

တွင်ဘုရားသခင်၏ အမည်နာမ တော် ဟောပြောချက်ပြီးပြည့်စုံမှု ဖြစ်လိမ့်မည်။ ယင်းကိုလေ့လာမှု ၃.၄တွင်ပို၍ အသေး စိတ်ရှင်းပြထားပါသည်။

## ၁.၄ ကောင်းကင်တမန်တော်များ

ဤလေ့လာမှုတွင်ရှေးယခင်ကတွေးတောမှုများအားလုံးကိုစုစည်း၍ ကောင်းကင်တမန်တော်များအဖြစ်စဉ်းစားကြမည် ဖြစ်သည်။

- ရုပ်ပိုင်းဆိုင်ရာ လူပုဂ္ဂိုလ်များ
- ဘုရားသခင်၏အမည်နာမတော်သယ်ဆောင်မှု
- ဘုရားသခင်၏ဆန္ဒတော်အတိုင်းဆောင်ရွက်ရန်၊ ဘုရားသခင်၏ ဝိညာဉ်ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်မည့်လမ်းကြောင်းများ
- ဘုရားသခင်၏ပင်ကိုယ်စရိုက်နှင့်အတွင်းခံ
- ဘုရားသခင်၏အလွယ်တကူသိမြင်နားလည်လွယ်မှု

ကျွန်ုပ်တို့အနေဖြင့်လေ့လာမှု ၁.၃တွင်အတွေ့ရအများဆုံး ထာဝရဘုရားသခင်ကိုဘာသာပြန်သည့် ဟီဗြူးစကားလုံးများမှာ **"Elohin"** ဖြစ်ကြောင်းဖော်ညွှန်းခဲ့ပြီးဖြစ်သည်။ ယင်းကအင်အားကြီးမားသူများဟု ဆိုလို သည်။ ထာဝရဘုရားသခင်၏အမည်ကို သယ်လာသောအင်အားကြီးမားသူများ ကိုထိရောက်စွာ ထာဝရဘုရားသခင်ဟုခေါ်နိုင်သည်။ ယင်းမှာသူတို့၏ ဘုရား သခင်နှင့် အနီးကပ်ဆက်စပ်မှုကြောင့်ဖြစ်သည်။ ထိုသူများမှာကောင်းကင် တမန်များဖြစ်ကြသည်။

ကမ္ဘာဦးကျမ်း-၁တွင်ကမ္ဘာကြီးဖန်ဆင်းသည့်မှတ်တမ်းကဘုရား သခင် က ဖန်ဆင်းမှုနှင့်ပတ်သက်သောအမိန့်တော်များကို ဘုရားသခင်က ကျွန်ုပ်တို့အားမိန့်ကြားသည်။ ယင်းမှာပြီးဆုံးသွားပြီး၊ ထိုသူများမှာယင်း အမိန့်တော်များကိုသယ်လာသော ကောင်းကင်တမန်များဖြစ်သည်။

တန်ခိုးကြီးသောနှုတ်ကပတ်တော်အသံကိုနားထောင်လျက် အမိန့်တော် အတိုင်းဆောင်ရွက်သော ကောင်းကင်တမန်တော်တို့ ထာဝရဘုရားကို ကောင်းချီး ပေးကြလော့။(ဆာ ၁၀၃း၂၀)

ကမ္ဘာကြီးကိုဖန်ဆင်းသည့်ဘုရားသခင်နှင့်ပတ်သက်၍ဖတ်ရှု လေ့လာ သောအခါဤအလုပ်မျိုးကိုကောင်းကင်တမန်များ အားဖြင့် အမှန်တကယ် ဆောင်ရွက် လုပ်ဟု ယူဆခြင်းမှာ အကျိုးအကြောင်း ဆီလျော်ပေသည်။(ယောဘ ၃၈း၄-၇) ယ္ခုအချိန်သည် ကမ္ဘာဦးကျမ်း-၁တွင် မှတ်တမ်းတင်ထားသကဲ့သို့ ဖန်ဆင်းသည့်ဖြစ်ရပ်များကို အကျဉ်းချုံးဖော်ပြရန် အချိန်ကောင်းဖြစ်သည်။

နေ့-၁ အလင်းရောင်ရစေမည့် နေရာတွင်အလင်းရောင်ရှိသည်ဟု ထာဝရဘုရားသခင်ကဆိုသည်။ (ပ ၃)

နေ့-၂ ရေ၏အလယ်တွင်ကျယ်ပြန့်သောကောင်းကင်ပြင် တစ်ခုရှိပါစေ၊ ကောင်းကင်ပြင်ကရေကို မြေပြင်ပေါ်တွင်ခွဲခြားမှုရှိပါစေ၊ ထိုအတိုင်းဖြစ်ပါစေ။(ပ ၆.၇) ဟုဘုရားသခင်ကဆိုသည်။

နေ့-၃ကောင်းကင်ပြင်ပေါ်မှရေသည် ပင်လယ်သမုဒ္ဒယာအဖြစ် အတူ တကွ စုစည်းပါစေ၊ ခြောက်သွေ့သော်လည်းမြေပေါ်ပေါက်ပါစေထိုအတိုင်း ဖြစ်ပါစေဟုဘုရားသခင်ကဆိုသည်။(ပ ၉)

နေ့-၄ ကောင်းကင်ပြင်တွင်အလင်းရောင်ရှိပါစေ၊ ထိုအတိုင်းဖြစ်ပါစေ။(ပ ၁၄-၁၅)

နေ့-၅ ရေမရှေ့လျားနိုင်သောသတ္တဝါများစွာ သယ်ယူလာပါစေ၊ ပျံသန်းနိုင်သောငှက်များစွာ ဖြစ်ပါစေဘုရားသခင်က သက်ရှိသတ္တဝါများကို ဖန်ဆင်းပါစေ၊ ထိုအတိုင်းဖြစ်ပါစေဟုဘုရားသခင်ကဆိုသည်။(ပ ၂၀-၂၁)

နေ့-၆ ကမ္ဘာမြေကြီးမှသက်ရှိသတ္တဝါများပေါ် ပေါက်လာပါစေ၊ ကျွဲ၊ နွားများတွားသွားသတ္တဝါများ ပေါ် ပေါက်ပါစေ၊ထိုအတိုင်းဖြစ်ပါစေဟု ဘုရားသခင်ကဆိုသည်။(ပ ၂၄)

ခြောက်ရက်မြောက်နေ့တွင်ပင်လူကိုဖန်ဆင်းခဲ့သည်။ ငါတို့ပုံသဏ္ဍာန်နှင့်တညီတသဏ္ဍာန်တည်းဟူကိုဖန်ဆင်းကြစို့ဟု ဘုရားသခင်က ဆိုသည်။(က ၁း၂၆)ကျွန်ုပ်တို့အနေဖြင့် ဤအချက်ကို လေ့လာမှု အပိုဒ်-၁.၂ တွင်လေ့လာခဲ့ပြီးပြီ၊လက်ရှိအခြေအနေနှင့် ဤနေရာတွင်ဖော်ပြသည့်ဘုရားသခင် မှာလူပုဂ္ဂိုလ်အနေဖြင့်ရှိသောဘုရားသခင်ကိုယ်တိုင်ကိုရည်ညွှန်းရုံမျှမဟုတ်သည်ကို ကျွန်ုပ်တို့ကမှတ်သားလိုကြသည်။ လူဖြစ်ပါစေဟူသော အချက်တွင် ဘုရား သခင်က လူတစ်ဦးတစ်ယောက်ထက်ပိုသောလူများကို ရည်ညွှန်းခြင်းဖြစ်သည်။

ဘုရားသခင်ကိုဘာသာပြန်သော ဟီဗြူးစကားလုံးမှာ **Elohim** ဖြစ်ပြီး၊ အင်အားကြီးမားသောလူများဟု ကောင်းကင်တမန်များကို ရည်ညွှန်း၍ ဆိုလေသည်။ ကောင်းကင်တမန်များကသူတို့၏ ပုံရိပ်ထဲတွင်ကျွန်ုပ်တို့အား ဖန်တီးသည်ဟု ဆိုခြင်းမှာသူတို့နှင့်လည်း ကျွန်ုပ်တို့တွင်ရှိသော ရုပ်ခန္ဓာ ရှိသည်ဟုဆိုလိုသည်။ ထို့ကြောင့်သူတို့သည်လည်း အမှန်တကယ် ရုပ်လုံး ရှိသော ဘုရားသခင်ကဲ့သို့တူညီသောသဘာဝကို မျှဝေခံစားသော သူများ ဖြစ်ပေသည်။

⁎⁎သဘာဝ✡✡ ကို ဤနေရာတွင်လူတို့၏ရုပ်ပိုင်းဆိုင်ရာအသွင်အပြင် အားဖြင့်မည်သည်နှင့်အခြေခံကျကျ တူညီသည်ကို ညွှန်းဆိုခြင်းဖြစ်သည်။ သမ္မာကျမ်းစာထဲတွင်သဘာဝနှစ်ခုရှိသည်။ စကားလုံး၏ အဓိပ္ပါယ်ဖွင့်ဆိုချက် အရထိုသဘာဝနှစ်ခုကို တစ်ပြိုင်နက်တည်းရှိစေရန်မှာမဖြစ်နိုင်ပေ။

## ဘုရားသခင်၏သဘာဝ(ဘုရားဂုဏ်တော်၏သဘာဝ)

မကောင်းသောအရာသည်ဘုရားသခင်ကိုသွေးမဆောင်နိုင်၊ ပြီးပြည့် စုံသောသူဖြစ်သည်။ (ရော ၉း၁၄၊ ၆း၂၃၊ **Cp m** ၉ဝး၂၊ မ ၅း၄၈၊ ယာ ၁း၁၃)

ဘုရားသခင်သည်မသေနိုင်-သေခြင်းကင်း၏(၁တိ ၆း၁၆)

ဘုရားသခင်တွင်ဘုန်းတော်နှင့်တန်ခိုးအားအပြည့်ရှိသူဖြစ်သည်။ (ဟေရှာ ၄ဝး၂၈)

ယင်းမှာထာဝရဘုရားသခင်နှင့်ကောင်းကင်တမန်တော်များ၏ သဘာဝ ဖြစ်ပြီး ယေရှုအားသူ၏ရှင်သန်ထမြောက်ချိန်တွင် ထိုသဘာဝကိုပေးလိုက်သည်။(တ ၁၃း၃၄၊ ဗျာ ၁း၁၈၊ ဟေဗြဲ ၁း၃)ယင်းမှာကျွန်ုပ်တို့ ကတိပြုထားသော သဘာဝဖြစ်သည်။ (လု၂ဝး၃၅၊၃၆၊ ၂ပေ ၁း၄၊ ဟေရှာ ၄ဝး၂၈၊ **Cp v** ၁၁)

## လူသား သဘာဝ

အပြစ်သွေးဆောင်ခြင်းကိုခံရသည်၊ (ယာ ၁း၁၃-၁၅)ယင်းမှာ ယိုယွင်းသော သဘာဝစိတ်အားဖြင့်ဖြစ်၏။ (ယေ ၁၇း၉၊ မာ ၇း၂၁-၂၃)

အပြစ်မရှိသောကြောင့်သေခြင်းသို့ရောက်၏။(ရော ၅း၁၂၊၁၇၊ ၁ကော ၁၅း၂၂)

ရုပ်ပိုင်း(ဟေရှာ ၄ဝး၃ဝ)နှင့်စိတ်ပိုင်း(ယေ ၁ဝး၂၃) နှစ်မျိုးစလုံးတွင် အလွန်ကန့်သတ်သောအင်အားရှိသည်။

ဤနေရာမှလူကောင်း၊ လူဆိုးအားလုံးယခုအခါ ပိုင်ဆိုင်နေကြသော သဘာဝဖြစ်သည်။ ထိုသဘာဝ၏အဆုံးစွန်အခြေအနေမှာ သေခြင်းတရား ဖြစ်သည်။(ရော ၆း၂၃) ထိုအခြေမှာယေရှုအနေဖြင့် သူ၏သေခြင်းဘဝကို ပိုင်ဆိုင်ခဲ့စဉ်က ရှိခဲ့သောသဘာဝဖြစ်သည်။ (ဟေဗြဲ ၂း၁၄-၁၈၊ ရော ၈း၃၊ ယော ၂း၂၅၊ မာ ၁ဝး၁၈) အင်္ဂလိပ်စကားလုံး **nature** မှာအတော် ထင်ရှားမှု မရှိသဖြင့် မဆီမလျော် ပေ။ ယင်းကိုကျွန်ုပ်တို့အနေဖြင့် **John** ဟာ ရက်ရောတဲ့ သဘာဝရှိသူတစ်ဦးဖြစ်တယ်၊ဤစာကြောင်းမျိုးမှာရေးနိုင်တယ်။

အလယ်အလတ်ဖြစ်ဖို့သူ့ရဲ့သဘာဝကမဖြစ်နိုင်၊ ဒါပေမယ့် သူက သူအားနဲ့ပတ်သက်ပြီးအတော်ဂုဏ်ယူနိုင်တယ်၊ ဒါကလူသား တွေရဲ့ သဘာဝ ပဲဖြစ်တယ်လို့ကျွန်တော်ထင်တယ်။ ဒါတွေကဤလေ့လာမှုများတွင် **nature** ဟူသောစကားလုံးကိုမည်ကဲ့သို့အသုံးပြု မည်ကိုဆိုလိုရင်းမဟုတ်ပါ။

## ကောင်းကင်တမန်တော်ဆိုင်ရာအသွင်အပြင်များ

ကောင်းကင်တမန်တွေဟာဘုရားသခင်ရဲ့သဘာဝဖြစ်လို့ သူတို့မှာ ဒုက္ခ ရောက်မှုဆိုတာမရှိရဘူး၊မသေနိုင်ဘူး၊ ဒုက္ခအပြစ်ကြောင့် သေစေနိုင်တာကို မြင်တွေ့ရမယ်၊ (ရော ၆း၂၃)၊ သူတို့မှာရုပ်ပိုင်းဆိုင်ရာပုံ သဏ္ဍာန်တည်ရှိမှုရှိရမယ်၊ ဒါကြောင့် ကောင်းကင်တမန်တော်တွေ ကမ္ဘာမြေ ပေါ် မှာပေါ်လာတဲ့အခါ သူတို့ဟာသာမန်လူတွေနဲ့ တူညီနေကြတာ ဖြစ်တယ်။

ကောင်းကင်တမန်တော်တွေဟာဘုရားသခင်ရဲ့ နှုတ်ကပတ်တော်တွေကို သူတို့ ပြောဘို့အာဗြဟံဆီကိုလာကြ၏၊နဂိုကတည်းက အာဗြဟံကို လူသား အဖြစ်ပြုမူကြပြီး ထိုအချက်မှာသူတို့၏အသွင်အပြင်ဖြစ်သည်။ရေအနည်းငယ်ကို ယူခဲ့ပါရစေ၊ ခြေကိုဆေးပြီးလျှင် သစ်ပင်အောက်၌ လျောင်းနေကြလော့။(က ၁၈း၄)

ကောင်းကင်တမန်နှစ်ပါးတို့သည်သောဒုံ(**Sodom**) မြို့မှလောကထံသို့ သွားကြသည်။ တဖန်သူတို့ကိုလောကနှင့်သောဒုံ မြို့သားများနှစ်မျိုးစလုံးက လူများအဖြစ်သာအသိအမှတ်ပြုခဲ့ကြသည်။ သောဒုံမြို့သို့ ကောင်းကင်တမန် တော်နှစ်ပါးရောက်လာကြသည်။ ၎င်းတို့အားလောက ကသူနှင့်အတူထို ညအိပ်ရန်ဖိတ်ကြားလိုက်သည်။ သို့ရာ၌ သောဒုံမြို့သားများက သူ၏အိမ်သို့ ရောက်ကာ ခြိမ်းခြောက်လျက်❋❋ဤညသင်၏ အိမ်သို့လာကြသူများအဘယ်မှာ နည်းဟုမေးလိုက်သည်။☼☼ ထိုလူများကဘာမျှမလုပ်ကြပါဟုလောက ကနှစ်သိမ့် စကားဆိုခဲ့သည်။ မှတ်တမ်းများအရသူတို့ကို ❋❋လူများ☼☼ဟုလည်း ခေါ်ကြသည်။ ထိုလူများ (ကောင်းကင်တမန်များ)သည်သူတို့၏ လက်များကို ရှေ့သို့ဆန့်တန်း၍လောကကိုကယ်တင်ခဲ့ကြသည်။ ထိုလူများကလောကကို ဘုရားသခင်က သောဒုံမြို့ကိုဖျက်ဆီးရန်ကျွန်ုပ်တို့အား စေလွှတ်လိုက်သည်ဟုဆိုသည်။(က ၁၉း၁၊ ၅း၈၊ ၁၀၊၁၂၊၁၃)

ထိုအဖြစ်အပျက်များပေါ် မှမွေသတ်ကျမ်းအသစ်ကကောင်းကင် တမန် တော်များသည် လူများ၏ပုံသဏ္ဍာန်ရှိကြောင်း အတည်ပြုထားသည်။ သူစိမ်း များကို ဧည့်ခံရန်မမေ့မလျော့ကြနှင့်၊ အချို့ကကောင်းကင်တမန်များကိုမသိပေ လူစိမ်းများအသွင် ဧည့်ခံတတ်ကြသည်။(ဟေဗြဲ ၁၃း၂)

- ယာကုပ်သည်တစ်ဦးတည်းတစ်ညလုံးလူစိမ်းတစ်ဦးနှင့် လုံးထွေး နေခဲ့သည်(က ၃၂း၂၄)၊ နောက်ပိုင်းတွင်ထိုသူသည် ကောင်းကင်တမန် တော်တစ်ဦးဖြစ်သည်ဟုသိရသည်။(ဟော ၁၂း၄)
- သူတို့သည်တွေးတောသောစိတ်ရှိနေစဉ်တွင် လူနှစ်ယောက်တို့သည် ပြိုးပြိုးပြက်ပြက်သောအဝတ်ကိုဝတ်ဆင်လျက် (လု၂၄း၄) ခရစ်တော် ရှင်သန်ထမြောက်လာချိန်တွင်ပေါ် လာသည်။(တ ၁း၁၀)၊ ထိုလူများ သည်ကောင်းကင်တမန်တော် များဖြစ်ကြသည်။
- လူတစ်ဦး၏တိုင်းတာမှုကို ကောင်းကင်တမန်၏တိုင်းတာမှုတွင် အသုံးပြုသည်ကိုစဉ်းစားကြည့်ပါ။ (ဗျာ ၂၁း၁၇)

**ကောင်းကင်တမန်များသည်ဒုက္ခမခံစားကြရ**

ကောင်းကင်တမန်များသည်ထာဝရဘုရားသခင်၏ သဘာဝအတိုင်း ဖြစ်၍မသေနိုင်ကြ၊ အပြစ်ကြောင့်သေခြင်းတရား ဖြစ်ပေါ်မှုကိုကြည့်လျှင် သူတို့ သည်ဒုက္ခမခံစားကြရ မူလဂရိနှင့်ဟီးဗြူးစကားလုံးများက **''Gnfel''** ကို **messaper** ဟု အဓိပ္ပါယ် ပြန်ဆိုထားသည်။ ကောင်းကင်တမန်များသည် ဘုရားသခင်ကိုလေးစားပြီး ဘုရားသခင်၏ သတင်းပို့သူများ အစေခံများ ဖြစ်ကြသည်။ ထို့ကြောင့်ဒုက္ခဖြစ်နေသူအဖြစ်တွေးတော ရန်မဖြစ်နိုင်ပေ။ သို့ဖြစ်ရာ **Angels** ဟု ဘာသာပြန်ဆိုနိုင်သော **''aggelos''**ကို **''messenper''** ဟုလည်း၊ လူသားများနှင့်ဆက်သွယ်ပြောဆိုသောအခါ ဘာသာပြန်ဆိုသည်။ ဥပမာ ဗတ္တိဇံသောရှင်ယောဟန်၏ (မ၁၁း၁၀) နှင့်သူ၏ သတင်းသယ်ယူသူများ (လု ၇း၂၄)ယေရှု၏သတင်းပေးပို့သူ (လု ၉း၅၂)၊ **Jericho** ကိုထောက်လှမ်းသူများ (ယာ ၂း၂၅) သို့ဖြစ်ရာ လူသား သတင်း ပို့သူများအဖြစ်ရှိသော ကောင်းကင်တမန်တော်များတွင် ဒုက္ခခံစားမှုရှိနိုင်သည်။

အောက်ပါစာပိုဒ်များသည်ကောင်းကင်တမန်တော်များအားလုံးသည် သဘာဝအားဖြင့်ထာဝရဘုရားသခင်အား လေးစားသူများ ဖြစ်ကြ၍ ဒုက္ခခံစားမှု မရှိနိုင်ကြကြောင်းရှင်းလင်းစွာ ပြဆိုထားသည်။

ထာဝရဘုရားသည်ပလ္လင်တော်ကိုကောင်းကင်ဘုံ၌ တည်တော်မူ၍ အာဏာတော်သည်ခပ်သိမ်းသောအရပ်တို့ကိုနှံ့ပြားစေ၏။ တန်ခိုးကြီး၍ နှုတ်က ပတ်တော်၏အသံကိုနားထောင်လျက်အမိန့်တော်အတိုင်းဆောင်ရွက်သော ကောင်းကင်တမန်တော်တို့ထာဝရဘုရား ကိုကောင်းချီးပေးကြလော့၊ အလိုတော်သို့လိုက်သောအမှုတော်ထမ်းကောင်းကင်ဗိုလ်ခြေတော်အပေါင်းတို့ ထာဝရဘုရားကို ကောင်းချီး ပေးကြလော့။(ဆာ ၁၀၃း၁၉-၂၁)

❋❋ကောင်းကင်တမန်အပေါင်းတို့ ထာဝရဘုရားကို ချီးမွမ်းကြလော့၊ ကောင်းကင်ဗိုလ်ခြေအပေါင်းတို့ချီးမွမ်းကြလော့။☼☼ (ဆာ၁၄၈း၂)

ကောင်းကင်တမန်တော်များသည် အားလုံးအုပ်စိုးသော ဝိညာဉ်တော်များ မဟုတ်သလော၊ သူတို့ကိုကယ်တင်မှု၏ အမွေဆက်ခံ သူများဖြစ်ကြမည့် ယုံကြည်သူများအတွက် အုပ်စိုးရန် စေလွှတ်သလော။ (ဟေဗြဲ ၁း၁၃၊၁၄)

**''all''** ဟူသောစကားလုံးကိုထပ်ကာတလဲလဲသုံးခြင်းမှာ ကောင်းကင်တမန်တော်များကိုအကောင်းနှင့်အဆိုးဟူ၍အုပ်စုနှစ်စု ခွဲခြားထားမှု မရှိကြောင်းပြဆိုလျက်ရှိသည်။ ကောင်းကင်တမန်များ၏ သဘာဝနှင့် ပတ်သက်၍ရှင်းလင်းစွာ နားလည်မှု၏အရေးပါမှုမှာ သစ္စာရှိမှု၏ ရလဒ်ကို သူတို့၏သဘာဝအလိုက်မျှဝေခံစားရန်ဖြစ်သည်။ နောင်ဘဝကိုလည်းကောင်း၊ သေခြင်းမှထမြောက်ခြင်းကို လည်းကောင်း၊

ရထိုက်သည်ဟု ရှင်တော်မူခြင်းကို ခံရသောသူတို့သည် ခုံမက်ခြင်း၊ ထိမ်းမြားပေးစားခြင်းကိုမပြုတတ်ကြ။ သေခြင်းနှင့် အစဉ်ကင်းလွတ်၍ကောင်းကင်တမန်ကဲ့သို့ဖြစ်သည်သာမက ထမြောက်ခြင်း၏သားဖြစ်သောကြောင့်ဘုရားသခင်၏သားဖြစ်ကြ၏။ (လု ၂၀း၃၅၊၃၆) ဤအချက်မှာလက်ဆုပ်လက်ကိုင်ပြုရန်အရေးကြီးသော အချက်တစ်ခုဖြစ်သည်။

ကောင်းကင်တမန်တော်များသည်မသေနိုင်ကြ၊ သေခြင်းတရားသည် ကောင်းကင်တမန်တော်များကိုချုပ်ကိုင်ခြင်းမပြုနိုင် (ဟေဗြဲ ၂း၁၆)အကယ်၍ကောင်းကင်တမန်တော်များသည်ဒုက္ခကို ခံစားနိုင်ကြလျှင် ခရစ်တော်ရှင်သန်ပြန်လည်ရှင်ထမြောက်လာသည့် အချိန်တွင်ဆုလာဘ်ပေးရန် သင့်သည်ဟု တွေ့နေသောသူများသည်လည်း၊ ဒုက္ခဆင်းရဲကို ခံကြရမည်ဖြစ်သည်။ ဒုက္ခဆင်းရဲခြင်းမှ သေခြင်းတရားကို ဖြစ်စေသည်ကို မြင်ရပြီး(ရော ၆း၂၃)၊ သူတို့တွင်ထာဝရဘဝကိုမရရှိနိုင်၊ အကယ်၍ကျွန်ုပ်တို့တွင် ဒုက္ခဖြစ်နိုင်ဘွယ်ရာ တစ်ခုရှိပါကကျွန်ုပ်တို့တွင်သေခြင်းတရားကိုလည်း ခံနိုင်ရန်အားရှာကြမည်ဖြစ်သည်။ သို့ဖြစ်ရာကောင်းကင်တမန်တို့၏သဘာဝကို မျှဝေရန်ကျွန်ုပ်တို့၏ဆုလာဘ်ကိုမြင့်စေပြီးကောင်းကင်တမန်က ဒုက္ခကို ခံစားနိုင်ပြီးဘုရားသခင်၏ ထာဝရဘဝအတွက်အဓိပ္ပါယ် ကင်းမဲ့အောင် ပြုနိုင်သည်ဟု ပြောရမည်ဖြစ်သည်။ ကောင်းကင်တမန်များသို့ရည်ညွှန်းမှု(လု ၂၀း၃၅၊၃၆)ကကောင်းကင်တမန်များအား အကောင်းအဆိုး ခွဲခြားမှု မရှိကြောင်းပြဆိုထားသည်။ ကောင်းကင်တမန်တစ်မျိုးတည်းမှာ ရှိသည် ဟုဆိုသည်။

အကယ်၍ကောင်းကင်တမန်တော်များသည်ဒုက္ခခံစားရပါက ထာဝရဘုရားသခင်အနေဖြင့်သူ၏ကောင်းကင်တန်တော် များမှတဆင့် ဆောင်ရွက်မည်ဟုကြေညာထားသည်ကိုသိမြင်လျက်ကျွန်ုပ်တို့၏ ဘဝအတွင်းနှင့်လောကရေးရာအဖြာဖြာကိုမှန်ကန်စွာ ဆောင်ရွက်မှုမှာ အချည်းနှီးဖြစ်ကျန်ရစ်တော့သည်။(ဆာ ၁၀၃း၁၉၊၂၁)

ကောင်းကင်တမန်တော်များမှတဆင့်ဆောင်ရွက်လျက် ထာဝရ ဘုရားသခင်သည်သူ၏ဝိညာဉ်တော်၊ တန်ခိုးတော်အားဖြင့် အရာရာကို အောင်မြင်နိုင်သည်ဟူသောအချက်ကိုနှလုံးသွင်းကြရသည်။(ဆာ ၁၀၄း၄) သူတို့အနေဖြင့် ထာဝရဘုရားသခင်အား ရိုသေသမှုမပြုသင့်ဟူသော အချက်မှာ မဖြစ်နိုင်ချေ၊ နိုင်ငံတော်တည်ထောင်ပါစေသော် အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာပြည့်စုံပါစေတော့ဟု ခရစ်ယာန်ဘာသာဝင်များကနေ့စဉ်ဆုတောင်းသင့်သည်။(မ ၆း၁၀) အကယ်၍ဘုရားသခင်၏ တမန်တော်များသည်ကောင်းကင်ဘုံအတွင်းမှ ဒုက္ခခံစားနေကြရသော တမန်တော်များနှင့်ယှဉ်ပြိုင်ရမည်ဆိုပါက ဘုရားသခင်၏ ဆန္ဒတော်သည် ထိုနေရာသို့အပြည့်အဝ စေလွှတ်ခြင်း မပြုလုပ်နိုင်သဖြင့် ဘုရားသခင်၏အနာဂါတ်နိုင်ငံတော်အတွင်း တူညီသော အခြေအနေကိုရရှိကြလိမ့်မည်။ ဒုက္ခဆင်းရဲမှုနှင့်လေးစားလိုက်နာမှုအကြား အမြဲတိုက်ပွဲတစ်ခုဖြစ်ပေါ်နေမည်။ ကမ္ဘာကြီးတစ်ခု အတွင်းထာဝရ အခြေအနေကိုအသုံးပြုရန်မှာ ခက်ခဲသောမျှော်မှန်းချက်တစ်ခုဖြစ်သည်။ သို့ရာတွင်ယင်းမှာပြဿနာတစ်ရပ်မဟုတ်ပေ။

**သို့သော်** ခရစ်ယာန်အသင်းတော်များစွာတို့ကကောင်းကင်တမန် တော်များသည် ဒုက္ခခံစားရနိုင်သည်ဟုအတွေးစိတ်ကူးရှိကြပြီး၊ ကမ္ဘာကြီး ပေါ်တွင် ဒုက္ခနှင့်အခက်အခဲများအတွက် တာဝန်ရှိကြသော ဒုက္ခဖြစ်စေသည့် ကောင်းကင် တမန်တော်များယှဉ်ရှိနေသည်ဟု ဆိုသည်။ ကျွန်ုပ်တို့အနေဖြင့် ဤလွဲမှားသောခံယူချက်ကို လေ့လာမှုတွင်ပို၍ ပြည့်စုံစွာဆွေးနွေးကြ မည်ဖြစ်ပါသည်။ လက်ရှိအခြေအနေ တွင်ယှဉ်ကျွန်ုပ်တို့အနေဖြင့်အောက်ပါ အချက်များကို လေ့လာကြမည်။

❖ ကမ္ဘာဦးကျမ်း ၁တွင် မှတ်တမ်းပြုထားသကဲ့သို့ ကျွန်ုပ်တို့၏ ကိုယ်ပိုင်အဖြစ်မီကာ ဖန်တီးမှုတစ်ခုဖြစ်နိုင်သည်။ ကျွန်ုပ်တို့၏ ဤဘဝ အတွင်းမည်သို့ဖြစ်ပျက်နေသည်ကိုတူညီသောအခြေအနေတစ် ရပ်အတွင်းမှ လက်ရှိကောင်းကင်တမန်များသည်အကောင်းအဆိုး (က ၃း၅)ကိုခွဲခြား သိရှိနိုင်ကြသည်။ ထိုအထက်အပိုင်းအခြားအတွင်းနေထိုင်ပြီး ဒုက္ခကို ကျူးလွန်ခဲ့ကြသောအချို့လူများကိုမအုပ်ချုပ်နိုင်။ သို့ရာတွင် ဤအရာ အားလုံးမှာလူတို့၏စိတ်အလိုလိုက်မှုသက်သက်သာဖြစ်သည်။ သမ္မာကျမ်းစာက ဒုက္ခခံစားရသော ကောင်းကင်တမန်တော်များမရှိဟုသိထားသောလက်ရှိအ ခြေ အနေနှင့်ပတ်သက်၍ကျွန်ုပ်တို့ကမည်သည့်အချက်များသိထားသင့် သည်ကို ပြောကြားပေသည်။ ကောင်းကင်တမန်တော်များအားလုံးသည် ဘုရားသခင်ကို လုံးဝလေးစားကြသည်။

ဘုရားသခင်သည်ဒုစရိုက်ကိုကြည့်ရှုတော်မမူ၊ သန့်ရှင်းသော မျက်စိ ရှိတော်မူ၏၊(အဗ ၁း၁၃)ဤအမြင်တွင်ကောင်းကင်ဘုံ တွင်မကောင်းမှု ကျူးလွန်သောသူမရှိနိုင်ပေအလားတူပင်(ဆာ ၅း၄၊၅)ကဘုရားသခင်သည် မတရားသောအမှုကိုနှစ်သက်သော ဘုရားမဟုတ်၊ ဆိုးသောသူကို လက်ခံတော် မမူ၊ မိုက်သောသူသည်အတံတော်သို့မဝင်ရ၊ မတရားသဖြင့်ပြုသော သူအပေါင်း တို့ကိုမုန်းတော်မူ၏ဟုရှင်းပြထားသည်။ ကောင်းကင်ဘုံတွင်ရှိသော ဘုရားသခင်ကို ဒုက္ခခံစားနေကြရသောကောင်းကင်တမန်တော်များက ထိုးနှက်တိုက်ခိုက်နေသည်ဟူသောအတွေးမှာ ထိုစာပိုဒ်များက ဖော်ပြသော အချက်များကိုအတော်ပင်ဝိဝါဒဖြစ်ပွားစေပေသည်။

- ❖ ဂရိစာလုံးကဘာသာပြန်ထားသော **''Angel''** မှာ **''messenger''** ဟု အဓိပ္ပါယ်ရပြီး လူသားကိုရည်ညွှန်းနိုင်သည်။ ယင်းကဲ့သို့ လူသား သတင်း ပို့သူမှာ ဒုက္ခဖြစ်နိုင်သည်။ အပြစ်တင်နိုင်သောဘဝ၏အနှုတ်လက္ခဏာဆောင်သည့် လုပ်ရပ် အားလုံး ဖြစ်ပေါ်နိုင်သည်။ အကောင်းဆိုးဝါးလူသားများမှာ ခရစ်ယာန်ဝါဒကိုအယုံအကြည်မရှိသူများတွင်အ များဆုံးတွေ့ ရသော ယုံကြည်မှုများအနက်တစ်ခုဖြစ်သည်။ အလားတူပင် ခရစ်စမတ်နှင့်ပတ်သက်သော ခရစ်ယာန်ဘာသာကို အယုံအကြည် မရှိသူများ၏အတွေးများသည် ခရစ်ယာန်အယူဝါဒကို ယုံကြည်သူများသာမကခရစ်ယာန်ဘာသာကိုအယုံကြည်မရှိသူများအထိပါဝင် ရောက် ပျံ့နှံ့ သွားသည်။
- ❖ ယင်းလက်ရှိဖြစ်တည်နေသော ဒုက္ခဖြစ်ကောင်းကင်တမန်တော် စိတ်ကူးကိုထောက်ခံ၍နားလည်မှုလွဲမှားနိုင်သောသမ္မာ ကျမ်းစာ စာပိုဒ်မှာအနည်းငယ်သာ ရှိပေသည်။ ထိုအချက်များကို ထုတ်ပေးသူ များထံတွင်ရရှိနိုင်သော မကောင်းဆိုးဝါးကို ရှာဖွေခြင်း **( In search of Satan)** တွင်ရေးသားထားသည်။ ထိုကဲ့သို့ စာပိုဒ် များကို ပြထားသောသမ္မာကျမ်းစာ သင်ကြားမှုကိုဝိဝါဒကွဲမှုမဖြစ်နိုင်ပေ။

## လေ့လာမှု ၁ မေးခွန်းများ

၁။ မည်သည့်အချက်ကကျွန်ုပ်တို့၏ဘုရားသခင်အားယုံကြည်မှုကိုအများ ဆုံးကူညီပေးနိုင်ပါမည်နည်း။

(က) အသင်းတော်သို့သွားခြင်း
(ခ) ဆုတောင်း၍သမ္မာကျမ်းစာလေ့လာမှု
(ဂ) ခရစ်ယာန်ဘာသာဝင်များသို့စကားပြောဆိုခြင်း
(ဃ) သဘာဝကိုရှုမြင်ခြင်း

၂။ အောက်ပါတို့တွင်မည်သည့်အရာသည်ဘုရားသခင်၏ အမှန်ကန်ဆုံး သော အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြစ်သနည်း။

(က) ကျွန်ုပ်တို့၏စိတ်အတွင်းအတွေးတစ်ခုမျှသာ ဖြစ်သည်
(ခ) လေထုအတွင်းမှဝိညာဉ်၏အပိုင်းအစတစ်ခုဖြစ်သည်
(ဂ) ဘုရားသခင်ဟူသည်မရှိပါ
(ဃ)အမှန်တကယ်ရုပ်ဝတ္ထုဖြင့်တည်ရှိသောလူပုဂ္ဂိုလ်တစ်ဦးဖြစ်သည်

၃။ ဘုရားသခင်သည်

(က) ညီညွတ်မှုတစ်ခုလား
(ခ) သုံးဆူဘုရားတစ်ဆူလား
(ဂ) ဘုရားအများစုထဲမှတစ်ဆူလား
(ဃ) မည်သည့်နည်းဖြင့်မဆိုအဓိပ္ပါယ်ဖွင့်ဆိုရန်မဖြစ်နိုင်ဘူးလား

၄။ ဘုရားသခင်၏အမည် **'Yahweh Elohim'** သည်ဘာကိုဆိုလိုတာလဲ

(က) ဖြစ်မည့်သူ
(ခ) တန်ခိုးရှိသောသူအုပ်စုထဲတွင်ဖော်ထုတ်ခံရမည့်သူ

(ဂ) ကြီးကျယ်သောသူတစ်ဦး
(ဃ) အားသာမှု

၅။ **Angel** ဟူသောစကားလုံးသည်ဘာကိုဆိုလိုတာလဲ
(က) လူနှင့်တူသည်
(ခ) အတောင်ပံဖြင့်အုပ်ထားသည်
(ဂ) သတင်းပို့သူ
(ဃ) လက်ထောက်

၆။ **Angel** များသည်ဒုက္ခဆင်းရဲမှုကိုခံရနိုင်ပါသလား
(က) ခံရနိုင်ပါသည်
(ခ) မခံရနိုင်ပါ၀ိဝါဒကွဲမှုမဖြစ်နိုင်ပေ။

## လေ့လာမှု ၂ ထာဝရဘုရား၏ဝိညာဉ်တော်

### ၂.၁ ဘုရားသခင်၏ဝိညာဉ်တော် အဓိပ္ပါယ်ဖွင့်ဆိုချက်

ဘုရားသခင်သည်ခံစားမှုနှင့်လှုပ်ရှားမှုရှိသောလူသား အစစ်အမှန်တစ်ဦးအဖြစ်ဘုရားသခင်၏ပင်ကိုယ်စရိုက်နှင့်အံဝင် ခွင်ကျဖြစ်မည့် နည်းလမ်းအတိုင်း ကျွန်ုပ်တို့ဘဝကျင့်ကြံနေထိုင်မည့်ဘုရားသခင်၏ဆန္ဒတော်နှင့် ကျွန်ုပ်တို့နှင့် ခံစားချက်များသူ၏ လူများကိုမျှဝေခံစားမည့်နည်းလမ်းအချို့သူ့တွင်ရှိမည်ကို မျှော်မှန်းထားရမည်။ ဘုရားသခင်ကထိုအရာအားလုံးကိုသူ၏ဝိညာဉ်တော်အားဖြင့်ဆောင်ရွက်သွားခြင်းဖြစ်သည်။ အကယ်၍ကျွန်တော်တို့အနေဖြင့်ဘုရားသခင်နှင့်ပတ်သက်၍သိရှိလိုပြီးဘုရားသခင်နှင့် ထိရောက်သော ဆက်နွယ်မှု ရှိလိုပါက ကျွန်တော်တို့ကဘုရားသခင်၏ဝိညာဉ်တော်နှင့် ဝိညာဉ်တော်၏ဆောင်ရွက်မှုကိုသိရှိနားလည် ရန်လိုအပ်သည်။

ဝိညာဉ်တော်နှင့်ပတ်သက်၍တိကျစွာအဓိပ္ပါယ်ဖွင့်ဆိုရန်မလွယ်ကူပေ။ ဥပမာအားဖြင့်အကယ်၍သင့်အနေဖြင့်မင်္ဂလာဆောင် တစ်ခုကိုသွားခဲ့လျှင်ထိုနေရာတွင်အမှန်တကယ်စိတ်ကောင်းရှိပါရဲ့လားဟူသောအချက်ကို မှတ်ချက်ပေးရမည်ဖြစ်သည်။ ဤသို့ ပြုလုပ်ခြင်းဖြင့် အခြေအနေကောင်း ကြောင်း၊ မင်္ဂလာဆောင်နှင့် ပတ်သက်သည်များ အားလုံးကောင်းမွန်ကြောင်း၊ လူတိုင်းစနစ်တကျဝတ်စားဆင်ယင်ထားကြကြောင်း၊ အစားအသောက် ကောင်း မွန်ကြောင်း၊ လူများတစ်ဦးနှင့်တစ်ဦးကြင်ကြင်နာနာပြောဆိုနေကြကြောင်း၊ သတို့သမီးကလှပကြောင်းစသည်ဖြင့်မှတ်ချက်ပြုနိုင်မည်ဖြစ်သည်။ ထိုအရာအားလုံးမှာ မင်္ဂလာဆောင်၏ စိတ်ဓါတ်ဖွဲ့စည်းမှုကိုပြဆိုပေသည်။ ထို့အတူ ဘုရား သခင်၏စိတ်ဓါတ်သည်ဘုရားသခင်နှင့်ပတ်သက်သည့် အရာအားလုံးကို အကျဉ်းချုံး ဖော်ညွှန်းလျက်ရှိသည်။ ဓမ္မသတ်ဟောင်းကျမ်းတွင် **"Spirit"** ကိုဘာသာပြန်ဆိုထားသောဟီးဗြူးစကားလုံးမှာအတိအကျအားဖြင့် **"breath"** သို့မဟုတ် **"power"** ကိုဆိုလိုသည်။ သို့ဖြစ်ရာဘုရားသခင်၏ဝိညာဉ်တော်မှာဘုရားသခင်၏အနှစ်သာရဖြစ်သည်။ လေ့လာမှု ၄.၃တွင်ဝိညာဉ်တော်ဟူသောစကားလုံးသည်မည်သို့မည်ပုံတစ်ဦးတစ်ယောက်၏ စိတ်ဓါတ်နှင့်စိတ်ဓါတ်ထားရှိမှုကိုဥပမာအားဖြင့်ရှင်းပြထားမည်ဖြစ်ပါသည်။ ဝိညာဉ်တော်သည်ဘုရားသခင်၏အကာအကွယ်မဲ့တန်ခိုးတော်ကိုရည်ညွှန်းရုံမျှသာမဟုတ်ကြောင်းကို(ရော၁၅း၁၉)ထင်ရှားသိခဲ့ပြီး ဘုရားသခင်၏ဝိညာဉ်တော်၏ တန်ခိုးတွင်လူတစ်ဦးတစ်ယောက်မည်ကဲ့သို့တွေးခေါ်သည်ဟူသော အချက်မှာအတွေ့ရများသော သမ္မာကျမ်းစာသင်ကြားမှုတစ်ခုဖြစ်ပြီး သူ၏လှုပ်ရှားမှုများတွင်ဖော်ပြထားသည်။ (လု ၂၃း၇၊ မ ၁၂း၃၄)ကျွန်ုပ်တို့၏ ကိုယ်ပိုင် လှုပ်ရှားမှုများပေါ်မှအနည်းငယ်သောရောင်ပြန်ဟပ်မှုတစ်ခုက ဤအချက်ကို ခိုင်မာ စေလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့ကတစ်စုံတစ်ရာကို တွေးတောပြီးနောက်ပိုင်းတွင်ထိုအရာကိုအကောင်အထည်ဖော်ဆောင်ရွက် ကြသည်။ ပို၍ကျယ်ကျယ်ပြန့်ပြန့်ဆိုရလျှင်ဘုရားသခင်၏ဝိညာဉ်တော်သည် တစ်သားတည်းဖြစ်သည်။ ထိုအရာမှာ ဘုရားသခင်

ဆောင်ရွက်သည့်အဓိကကျသောလူသား နေရာချ ထားမှုနှင့် အကြောင်းရင်းများ၏တန်ခိုးတော်ဖြစ်သည်။ ဘုရားသခင်သည် တွေးတောပြီး အရာရာကိုဆောင်ရွက်သည်။ ကျွန်ုပ်တွေးသမျှ ဖြစ်လာလိမ့် မည်ဖြစ်စေ လိုတိုင်းဖြစ်လာလိမ့်မည်။(ဟေရှာ ၁၄း၂၄)

## ထာဝရဘုရားသခင်၏တန်ခိုးတော်

များစွာသောစာပိုဒ်များကဘုရားသခင်၏ဝိညာဉ်တော်နှင့်သူ၏ တန်ခိုး တော်ကို ရှင်းရှင်းလင်းလင်းခွဲခြားထားသည်။ စကြာဝဠာကိုဖန်ဆင်းရန် အလို့ငှာ ဘုရားသခင်၏ ဝိညာဉ်တော်သည် ရေမျက်နှာပြင်ပေါ်တွင် လှုပ်ရှားတော်မူ၏။ဘုရားသခင် ကလည်း အလင်းဖြစ်စေဟု အမိန့်တော်ရှိ၍ အလင်းဖြစ်လေ၏။ (က ၁း၂၊၃)

ဘုရားသခင်၏ဝိညာဉ်တော်သည်အရာအားလုံးဖြစ်စေသည့် တန်ခိုး တော်ဖြစ်သည်။ ဥပမာအလင်းရောင် ဝိညာဉ်တော်အားဖြင့် မိုးကောင်းကင် တန်ဆာများကိုဖြစ်၍ လျှင်မြန်သောနဂါးကိုလည်းဖန်ဆင်းတော်မူ၏။(ယောဘ ၂၆း၁၃) ထာဝရဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် မိုးကောင်းကင်ကို လည်းကောင်း၊ နှုတ်ကပတ်တော်အသက်အားဖြင့်မိုးကောင်းကင်တန်ဆာများကို လည်းကောင်းဖန်ဆင်းတော်မူ၏။(ဆာ ၃၃း၆)ဘုရားသခင်၏ဝိညာဉ်တော်ကို

သူ၏အသက်

သူ၏နှုတ်ကပတ်တော်

သူ၏လက်ဖြင့်ဖော်ပြထားသည်။

အရာရာကိုအောင်မြင်မှုရရှိနိုင်ခြင်းသည်ဘုရားသခင်၏ တန်ခိုးတော် ဖြစ်သည်။ ဘုရားသခင်၏ဆန္ဒတော်ဖြင့်ယုံကြည်သူများကို တဖန် မွေးဖွားပေး သည်။(ယော ၁း၁၃)ယင်းမှာသူ၏ဝိညာဉ်တော်အားဖြင့် မွေးဖွားလာခြင်း ဖြစ်သည်။(ယော ၃း၃-၅)သူ၏ဆန္ဒမှာ ဝိညာဉ်တော်အားဖြင့် လှုပ်ရှား ဆောင်ရွက်မှုဖြစ်ပါသည်။ သဘာဝဖန်ဆင်းမှုနှင့်ပတ်သက်၍ ကျွန်ုပ်တို့ ပြောဆိုကြရာတွင် တစ်ဖန်ဝိညာဉ်တော်ကိုလွှတ်၍ သူတို့ကို ဖန်ဆင်းတော်မူ သဖြင့် မြေကြီးမျက်နှာကိုအသစ်ပြုပြင်တော်မူ၏။(ဆာ ၁၀၄-၃၀) ယင်းဝိညာဉ် တန်ခိုးသည်အရာရာ၏ဖြစ်တည်မှုလည်းဖြစ်သကဲ့သို့ယင်းတို့၏ ဖန်တီးမှု လည်း ဖြစ်သည်။ယင်းဘုရားသခင်၏ဝိညာဉ်တော်အချို့ တက်ကြွစွာအားသွင်းမှု မရှိပါက ဘဝ၏ဝမ်းနည်းကြေကွဲဘွယ်ရာ အမှားအယွင်းဖြစ်နိုင်သည်ဟု လွယ်ကူစွာတွေးဆနိုင်ပေသည်။ သူ၏ဘဝကိုလာနေသော ယောဘအမည်ရှိ လူတစ်ယောက်ကိုအခြားပရောဖက်ကသတိပေးရမည်။ အကယ်၍ ဘုရားသခင် သည် လူကိုအလိုတော်မရှိ၍လူ၏ အသက်ဝိညာဉ် တော်ကိုရုပ်သိမ်းတော်မူလျှင် ခပ်သိမ်းသော လူသတ္တဝါတို့သည် ချက်ခြင်းသေပျောက်၍ မြေမှုန့်သို့ တဖန်ပြန်ရောက်ကြရလိမ့်မည်။ (ယောဘ ၃၄း၁၄၊၁၅)

ကျွန်ုပ်တို့အားပေးထားသော ဝိညာဉ်တော်နှင့်ကျွန်ုပ်တို့၏ဘဝကို ဖြစ်စေသော ဖန်ဆင်းမှုအားလုံးနှင့်ပတ်သက်၍ကျွန်ုပ်တို့ အနေဖြင့် လေ့လာမှု ၄.၃ တွင်တွေ့မြင်ကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့တွင်ဘဝဝိညာဉ်တော်၏ အသက်သည် ကျွန်ုပ်တို့အတွင်းတွင် ရှိနေသည်။(က ၇ း၂၂၊ **A.V.mg** )ကို ဝိညာဉ်အသက်ကိုမွေးဖွားစဉ်ကပင် ဘုရားသခင်ကကျွန်ုပ်တို့အားပေးအပ် ခဲ့ပြီးဖြစ်သည်။(ဆာ ၁၀၄း၃၀၊ က ၂း၇)ယင်းကဘုရားသခင်အား သတ္တဝါအား လုံး၏ အသက်ဝိညာဉ်ကိုအစိုးရတော်မူသော ဘုရားသခင်ဖြစ်စေသည်။ (တော့ ၂၇း၁၆၊**cp** ဟေဗြဲ ၁၂း၉)ဘုရားသခင်သည် ဖန်ဆင်းမှုအားလုံးကိုဖြစ်စေသော ဘဝ၏အားဖြစ်သောကြောင့်ဘုရားသခင်၏ ဝိညာဉ်တော်မှာ နေရာတိုင်းတွင် ရှိနေသည်။ ဘုရားသခင်၏ဝိညာဉ်တော်မှတဆင့်ဘုရားသခင်သည် လူများရာ နေရာတိုင်းတွင် သူနှင့်အတူရှိနေပြီး၊ ထိုဝိညာဉ်တော်၊ တန်ခိုးတော်မှတဆင့် ဒါဝိဒ်၏ စိတ်နှင့်အတွေးကို ဒေါင့်တိုင်းနေရာတိုင်းမှသိရှိနေခြင်းဖြစ်သည်ဟု ဒါဝိဒ်အမှတ်ရနေသည်။ သို့ဖြစ်ရာဘုရားသခင်၏ဝိညာဉ်တော်သည် ကိုယ်တိုင်မှာကောင်းကင်ဘုံတွင်ရှိနေသောလည်းဘုရားသခင် သည်နေရာတိုင်းတွင် ရှိနေသည်ဟုဆိုလိုသည်။

**ကျွန်ုပ်ထိုင်ခြင်း၊ ထခြင်းအရာတို့ကိုသိတော်မူ၏၊

ကျွန်ုပ်၏အကြံအစည်တို့ကိုအဝေးကပင်နားလည်တော်မူ၏[☆☆] ဝိညာဉ်တော်နှင့်လွတ်ခြင်းအလို့ငှာ

အဘယ်အရပ်သို့ သွားနိုင်ပါသည်နည်း၊ မျက်နှာတော်နှင့်လွတ်ခြင်းအလို့ငှာ

အဘယ်အရပ်သို့ပြေးနိုင်ပါမည်နည်း။ နံနက်အဆောင်တို့ကို ယူ၍ သမုဒ္ဒယာစွန်း၌ နေလျှင် ထိုအရပ်၌ ပင်ကိုယ်တော်၏ လက်သည်ကျွန်ုပ်ကိုပို့ဆောင်လျက် လက်ျာလက်တော်သည် ကိုင်လျက်ရှိပါလိမ့်မည်။ (ဆာ ၁၃၉း၂၇၊၉၊၁၀)

## သန့်ရှင်းသောဝိညာဉ်တော်

ဘုရားသခင်၏ဝိညာဉ်တော်သည်လက်ဆုပ်လက်ကိုင်ပြု၍ ကျယ်ပြန့်သော သဘောတရားတစ်ခုဖြစ်ကြောင်းကျွန်ုပ်တို့ တွေ့ခဲ့ပြီးဖြစ်သည်။ ယင်းမှာသူ၏စိတ်ဓါတ်နှင့် ပင်ကိုယ်အရည်အသွေး၊ သူထားရှိသောတန်ခိုးတော် သူ၏အတွေးများကို အကောင်အထည်ဖော်မှုတို့တွင်လက်ဆုပ် လက်ကိုင်ပြု၍ ကျယ်ပြန့်သောသဘောတရားတစ်ခုဖြစ်သည်။ သူသည်စိတ်ထင်သည့် အတိုင်းဖြစ်၏။(၁၃-၂၃း၇)ဘုရားသခင်သည် လူကိုယ်တိုင်ဖြစ်သည်ဟု မဆိုလိုနိုင်သော်လည်း ဘုရားသခင်သည်နာမ်ဝိညာဉ် ဖြစ်တော်မူ၏(ယော ၄း၂၄) ဘုရားသခင်၏ဝိညာဉ်တော်ကျယ်ပြန့်မှုကိုလက်ဆုပ်လက်ကိုင်ပြုရာတွင် ကျွန်ုပ်တို့အားကူညီရန် ကျွန်ုပ်တို့ကရန်ဖန်ရန်ခါပင်ဘုရားသခင်၏သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပတ်သက်၍ဖတ်ကြားကြသည်။

သန့်ရှင်းသောဝိညာဉ်တော်ဟူသောဝေါဟာရကိုဓမ္မသတ်သစ်ကဒ်တွင် ကျယ်ကျယ်ပြန့်ပြန့်တွေ့ရသည်။ **A.V** ထဲတွင်**Holy Ghost** ဟူသော ဝေါဟာရကိုမကြာခဏအသုံးပြုထားသည်။ သို့ရာတွင် ခေတ်သစ်တွင် ပို၍ရှင်းလင်းစေရန်အတွက် **Holy Spirit** သန့်ရှင်းသော ဝိညာဉ် တော်ဟုအဖြစ်ပွါယ်ပြန်ဆိုသင့်သည်။ ယင်းမှာဓမ္မသတ်ဟောင်းကျမ်း၏ ဘုရားရှင်၏ ဝိညာဉ်တော် သို့မဟုတ် အရှင်သခင်၏ဝိညာဉ်တော်တွင် အတူတူပင်ဖြစ်သည်။ ယင်းမှာ **Penteeost** လက်ထက်တွင် တမန်တော်များ အားသန့်ရှင်းသောဝိညာဉ်တော်လောင်းချမှုမှတ်တမ်းများပါဝင်သော တမန် တော်(၂)ကဲ့သို့စာပိုဒ်များတွင်ရှင်းလင်းစွာ တွေ့ရသည်။ နောင်ကာလ၌ လူမျိုးတကာတို့အပေါ် သို့ငါ၏ဝိညာဉ်တော်ကိုငါသွန်းလောင်းမည်၊ သင်တို့၏ သားသမီးများသည် ပရောဖက်ဉာဏ်နှင့်ဟောပြောကြရလိမ့်မည်။(တ ၂း၁၇) တဖန်(လု ၄း၁)တွင်ယေရှုသည်သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်စုံလျက် ယော်ဒန်မြစ်နားမှပြန်စဉ်တွင်ဝိညာဉ်တော်သည် တောသို့ပို့ဆောင်တော်မူ၏ ဟုမှတ်တမ်းတင်ထားသည်။ အလားတူပင်ဟောရှာ ၆၁တွင် ထာဝရဘုရား သခင်၏ ဝိညာဉ်တော်သည်ကျွန်ုပ်၏ အပေါ်တွင်ဖုံးလွှမ်းလိမ့်မည်ဟု ယေရှုက ဆိုထားသည့်ဖြစ်ရပ်နှစ်ခုစလုံးတွင် (နှင့်အခြားများစွာသောဖြစ်ရပ်များတွင်) သန့်ရှင်းသောဝိညာဉ်တော်ကိုရှေးဟောင်းဓမ္မသတ်ကျမ်း၏ ဝေါဟာရဘုရား သခင်၏ ဝိညာဉ်တော်နှင့်တူညီမှုပြုထားသည်။

သန့်ရှင်းသောဝိညာဉ်တော်သည်အောက်ပါစာပိုဒ်များတွင် ဘုရားသခင် ၏တန်ခိုးတော်နှင့်မည်ကဲ့သို့အပြိုင်ဖြစ်နေသည်ကိုလည်းသတိပြုပါ။

**သန့်ရှင်းသောဝိညာဉ်တော်သည် သင်၏အပေါ်မှာ သက်ရောက်တော်မူ၍ အမြင့်ဆုံးသောဘုရား၏တန်ခိုး အာနုဘော် တော်သည် သင့်ကိုလွှမ်းမိုးလိမ့်မည်။☆☆ (လု ၁း၃၅)

**သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးအားဖြင့် မျှော်လင့်ခြင်း ပါရမီနှင့်ကြွယ်ဝစေခြင်းငှာ ယုံကြည်သောစိတ်ရှိ၍ ဝမ်းမြောက်သက်သာခြင်းအမျိုးမျိုးတို့နှင့်ပြည့်စုံမည်အကြောင်း မျှော်လင့်ခြင်း၏ အရှင်ဘုရားသခင်သည်ကယ်မ သနားတော်မူပါစေသော အကျင့်အားဖြင့်လည်းကောင်း၊ နားထောင်စေခြင်းငှာခရစ်တော်သည် နိမိတ်လက္ခဏာ အံ့ဘွယ်သောအမှုများ၌ ပါသောတန်ခိုး၊ သန့်ရှင်းသော ဝိညာဉ်တော်၏တန်ခိုးကိုပြု၍ငါ့အားဖြင့် ပြုသမျှတို့ကို သာငါပြောဝံ့၏။☆☆ (ရော ၁၅း၁၃၊၁၉)

**ငါတို့ဟောပြောသောဧဝံဂေလိတရားသည် သင်တို့၌ စကားသက်သက်ဖြစ်သည်မဟုတ်၊ တန်ခိုးနှင့်လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်လည်းကောင်း ဝိစိကိစ္စ မရှိဘဲအမှန်သိခြင်းနှင့်လည်းကောင်းပြည့်စုံသော တရားဖြစ် ၏။☆☆ (၁ သက် ၁း၅)

**ငါ့ခမည်းတော်၌ ကတိရှိသည့်အတိုင်း သင်တို့၌ ငါပြုဦးမည်၊ သို့ဖြစ်၍သင်တို့သည် ကောင်းကင်ကတန်ခိုးကို မခံမီတိုင် အောင် ဂျေရုဆလင်မြို့၌ နေကြဦးလော့။☆☆ (လု ၂၄း၄၉)

**ယေရှုကိုယ်တိုင်လည်းသန့်ရှင်းသော ဝိညာဉ်တော်နှင့် တန်ခိုးတော်ဖြင့် ခန့်ထားခြင်းခံရခြင်းဖြစ်သည်။** (တ၁၀း၃၈)

**ပေါလသည်သူ၏ဟောပြောခြင်းကိုဘုရားသခင်၏ တန်ခိုးတော်ကို တန်ဆာဆင်၍ ကျော်ထောက်နောက်ခံ ပြုနိုင်သည်။ ကျွန်ုပ်၏ဟောပြောချက်နှင့် ကျွန်ုပ်၏ ဟောပြောခြင်းများသည် ဘုရားသခင်၏ဝိညာဉ်တော်နှင့် တန်ခိုးတော်အတိုင်းဖြစ်သည်။** (၁ကော ၂း၄)

## ၂.၂ စိတ်ထက်သန်မှု

ဘုရားသခင်၏ဝိညာဉ်တော်ကိုသူ၏ဝိညာဉ်တော်၏လုပ်ဆောင်သောလုပ်ဆောင်ချက်အားဖြင့်သူကဖော်ထုတ်ပေးသည့် ဘုရားသခင် ၏တန်ခိုးတော်အတွေးများနှင့် စိတ်နေစိတ်ထား၊ အပြစ်အမိပ္ပါယ် ဖွင့်ဆိုထားသည်။ ရှေ့အပိုင်းတွင်ဘုရားသခင်၏ ဝိညာဉ်တော်ကိုဖန်ဆင်းမှုအဖြစ်လုပ်ငန်းထဲတွင်မည်ကဲ့သို့မြင်တွေ့ရသည်ကိုဖော်ပြခဲ့ပြီးဖြစ်သည်။ **ဝိညာဉ်တော်အားဖြင့် မိုးကောင်းကင်တန်ဆာများကိုမြင်၍ဖန်ဆင်းတော်မူ၏။**(ယောဘ ၂၆း၁၃) ဘုရားသခင်၏ဝိညာဉ်တော်သည်လက်ရှိဖန်ဆင်းမှု ဖြစ်ပေါ်စေရန် ရေမျက်နှာပြင်ပေါ်တွင်လှုပ်ရှားတော်မူ၏။(က ၁း၂)သို့တိုင် ထာဝရဘုရား၏နှုတ်ကပတ်တော်အားဖြင့်ကမ္ဘာကြီးကို ဖန်ဆင်းသည်။(ဆာ ၃၃း၆)ကမ္ဘာဦးကျမ်းတွင်မှတ်တမ်းပြုရှင်းပြထားသည့်အတိုင်း အရာရာတိုင်းသည် ဖန်ဆင်းပြီးဖြစ်လာကြသည်ဟုဘုရားသခင်ကမြွက်တော်မူသည်။ ထို့ကြောင့် ဘုရားသခင်၏ ဝိညာဉ်တော်သည်သူ၏နှုတ်ကပတ်တော်ကိုများစွာ ရောင်ပြန်ဟပ်လျက် ရှိသည်။ ယင်းမှာကျွန်ုပ်တို့၏ စကားလုံးများက ကျွန်ုပ်တို့၏ အတွင်းပိုင်းစိတ်ကူး အတွေးများနှင့်ဆန္ဒကို ဖော်ထုတ်ပြီးတိတိကျကျ အမှန်တကယ်ဖြစ်ပေါ်လာကြသည်သို့ဖြစ်သည်။ စိတ်နှလုံးအပြည့်ရှိသည့် အတိုင်း နှုတ်မြွက်တတ်၏။(မ ၁၂း၃၄)ဟုယေရှုက လိမ္မာပါးနပ်စွာညွှန်ပြခဲ့သည်။ သို့ဖြစ်ရာအကယ်၍ကျွန်ုပ်တို့က ကျွန်ုပ်တို့၏ စကားများကိုထိန်းချုပ်ပါက ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့၏အတွေးများကိုပထမဦးဆုံးထိမ်းချုပ်ရမည်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် သူ၏ဝိညာဉ်သို့မဟုတ် အတွေးများ၏ ရောင်ပြန်ဟပ်မှုတစ်ခုဖြစ်သည်။ သမ္မာကျမ်းစာတွင်ဘုရားသခင်၏ နှုတ်ကပတ်တော်များကိုစာဖြင့်ရေးသားပြုစုထားခြင်းမှာ ကောင်းချီးပေးဘွယ်ရာ တစ်ခုဖြစ်ပြီး ယင်းမကျွန်ုပ်တို့အနေဖြင့်ဘုရားသခင်၏ဝိညာဉ်တော် သို့မဟုတ်စိတ်ဓါတ်ကိုနားလည်နိုင်မည် ဖြစ်သည်။ စိတ်ထက်သန်မှုဖြစ်စဉ်အားဖြင့်သူ၏ ဝိညာဉ်တော်အားစာဖြင့် ရေးသားဖော်ပြခြင်း၏ အံ့ဘွယ် ရာများကို ဘုရားသခင် အောင်မြင်တော်မူသည်။ ဤဝေါဟာရသည် **"spirit"** ဟူသောစကားလုံးတွင်အခြေခံသည်။

**IN- SPIRIT- ATION**

ဝိညာဉ်သည်အသက်သို့မဟုတ် အသက်ရှုခြင်းဟုအဓိပ္ပါယ်ရသည်။ စိတ်ထက်သန်မှုမှာ အသက်ရှုမှုအခြေအနေကို ဖော်ညွှန်းသည်။ ယင်းမှာ လူများက ရေးသားမှတ်တမ်းတင်ထားသော စကားလုံးများမှာဘုရားသခင်၏ စိတ်အားထက်သန်မှုအောက်မှ ဖြစ်ပြီးဘုရားသခင်ဝိညာဉ်တော်၏ စကားလုံးများဖြစ်သည်။ ပေါလက **Timothy** အားသမ္မာကျမ်းစာနှင့် ရင်းနှီးကျွမ်းဝင်မှုမရှိအောင် အားထုတ်ခြင်းမှာဘုရားသခင်၏ဝိညာဉ်တော်မှနှုတ်ကပတ်တော်များနှင့်ပတ်သက်သောအံ့သြဖွယ်ရာဖြစ်ရပ်များကိုမေ့လျော့စေရန် ဦးတည်မှုဖြစ်ပြီးဘုရားသခင်၏ မှန်ကန်သောအသိဉာဏ်ရရှိစေရန် ကျွန်ုပ်တို့၏လိုအပ်ချက်များအားလုံးကိုဖြည့်ဆည်းပေးသည်။

ယေရှုခရစ်ကိုယုံကြည်ခြင်းအားဖြင့်ကယ်တင်ခြင်းအလို့ငှာ ပညာကိုပေးနိုင်သောဓမ္မကျမ်းစာကိုငယ်သောအရွယ်မှစ၍ လေ့ကျင့်သည်ကိုငှင်း၊ သိမှတ်သည်နှင့်အထက်ကသင်၍နှလုံးသွင်းမိသောအယူဝါဒ၌ တည်နေလော့၊ ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍ ဘုရားသခင်၏လူသည်စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးကိုပြုစုခြင်း အလို့ငှာပြင်ဆင်သောသူဖြစ်မည်အကြောင်းသြဝါဒပေးခြင်း၊ အပြစ်ကို ဖော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း၊ ကျေးဇူးများ ကိုပြု တတ်၏။(၂တိ ၃း၁၅-၁၇)အကယ်၍ တက်ကြွမှုကိုဖြစ်စေသော ကျမ်းစာ အနေ ဖြင့် အသိပညာ၊ ဗဟုသုတအပြည့်အဝ ဖြည့်ဆည်းပေးနိုင်ပါက ဘုရား သခင် နှင့်ပတ်သက်၍အမှန်တရားကိုအတွင်းဘက် အလင်းရောင် အချို့အတွက် ကျွန်ုပ်တို့အားပြသရန် မလိုအပ်ပေ။

သို့ရာတွင်လူများကသူတို့၏ ပုဂ္ဂိုလ်ရေး ဆိုင်ရာခံစားမှုများနှင့် အတွေ့အကြုံများကို ဘုရားသခင်၏သူတို့ကိုပေးသော အသိပညာဗဟုသုတ၏ ပင်မရင်းမြစ်အဖြစ်အကြိမ်မည်မျှပြောကြားခဲ့ပြီးလဲ။ အကယ်၍ဘုရားသခင်၏စိတ်တက်ကြွသောစကားပေါ် တွင်ယုံကြည်လက်ခံမှုမှာ ခရစ်ယာန်ဘဝအတွင်း တစ်ဦးတစ်ယောက်အနေဖြင့် လုံးဝဖြည့်ဆည်းတည် ဆောက်ရန် လုံလောက်သည်။ ကျွန်ုပ်တို့၏ဘဝတွင် အခြားမှန်ကန်မှု တန်ခိုး အတွက်မလိုအပ်ပေ။ အကယ်၍ယင်းကဲ့သို့လိုအပ်မှုရှိပါက ဘုရားသခင်၏ နှုတ်ကပတ်တော်သည်ပေါလဖြစ်မည်ဟု ကတိပြုထားသကဲ့သို့ပြီးပြည့်စုံစွာ တည်ဆောက်မှုမဖြစ်နိုင်ပေ။ သမ္မာကျမ်းစာကိုကျွန်ုပ်တို့၏ လက်ထဲတွင် ကိုင်စွဲပြီးယင်းမှာဘုရားသခင်၏ ဝိညာဉ်တော်နှုတ်ကပတ်တော်များ အစစ်အမှန်ဖြစ်သည်ကိုယုံကြည်၍ ယုံကြည်မှု အတော်အတန်တည်ဆောက် ယူရမည်ဖြစ်သည်။ အစွဲရေးလူမျိုးများသည်ယနေ့ကာလများစွာသော ခရစ်ယာန် များကဲ့သို့ဘုရားသခင်၏ နှုတ်ကပတ်တော်၏ဆိုလိုချက်များကို အတိုင်း အတာတစ်ခုအထိစိတ်ဝင်စားလာခဲ့ကြသည်။ ကျွန်ုပ်တို့အနေဖြင့် ဟေဗြဲ(၄း၂) ပေါ်တွင် သတိရှိစွာထုတ်ပြန်ရန်လိုအပ်သည်။

**ငါတို့သည်ဝမ်းမြောက်စရာသတင်းကိုထိုသူတို့ကဲ့သို့ ကြားကြရပြီ။ သို့ရာတွင်သူတို့ကြားရသောတရား စကား သည် ကြားရသောသူတို့အထဲ၌ ယုံကြည်ခြင်းနှင့် မရောနှော သောကြောင့် အကျိုးကိုမပေး။**

လက်ခံရရှိသောဘုရားသခင်၏ဝိညာဉ်တော် /နှုတ်ကပတ်တော်၏ တန်ခိုးတော်တွင်ပြည့်စုံသော ယုံကြည်မှုတစ်ခုကိုမြှင့်တင်မည့်အစား ဘုရား သခင်၏ ဝိညာဉ်တော်ကိုကျွန်ုပ်တို့၏ အသဲနှလုံးကိုမှန်ကန်စွာ ဩဇာလွှမ်း မိုးစေပြီး ကျွန်ုပ်တို့၏ဘဝအားဘုရားသခင် ၏နှုတ်ကပတ်တော်ကို လေးစား လိုက်နာမည့်ခံစားချက် အတွေ့အကြုံကိုသယ်ဆောင်ခြင်းထက် ကျွန်ုပ်တို့အား ဘုရားသခင်ကို လက်ခံနိုင်စေမည်။ ကျွန်ုပ်တို့အပေါ် သို့ မှန်ကန်သော တန်ခိုးတော်သည် ရုတ်တရက်ဝင်ရောက်လာစေမည့်ဝိညာဉ်ပိုင်းဆိုင်ရာ လမ်းတို့ ကပို၍ဆွဲဆောင်မှုရှိစေလိမ့်မည်ဖြစ်သည်။

ဘုရားသခင်၏နှုတ်ကပတ်တော်ထဲတွင်ရှိသည့်ကြီးမားသော ဝိညာဉ် တန်ခိုး ကိုလက်ခံရန်ဆန္ဒမရှိမှုကခရစ်ယာန်များစွာ တို့အားကျမ်းစာအားလုံးသည် ထာဝရဘုရားသခင်ကအပြည့်အစုံဟောကြားခဲ့သော ကျမ်းစာများ ဟုတ်မဟုတ် မေးခွန်းမေးစေရန် ဖြစ်ပေါ်စေခဲ့သည်။ သမ္မာကျမ်းစာထဲတွင် ကျွန်ုပ်တို့ ဖတ်ရှုခဲ့ရသော အချက်များစွာတို့မှာရှေးပညာရှိလူကြီးများ၏ပုဂ္ဂိုလ်ရေး အကြံဉာဏ်ထင်မြင်ယူဆချက်များသာဖြစ်သည်ဟု သူတို့ကအကြံပြုထား လေသည်။ သို့ရာတွင်ပီတာက ထိုအခိုပွါယ်မဲ့ အကြောင်းပြချက်ကို ထိရောက်စွာ ကန့်ကွက်ထားသည်။

**သာ၍မြဲမြံသောအနာဂတ္တိစကားတော်သည် ငါတို့၌ ရှိသေး၏၊ စိတ်နှလုံးထဲ၌ အာဂုဏ်တက်၍ ကြယ်နီပေါ်ထွက် သည့်ကာလတိုင်အောင် ထိုအနာဂတ္တိ စကားတော် ကိုမှောင်မိုက်အရပ်၌ ထွန်းလင်းသော ဆီမီး ကဲ့သို့မှတ်၍သင်တို့ သည်အမှီပြုသင့်ကြ၏။ ကျမ်းစာ၌ ပါသောအနာဂတ္တိစကားမည်သည်ကား ကိုယ့်အလို အလျောက်အနက်မပေါ် ဟု ရှေးဦးစွာသိမှတ်ကြလော့၊ အကြောင်းမူကား အနာဂတ္တိစကားသည် လူ့အလိုအားဖြင့် ဖြစ်ဖူးသည်မဟုတ် ဘုရား သခင်၏ သန့်ရှင်းသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကို ခံရ၍ဟောပြောကြ၏။**

အထက်ပါအကြောင်းအချက်များအပြင်ကျွန်ုပ်တို့အနေဖြင့် သမ္မာကျမ်း စာတွင်ပါဝင်သောအကြောင်းအရာများကို ယုံကြည်ရမည်။

**သမ္မာကျမ်းစာရေးသားသူများ**

သမ္မာကျမ်းစာ၏စုစည်းအားဖြစ်စေမှုကိုခိုင်မာသော ယုံကြည်မှု တစ်ခုတည် ဆောက်မှုမှာအရေးကြီးပေသည်။ သမ္မာကျမ်းစာ ရေးသားသူများ သည်သူတို့အားစဉ်ဆက်မပြတ်နှိုးဆော်သောစိတ်ဓါတ်ဖြင့် ကြံ့ခိုင်စွာ ဆောင်ရွက် ရာတွင် သူတို့၏စကားလုံးများသည် သူတို့၏ကိုယ်ပိုင်စကားလုံးများ မဟုတ်ကြ ပေ။ ဘုရားသခင်၏နှုတ်ကပတ်သည်သမ္မာတရားဖြစ်ပါ၏။ (ယော ၁၇း၁၇) ယင်းမှ ထိုကျမ်းစာရှိသမျှသည်ဘုရားသခင်မှုတ်သွင်းတော်မူသော အားဖြင့်ဖြစ်၍ ဘုရားသခင်၏လူသည်စုံလင်သော၊ ကောင်းသောအမှု အမျိုးမျိုးတို့ကို ပြုစုခြင်းအလို့ငှာ ပြင်ဆင်သောသူဖြစ်မည်အကြောင်းဩဝါဒပေးခြင်း၊ အပြစ်ကို ဖော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း ကျေးဇူးများကိုပြုတတ်၏။(၂တိ ၃း၁၆၊၁၇)အမှန်တရားက စိတ်ထိ

ခိုက်စေမှုများအတွက်လူများစွာနှင့် အကျွမ်းတဝင်မဖြစ်မှုမှာ အံ့ဩဖွယ်ရာမဟုတ်ပေ။ ပရောဖက်ယေရမိသည်ဘုရားသခင် တိုက်တွန်းသော စကားများ ကိုပြောကြားခြင်း အတွက်ဆန့်ကျင်မှုများစွာ ခံစားရသည့် အတွက် မှတ်တမ်း မပြုရန်သို့မဟုတ်သူပြောသောစကားများကို အများသိအောင် မပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။ သို့ရာတွင်ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ရေးသားခြင်းမှာလူသား၏စိတ်ဆန္ဒထက်ဘုရားရှင်၏ဆန္ဒ၏ ရလဒ်ကြောင့် သူ့တွင်ရွေးချယ်မှုမရှိစေ၍ သန့်ရှင်းသောဝိညာဉ်တော်၏ ခေါ်ဆောင်မှုကို ခံရသည်။ လူတိုင်းကကျွန်ုပ်ကိုလှောင်ပြောင် သရော်နေကြသဖြင့် နေ့စဉ်စိတ်ဆင်းရဲနေရသည်။ ထို့နောက်ကျွန်ုပ်ကသူ၏ အလုပ်ကိုမဖော်ထုတ်ပါ။ သူ၏အမည်များနှင့်ပတ်သက် ၍လည်းမပြောပါဟုပြောလိုက်သည်။ သို့ရာတွင် သူပြောသောစကားသည်ကျွန်ုပ်၏နှလုံးသားအတွင်း ကျွန်ုပ်၏အရိုးများထဲသို့ မီးစဖြင့်ထိုးသကဲ့သို့နာကျင်လျက်ရှိပါသည်။ ကျွန်ုပ်ခံနိုင်ရည်မရှိတော့ပါ၊ ကျွန်ုပ်နေခြင်းငှာမစွမ်းတော့ပါ။(ယေ ၂၀း၇၉)

အကယ်၍ထိုလူများကတစ်စိတ်တစ်ပိုင်းသာအားပေးသမှုပြုခဲ့လျှင် ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်၏မှန်ကန်သော နှုတ်ကပတ်တော် သို့မဟုတ် ဝိညာဉ်တော်သို့ရောက်နိုင်တော့မည်မဟုတ်ပေ။ အကယ်၍သူတို့ရေးသမျှ ဘုရားသခင်၏နှုတ်ကပတ်တော် အမှန်ဖြစ်ခဲ့လျှင် လှုံ့ဆော်မှုဖြစ်ချိန်အတွင်း ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့်သူတို့ကပြည့်စုံစွာ ဆောင်ယူသွား နိုင်ကြ မည်ဖြစ်သည်၊ သို့မဟုတ်ပါကရလဒ်မှာဘုရားသခင်၏ နှုတ်ကပတ်တော်ကို လုံးဝလက်ခံမှုတစ်ခုက ကျွန်တော်တို့အားဖတ်ရှု လိုက်နာစေရန်ပို၍ စိတ်ခါတ် ကိုလှုံ့ဆော်ပေးလေသည်။ နှုတ်ကပတ်တော်သည် အလွန်စင်ကြယ် သည်ဖြစ်၍ ကိုယ်တော်၏ကျွန်သည်နှစ်သက်ပါ၏။ (ဆာ ၁၁၉း၁၄၀)

သို့ဖြစ်ရာသမ္မာကျမ်းစာ စာအုပ်များသည်လူများ၏ကျမ်းစာတွင် ဘုရားသခင်၏ဝိညာဉ်တော်မှထွက်လာသော ဘုရားရှင်၏ လုပ်ရပ်များ ပင်ဖြစ်သည်။ ဤအမှန်တရားကိုဓမ္မသတ်ကျမ်းက ဓမ္မသစ် ဟောင်းကျမ်း၏ ရေးသားချက်များကိုမည်ကဲ့သို့ညွှန်းဆိုသည် ကိုစဉ်းစားခြင်းဖြင့်ဖော်ပြသည်။

(မ ၂း၅၊ **(R.V. mg)** )ကထိုကျမ်းစာကို ပရောဖက်များက တဆင့်မည်ကဲ့သို့ရေးသားသည်ကိုဖော်ပြသည်။ ဘုရားသခင်က လူများမှတဆင့်ရေးသားခဲ့ခြင်းဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဒါဝိဒ်မင်း၏ နှုတ်ဖြင့်ဗျာဒိတ်ထားတော်မူနှင့်သောကျမ်းစာချက်အတိုင်း မပြည့်စုံဘဲမနေရ။ (တ ၁း၁၆)ယင်းမှာဆာလံကျမ်းမှ ပီတာ၏ရည်ညွှန်းချက်ဖြစ်သည်။ **(cp** ဟေဗြဲ ၃း၇)

သမ္မာကျမ်းစာကိုရေးသားကြသောလူသားစာရေးဆရာများသည် ရှေးဦး ခရစ်ယာန်များသို့ယေဘုယျအားဖြင့်အရေးမပါခဲ့ကြပေသူတို့၏စကားလုံးများ ကိုအရေးကြီးသောဘုရားသခင်၏ဝိညာဉ်တော်ဖြင့်မစူးစိုက်ကြသောကြောင့်ဖြစ်သည်။

**ဘုရားသခင်၏နှုတ်ကပတ်တော်တန်ခိုး**

ဘုရားသခင်၏ဝိညာဉ်တော်သည် သူ၏စိတ်ကိုရည်ညွှန်းရုံမျှမကဘဲ ထို အတွေးများကိုသူကဖော်ပြသည့်တန်ခိုးတော်နှင့် လည်းရည်ညွှန်းသည်။ သူ၏ ဝိညာဉ်တော်နှုတ်ကပတ်သည်သူ၏စိတ်မှဖော်ထုတ်ချက်တစ်ခုမျှသာမဟုတ်ဘဲ ထိုနှုတ်ကပတ်အတွင်းမှလျှင်မြန်သောထက်မြက်သောတန်ခိုးတော်လည်းဖြစ်သည်။

ကယ်တင်ခြင်းဆီသို့ ဤဘဝ၏လုပ်ငန်းရပ်ငယ်များကို အရှိန် အဟုန် မြှင့်ရန် လိုအပ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ရိုသေလေးစားမှုက ကျွန်ုပ်တို့အားပေးသည်။ တန်ခိုးတော်ကြောင့်ဖြစ်ပေါ်လာသော ကျွန်ုပ်တို့၏အသိဉာဏ်ဗဟုသုတဖြင့်ခံစားမှု များကိုကျော်လွှားနိုင်သည်။ ထိုတန်ခိုးတော်ကိုမှန်ကန်သောနှစ်သက်မှုတစ်ခုက ထိုအချက်ကို အသုံးပြုရန် စိတ်ပါစေသင့်သည်။ ဤအတွေ့အကြုံများစွာ အနက် ပေါလ၏ရေးသားချက်မှာ

❋❋ငါသည်ခရစ်တော်၏ဧဝံဂေလိတရားကြောင့် ရှက်ကြောက်ခြင်းမရှိ၊ အကြောင်းမူကားထိုတရားသည် ရှေးဦး စွာ၌ ယုဒလူ၊ နောက်၌ ဟေလသလူ၊ ယုံကြည်သမျှသောလူ အပေါင်းတို့ကို ကယ်တင်စေသော ဘုရားသခင်၏ တန်ခိုးတော်ဖြစ်၏။☼☼ (ရော ၁း၁၆)

❋❋လု(၁း၃၇ **R.V** )ကအလားတူဖြစ်ရပ်ကို ထောက်ပြသည်။ဘုရားသခင်တတ်နိုင်တော် မမူသော အမှုမရှိ။☼☼

သမ္မာကျမ်းစာလေ့လာမှုနှင့်ကျွန်ုပ်တို့၏ဘဝအတွင်း လက်တွေ့အသုံးချမှု ကလျှင်မြန်သောဖြစ်စဉ်တစ်ခုဖြစ်သည်။ ယင်းမှာထာဝရဘုရားသခင် ဆိုင်ရာလေ့လာသူများ၏ အေးဆေးသော ခေတ်မီနည်းလမ်းသို့ ဆက်စပ်မှု စိတ် မရှိသည်သာမက

အသင်းတော်များစွာတို့၏ အကောင်းမြင် ခရစ် ယာန်ဝါဒများနှင့်လည်းဆက်စပ်မှုမရှိပေ။ စာပိုဒ်အနည်းငယ်ကိုသာအတိုချုပ်ဖော်ညွှန်းထားပြီး ထိုစာပိုဒ်များကို နားလည်စေရန်သို့မဟုတ်အသုံးပြုရန် ကြိုးပမ်း အားထုတ်မှုမရှိပေ။ ဘုရားသခင်၏နှုတ်ကပတ်တော် သည် လျင်မြန်သောရိုက်အားနှင့် စွမ်းအားကောင်းသည်။ ဘုရားသခင်တန်ခိုးတော်၏ နှုတ်ကပတ်တော်ဖြစ်သည်(ဟေဗြဲ၄း၁၂၊၁၃)ဘုရားသခင်၏ နှုတ်ကပတ် တော်သည် ယုံကြည်သူများကို ထိရောက်သောလုပ်ဆောင်မှုဖြစ်စေသည်။ (၁သက် ၂း၁၃)ဘုရားသခင်၏ နှုတ်ကပတ်တော်မှတဆင့် ဘုရားသခင်က မှန်ကန်စွာ ယုံကြည်သူများ၏ စိတ်ထဲတွင်တက်ကြွစွာ တစ်နေ့တာ ၏ အချိန် နာ ရီတိုင်း လုပ်ဆောင်လျက်ရှိသည်။

သင်လေ့လာသင်ယူနေသောကောင်းချီးသတင်း၏ အခြေခံအချက်မှာ ဘုရားရှင်၏ စစ်မှန်သောတန်ခိုးတော်ဖြစ်သည်။ အကယ်၍သင်က ဆောင်ရွက်ရန် ခွင့်ပြုလျှင်ဘုရားသခင်၏ လူအဖြစ်သင့်ဘဝကို ပြောင်းလဲပေးလိမ့်မည်။ ထိုသို့ သောအားဖြင့်အလွန်ကြီးမြတ်၍ အဖိုးထိုက်သော ကတိများကို ငါတို့၌ ပေးအပ် တော်မူပြီ၊ အကြောင်းမူကား ထိုကတိတော်များကိုအမှီပြု၍ သင်တို့သည်လောကီတပ်မက်ခြင်း၊ အညစ်အကြေးနှင့်ကင်းလွတ်သဖြင့် ဘုရားပကတိ ကိုဆက်ဆံရသောသူဖြစ်ကြမည်။(၂ပေ ၁း၄)ပေါလု၏ဟောကြားချက်မှာ ဝိညာဉ် တော်နှင့် တန်ခိုးတော်ကိုလက်တွေ့ရှင်းလင်းပြောပြချက်ဖြစ်သည်။(၁ကော ၂း၄)

သူတို့၏ခရစ်တော်သို့ကိုးကွယ်ဆည်းကပ်ရန်တောင်းဆိုမှုများ ရှိသော်လည်း ဘုရားရှင်၏နှုတ်ကပတ်တော်သမ္မာကျမ်းစာတွင် မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ် နေကြသူများဖြင့်ကျွန်ုပ်တို့ကိုဝန်းရံလျက်ရှိပေသည်။ အလားတူပင်သူတို့ကဘုရားရှင်ကို ယုံကြည်ကိုးကွယ်သည့် တိုင်တကယ် လူသားဖြစ် သည်ဟူသော အချက်ကိုလက်ခံရန်ပျက်ကွက်နေကြဆဲဖြစ်သည်။ ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်ရေးဆိုင်ရာခံစားမှုများနှင့် ခိုင်မြဲသောယုံကြည်ချက် များ အပေါ်တွင်၊ သမ္မာကျမ်းစာ၏အပေါ်တွင်စုစည်းထက်သန်မှုနှင့် ယင်း၏မြင့်မြတ်မှုကို ငြင်းဆိုကာဘုရားရှင်၏တန်ခိုးတော်ကိုငြင်းဆန်လျက်ရှိပေသည်။(၂တိ ၃း၅)၏စကားလုံးများကစိတ်ထဲသို့ တိုးဝင်လာခဲ့သည်။ ဘုရားဝတ်၌ မွေ့လျော်ယောင်ဆောင်၍ မွေ့လျော်ခြင်း၊ တန်ခိုးကိုငြင်းပယ်သော သူဖြစ်ကြ လိမ့်မည်။ **i.e** ကောင်းချီးသတင်းနှုတ်ကပတ်တော်၏တန်ခိုး

ကျွန်ုပ်တို့၏အခြေခံဝါဒကိုကမ္ဘာကထိုးနှက်ခဲ့သည်။ အလားတူပင် ပေါလုနှင့်သူ၏ဟောပြောသူများအဖွဲ့ကိုလည်းထိုးနှက် ခံခဲ့ရသည်။ အကြောင်းမူကားဆုံးရှုံးခြင်းသို့ရောက်သော သူတို့၌ လက်ဝါး ကပ်တိုင်တရား သည်မိုက်သောတရားဖြစ်၏။ ကယ်တင်ခြင်းသို့ရောက်သောငါတို့၌ ထိုတရားသည် ဘုရားသခင်၏တန်ခိုးတော်ဖြစ်သည်။(၁ကော ၁း၁၈)

ဤအချက်အားလုံးကိုစိတ်ထဲတွင်စွဲလျက် ကျွန်ုပ်တို့တစ်ဦးချင်း အနေဖြင့် ကြီးမားသောလေ့လာမှုကိုအစဉ်စွဲလျက်ကျွန်ုပ်တို့ ၏လက်ထဲတွင် သမ္မာကျမ်းစာကိုကိုင်ပြီးစိတ်ပါဝင်စားစွာဖတ်ရှုလေ့လာပြီးလိုက်နာနိုင်မှုမပြုနိုင်ဘူးလား။

## နှုတ်ကပတ်တော်သို့ ဘုရားသခင်၏ လူများ၏ရပ်တည်မှု အနေအထား

သမ္မာကျမ်းစာဆိုင်ရာမှတ်တမ်းကိုစိတ်ပါဝင်စားမှုဖြင့်ဖတ်ရှုခြင်းက သမ္မာ ကျမ်းစာရေးသူများကသူတို့၏စိတ်အားထက်သန်မှုကိုအသိအမှတ်ပြုရုံသာမက အခြားသမ္မာကျမ်းစာရေးသူများကိုလည်းသူတို့စိတ်ထက်သန်မှုပေါ်မူတည်၍လည်းပြုမူတတ်ကြပေသည်။ ယခင်ယေရှုသည်ဤအပိုင်းတွင်ထင်ရှားမှုပိုလေသည်။ ယေရှုသည်ဒါဝိဒ်၏ဆာလံကျမ်းတွင်ဖော်ပြချက်အရ သူကဝိညာဉ်တော်အတွင်းမှ ဒါဝိဒ်ဟူသောစကားလုံးများဖြင့်အစပျိုးဖော်ညွှန်းခဲ့သည်။ ယင်းတွင်ဒါဝိဒ်၏ စကားလုံးများက စိတ်ထက်သန်မှုဖြစ်စေသည်ဟူသောအချက်၊ သူ၏အသိ အမှတ်ပြုမှုကိုပြသခဲ့သည်။ ယေရှုကမောရှေ၏ရေးသားချက်များနှင့် ပတ်သက်၍ မိန့်ကြားခဲ့သည်။(ယော ၅း၄၅-၄၇)မောရှေက **Pentateuch** ကိုရေးသားခဲ့ကြောင်းကိုသူယုံကြည်ကြောင်းပြဆိုခဲ့သည်။ အမြော်အမြင်ကြီးသော ခရစ်ယာန်များကမောရှေအနေဖြင့်ယင်းကိုရေးနိုင်မှုရှိ၊ မရှိဟူသောအချက်ကို သံသယရှိခဲ့သည်။ သို့ရာတွင် ခရစ်တော်၏ရပ်တည်မှုကသူတို့၏ နည်းလမ်းကို ရှင်းလင်းစွာချေဖျက်ခဲ့သည်။ သူကမောရှေ၏ရေးသားမှုများကိုဘုရားသခင်၏ ပညတ်တော်ဟုခေါ်ဆိုခဲ့သည်။(မ ၇း၈၊၉)အလားတူရိုးသားမှုမရှိသော သံသယ ဖြစ်သူအုပ်စုကမွေ့သတ်သစ်ကျမ်းအများစုမှာဒဏ္ဍာရီ ဖြစ်ကြောင်းဖွင့်ဟကြ သည်။

သို့ရာတွင်ယေရှုသို့မဟုတ်ပေါလတို့ကမည်သည့်အခါမျှ ထိုအတိုင်း မပြုမူမသတ်မှတ်ကြချေ။ယေရှုကရှီကာဘုရင်မသည် လက်ခံထားသော သမိုင်း ကြောင်း ဆိုင်ရာအချက်တစ်ခုအဖြစ်မြွက်ကြားခဲ့သည်။(မ ၁၂း၄၂)သူက ရှီကာ ဘုရင်မနှင့် ပတ်သက်သော ပုံဝတ္ထုအဖြစ်မပြောခဲ့ချေ။

တမန်တော်များ၏ရပ်တည်ချက်မှာသူတို့၏အရှင်သခင်၏ ရပ်တည်မှုနှင့် ဆင်တူပေသည်။ ပီတာကခရစ်တော်၏ နှုတ်ကပတ်တော်များကို သူ၏ ကိုယ်ပိုင်နားဖြင့် ကြားခဲ့ရမှုမှာပို၍သေချာသော ပရောဖက်များ၏စကားအားဖြင့် ဝိုးတဝါးဖြစ်မှုရှိခဲ့ကြောင်းထုတ်ဖော်ခဲ့သည်။(၂ပေ ၁း၁၉-၂၁)ပေါလ၏ စာများ သည် အခြားကျမ်းစာများကဲ့သို့ကျမ်းစာများပင်ဖြစ်ကြောင်း၊ ပီတာက ယုံကြည် ခဲ့သည်။ ယင်းမှာရှေးဟောင်းဓမ္မသတ်နှင့်ပတ်သက်၍ သာမန် အသုံးပြုထားသော စကားစုတစ်စုဖြစ်သည်။ ဤသို့ဖြင့် ပီတာကပေါလ၏စာများအားဓမ္မသတ် ဟောင်းကိုယ်စားပြုအပြစ်မြင်ခဲ့သည်။

တမန်တော်ဝတ္ထု၊ ဖေက်သြဝါဒနှင့်ဗျာဒိတ်ကျမ်းများတွင် တဆင့်စကား များစွာပါဝင်နေကြသည်။(**c.p** တ.၁၃း၅၁၊မ ၁၀း၁၄) ယင်းမှာတူညီသော ဝိညာဉ်တော်အားဖြင့်စိတ်ထက်သန်မှုအားလုံးကိုသာမက ဓမ္မသတ်သစ်ကျမ်းကို ရေးသားသူများအားဖြင့်၊ ဓမ္မသတ်မှတ်တမ်းများအား စိတ်ဝင်စားမှုဖြစ်စေခြင်း ကိုလည်း ညွှန်ပြလျက်ရှိသည်။ ၁.တိ.၅.၁၈တွင်ပေါလက(တရာ ၂၅း၄)နှင့် (လု ၁၀း၇)နှစ်မျိုးစလုံးကိုသမ္မာကျမ်းစာအဖြစ်ဖော်ညွှန်းထားသည်။ ပေါလက သူ၏သတင်းအချက်အလက်များသည်သူကိုယ်တိုင် ပြောသောစကားများမဟုတ်၊ ခရစ်တော်ထံမှလာသော အချက်အလက်များ ဖြစ်ကြောင်းခိုင်ခိုင်မာမာဆိုခဲ့သည်။(ဂလာ ၁း၁၁၊၁၂၊ ၁ကော ၂း၁၃၊ ၁း၂၃၊ ၁၅း၃)ယင်းကိုအခြားသောတမန်တော်များကအသိအမှတ်ပြုခဲ့ကြသည်။(ရှင်ယာကုပ် ၄း၅)က(ဂလာ ၅း၁၇)မှ ပေါလ၏စကားများကို ကျမ်းစာအဖြစ် ဖော်ညွှန်းထားသည်။

ဘုရားသခင်ကခရစ်တော်အားဖြင့်ဗျာဒိတ်ပေးတော်မူခဲ့ပြီး၊ နောက်ထပ်ဗျာဒိတ်ပေးရန်မလိုအပ်။(ဟေဗြဲ ၁း၂)သမ္မာကျမ်းစာက ယခုအခါ သင်ယူမရရှိနိုင်သောအခြား ရေးသားချက်များကို ရည်ညွှန်းထားသည်ကို တွေ့မြင်နိုင်ပေသည်။( ဥပမာ **the book of Jasher, the writings of Nathan, Elijah, Paul to Corinth, and John's third Epistle implies that John had written an unpreserved letter to the church which Diotrephes had refused to obey** ) အဘယ့်ကြောင့်ထိုရေးသားချက်များသည် ကျွန်ုပ်တို့အတွက် မကျန်ရစ်တော့ သနည်း။ ခိုင်ခိုင်မာမာဆိုရလျှင်ထိုအရာများသည် ကျွန်ုပ်တို့အားထားရာ မဖြစ် သောကြောင့် ဖြစ်ပေသည်။ ထို့ကြောင့်ဘုရားသခင်ကကျွန်ုပ်တို့အတွက်အားထားနိုင်သောအရာအားလုံးကိုကျန်ရစ်စေခဲ့ကြောင်းအခိုင်အမာ ပြောဆိုနိုင်ပေသည်။

ဓမ္မသတ်ကျမ်းစာအုပ်များသည်စိတ်ဝင်စားဖွယ်ရာ အဖြစ်တဖြည်းဖြည်း လက်ခံလာနေကြောင်းဖော်ထုတ်ပြဆိုလေသည်။ သို့ရာတွင် တစ်ဦးက အခြားသူတစ်ဦး၏ ရေးသားချက်များကို တမန်တော်များကခိုင်လုံမှုမရှိဟု ဆိုခဲ့ကြသည်။ ငါသည်သင်တို့အား ရေး၍ပေးလိုက်သော စကားတို့သည် ဘုရားသခင်၏ ပညတ်တော်ဖြစ်ကြောင်းကိုပရောဖက်ဖြစ်သောသူ ဝိညာဉ်ဆုကျေးဇူးကိုခံရသော သူမည်သည်ကား ဝန်ခံပါစေ။ တစ်စုံတစ်ယောက် သောသူသည် မသိလျှင်မသိဘဲနေစေ(၁ကော ၁၄း၃၇၊ ၁ယော ၄း၁၊ ဗျာ ၂း၂) စိတ်ဝင်တစားရေးသားထားသောစာများကို ချက်ခြင်းပင် စိတ်ဝင်စားမှုအဖြစ် လက်ခံခဲ့သည်ဟုဆိုလိုသည်။ အကယ်၍ကျွန်ုပ်တို့၏ သမ္မာကျမ်းစာထဲတွင် လမ်းညွှန်မှုမရှိသော လူသားများရွေးချယ်ထားသည့်တစ်စုံတစ်ရာပါဝင်နေခဲ့သော် ကျမ်းစာအုပ်သည်ဝင်ရောက်မှု မရှိနိုင်ပေ။

## ၂.၃ သန့်ရှင်းသောဝိညာဉ်တော်၏လက်ဆောင်များ

ဘုရားသခင်သည်သူ၏ဆက်ဆံမှုများကိုလူများနှင့်ပြုလုပ်သည့် အချိန်များတွင်ဘုရားသခင်ကသူ၏တန်ခိုးတော်(သန့်ရှင်းသောဝိညာဉ်တော်) အသုံးပြုမှုကို လူများသို့တပ်ဆင်ခွဲဝေပေးခဲ့သည်။ မည်သို့ပင်ဖြစ်စေယင်းမှာ လိုအပ်လျှင်လိုအပ်သလို အသုံးပြုနိုင်သည်။ ဘာမျှရေးသားထားခြင်းမရှိသော ချက်လက်မှတ်ပုံစံဖြင့် မည်သည့်အခါမျှမပေး သီးခြားဆောင်ရွက်မှုတစ်ခု အတွက်သာသန့်ရှင်းသောဝိညာဉ်တော်ကိုအစဉ်အသုံးပြုကြရသည်။ အောင်မြင်ပြီး မြောက်သွားသည့်အခါတွင်သန့်ရှင်းသော ဝိညာဉ်တော်၏ လက်ဆောင်ကိုပြန်လည်ရုပ်သိမ်းလိုက်သည်။

ဘုရားသခင်၏ ဝိညာဉ်တော်သည် ဘုရားသခင်၏စိတ်ထဲတွင် ရှိသည့်အတိုင်းဖြစ်စဉ်ကို ရှေ့သို့တွန်းပို့သည့် နည်းအတိုင်းပြုမူသည်။ သူ၏ရည်မှန်းချက်မှာ ဘုရားသခင်၏ ရေရှည် အကြောင်းထူး များကိုသယ်ဆောင်ရန်အလို့ငှာလူများ၏ ဘဝများအတွင်း ရေတိုခံစားမှုများကိုမကြာခဏဖြစ်ပေါ် စေခြင်းဖြစ်သည်။ (လေ့လာမှု ၆.၁တွင်ကြည့်ပါ) သို့ဖြစ်ရာဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်တော်ကိုသူ၏ ဘဝတွင်လူသားများ၏ခံစားရမှုများကို ပေါ့ပါးသက်သာစေရန်အသုံးမပြုပေ။ ယင်းကဲ့သို့သက်သာမှုတစ်ခုခုမှာ ဘုရားသခင်၏ စိတ်ကိုကျွန်ုပ်တို့ထံသို့ ဖော်ညွှန်းရန် အတွက် ဖြစ်စေလိမ့်မည်။

ယင်းမှာယနေ့အချိန်အခါတွင်သန့်ရှင်းသော ဝိညာဉ်တော်သို့ ထင်ရှားသော ခရစ်ယာန်များ၏ရပ်တည်မှုသို့သတ်မှတ်ထား သောကွဲပြား ချက်ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာ အကျိုးဖြစ်ထွန်းမှုကြောင့် ခရစ်တော်တွင် ယုံကြည်မှုမှာတန်ဘိုးရှိကြောင်းပြဆိုပေသည်။ ဥပမာ-သန့်ရှင်းသော ဝိညာဉ်တော်ဖြင့်ရောဂါကုစားခြင်း ယင်းအချက်ကယူဂန္ဓာကဲ့သို့ ပဋိပက္ခကြောင့် စည်းလုံးမှုပြိုကွဲနေသော နိုင်ငံများတွင်ပြန်လည်နလံထူနိုင်ရန် အတွက် ဝိညာဉ်လက်ဆောင်များပိုင်ဆိုင်၍ သိသာသော လူများ၏ ရုတ်တရက် ဖြစ်ပွားသော တောင်းဆိုမှုများအဘယ်ကြောင့် ဖြစ်ပေါ်ရသည်ကို ရှင်းလင်း ပေးသည်။ သမိုင်းကြောင်းအရယင်းကဲ့သို့တောင်းဆိုမှုများသည် လူသားများ၏ ကြီးမားသောလိုအပ်ချက်ပေါ် ပေါက်သော အချိန်များနှင့် မကြာခဏပင် တိုက်ဆိုင်မှုဖြစ်ပေါ် လေ့ရှိသည်။ ထိုအထဲပင်တွင် သံသယဖြစ်မှုအချို့၏ အောက်တွင် လက်ရှိဝိညာဉ်ပိုင်ဆိုင်မှုတောင်းဆိုမှုများပေါ် ပေါက်စေသည်။ အကယ်၍တစ်ဦးတစ်ယောက် အနေဖြင့် လက်ရှိလူသားတို့ကို ဆိုးဝါးသော အခြေအနေပေါ် ပေါက်စေသော အတွေ့အကြုံကို ရှာပါကကွက်လပ်ကို ဖြည့်ပေး သော အရာများကိုတွေ့ရန်အတွက် တောင်းဆိုရန်လွယ်ကူမည်ဖြစ်သည်။

ယနေ့အချိန်တွင်ခရစ်ယာန်များစွာတို့ကအံ့ဘွယ် ဝိညာဉ် လက်ဆောင် များ ပိုင်ဆိုင်ရန်တောင်းဆိုလျက်ရှိကြသည်။ သို့တိုင်သူတို့၏ တိကျသော ဦးတည်ချက်ကိုမေးလိုက်သောအခါ မသေချာမှု မရှိနေသည်ကို တွေ့၍ ဘုရား သခင်သည် သတ်မှတ်ထားသောဦးတည်ချက်များအောင်မြင်မှုရရှိရန် သူ၏ ဝိညာဉ်ကိုအမြဲပေးလျက်ရှိသည်။ ထို့ကြောင့်ပင်ဝိညာဉ်၏လက်ဆောင်ကို မှန်ကန်စွာပိုင်ဆိုင်သူများကယင်းကိုမည်သည့်အတွက်အသုံးပြုရမည်ကို တိကျစွာသိထားကြသည်။ ထို့ကြောင့်ထိုအရာများကိုအသုံး ပြုခြင်း အတွက် တစ်ပိုင်းတစအောင်မြင်မှုများကိုမရကြခြင်းဖြစ်သည်။ ယင်းမှာယနေ့အချိန်တွင် ကုသမှုဝိညာဉ်တော်လက်ဆောင်ရရန် တောင်းဆိုနေကြသူများအားဖြင့် ခံစား ကြရသောဆုံးရှုံးမှုများစွာနှင့်တစ်ပိုင်းတစကုသမှုများကိုခွဲခြားမှုဖြစ်စေသည်။

အောက်ဖော်ပြပါဥပမာများသည်ဝိညာဉ်တော်လက်ဆောင်များကို ခွင့်ပြုမှု၏နောက်တွင်သီးခြားအကြောင်းအချက် များတွင် ဦးတည်ချက်များအား လုံကိုညွှန်ပြသည်။ သို့ဖြစ်ရပ်များ၏မည်သည့်ဖြစ်ရပ်တွင်မှ ဝိညာဉ် လက်ဆောင် ပိုင်ဆိုင်မှုနှင့်ဆက်နွယ် နေသော အကြောင်းအချက်များနှင့် ယင်း လက်ဆောင် များကိုအံဝင်ခွင်ကျဖြစ် ပြောင်းရှုမြင်ရုံမျှအသုံးပြုနိုင်သော ပိုင်ဆိုင် သူများ မရှိ ကြပေ။ ကျွန်ုပ်တို့အနေဖြင့်ဘုရားသခင်၏ ဝိညာဉ်တော်များနှင့် ပတ်သက်၍ ပြောဆိုနေကြသောကြောင့်ဘုရားသခင်၏ဝိညာဉ်တော်ကိုယာယီ အသုံးပြု သူများတွင် ဘုရားသခင်၏သီးခြားဆန္ဒတော်ကို ဆောင်ရွက်၍ အလို့ငှာပေးသည်ဟုမြင်လျက် လူတို့ကငင်းကိုတိုက်ရိုက်အသုံး ပြုရန်စိတ်ကူးလျှင် ပင်မရနိုင်ပေ။(**C.P** ဟေရှာ ၄၀း၁၃)

အစ္စရေး၏ရှေးကျသောသမိုင်းတွင်မုန့်နှင့်စပျစ်ရည်ဆက်ကပ်ရာတွင် သုံးသော စားပွဲနှင့်အခြားသန့်ရှင်းသည့်ပစ္စည်းများ ထားရန်ကျယ်ပြန့်သော တဲ တစ်လုံးဆောက်လုပ်၍ သူတို့ကိုအမိန့်ပေးလိုက်သည်။ ဘုရားသခင်ကို ကပ်လှူပူ ဇော်ရန်အတွက်လိုအပ်သော ပစ္စည်းအားလုံးမည်ကဲ့သို့ပြုလုပ်ရန်နှင့် ပတ်သက် သောအသေးစိတ်လမ်းညွှန်ချက်များကိုပေးလိုက်သည်။ ယင်းကိုဖြစ်မြောက် အောင်ဆောင်ရွက်ရန်ဘုရားသခင်ကသူ၏ ဝိညာဉ်တော်ကို လူများသို့ ပေး လိုက်သည်။ အာဂုန်သည်ငါ့ရှေ့မှာ ယဇ်ပရောဟိတ်အမှုကို ဆောင်ရွက်ရသော အခွင့်ရှိ၍သူကိုသန့်ရှင်းစေခြင်းငှာ ငါပေးသောဉာဏ်ကိုရသော ပညာရှိ အပေါင်းတို့ သည် ထိုအဝတ်ကိုလုပ်ရမည့်အကြောင်း မှာထားရသည်။(ထွ ၂၈း၃)

ထိုလူများမနက်တစ်ဦးဖြစ်သောဗေဇလေလသည် ရွှေငွေကြေးတို့ ကိုလုပ်သောအတတ်၊ကျောက်ကိုသွေး၍စီသောအတတ်၊ သစ်သားကို ထုတ်လုပ်သောအတတ်နှင့် အမျိုးမျိုးသောအလုပ်ကို ထူးဆန်းစွာ လုပ်တတ်မည်အကြောင်းဉာဏ်ပညာနှင့်တကွသိပ္ပံအတတ် အမျိုးမျိုးတို့ကို ငါပေး၍ဘုရားသခင်၏ဝိညာဉ်တော်နှင့်ပြည့်စုံစေ၏။ (ထွ ၃၁း၃-၅)

မောရှေအပေါ်တွင်ဖိအားနည်းစေရန်အတွက် သူတို့အားလူများ၏နစ်နာမှုများကိုမှန်ကန်စွာဆုံးဖြတ်နိုင်စေရန်မောရှေသို့ လုပ်ပိုင်ခွင့်ပေးထားသောဝိညာဉ်တော်/တန်ခိုးတော်အချို့ကိုမောရှေထံမှပြန်လည်ရုတ်သိမ်း၍ အစ္စရေးလူကြီးများသို့ပေးလိုက်သည်ဟု (တော် ၁၁း၁၄-၁၇)တွင် မှတ်တမ်းတင်ထားသည်။ မောရှေမကွယ်လွန်မီတွင်ပင် ဝိညာဉ်လက်ဆောင်ကို သူ့ထံမှလွှဲပြောင်းယူ၍ယေရှုအားပေးလိုက်သည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့်သူ့အနေနှင့်လည်းဘုရားသခင်၏လူများကိုကောင်းစွာဦးဆောင်နိုင်စေမည် ဖြစ်သည်။ (တရား ၃၄း၉)

အစ္စရေးလူမျိုးများသူတို့နယ်မြေအတွင်းသို့ဝင်ရောက်သည့် အချိန်မှစ၍ သူတို့၏ပထမဘုရင်(Sual)တိုင်အောင်သူတို့သည် တရားသူကြီးများ၏ အုပ်ချုပ်ခြင်းကိုခံကြရသည်။ ဤအချိန်အတွင်းသူတို့သည် မကြာခဏဆိုသလိုပင်သူတို့၏ရန်သူများ၏ ဖိနှိပ်ချုပ်ချယ်မှုကိုခံကြရသည်။ သို့ရာတွင်အစ္စရေးတို့အားသူတို့၏ကျူးကျော်ဝင်သူများအားအံ့ကနန်းပို့ပေးရန်အလို့ငှာဘုရားသခင်၏ဝိညာဉ်တော်ကတရားသူကြီးများအနက်အချို့တို့အပေါ် တွင်မည်ကဲ့သို့ဩဇာဝင်ရောက်သည်ကိုတရားသူကြီးများ စာအုပ်တွင်မှတ်တမ်းတင် ထားသည်။ **Othniel** (တရား ၃း၁၀)၊ **Gidem** (တရား ၆း၃၄)နှင့် **Jephthan** (တရား ၁၁း၂၉) တို့က ဤအချက်ကိုရှင်းလင်းပေးသည်။

အခြားတရားသူကြီး **Samson** အားခြင်္သေ့တစ်ကောင်အား သတ်ရန်(တရား ၁၄း၅၊၆)လူ၃၀ကိုသတ်ရန်(တရား ၁၄း၁၉)နှင့် ချည်ထားသော ကြိုးများကို ဖြေရန်ဝိညာဉ်တော်ကိုပေးလိုက်သည်။ ယင်းသန့်ရှင်းသော ဝိညာဉ်တော်မှာ **Samson** ကဆက်တိုက် မပိုင်ဆိုင်ပေ။ ထိုအရာကို သီးခြား လုပ်ငန်းများအောင်မြင်ရန်သူ့အပေါ်သက်ရောက်စေပြီးနောက်ပိုင်းတွင်ပြန်၍ ရုတ်သိမ်းလိုက်သည်။

ဤအချက်မှသီးခြားလုပ်ရပ်တစ်ခုအတွက်ဘုရားသခင်၏ ဝိညာဉ်တော် အသုံးပြုရန်အတွက်လက်ဆောင်ရရှိခြင်းကိုသက်သေခံချက်မှာ

- ကယ်တင်ခြင်း၏အာမခံချက်တစ်ခု
- လူတစ်ယောက်၏ဘဝအားလုံးခံနိုင်ရည်ရှိစေသောနေ့
- ၄င်းတို့အတွင်းပိုင်းမှစိတ်ပိုင်းဆိုင်ရာအား
- ပီတိသောမနုဿစိတ်ဖြင့်ပုဂ္ဂိုလ်ရေးဆိုင်ရာ အတွေ့အကြုံအားဖြင့် ရရှိသောအရာများမဖြစ်နိုင်ကြောင်းထင်ရှားပေသည်။

သန့်ရှင်းသောဝိညာဉ်တော်၏လက်ဆောင်နှင့်ပတ်သက်၍ မထင်ရှားသောအကြောင်းပြချက်များစွာရှိသည်ဟုဆိုနိုင်သည်၊ လူများက သန့်ရှင်းသော ဝိညာဉ်တော်ကို လက်ခံရရှိရန် တောင်းဆိုကြပြီး တရားဟောခန်းမများစွာ တို့တွင်တရားဟောဆရာများက ယေရှုကိုလက်ခံခြင်းအားမစဉ်းစား မီဝိညာဉ်တော်၏လက်ဆောင်များလက်ခံခြင်း၏မုန်လာဥဝါများကိုချထားကြသည်။ သို့ရာတွင် မေးခွန်းမေးကြရသည်။ မည်သည့်လက်ဆောင်များလဲ။ လူများက သူတို့အနေဖြင့်မည်သည့်လက်ဆောင်များပိုင်ဆိုင်ကြသည်ကို သူတို့ ကိုယ်တိုင်တိတိကျကျမသိဟူသောအချက်မှာမယုံကြည်နိုင်ဖွယ်ဖြစ်သည်။ ဂုံဆုန်သည် တိရစ္ဆာန်၏ ဟိန်းဟောက်သံကြားသောအခါသူ့အနေဖြင့် ဝိညာဉ်တော်က သူ့အတွက် မည်သည့်အရာကိုပေးသည်ကိုတိတိကျကျသိရမည်ဖြစ်သည်။ ဂုံဆုန်အားခြင်္သေ့တစ်ကောင်အားသတ်ရန် ဝိညာဉ်တော်လက်ဆောင် ပေးလိုက်သည်။ (တရား ၁၄း၅၊၆)သူ၏စိတ်ထဲတွင်သံသယစိတ်မရှိပေ၊ ယင်းအချက်မှာ သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံရယူရန်တောင်းဆိုသောယနေ့ခေတ်ကာလအခြေအနေတွင်ဟင်းလင်းပြင်တွင် ရပ်နေသကဲ့သို့ ထင်ရှား ပေါ်လွင်မှုရှိပေသည်။ သို့ရာတွင်သီးခြားလုပ်ဆောင်ချက်ကို မလုပ် ဆောင် နိုင်သကဲ့သို့သူတို့တွင်မည်သည့် လက်ဆောင်များရှိသည်ကိုလည်းမသိကြပေ။

## ပထမရာစုအတွင်းလက်ဆောင်များအတွက်အကြောင်းပြချက်များ

သင်တို့သည်လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍ဝေနေယျသတ္တဝါအပေါင်းတို့အားဧဝံဂေလိတရားကိုဟောကြလော့၊ယုံကြည်၍ ဗတ္တိဇံကို ခံသော သူသည်ကယ်တင်တော်မူခြင်းသို့ရောက်လတ္တံ့၊ မယုံကြည်သော သူမူကား အပြစ်စီရင်ခြင်းကိုခံရလတ္တံ့(မ ၁၆း၁၅၊၁၆)သူတို့ကဤလုပ်ရပ်ကိုသူတို့၏

ဟောပြောချက်ထဲတွင်ခရစ်တော်၏သေခြင်းနှင့်ပြန်လည်ရှင်သန်ထမြောက်ခြင်းကို အများဆုံးဟောပြောကြသည်။ သို့ရာတွင်ကျွန်ုပ်တို့ သိသမျှ ထိုအချိန်က ဓမ္မသတ်ကျမ်းမပေါ်ပေါက်သေးချေ။ သူတို့သည်ရှေ့နေရာများတွင်ရပ်နေကြသောအခါနှင့် ဟူဒီဘုရားရှိခိုးကျောင်းတွင် **Nazareth** ၏ယေရှုနှင့်ပတ်သက်၍ သူတို့၏ဇတ်လမ်းမှာဆန်းပြားလှပေသည်။ အပြစ်အနာအဆာကင်းသော အစ္စရေးမှလက်သမားတစ်ဦးသည်ကွယ်လွန်ပြီးနောက် ဓမ္မသတ်ဟောင်းကျမ်းစာဟောပြောမှုကိုတိကျစွာဆောင်ရွက်ခြင်းဖြင့် ပြန်လည်ရှင်သန်ထမြောက်ကာ သူတို့အား ဗတ္တိဇံခံယူရန်တိုက်တွန်းခြင်းဖြင့် ဘုရား၏ လမ်းစဉ်အတိုင်း လိုက်နာ ဆောင်ရွက်သည်။

ထိုရက်များတွင်အခြားလူများကလည်းအစွန်းရောက်အယူဝါဒ အတိုင်း လိုက်နာဆောင်ရွက်ရန်ကြိုးပမ်းအားထုတ်နေကြသည်။ထိုအခြေအနေအရ ခရစ်ယာန်များ၏ဟောကြားသောတရားသည် မြောက်ပိုင်းအစ္စရေးနိုင်ငံမှ တံငါသည်အုပ်စုတစ်ခု၏ဒဿနများ အတွက်ဘုရားသခင် ကိုယ်တိုင် ဟောကြား သောတရားဖြစ်ကြောင်းကမ္ဘာသို့ သက်သေပြရမည့် နည်းလမ်း အချို့ရှိကြရ မည်ဖြစ်သည်။ ကျွန်ုပ်တို့ခေတ်ကာလတွင် ဓမ္မသတ်သစ်ကျမ်းပါမှတ်တမ်းများအတိုင်းယေရှု၏အလုပ်နှင့်သင်ပြမှုတိုင်းကျွန်ုပ်တို့၏ဟောကြားချက်များ သည်ဘုရားသခင်ထံမှဖြစ်ကြောင်းသက်သေပြရန်အလို့ငှာ၊ တောင်းခံထားသည်။ သို့သော်ထိုရက်များအတွင်းထိုကျမ်းစာကိုမရေးသား မီနှင့်မရမီ ဘုရားသခင်က သူတို့ ဟောကြားချက်များမှန်ကန်ကြောင်းသိသာစေရန် ဘုရားသခင်ကသူ၏ သန့်ရှင်းသော ဝိညာဉ်တော်ကို အသုံးပြုရန်တရားဟောဆရာများအား ဘုရားသခင်က ခွင့်ပြုခဲ့သည်။ ဤအချက်မှာကမ္ဘာကြီး၏ မြင်ကွင်းအတွင်း လက်ဆောင်များ၏ အသုံးပြုမှုအတွက်သီးသန့်အကြောင်းပြချက်ဖြစ်သည်။ စာဖြင့်ရေးသားထားသောဓမ္မကျမ်းစာသစ်မရှိခြင်းကယုံကြည်သူအုပ်စုသစ်များအားသူတို့၏ယုံကြည်မှုမြင့်မား၍ခက်ခဲစေသည်။ သူတို့အတွင်း ပေါ်ပေါက်လာခဲ့သောများစွာသောလက်တွေ့ကျသောပြဿနာရပ် များတွင်လည်း ရှင်းလင်း သောအဖြေမရှိပေ။ ခရစ်တော်တွင်သူတို့၏ယုံကြည်မှုမြင့်မား၍ လမ်းညွှန်မှု လည်းအနည်းငယ်မျှသာ ရှိပေသည်။ သို့ဖြစ်ရာထို အကြောင်းအချက်များကြောင့်သန့်ရှင်းသော ဝိညာဉ်တော်၏ လက်ဆောင်များကိုယေရှု၏ ထိုဟောကြားချက်များနှင့် သင်ကြားမှုများကိုစာဖြင့်ရေးသားပြီးဝေငှရန်၊ ဓမ္မသတ်သစ်ကျမ်း စာမှတ်တမ်းတင်ပြီးသည့် အခါမှသာထိုဟောစာများမှ ရှေးဦးယုံကြည်သူများအတွက် လမ်းညွှန်မှုများ ရရှိနိုင်စေမည်ဖြစ်သည်။

ခါတိုင်းကဲ့သို့သန့်ရှင်းသောဝိညာဉ်တော်ခွင့်ပြုမှုအတွက်အကြောင်း အချက်များကိုသန့်ရှင်းအောင်ပြုလုပ်ထားသည်။

ယေရှုသည်မြင့်သောအရပ်သို့တက်ကြွတော်မူသဖြင့်များစွာသော သူတို့ကိုဖမ်းသွားတော်မူ၍လူတို့အား(ဝိညာဉ်)ဆုလာဘ် များကို ပေးတော်မူသည်။ ဓမ္မဆရာတို့၏အမှုကိုပြုတတ်မည့်အကြောင်းသန့်ရှင်းသူတို့ကို ပြင်ဆင်ခြင်းအလို့ငှာထိုသခင်သည် လူအချို့တို့ကိုတမန်တော်အရာ၌ လည်းကောင်း၊ အချို့ကိုပရောဖက်အရာ၌ လည်းကောင်း၊ အချို့တို့ကို သာသနာပြုအရာ၌ လည်းကောင်း၊ အချို့တို့ကိုသင်းအုပ်ဆရာ၊ ဆရာအရာ၌ လည်းကောင်း ခန့်ထားတော်မူ၏။(ဧ ၄း၈၊၁၂)

ပေါလကရောမတွင်ရှိသော ယုံကြည်သူများထံသို့စာ ရေးလိုက်သည်။ သင်တို့သည်မြဲမြံခိုင်ခံ့မည့်အကြောင်းငါသည် သင်တို့၌ ဝိညာဉ်ဆုကျေးဇူး တစ်စုံ တစ်ခုကို ပေးအပ်ခြင်းငှာသင်တို့ကို အလွန်တွေ့မြင်ချင်ပါသည်။ (ရော ၁း၁၁)

ကျမ်းစာသင်ကြားဟောပြမှုကိုခိုင်မာစေရန်လက်ဆောင် အသုံးပြုမှုနှင့် ပတ်သက်၍ကျွန်ုပ်တို့ဖတ်ရှုရသည်မှာ

**ငါတို့သည်သင်တို့နှင့်အတူနေသောအခါသင်တို့အတွက် အဘယ်သို့သောသူဖြစ်သည်ကိုသင်တို့သိကြသည်နှင့်အညီငါတို့ဟောပြောသော ဧဝံဂေလိတရားသည်သင်တို့၌ စကားစသက်သက်ဖြစ်သည်မဟုတ်၊တန်ခိုးနှင့်လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်လည်းကောင်း၊ ဝီစိကိစ္စမရှိဘဲအမှန်သိခြင်းနှင့် လည်းကောင်း၊ ပြည့်စုံသော တရားဖြစ်၏။☼☼ (၁သက် ၁း၅ cp ၁ကော ၁း၅၊၆)

**တစ်ပါးအမျိုးသားတို့သည်စကားအားဖြင့်လည်းကောင်း အလျင် အားဖြင့် လည်းကောင်း၊ နားထောင်စေခြင်းငှာခရစ်တော် သည်နိမိတ်လက္ခဏာ၊ အံ့ဘွယ်သောအမှုများ၌ ပါသောတန်ခိုး၊ သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးကိုပြ၍ ငါ့အားဖြင့်ပြုတော်မူ သမျှတို့ကိုသာငါပြောခဲ့၏။ ထိုကျေးဇူး တော် ကို အမှီပြုလျှင်တရားကိုအကုန်အစင်ဟောပြောခဲ့ပြီး (ရော ၁၅း၁၈၊၁၉)။☼☼

ဓမ္မကျမ်းစာ ဟောပြောသူများနှင့်ပတ်သက်၍ကျွန်ုပ်တို့ဖတ်ရှုရသည်မှာ ဘုရားသခင်သည်ထိုသက်သေခံသော သူတို့နှင့်အတူ နိမိတ်လက္ခဏာ အံ့ဘွယ်သော အမှုအားဖြင့်လည်းကောင်း၊ ထူးဆန်းသော တန်ခိုးအထူးထူး အပြားပြားအားဖြင့်လည်းကောင်း၊ သန့်ရှင်းသော ဝိညာဉ်တော် သည်မိမိ အလိုတော်အတိုင်းဝေငှသော ဆုကျေးဇူးအားဖြင့်လည်း ကောင်းသက် သေခံ တော်မူပြီး(ဟေဗြဲ ၂း၄)။ ဆိုက်ပရပ်နိုင်ငံအတွင်းမှဓမ္မကျမ်းစာ ဟောပြောပွဲတွင် အံ့ချီးဘွယ်ရာ များဖြင့် ကျောထောက်နောက်ခံပြုပေးထားသည်။ ထိုအကြောင်း အရာကို မြင်လျှင်မြို့ဝန်သည်ယုံကြည်ခြင်းသို့ရောက်၍ ဘုရားသခင်၏ ဒေသနာတော်ကို အလွန်အံ့သြမိန်းမော ၍နေ၏။ (တ ၁၃း၁၂)

သို့ဖြစ်ရာ အံ့သြဘွယ်ရာ များကသူ့အားသင်ကြားရသည် ဓမ္မဒေသနာကို အမှန်တကယ်ယုံကြည်လေးစားမှုဖြစ်စေသည်။ တရားတော်ကို မဆုတ် မဆိုင်းဟောပြောလေ၏။ ဘုရားသခင်သည်လည်း ကျေးဇူး တရားတော် ဘက်၌ သက်သေခံတော်မူလျက် တမန်တော်တို့သည် နိမိတ်လက္ခဏာ အံ့ဘွယ်သော အမှုတို့ကိုပြုနိုင်မည့်အကြောင်း၊ အခွင့်ပေး တော်မူ၏။(တ ၁၄း၃)

ဤအချက်အားလုံးကိုတမန်တော်များ၏ ဟောပြောရန် ်အမိန့်တော်ကို လေ့လာမှုပေါ် တွင်သဘောထားမှတ်ချက်အားဖြင့် အကျဉ်းချုပ်ထားသည်။ ဘုရားသခင်မစစ်တော်မူသည်နှင့်လည်းကောင်း၊ သူတို့၌ ဖြစ်သောနိမိတ် လက္ခဏာအားဖြင့်နှုတ်ကပတ် တရားတော်ကိုတည်စေတော်မူသည်နှင့် ့၄င်းခပ် သိမ်းသော အရပ်တို့၌ တရားဟောကြ၏။ (မ ၁၆း၂၀)

## သီးသန့်ဖြစ်သောအချိန်များသီးသန့်ဖြစ်သောလုပ်ငန်းများ

ထိုဝိညာဉ်တော်၏လက်ဆောင်များသည်သီးသန့်အချိန်များတွင် သီးသန့် လုပ်ငန်းများဆောင်ရွက်ရန်အလို့ငှာပေးထားခြင်းဖြစ်သည်။ ယင်းမှာလက်ဆောင် ကိုအံ့သြဘွယ်ရာပိုင်ဆိုင်ခြင်းသည်လူတစ်ယောက်၏ ဘဝ တစ်လျှောက် ခိုင်မြဲသောအတွေ့အကြုံတစ်ခုဖြစ်ကြောင်းတောင်းဆို ချက်အများကိုပြလေသည်။ ယေရှုထမြောက်လာပြီး နောက်မကြာမီအချိန်တွင် ပေစွာဂုအပါအဝင် တမန်တော်များသည်**Pentacost** ပွဲတော်တွင်သန့်ရှင်းသော ဝိညာဉ် တော် ကိုရရှိကြသည်။(တ ၂း၄)ထို့ကြောင့်ပင်သူတို့အနေဖြင့် ထူးခြားသော နည်းလမ်းတစ်ခုဖြင့်အရစ်ယာန်ကျမ်းစာက ိုစတင်ဟောပြောနိုင်ရန် အလို့ငှာ နိုင်ငံရပ်ခြား ဘာသာစကားများကို ပြောဆို နိုင်ကြသည်။ အာဏာပိုင်များက သူတို့အားသင်တို့သည်အဘယ်သို့သော တန်ခိုး၊ အဘယ်သူ၏နာမအားဖြင့် ဤအမှုကို ပြုသနည်းဟု မေးသောအခါသန့်ရှင်းသော ဝိညာဉ်တော်ဖြင့် ဖြည့်ဆည်းထားသောပေတရုက ယုံကြည်အောင်ဖြေဆိုနိုင်ခဲ့လေသည်။(တ ၄း၈) သူတို့ ထောင်မှလွတ်မြောက်လာသောအခါဝိညာဉ်တော်လက်ဆောင်များအားဖြင့် တရားဟောခြင်းအမှုကိုဆက်လက်ဆောင်ရွက်နိုင်ကြသည်။ထိုသူ အပေါင်း တို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်သဖြင့်ဘုရားသခင်၏နှုတ်ကပတ် တရားတော်ကိုရဲရင့်စွာဟောပြောကြ၏။ (တ ၄း၃၁)

စာဖတ်သူအနေဖြင့်သူတို့သည်ဝိညာဉ်တော်နှင့် ပြည့်ပြီးထိုလုပ်ရပ်များကို ဆောင်ရွက်နိုင်သည်ဟုဆိုလိုရင်းမဟုတ်ကြောင်း သိသာနိုင်ကြသည်ဖြစ်သည်။ သီးသန့်လုပ်ရပ်များဆောင်ရွက်ရန်သာဝိညာဉ်တော်နှင့်ပြည့်ခြင်းဖြစ်ပေသည်။ သို့ရာတွင်ဘုရားသခင်၏ အစီအမံအရနောက်ထပ်ရည်မှန်းချက် အောင်မြင်ရန် ထပ်၍ဖြည့်ဆည်းကြရသည်။ ပေါလသည်ဗတ္တိဇံခံယူပြီးချိန်တွင်အလားတူ ကောက်ကျစ်သောသူတစ်ဦးအားမျက်စိကွယ်စေခြင်းဖြင့်အပြစ်ပေးရန်အ လို့ငှာသန့်ရှင်းသောဝိညာဉ်တော်ဖြင့်ဖြည့်ဆည်းခြင်းခံရသည်။ (တ ၉း၁၇၊ ၁၃း၉)

ထူးခြားသောလက်ဆောင်များနှင့်ပတ်သက်၍ ပြောကြားရာတွင် အစောပိုင်းယုံကြည်သူများသည်ခရစ်တော်ဆုပေးတော်မူ သည့်အတိုင်း ကျေးဇူးတော်ကိုခံစားကြရသည်။ (ဧ ၄း၇)ဟုပေါလကရေးသားခဲ့သည်။ **Measire** အတွက်ဂရိစကားလုံးမှာကန့်သတ် ထားသောအစိတ်အပိုင်းတစ်ခု သို့မဟုတ်ဒီကာဦးဟုအဓိပ္ပါယ်ရသည်။ ဘုရားသခင်စေလွှတ်တော်မူသော သူသည်ဘုရားသခင်၏ စကားတော်ကိုပြောဆိုတတ်၏။ ထိုသူအား ဘုရားသခင် သည် ဝိညာဉ်တော်ကိုအတိုင်းအရှည်မရှိဘဲပေးတော်မူ၏။ (ယော ၃း၃၄)

ကျွန်ုပ်တို့အနေဖြင့်ပထမရာစုတွင်ပိုင်ဆိုင်သည်ဟု အများဆုံး ဖော်ညွှန်း သည်။ ထိုဝိညာဉ်တော်ကျေးဇူးတော်များကိုအဓိပ္ပါယ် ဖွင့်ဆို ကြမည်ဖြစ်ပါသည်။

**ပထမရာစု ဝိညာဉ်တော်ကျေးဇူးတော်များဟောပြောမှု**

ဂရိစကားလုံး **"prophet"** မှာဘုရားသခင်၏နှုတ်ကပတ်တော်ကို ပြောဟောသူဟုအဓိပ္ပါယ်ရသည်။ အနာဂါတ်အဖြစ် အပျက်များကို ကြိုတင် ဟောပြောမှုပါဝင်သောဘုရားသခင်၏ နှုတ်ကပတ်တော်များကိုဟောပြောသူ(၂ ပေ ၁း၁၉-၂၁)ကိုကြည့်ပါ။

သို့ဖြစ်ရာတရားဟောပြောမှုကျေးဇူးတော်ရှိသောပရောဖက်များသည် ဂျေရုဆလင်မှ **Antioch** သို့လာခဲ့ကြသည်။ ထိုသူတို့အပင် အာဂဖု **(Agabus)** အမည်ရှိသောသူတစ်ယောက်သည်ထ၍ မြေတပြင်လုံး၌ အစာအဟာရ အလွန်ခေါင်းပါးခြင်းသည် ကဲသာဘုရင် ကလောဒိ လက်ထက်၌ ဖြစ် သတည်း။ ထိုအခါတပည့်တော်တို့သည် အသီးသီးတတ်နိုင်ကြ သည့် အတိုင်းယုဒပြည်၌ နေသောညီအစ်ကို တို့အားအကူအမပေးကြမည်ဟု ဆုံးဖြတ်ခဲ့ သည်။ (တ ၁၁း၂၇-၂၉)ယင်းကဲ့သို့နှစ်အနည်းငယ်အတွင်း ရှင်းလင်း သော ဖြည့်ဆည်းမှု ဖြစ်သောသီးခြားဟောပြောမှုမှာဟောပြောမှုကျေးဇူးတော်ကို ပိုင်ဆိုင်သည်ဟုယ ခုအခါမြွက်ဟနေကြသော သူများ အကြားတွင်အတော်ပင် လျော့နည်းလျက်ရှိသည်။ အမှန်အားဖြင့် သေချာသည်မှာ သူတို့အကြား ကျေးဇူးတော်ကိုအမှန်တကယ်ပိုင်ဆိုင်သောရေးကျသည့် အသင်းတော်တွင် အရှိန်နှင့်ငွေကိုပေး၍ဟောပြောမှုဖြင့် အခက်အခဲများကို သက်သာစေမှု ဖြစ်စေခြင်းပင်ဖြစ်သည်။ ယင်းဖြစ်ရပ်မျိုး၏ ဥပမာအချို့ကို ယနေ့ ကျေးဇူး တော်ပြည့်အသင်းများဟု ခေါ် ဆိုနေကြသောနေရာများတွင် တွေ့နိုင်သည်။

**ကုစားမှု**

တမန်တော်များသည်ဘုရားသခင်၏လောကကြီးတွင်ပြီးပြည့်စုံသော နိုင်ငံတော်မှလာသောကောင်းချီးသတင်းဟောပြော မှုများပြုလုပ်နေကြသည်ကိုရှုမြင်လျက်မျက်စိကန်းသောသူများမျက်စိပွင့်လင်းကြလိမ့်မည်။ နားပင်းသောသူများနားပင်းခြင်းနှင့် ကင်းလွတ်ကြလိမ့်မည်။ ခြေဆွံ့သောသူများ ဒရယ်ကဲ့သို့ခုန်ကြလိမ့်မည်။(ဟေရှာ ၃၅း၅၆) ကဲ့သို့သူတို့၏ ဟောပြောချက်များတွင် မည်သို့ဖြစ်လိမ့်မည်ကို အံ့ဘွယ်ရာကြိုတင် ဟောပြောမှုဖြင့် သေချာအောင်ပြုလုပ်သင့်သည်။ ဘုရားသခင်၏ နိုင်ငံတော်အခြေအနေနှင့် ပတ်သက်၍ပို၍သိရှိရန်လေ့လာမှု၅ကိုကြည့်ပါ။ ဘုရားသခင်၏နိုင်ငံတော်ကိုကမ္ဘာပေါ်တွင်တည်ဆောက်ပြီးသောအခါတစ်ဝက်တစ်ပျက်ဖြည့်ဆည်းလိမ့်မည်မဟုတ် နိုင်ငံတော်သည်ဤနေရာတွင်ရှိသည်။ ဤသည့်အပေါ်တွင်ရှုတ်ထွေးမှုလည်းရှိလိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် ထိုနိုင်ငံ တော်နှင့်ပတ်သက်၍ ဘုရားသခင်၏အံ့ဘွယ်ရာသေချာစေသော မြွက်ဟချက်မှာတိကျမှုရှိပေသည်။ ထို့ကြောင့်ပင်ရှေးဦးယုံကြည်သူများအားဖြင့် အံ့ချီးဘွယ်ရာ ကုသပေးမှုများမှာအများရှေ့တွင်မြင်တွေ့ကြရခြင်းဖြစ်ပေသည်။

ထင်ရှားသောဥပမာတစ်ခုကို ဘုရားရှိခိုးကျောင်းအပေါက်ဝတွင် နံနက် တိုင်းချထားသည်။ ခြေကျိုးနေသည့်သူတောင်းစားက သူ့အားပေတရု၏ ကုသပေးမှုတွင် မြင်တွေ့ရသည်။ သူတို့ကသူ့အားထိုနေရာတွင် နေ့စဉ်လာချ ထားခဲ့သည်။ သို့မှသာသူ့အနေဖြင့်အများမြင်သာမည်ဖြစ်သည်။(တ ၃း၂) ပေတရုက ဝိညာဉ်တော်၏ကျေးဇူးတော်ကိုအသုံးပြု၍ ကုသပေးလိုက်ပြီးနောက် ရုတ်တရက် ထ၍မတ်တပ်ရပ်ပြီးလျှင်လှမ်းသွားလေ၏၊ သွားလျက်၊ ခုန်လျက် ဘုရားသခင်ကိုချီးမွမ်းလျက်တမန်တော်တို့နှင့်အတူဗိမာန်တော်သို့ ဝင်လေ၏။ ထိုသို့လှမ်းသွား၍ဘုရားသခင်အားချီးမွမ်းသည်ကိုလူအပေါင်းတို့မြင်သောအခါ ထိုသူသည်ဗိမာန်တော်တံခါးနားမှာ စွန့်ကြခြင်းကိုခံ၍ ထိုင်နေသော သူဖြစ် သည်ကို သိကြသော ကြောင့်သူ၌ ဖြစ်သည့်အမှုကို အံ့ဩမိန်းမော တွေဝေခြင်းရှိ၍ ထိုသူသည် ပေတရုနှင့်ဟောဟန်ကိုအမှီပြုလျက်ရှိရာအရပ်၊ ရှောလမုန်ကနားပြင် အမည်ရှိသောကနားပြင်သို့ပြေးဝင်၍စုဝေးကြ၏။

ထို့နောက်တွင်ပေတရုသည်ခရစ်တော်၏ရှင်သန်ထမြောက်ခြင်း နှင့်ပတ်သက်၍ လေဟာပြင်ဟောပြောမှုကိုရုတ်တရက် စတင်လုပ်ဆောင် လေသည်။ ကုသမှုပြုလုပ်ပေးလိုက်သော သူတောင်းစား၏ပုံသဏ္ဍာန်အရ မေးစရာ၊ သက်သေပြစရာမလိုသည အတွက်ပေတရု၏ နှုတ်ကပတ်တော် များသည် ဘုရား၏ နှုတ်ကပတ်တော်များဖြစ်သည်မှာ သေချာသည်ဟု ကျွန်ုပ်တို့ကဆိုနိုင်သည်။ ဝတ်ပြုဆုတောင်းချိန်တွင်

ဘုရားကျောင်းပေါက်ဝတွင် လူများနှင့်ပြည့်နှက်လျက်ရှိသည်မှာ စနေနေ့နံနက်မှာ ဈေးဆိုင်ကဲ့သို့ဖြစ်သည်။ ထိုနေရာမှာ ရှင်းလင်းသော အံ့ချီးဘွယ်ရာ ဖြင့်ဘုရားသခင်၏ နှုတ်ကပတ်တော် ဟောပြောမှုခိုင်မာ စေ၍ ဘုရားသခင်ကရွေးချယ်ထားသော နေရာ ဖြစ်သည်။ တမန်တော်တို့သည်လူအများရှေ့တွင်နိမိတ်လက္ခဏာ၊ အံ့ဘွယ်သော အမှုအရာ များကိုပြုကြ၏။ ထိုသူအပေါင်းတို့သည် ရှောလမုန်ကနားပြင်၌ တစ်ညီ တစ်ညွတ်တည်းနေကြသည်။ လမ်းမပေါ် များနှင့် ယုံကြည်သူပရိသတ်များ အတွင်းထက် ခရစ်ယာန်ကျောင်းများ၏ နောက်ဖက်လမ်းကြားများအတွင်း ဖြစ်ပေါ်ခဲ့သော **Pentecostal** ကုသသူများနှင့် လုပ်ငန်းများပတ်လည်တွင် အလားတူလည်ပတ်နေသော သူများအားဖြင့်ပြုလုပ်လေ့ရှိသော သမရိုးကျတောင်းဆိုမှု များအတွက်စိတ်ဓါတ်ပြင်းထန်သော လူများရှေ့တွင်ထက်အံ့သြဘွယ်ရာ တစ်ခု ဖြစ်ပေါ်လာ ရန် မျှော်မှန်းချက်စိတ်ဓါတ်ကပို၍မြင့်မားသည်။

လက်ရှိစာရေးသူတွင်ဝိညာဉ်ပိုင်ဆိုင်မှု၏ လက်ရှိတောင်းဆိုသူများနှင့် ထိုအချက်များဆွေးနွေးနိုင်သည့်အတွေ့အကြုံ အတော်အတန်ရှိပေသည်။ထို့အပြင် ဝိညာဉ်ပိုင်ဆိုင်မှု၏များစွာသော တောင်းဆိုမှုများကိုမျက်မြင်ကိုယ်တွေ့ တွေ့နိုင်ကြပေသည်။ သို့ရာတွင်အဆုံးတိုင်မဟုတ်သော ကုသမှုများစွာနှင့် အကောင်းဆုံးအနေဖြင့် တစ်ပိုင်းတစ်စကုသမှုများမှာ ကျွန်ုပ်၏ကိုယ်တိုင်ကိုယ်ကျ မှတ်တမ်းအဖြစ်မြင်တွေ့ရမည်ဖြစ်ပြီး၊ ယင်းကိုသီးသန့်အမွန်းတင်မှုပြုရန်မလို အပ်ပေ။ထိုအသင်းတော်များ၏ရိုးသားသောအဖွဲ့ဝင်အချို့တို့က ဤလုပ်ရပ်များ မှာ ဆက်ဖြစ်နေကြောင်းဝန်ခံကြသည်။ကြုံကြိုက်သည့်အခွင့်အရေးများစွာတို့တွင် ကျွန်ုပ်၏နားလည်မှုကောင်းစွာရှသည့်မိတ်ဆွေများစွာတို့အားကျွန်ုပ်ကသင်တို့မှာ ဒီစွမ်းအားကြီးတွေရှိနိုင်တယ်ဆိုတာကို ယုံကြည်စေလိုတယ်လို့ ပြောခဲ့ပါသည်။

သို့ရာတွင်ဘုရားသခင်ကမည်သူ့တွင်သူ့၏တန်ခိုးတော်ရှိသည်၊ မည်သူ့ တွင် တန်ခိုးတော်မရှိသည်ကို အစဉ်အမြဲရှင်းလင်းပြသခဲ့ပြီးဖြစ်သည်။ ထို့ကြောင့်ထိုအချက်ကိုကျွန်ုပ်အားရှင်းလင်းပြောပြနိုင်ခြင်းမှာ အကြောင်း အကျိုး မခိုင်လုံပေ။ လက်ရှိအခြေအနေ တွင်ကျွန်ုပ်အနေဖြင့် သမ္မာကျမ်းစာနှင့် ရင်းနှီး ကျွမ်းဝင်မှု မရှိနိုင်သောသင်၏ သြဝါဒကိုလက်ခံရန်ပို၍စိတ်ညွတ်နိုင်ပေသည်။ ရှင်းလင်းသော ဝိညာဉ်တော်နှင့်တန်ခိုးတော်၏ရှင်းလင်းသော ပြသမှုတစ်ခုကို ဘယ်သောအခါမျှ ကျွန်ုပ်မရရှိခဲ့ပေ။

ကျွန်ုပ်၏ရပ်တည်မှုအနေအထားနှင့် နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် ပထမရာစု၏လက်ခံထားသော ထင်မြင်ယူဆချက်ကို လက်ကိုင်ထားကြသော ဂျူးလူမျိုးများတွင်ခရစ်ယာန်များတွင်ဘုရားသခင်၏ အံ့ဘွယ်ရာ ဝိညာဉ် ကျေးဇူးတော်ပိုင်ဆိုင်သည်ဟူသော အချက်ကိုလက်မခံကြပေ။ ထိုသူသည် များစွာသော နိမိတ်လက္ခဏာကိုပြု၏(ယော ၁၁း၄၇) သူတို့သည် ထင်ရှားစွာသော နိမိတ်လက္ခဏာ ကိုပြုပြီးသည်ကိုဂျေရုဆလင်မြို့၌ နေသော သူအပေါင်းတို့သည်သိမြင်ကြပြီ၊ ငါတို့သည် လည်းငြင်းခုံခြင်းငှာ မတတ်နိုင်ပြီး (တ ၄း၁၆) ထိုအသံကို ကြားရသောအခါ လူများစုဝေးလာကြပြီးလျှင် အသီးသီးအခြားခြားသော မိမိတို့ဘာသာစကားဖြင့်တမန်တော်တို့ဟောပြော သည်ကိုကြားရ၍ မှိုင်တွေလျက်ရှိနေကြ၏။(တ ၂း၆)ယနေ့အချိန်အခါတွင် **Pentecostal** တွေးတောဆင်ခြင်မှုမရှိဘဲထုတ်ဖော် ပြောကြားခြင်းများကို အလားတူတုန့်ပြန်မှုမပေါ်ပေါက်သေးပေ။ အကြောင်းမှာ ခေတ်သစ် **Pentecostals** များကိုပို၍ကြင်နာစွာ စီစဉ်သောသူများကသူတို့အနေဖြင့် အံ့သြဘွယ်ကိုအမှန်တကယ်ရရှိကြသည်ဟူသော အချက်ကိုအချက်ကျကျ ငြင်းဆိုနိုင်သည်ဟူသော အချက်မှာ ဤဆွေးနွေးမှု၏ ထင်ရှားသောအချက်တစ်ခု ဖြစ်ပေသည်။ အကယ်၍အံ့ဘွယ်ရာတစ်ခုသည်ဂျေရုဆလင်တစ်လျှောက် အဓိက နေရာများတွင် ထိခိုက်မှုဖြစ်ပါကအကယ်၍ မှန်ကန်သောအံ့ဘွယ်ရာတစ်ခုသည် လန်ဒန်၏ **Trafalgar Square** သို့မဟုတ် **Nairobier Nyaharuru** ပန်းခြံတွင်ဖြစ်ပေါ်ခဲ့ပါကအကြံပြုရန်အကြောင်းပြချက်မရှိပေ။ ထို့နောက် ဘုရားသခင်၏ အံ့ဘွယ်ဝိညာဉ် ကျေးဇူးတော်များပိုင်ဆိုင်မှုကို ကမ္ဘာအနှံ့ အသိအမှတ်ပြုကြလိမ့်မည်။

**Pentecostal** ကုသမှုများသည်ဘုရားသခင်၏ဝိညာဉ်ပိုင်း တိုက်ရိုက် ဆောင်ရွက်မှုထက် စိတ်လှုပ်ရှားမှုဆိုင်ရာအခြေအနေများ၏ရလဒ်တစ်ခုသာ ဖြစ်ပေသည်။ ပေတရုသည်လမ်းလျှောက်သွားမည်အနာစွဲသောသူတို့တွင် တစ်ယောက်ယောက်ကိုသူ၏ အရိပ်လွှမ်းမိုးစေခြင်းငှာ လူနာတို့ကိုကမ်းနားသို့ ထုတ်၍ကုတင်မွေ့ရာပေါ်မှာထားကြ၏။(တ ၅း၁၅)ပေါလု၏အံ့ဘွယ်ရာကျေးဇူး တော်အသုံးပြုမှုကိုမယုံကြည်သောမြို့ဝန်ကကိုယ်တိုင်ကိုယ်ကျမြင်တွေ့ခဲ့သည်။(တ ၁၃း၁၂၊၁၃)အလားတူပင်လုတ္တရမြို့တွင် နေထိုင်ကြသော ခရစ်ယာန်ဘာ သာကို ယုံကြည်မှုမရှိသူများစွာတို့ကလည်းမြင်တွေ့ခဲ့ကြသည်။(တ ၁၄း၈-၁၃)

ဝိညာဉ်တော်၏ကျေးဇူးတော်များ၏အကြောင်းရင်းနှင့်သဘာဝအားဖြင့် လိုအပ်သောအရာများကို အများသိစေခြင်းဖြင့်ပြီးမြောက်စေခဲ့ပြီးဘုရားသခင်၏ အစေအပါးများအားဖြင့်ဘုရားသခင်၏တန်ခိုးတော်ကို ပွင့်ပွင့်လင်းလင်းဝန်ခံခြင်း ထက် အခြားနည်းလမ်းဖြင့်ရှင်းလင်းပြောပြနိုင်မှုမရှိပေ။ ခရစ်တော်၏ကုသမှု အံ့ဘွယ်ရာများအနက်တစ်ခု၏အကျိုးသက်ရောက်မှုမှာတူညီမှုရှိသည်။ လူအပေါင်း တို့သည်မိန်းမောတွေဝေခြင်းရှိ၏။ ဤကဲ့သို့တစ်ခါမျှမမြင်စဖူးဟုပြောဆို၍ ဘုရားသခင်၏ ဂုဏ်တော်ကိုချီးမွမ်းကြ၏။(မာ ၂း၁၂)

## စကားပြောနိုင်သည့်သတ္တိ

ကြမ်းတမ်းသောတံငါသည်များထဲမှအချို့သောတမန်တော်များသည် ကမ္ဘာ့နိုင်ငံအရပ်ရပ်သို့သွား၍ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိ တရားကို ဟောကြားခွင့်ရရှိကြသည်။(မာ ၁၆း၁၅၊၁၆)သူတို့၏ ပထမဦးဆုံးသောတုန့်ပြန်မှုမှာ သို့သော် ကျွန်ုပ်တို့သည်ဘာသာစကားကိုမသိ၊ သူတို့အရွယ်ထိုအချက်မှာအရေးကိစ္စမဟုတ်ပေ။သူတို့သည် ကျောင်းမနေခဲ့ကြရသဖြင့် ဘာသာစကားတွင်မတော်၊ သူတို့သည်လူတတ်သို့မဟုတ် လူသာမည သာဖြစ်ကြသည်။(တ ၄း၁၃)ပေါလကဲ့သို့ပို၍ပညာတတ်သောတရား ဟောဆရာများအတွက်သော်မှဘာသာစကားအတားအဆီးမှာ ဟန့်တားမှုရှိနေဆဲ ဖြစ်သည်။ အပြန်အလှန်ပြုလုပ်ကြည့်သောအခါ (စာဖြင့်ရေးသားထားသော ဓမ္မကျမ်းစာသစ်မရှိသေးချိန်တွင်) တစ်ဦးချင်းစီအား အတွေးအခေါ် တိုးတက် လာစေရန်လိုအပ်မှုအတွက် အားထားရာမှာတစ်ဦးတစ်ယောက်၏ ဘာသာ စကားကိုနားမလည်ခြင်းသည် အတိုင်းအတာတစ်ခု ဖြစ်သော အခက်အခဲများ ဖြစ်ကြောင်း နားလည်မှုမရှိသေးကြောင်းကိုဖော်ညွှန်းပေသည်။

ဤအချင်းအရာကိုကျော်လွှားရန် နိုင်ငံခြားဘာသာစကားကို ပြောနိုင်မှုစွမ်းရည်(စကားပြောနိုင်သည့်သတ္တိ)နှင့်၄င်းတို့အား နားလည်နိုင်မှုကို ခွင့်ပြုထားသည်။ အထင်အရှားအားဖြင့်စကားပြောနိုင်သည် သတ္တိပေါ်တွင် အမြင်နှင့် စကားပြောနိုင်သည့်သတ္တိကို ဉာဏ်ရည်မမှီသောအသံဖြင့်သူတို့၏ ခံစားချက်မြင့်မားသောပြောဆိုမှုကိုဖော်ပြကြသည်။ တစ်ဖန်ပြန်၍ မွေးဖွား သောခရစ်ယာန်များ အကြားအတိုင်းအတာတစ်ခုအထိ ဆန့်ကျင်မှု ရှိပေသည်။ ဤရှုတ်ထွေးမှုကို **tourpre** ၏သမ္မာကျမ်းစာဆိုင်ရာ အဓိပ္ပါယ် ဖွင့်ဆိုချက် အားနိုင်ငံရပ်ခြားဘာသာစကားအဖြစ်ပြန်ဆိုဖော်ပြခြင်းဖြင့် ရှင်းလင်း ပေးနိုင်သည်။

ခရစ်တော်ဟာကောင်းကင်ဘုံကိုတက်ရောက်လာပြီး တဲ့နောက် မကြာမီအချိန်အတွင်း ဂျူးလူမျိုးတွေရဲ့ **Pentecost** ပွဲတော်မှာ တမန်တော် တွေဟာသန့်ရှင်းတဲ့ဝိညာဉ်တော်နဲ့ဖြည့်ဆည်းခံကြရပြီး အခြားဘာသာ စကားတွေနဲ့ ဆက်ပြောကြတယ်။ သူတို့တွေက သူတို့ရဲ့ကိုယ်ပိုင် ဘာသာ စကားနဲ့ပြောတာကို လူတိုင်းကြားရတဲ့အတွက် လူအများစုဝေးရောက်လာတဲ့အခါ ဝေခွဲမရဖြစ်သွားခဲ့တယ်။ အားလုံးကအံ့အား သင့်မှုဖြစ်ပြီး တစ်ယောက်နဲ့တစ်ယောက်စကားဆိုကြတယ်၊ ကြည့်ပါဦးအားလုံးက **Gulilaeans** တွေပြောနေကြ တာမဟုတ်လား။ ကျွန်တော်တို့ အနေနဲ့ လူတိုင်းကိုယ်ပိုင်ဘာသာစကားကိုကျွန်တော်တို့ ရွေးတဲ့နေရာမှာ ဘယ်လို ကြားနိုင်ကြမှာလဲ။ **Parthian** နဲ့ **Meder** ကျွန်ုပ်တို့ကသူ တို့ပြောတာကိုကျွန်တော်တို့ရဲ့ ဘာသာစကားနဲ့ကြားကြရတဲ့အခါ အာလုံးဟာ အံ့သြသွားခဲ့ကြတယ်။ (တ ၂း၂-၁၂) အကယ်၍သူတို့အနေဖြင့် ယနေ့ခေတ် ကာလတွင်ကျေးဇူးတော်ရရှိရန် တောင်းဆိုနေသူများအားဖြင့် တန်ဆာဆင်ထားသောစကားများကိုသာကြားနေရပါကလူများ၏အံ့အားသင့်မှု၊ အံ့သြမှုအပေါ်တွင်ထပ်ဆင့်အလေးထားမှုမှာမဖြစ်နိုင်ချေ။တမန်တော်၂တွင် ကြုံတွေ့ ရသော၊ ပြောကြားသောစကားစာလုံးများကို နားလည်ခြင်းမှ အံ့အားသင့်ခြင်း၊ ခိုင်မာသော ယုံကြည်မှုဖြစ်စေခြင်းထက်အရေးမကြီးသောမှတ်ချက်များသို့မဟုတ်စိတ်မဝင်စားမှုများကိုသာ ပေါ် ပေါက်စေမည်ဖြစ်သည်။

တ ၂း၄-၁၁တွင်ဖော်ပြထားသောစကားပြောနိုင်သောသတ္တိ**(tongue)**နှင့် ဘာသာစကား**(language)**များအပြားရှင်းလင်း သောအပြိုင်ဖြစ်မှုမှ တစ်ပါး စကားပြောနိုင်သောသတ္တိကိုဓမ္မသတ်၏ အခြားအပိုင်းများတွင် ဘာသာ စကားကိုအဓိပ္ပါယ်ဖွင့်ဆိုရာတွင် ခိုင်ခိုင်မာမာအသုံးပြုထားသည်။ ⁕⁕လူ[✡✡]၊ လူမျိုးနှင့်ဘာသာစကားစကားစုများကိုကမ္ဘာဂြိုလ်ပေါ်ရှိလူသားများအားလုံးနှင့် ပြောဆိုရာတွင်ဗျာဒိတ်ကျမ်း၌ ငါးကြိမ်အသုံးပြုထားသည်။

(ဗျာ ၇း၉၊ ၁၀း၁၀၊ ၁၁း၉၊ ၁၃း၇၊ ၁၇း၁၅) **tongue** အတွက် ဂရိစကားလုံးကို **Septuagint** ဟုခေါ် သော ဓမ္မသတ်ကျမ်း၏ ဂရိဘာ သာ ပြန် တွင် **language** အဖြစ်တွေ့ရသည်။(က ၁၀း၅၊ တရား ၂၈း၄၉၊ ဒံ ၁း၄)

၁ကော ၁၄သည်ဘာ သာ စကား၏ဂုဏ်ကျေးဇူးတော် အသုံးပြုမှုနှင့် ပတ်သက်၍ မိန့်ကြားချက်များစာ ရင်းတစ်ခုဖြစ်သည်။ အတွဲ ၂၁ဟေရှာ ၂၈း၁၁ တွင် ယင်းဂုဏ်ကျေးဇူးတော် ကိုဂျူးများနှင့် ဆန့်ကျင်၍မျက်မြင်မည်ကဲ့သို့ အသုံးပြုမည်နှင့်ပတ်သက်၍ ဖော်ပြထားသည်။ ဥပဒေထဲတွင် ရေးသားထား သည်မှာ အကယ်စင်စစ်စကားမပီသော နှုတ်၊ ရိုင်းသော လျှာ နှင့် ဤလူမျိုးကို မိန့်တော်မူ လိမ့်မည်ဟူ၍ဖြစ်သည်။ အဓိကအားဖြင့်ဟေရှာ ၂၈း၁၁တွင် သူတို့မသိသော ဘာ သာ စကား ဖြင့်အစ္စရေး၏ကျူးကျော် သူများက ဂျူးလူမျိုးများကို ပြောကြားသော စကားကိုရည်ညွှန်းသည်။ **tongue✡✡နှင့် *lips✡ အကြားအပြိုင်ဖြစ်မှုတွင် **tongue** သည်နိုင်ငံခြား ဘာ သာ စကားကို ရည်ညွှန်း သည်။ ၁ကော ၁၄တွင်ဖော် ပြထားသော အခြားညွှန်ပြချက်များတွင် **tongue** သည် နိုင်ငံခြားဘာ သာ စကား ကိုညွှန်းဆိုသည်။ ဤအပိုင်းသည် ရှေးဦး အသင်း တော် များတွင်နေရာ ယူခဲ့သော ကျေးဇူးတော် နှင့် ပတ်သက်၍ဝိရောဓိဖြစ်မှုများနှင့် ပတ်သက်၍ပေါလ၏အမြင်များဖြစ်ပေသည်။ ယင်းတွင်ဘာ သာ စကားနှင့် ဟော ပြောမှု၏ ကျေးဇူးတော် သဘာ ဝအတွင်းသို့အတွင်း ကျကျဝင်ရောက် လေ့လာ မှုပင်ဖြစ်သည်။ ယခုကျွန်ုပ်တို့ကထိုအပိုင်းကို အကျဉ်းချုပ်သဘော ထား ကြိုးစားကြည့်ကြမည်။ အပိုဒ် ၃၇သည်အဓိကအပိုဒ်တစ်ခုဖြစ်သည်။

**အကယ်၍လူတစ်ဦးတစ်ယော က်အနေဖြင့်သူ့ကိုယ်သူ ပရော ဖက်တစ်ဦးသို့မဟုတ်စိတ်ဝိညာ ဉ်ဆိုင်ရာ ပုဂ္ဂိုလ် တစ်ဦးအဖြစ်တွေးဆပါကကျွန်ုပ်ကသင့်ထံသို့ရေးလိုက်သော ပညတ်တော် များသည်ဘုရားရှင်၏ပညတ်တော် များ ဖြစ်ကြောင်းသိသာ ပါစေ။✡✡

အကယ်၍တစ်ဦးတစ်ယော က်အနေဖြင့်ဝိညာ ဉ်ဆိုင်ရာ ဂုဏ်ကျေးဇူးတော် ရ ရှိရန် အဆိုပြုပါက သူ့အနေဖြင့်ဂုဏ်ကျေးဇူး တော် အသုံးပြုမှုနှင့်ပတ်သက်၍ အမိန့်များမှာ ဘုရားရှင်မှပေးသော အမိန့်များ ဖြစ်ကြောင်းလက်ခံရမည်ဖြစ်သည်။ ယနေ့အချိန်အခါ တွင်အမိန့်တော် များကို လိုက်နာ မှုမရှိသူများကသူတို့က ဘုရား သခင်၏ နှုတ်ကပတ်တော် များနှင့်အံဝင်ခွင်ကျ ဖြစ်ကြော င်းပွင့်လင်းစွာ ဝန်ခံလျက် ရှိသည်။

**ထို့ကြော င့်အကယ်၍ကျွန်ုပ်တို့ကအသံ၏အဓိပ္ပါ ယ်ကိုမသိလျှင် ဥပမာ မလိုက်နာ သူတစ်ဦးနှင့်စကားပြော နေခြင်း ဖြစ်ပြီးပြော သူများလည်း ဥပဒေမလိုက်နာ သူပင်ဖြစ်လိမ့်မည်။✡✡

**သင့်အနေဖြင့်ဝိညာ ဉ်ဆိုင်ရာ ကျေးဇူးတော် ကို စိတ်အားထက် သန်မှုရှိလျှင်သော် မှအသင်း တော် ၏ အတွေးစိတ်ကူးများတိုး တက်ပြီး အကောင်းဆုံးဖြစ်အောင်ရှာ ကြရမည်ဖြစ်သည်။✡✡

**မသိသော ဘာ သာ စကား ဖြင့်ပြော နေသူအားအဓိပ္ပါ ယ်ပြန်ဆို ကော က်ချက်ချနိုင်အော င် ဆုတော င်းပေးလိုက်ပါ။✡✡

**အကယ်၍ကျွန်ုပ်အနေဖြင့်နား မလည်သော ဘာ သာ စကား ဖြင့် ဆုတော င်းမှုအတွက် ကျွန်ုပ်၏ ဝိညာ ဉ်တော် က ဆုတော င်း သော် လည်းကျွန်ုပ်၏နား လည်မှုကအကျိုးမရှိ။✡✡

**နော က်ဘာ ဖြစ်သလဲ၊ ကျွန်ုပ်၏ဝိညာ ဉ်တော် နှင့် ဆုတော င်းပြီး နား လည်စွာ ဆုတော င်းလိမ့်မည်။ ကျွန်ုပ်ကဝိညာ ဉ်တော် နှင့် သီချင်းဆိုလိမ့်မည်။ နား လည်စွာ သီချင်းဆိုလိမ့်မည်။✡✡

သင်ကဝိညာ ဉ်တော် နှင့်ကောင်းချီးခံယူသော အခါ သူကသင်ပြော သည်ကို သူက နား မလည်ဟုသိမြင်လျက်ကျေးဇူးစကားဆို ရာ တွင်မသင်ကြား ရသော **Amen** ၏အခန်းကို သူကမည်ကဲ့သို့သိမ်းပိုက်ရ ယူထား သလဲ။

သင်ကကျေးဇူးစကား ကိုကောင်းစွာ ပေးစွမ်းသော် လည်းအခြား သူက တစ်ဦးတစ်ယော က်၏အတွေးကိုတိုးတက်အောင် မဆောင်ရွက်နိုင်။

ဝန်ဆော င်မှုလုပ်ငန်းတွင်တက်ရော က်လာ သူများက နား မလည်နိုင်သော ဘာ သာ စကား ဖြင့်ပြော ရန်မှာ ဦးတည်ချက်ကင်းမဲ့ပေသည်။တန်ဆာ ဆင်ထား သော စကား လုံးများဖြင့်ပြော ဆိုမှုကို အသုံးပြုမှုများကအုပ်စိုးလျက်ရှိသည်။ နား မ လည်နိုင်သော အသံ ဖြင့်တန်ဆာ ဆင်ထား သော ဆုတော င်းမှုတစ်ခု၏ အဆုံးတွင်

မှန်ကန်သော စကားကိုဆိုလိုသည် **Amen**ကမည်ကဲ့သို့ပြော ဆိုနိုင်မည်နည်း။ **Amen** မှာ ထိုအတိုင်းဖြစ်အောင်လုပ်ပါဟုအဓိပ္ပါယ်ရသည်ကိုအမှတ်ရပါ။ ဤဆုတောင်းချက်တွင်ပြော ထားသည့်အတိုင်း ကျွန်ုပ်လုံးဝသဘောတူသည်-သင်၏ညီအစ်ကိုများနားမလည်နိုင်သည့်ဘာသာစကားဖြင့်ပြော ဆိုခြင်းမှာ သူတို့၏အတွေးများ တိုးတက်မှုမဖြစ်စေနိုင်၊ ပေါလုက

## စာပိုဒ် ၁၉

**အသင်းတော် အတွင်းကျွန်ုပ်က နားမလည်သော ဘာသာစကား တစ်ခုဖြင့် စကားလုံးအလုံးတစ်သောင်းအစား ကျွန်ုပ်၏အသံဖြင့် နားလည်သလိုအခြားသူများလည်းနားလည်နိုင်မည့်စကားလုံး ငါးလုံးကိုပြော ခဲ့သည်။☆☆

ဤအချက်မှာ အတော် ပင်ရှင်းပါသည်။ အင်္ဂလိပ်ဘာသာဖြင့်ခရစ်တော် ၏ အကြောင်းရေးသားထားသော ဝါကျတို့တစ်ကြောင်းသည် နိုင်ငံခြားဘာသာ စကား သို့မဟုတ်တန်ဆာဆင်ထားသော စကားလုံးများဖြင့် ကျွန်ုပ်အားနာရီ ပေါင်း များစွာဟော ကြားခြင်း ထက်ပို၍ကောင်းစေပါလိမ့်မည်။

**ဘာသာစကားသည်သင်္ကေတတစ်ခုအတွက်ဖြစ်ပါသည်။ ယုံကြည်သူများအတွက်မဟုတ်ပါ။ သို့ရာတွင်မယုံကြည် သူများ အတွက်ဖြစ်ပါသည်။ သို့ရာတွင်ဟောပြော ခြင်းသည် မယုံကြည် သူများအတွက်မဟုတ်ပါ။ ယုံကြည်သူများ အတွက်ဖြစ်ပါသည်☆☆

ထို့ကြောင့်ဘာသာစကားအသုံးပြုမှုမှာ အဓိကအားဖြင့်တရားတော် ကိုပြင်ပ သို့ထွက်၍ဟော ရန်အတွက်အသုံးပြုသည်။ သို့တိုင်ယနေ့အခါတွင် ဘာသာစကားပိုင်ဆိုင်မှုအတွက်အများစုသော တောင်းဆိုမှုများမှာ ယုံကြည် သူအုပ်စုများအကြားသို့မဟုတ် တစ်ဦးတည်းရှိနေစဉ်တစ်ဦးချင်းကိုယ်ရေး အတွေ့အကြုံအကြားဖြစ်ပေါ် သည်။ တရားဓမ္မပို့ချရန်အလို့ငှာ လူများ အနေဖြင့် ထူးဆန်းစွာ နိုင်ငံရပ်ခြားဘာသာစကားဖြင့် ပြော ကြားမှု ဥပမာ များမှာ အချိန်ကြာ ကပင်ရှိခဲ့သည်။ ၁၉၉၀ပြည့်နှစ်များ အစော ပိုင်းတွင် အရှေ့ဥရောပသို့ ခရစ်ယာန် ဘာသာဟော ပြော ရန်အခွင့်အလမ်းတံခါးဖွင့်ခဲ့သည်။ သို့ရာတွင် ခရစ်တော် ၏ ဘဝကိုဟောပြော သော အသင်းတော် များက ဘာသာစကား အတားအဆီး များကြောင့်သူတို့၏ ကျမ်းစာ များသို့ အင်္ဂလိပ်ဘာသာဖြင့် သာ ဖြန့်ခဲ့ကြရသည်။ သို့ဖြစ်ရာ ဘာသာစကား ကျေးဇူးတော် ကို ပိုင်ဆိုင်အသုံးပြုသင့်သည်မှာ သေချာ သည်။

## စာပိုဒ် ၂၃

အကယ်၍အသင်းတော် တစ်ခုလုံးသည်တစ်နေရာ တည်းတွင် စုစည်းသော အားလုံးကဘာသာစကားဖြင့်ဟော ပြော ကြလျှင် စာ မတတ်သူများ သို့မဟုတ် မယုံကြည်သူများကသင့်အားရူး

နေပြီဟုပြော ကြတော့မည်မဟုတ်ပေ။

ယင်းမှာ အမှန်အတိုင်းဖြစ်ပေါ် ခဲ့မှုဖြစ်သည်။ မွတ်ဆလင်များ ခရစ်ယာန် ဘာသာဝင်မဟုတ်သူများကဘာသာစကား ကျေးဇူးတော် ကို ဟောပြောကြ သူများအား လှောင်ပြောင်မှုများကို အနောက်အာဖရိကနိုင်ငံတစ်ဝှမ်းတွင် ပြု လုပ်ခဲ့ကြသည်။ **Penteustal** အစည်းအဝေး၏ ထောင့်နားတွင် သူ၏ ဦးခေါင်းကိုဖော်ထားသည်။ တန်းတူခရစ်ယာန်ဘာသာဝင်တစ်ဦးအနေဖြင့် သော်မှ အဖွဲ့ဝင်များရူးသွတ်ကြပြီဟုထင်ပေလိမ့်မည်။

## စာပိုဒ် ၂၇

အကယ်၍တစ်ဦးတစ်ယောက်ကနားမလည်သော ဘာသာ စကားဖြင့်ပြောပါကနှစ်ဦးသို့မဟုတ်အများဆုံးသုံးဦးရှိပါစေ။ တစ်ဦးကရှင်းလင်းပြော ပြသူဖြစ်ပါစေ။

မည်သည့်ဟန်ဆောင်မှုမျိုးကိုဖြစ်စေဆောင်ရွက်သည့်အချိန်အတွင်း လူနှစ်ဦးသုံးဦးသာ ဘာသာစကားဖြင့်ပြော ရန်လိုအပ်သည်။ ပရိသတ်များ ပြော ကြားသည်၊ ကွဲပြားသည့်ဘာသာစကား(၃)မျိုးထက်ပို၍ပြော မှုမဖြစ်သင့်ပေ။ အကယ်၍ပြောသူ၏

စာတစ်ကြောင်းချင်းအားနှစ်ကြိမ်ထက်ပို၍ ဘာသာ ပြန်ရမည် ဆိုပါကဝန်ဆောင်မှုလုပ်ငန်းတစ်ခုတွင် စုစည်းမှုအားလုံးမကြာမီ ပျက်စီးဆုံးရှုံးသွားလိမ့်မည်။ အကယ်၍လန်ဒန်မြို့လယ်တွင် ကျင်းပသော စည်းဝေးပွဲတစ်ခုတွင်ဘာသာစကားကျေးဇူးတော်ကို ပိုင်ဆိုင်ရပါက ယင်းတွင် အင်္ဂလိပ်လူမျိုးများနှင့်အတူ ပြင်သစ်လူမျိုးအချို့နှင့် ဂျာမန်ခရီးသွား အချို့တက်ရောက်ပါကပြောသူ အနေဖြင့်စက်သင့်သည်မှာ -

ခရစ်ယာန်ဘုန်းတော်ကြီး - ကောင်းသောနံနက်ခင်းပါ

ပထမဘာသာစကားပြောသူ - **Boon Soir** (ပြင်သစ်)

ဒုတိယဘာသာစကားပြောသူ - **Guten abend** (ဂျာမန်)

သို့ရာတွင်သဘာဝအားဖြင့် သင်ခန်းစာအလိုက်တစ်ဦးပြီးမှ တစ်ဦး ပြောရမည် တစ်ပြိုင်တည်းပြောပါကရှုတ်ထွေးမှုဖြစ်နိုင်သည်။ လက်ရှိဘာသာစကားဟောပြောမှု၏အခြေခံကျသောလှုပ်ရှားမှုဆိုင်ရာသဘာဝကြောင့် လူများစွာတို့၏နှုတ်မှတစ်ပြိုင်တည်းရရှိ နိုင်သည်။ လူတစ်ဦးက တစ်ကြိမ်တွေ့ လိုက်သည်နှင့်အခြားသူများသို့လည်း အလားတူဖြစ်ပေါ်မှုမှာ အလျင်အမြန် သြဇာသက်ရောက်မှု ဖြစ်စေကြောင်းကျွန်ုပ်မြင်တွေ့ခဲ့ရဘူးပါသည်။

ဘာသာစကားကျေးဇူးတော်ကိုဟောပြောမှုနှင့်ဆက်စပ်၍ မကြာခဏ အသုံးပြုကြသည်။ သို့မှသာဘုရားသခင်၏ နှုတ်ကပတ်တော်များကို ပြောသူ တို့စိမ်းနေသည့်ဘာသာစကားဖြင့် သာစကားကျေးဇူးတော်အားဖြင့် ပြောဟော နိုင်စေမည်ဖြစ်သည်။ ယင်းကဲ့သို့ဘာသာစကားကျေးဇူးတော်ဖြင့် ဟောပြောမှု နှစ်ခုအသုံးပြုခြင်းကို တ ၁၉း၆ တွင်တွေ့နိုင်ပေသည်။မည်သို့ပင်ဖြစ်စေ၊ အကယ်၍ အင်္ဂလိပ်လူမျိုးများနှင့် ပြင်သစ်ဧည့်သည်များစွာတက်ရောက်ခဲ့သော လန်ဒန်မြို့စည်းဝေးပွဲတစ်ခုတွင်ပြောသူကပြင်သစ် ဘာသာဖြင့်ပြောကြသဖြင့် တက်ရောက်လာကြသော အင်္ဂလိပ်လူမျိုးများအနေဖြင့် အတွေးများတိုး တက်လာမှု မဖြစ်နိုင်ပေ။ သို့ဖြစ်ရာ ဘာသာစကားကောက်ချက်ချမှု၏ ကျေးဇူးတော်ရှိရမည်။ သို့မှသာလူတိုင်းနားလည်နိုင်သည်။ (ဥပမာ ပြင်သစ်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ပြန်ဆိုရန် အလားတူပင်အကယ်၍ ပြင်သစ်လူမျိုးတစ်ဦးက မေးခွန်းတစ်ခုမေးခဲ့လျှင် အကူအညီမပါဘဲ ဟောပြောသူအနေဖြင့် နားလည်နိုင်မည် မဟုတ်ပေ။ သို့ဖြစ်ရာ ဤ အခြေအနေကိုကူညီရန် ကောက်ချက်ချမှု ကျေးဇူးတော်ရှိရမည်ဖြစ်သည်။

လိုအပ်သည့်အချိန်တွင်ကောက်ချက်ချမှုကျေးဇူးတော်မရှိဘဲ ဘာသာစကားလက်ဆောင်ကိုအသုံးပြုလိမ့်မည်မဟုတ်ပေ။ **တစ်ယောက်သောသူသည်အနက်ကိုဖော်ပြစေ၊ စကားပြန်မရှိလျှင် ဟောပြော သောသူသည် အလင်းတော်၌ တိတ်ဆိတ်စွာနေ၍ မိမိအားလည်းကောင်း ဘုရားသခင်အားလည်းကောင်းပြောစေ။☆☆(တ ၁၄း၂၇၊ ၂၈)လူတစ်ဦး တစ်ယောက်မျှနားမလည်နိုင်သော အနက်ပြန်ဆိုသူ မရှိသော ဘာသာ စကား ဟောပြောမှု၏များစွာသောခေတ်မီတောင်းဆိုမှုများမှာ ထိုအမိန့်များကို လိုက်နာမှုမရှိခြင်းမှာ သေချာသည့်ဖြစ်ရပ်တစ်ခုဖြစ်သည်။

## စာပိုဒ် ၃၂၊ ၃၃

ပရောဖက်များ၏ဝိညာဉ်တော်သည်ပရောဖက်များအပေါ်တွင် မူတည်သည်။ခရစ်ယာန်ဘာသာကိုယုံကြည်သူများ၏အသင်းတော်များအားလုံးတွင်ကဲ့သို့ဘုရားသခင်သည်ရှုတ်ထွေးမှု ကို ရေးသားသူမဟုတ်ဘဲငြိမ်းချမ်းရေးဆောင်ရွက်သူသာဖြစ်သည်။

သန့်ရှင်းသောဝိညာဉ်တော်ဂုဏ်ကျေးဇူးများကိုပိုင်ဆိုင်မှုမှာ လူတစ်ဦး တစ်ယောက် အားသာမန်အသိစိတ် ပိုင်နက်များအတွင်းမှာ ထုတ်ယူသွားမှု အတွေ့အကြုံတစ်ခုနှင့်ဆက်စပ်လျက်ရှိပေသည်။ ဝိညာဉ်တော်သည် စိတ်ထိမ်းချုပ်မှုအတိုင်းပြုမူဆောင်ရွက်ချက် မဟုတ်သော လုပ်ရပ်ဖြင့် ဆောင်ရွက်နိုင်၍ဖြစ်စေသည်။ အားထက်အသုံးပြုသူ၏ ထိမ်းချုပ်မှုပေါ်တွင် မူတည်ပေသည်။ နတ်ဆိုးများ သို့မဟုတ်မကောင်းသော ဝိညာဉ်တော်များ ကလုံခြုံမှုမရှိခြင်းကိုပိုင်ဆိုင်ထားသည်ဟု မကြာခဏမှားယွင်းစွာ ဖော်ထုတ် နေခြင်း ဖြစ်ပေသည်။ သို့ရာတွင်သန့်ရှင်းသောဝိညာဉ်တော်ကယုံကြည်သူများကို ဖြည့်ဆည်းပေးသည်။ သို့ရာတွင်(၁ကော ၁၄း၃၂)တွင် ရည်ညွှန်းထား သော ဝိညာဉ်တော်တန်ခိုးမှာသီးသန့်အ ဆုံးသတ်မှုများအတွက်ပိုင်ဆိုင်သူများ၏ ထိမ်းချုပ်မှုကိုရည်ညွှန်းခြင်း

ဖြစ်သည်။ထိုအချက်မှာ လူ့သဘာဝဖြစ်သော မကောင်းမှု၏အားနှင့် ကောင်းမှု၏အားအတွင်းအားဖြည့်ပေးမှု တစ်ခုမဖြစ် နိုင်ပေ။ ထို့အပြင် သန့်ရှင်းသော ဝိညာဉ်တော်၏တန်ခိုးမှာ သူတို့နှင့်အတူ အမြဲရှိနေခြင်းထက်သီးခြားလုပ်ငန်းများကိုသီးခြားအချိန်တွင်ဆောင်ရွက်ရန် တမန်တော်များဆီသို့ရောက်လာ ခြင်းဖြစ်ကြောင်းရှေ့ပိုင်းတွင်ပြသခဲ့ပြီးဖြစ်သည်။

## စာပိုဒ် ၃၄

အမျိုးသမီးများအားအသင်းတော်များအတွင်း စကားပြော ခွင့်ပြုထားသည့်အတွက် အမျိုးသမီးများသည်အသင်းတော် များ အတွင်းတိတ်ဆိတ်စွာနေကြစေ။ သို့ရာတွင်ဥပဒေသတ် မှတ်ချက်အတိုင်းလေးစားလိုက်နာ ရန်အမိန့်တော်ပေးထားသည်။

ဝိညာဉ်တော်၏ဂုဏ်ကျေးဇူးတော်များကိုအသုံးပြုမှုနှင့်ပတ်သက်၍ ဤစာအုပ်တွင်အသင်းတော်ဝန်ဆောင်မှုတစ်ခုအတွင်း အမျိုးသမီးတစ်ယောက်က ထိုအရာများကိုအသုံးမပြုသင့်ကြောင်းငြင်းချက်ထုတ်ရန်မလိုဘဲချမှတ်ထားပေသည်။ အကယ်၍အရေး မကြီးသောစကားများပြောဆိုမှု၏ လက်ရှိဖြစ်ရပ်ကို ပရိသတ် အုပ်စုတစ်စုအတွင်း တစ်ဦးမှအခြားတစ်ဦးသို့စိတ်ပိုင်းဆိုင်ရာလှုံ့ဆော်မှု အားဖြင့် ရှင်းလင်းပြောပြနိုင်မည်ဟုယင်းအတွက်အများက အလေးမထားမှုကို မျှော်မှန်းနိုင်ပေသည်။ အမျိုးသမီး၊ ကလေးများနှင့် အမှန်တကယ် စိတ်ဝင်စား မှုဖြင့်တက်ရောက်သူများအနေဖြင့်ယင်း ကဲ့သို့စိတ်ခါတ်လှုံ့ဆော်မှုအားဖြင့် သက်ရောက်မှုရှိစေနိုင်ပေသည်။ ထို့ကြောင့်ဘာသာစကားအဖြစ် ပေါ် ပေါက် လာမှုကို စိတ်ခံစားမှုမြင့်မားစွာပြောဆိုခြင်းပြုလုပ်ကြသည်။

ခေတ်မီအသင်းတော်များတွင်အမျိုးသမီးများ၏ အချက်ကျကျ ဘာသာစကားဟော ပြောမှုမှာ ဤစာပိုဒ်၏ရှင်းလင်းသော အမိန့်နှင့်အံဝင်ခွင်ကျ မဖြစ်နိုင်ပေ။ ပေါလသည်အမျိုးသမီးကိုမုန်းတီးသူအဖြစ် နောက်ပိုင်း စာပိုဒ်အချို့တွင် ဖော်ပြထားချက်မှာ ရယ်ဘွယ်ဖြစ်သောမျှော်လင့်ချက်မရှိ၍ ဖျက်လိုဖျက်ဆီးလုပ်ဆောင်ချက်ဖြစ်ကြောင်းငြင်းဆိုထားသည်။ အကယ်၍ မည်သူတစ်ဦးတစ်ယောက်မဆိုသူ့ကိုယ်သူ ပရောဖက်တစ်ဦးအနေဖြင့် တွေးထင်ပါက သို့မဟုတ် စိတ်ပိုင်းဆိုင်ရာပုဂ္ဂိုလ်တစ်ဦးအဖြစ်တွေးထင်ပါက ငါသည်သင်တို့အား ရေး၍ပေးလိုက်သောစကားတို့သည်ဘုရားသခင်၏ ပညတ်တော်ဖြစ်ကြောင်းကိုပရောဖက်ဖြစ်သောသူ ဝိညာဉ်ဆု ကျေးဇူးကိုခံရသောသူမည်သည်ကားဝန်ခံပါစေ။ တစ်စုံတစ်ယောက်သော သူမသိလျှင် မသိဘဲနေစေ။(၁ကော ၁၄း၁၇)ပေါလကို ကိုယ်ရေးကိုယ်တာ သက်သက် မဟုတ်စေရ ကြောင်းသူ့ကိုသိစေပါ။

## ၂-၄ ကျေးဇူးတော်ရုတ်သိမ်းမှု

ခရစ်တော်ပြန်လည်ရှင်သန်ထမြောက်လာ ချိန်တွင်လက်ရှိ ကမ္ဘာကြီးအား ဘုရားသခင်၏ နိုင်ငံတော်အဖြစ်ပြောင်းလဲရန် အလို့ငှာ ယုံကြည်သူများအားဖြင့် အံ့ဘွယ်ရာဘုရားရှင်၏ ဝိညာဉ်တော်ကျေးဇူးတော်ကိုတဖန်အသုံးပြုကြလိမ့်မည်။ ကျေးဇူးတော်များကို ပေါ် ပေါက်လာမည့်ကမ္ဘာကြီး၏ တန်ခိုးစွမ်းအားများဟု ခေါ်သည်။ (ဟေဗြဲ ၆း၄-၅)နှင့်ယောလ-၂း၂၆-၂၉တို့ကအစ္စရေးတို့၏ အမှား ပြုလုပ်သည့်လုပ်ရပ်များအတွက်ဝမ်းနည်းကြောင်းခံစားချက်ထုတ် ဖော်ပြီးသည့် နောက်ပိုင်းတွင် ဝိညာဉ်တော်ဂုဏ်ကျေးဇူး၏ ကြီးမားသောသွန်းလောင်းမှု တစ်ခုကိုဖော်ပြထားသည်။ ခရစ်တော်ပြန်လည်ရှင်သန်ထမြောက်လာသည့် အချိန်တွင်ထိုကျေးဇူးတော် များကိုယုံကြည်သူများသို့ ပေးလိမ့်မည်ဟုသော အချက်မှာ ယ္ခုပိုင်ဆိုင်မှုအတွက် လုံလောက်သောသက်သေပြမှုမဟုတ်ပေ။ ကျမ်းစာများ နှင့်ကမ္ဘာ့ဖြစ်ရပ်များနှစ်မျိုးစလုံးတွင် ခရစ်ယာန်ဘာသာဝင်များက မျက်စိဖွင့်ထားကြသည်ကိုသိရမည်။ ထိုအခါဘုရားသခင်သည် မကြာမီအတွင်း အမှန်တကယ်ပြန်လာလိမ့်မည်။

(နောက်ဆက်တွဲ(၃)ကိုကြည့်ပါ)

ကျေးဇူးတော်များကိုပိုင်ဆိုင်သည်ပထမရာစုနှင့်ကျေးဇူးတော်များကိုရုပ်သိမ်းမည်၊ ဒုတိယအချိန်ကာလများအကြားအချိန်တစ်ချိန်ချိန်တွင် ရှင်းလင်းသော သမ္မာကျမ်းစာ ဟောပြောမှုများရှိပေသည်။

**ဟောပြောမှုများရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ဆုံးရှုံး လိမ့်မည်ဘာသာစကားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ရပ်ဆိုင်း သွားလိမ့်မည်။ အသိပညာရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ကွယ်ပျောက်သွားလိမ့်မည်။ ငါတို့သည်မစုံမလင် သိတတ်ကြပြီး ပရောဖက်ဉာဏ်နှင့် မစုံမလင်ဟောတတ်ကြ၏။ စုံလင်ခြင်းသို့

ရောက်သောအခါမှုကားမစုံလင်သမျှ တို့သည်ကွယ်ပျောက်ကြ လိမ့်မည်။(၁ကော ၁၃း၈-၁၀)
ကျေးဇူးတော်များသည် ယာယီမျှ သာ ဖြစ်ကြသည်။ (GNB)

ပြည့်စုံမှုရှိလာသောအခါပထမရာစုအတွင်းပိုင်ဆိုင်သော ဝိညာဉ် တော် ကျေးဇူးတော်များသည်ရုတ်သိမ်းခံကြရလိမ့်မည်။ ကျေးဇူးတော် တဖန်ပြန် ပေးမည့်အချိန်တွင် ယင်းမှာခရစ်တော်၏ဒုတိယလာရောက်မှုမဖြစ်နိုင်။ ဂရိစကားလုံးက **'Perfect'** ကိုပြည့်စုံမှု သို့မဟုတ်ပြီးစီးမှုဟု အတိအကျပြန်ဆိုထားသည်။ ဒုက္ခမရှိဟုဆိုလိုခြင်းမဟုတ်ပေ။

ရှေးဦးခရစ်ယာန်များတွင်ဟောပြောမှုကျေးဇူးတော်၏ ရလဒ်အဖြစ် ပေါ်ပေါက်သော တစ်ပိုင်းတစ်စအသိပညာကို ဤပြည့်စုံ သောအရာကအစားထိုး လိမ့်မည်။ ထိုစကားမှကျမ်းစာဖြစ်စေသောစာဖြင့်ရေးသားကာ မှတ်တမ်းတင် ထားသော စကားလုံးများအဖြစ် ဟောပြောမှုများသည် ဘုရားသခင်၏ နှုတ်က ပတ်တော်များကို ပြောဟောခြင်းသည် ကျေးဇူးတော်ဖြစ်ကြောင်း အမှတ်ရပါ။

ပထမရာစုအတွင်းကျွန်ုပ်တို့သိသကဲ့သို့ ပျှမ်းမျှယုံကြည်သူများသည်ဓမ္မကျမ်းစာသစ်၏အစိတ်အပိုင်းတစ်ခုကိုသာသိကြ လိမ့်မည်။ များစွာသော လက်တွေ့လုပ်ဆောင်ချက်များနှင့် ပတ်သက်၍သူ၏အသင်းတော်ရှိ လူကြီး များထံမှ ဟောပြောချက်စကားလုံး အချို့ကိုသူကြားလိမ့်မည်။ ခရစ်တော်၏ဘဝဖြစ်စဉ်ကိုသူသိလိမ့်မည်။ ပေါလ၏စာတစ်စောင်သို့မဟုတ် နှစ်စောင်ဖတ်ကြားပြမှုကို ကြားကြရလိမ့်မည်။ သို့ရာတွင် ဟောပြောချက် မှတ်တမ်းများကို တစ်ကြိမ်ရေးသားမှုပြီး ကာထုတ်ဝေလိုက်ပါက ဟောပြောမှုကျေးဇူးတော်ကိုဆက်၍ပိုင်ဆိုင်၍လိုအပ်တော့မည်မဟုတ်ပေ။ ပြီးစီးသွားသော ဝိညာဉ်တော်ကျေးဇူးတော်များ၏နေရာကိုအစားထိုး မှုမှာ ပြီးစီးသွားသော ဓမ္မသတ်ကျမ်းစာအသစ်ပင်ဖြစ်သည်။

ကျမ်းစာအားလုံးသည်ဘုရားရှင်၏အတွေးများကို လက်ခံထားမှုဖြစ်ပြီး၊ သင်ကြားမှုအတွက်ပြန်လည်သက်သေပြရန်အတွက်ပြင်ဆင်မှုပြုရန် အတွက် မှန်ကန်မှုကိုညွှန်ကြားခြင်းအတွက်အကျိုးရှိနိုင်ပေသည်။ ဘုရားသခင်၏ လူသည်စုံလင်သောသူဖြစ်လိမ့်မည်။ (၁တိ ၃း၁၆-၁၇)

စုံလင်ပြည့်စုံအောင်ပြုလုပ်သောအရာမှာ ကျမ်းစာများအားလုံးဖြစ်သည်။ ကျမ်းစာများအားလုံးကိုတစ်ကြိမ်ရေးသားပြီးပါက ပြီးပြည့်စုံခြင်းသို့ရောက်ရှိကာ အံ့ဘွယ်ကျေးဇူးတော်များရုတ်သိမ်းခြင်းခံကြရမည်။

(ဧ ၄း၈-၁၄)က ပဟေဠိပုစ္ဆာတို့ကောင်းစွာပြည့်စုံ၍ခြေရာခံသည်။

ယေရှုသည်မြင့်သောအရပ်(ကောင်းကင်ဘုံသို့ တက်ကြွသွားတော်မူ သဖြင့်) များစွာသောသူတို့ကို သနားတော်မူ၍လူတို့အားဆုလာဒ်များကို ပေးတော်မူသည်။ ခရစ်တော်၏ကိုယ်တော်ကိုတည်ဆောက်၍ ဓမ္မဆရာ၏ အမှုကိုပြုတတ်မည်အကြောင်းသန့်ရှင်း သူတို့ကိုပြင်ဆင်ခြင်း အလို့ငှာထိုသခင်သည် လူအချို့ကိုတမန်တော်အရာ၌ လည်းကောင်း၊ အချို့ကိုပရောဖက်အရာ၌ လည်းကောင်း၊ အချို့ကိုသာသနာပြုအရာ၌ လည်းကောင်း၊ အချို့တို့ကို သင်းအုပ်ဆရာအရာ၌ လည်းကောင်း ခန့်ထားတော်မူ၏။ ငါတို့ရှိသမျှ သည် ယုံကြည်ခြင်း သို့လည်းကောင်း၊ ဘုရားသခင်၏သားတော်ကို သိကျွမ်းခြင်းသို့ လည်းကောင်း၊ တစ်ညီတညွတ်တည်းရောက်၍ ခရစ်တော်၏ပြည့်စုံခြင်းပမာဏအရပ်တည်းဟူသောကြီးရင့်သောလူ၏အပြစ်သို့ရောက်ကြသည့် တိုင်အောင်ဖြစ်သတည်း။ အကြောင်းမူကားသူတစ်ပါးတို့သည် လူပရိယာယ်နှင့်အပြစ်သို့သွေးဆောင်ခြင်းငှာ လှည့်ဖြားပြောဆိုသဖြင့် ငါတို့သည် နောက်တဖန် ခပ်သိမ်းသောဩဝါဒလေတိုက်၍ ဖရိုဖရဲလွင့်သွားသော သူငယ်မဖြစ်။

ပြီးပြည့်စုံမှုသည်လူသားထံသို့ရောက်သည့်တိုင်အောင်ပထမရာစု၏ ကျေးဇူးတော်ကိုပေးကြရမည်။(၂တိ ၃း၁၆-၁၇)က ကျမ်းစာများအားလုံး၏ လမ်းညွှန်မှုကိုလက်ခံခြင်းမှဘုရားသခင်သည်ပြည့်စုံသောသူဖြစ်လာသည်ဟုဆိုသည်။ ကော ၁း၂၆ ကလည်း ဘုရားသခင်၏နှုတ်ကပတ်တော်ကို တုန့်ပြန်မှုမှလာသော ပြည့်စုံမှုကိုသင်ကြားပေးသည်။ ကျမ်းစာအားလုံးကိုပိုင်ဆိုင်ပြီးပါက အသင်း တော်များက သင်ကြားပေးသော အကြောင်းအချက်များဖြင့် ရှုတ်ထွေးမှု ဖြစ်ခြင်းအတွက် အမှန်တကယ်ခွင့်လွှတ်မှုရေရှည်မရှိ နိုင်တော့ပေ။ နှုတ်ကပတ်တော် သည်မှန်ကန်မှုဖြစ်၍ သမ္မာကျမ်းစာတစ်အုပ်သာရှိသည်။(ဟော ၁၇း၁၇)ထိုစာမျက်နှာများကို လေ့လာခြင်းမှအမှန်တရား၏ စုစည်းမှုကို ကျွန်ုပ်တို့တွေ့ရှိနိုင်ပေသည်။(ဧ ၄း၁၃)မှထုတ်ဖော်သောယုံကြည်မှု တစ်ခုမှာစစ်မှန်သောခရစ်ယာန်ဘာသာဝင်များသည်

ယုံကြည်မှုတစ်ခုပိုင် ဆိုင်ခြင်းသို့ ရောက်ကြ၏။ သို့ဖြင့်သူတို့သည်စာဖြင့်ရေးသားထားသော ပြီးပြည့် စုံသည့် ဘုရားသခင်၏နှုတ်ကပတ်တော် ဖြင့်ပြည့်စုံမှုကိုရရှိကြသည်။

အံ့ဘွယ်ကျေးဇူးတော်ဖြင့် ၎ ၄း၁၄က မည်ကဲ့သို့ဝိညာဉ်တော် ပိုင်ဆိုင်သည့်ကလေးဘဝသို့ဟောပြောမှုဖြင့်ရောက်ရှိသည်။ အံ့ဘွယ်ကျေးဇူးတော်များ မည်ကဲ့သို့ရုပ်သိမ်းသွားသည်ကိုမှတ်သားစေသည်။ ၁ကော၁၃း၁၁ကလည်း အလားတူအတိုင်းဆိုပေသည်။ ဝိညာဉ်ကျေးဇူးတော်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ယောက်ယက်ခတ်မှုဖြစ်ခြင်း မှာဝိညာဉ်တော်ဆိုင်ရာပြည့်ဝမှု သင်္ကေတတစ်ခုကိုဖော်ညွှန်း မှုမဟုတ်ပေ။ စာဖတ်သူတစ်ဦးချင်းအနေဖြင့် ထိုနှုတ်ကပတ်တော် များ၏ တိုးတက်မှုရခြင်းမှာ ဘုရားရှင်၏စာဖြင့်ရေးသားထားသော နှုတ်ကပတ်တော်များကို အလေးအနက်ယုံကြည်မှုရှိ၍ ထိုနှုတ်ကပတ်တော်များမှတဆင့်ဘုရားရှင်ကိုယ်တိုင်ဗျာဒိတ်ထားသော ပြီးပြည့်စုံမှုကို ဝမ်းမြောက် ဝမ်းသာဖြစ်စေရန်နှင့် နှိမ့်ချသော ရိုသေကိုင်းရှိုင်းမှုဖြင့် တုံ့ပြန်ရန်တို့ကိုပြု လုပ်သင့်ပေသည်။

**လေ့လာမှု ၂ မေးခွန်းများ**

၁။ အောက်ဖော်ပြပါမည်သည့်စကားလုံးများသည် **Spirit** ၏အဓိပ္ပါယ် ဖွင့်ဆိုချက်များ ဖြစ်ပါသလဲ

(က) **Power** (ဂ) **Holy**

(ခ) **Breath** (ဃ) **Dust**

၂။ သန့်ရှင်းသောဝိညာဉ်တော်ဆိုတာဘာလဲ

(က) လူတစ်ယောက်

(ခ) တန်ခိုး

(ဂ) ဘုရားသခင်၏တန်ခိုး

(ဃ) သုံးဆူဘုရား၏အစိတ်အပိုင်း

၃။ သမ္မာကျမ်းစာကိုမည်ကဲ့သို့ရေးသားထားပါသလဲ

(က) လူများကသူတို့၏ကိုယ်ပိုင်စိတ်ကူးများကိုရေးခဲ့သည်

(ခ) လူများကဘုရားသခင်၏မိန့်မှာချက်များကိုတွေး၍ရေးသားခဲ့သည်

(ဂ) ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့်လူများ၏အတွင်းစိတ်မှတဆင့်

(ဃ) သမ္မာကျမ်းစာအနက်အချို့သည်အတွင်းစိတ်ဖြင့် ဖော်ညွှန်းချက် များ ဖြစ်၍ အခြားအစိတ်အပိုင်းများမှာအတွင်းစိတ်ဖြင့် ဖော်ညွှန်း ချက်များမဟုတ်ပေ။

၄။ အောက်ဖော်ပြပါမည်သည့်အချက်များသည်အဘယ့်ကြောင့် ဝိညာဉ် တော်၏ထူးခြားသော လက်ဆောင်တော်များပေးရသည့် အကြောင်း ရင်းများဖြစ်ကြပါ သလဲ

(က) ဧဝံဂေလိ၏နှုတ်ဖြင့်ဟောကြားချက်များကို ကျောထောက်နောက်ခံ ပြုပေးရန်

(ခ) ရှေးကျသောအသင်းတော်များဖွံ့ဖြိုးလာစေရန်

(ဂ) လူများအားအမှန်တရားဘက်သို့တွန်းအားပေးရန်

(ဃ) ကောင်းကင်တမန်တော်များအားသူတို့၏ အခက်အခဲများမှ ကယ်တင်ရန်

၅။ ကျွန်ုပ်တို့အနေဖြင့်ဘုရားသခင်၏အမှန်တရားကိုမည်သည့် နေရာတွင် သင်ယူနိုင်ပါသလဲ

(က) တစ်ပိုင်းအားဖြင့်သမ္မာကျမ်းစာမှတစ်ပိုင်းအားဖြင့်ကျွန်ုပ်တို့၏ ကိုယ်ပိုင်အတွေးစိတ်ကူးများမှ

(ခ) သမ္မာကျမ်းစာဖတ်ရှုခြင်းအပြင်ကျွန်ုပ်တို့အားတိုက်ရိုက် ပြောကြားသော သန့်ရှင်းသောဝိညာဉ်တော်မှ

(ဂ) သမ္မာကျမ်းစာတစ်ခုတည်းမှ

(ဃ) ဘာသာရေးဆိုင်ရာဘုန်းတော်ကြီးများထံမှ

## လေ့လာမှု ၃ ထာဝရဘုရား၏ ကတိစကားများ

### ၃.၁ ထာဝရဘုရား၏ကတိစကားများနိဒါန်း

ကျွန်ုပ်တို့၏လေ့လာမှုများအတွင်း၌အပိုင်းတွင်ကျွန်ုပ်တို့ အနေဖြင့် မည်သူသည် ဘုရားသခင်ဖြစ်သည်။ သူမည်ကဲ့သို့ အလုပ်သည်တို့ကို ကျယ် ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်ခဲ့ကြပြီးဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာ တွင် ထိုအရာများနှင့်ပတ်သက်၍ အဖြစ်များသော နားလည်မှု လွဲမှားခြင်းများကို ရှင်းလင်းခဲ့ပြီးဖြစ်သည်။ ယခုကျွန်ုပ်တို့အနေဖြင့်ဘုရားသခင်က သူအား ချစ်မြတ်နိုးသူ များအားကတိပြုခဲ့သည်များနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် လေ့လာကြမည်ဖြစ်သည်။ (ယာ ၁း၁၂၊ ၂း၅)သူ၏ပညတ်တော်များကိုထိမ်းသိမ်း စောင့်ရှောက်ကြရမည်။(ယာ ၁၄း၁၅)

ဓမ္မသတ်ဟောင်းကျမ်းမှဘုရားသခင်၏ ကတိစကားများတွင်စစ်မှန်သော ခရစ်ယာန်ဘာသာဝင်များ၏မျှော်လင့်ချက်များ ပါဝင်သည်။ သူ၏ဘဝအတွက် ပြင်ဆင်ရာတွင် ပေါလကအရာရာကို ဆုံးရှုံးရန်ပြင်ဆင်ထားသည့် အနာဂါတ် ဆုလာဘ်များအတွက် ပြောကြားသည်။ ဘုရားသခင်သည်ဘိုးဘေးများတို့အား ပေးတော်မူသောကတိတော်ကိုထောက်၍မျှော်လင့်ခြင်းတရားအကြောင်း ကြောင့်ကျွန်ုပ်သည်ခုစစ်ကြောစီရင်ခြင်းကိုခံရပါ၏။(တ ၂၆း၆၊၇) သူကသူ့ဘဝ၏ အချိန်အများစုကိုတရားဟောကြားခြင်းဖြင့် အချိန်ကုန်စေခဲ့ပြီ။ ယင်းမှဖခင်သို့ ပေးခဲ့သောကတိစကားအတိုင်းဖြစ်သည်။ သူ၏ယေရှုအား မြှင့်တင်ပေးမှုထက် ဘုရားသခင်က သူ့အားဖြည့်ဆည်းပေးခဲ့သည်။ (တ ၁၃း၃၂၊၃၃) ဘုရားသခင်၏ ထိုကတိစကားများကို ယုံကြည်မှုက သေခြင်းမှပြန်လည်ရှင်သန် ထမြောက်ရန်မျှော်လင့်ချက်ပေးသည်ဟု ပေါလရှင်းလင်းခဲ့သည်။(တ ၂၆း၆-၈၊ စီပီ ၂၃း၈)ယင်းမှာ ဆုံးဖြတ်မှုဖြင့် ဒုတိယအကြိမ် ယေရှုပြန်လည် ရှင်သန်ထမြောက်လာခြင်းနှင့် ဘုရားသခင်၏ နိုင်ငံတော်ပေါ် ပေါက်လာခြင်းဖြစ်သည်။(တ ၂၄း၂၅၊ ၂၈း၂၀၊ ၃၁)

ယင်းအချက်အားလုံးကထာဝရအသက်နှင့်ပတ်သက်၍ ပြောကြားခြင်း မရှိသော ဓမ္မသတ်ကျမ်းဟောင်းကတောင်စဉ်ရေမကျ အစ္စရေး၏ သမိုင်းကြောင်း ဒဏ္ဍာရီကိုမြုပ်ပစ်လိုက်သည်။ ဘုရားသခင်က ယေရှုမှတဆင့် ထာဝရအသက်ကို ကျွန်ုပ်တို့အားပေးမည့် အချက်ကိုလွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကပင် ရုတ်တရက် ဆုံးဖြတ်မှုမပြုလုပ်ခဲ့ပေ။ ထိုအချက်မှာ အစကတည်းကပင် ဘုရားသခင်နှင့် အတူရှိခဲ့သည်။

> မုသားနှင့်ကင်းစင်သောဘုရားသခင်သည် ရှေးကပ်ကာလ
> မရောက်မီကတိထားတော်မူ၍ငါတို့ကိုကယ်တင်သော ဘုရားသခင်၏ပညတ်တော်အတိုင်းငါ၌
> ထားအပ်သောတရား ဟောခြင်းအခွင့်အားဖြင့်သင့်တော်သည့်အချိန်၌ နှုတ်ကပတ်
> တရားတော်ကိုထင်ရှားစေတော်မူသော အရာနှင့်စပ်ဆိုင်သော
> ထာဝရအသက်ကိုမျှော်လင့်သည်ဖြစ်၍ဘုရားဝတ်နှင့် မွေ့လျော် ခြင်းနှင့်ဆိုင်သောသမ္မာတရားကို ဝန်ခံခြင်း
> အလို့ငှာ လည်း ကောင်း၊ ဘုရားသခင်ရွေးကောက်တော်မူသော သူတို့၏
> ယုံကြည်ခြင်းအလို့ငှာလည်းကောင်းဟောပြောခြင်းကို ပြုလုပ် သည်။(တိတု ၁း၂၃)
> ဘုရားသခင်နှင့်အတူရှိတော်မူသောထာဝရအသက်သည်ကျွန်ုပ်တို့ အပေါ် သို့ထင်ထင်ရှားရှားပေါ် ပေါက်ခဲ့သည်။
> (၁ယော ၁း၂)။

ဘုရားသခင်ကသူ၏လူသားများအားပေးခဲ့သောထာဝရအသက်သည် အစပိုင်းကပင်သူနှင့်အတူရှိနေခဲ့သည်သဟူသော အချက်ကိုသိမြင်လျက် ဓမ္မသတ်ဟောင်းကျမ်းတွင်မှတ်တမ်းတင်ထားသည်။ လွန်ခဲ့သောနှစ်ပေါင်း၄၀၀၀ ကသူနှင့်ဆက်ဆံခဲ့သော လူများနှင့်ပတ်သက်၍ ဘုရားသခင်အနေဖြင့် ထိုအချက်နှင့်ပတ်သက်၍ တိတ်ဆိတ်နေလာကြမည်မဟုတ်ပေ။ အမှန်မှာ ဓမ္မဟောင်းကျမ်း တွင်ဘုရားသခင်ကသူ၏ လူများအတွက် ပြင်ဆင်ပေးခဲ့သော တစ်ဦးချင်းက၌ မျှော်လင့်ချက်အသေးစိတ်ကိုပို၍ပေးခဲ့သောဟောပြော ချက်များနှင့်ကတိများဖြင့်ပြည့်နှက်လျက်ရှိသည်။ ထိုအချက်မှာ ဘုရားသခင်၏ဂျူးလူမျိုးဖခင်များသို့ပေးခဲ့သောကတိများကိုနားလည် သဘောပေါက်ခြင်းမှာ ကျွန်ုပ်တို့၏ကယ်တင်မှု အတွက်အရေးပါခြင်း ကြောင့်ဖြစ်သည်။ ပေါလက **tphesus** အတွင်းမှယုံကြည်သူများ အား ထိုအရာများကိုသူတို့မသိမီ၊ သူတို့သည်ခရစ်တော်ကိုမသိ၊ အစ္စရေး အပေါင်းအသင်းတို့၌ မဝင်၊ ကတိတော်ပါသောပဋိညာဉ် တရားတို့နှင့် မဆိုင်မျှော်လင့်ခြင်းမရှိ၊ လောက၌ ဘုရားမဲ့နေကြသည်ကိုလည်းကောင်း အောက်မေ့ကြရန်ပေါလကသိပေးပါသည်။ (ဧ ၂း၁၂)သူတို့၏ သခင်က အခြား ဘာသာများ

အပေါ်တွင်ယုံကြည်သူများကပေးသော ဘုရားသခင်၏ မျှော်လင့်ချက်နှင့်အသိဉာဏ် ဇဟုသုတအပေါ်တွင် သံသယဖြစ်ဖွယ်အဖြစ် တွေးတောခဲ့သော်လည်း အမှန်အားဖြင့်ယင်းမှာဘုရားသခင်၏ ရှေးဟောင်း ဓမ္မသတ်ကျမ်းကိုမသိမှုများဖြင့်မျှော်လင့်ချက်မရှိ၊ ကမ္ဘာပေါ်တွင် ဘုရားမရှိခြင်းကြောင့်ဖြစ်သည်။ ဘုရားသခင်သည်ဘိုးဘေးများတို့အားပေးတော် မူသောကတိတော်ကိုထောက်၍ မျှော်လင့်ခြင်းတရားအကြောင်းကိုပေါလက ခရစ်ယာန်မျှော်မှန်းချက်အဖြစ်သတ်မှတ်ထားသည်ကို သတိရပါ။(တ ၂၆း၆)

အသင်းတော်အနည်းငယ်တို့ကသူတို့ဆောင်ရွက်သင့်သည့်ဓမ္မသတ် ကျမ်းဟောင်း၏ ထိုအစိတ်အပိုင်းများပေါ်တွင်အလေး အနက်ထားခြင်းမှာ ဝမ်းနည်းဘွယ်ရာအချက်တစ်ခုဖြစ်သည်။ ခရစ်ယာန်ဝါဒသည် ဓမ္မသတ် သစ်ကျမ်းမှစာပိုဒ်အနည်းငယ်ကိုသာ အသုံးပြုသော်လည်း ဓမ္မသတ်သစ်ကျမ်း တစ်ခုအဖြစ်အသွင်ပြောင်းလိုက်ပြီးဖြစ်သည်။ ယေရှုက အလေးထားမှုကို လမ်းမှန်သို့ ရောက်အောင်ရှင်းလင်းစွာ ထားရှိပြီးဖြစ်သည်။

အကယ်၍သူတို့ကမောရှေ(သူရေးသားသောသမ္မာကျမ်းစာ၏ ပထမ၅အုပ်)၏ ပြောစကားပရောဖက်တို့၏စကားကို နားမထောင်လျှင် တစ်ယောက်သော သူသည်သေခြင်းမှ ထမြောက်သော်လည်း မည်သူမျှမယုံ ကြည်နိုင်ကြ။ (လု ၁၆း၃၁)

သေသောလူစုထဲကတစ်ယောက်သောသူသည်ထမြောက်၍ သူတို့ရှိရာသို့ သွားလျှင်သူတို့သည်နောင်တရကြလိမ့်မည်။(**c.p** လု ၁၆း၂၀)သို့ရာတွင် ယေရှုကဓမ္မသတ်ဟောင်းကျမ်းကို အပြည့်အဝနားမလည်ဘဲယင်းမှာ အပြည့် အဝ ဖြစ်နိုင်မည်မဟုတ်ဟု မိန့်ခဲ့သည်။

ခရစ်တော်သည်လက်ဝါးကပ်တိုင်ပေါ်တွင် သံမှိုဖြင့်ရိုက်၍ အသတ်ခံရပြီး နောက်၊ နောက်လိုက်များ၏ယုံကြည်မှုပြိုလဲသွား ခြင်းမှာဓမ္မသတ်ဟောင်း ကျမ်းအပေါ်တွင်ဂရုတစိုက်အာရုံစိုက်ရန်ပျက်ကွက်မှုကြောင့်ဖြစ်သည်ဟု ယေရှုကဆက်စပ်မိခဲ့သည်။

**ကိုယ်တော်ကလည်းပရောဖက်ဟောပြောသောစကားများကို ယုံနိုင်အောင်ဉာဏ်မရှိ၊ စိတ်ခိုင်မာသောသူကို ခရစ်တော်သည် မည်သို့ပင်အသေခံ၍မိမိ၏ဘုန်းစည်းစိမ်တော်ကိုတင်စားရမည် မဟုတ်လောဟုမိန့်တော်မူ၏။ ထိုအခါမောရှေ၏ ကျမ်းစာမှ စ၍ပရောဖက်တို့၏ကျမ်းစာများ၌ ကိုယ်တော်ကို ရည်မှတ်၍ ရေးသားသမျှသော ကျမ်းစာအနက်ကို ရှင်းလင်းစွာ ဖော်ပြ တော်မူ၏။** (လု ၂၄း၂၅-၂၇)

ဘုရားသခင်အနေဖြင့်ဓမ္မကျမ်းစာဟောင်းတစ်ခုလုံးကို မည်ကဲ့သို့ ပြောဟောခဲ့သည့်အပေါ်တွင်သူ၏ အလေးအနက်ထားမှု ကိုမှတ်သားပါ။ နောက် လိုက်များကဓမ္မသတ်ဟောင်း၏ နှုတ်ကပတ်တော်များကို ဖတ်ရှုခြင်း သို့မဟုတ်ကြားနာရခြင်းမည်သည့်အခါ ကမှမပြုလုပ်ခြင်းမှာမဟုတ်ပေ။ သို့ရာတွင်သူတို့ကထိုကျမ်းစာပါအချက်အလက်များကိုသေချာစွာနားမလည်ကြပေ။ ထို့ကြောင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဖတ်ရုံမျှဖတ်ရှုခြင်း ထက် မှန်ကန်သောနားလည်မှုတစ်ခုရရှိရန်မှာမှန်ကန်သောယုံကြည်မှုတစ်ခု ဖြစ်ထွန်းရန်လိုအပ်သည်။ ဂျူးလူမျိုးများသည် ဓမ္မသတ်ဟောင်းကျမ်းကို ဖတ်ရှုရာတွင်ယုံကြည်မှုလွန်ကဲကြသည်။ (တ ၁၅း၂၁)သို့ရာတွင်သူတို့အနေဖြင့် ယေရှုနှင့်ပတ်သက်သောအရာများနှင့်သူ၏ ကောင်းချီးသတင်းနှင့် ပတ်သက်၍ ရည်မှန်းမှုများကိုနားမလည် သောကြောင့်သူတို့အမှန်တကယ် မယုံကြည် ကြခြင်းဖြစ်သည်ဟုယေရှုကသူတို့အားပြောခဲ့သည်။

**သင်တို့သည်မောရှေ၏စကားကိုယုံလျှင်ငါ့စကားကိုမယုံဘဲမနေနိုင်ကြ။ အကြောင်းမူကားမောရှေသည်ငါ့အကြောင်း ကိုရေးထား၏။ သူရေးထားသောစာကိုသင်တို့သည်မယုံလျှင်ငါ့စကားကို အဘယ်သို့ ယုံနိုင်မည်နည်း။** (ယော ၅း၄၆၊၄၇)

သူတို့အနေဖြင့်ယေရှုကသူတို့ကိုပြောကြားခဲ့သော ကယ်တင်ခြင်း နှင့်ပင်သက်ရှိသေချာကြောင်းတွေးတောလိုကြ သော်လည်း သူတို့၏သမ္မာ ကျမ်းစာအားလုံးဖတ်ရှုပြီးသော်ငြားလည်း ယေရှုနှင့်ပတ်သက်၍ စစ်မှန်သော သတင်းကိုမူ မမြင်ဘူးကြချေ။

ကျမ်းစာကိုနေ့တိုင်းအစဉ်စေ့စေ့ကြည့်ပါ။ (တ ၁၇း၁၁)ကျမ်းစာထဲတွင် ယုံကြည်မှုကြောင့်သင့်တွင်ထာဝရအသက်ရရှိကာ ထိုကျမ်းစာသည်ပင်ငါ၏ သက်သေဖြစ်၏။(ယော ၅း၃၉)

သမ္မာကျမ်းစာဟောင်း၏ရိုက်ခတ်မှုအချို့နှင့်သင်ကြားမှုများ၏ အသိဉာဏ်ဗဟုသုတရှိကြသော လူများစွာတို့တွင် ယုံကြည်မှုရှိနိုင်သည်။ ထိုအချက်မှာသူတို့ကအမှတ်မထင်ကောက်ယူခဲ့သော အသိဉာဏ်ဗဟု သုတမျှသာ ဖြစ်ပေသည်။ ခရစ်တော်၏ အံ့သြဘွယ်ရာသတင်းစကားနှင့် ဘုရားသခင်နိုင်ငံတော်၏ကောင်းချီးသတင်းတို့မှာ သူတို့အား လှည့်ဖြားမှုဖြစ်သည်။ သို့ဖြစ်ရာ ဓမ္မသတ်ဟောင်း၏အဓိကကတိစကားများ၏ အစစ်အမှန်အဓိပ္ပါယ်ကိုရှင်းလင်းပြောကြားသရုပ်ပြခြင်းအားဖြင့်ထိုအခြေအနေမှ သင့်ကိုခွဲထုတ်ရန်မှာ ဤလေ့လာမှု၏အကြောင်းရင်းဖြစ်သည်။

- ဒေင်ဥယျာဉ်အတွင်း
- **Noah** သို့
- အာဗြဟံသို့
- ဒါဝိဒ်သို့

ထိုအကြောင်းအချက်များနှင့်ပတ်သက်သောသတင်းများကို မောရှေရေး သားခဲ့သော ပထမဆုံးသမ္မာကျမ်းစာ(၅)အုပ်**(Genesis- Deuteronomy)** နဲ့ဓမ္မသတ်ဟောင်းဟောပြောချက်တွေမှာတွေ့ရပါတယ်။ ခရစ်ယာန်တို့၏ ကောင်းခြင်းဆိုင်ရာ အချက်အလက်အားလုံးဤအထဲတွင်တွေ့ရသည်။ ပေါလက သူ၏ကောင်းချီးသတင်းဟောပြောချက်တွင် ပရောဖက်များနှင့်မောရှေ ဟောပြောချက်များထက် အခြားအရာများပေါ် ပေါက်မလာသင့်ဟု ရှင်းလင်းပြောခဲ့ပါသည်။ ဘုရားသခင်မစတော်မူသော ကျေးဇူးတော်ကို ကျွန်ုပ်ခံရ၍ ယွုတိုင်အောင်ရှိနေရပါ၏။ ခရစ်တော်သည် အသေသတ်ခြင်း ကိုခံရမည်ဟူ၍လည်းကောင်း၊ သေခြင်းမှအနီးဆုံးထမြောက်၍ယုဒအမျိုးသား၊ တပါးအမျိုးသားတို့အား အလင်းကိုပေးမည်ဟူ၍လည်းကောင်း၊ မောရှေမှစသော ပရောဖက်များကို ဟောပြောသောစကားထက်ကျွန်ုပ်သည်မလွန်ဘဲ လူကြီး လူငယ်တို့အားသက်သေခံ၍နေပါသည်။ (တ ၂၆း၂၂၊၂၃)သူ၏ နောက်ဆုံးနေ့ များမှအသံသည်လည်းတစ်မျိုးတည်းဖြစ်ပါသည်။ နေ့ရက်ကို ချိန်းချက်၍ လူများတို့သည် ပေါလုတည်းခိုရာအရပ်သို့ လာကြသည်ရှိသော ပေါလုသည် ဘုရားသခင်၏နိုင်ငံတော်အကြောင်းကိုသက်သေခံသဖြင့်လည်းကောင်း၊ ထိုသူတို့သည်ယေရှု၏အကြောင်းများကို ယုံကြည်စေခြင်းငှာ မောရှေ၏ ပညတ္တိ ကျမ်းနှင့် အနာဂတ္တိကျမ်းတို့ကိုအမှီပြု၍ ဖြားယောင်းသွေးဆောင်သဖြင့် လည်းကောင်း၊ နံနက် အချိန်မှစ၍ညအချိန်တိုင်အောင် ထုတ်ဖော်ဟောပြောလေ သည်။ (တ ၂၈း၂၃)

ပေါလုမျှော်မှန်းချက်မှာယုံကြည်မှုအမြင့်မားဆုံးခရစ်ယာန်များ အနေဖြင့်သူ၏ ဘဝလမ်းကြောင်း၏အဆုံးတွင်တောက်ပ သောအလင်းရောင်ရှိနေသကဲ့သို့ကျွန်ုပ်တို့အားလည်းစိတ်ဓါတ်ကိုမြှင့်တင်ပေးနိုင်သော မျှော်လင့် ချက်ရှိသင့်ကြောင်းဖြစ်သည်။ ထိုအချက်မှခရစ်ယာန်ဘာသာကို အလေးအနက် ထားသူတိုင်းအတွက်ဖြစ်သင့်သည်။ ဤစိတ်ဓါတ်မြင့်မားစေမှုဖြင့်ကပစ်လိုက်ပါ။ ကျွန်ုပ်တို့အနေဖြင့်ကျမ်းစာများရှာဖွေမှုကိုယွှဆောင်ရွက်နိုင်မည်ဖြစ်သည်။

## ၃.၂ ဒေင်ဥယျာဉ်အတွင်းမှကတိစကား

ကမ္ဘာဦးကျမ်းအပိုင်း၃သည် လူ၏ကျဆုံးမှုသနားစဖွယ်ဝတ⬇ု ဇာတ်လမ်း နှင့် ဆက်နွယ်နေသည်။ မြွေနဂါးသည်ဘုရားသခင်၏နှုတ်ကပတ်တော်များ အား အမှားညွှန်းဆိုခြင်းနှင့် **Eve** အားထိုတရားတော်များကို မလိုက်နာစေရန် ကြိုးပမ်းမှုအတွက်ကျိန်စာတိုက်ခြင်း ခံရသည်။ ယောကျာ်းနှင့် မိန်းမတို့မှာ လည်း သူတို့၏ရိုသေကိုင်းရှိုင်းမှုမရှိခြင်းအတွက် အပြစ်ပေးခြင်းခံကြရသည်။ သို့ရာတွင် ဘုရားသခင်ကမြွေနဂါးအားကမ္ဘာဦးကျမ်းကိုဟောပြောလိုက်သောအခါ မဲမှောင်နေသောရုပ်ပုံကားချပ်အတွင်းမျှော်လင့်ချက်ရောင်ခြည်တန်းတစ်ခုရောက်လာခဲ့၏။

⁎⁎သင်နှင့်မိန်းမကိုလည်းကောင်း၊ သင်၏အမျိုး အနွယ်နှင့် မိန်းမ၏အမျိုးအနွယ်ကိုလည်းကောင်း၊ ငါသည်ရန်ငြိုးဖွဲ့စေ မည်။သူသည်သင်၏ဦးခေါင်းကိုကြိတ်လိမ့်မည်။ သင်သည် သူ၏ဖနောင့်ကိုကြိတ်လိမ့်မည်ဟုမိန့်တော်မူသည်။✡✡ (က ၃း၁၅)

ဤစာပိုဒ်သည်အလွန်စုစည်းမှုရှိပေသည်။ ကျွန်ုပ်တို့ကပါဝင်သော အရာအားလုံးကိုသတိရှိစွာသတ်မှတ်ရန်လိုအပ်သည်။ မျိုးစေ့တစ်ခုမှာ မျိုးနွယ်ဆက် သို့မဟုတ်ကလေးငယ်တစ်ဦးကိုဆိုလိုသည်။ သို့ရာတွင် မျိုးစေ့သည် သီးခြားမျိုးစေ့နှင့်ဆက်နွယ်သော လူများကိုလည်း ရည်ညွှန်း နိုင်သည်။ အာဗြဟံ၏မျိုးစေ့သည် ယေရှုဖြစ်ကြောင်း ကျွန်ုပ်တို့ နောက်ပိုင်းတွင် တွေ့ရလိမ့်မည်။(ဂလာ ၃း၁၆) သို့ရာတွင်ဗတ္တိဇံခံယူခြင်းဖြင့်အကယ်၍ ကျွန်ုပ်တို့ သည်ယေရှုနှင့်အတူရှိနေပါကကျွန်ုပ်တို့အားလုံးသည်လည်းမျိုးစေ့များဖြစ်သည်။ (ဂလာ ၃း၂၇၊ ၂၉)ဤစကားလုံးမျိုးစေ့သည် သူ၏စိတ်ကူးကိုလည်း ရည်ညွှန်းသည်။(၁ပေ ၁း၂၃)သို့ဖြစ်ရာမှန်ကန်သောမျိုးစေ့ တစ်ခုသည်ဖခင်၏ ခလေ့စရိုက်များရှိပေလိမ့်မည်။

မြွေနဂါး၏မျိုးစေ့သည် မြွေနဂါး၏မိသားစုမှတူညီမှုရှိသော အရာကို ရည်ညွှန်းရမည်။

ဘုရားသခင်၏နှုတ်ကပတ်တော်ကိုကမောက်ကမပြုမူ

လဲလျှောင်းခြင်း

အခြားသူများအားဒုက္ခအတွင်းသို့ဦးဆောင်ခြင်း

လေ့လာမှု၆တွင်ကျွန်ုပ်တို့တွေ့ရမည်မှာ ဤအရာကိုပြုလုပ်နေသော စာတတ်ပုဂ္ဂိုလ်တစ်ယောက်ရှိမည်မဟုတ်၊ သို့ရာတွင် ကျွန်ုပ်တို့၏အတွင်း၌

- ငါတို့၏လူဟောင်းသည်ထိုသခင်နှင့်အတူလက်ဝါးကပ်တိုင်မှာ အသေသတ်ခြင်းကိုခံရပြီ (ရော ၆း၆)
- ဇာတိပကတိလူ (၁ကော ၂း၁၄)
- လှည့်ဖြားတတ်သောလောဘစိတ်တို့ဖြင့်ပုပ်ပျက်သောလူဟောင်းကို ချွတ်ပယ်၍ (ဧ ၄း၂၂)
- သူ၏လုပ်ဆောင်ချက်များနှင့်လူဟောင်း (ကော ၃း၉)

မိန်းမ၏မျိုးစေ့မှာသီးခြားတစ်ဦးဖြစ်ရမည်။ မြွေနဂါး၏မျိုးစေ့သည်သူ၏ ဖနောင့်ကိုကြိတ်လိမ့်မည်။(က ၃း၁၅)ဤလူက မြွေနဂါး၏မျိုးစေ့ကို အမြဲကြိတ်ရလိမ့်မည်။ ဥပမာ(ဒုက္ခ)သင်၏ခေါင်းကိုကြိတ်လိမ့်မည်။ မြွေနဂါးဦးခေါင်းကိုထိမှန်ခြင်းမှာ ဦးနှောက်သည် ခေါင်းထဲတွင်ရှိသည်ဟုသော အသိဖြင့်သေစေလိမ့်မည်။ အသက်၏မျိုးစေ့အတွက်ကိုလည်းပြောပြနိုင်သူမှာ သခင်ယေရှုဖြစ်ရမည်။

**အပြစ်တရား၏စကားသေခြင်းပေတည်း(ရော ၆း၂၃) ထိုသခင်သည် သေခြင်းအကြောင်းကိုပယ်ရှား၍အသက်ရှင်ခြင်း အကြောင်းနှင့်မဖောက်ပြန်ခြင်းအကြောင်းကို ဧဝံဂေလိတရားကဖြင့် ထင်ရှားစေတော်မူပြီ။✡✡ (၂တိ ၁း၁၀)

**အပြစ်နှင့်ပြည့်စုံသောဇာတိပကတိသဏ္ဍာန်ကိုဆောင်သော
မိမိသားတော်ကိုစေလွှတ်တော်မူ၍အပြစ်ဖြေဘို့ရာ ဇာတိပကတိ၌ အပြစ်ကိုဒဏ်ပေးတော်မူ၏။✡✡ (ရော ၈း၃)
**ကိုယ်တော်သည်ငါတို့၏ အပြစ်များဦးဆောင်သွားခြင်းငှာ
ထင်ရှားပေါ်ထွန်းတော်မူသည်ကို သင်တို့သိကြ၏။✡✡
(၁ယော ၃း၅)
**သားယောကျ်ားကိုဖွားမြင်လိမ့်မည်။ ထိုသားသည် မိမိလူတို့ကို အပြစ်မှကယ်တင်မည့်သူဖြစ်သောကြောင့် ယေရှုအမည် မှည့်ရမည်။✡✡ (မ ၁း၂၁)

ဘုရားသခင်သည်သူ၏ဖခင်ဖြစ်သော်လည်း ယေရှုသည်မာရီ၏ သားအဖြစ်မွေးဖွားလာရမည်ဟု စာပေကဆိုသည်။ (ဂလာ ၄း၄) သို့ဖြစ်ရာဤ အဆိုအရအခြားလူများ မလုပ်နိုင်သော နည်းလမ်းတစ်ခုဖြင့် ဘုရားရှင်အား

ဖြည့်ဆည်းမှုပြုလုပ်သော်လည်း သူသည်အမျိုးသမီး၏မျိုးစေ့ဖြစ်ခဲ့သည်။ ယင်းအမျိုး သမီး၏မျိုးစေ့မှာယာယီအားဖြင့် မြွေနဂါး၏ မျိုးစေ့အပြစ်အားဖြင့် ဒဏ်ခံရသည်။ သူ၏ဖနောင့်ကိုကြိတ်လိမ့်မည်။(က ၃း၁၅)ဖနောင့်တွင် မြွေနဂါးကိုက်ခံရခြင်းမှာ ဦးခေါင်းကို မြွေနဂါးကအမြဲကိုက်ခြင်းနှင့်နှိုင်းယှဉ်လျှင် သာမန်အားဖြင့် ယာယီအနာတစ်ခုမျှသာဖြစ်သည်။ ဟောပြောချက်များစွာတွင် သမ္မာကျမ်းစာအပြစ်များရှိသည်။

ခေါင်းကိုကြိတ်လိုက်ပါ။(**i.e** လုံးဝရပ်ပါသို့မဟုတ်တစ်ခုခုကို အဆုံးသတ်လိုက်ပါ)မှာခေါင်းကိုမြွေကိုက်ခြင်းဟူသော ယေရှု၏ဟောပြောချက် အပေါ် တွင် အခြေခံနိုင်သည်။

ဒုက္ခအပြစ်ဒဏ်ခံရခြင်းတည်းဟူသောမြွေနဂါး၏ မျိုးစေ့မှာ အဓိကအားဖြင့် ခရစ်တော်လက်ဝါးကပ်တိုင်ပေါ် တွင်စတေးခံ ခြင်းမှတဆင့် ဖြစ်ပေသည်။ ခရစ်တော်၏ဒုက္ခအပေါ် အောင်မြင်ခြင်းနှင့်ပတ်သက်သော စာပိုဒ်ကို အတိတ်ကာလဖြင့်ရေးထားသည်ကို ဂရုပြုပါ။ ယေရှု၏ ခြေဖနောင့် တွင်ယာယီခံစားရသော ဒဏ်ရာမှာသူ၏ သုံးရက်ကြာအတွက် သေခြင်းကို ရည်ညွှန်းချက်တစ်ခု ဖြစ်ပေသည်။ သူ၏ပြန်လည်ရှင်သန် ထမြောက်ခြင်းမှာဤ အချက်သည်ဘုရားသခင်ကပေးသော အပြစ် သေခြင်း ထိုးနှက်မှုနှင့် နှိုင်းစာလျှင် ယာယီသာဖြစ်ကြောင်း သက်သေပြလျက်ရှိသည်။ သမ္မာကျမ်းစာမဟုတ်သော သမိုင်းမှတ်တမ်းများကခြေဖနောင့်ကို သစ်သားတွင်သံရိုက်ကာလက်ဝါး ကပ်တိုင်တင်၍အပြစ်ပေးမှုကိုညွှန်ပြမှုမှာစိတ်ဝင်စားဖွယ်ဖြစ်ပေသည်။ သို့ဖြင့် ယေရှုသည်ခြေဖနောင့် ဒဏ်ရာဖြင့်သေဆုံးခဲ့ရသည်။ (ဟေရှာ ၅၃း၄၅) ကခရစ်တော်သည်လက်ဝါးကပ်တိုင်ပေါ် တွင်သေစေရန်ဘုရားသခင်အားဖြင့် ကြိတ်ခြင်းခံရခြင်းကိုဖော်ပြထားသည်။ ယင်းမှာခရစ်တော်သည်မြွေ၏ မျိုးစေ့အားဖြင့်ကြိတ်ခြင်းခံရလိမ့်မည်ဟူသော(က ၃း၁၅)၏ ဟောပြောချက်ကို ပြောင်းစွာပြောင်းပြန်ရည်ညွှန်းထားခြင်းဖြစ်ပေသည်။ မည်သို့ပင်ဖြစ်စေ ခရစ်တော်ရင်ဆိုင်ခဲ့ရသောမကောင်းဆိုးဝါး ကိုဘုရားသခင်က အပြီး တိုင်ဆောင်ရွက်ပေးလိုက်သည်။ ဤနေရာတွင် ကြိတ်ခြင်းကို ဆောင်ရွက်ခြင်း အဖြစ်ဘုရားသခင်ကို ဖော်ပြထားသည်။ (ဟေရှာ ၅၃း၁၀)ယင်းမှာ ဘုရားသခင်၏ သားတော်ကိုကြိတ်သောမကောင်းဆိုးဝါး၏ အားများကို ထိမ်းချုပ်ခြင်းအားဖြင့်ဖြစ်သည်။ ထို့ကြောင့်ဘုရားသခင်သည်သူ၏ ကလေး တစ်ဦးချင်း၏မကောင်းဆိုးဝါးတွေ့ကြုံမှုများမှတဆင့်လုပ်ဆောင်ပေးသည်။

## ယနေ့ခေတ် သဘောထားကွဲလွဲမှု

အကယ်၍ယေရှုသည်ဒုက္ခနှင့်သေခြင်းတရား၏ ဖျက်ဆီးခြင်းခံလျှင် အဘယ်ကြောင့် ထိုအရာများသည်ယနေ့တိုင်အောင် ဆက်၍ရှိနေရပါသလဲ။ မေးခွန်းသည်သင်၏စိတ်ထဲသို့ဝင်ရောက်လာနိုင်ပေသည်။ အဖြေမှာ လက်ဝါးကပ်တိုင်ပေါ် တွင်ယေရှုသည် ဒုက္ခတန်ခိုးကိုသူကိုယ်တိုင် ဖျက်ဆီး ပစ်လိုက်ခြင်းဖြစ်သည်ဟူသောဖြေဖြစ်သည်။(က၃း၁၅) ဟောပြောချက်သည် အဓိကအားဖြင့် ယေရှုနှင့် ဒုက္ခအကြားသဘောထားကွဲလွဲမှုဖြစ်သည်။ ယျှအခါတွင်ဘုရားသခင်ကကျွန်ုပ်တို့အားသူ၏အောင်မြင်မှုတွင်မျှဝေခံစားရန် ဖိတ်ခေါ် ခြင်းကြောင့်ကျွန်ုပ်တို့အနေဖြင့် ရန်ဖန်ရန်ခါဆိုသလိုပင် ဒုက္ခနှင့် သေခြင်းကိုလည်းအောင်နိုင်ပေမည်ဟုဆိုလိုသည်။ ဘုရားသခင်၏ အောင်မြင်မှု ကိုမျှဝေခံစားရန်ဖိတ်ခေါ် ခြင်းမခံရသူများ သို့မဟုတ် ပေးသော်လည်း မယူတတ် သူများသည်ဒုက္ခနှင့် သေခြင်းတရားကိုခံစားကြရမည်။ ဒုက္ခနှင့် သေခြင်း တရားကိုမှန်ကန်သောယုံကြည်သူများသည်ခရစ်တော်ထံတွင်ဗတ္တိဇံ ခံယူခြင်း အားဖြင့်အမျိုးသမီး၏ မျိုးစေ့နှင့်ဆက်စပ်မှုရှိသော်လည်း ခံစားကြ ရမည် ဖြစ်သည်။ (ဂလာ ၃း၂၇-၂၉)သူတို့အနေဖြင့်သူတို့၏ ဒုက္ခများကို ခွင့်လွှတ်နိုင် ကြကာရန်ဖန်ရန်ခါတွင် ဒုက္ခရလဒ်ဖြစ်သော သေခြင်းမှ ကယ်တင်ခြင်း ခံကြရသည်။ သို့ဖြစ်ရာယေရှုသည် သေခြင်းအကြောင်းကိုဖယ်ရှား၍ အသက်ရှင်ခြင်းအကြောင်းနှင့် မဖောက်ပြန်ခြင်းအကြောင်းကို ခဓ်ဂေလိ တရားအားဖြင့်ထင်ရှား စေတော်မူပြီ(၂တိ ၁း၁၀)။ ကမ္ဘာပေါ် တွင်သေခြင်းကို ဘယ်သောအခါမျှတဖန်မြင်တွေ့ရမည်မဟုတ်သောအခါလူများသည်သေခြင်း တရားမှအမှန်တကယ်ရပ်ဆိုင်းသွားမည်။ ထောင်စုနှစ်အဆုံးတွင် ဘုရားသခင် နှင့်ပတ်သက်သောကမ္ဘာကြီးသည်လည်းပြီးဆုံးသွား သည့်တိုင်အောင် ထိုအချက် မှာ ဖြစ်ပေါ်မည်မဟုတ်။ ခရစ်တော်သည် ရန်သူအပေါင်းတို့ကို ခြေဖဝါးတော် အောက်၌ ချထားတော်မမူမီ တိုင်အောင်အုပ်စိုးတော်မူရမည်။ နောက်ဆုံးသော ရန်သူတည်းဟူသောသေမင်းသည်ဆုံးရှုံးခြင်းသို့ရောက်ရလတ္တံ့။ (၁ကော ၁၅း၂၅၊၂၆)

အကယ်၍ကျွန်ုပ်တို့အနေဖြင့်ခရစ်တော်သို့ဗတ္တိဇံခံပြီးယေရှုအား ကတိစကားကို(က ၃း၁၅)ကဲ့သို့ပြုပါကကျွန်ုပ်တို့ကိုယ်တိုင် လူသားဆန်လာ မည်ဖြစ်သည်။ သူတို့အနေဖြင့်သမ္မာကျမ်းစာ ၏ အပိုင်းများကို စိတ်ပါဝင်စား ရုံမျှဖြင့်ဟောပြောချက်များနှင့်ကတိစကား များသည်ကျွန်ုပ်တို့ဆီသို့တိုက်ရိုက် ဆောင်ရွက်မှုဖြစ်လာသည်။ အမျိုးသမီး၏မျိုးစေ့အဖြစ် ကျွန်ုပ်တို့လည်း ကျွန်ုပ်တို့အပေါ်တွင် ကျရောက်လာမည်။ ရေတိုအောင်မြင်မှုအတွေ့အကြုံကို ရရှိလိမ့်မည်ဖြစ်သည်။ အကယ်၍ဘုရားသခင်သည်ကျွန်ုပ်တို့၏ဘဝ အချိန် အတွင်းပြန်မလာခဲ့ပါကကျွန်ုပ်တို့သည်လည်း ယေရှုကဲ့သို့ပင်ခြေ ဖနောင့် အကြိတ်ခံရလိမ့်ကာကျွန်ုပ်တို့လည်း သေကြရလိမ့်မည်။ သို့ရာတွင်အကယ်၍ ကျွန်ုပ်တို့သည်အမျိုးသမီး၏ မျိုးစေ့မှန်ဖြစ်ပါက အနာမှာ ယာယီမျှသာ ဖြစ်လိမ့်မည်။ ရေထဲတွင်နှစ်ခြင်းအားဖြင့် ခရစ်တော်သို့ စနစ်တကျ ဗတ္တိဇံပြုသော သူများအနေဖြင့်ရေထဲတွင်ပေါ်လာခြင်းအားဖြင့် ကိုယ်စားပြုလျက်သူတို့၏ သေခြင်းတွင် ပြန်လည်ရှင်သန်ထမြောက်ခြင်းမှာ ဆက်စပ်မှုရှိနိုင်ပေသည်။

(ရော ၆း၃-၅)ကိုကြည့်ပါ။

အကယ်၍ကျွန်ုပ်တို့သည်အမျိုးသမီးစစ်မှန်သောမျိုးစေ့ဖြစ်ပါက ကျွန်ုပ်တို့၏ဘဝများသည်(က ၃း၁၅)၏နှုတ်ကပတ်တော် များကို ရောင်ပြန်ဟပ်စေလိမ့်မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့အတွင်းတွင်အမှန်နှင့် အမှား အကြားဝိရောဓိများအစဉ်အမြဲပေါ်ပေါက်နေ လိမ့်မည်ဖြစ်သည်။ တမန်တော်ပြီး ပေါလက သူ၏ခန္ဓာကိုယ်အတွင်းဒေါသူပုန်ထနေသောသူ၏ တကယ့် အတ္တစိတ် နှင့် ဒုက္ခအကြား စိတ်ပိုင်းဆိုင်ရာဝိရောဓိဖြစ်မှုတစ်ခုကိုဖော်ပြထားသည်။

(ရော ၇း၁၄-၂၅)

ခရစ်တော်ထံတွင်ဗတ္တိဇံခံယူပြီးနောက်ကျွန်ုပ်တို့၏အတွင်းသဘာဝ အလျောက် တည်ရှိနေသောဒုက္ခနှင့်ဝိရောဓိမှာပို၍ မြင့်မားလာကာကျွန်ုပ်တို့၏ နေ့များအားလုံးတွင် ဆက်၍ပေါ်ပေါက်နေမည်ဖြစ်သည်။ ဒုက္ခ၏စွမ်းအားမှာ သန်မာသည့်အတွက် ယင်းမှာခဲယဉ်းလှပေသည်။ သို့ရာတွင် နောက်တနည်း အားဖြင့် ဝိရောဓိက အပြီး တိုက်ခိုက်အောင်မြင်ပြီးဖြစ်သော ခရစ်တော်အတွင်းရှိ နေပြီးဖြစ်သောလူများအပြစ်မြင်ကြည့်ပါက ဒုက္ခမှအင်အားမကောင်းတော့ပေ။ (ဧ ၅း၂၃-၃၂)တွင်ဖော်ပြထားသောမိန်းမတစ်ဦး အဖြစ်မည်ကဲ့သို့ ဖော်ပြသည်ကို မှတ်သားပါ။အမျိုးသမီး၏မျိုးစေ့အဖြစ်ဖော်ပြပါက ကျွန်ုပ်တို့သည်လည်း အမျိုးသမီးဖြစ်သည်။ အလားတူပင်မိန်းမ၏မျိုးစေ့သည် ခရစ်တော်နှင့်သူ၏ စရိုက်ရှိ၍ကြီးပမ်းအားထုတ်သူများနှစ်မျိုးစလုံးကိုကိုယ်စားပြုလိမ့်မည်ဖြစ်သည်။ ထို့ကြောင့်မြွေနဂါး၏ မျိုးစေ့မှာဒုက္ခ(သမ္မာကျမ်းစာအရမကောင်းဆိုးဝါး)နှင့် ဒုက္ခ တွင်မြွေနဂါး၏ စရိုက်ကိုလွတ်လပ်စွာပြသော သူများနှစ်မျိုးစလုံးကိုပြောကြား လိမ့်မည်။ ထိုကဲ့သို့လူများကအာဒံနှင့်ဧဝသို့ဖြစ်ပေါ်စေခဲ့သောဒုက္ခနှင့် ဘုရားရှင် ထံမှလွဲပြောင်းရသော အရာများ၏မှတ်စရာအဖြစ် သူတို့ကို ရန်ဖန်ရန်ခါ ဦးဆောင်မည့်ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အလေး မထားမှုနှင့် အဓိပ္ပါယ် ဖွင့်ဆိုချက်မှားယွင်းမှုဖြစ်လိမ့်မည်။ဂျူးလူမျိုးများသည်ယေရှုကိုသေတွင်းသို့အမှန် ပို့သူများအဖြစ်ရှုမြင်လျက်ဖနောင့်တွင်မိန်းမ၏မျိုးစေ့ကိုကြိတ်လေသည်။ထိုအချက်မှာမြွေနဂါး၏မျိုးစေ့၏အဓိကနမူနာများအ ဖြစ်မျှော်မှန်းရပေသည်။ ယင်းကိုဗတ္တိဇံခံထားသော ရှင်ယေမန်နှင့် ယေရှုအားဖြင့်ခိုင်မာပြုလုပ်နိုင်သည်။

သူ(ရှင်ယောမန်) သည် (ယေရှုကိုပြစ်တင်ရှုံ့ချကြသောအုပ်စု) **Pharisees** နှင့်**Sadducees**၏လူများဗတ္တိဇံခံယူရန်လာ ကြသည်ကိုမြင်လျှင် အရှင် မြွေဆိုးအမျိုးမျိုးတို့ ရောက်လုသောဘေးဒဏ်မှပြေးသွားစိမ့်သောငှာ အဘယ် သူသည် သင်တို့ကို သတိပေးဘိသနည်း။(မ ၃း၇)

ယေရှုသည်(ဖရိရှဲ)သူတို့၏အတွေးများကိုသိ၍ပြောသည်မှာအရှင် မြွေဆိုးအမျိုးမျိုးတို့သင်တို့သည်အဆိုးဖြစ်လျက် ကောင်းသောစကားကို အဘယ်သို့ပြောနိုင်မည်နည်း။ စိတ်နှလုံးအပြည့်ရှိသည့်အတိုင်း နှုတ်မြွက် တတ်၏။(မ ၁၂း၂၅၊၃၄)

ကမ္ဘာဦးဘာသာရေးနှင့်ဆိုင်သောကမ္ဘာကြီးတွင်မောရှေထိုကဲ့သို့ အလားတူ မြွေဆိုးစရိုက်လက္ခဏာများရှိပေသည်။ ခရစ်တော်သို့ဗတ္တိဇံခံပြီးသူများက မိန်းမမျိုးစေ့နှင့်ဆက်နွယ်လျက်ရှိကြသည်။ အခြားသူများမှာ မူမြွေ၏ မျိုးစေ့သို့များစွာသောပြောင်းလဲသည့် အဆင့်အမျိုးမျိုးရှိကြသည်။ ယေရှုက မြွေဆိုးများ၏ မျိုးစေ့ကိုကျွန်ုပ်တို့၏နမူနာများဖြစ်ကြသောလူများ အဖြစ် မည်ကဲ့သို့ပြုမူပါမည်လဲ-

-သူကသူတို့အား ချစ်မေတ္တာစိတ်နှင့် မှန်ကန်သောပတ်သက်မှုဖြင့်

ဟောကြားသည်သို့တိုင်

-သူကသူတို့၏ဇာတ်လမ်းများအတိုင်းခွင့်မပြု၊ ဘုရားသခင်ကို သြဇာလွှမ်းမိုးရန်တွေးတောလျက်နှင့်

-ဘုရားသခင်နေသောလမ်းကြောင်းအားဖြင့်ဘုရားသခင်၏ ချစ်စဖွယ်စရိုက်ကိုသူကသူတို့အားပြသခဲ့သည်။

သို့တိုင်ဤအရာအားလုံးအတွက်သူတို့ကဘုရားသခင်ကို မုန်းတီးခဲ့သည်။ ဘုရားသခင်သို့လေးစားရန်သူ၏ကိုယ်ပိုင်ကြိုးပမ်းမှုကသူတို့အား မနာလိုမှု ဖြစ်စေသည်။ ဘုရားသခင်၏မိသားစုမောရှေ (ဟော ၇း၅၊ မ ၃း၂၁)နှင့် အနီးစပ်ဆုံးမိတ်ဆွေများ (ယော ၆း၆၆)သည် အတားအဆီးများဖြစ်လာပြီး အချို့တို့မှာ သူထံမှထွက်ပြေးသွားကြသည်။ ပေါလသည်လည်းသူနှင့်အတူ အေးအတူပူအမျှရပ်တည်ခဲ့သူများသည်လည်း ဝမ်းနည်းကြေကွဲမှုဖြစ်သောအခါ အလားတူဖြစ်ရပ်မျိုးခံစားခဲ့ရသည်။

**ကျွန်ုပ်သည်အမှန်တရားကိုသင့်အာပြောကြားသောကြောင့် သင်တို့၏ ရန်သူဖြစ်သလော။☆☆(ဂလာ ၄း၁၄-၁၆)

အမှန်တရားသည်ဘယ်တော့မှမထင်ရှား၊ အမှန်တရားကိုသိခြင်းနှင့် အမှန်တရားနှင့်နေထိုင်ခြင်းဖြင့်ကျွန်ုပ်တို့အတွက် ပြသသော ပုံစံအချို့ အမြဲပေါ် ပေါက်စေကာ နှိပ်ကွက်မှုများပင်ပေါ် ပေါက်စေသည်။

**ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့်ဖြစ်ပွားသောကြောင့် ညီအစ်ကိုများကိုချစ်ယောင်မဆောင်၊ အမှန်အားဖြင့် အလို့ငှာ စိတ်ထဲတွင်သမ္မာတရားကိုနားထောင်လျက် ကိုယ်စိတ်နှလုံးကို စင်ကြယ်စေပြီးသည်နှင့်အညီစင်ကြယ်သော စိတ်နှင့် အချင်းချင်း အား ကြီးသောချစ်ခြင်းမေတ္တာရှိကြလော့။ (၁ပေ ၁း၂၃) ထိုအခါ ဇာတိပကတိအားဖြင့်သွားသော သားကိုညှင်းဆဲသကဲ့သို့ ထိုနည်းတူယခုပင်ဖြစ်၏။☆☆ (ဂလာ ၄း၂၉)

အကယ်၍ကျွန်ုပ်တို့သည်ခရစ်တော်နှင့်အမှန်တကယ် ပူးပေါင်းစုစည်းမှုရှိပါကသူ၏အချို့သောခံစားမှုများကိုခံစားကြရမည်၊ သို့မှသာ ကျွန်ုပ်တို့ အနေဖြင့် သူ၏ ထွန်းတောက်သောဆုလာဘ်ကိုမျှဝေရရှိနိုင်မည်ဖြစ်သည်။ တဖန်ပေါလကနှိုင်းယှဉ်မှုမရှိသော ဥပမာတစ်ခုကို ကျွန်ုပ်တို့ကဤသို့ပြော ကြသည်။

**သစ္စာတရားဟူမူကားထိုသခင်နှင့်အတူသေလျှင် အတူ ရှိလိမ့် မည်။ သည်းခံလျှင်ထိုသခင်နှင့်အတူစိုးစံလိမ့်မည်။ထို သခင် ကိုငါတို့သည်ငြင်းပယ်လျှင်ငါတို့ကိုငြင်းပယ်တော်မူလိမ့်မည်။☆☆ (၂တိ ၁၀း၁၂)

**အကယ်၍သူတို့သည်ငါ့ကိုညှင်းဆဲလျှင်သင်တို့ကို ညှင်းဆဲကြ လိမ့်မည်။ ငါ့စကားကိုနားထောင်လျှင်သင်တို့၏ စကားကို နားထောင်ကြ လိမ့်မည်။☆☆ (ယော ၁၅း၂၀၊၂၁)

**အဘယ်ကြောင့်ဆိုသော်ကျွန်ုပ်တို့သည်ခရစ်တော် ၏ အမည်နာမ၌ ဗတ္တိဇံကိုခံကြ၍ဖြစ်သည်။☆☆ (တ ၂း၃၈၊ ၈း၁၆)

ထိုကဲ့သို့စာပိုဒ်များနှင့်ရင်ဆိုင်လျက်အကျိုးအကြောင်းပြရန် ကြိုးပမ်း အားထုတ်ကြသည်။ အကယ်၍ထိုအရာမှာ မိန်းမ၏ မျိုးစေ့ဖြစ်သောယေရှုနှင့် ပေါင်းစည်းနေသောအရာအားလုံးဖြစ်သည်။ ကျွန်ုပ်တွင်ထိုပေါင်းစည်းမှုမရှိ သို့ရာတွင်ကျွန်ုပ်တို့ကထို လက်လမ်းမမီနိုင်သော မည်သည့်အရာကိုမျှ ကျွန်ုပ်တို့က မည်သည့်အခါမှမျှော်မှန်းလိမ့်မည်မဟုတ်။ ကျွန်ုပ်တို့ကိုယ်တိုင် ခရစ်တော်နှင့် ပေါင်းစည်းရန် ကိုယ်တိုင် အနစ်နာခံမှု အမှန်တကယ် လိုအပ်ပေသည်။ ကျွန်ုပ်တို့၏ သူနှင့်စုစည်းပေါင်းစပ်မှုမှာ တောက်ပသော ဆုလာဘ် တစ်ခုကဲ့သို့ပေါ် ပေါက်လာလိမ့်မည်။ လက်ရှိအချိန်တွင်ခံစားရမှုများမှာ ကျွန်ုပ်တို့အတွင်းတွင်ဖော်ထုတ်မည့်တောက်ပမှုနှင့်မနှိုင်းယှဉ် အပ်ပေ။ ယှခုအချိန်တွင်သော်မှအထူးသဖြင့်ဘုရားသခင်နှင့်အတူတန်ခိုးရှိစေမည့်ဘဝ၏ စိတ်လှုပ်ရှားမှုများမှတဆင့်သူ၏အနစ်နာခံဆောင်ရွက်မှုမှာ ကျွန်ုပ်တို့၏ ဆုတောင်းသူများကိုတစ်စွမ်းနိုင်စေမည်ဖြစ်သည်။ ဤအချက်ကို အောက်ဖော်ပြပါထွန်းတောက်သော သေချာစေမှုကိုပေါင်းထည့်ပြီး ခရစ်ယာန် ကျမ်းစာများကို အလေးအနက်လေ့လာပါ။

**ဘုရားသခင်သည်သစ္စာနှင့်ပြည့်စုံတော်မူသည်ဖြစ်၍ သင်တို့ မခံနိုင်သောစုံစမ်းနှောက်ယှက်ခြင်းကိုသင်တို့၌ ရောက်စိမ့်သောငှာ အခွင့်ပေးတော်မမူ၊ သင်တို့သည်ခံနိုင်မည်အကြောင်း စုံစမ်းနှောက်ယှက်ခြင်းအရာနှင့်တကွ ထွက်မြောက်သောလမ်း ကိုလည်း စီရင်ပြုပြင်တော်မူလိမ့်မည်။☆☆ (၁ကော ၁၀း၁၃)

**သင်တို့သည်ငါ့ကိုအမှီပြုလျက်ငြိမ်သက်မှုရှိစေခြင်းငှာ ငါဤ စကားကိုဟောပြောပြီ၊ သင်တို့သည်လောကၶ ဆင်းရဲဒုက္ခကို ခံကြရလိမ့်မည်။ သို့သော်လည်းမစိုးရိမ်ကြနှင့်၊ ငါသည် လောက ကို အောင်နိုင်ပြီ။✡✡ (ယော ၁၆း၃၃)

**ဤအရာများတို့၌ အဘယ်သို့ပြောစရာရှိသနည်း။ ဘုရားသခင်သည်ငါတို့ဘက်၌ ရှိတော်မူလျှင်အဘယ်သူသည် ငါတို့တဖက်၌ ရှိနိုင်မည်နည်း။✡✡ (ရော ၈း၃၁)

## ၃.၃ နောသေို့ကတိစကား

အာဒံနှင့်ဧဝ၏အချိန်နောက်ပိုင်းလူသားသမိုင်းတိုးတက်မှုရှိလာသည် နှင့် အမျှလူသည်တိုး၍ကောက်ကျစ်စဉ်းလဲလာခဲ့သည်။ လူ့ယဉ်ကျေးမှုသည် စိတ်ပိုင်း ဆိုင်ရာ အရချို့ယွင်းချက်ဖြစ်သောအခါ ဘုရားသခင်သည် ထိုစနစ်ကို ဖျက်ဆီးရန် ဆုံးဖြတ်ခဲ့သည်။ ယင်းတွင်နောနှင့်သူ၏မိသားစုမပါဝင်ပေ။ (က ၆း၅-၈)ကမ္ဘာကြီးသည်ရေလွှမ်းမိုးခြင်းအားဖြင့် ပျက်ဆီးသွာသောအခါသူက သူနှင့်တိရစ္ဆာန်အားလုံး၏ကိုယ်စားလှယ်များနေနိုင်ရန်လှေကြီးတစင်းပြုလုပ်သည်။ ဖြတ်သန်းသွားရာတွင်ကျမ်းစာ၏ရှင်းလင်းစွာ ဖော်ပြမှုများမှတပါး ဤကြီးမား သော ရေလွှမ်းမိုးမှုသည်စာပေအရ ပေါ်ပေါက်သည်ဟု ယုံကြည်ရန် ထိရောက် သောသိပ္ပံဆိုင်ရာ အကြောင်းအချက်ရှိပေသည်။ ကမ္ဘာကြီး ပျက်စီးမှုမရှိပေ။ မြေကြီးပေါ်မှာ လှုပ်ရှားတတ်သော တိရစ္ဆာန်မျိုးတည်းဟူသော ငှက်၊ သားယဉ်၊ သားရဲ၊ မြေပေါ်မှာသွားတတ်သောတိရစ္ဆာန်အပေါင်းတို့နှင့် လူအပေါင်းတို့ သေကြကုန်၏။(က ၇း၂၁)ယေရှု(မ ၂၄း၃၇)နှင့်ပီတာ (၂ ပက် ၃း၆-၁၂)နှစ် ဦးစလုံး ကနောဧ၏ ကမ္ဘာရန်မှဆုံးဖြတ်ချက်ကိုခရစ်တော်၏ ဒုတိယအကြိမ် လာရောက်မှုနှင့်တူညီမှုများမှာ ရှိနေသည်ကိုမြင်တွေ့ရသည်။ သို့ဖြစ်ရာ နောဧ၏ အချိန်အတွင်းလူ၏ ကောက်ကျစ်စဉ်းလဲမှုကိုခရစ်တော်ပြန်လာချိန်တွင် အပြစ်ဒဏ်ခံ ရမည့်ကျွန်ုပ်တို့၏လက်ရှိကမ္ဘာနှင့်နှိုင်းယှဉ်ကြည့်ပါမည်။

လူ၏စုစုပေါင်းဒုက္ခဖြစ်မှုနှင့်ဤဂြိုလ်၏ ယင်းကိုယ်တိုင်ဖျက်ဆီးမှု အစီအစဉ်ကြောင့် ကမ္ဘာကြီးပျက်စီးမည့်အချက်နှင့် ပတ်သက်၍ ခရစ်ယာန် ဘာသာဝင်များအကြားယုံကြည်မှုမြင့်မားလျက်ရှိသည်။ ဤခါတ်ကူးသော ခရစ်ယာန်ကျမ်းစာ၏အခြေခံ သတင်းကိုနှစ်သက်မှုလုံးဝမရှိမှုကို ရှင်းလင်းစွာ ညွှန်ပြလေသည်။ ယင်းတွင်ဘုရားသခင်သည် ဤဂြိုလ်၏ ကိစ္စရပ်များနှင့်ထိထိ ရောက်ရောက်ပတ်သက်မှုရှိပြီး၊ မကြာမီအချိန်တွင် ယေရှုခရစ်သည် ဘုရားသခင်၏နိုင်ငံတော်ကိုတည်ဆောက်ရန်ကမ္ဘာပေါ်သို့ပြန်လာလိမ့် မည်ဖြစ်သည်။ အကယ်၍လူအားဤဂြိုလ်ကိုဖျက်ဆီးရန်ခွင့်ပြုပါက ထိုကတိစကားများကိုထိမ်းထားနိုင်မည်မဟုတ်ပေ။ ဘုရားသခင်၏ နိုင်ငံတော်သည်ကမ္ဘာပေါ်တွင်တွေ့ရှိလိမ့်မည်ဟူသောယုံကြည်မှုကိုလေ့လာမှု၄.၇ နှင့်လေ့လာမှု၅ တွင်တွေ့ရပါသည်။ ထိုသဘောအတွင်း ကမ္ဘာကြီးနှင့် နေစနစ်သည်ဖျက်ဆီးခံရလိမ့်မည်ဖြစ်ကြောင်း အောက်ပါတို့က သက်သေ ပြလိမ့်မည်ဖြစ်သည်။

**မြေကြီးကဲ့သို့အစဉ်မြဲစေတော်မူ၏။✡✡ (ဆာ ၇၈း၆၉)

**မြေကြီးသည်အစဉ်အမြဲတည်၏။✡✡ (ဒေ ၁း၄)

**နေ၊လတို့ထာဝရဘုရားကိုချီးမွမ်းကြလော့။ ထွန်းလင်းသော ကြယ်အပေါင်းတို့ချီးမွမ်းကြလော့။ ကောင်းကင် အထပ်ထပ်နှင့် ကောင်းကင်ပေါ်မှရေများတို့ချီးမွမ်းကြလော့၊ ထိုအရာတို့ကို အမိန့်တော်ရှိ၍ဖန်ဆင်းတော်မူသော ကြောင့်ထာဝရဘုရား၏ နာမတော်ကိုချီးမွမ်းကြစေ။ ထိုအရာတို့ကို ကာလအစဉ် အဆက် အမြဲတည်စေတော်မူ၍ မပျက်ရသော ဓမ္မတာကို စီရင်တော်မူ၏။✡✡ (ဆာ ၁၄၈း၃-၆)

**မြေကြီးကိုပြုပြင်ဖန်ဆင်း၍အမြဲတည်စေတော်မူသောအရှင်၊ အချည်းနှီးဖန်ဆင်းသည်မဟုတ်သတ္တဝါနေစရာဖန်ဆင်း တော်မူသည်။(ဟေရှာ ၄၅း၁၈)အကယ်၍ ဘုရားသခင်က ကမ္ဘာကြီးအား ပျက်စီးမှုပြင်ရန်အတွက်သာတည်ခဲ့ပါက သူ၏ အလုပ်မှာအချည်းနှီးဖြစ်သည်။✡✡

သို့ရာတွင်ကမ္ဘာဦးကျမ်းကိုပြန်လည်သုံးသပ်ကြည့်လျှင် ဘုရားသခင်က ဤအရာအားလုံးကိုနောသေို့ကတိပြုခဲ့ပြီးဖြစ်သည်။ ရေလွှမ်းမိုးမှုဖြင့် ဖန်ဆင်းထားသောကမ္ဘာသစ်အတွင်း သူကနောက်ထပ်နေထိုင်ရန်စတင်သည်နှင့် အမျှနောက်ထပ်ကြီးမားသော ပျက်စီးမှုဖြစ်မည်ကို နောဧကထိပ်လန့် နေမည်ဖြစ်

သည်။ ရေကြီးပြီးနောက် မိုးစတင်ရွာသောအခါ ယင်းအတွေးမှာ သူ၏စိတ်ထဲသို့ ဝင်လာရမည်ဖြစ်သည်။ ထို့ကြောင့်ဘုရားသခင်က၎င်းဖြစ်ရပ်မျိုးမည်သည့်အခါမျှ ဖြစ်လိမ့်မည်မဟုတ်ကြောင်းကတိများစွာပေးခဲ့သည်။

**သင်နှင့်ငါပြုသောပဋိညာဉ်ဟူမူကားရေလွှမ်းမိုးခြင်းအားဖြင့် ခပ်သိမ်းသော သတ္တဝါတို့သည်နောက်တဖန်မဆုံးကြရ။မြေကြီးကို ဖျက်ဆီးဘို့ရာ နောက်တဖန်ရေလွှမ်းမိုးခြင်းမရှိရ။** (က၉း၉-၁၂)၎င်းကတိဖြစ်စဉ်ကိုသက်တန့်အားဖြင့်ခိုင်မာစေ သည်။

**ငါ၏သက်တန့်ကိုမိုးတိမ်၌ ငါထား၏။ ထိုသက်တန့်သည် မြေကြီးနှင့်ငါပြုသောပဋိညာဉ်၏သက်သေဖြစ်လိမ့်မည်။

ငါသည်မိုးကိုအုံ့စေသောအခါမိုးတိမ်၌ သက်တန့်သည် ထင်ရှားလိမ့်မည်။ ထိုအခါငါတစ်ဘက်၊ သင်တို့မှစ၍ အသက်ရှင်သော သတ္တဝါတိရစ္ဆာန်ရှိသမျှတို့ တစဘက်၌ ရှိသောငါ၏ ပဋိညာဉ်ကိုငါအောက်မေ့သဖြင့်ခပ်သိမ်းသော သတ္တဝါတို့ကိုဖျက်ဆီးခြင်းငှာ နောက်တဖန် ရေလွှမ်းမိုးခြင်း မရှိစေရ။ မိုးတိမ်၌ သက်တန့်ရှိသည်ကိုငါကြည့်ရှုသဖြင့် ဘုရား သခင်နှင့် မြေကြီးပေါ်မှာအသက်ရှင်သောသတ္တဝါ တိရစ္ဆာန် အပေါင်းတို့စပ်ကြားမှာရှိသောထာဝရပဋိညာဉ်ကို ငါအောက် မေ့မည်။ ၎င်းသည်ကားငါနှင့်မြေကြီးပေါ်မှာရှိသော သတ္တဝါ အပေါင်းတို့၏စပ်ကြားမှာငါအမြဲရှိသော ပဋိညာဉ်၏ လက္ခဏာသက်သေဖြစ်သတည်း။** (က ၉း၁၃-၁၇)

ထိုအချက်မှာကမ္ဘာပေါ်တွင်ရှိသောဘုရားသခင်လူများနှင့် တိရစ္ဆာန်များ အကြားထာဝရငြင်းဆန်သောသဘောတူညီချက်ဖြစ်ခြင်းကြောင့်ကမ္ဘာကြီးတွင် အမြဲနေထိုင်သောလူနှင့်တိရစ္ဆာန်များရှိရမည်ဟုဆိုသည်။ ၎င်းအချက်ကိုယ်၌ ကကောင်းကင်ဘုံ ပြီးလျှင်ဘုရားသခင်၏နိုင်ငံတော်မှာကမ္ဘာပေါ်တွင်ရှိမည်ဟူသော အချက်၏သက်သေပြမှုပင်ဖြစ်သည်။

သို့ဖြစ်ရာနောဧသို့ကတိစကားမှာဘုရားသခင်နိုင်ငံတော်၏ ကောင်းချီး သတင်း၏အခြေခံတစ်ခုဖြစ်ပေသည်။ ထိုအချက်မှာ ဘုရားသခင်၏ အာရုံစူးစိုက်မှုက ၎င်းဂြိုလ်ပေါ်တွင် မည်ကဲ့သို့အာရုံစူးစိုက်သည် ဘုရားသခင်အနေဖြင့် ထိုအချက်နှင့်ပတ်သက်၍ ထာဝရရည်မှန်းချက် မည်ကဲ့ သို့ရှိသည်ကိုပြဆိုပေသည်။ ဘုရားသခင်သည် အမျက် ထွက်တော်မူသော်လည်း ဂရုဏာတရားကိုသတိရ သည်။ (ဟဗ ၃း၂)ဘုရားသခင်သည်သူ၏ တိရစ္ဆာန် များ ဖန်တီးမှုအတွက်သော်မှ သတိထားခြင်းမှာ သူ၏မေတ္တာတရားပင်ဖြစ်သော် (၁ ကော ၉း၉ cp ယောန ၄း၁၁)

## ၃.၄ အာဗြဟံသို့ကတိစကား

ယေရှုနှင့်တမန်တော်များအားဖြင့်သင်ကြားပေးသော ကောင်းချီး သတင်းမှာ အခြေခံအားဖြင့်အာဗြဟံနားလည်ထားသည် နှင့်ကွဲပြားမှုမရှိပေ။ ဘုရားသခင်သည်ကျမ်းစာမှတဆင့်ဧဝံဂေလိတရားကိုအာဗြဟံသို့ဟောနှင့်လေသည်။ (ဂလာ ၃း၈)ပီတာသည် သူတို့ကိုရည်ညွှန်း၍ကောင်းချီးသတင်းအား အများသိအောင်ထုတ်ဖော်ခြင်းကိုစက်မှုနှင့်အဆုံးသတ်မှုကိုဆောင်ရွက်ခဲ့သဖြင့် ထိုကတိစကားများသည်အလွန်အရေးကြီးပေသည်။(တ ၃း၁၃၊၂၅)အကယ်၍ ကျွန်ုပ်တို့အနေဖြင့်အာဗြဟံအားမည်သည့်အခြင်းအရာများသင်ကြားခဲ့သည်ကို နားလည်နိုင်ပါက ကျွန်ုပ်တို့တွင်အလွန်အခြေခံကျသော ခရစ်ယာန်ကျမ်းစာ ၏ ရုပ်ပုံလွှာတစ်ခုရရှိလိမ့်မည်ဖြစ်သည်။ ကောင်းချီးသတင်းကျမ်းစာမှာ ယေရှု အချိန်မှစခဲ့သည်မဟုတ်ဟုအခြားညွှန်ပြချက်များလည်းရှိသည်။

ကျွန်ုပ်တို့ကဂျူးလူမျိုးဖခင်များသို့ကတိစကားမည်သို့ပေးခဲ့သည်

ကိုကောင်းချီးသတင်းဖြင့်သင်တို့အားကြေညာခဲ့ပြီးဖြစ်သည်။ ဘုရားသခင်ကဖြည့်ဆည်းခဲ့ပြီးဖြစ်သည်။ (တ ၁၃း၃၂၊ ၃၃)

သူ၏ပရောဖက်များ(ဥပမာ အာဗြဟံ)အားဖြင့် ကတိစကား ပေးခဲ့သော ဘုရားသခင်၏ကောင်းချီးသတင်း(က ၂၀း၇)ကို သန့်ရှင်းသောကျမ်းစာများတွင်ဖော်ပြခဲ့သည်။ (ရော ၁း၁၊၂)

ထိုသတင်းကြောင့်လူတို့ရှေ့၌ အပြစ်စီရင်ခြင်းခံရသော်လည်း ဘုရားသခင်ရှေ့တော်၌ စိတ်ဝိညာဉ်အားဖြင့် အသက်ရှင် မည့်အကြောင်း သေသောသူတို့သည် ဧဝံဂေလိတရားကို ကြားကြရ၏။ (၁ပေ ၄း၆)

**i.e** ပထမရာစုအတွင်းနေထိုင်သေဆုံးခဲ့ကြသော ယုံကြည်သူများ

ကျွန်ုပ်တို့အား ကောင်းချီးသတင်းကိုဟောပြောသကဲ့သို့ သူတို့ကို လည်းဟောပြောခဲ့ပြီး (ဟေဗြဲ ၄း၂)
(သဲကန္တာရထဲမှအစ္စရေးများ)
အာဗြဟံသို့ပေးခဲ့သောကတိစကားများတွင် အခြေခံအချက် နှစ်ခုရှိသည်။
(၁) အာဗြဟံ၏မျိုးစေ့ (အကူးမျိုးနွယ်ဆက်)နှင့် ပတ်သက်သော အရာများနှင့်
(၂) အာဗြဟံသို့ကတိပေးထားသောကုန်းမြေနှင့် ပတ်သက်သော အရာများ

ထိုကတိစကားများကို ဓမ္မသစ်ကျမ်းစာသစ်တွင်ဖော်ပြထားသည်။ သမ္မာကျမ်းစာအားငှင်းကိုယ်တိုင်ရှင်းလင်းပြရန် ကျွန်ုပ်တို့၏ မူဝါဒကို ကျင့်သုံးလျှင် အာဗြဟံနှင့်ချုပ်ဆိုထားသော သဘောတူညီချက်၏ ပြည့်စုံသောရုပ်ပုံလွှာကိုကျွန်ုပ်တို့အား ပေးသည်။ ကျွန်ုပ်တို့က ဓမ္မသစ်ကျမ်း နှစ်မျိုးစလုံးပူးပေါင်းသင်ကြားရလိမ့်မည်။

အာဗြဟံသည်မူလကယ္ခုအီရတ်နိုင်ငံအတွင်းမှ အောင်မြင်သော မြို့တော် တစ်ခုဖြစ်သော Ur တွင်နေထိုင်ခဲ့သည်။ အာဗြဟံ၏ အချိန်တွင်ရောက်ရှိခဲ့သော အလွန်မြင့်မားသော လူ့ယဉ်ကျေးမှုကို ခေတ်မီဗသုကာပညာက ဖော်ထုတ် ပေးသည်။ ဘက်စနစ်ပြည့်သူ့ ရေးရာဝန်ဆောင်မှုလုပ်ငန်းနှင့် ဆက်နွယ်သည့် ကြီးမားသော အဆောက်အအုံများရှိကြသည်။ ကွဲပြားမှုမရှိသည်ကိုသိလျက် ကျွန်ုပ်တို့သိရှိသမျှကမ္ဘာကြီး၏ လူသားတစ်ဦးဖြစ်သော အာဗြဟံသည် ဤမြို့တော်တွင်နေထိုင်ခဲ့သည်။ သို့ရာတွင်နောက်ပိုင်းတွင် ဘုရားရှင်၏ သာမန်ထက်ထူးကဲသောခေါ် ယူမှုသည်သူ့ထံရောက်လာခဲ့သည်။ ယင်းမှာ ရှုတ်ထွေးသောဘဝကိုစွန့်ခွာပြီးကတိစကား ပြုထားသော ကုန်းမြေ တစ်ခုသို့ခရီးထွက်ခွာစေခြင်းဖြစ်သည်။ တိတိကျကျအားဖြင့် မည်သည့် နေရာတွင်မည်သည့်အရာကို တိတိကျကျမလုပ်ခဲ့သည်မှာ လုံးဝထင်ရှားပေသည်။ အများပြောသမျှထိုခရီးမှာ မိုင်ပေါင်း ၁၅၀၀ရှိမည်ဟုဆိုသည်။ ကုန်းမြေမှာ ခေတ်မီအစ္စရေးမှကနန်းဖြစ်သည်။

ရန်ဖန်ရန်ခါဆိုသလိုပင်သူ၏ဘဝအတွင်းဘုရားသခင်သည် အာဗြဟံထံ ပေါ် လာကာသူ၏ကတိစကားများအားသူတို့ ထပ်ကာခဲ့ထွင်ပြောကြားလေ၏။ ထိုကတိတော်များသည်ခရစ်၏ကောင်းချီးသတင်းအခြေခံများဖြစ်သည်။ စစ်မှန်သောခရစ်ယာန်များ ထံလာရောက်သည့် အတိုင်းအလားတူပင် အာဗြဟံထံသို့ဤ ဘဝ၏ရှုတ်ထွေးသော လုပ်ငန်းများကိုစွန့်ခွာ၍ဘုရားသခင်၏ ကတိစကား များကိုတန်ဖိုးထားလျက်ဘုရားသခင်၏ နှုတ်ကပတ်တော်အတိုင်း နေထိုင်ရန် ယုံကြည်မှု ဘဝတစ်ခုဆီသို့သွားရန်ဖြစ်သည်။ အာဗြဟံ အနေဖြင့် သူ၏ခရီးတွင်ကတိစကားများပေါ် တွင်မည်၍ မည်မျှအထိ ထိန်းထားမည်ကို ကျွန်ုပ်တို့ကကောင်းစွာခန့်မှန်းနိုင်ပေသည်။ ယုံကြည်မှုအပြည့်ရှိသော အာဗြဟံသည် Ur မှကနန်းသို့ထွက်ခွာသွားရသောအခါသူသည် အဘယ်အရပ်သို့သွားသည်ကို ကိုယ်တိုင်မသိဘဲယုံကြည်ခြင်းအားဖြင့် နားထောင်၍ထွက်ခွာသွားလေ၏။ (ဟေဗြဲ ၁၁း၈)

ဘုရားသခင်၏ကတိစကားများကိုပထမဦးဆုံးအကြိမ်အဖြစ် ကျွန်ုပ်တို့ စဉ်းစားသောအခါကျွန်ုပ်တို့ကိုယ်တိုင်သည်လည်း ဘုရားသခင်၏နိုင်ငံတော်၏ ကတိပြုထားသောလည်းမြေသည် မည်ကဲ့သို့ရှိလိမ့်မည်ကို တိတိကျကျ မသိ ကြောင်းခံစားနိုင်သည်။ သို့ရာတွင်ကျွန်ုပ်တို့၏ဘုရားသခင်၏ နှုတ်က ပတ်တော် ကိုယုံကြည်မှုဖြင့် ကျွန်ုပ်တို့လည်း စိတ်ပါလက်ပါ လိုက်နာသင့်သည်။

အာဗြဟံအနေဖြင့်ထိုကတိစကားများအတိုင်းအခွင့်အလမ်း ယူခြင်းတွင် အုပ်စုကွဲ၍ကျွဲ၊ နွားများဖြင့်လှည့်လည်သွားလာမှု လုပ်ရပ်မလိုအပ်ပေ။ သူသည် ကျွန်ုပ်တို့ကိုယ်ပိုင်နည်းဟန်များအတိုင်းအခြေခံအချက်များတူညီသည့် နောက်ခံတစ်ခုမှလူတစ်ဦး ဖြစ်သည်။ သူကြုံတွေ့ရသော ပြင်းထန်စွာ ခံစား ရသည့် ရှုတ်ထွေးသည့်ဆုံးဖြတ်ချက်များမှာ ဘုရားသခင်၏ ကတိစကားများကို လက်ခံ ကျင့်သုံးရမည်၊ မကျင့်သုံးရမည်ဟူသောအချက်ကို ကျွန်ုပ်တို့ စဉ်းစား ရသည့်ရင်ဆိုင်ရမှုများနှင့်အလားတူဖြစ်သည်။ စီးပွားရေး လုပ်ဖော် ကိုင်ဖက် များ၏ ထူးဆန်းသောအကြည့်များ အိမ်ဦးချင်းများမှ ကောက်ကျစ်စဉ်းလဲသော အကြည့်များ၊ ထိုအရာများကိုအာဗြဟံ ကသိပြီးဖြစ်လိမ့်မည်။ ထိုအချက်ကို ကျော်လွှားရန် အာဗြဟံလိုအပ်သည့် စိတ်ဓါတ်မြှင့်တင်မှုမှာ အားလုံးအတွက် ကြီးမားရမည်ဖြစ်သည်။ သူ၏ခရီးရှည်သွားသည့် နှစ်များ တလျှောက် စိတ်ဓါတ်မြင့်မားမှုဖြစ်အောင်ဖြည့်ဆည်း ပေးရမည့်တစ်ခု တည်းသော အရာမှာ ကတိစကား နှုတ်ကပတ်တော်ပင်ဖြစ်သည်။ ကျွန်ုပ်တို့ထိုစကားလုံးများကို နှုတ်တိုက်ပြုလုပ်ထားရပြီ၊ ထိုနှုတ်ကပတ်တော်များ၏တကယ့်ဆိုလိုချက် ပေါ် တွင်နေ့စဉ်တရားထိုင်ရမည်ဖြစ်သည်။

ထိုအပေါ်တွင်တူညီသောယုံကြည်မှုနှင့်ဆောင်ရွက်ခြင်းကို ပြသခြင်းဖြင့် အာဗြဟံကဲ့သို့တူညီသောဂုဏ်ပြုမှုကိုခံရနိုင်သည်။ထိုသူများကို ဘုရားသခင်၏ မိတ်ဆွေများဟုခေါ်ရမည်။(ယာကုပ် ၂း၂၃)ဘုရားသခင်၏ အသိညာဉ်ပညာကိုရှာရမည်။(က ၁၈း၁၇) ဘုရားသခင်၏ နိုင်ငံတော်တွင်သေချာသော ထာဝရအသက်ကို မျှော်မှန်းနိုင်ရန်ဖြစ်သည်။ တဖန်ကျွန်ုပ်တို့က ခရစ်တော်၏ ကောင်းချီးစကားသည်အာဗြဟံသို့ပေးသောကတိစကားများပေါ်တွင်အခြေခံသည်ဟုအလေးအနက်ထားပြောဆိုသည်။ ခရစ်ယာန်ကျမ်းစာတွင် မှန်ကန်စွာယုံကြည်ရန် လည်းအာဗြဟံသို့ပေးထားသော ကတိများကို ခိုင်မာစွာ သိထားရမည်။ ထိုစကာများမရှိဘဲကျွန်ုပ်တို့၏ ယုံကြည်မှုတွင် ယုံကြည်မှုမရှိနိုင်။ လိုလားသောမျက်လုံးများဖြင့်ကျွန်ုပ်တို့က ဘုရားသခင်နှင့် အာဗြဟံအကြား နှုတ်ကပတ်များ ထပ်တလဲလဲဖတ်သင့်သည်။

## ကုန်းမြေ

၁။ ထာဝရဘုရားသည်လည်းအာဗြဟံကိုခေါ်တော်မူ၍ သင်၏ပြည်နှင့် တကွအမျိုးသားချင်းပေါက်ဖော်များထဲကထွက်ပြီးလျှင် ငါပြလတ္တံ့သော ပြည်သို့ သွားလော့။ (က ၁၂း၁)

၂။ အာဗြဟံသည်သူ၏ခရီးကိုအစွန်ရေးအလယ်ပိုင်းမှ **Bethel** (ဗေသလ)သို့ အာဗြဟံအားသင်ရှိသောအရပ်ကအရှေ့၊ အနောက်၊ တောင်၊ မြောက်သို့ မျှော်ကြည့်လော။ သင်မြင်သောမြေတစ်ပြင်လုံးကိုသင်နှင့်သင်၏အမျိုးအနွယ်အားငါသည်ကာလအစဉ်အမြဲ ပေးမည်။ သင်၏ အမျိုး အနွယ်ကို မြေမှုန့်ကဲ့သို့ငါများပြားစေသည်။ သို့ဖြစ်၍လူသည် မြေမှုန့်ကို ရေတွက်နိုင်လျှင်သင်၏ အမျိုးအနွယ်ကိုရေတွက်နိုင်ကြလိမ့်မည်။ သင်ထ၍မြေကိုအလျားအားဖြင့်လည်းကောင်း၊ အနံအားဖြင့်လည်းကောင်း လျှောက်သွားလော့၊ သင့်အားငါပေးမည်။ (က ၁၃း၃၊ ၁၄-၁၇)

၃။ ဘုရားသခင်သည် အာဗြဟံနှင့်သဘောတူညီချက်တစ်ခုလုပ်လျက် အဲရုတ⬇မြစ်မှစ၍မြစ်ကြီးတည်းဟူသောဥဖရတ်ဖြစ်တိုင်အောင် လည်းမြေကို ကျွန်ုပ်ကသင်တို့အာပေးလိုက်ပြီဟုဆိုသည်။ (က ၁၅း၁၈)

၄။ သင်သည်ယခုဧည့်သည်ဖြစ်၍နေသော ပြည်တည်းဟူသော ခါနန်ပြည် တစ်လျှောက်လုံးကိုသင့်အားလည်းကောင်း၊ သင့်နောက်၌ သင်၏ အမျိုးအနွယ်အားလည်းကောင်းအစဉ်အမြဲအပိုင်ပေးမည်။ (က ၁၇း၈)

၅။ သူ(အာဗြဟံ)သည်လောကကြီး၏အမွေခံဖြစ်သင့်သည် ဟူသော ကတိစကား (ရော ၄း၁၃)

ကျွန်ုပ်တို့သည်အာဗြဟံသို့ဆက်တိုက်ဖြစ်သောလျို့ဝှက်ထားသည် ကိုဖွင့် ဟထုတ်ဖော်မှုတစ်ခုကို ဤနေရာတွင်ကြည့်ကြသည်။

၁။ ကျွန်ုပ်ကသင့်အားသွားစေလိုသောကုန်းမြေတစ်ခုရှိသည်။

၂။ သင်သည်ဧရိယာအတွင်းယခုရောက်ရှိပြီးဖြစ်သည်။ သင်နှင့် သင့်ကလေးများ သည်ဤနေရာတွင်အစဉ်နေကြလိမ့်မည်။ ထာဝရအသက်၏ ဤကတိ စကားသည်အလေးအနက်မထားဘဲ မည်ကဲ့သို့မှတ်တမ်းတင်ထားသည်ကို မှတ်သားပါ။ လူသား စာရေးဆရာကသံသယမရှိဘဲထိုအရာကို ပေါ်လွင်အောင် လုပ်လိမ့်မည်။

၃။ ကတိပြုထားသောကုန်းမြေ၏ဧရိယာကိုပို၍တိကျစွာသတ်မှတ်ခဲ့ပြီ။

၄။ အာဗြဟံအနေဖြင့်သူ၏ဘဝအတွင်းကတိစကားကို ရရှိရန်မျှော်လင့်မှု မပြု လုပ်နိုင်။ သူသည်နောက်ပိုင်းတွင်အမြဲနေထိုင်မည့်သူ ဖြစ်သော်လည်း ဤကုန်းမြေပေါ်တွင်လူစိမ်းတစ်ယောက်အဖြစ်သာ ရှိလိမ့်မည်။ ဤအချက် အသုံးပြုမှုမှာ သူသည်သေပြီးနောက် ဤကတိစကားကို လက်ခံရန် ပြန်လည်ရှင်သန်ထမြောက်ခွင့် ရလိမ့်မည်။

၅။ ပေါလသည်ချဉ်ဝင်စားစွာ ဖြင့်အာဗြဟံသို့ကတိစကားများကို ကမ္ဘာကြီးတစ်ခုလုံးအတွက်သူ၏အမွေဆက်ခံမှုအဖြစ်ယုံကြည် စွာ မြင်တွေ့ခဲ့သည်။

အာဗြဟံအနေဖြင့်သူ၏ဘဝတစ်သက်တာတွင်ကတိစကားများ၏ ဖြည့်ဆည်းမှုကိုလက်ခံရရှိမှုမရှိကြောင်းကျမ်းစာကကျွန်ုပ်တို့အားသတိပေး၍ ထိုလမ်းကြောင်းအတိုင်းသွားသည်။

**သူတစ်ပါးပိုင်သော ပြည်၌ ဧည့်သည်နေသကဲ့သို့ကတိတော်နှင့် စပ်ဆိုင်သော ပြည်၌ ယုံကြည်ခြင်းအားဖြင့်ဧည့်သည် ဖြစ်၍နေ၏။ ထိုကတိတော်ကိုအမွေခံရသောအဖော်အသက်တည်းဟူသော ဣဇာက်၊ ယာကုပ်တို့နှင့် အတူတဲထဲ၌နေလေ၏။✡✡ (ဟေဗြဲ ၁၁း၉)

သူသည်ဒုက္ခသည်တစ်ဦးခံစားသကဲ့သို့လုံခြုံမှုမရှိ၊ ယုဉ်၍ မရနိုင်သော တူညီသည့်တိတ်တခိုးခံစားမှုဖြင့်လည်းမြေပေါ်တွင် နိုင်ငံခြားသားတစ်ဦးအဖြစ် နေထိုင်ခဲ့သည်။ သူသည်သူ၏မျိုးစေ့နှင့်အတူသူ၏ကိုယ်ပိုင်ကုန်းမြေပေါ်တွင် ခဲယဉ်းစွာနေနေရသည်။ သူ၏မျိုးနွယ်ဆက်များဖြစ်ကြသော ကတိစကားများကို ထပ်တလဲလဲပေးခဲ့သော **Isaac** နှင့် **Jacob** တို့တွင်အတူ ကတိစကားကို လက်ခံရရှိခြင်းမရှိမီယုံကြည်မှုနှင့်အတူသေဆုံးခဲ့သည်။ သို့ရာတွင် အပေးတမျှော်မြင်လျက် စွဲဆောင်ခြင်း၊ ဖက်ရမ်းခြင်းခံရကာ မိမိတို့သည် မြေကြီးပေါ်မှာ တစ်ကျွန်းသူတစ်နိုင်ငံသား၊ ဧည့်သည်အာဂန္တုဖြစ်သည်ကို ထင်ရှားစွာဝန်ခံခဲ့သည်။ အဆင့်လေးဆင့်ကို သတိပြုပါ။

- ကျွန်ုပ်တို့ကဤလေ့လာမှုမှတဆင့်ပြုလုပ်နေကြသကဲ့သို့ ကတိစကားများကိုသိရှိခြင်း၊
- သူတို့၏စွဲဆောင်မှုခံရခြင်း၊ အကယ်၍ထိုအရာက အာဗြဟံနှင့်အတူစည်းရုံးစွဲဆောင်ခြင်းဖြစ်စဉ်တစ်ခုကိုယူခဲ့လျင် ကျွန်ုပ်တို့နှင့်အတူတည်၍မည်မျှဖြစ်မည်နည်း၊
- ခရစ်ယာန်အဖြစ်ဗတ္တိဇံ ခံစေခြင်းအားဖြင့် သူတို့အား ကြင်နာစွာ ပွေ့ဖက်ခြင်း၊
- ကမ္ဘာကြီးသည်ကျွန်ုပ်တို့၏အိမ်အစစ်မဟုတ်၊ သို့ရာတွင် ကမ္ဘာပေါ်တွင်အနာဂါတ်အသက်ဖြင့်နေထိုင်နိုင်မည် ဟူသောမျှော်လင့်ချက်ဖြင့်ကျွန်ုပ်တို့၏ ဘဝလမ်းကြောင်း များအားဖြင့်ကမ္ဘာကြီးအား ဝန်ခံခြင်း၊

အကယ်၍ကျွန်ုပ်တို့အနေဖြင့်ထိုအရာ များကိုနှစ်သက်ပါက အာဗြဟံသည် ကျွန်ုပ်တို့၏သူရဲကောင်းကြီးနှင့်စံနမူနာ ပြ ဖြစ်လာပေသည်။ သူ၏မိန်းမ သေဆုံး သွားသောအခါအဘိုးအိုအစရှိ အနာဂါတ်တွင်ထားသော ကတိတော် ၏ ဖြည့် ဆည်းမှုမှာ အဆုံးနှစ်အသိအမှတ်ပြုမှုဖြစ်သည်။ သူအနေဖြင့်သူမကို မြုပ်နှံမည့် ကတိစကားလည်းမြေ၏ တစ်စိတ်တစ်ပိုင်းကိုအမှန်တကယ် ပါဝင် ယူရမည် ဖြစ်သည်။ (တ ၇း၁၆)အမှန်အားဖြင့်ဤပြည်၌ ခြေနင်းရာကိုမျှအမွေ ပေး တော်မမူ သော်လည်းသူမှစ၍သူ၏သားမြေး တို့အားဤ ပြည်ကိုအပိုင် ပေးတော် မူမည် ဟုသားတစ်ယောက်မျှမရှိမီကတိထားတော်မူ၏။(တ ၇း၅) သူတို့၏ ပုဂ္ဂိုလ်ရေး ထာဝရ အမွေဆက်ခံမှုအတွက်သူတို့အား ကတိစကားထားကြသော ကမ္ဘာကြီး ပေါ်တွင် သူတို့ကပစ္စည်းပယ်ခြင်း သို့မဟုတ်၊ငှားရမ်းခြင်းပြု မည်ကာ အာဗြဟံ ၏ လက်ရှိမျိုးစေ့အနေဖြင့် အလားတူမသင့်လျော် မအပ်စပ်မှုကို ခံစား ရနိုင်ပေ သည်။

သို့ရာတွင်ဘုရားသခင်ကသူ၏ကတိစကားများကိုထိမ်းသိမ်းခဲ့သည်။ အာဗြဟံနှင့်သူတို့အပေါ် ပြုလုပ်သောထိုကတိစကားများ ထားရှိသူများသည် ဆုလာဘ်ပေးခြင်းခံရသောနေ့တစ်နေ့ရောက်လာရမည်။ (ဟေဗြဲ ၁၁း၁၃၊၃၉၊၄၀) ကအောက်ပါအချက်များကို တွန်းပို့ထားသည်။

⁎⁎လူအပေါင်းတို့သည်ကတိတော်နှင့်စပ်ဆိုင်သော အကျိုးကျေးဇူးများကို မခံရဘဲအဝေးကမြော်မြင်လျက်စိတ်နှလုံးနှင ဖက်ရမ်းလျက်မိမိတို့သည် မြေကြီးပေါ်မှာတစ်ကျွန်းသူတစ်နိုင်ငံသားဧည့်သည် အာဂန္တုဖြစ်သည်ကို ထင်ရှားစွာ ဝန်ခံလျက်ယုံကြည် ခြင်းစိတ်နှင့်သေလွန်ကြ၏။✡✡

မှန်ကန်သော ယုံကြည်သူများအားလုံးသည်တူညီသော အချိန်အတွင်း ဆုပေးခြင်းခံရလိမ့်မည်။(**i.e**နောက်ဆုံးနေ့၏နောက်ဆုံး ဆုံးဖြတ်ချက်တွင်) (၂တိ ၄း၁၈) မ-၂၅း၃၁-၃၄၊ ၁ပပေ ၅း၄)တည်ရှိမှုကိုဆုံးဖြတ်ရန် ကတိပြု ထားသည်ကို သိရှိသောအာဗြဟံနှင့် အခြားလူများသည်ဆုံးဖြတ်ချက် မတိုင်မီပြန်လည်ရှင်သန်ရမည်။ အကယ်၍သူတို့အနေဖြင့် ကတိစကားများကို ယူ၍လက်ခံရရှိခြင်း မရှိဘဲ၊ ခရစ်တော်ပြန်လာ ချိန်တွင်ပြန်လည်ရှင်သန် ထမြောက်ခြင်းနှင့် ဆုံးဖြတ်ချက်ပြုလုပ်ပြီးနောက်ကတိအတိုင်းဆောင်ရွက်ကြ လိမ့်မည်။ သို့ရာတွင်ခရစ်တော်၏လာခြင်းကိုစောင့်လျက်အာဗြဟံနှင့် တူညီသူများသည်ယ္ခုခါသတိမရကြဘဲအခြေအနေကို လက်ခံရန် ရွေးချယ် နိုင်မှုမရှိပေ။ သို့တိုင်ဥရောပနိုင်ငံတဝှမ်း ခရစ်ယာန် အသင်းတော်များအတွင်းမှ ချေးတင်နေသောမှန်ချပ်ပုံများမှာ ယုံကြည်မှုဘဝအတွက် ကတိပြုထားသော ဆုလာဘ်ကို ခံယူရန်အာဗြဟံအားယ္ခုကောင်းကင်ဘုံတွင်ရှိသည်အဖြစ် အာဗြဟံနှင့် ပတ်သက်၍ထုတ်ဖော်ရန်သိရှိကြပြီးဖြစ်သော် နှစ်ရာပေါင်း များစွာအတွက်လူထောင်ပေါင်းများစွာတို့ကယင်းကဲ့သို့စိတ်ကူးများအား

ဘာသာရေးအရလက်ခံရန်ထိုပုံများကိုဖိုင်သွင်းထားပြီးဖြစ်သည်။ သင့်တွင်လမ်းကြောင်းပြင်ပသို့တက်ရန်သမ္မာကျမ်းစာအခြေခံသတ္တိရှိပါသလား။

## အမျိုးအနွယ်

လေ့လာမှု ၃း၂ တွင်ရှင်းပြထားသည့်အတိုင်းအမျိုးအနွယ်တစ်ခု၏ ကတိစကားမှာ အဓိကအားဖြင့်ယေရှုသို့ရည်ညွှန်းပြီး ဒုတိယအားဖြင့်ခရစ်ယာန် ဘာသာကိုးကွယ်သူများကိုရည်ညွှန်းသည်။ ထို့ကြောင့်အာဗြဟံ၏ အမျိုးအနွယ် အဖြစ်လည်းရေတွက်သည်။

၁။ ငါသည်သင့်ကိုလူမျိုးကြီးဖြစ်စေမည်။ ငါကောင်းချီးပေး၍ သင်၏ နာမကိုကြီးမြတ်စေမည်။ သင်သည်ကောင်းချီးခံရသောသူ ဖြစ်လိမ့်မည်။ သင်ကိုကောင်းချီးပေးသောလူကိုငါကောင်းချီးပေးမည်။ သင့်ကိုကျိန်ဆဲသောသူကိုငါကျိန်ဆဲမည်။ သင့်အားဖြင့်လည်း လူမျိုးအပေါင်း တို့သည် ကောင်းချီးမင်္ဂလာခံကြရလိမ့်မည်။ (က ၁၂း၂၊၃)

၂။ သင်၏အမျိုးအနွယ်ကိုငါသည်မြေမှုန့်ကဲ့သို့များပြားစေမည်။ သို့ဖြစ်၍ လူသည်မြေမှုန့်ကိုရေတွက်နိုင်လျှင်သင်၏အမျိုးအနွယ် ကိုရေတွက်နိုင်ကြလိမ့်မည်။ သင်မြင်သောမြေအားလုံးကို သင့်အားအမြဲပေး လိမ့်မည်။ (က ၁၃း၁၅၊၁၆)

၃။ မိုးကောင်းကင်ကိုမျှော်ကြည့်လော့၊ ကြယ်များကို ရေတွက်နိုင်လျှင် ရေတွက်လော့၊သင်၏အမျိုးအနွယ်သည်ထိုသို့ဖြစ်လိမ့်မည်။ (က ၁၅း၅၊၁၈)

၄။ သင်သည်ယာယီနေသောခါနန်ပြည်တလျှောက်လုံးကို သင့် အား လည်းကောင်း၊ သင့်နောက်၌ သင်၏အမျိုးအနွယ်အားလည်း ကောင်း၊ အစဉ်အမြဲအပိုင်ပေးမည်၊ သူတို့၏ဘုရားလည်းငါဖြစ်မည်။(က ၁၇း၈)

၅။ ငါသည်သင့်အားအစဉ်အမြဲကောင်းချီးပေးမည်။ သင်၏ သမုဒ္ဒရာ သဲလုံး ကဲ့သို့ လည်းကောင်း၊ အစဉ်အမြဲပွားများနေမည်။ သင်၏အမျိုးအနွယ်သည် ရန်သူ တို့၏မြို့တံခါးများကို အစိုးရလိမ့်မည်။ သင်၏အမျိုးအနွယ်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာကို ခံကြရလိမ့်မည်။
(က ၂၂း၁၇၊၁၈)
တဖန်အာဗြဟံ၏အမျိုးအနွယ်နှင့်ပတ်သက်၍ နားလည်မှုမှာ ဆက်တိုက် တိုးချဲ့ခဲ့သည်။

၁။ ပထမအနေဖြင့်သူတွင်သာမန်ထက်ထူးကဲသော မျိုးနွယ်ဆက် အရေအတွက် နှင့်သူ၏အမျိုးအနွယ်မှတဆင့်ကမ္ဘာကြီးတစ်ခုလုံး မှာကောင်းချီးပေး ခံရလိမ့်မည်ဟု သူကိုပြောခဲ့သည်။

၂။ နောက်ပိုင်းတွင်သူတို့တွင်လူများစွာပါဝင်သော အမျိုးအနွယ်တစ်ခု ရှိလိမ့် မည်ဟုသူတို့ကိုပြောလိုက်သည်။ ထိုလူများသည် သူကိုယ်တိုင်နှင့် အတူသူရောက်ရှိသော ကုန်းမြေပေါ် တွင်ထာဝရအသက်ကို အသုံးချ လိမ့်မည်။ **(i.e Canaan)**

၃။ သူ၏အမျိုးအနွယ်သည်ကောင်းကင်မှကြယ်များကဲ့သို့များပြားလာ လိမ့်မည်ဟုသူကပြောသည်။ သူ့တွင်များစွာသောဝိညာဉ် ဆိုင်ရာ မျိုးနွယ် ဆက်များ(ကောင်းကင်ထံမှကြယ်များ) ထိုအတူ သဘာဝဆိုင်ရာ လူများ(ကမ္ဘာကြီး၏မြေမှုန့်များ)ရှိလာလိမ့်မည် ဟူ၍အရာကို သူ့အား အကြံပေးနိုင်၏။

၄။ ယွင်က ကတိစကားများကိုအမျိုးအနွယ်၏အစိတ်အပိုင်းဖြစ်လာသည်။ လူများစွာတို့သည်ဘုရားသခင်နှင့်ပုဂ္ဂိုလ်ရေးဆိုင်ရာ ဆက်နွယ်မှု ရှိနိုင် သည်ဟု နောက်ထပ် သေချာစေမှုနှင့် အတူအလေးအနက်ထားပြေဆိုကြ သည်။

၅။ အမျိုးအနွယ်သည်သူ၏ရန်သူများကိုအနိုင်ယူရလိမ့်မည်။

အမျိုးအနွယ်အနေဖြင့်ကမ္ဘာတဝှမ်းမှလူများသို့ ရရှိနိုင်မည့်ကောင်းချီးကို ယူဆောင်လာရန်ဖြစ်နိုင်သည်ကိုသတိပြုပါ။ ကျမ်းစာထဲတွင် ကောင်းချီးပေးမှု အတွေးစိတ်ကူးမှာ အပြစ်များကို ခွင့်လွှတ်ခြင်းနှင့် မကြာခဏ ဆက်စပ်လျက် ရှိသည်။ အားလုံးပြီးနောက် ယင်းမှာဘုရားသခင်၏ ချစ်မြတ်နိုးသူတစ်ဦးမှ အစဉ်လိုအပ်နေမည့်အကြီးမားဆုံးကောင်းချီးပေးမှုပင်ဖြစ်သည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့ကကောင်းချီးပေးမှုမှာအပြစ်ကိုခွင့်လွှတ်ခြင်းဖြစ်သည်။ (ဆာ ၃၂း၁)ချီးမွမ်းရာမင်္ဂလာခွက်ဖလားဖြစ်သည်။ (၁ကော ၁၀း၁၆)ခရစ်တော် ၏သွေးကိုကိုယ်စားပြုသောယင်းမှ ခွင့်လွှတ်မှုဖြစ်နိုင်သော စပျစ်ဝိုင်၏ မင်္ဂလာ ခွက်ကို ဖော်ပြသည်။

ကမ္ဘာကြီးသို့ဒုက္ခများ၏ခွင့်လွှတ်မှုကိုသယ်ဆောင်လာ ပေးသော အာဗြဟံ၏ တစ်ဦးတည်းသော မျိုးနွယ်ဆက်မှာ အမှန် အားဖြင့်ယေရှုဖြစ်ပြီး၊ အာဗြဟံသို့ကတိပြုသည့်ဓမ္မသတ်သစ်ကပြည့်ဝသော ပံ့ပိုးမှုကိုဖြည့်ဆည်းပေးသည်။

အမျိုးအနွယ်တို့ဟုအများသော သူတို့ကိုရည်မှတ်၍ မိန့်တော်မူသည် မဟုတ်သင်၏ အမျိုးအနွယ်ဟုတစ်ယောက်သော သူကို ရည်မှတ်၍မိန့်တော်မူ၏။ ထိုတစ်ယောက်သော သူကားခရစ်တော် ဖြစ်သတည်း။ (ဂလာ ၃း၁၆)

ဘုရားသခင်သည်အာဗြဟံကိုသင်၏အမျိုးအနွယ်အားဖြင့် လူမျိုး အပေါင်းတို့သည် ကောင်းချီးမင်္ဂလာကိုခံကြရလိမ့်မည်ဟု ဗျာဒိတ်ထား တော်မူ၍ ငါတို့ဘိုးဘေးတို့အား ပေးတော်မူသော ပဋိညာဉ်တရားတော်နှင့်သင်တို့သည် ဆိုင်ကြ၏။ သင်တို့တွင်မိမိဒုစရိုက် တို့ကိုကြည့်ရှောင်ပယ်ရှားသော သူရှိသမျှတို့အားကောင်းချီးမင်္ဂလာကိုပေးစေခြင်းငှာ ဘုရားသခင်သည် မိမိသားတော်ယေရှုကိုထမြောက်စေတော်မူပြီးလျှင်သင်တို့ရှိရာသို့ ရှေးဦးစွာ စေလွှတ်တော်မူသည်။ (တ ၃း၂၅၊၂၆)

ဤနေရာတွင်ပေတရုက(က ၂၂း၁၈)ကိုမည်ကဲ့သို့သွန်းဆို ကောက် ချက်ချသည်ကို သတိပြုပါ။

အမျိုးအနွယ် ‘ ယေရှု

ကောင်းချီးပေးခြင်း ‘ အပြစ်များကိုခွင့်လွှတ်ခြင်း

အမျိုးအနွယ်ယေရှုကသူ၏ရန်သူများအပေါ် အောင်မြင်မှု ရရမည်ဟုသော ကတိစကားမှာ ယခုအခါအကယ်၍ ဒုက္ခအပေါ်တွင် သူ၏ အောင်မြင်မှုကိုရည်ညွှန်းပြောဆိုပါက ဘုရားသခင်၏လူများ၏ အကြီးမားဆုံးရန်သူနှင့်ယေရှု၏အကြီးမားဆုံးရန်သူကို သေသည်မှာ ခြေရာခံနိုင်မည်ဖြစ်သည်။

## အမျိုးအနွယ်ဆက်စပ်ခြင်း

ယခုအချိန်အားဖြင့်ခရစ်ယာန်ကောင်းချီးသတင်း၏ အခြေခံကျသော အစိတ်အပိုင်းများမှာ အာဗြဟံအားဖြင့်နားလည်နိုင်သည်ဟု ရှင်းလင်းစွာ သိသင့် သည်။ သို့ရာတွင်ထိုအရေးကြီးသော ကတိစကားများသည် အာဗြဟံနှင့် သူ၏ အမျိုးအနွယ်ယေရှုသို့ဖြစ်လိမ့်မည်။ တစ်ဦးတစ်ယောက် အတွက် မည်သို့နည်း။ အာဗြဟံမှရုပ်ပိုင်းဆိုင်ရာ ဆင်းသက်မှု သောမှသီးခြား အမျိုးအနွယ်တစ်ခု၏ အစိတ်အပိုင်းမှ တစ်ဦးတစ်ယောက်ကို အလိုအလျောက်ဖြစ်စေလိမ့်မည် မဟုတ် (ယော ၈း၃၉၊ ရော ၉း၇)

မည်သို့ပင်ဖြစ်စေကကျွန်ုပ်တို့အနေဖြင့်ယေရှု၏ အဆုံးစွန်အပိုင်း ဖြစ်လာရမည်ဖြစ်သည်။ သို့မှသာအမျိုးအနွယ်သို့ကတိစကား များကို ကျွန်ုပ်တို့ နည်းသူမျှဝေနိုင်မည်ဖြစ်သည်။ ယင်းမှာယေရှုသို့ဗတ္တိဇံ ခံခြင်းအားဖြင့်ဖြစ်သည်။ (ရော ၆း၃-၅) မကြာခဏ ဆိုသလိုပင်သူ၏အမည်သို့ဗတ္တိဇံခံခြင်းကို ဖတ်ရှုကြရသည်။ (တ ၂း၃၈၊ ၈း၁၆၊ ၁၀း၄၈၊ ၁၉း၅)(ဂလာ ၃း ၂၇-၂၉)က အချက်ကို ထပ်၍ရှင်းလင်းအောင်မပြုလုပ်နိုင်၊

**ခရစ်တော်၌ ဗတ္တိဇံကိုခံသော သူရှိသမျှတို့သည် ခရစ်တော်ကို ယူငင်ဝတ်ဆောင်သော သူဖြစ်ကြ၏။ ယေရှုခရစ်၌ ယုဒလူမရှိ၊ ဟေလသလူမရှိ၊ ကျွန်မရှိ၊ လူလွတ်မရှိ၊ ယောကျာ်းမရှိ၊ မိန်းမမရှိ၊ ထိုသခင်၌ သင်တို့အပေါင်းသည် တစ်လုံး တစ်ဝ တည်းဖြစ်ကြ၏။ ခရစ်တော်နှင့်စပ်ဆိုင်လျှင်အာဗြဟံ၏ အမျိုးအနွယ်ပင်ဖြစ်၍ ကတိတော်အတိုင်း အမွေခံအရာ၌ တည်ကြ၏။✡✡

ကမ္ဘာမြေပေါ်တွင်ထာဝရသက်ရှိဘဝ၏ကတိစကားမှာယေရှုမှ တဆင့်ခွင့်လွှတ်ခြင်း၏ ကောင်းချီးမင်္ဂလာကိုရရှိခြင်းမှ တဆင့်ဖြစ်သည်။ ယင်းမှာကျွန်ုပ်တို့အနေဖြင့်သူ့ထံသို့ကတိစကားများကိုမျှဝေမှုပြုလုပ်သော ခရစ်တော် အမျိုးအနွယ်သို့ဗတ္တိဇံ ခံယူခြင်းအားဖြင့်ဖြစ်သည်။ ထို့ကြောင့် (ရောမ ၈း၁၇) ကခရစ်တော်နှင့် ပူးတွဲအမွေဆက်ခံရန်ကျွန်ုပ်တို့အားခေါ် ယူသည်။

ကောင်းချီးသတင်းသည်အမျိုးအနွယ်မှတဆင့်ကမ္ဘာကြီး၏ အစိတ်အပိုင်းအားလုံးမှလူများအပေါ်တွင်လာရောက်ရန် ဖြစ်ကြောင်းသတိရပါ။ အမျိုးအနွယ်မှာ ကမ်းခြေ၏သဲများ၊ မိုးကောင်းကင်၏ ကြယ်များကဲ့သို့ ကမ္ဘာအနှံ့ ကျယ်ပြန့်သော လူအုပ်စုတစ်ခုဖြစ်လာရန်ဖြစ်ပေသည်။ ထိုအချက်မှာသူတို့ အမျိုးအနွယ်ဖြစ်လာစေရန်အလို့ငှာ ကောင်းချီးမင်္ဂလာကိုပထမဆုံးအကြိမ်ရရှိခြင်း ကြောင့်ဖြစ်သည်။ သို့ဖြစ်ရာ တစ်ခုတည်းသော အမျိုးအနွယ်မျိုးဆက်(လူများ) တစ်ခုအတွက်ဘုရားသခင်ကိုရည်ညွှန်းလိမ့်မည်။ (ဆာ ၂၂း၃၀)

ကျွန်ုပ်တို့အနေဖြင့်အာ ဗြဟံသို့ပေးထားသော ကတိစကားများသည် အစနှစ်ခုကိုအကျဉ်းချုံးနိုင်သည်။

## (၁) ကုန်းမြေ

အာ ဗြဟံနှင့်သူ၏အမျိုးအနွယ်ယေရှုနှင့်သူထံတွင်ရှိသောသူများသည် ကမ္ဘာကြီးတစ်ခုလုံးအားချဲ့ခြင်းအားဖြင့် ထိုနေရာတွင် အစဉ်နေထိုင်ပြီး ခါနန် ကုန်းမြေကိုအမွေဆက်ခံလိမ့်မည်။ ဤဘဝထဲတွင်သူတို့ကထိုအရာကို လက်ခံရရှိလိမ့်မည်မဟုတ်၊ သို့ရာတွင် ယေရှုပြန်လာသောအခါ နောက်ဆုံး နေ့တွင် ရရှိကြလိမ့်မည်။

## (၂) အမျိုးအနွယ်

ဤအရာမှာ အဓိကအားဖြင့်ယေရှုဖြစ်သည်။ သူမှတဆင့် ခွင့်လွှတ်ခြင်း၏ ကောင်းချီးသတင်းကိုကမ္ဘာအနှံ့ကျယ်ကျယ် ပြန့်ပြန့်ရရှိနိုင် လူသား၏ ရန်သူ များကိုကျော် လွှားလိမ့်မည်။

ယေရှု၏အမည်သို့ဗတ္တိဇံခံယူခြင်းအားဖြင့်ကျွန်ုပ်တို့၏ အမျိုး အနွယ်၏အပိုင်းဖြစ်လာသည်။ ထိုတူညီသောအစနှစ်ခုသည် ဓမ္မသတ်ကျမ်းကို ဟောကြားခြင်းဖြင့်ရရှိပြီးအံ့အားသင့်ဘွယ်ရရှိခြင်းမဟုတ်ပေ။ လူများအား သင်ကြားပေးခြင်းဖြင့်သူတို့မှာ ဗတ္တိဇံ ခံယူကြသည်။ ဤအချက်မှာ ထိုကတိစကားများအား ကျွန်ုပ်တို့ထံသို့ရောက်အောင်ပြုလုပ်နိုင်သည့် နည်းလမ်း ဖြစ်သည်။ ကျွန်ုပ်တို့ အနေဖြင့်သေခြင်းတရားနှင့်ရင်ဆိုင်နေရသော လူကြီး တစ်ယောက်အနေဖြင့်အဘယ်ကြောင့်ပေါလအနေဖြင့်သူ၏မျှော်လင့်ချက်ကို အစ္စရေး၏မျှော်လင့်ချက်အဖြစ်သတ်မှတ်နိုင်ခြင်းဖြစ်ကြောင်း၊ ယခုအခါ နားလည်နိုင်သည်။(တ ၂၈း၂၀) စစ်မှန်သောခရစ်ယာန်တို့၏ မျှော်လင့် ချက်မှာမူလ ဂျူးလူမျိုးတို့၏မျှော်လင့်ချက်ဖြစ်သည်။ ယုဒလူမျိုးတို့၌ ကယ်တင်ခြင်းအကြောင်းရှိ၏(ယော ၄း၂၂)ဟု ခရစ်တော်မိန့်ဆိုချက်မှာ စိတ်ဝိညာဉ်ဆိုင်ရာ ယုဒလူမျိုးဖြစ်လာရန် လိုအပ်ကြောင်းကို လည်းရည်ညွှန်း ရမည်ဖြစ်သည်။ သို့မှသာ ယုဒ လူမျိုးဖခင်များသို့ပြုလုပ်သော ခရစ်တော်မှ တဆင့် ကယ်တင်ခြင်းဇာတိစကားများမှအကျိုးကျေးဇူးများကို ကျွန်ုပ်တို့ ရရှိနိုင်မည်ဖြစ်သည်။

ကျွန်ုပ်တို့ရှေးဦးခရစ်ယာန်များဟောကြားသည်ကိုဖတ်ရသည်။

၁။ ဘုရားသခင်နိုင်ငံတော်နှင့်ပတ်သက်သောအရာများနှင့်

၂။ ယေရှုခရစ်၏အမည်တော် (တ ၈း၁၂)တို့ဖြစ်သည်။

ထိုအချက်များမှာအနည်းငယ်ကွဲပြားသောခေါင်းစဉ်များဖြင့် အာ ဗြဟံ သို့ရှင်းလင်းပြသောအရာနှစ်ခုဖြစ်သည်။

၁။ ကုန်းမြေနှင့်ပတ်သက်သောကတိစကားများနှင့်

၂။ အမျိုးအနွယ်နှင့်ပတ်သက်သောကတိစကားများ

စာပိုဒ်ထဲတွင်ဘုရားသခင်နိုင်ငံတော်နှင့်ယေရှုနှင့်ပတ်သက်၍ ဟောပြော နေသောခရစ်တော်အဖြစ်အကျဉ်းချုံးကအရာများ (အများ)ဟူ၍ ဖော်ပြသည်ကိုဂရုပြုပါ။ (တ ၈း၅ **cp v 12** ) မကြာခဏဆိုသလိုပင် ဤ အချက်မှာ ယေရှုကသင့်ကိုမြတ်နိုးသည် ဟုဆိုလိုသည်။ သူကသင်အတွက် သေသည်နှင့်သင်သည်ကယ်တင်ခံရသော လူတစ်ယောက်ဖြစ်သည်ကို သင်ယုံကြည်သည်ဟုသာ ပြောလိုက်ပါ။ သို့ရာတွင်ခရစ်ဟူသောစကားစုသည် သူနှင့်ပတ်သက်၍သူရောက်လာသော နိုင်ငံတော်နှင့်ပတ်သက်၍အချက်များစွာ ကိုသင်ကြားပေးမှု၏အကျဉ်းချုပ်အဖြစ်ရှင်းလင်းစွာဖော်ညွှန်းသည်။ အာ ဗြဟံသို့ဟောကြားသောဘုရားသခင်နိုင်ငံတော်တွင် ပတ်သက်၍ ကောင်း သတင်းမှ ၁အစပိုင်းကောင်းချီးသတင်းဟောပြောမှု၏ ကြီးမားသော အစိတ်အပိုင်းတစ်ခုအဖြစ်ရပ်တည်ခဲ့သည်။

ပေါလုသည်တရားစခန်းသို့ဝင်၍(၃)လပတ်လုံးဘုရားသခင်၏ နိုင်ငံတော်အကြောင်းများကိုဆွေးနွေးနှီးနှော၍ဖြားယောင်း သွေးဆောင်သဖြင့် ရဲရင့်စွာဟောပြောလေ၏။(တ ၈း၅ cp v ၁၂)သူသည်ဘုရားသခင်၏ နိုင်ငံတော်အကြောင်းကိုလှည့်လည် ဟောပြောသည်။(တ ၂၀း၂၅) ရောမတွင်လည်း အလားတူဟောပြောခဲ့သည်။ သူကဘုရားသခင်၏ နိုင်ငံတော်အကြောင်းကိုသက်သေခံ သဖြင့်လည်းကောင်း၊ ထိုသူတို့သည် ယေရှု၏ အကြောင်းများကိုယုံကြည်စေခြင်းငှာ မောရှေ၏ ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းတို့ကို အမှီပြု၍ဖြားယောင်းသွေးဆောင်သဖြင့်လည်းကောင်း၊ နံနက်အချိန်မှစ၍ညအချိန်တိုင်အောင်ထုတ်ဖော်ဟောပြောလေ၏။ အဘယ်သူ မှမတားမြစ်ဘဲ ဘုရားသခင်၏ နိုင်ငံတော်အကြောင်းကို အတည့်အလင်း ဟော ပြော၍

ယခင်ယေရှုခရစ်၏အကြောင်းများကိုသွန်သင်ပြသလျှင်ရှိသည်။(တ ၂၈း၂၃၊ ၃၁) ဘုရားသခင်၏နိုင်ငံတော်တွင် ယေရှု၏အကြောင်းနှင့် ပတ်သက်၍ ကောင်းချီးသတင်းဟောပြော ချက်မှာယေရှုတွင်ယုံကြည်ပါဟူ၍ ပြောရုံ သက်သက်မှ မဟုတ်ကြောင်း ပြောဘွယ်ရာများစွာရှိကြောင်း ပြဆို လျက်ရှိသည်။ ဘုရားသခင် ၏အာဗြဟံသို့ဟောပြောချက်မှာ ထိုအချက် ထက်ပို၍ အသေးစိတ် ကျပေသည်။ သူ့အားကတိစကားပြုထားသောအရာများသည် မှန်ကန်သော ခရစ်ယာန်ကောင်းချီးသတင်း၏ အခြေခံများဖြစ် ကြသည်။

ယေရှုကိုဗတ္တိဇံခံခြင်းမှာအမျိုးအနွယ်၏အစိတ်အပိုင်းအဖြစ်၍ ကတိစကားကိုအမွေခံနိုင်ရန်ပြုလုပ်ခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့ပြဆိုခဲ့ပြီးဖြစ် သည်။(ဂလာ ၃း၂၇ -၂၉)သို့ရာတွင် ဗတ္တိဇံခံယူခြင်းတစ်ခုတည်းဖြင့် ကျွန်ုပ်တို့ အားကယ်တင်ခြင်းကို ကတိပြုမှုအောင်မြင်စေရန် မလုံလောက်ပေ။ အကယ်၍ ကျွန်ုပ်တို့အနေဖြင့်ကတိစကားကိုအမျိုးအနွယ်သို့လက်ခံရန်ဆောင်ရွက်ရ မည်ဆို ပါကအမျိုးအနွယ်အတွင်း ခရစ်တော်ထံတွင်နေရစ်ရမည်ဖြစ်သည်။ ဗတ္တိဇံခံခြင်း မှာ အစတစ်ခုမျှသာဖြစ်သည်၊ ကျွန်ုပ်တို့ပေးရန် လိုအပ်သည်။ ပြိုင်ပွဲတစ်ခုသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ အာဗြဟံ၏အမျိုးအနွယ်မှာ ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်ကိုလက်ခံရန် လက်ခံသည်ဟုမဆိုလို သည်ကို မမေ့ပါနှင့်။

အစ္စရေးတို့သည်အချို့နည်းလမ်းများတွင်အာဗြဟံ၏ အမျိုး အနွယ်များဖြစ်ကြသည်။ သို့ရာတွင်ဤအချက်မှာသူတို့ကိုဗတ္တိဇံ မခံဘဲ ကယ်တင်မှုပြုလုပ်ခြင်းခရစ်တော်ထံတွင်ဘုရား၏ အသက်များ အံ့ဝင်ခွင် ကျပြုလုပ်ခြင်းအာဗြဟံကိုဥပမာထားပြီမဆိုလိုပေ။ ယေရှုကယုဒလူမျိုးတို့အား သင်တို့သည်အာဗြဟံ၏ အမျိုးဖြစ်ကြသည်ကိုငါသိ၏ သို့သော်လည်းငါ၏ ဒေသနာသည်သင်တို့၌ တည်နေရာကို မရသောကြောင့် သင်တို့သည် ငါတို့ အဘဖြစ်၏ဟုဆိုကြ၏။ ယေရှုကလည်းသင်တို့၏ အာဗြဟံ၏ သားမှန် လျှင် အာဗြဟံ၏ အကျင့်ကိုကျင့်ကြလိမ့်မည်ဟုပြောခဲ့သည်။ (ယော ၈း၃၇၊၃၉) ယေရှုကလည်းဘုရားသခင်စေလွှတ်တော်မူသောသူကို ယုံကြည်ခြင်းအကျင့် အားအလိုတော်နှင့်ညီသော အကျင့်တည်းဟုမိန့်တော်မူ၏။(ဟော ၆း၂၉)

အမျိုးအနွယ်သည်ယင်းကိုဆက်ခံသူ၏ဓလေ့စရိုက်ရှိရမည်။ အကယ်၍ကျွန်ုပ်တို့အနေဖြင့် ဗတ္တိဇံ ခံရုံမျှမကဘုရားသခင်၏ ကတိစကား များကို သူတွင်ရှိသည့်အတိုင်း အမှန်တကယ်ယုံကြည်မှုရှိရမည်ဖြစ်သည်။ ထို့ကြောင့်ပင်သူ့အားယုံကြည်မှုရှိသောသူများ အားလုံး၏ဖခင်ဟုခေါ်သည်။ ကျွန်ုပ်တို့ ၏ ဖခင်အာဗြဟံ၏ ယုံကြည်မှုခြေလှမ်းများအတိုင်းလျှောက်သွား သောသူများဖြစ်သည်။(ရော ၄း၁၁၊၁၂)ယုံကြည်ခြင်းရှိသော သူသည် အာဗြဟံ၏ သားများ ဖြစ်သည်ဟုအမှန်သိမှတ်ကြလော့။ (ဂလာ ၃း၇)

စစ်မှန်သောယုံကြည်မှုကလုပ်ဆောင်ချက်အချို့ပြုရမည် သို့မဟုတ်က ဘုရားသခင်၏ မျက်စိများအတွင်းဖြစ်ရမည်။ ယုံကြည်မှု မဟုတ်(ယာ ၂း၁၇)သူတို့ကကျွန်ုပ်တို့ထံသို့လူကိုယ်တိုင်လာရောက်စေရန်အတွက် ပထမဆုံး ယူခြင်းအားဖြင့်ကျွန်ုပ်တို့ လေ့လာခဲ့သောကျွန်ုပ်တို့၏ ယုံကြည်မှုကို ထိုကတိစကားများအတွင်းရှင်းလင်းပြသခြင်းဖြစ်သည်။ (ဂလာ ၃း၂၇၊၁၉) ထို့ကြောင့် သင်သည်ဘုရားသခင်၏ ကတိစကားကို အမှန်တကယ် ယုံကြည်ပါရဲ့လား။ ယင်းမှာကျွန်ုပ်တို့ အသက်ရှင်စဉ် ကာလ အားလုံးတွင် ကျွန်ုပ်တို့ ကိုယ်တိုင်အမြဲမေးရမည့် မေးခွန်းတစ်ခုဖြစ်သည်။

## ပဋိညာဉ်အဟောင်းနှင့်အသစ်

အာဗြဟံသို့ကတိစကားများသည်ခရစ်တော်၏ ကောင်းချီးစကားကို အကျဉ်းချုပ်ပေးခြင်းဖြစ်သည်ဟုယ္ခုကျွန်ုပ်တို့ သက်သေခံသင့်သည်။ ဘုရားသခင် ယုဒနှင့်ပြုလုပ်သောအခြားအဓိကကတိစကားမှာမောရှေ၏ ဥပဒေစာအုပ်အတွင်းမှယုဒနှင့် ဆောင်ရွက်ချက်ဖြစ်သည်။ အကယ်၍ ယုဒများသည်ဤဥပဒေကိုလေးစားလိုက်နာသူများဖြစ်ပါက သူတို့သည် ဤဘဝတွင်ရုပ်ပိုင်းအရ ကောင်းချီးပေးခံရလိမ့်မည်ဟုဖော်ပြသည်။
(တရား ၂၈) ဤကတိစကားများသို့မဟုတ်ပဋိညာဉ်တွင်ထာဝရအသက်၏ တိုက်ရိုက် ကတိစကားမရှိပေ။ ထို့ကြောင့်ပဋိညာဉ်နှစ်ခုရှိနေသည်ကို ကျွန်ုပ်တို့ တွေ့ရသည်။

၁။ အာဗြဟံနှင့်သူ၏အမျိုးအနွယ်သို့ခရစ်တော်ပြန်လည်ရှင်သန် ထမြောက် လာသောအခါ ဘုရားသခင်၏နိုင်ငံတော်အတွင်း ခွင့်လွှတ် မှု နှင့်ထာဝရအသက်အတွက်ကတိစကားထားခြင်းမှာ ဤကတိစကားကိုဧဒင်နှင့်ဒါဝိဒ်သို့လည်းပြုလုပ်သည်။

၂။ မောရှေလက်ထက်တွင်ယုဒလူမျိုးများသို့ အကယ်၍ သူတို့က ဘုရားသခင်ကမောရှေသို့ပေးသောဥပဒေကိုလိုက်နာလျှင် ဤလက်ရှိ ဘဝအတွင်းငြိမ်းချမ်းမှုနှင့် ပျော်ရွှင်မှုအတွက်ကတိစကားထားခြင်းများ

ဘုရားသခင်ကအာဗြဟံအားဘုရားသခင်၏ နိုင်ငံတော်တွင် ခွင့်လွှတ်မှုနှင့်ထာဝရအသက်ကိုကတိစကားထားခဲ့သည်။ သို့ရာတွင် ယင်းမှာ ယေရှု၏ အသက်စတေးခြင်းမှတဆင့်သာဖြစ်နိုင်သည်။ ဤအချက်ကြောင့်ပင် လက်ဝါးကပ်တိုင်ပေါ်တွင်ခရစ်တော်၏ သေခြင်းမှာ အာဗြဟံသို့ ကတိ စကားကိုတည်ပြုခဲ့သည်ဟုဖတ်ရသည်။ (ဂလာ ၃း၁၇၊ ရော ၁၅း၈၊ ဒံ ၉း၂၇၊ ၁ကော ၁း၂၀)ထို့ကြောင့် သူ၏အသွေးမှာ ဓမ္မသစ်ကျမ်း၏အသွေးဖြစ်သည်။(မ ၂၆း၂၈) ယေရှုက ကျွန်ုပ်တို့အားသူ၏သွေးကိုကိုယ်စားပြုလျှက်ထိုအရာများကိုသတိရစေရန်စပျစ်ဝိုင်ခွက်ကိုပုံမှန်သောက်ရမည်ဟုပြောခဲ့သည်ကိုအမှတ်ရရမည်။ (၁ကော ၁၁း၂၅)ဤခွက်သည်ကျွန်ုပ်၏ သွေးထဲမှပဋိညာဉ်သက်ဖြစ်သည်။(လု ၂၂း၂၀) အကယ်၍ကျွန်ုပ်တို့အနေဖြင့်ထိုအရာများကိုနားမလည်ပါက ယေရှုနှင့်သူ၏အလုပ်ကို အမှတ်တရအဖြစ်မုန့်ဖဲ့လီးခြင်းမှာအကျိုးမရှိပေ။

ဘုရားသခင်၏နိုင်ငံတော်အတွင်းယေရှု၏ အသက်စတေးမှုက ခွင့်လွှတ်မှုနှင့်ထာဝရအသက်ကိုဖြစ်စေသည်။ ထို့ကြောင့် သူက အာဗြဟံသို့ ပေးသောကတိစကားများကိုသေချာစေသည်။ သူသည်သာ၍ မြတ်သော ပဋိညာဉ်တရား၏အာမခံဖြစ်သည်။(ဟေဗြဲ ၇း၂၂) (ဟေဗြဲ ၁၀း၉)ကယေရှု၏ ဒုတိယပတ်ကို တည်စေခြင်းငှာ ပထမပတ်ကို ပယ်ပါဟုပြောဆိုသည်။ ယင်းမှာ ယေရှုက အာဗြဟံသို့ ကတိစကားများကို ခိုင်မာစေသောအခါ မောရှေမှတဆင့် ပေးသော သဘောတူညီချက်ကို အခြား သဘောတူညီချက်ဖြင့်ပြီးစီးအောင် ဆောင်ရွက်ခဲ့ကြောင်းကိုပြဆိုသည်။ ယေရှုကသူ၏သေခြင်းအားဖြင့် ပဋိညာဉ်သစ်တစ်ခုကိုသေချာစေမှုနှင့် ပတ်သက်၍စာပိုဒ်၏ ဖော်ပြချက်မှာ ပထမပဋိညာဉ်တရားကိုကောင်းစေတော်မူ၏။ ရွေ့လျော့၍ ကောင်းသော အရာမည်သည်ကား ကွယ်ပျောက်ခြင်းသို့ ရောက်လုသတည်း။(ဟေဗြဲ ၈း၁၃)

ယင်းမှာခရစ်တော်နှင့်ပတ်သက်သောပဋိညာဉ်ကို ပထမပြုလုပ် သော်လည်း သူသေဆုံးသည့်တိုင်ထိုအရာမှုလက်တွေ့အကောင်အထည်ဖော်မှု အဆင့်ကိုပြည့်ပြည့်ဝဝရောက်မလာသည်ကိုဆိုလိုသည်။ ထို့ကြောင့် ထိုအရာကိုပဋိညာသ်သစ်ဟုခေါ် သည်။ မောရှေမှတဆင့်ပြုလုပ်သော ပဋိညာဉ်ဟောင်း၏အဓိကမှာယေရှု၏လုပ်ငန်းစဉ်များကိုရှေ့သို့ညွှန်းဆိုရန်နှင့်ခရစ်တော်နှင့် ပတ်သက်သောကတိစကားများတွင်ယုံကြည်မှု၏အရေးပါမှုကိုမီးမောင်းထိုးပြသည်။ (ဂလာ ၃း၁၉၊၂၁)အပြန်အလှန်အားဖြင့် ခရစ်တော်တွင်ယုံကြည်မှုက မောရှေသို့ ပေးသော ဥပဒေ၏မှန်ကန်မှုကိုခိုင်မာစေသည်။(ရော ၃း၃၁)ပေါလကယင်းကို တမူထူးခြားစွာ အကျဉ်းချုပ်လိုက်သည်။ ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ရာသို့ရောက်စေခြင်းငှာ ပညတ်တရားသည်ခရစ်တော်ထံသို့ကိုပို့ဆောင်၍ ငါတို့၏ အကိန်းဖြစ်သတည်း။(ဂလာ ၃း၂၄)ထို့ကြောင့်ပင်မောရှေမှတဆင့် ဥပမာကို ထိမ်းထားသဖြင့်ယနေ့တိုင်ကျွန်ုပ်တို့အတွက် လေ့လာ ရန်အကျိုးရှိဘဲဖြစ် သည်။

ထိုအချက်များသည်ပထမအကြိမ်ဖတ်ရုံဖြင့်နားလည်ရန်မလွယ်ကူပေ။

ကျွန်ုပ်တို့ကအောက်ပါအတိုင်းအကျဉ်းချုံးနိုင်သည်။

ခရစ်တော်နှင့်ပတ်သက်၍အာဗြဟံသို့ပေးသော
ကတိစကားများ - ပဋိညာဉ်သစ်
မောရှေသို့ပေးသောသဘာဝနှင့်ဆက်စပ်နေသော
အစ္စရေးသို့ပေးသည့်ကတိစကားများ - ပဋိညာဉ်ဟောင်း

ခရစ်တော်၏သေခြင်း၊ ဓမ္မသစ်ကျမ်းဟောင်းအဆုံးသစ်ခဲ့သည်။(ကော ၂း၁၄-၁၇)ပဋိညာဉ်သစ်သည်ဆောင်ရွက်မှုလုပ်ငန်း အတွင်းသို့ဝင်လာခဲ့သည်။

ထို့ကြောင့်ပင်စုပေါင်းဝတ်ပြုခြင်း၊ ဥပုတ်သီလစောင့်ခြင်းစသော ပဋိညာဉ်ဟောင်း၏ အပိုင်းဖြစ်သောအရာများသည်ယခုအခါ မလိုအပ်ပေ။ လေ့လာမှု ၉.၅ကိုကြည့်ပါ။ သူတို့ကနောင်တရပြီး ခရစ်တော်ကို လက်ခံသော အခါ ပဋိညာဉ်သစ်သည်သဘာဝဖြစ်သော အစ္စရေးတို့နှင့်ဆောင်ရွက်လိမ့်မည်။ မည်သည့်ဂျူးလူမျိုးပင်ဖြစ်စေ ထိုအရာကိုယ္ခုလုပ်ဆောင်ပြီး ယေရှုသို့ ဗတ္တိဇံခံယူလျှင်ချက်ခြင်းပင် ပဋိညာဉ်အသစ်အတွင်းသို့ ဝင်ရောက်နိုင်သည်။(ယင်းတွင် **Jeul/ Gentile** ခွဲပြားမှုမရှိပေ။)(ဂလာ ၃း၂၇-၂၉)

ထိုအရာများကိုမှန်ကန်စွာနှစ်ခြိုက်ဆောင်ရွက်ခြင်းက ကျွန်ုပ်တို့အား ဘုရားသခင်၏ ကတိစကားများ၏သေချာစေမှုကို သိနားလည်စေလိမ့်မည်။ သံသယရှိသူများကရှေးဦးခရစ်ယာန်တရားဟောဆရာများအားအပြုသဘော ဟောပြောချက်များမပေးကြဟု မမှုမကဒွတ်ဒဲခဲ့ကြသည်။ ခရစ်တော်၏ ကွယ်လွန်မှုကြောင့်ဘုရားသခင်၏ သူ၏ကတိစကားများ အခိုင်အမာ ဖြစ်စေမှုကြောင့် သူတို့ ပြောသော စကားများသည်အပေါ် ယံဖြစ်ရပ်များမဟုတ် လုံးဝသေချာသောဟောပြောချက်များအဖြစ်သည်ဟုပေါလကပြန်ပြောခဲ့သည်။ ဘုရားသခင်သည်သစ္စာနှင့်ပြည့်စုံတော်မူသကဲ့သို့သင်တို့ဆီသို့ငါ တို့ပေးလိုက် သော စကားသည်ဟုတ်မှန်၏ဟူ၍လည်းကောင်း၊ မဟုတ်မမှန်ဟူ၍ လည်းကောင်းမဆိုလို၊ ကိုယ်တော်မှာဟုတ်မှန်၏ဟူ၍သာဆိုလိုသည်။ ထိုသခင်မှာဘုရားသခင်၏ကတိတော် ရှိသမျှတို့သည်ငါတို့အားဖြင့် ဘုန်းအသရေတော်ကို ထင်ရှားစေခြင်းအလို့ငှာဟုတ်မှန်၏ဟူ၍ လည်းကောင်း၊ အာမင်ဟူ၍လည်းကောင်း ဖြစ်သတည်း။ (၂ကော ၁း၁၇-၂၀)

## ၃.၅ ဒါဝိဒ်သို့ကတိစကား

အာဗြဟံနှင့်အခြားဘုရားသခင်၏ကတိစကားများလက်ခံသူများကဲ့သို့ ဒါဝိဒ်တွင်လွယ်ကူသောဘဝတစ်ခုမရှိပေ။ သူသည် ခရစ်တော်မပေါ်မီနှစ် ၁၀၀၀တွင် အစ္စရေးနိုင်ငံ၏မိသားစုပြီးတစ်ခုမှ အငယ်ဆုံးသား အဖြစ်ကြီးပြင်း လာခဲ့သည်။ သူသည်သိုးများကို ထိန်းကျောင်းပြီးသူများကို ဆရာလုပ်လိုသော အကိုကြီးများ၏ တောက်တို လက်တောင်းပြေးလွှားလုပ်ကိုင်ပေးရသည်။

(၁ရာ ၁၅-၁၇)၍အချိန်အတွင်းထိုအချိန်ကလူအနည်းငယ်က ချဉ်းကပ်ခဲ့သော ဘုရားသခင်တွင်ယုံကြည်မှုကိုအခွင့်တစ်ခုအထိသင်ကြားခဲ့ရသည်။

အစ္စရေးများအနေဖြင့်သူတို့ရန်လိုသောအိမ်နီးချင်းနိုင်ငံဖြစ်သာပါ လက်စတိုင်း၏ အဆုံးစွန်သောစိန်ခေါ် မှုနှင့်ရင်ဆိုင်ရမည့်နေရာသို့ ရောက်လာ ခဲ့သည်။ သူတို့ကသူတို့၏လူတစ်ယောက်အား လက်စတိုင်း ချန်ပီယံ လူ့ဘီလူးကြီးရိုလိယက်နှင့်တိုက်ခိုက်ရန်စိန်ခေါ် ခြင်းခံရသည်။ တိုက်ခိုက်မှုအတွင်းအနိုင်ရသူက ဂျူးလူများကိုအုပ်ချုပ်ရမည်ဟူသော နားလည်မှုဖြစ်သာဘုရားသခင်၏ ကူညီမှုဖြင့်ဒေးဗစ်သည်ရိုလိယက်အား သိုင်းကြိုးတစ်ခုကို အသုံးပြုခြင်းအားဖြင့်အနိုင်ရရှိခဲ့သည်။ ယင်းကသူ့အားသူတို့၏ ဘုရင် **Saul** ထက်ပို၍ ထင်ရှားစေသည်။ မနောကို ဝန်တိုမှုသည်သချိုင်းလည်းကဲ့သို့ ရက်စက်ကြမ်းကြုတ်သည်။(၁သီ ၈း၆) ထိုစကားလုံး များမှာ **Sual** ကဒါဝိဒ်သို့နောက်အနှစ် ၂၀တိုင်အောင် တောင်ပိုင်း အစ္စရေးတွင်ကြွက်တကောင်ကဲ့သို့ပိုက်စိတ်တိုက်လိုက်လံရှာဖွေကာ နှိပ်ကွပ်မှုအားဖြင့် မှန်ကန်ကြောင်းပြဆိုခဲ့သည်။

ရန်ဖန်ရန်ခါပင်ဒါဝိဒ်သည်ဘုရင်ဖြစ်လာခဲ့ပြီးသူ့ဘဝ၏ ကြမ်းတမ်းမှု ဖြစ်ပေါ် ချိန်အတွင်းဘုရားသခင်၏ချစ်ခြင်းမေတ္တာကို သူ့အားသူ၏ နှစ်သက်ကြောင်းပြသရန် ဘုရားသခင်အတွက် ကျောင်းဆောင်တစ်ခုဆောက် လုပ်ရန် ဆုံးဖြတ်ခဲ့သည်။ ဘုရားသခင်ထံမှ ပြန်ကြားမှုမှာဒါဝိဒ်၏ သား ဆော်လမွန်သည်ဘုရားကျောင်းတစ်ခုကိုဆောက်လုပ်လိမ့်မည်။ ဘုရားသခင် ကဒါဝိဒ်သို့ အိမ်တစ်လုံး ဆောက်လုပ်လိုခဲ့သည်။(၂ရာ ၇း၄-၃)ထို့နောက် အာဗြဟံအားပြောကြားချက်များကို ထပ်၍ပြောပြီးအခြားအသေးစိတ်အချို့တွင် လည်း ဖြည့်ဆည်းပေးသေအသေးစိတ်ကတိစကားတစ်ခုကိုလိုက်နာသည်။

နေ့ရက်များဖြည့်ဆည်းပြီးသည့်အခါ သင်သည်ဖခင်နှင့်အတူ အိပ်စက် လိမ့်မည်။ ကျွန်ုပ်ကကမ္ဘာကြီး၏ပြင်ပသို့ထိုးထွက်မည့် အမျိုးအနွယ်။ ကျွန်ုပ်က သူ၏နိုင်ငံတော်ကိုတည်ထောင်လိမ့်မည်။ သူ၏ကျွန်ုပ်အမည်ဖြင့်အိမ်တစ်လုံး တည်ဆောက်လိမ့်မည်။ ကျွန်ုပ်ကသူ၏ နိုင်ငံတော်၏ပလ္လင်ကိုအမြဲ တည် ဆောက်လိမ့်မည်။ ကျွန်ုပ်သည်သူ၏ဖခင်ဖြစ်ပြီးသူသည် ကျွန်ုပ်၏ သားဖြစ် လိမ့်မည်။ အကယ်၍သူကဒုစရိုက်ကျူးလွန်လျှင် ကျွန်ုပ်က သူ့အား လူကြီး၏အတံဖြင့် လူကြီးငယ်ကလေးငယ်များ၏ အစင်းကြောင်းများဖြင့် ကျိုးနွံ အောင်ဆုံးမလိမ့်မည်။ သို့ရာတွင်ကျွန်ုပ်ကအဝေးသို့ပို့လွှတ် လိုက်သော **Saul** ထံမှယူလိုက်သကဲ့သို့ကျွန်ုပ်၏ကံကြမ္မာကသူ့ထံမှ အဝေးသို့ခွဲခွာသွားလိမ့်မည်မဟုတ်ပေ။ အိမ်နှင့်နိုင်ငံတော်သည် အမြဲတည်ဆောက်ပြီးဖြစ်လိမ့်မည့် ပလ္လင်သည်အမြဲတည် ဆောက်ပြီးဖြစ်လိမ့် မည်။ (ပ ၁၂-၁၆)

ကျွန်ုပ်တို့၏ယခင်လေ့လာမှုများမှကျွန်ုပ်တို့အနေဖြင့် အမျိုးအနွယ်ကို ယေရှုအဖြစ် မျှော်မှန်းနိုင်လိမ့်မည်ဖြစ်သည်။ သူ၏ ဘုရားသခင်၏ သားအဖြစ်ဖော်ပြမှု(၁ရာ ၇း၁၄)ကသမ္မာကျမ်းစာ၏ အခြားအပိုင်းများထဲမှ အခြားသော ရည်ညွှန်းချက်များစွာတို့ကဲ့သို့ ဤအချက်ကိုခိုင်မာစေသည်။

**ငါသည်ကား---- ဒါဝိဒ်၏အပြစ်အနွယ်ဖြစ်၏။✡✡ (ဗျာ ၂၂း၁၆)

**ဒါဝိဒ်၏အမျိုးဖြစ်တော်မူထသော သေခြင်းမှထမြောက် တော်မူ၍ သန့်ရှင်းသော ဝိညာဉ်အားဖြင့်✡✡ (ရော ၁း၃)

**ထိုသူ၏အမျိုးအနွယ်ထဲ၌ ဘုရားသခင်သည် ကတိတော် အတိုင်း ကယ်တင်သော သခင်ယေရှုကိုအစ္စရေးလူမျိုး တို့အား ပေါ် ထွန်းစေတော်မူပြီ၊✡✡ (တ ၁၃း၂၃)

သူမ၏သားတော်ယေရှုနှင့်ပတ်သက်၍ တမန်တော်က အပျိုမ မာရိအားပြောခဲ့သည်။ သူ့အဘဒါဝိဒ်၏ရာဇပလ္လင်ကိုထာဝရ ဘုရားသခင်သည် သူ့အားပေးတော်မူမည်။ ထိုသူသည်လည်း ယာကုပ်အမျိုးအနွယ်ကို အစဉ်မပြတ်အုပ်စိုးလိမ့်မည်။ သူ၏နိုင်ငံသည် လည်းဆုံးရှုံးခြင်းမရှိစေရ။(လု ၁း၃၂၊၃၃)ဤအချက်ကိုဒါဝိဒ်၏ အမျိုးအနွယ်မှယေရှုသို့ပေးသော ကတိစကားကိုအသုံးပြုခြင်းဖြစ်သည်။ (၂ရာ ၇း၁၃)

အမျိုးအနွယ်ကိုယေရှုအဖြစ်ခိုင်မာစွာသတ်မှတ်မှုနှင့်အတူအသေးစိတ်အချက်အလက် များစွာ တို့မှာလည်းယ္ခုအခါပို၍ ပီပြင်လာပေသည်။

## ၁။ အမျိုးအနွယ်

သင်သည်အသက်ကာလစေ့၍ဘိုးဘေးတို့နှင့်အတူအိပ်ပျော်သော အခါသင်၏ ရင်သွေးသင်မှဆင်းသက်သောသားလို ငါချီးမြှောက်၍ သူ၏ နိုင်ငံကိုတည်ထောင်မည်။ သူထိုင်သော ရာဇပလ္လင်ကို အစဉ်အမြဲငါတည်စေမည် ငါသည်သူ၏အဘဖြစ်သည်။ သူသည်လည်းငါ၏သားဖြစ်လိမ့်မည်။ (၂ရာ ၇း၁၂၊၁၄၊ ဆာ ၁၃၂း၁၀၊၁၁)အမျိုးအနွယ်ယေရှုသည်တိတိကျကျပင်ဒါဝိဒ်၏ မျိုးနွယ်ဆက်ဖြစ်သည်။ သို့တိုင်ဘုရားသခင်သည်သူ၏ဖခင်ဖြစ်သည်။ ဤအချက်ကို ဓမ္မသစ်တွင်ဖော်ပြထားသကဲ့သို့သံဝါသမပြုဘဲ မွေးဖွားမှုအားဖြင့် အောင်မြင်မှုရရှိနိုင်သည်။ ယေရှုကိုသန္ဓေတည်၍ သန့်ရှင်းသော ဝိညာဉ်တော် အားဖြင့် မာရီဝမ်းဗိုက်တွင်ဘုရားသခင်က ထူးခြားစွာဆောင်ရွက်လိုက်သည်။ ထို့ကြောင့် တမန်တော်ကမှတ်ချက်ပြုသည်မှာ သန့်ရှင်းသော ဝိညာဉ် တော်သည် သင်၏အပေါ်မှာ သက်ရောက်တော်မူ၍ အမြင့်ဆုံးသော ဘုရား၏တန်ခိုး အာနုဘော်တော်သည်သင့်ကိုလွှမ်းမိုးလိမ့်မည်။ ထိုအကြောင်းကြောင့်ထို သန့်ရှင်းသော သားကိုလည်းဘုရားသခင်၏ သားတော်ဟုခေါ် ဝေါ် သမုတ်ခြင်း ကိုခံရလိမ့်မည်။(လု ၁း၃၅)သံဝသမရှိဘဲမွေးဖွားခြင်းမှာ ဒါဝိဒ်သို့ပေးသော ဤ ကတိစကားကိုဖြည့်ဆည်းနိုင်သည့်တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။

## ၂။ အိမ်တော်

သူသည်ငါ၏နာမတော်ဖြင့်အိမ်ကိုဆောက်လိမ့်မည်ဟူသော (၂ရာ ၇း၁၃)အချက်ကယေရှုသည်လက်တွေ့နှင့်ဝိညာဉ်ပိုင်း ဆိုင်ရာနှစ်မျိုးစလုံးဖြင့် ဘုရားသခင်အတွက်ဘုရားကျောင်းတစ်ခုကိုတည်ဆောက်လိမ့်မည်ဟုဖော်ပြသည်။(ယော ၉ ၄၀-၄၈)က ထောင်စုနှစ်(ယေရှုကမ္ဘာမြေပေါ် သို့ပြန်လာပြီးနောက် ဘုရားသခင်နိုင်ငံတော်၏ပထမအနှစ် ၁၀၀၀)တွင်ဂျေရုဆလင်တွင်ဘုရား ကျောင်းတစ်ခုကိုတည်ဆောက်လိမ့်မည်။ ဘုရားသခင်၏ အိမ်မှာဘုရားသခင် နေထိုင်လိုသောနေရာဖြစ်သည်။(ဟေရှာ ၆၆း၁၊၂)ကယေရှု၏ နှုတ်ကပတ် တော်ကို နှိမ်ချသောလူများ၏ နှလုံးသားများအတွင်းသို့ သူလာရောက် နေထိုင်လိမ့်မည်ဟုဆိုသည်။ ထို့ကြောင့် ယေရှုသည် စစ်မှန်သော ယုံကြည် သူများဖြင့်ပြုလုပ်ထားသောဘုရားသခင် သီတင်းသုံးနေထိုင်ရန်အတွက် ဝိညာဉ်ဘုရားကျောင်းတစ်ခုကိုတည်ဆောက်လျက်ရှိသည်။ ယေရှုက ဘုရားသခင်၏ ကျောင်းတော်၏ အခြေခံကျောက်တုံးအဖြစ် ယေရှုကို ဖော်ပြချက်(၁ပေ ၂း၄-၈) နှင့်ခရစ်ယာန်များအားဘုရားကျောင်းတည်ဆောက်ရန် ကျောက်တုံးများအဖြစ် ယ္ခုအခါနေသားတကျသွင်းတည်းလိုက်သည်။

## ၃။ ပလ္လင်တော်

ကျွန်ုပ်ကခရစ်တော်၏နိုင်ငံတော်၏ပလ္လင်ကိုအစဉ်တည်ဆောက် လိမ့်မည်။ ဒါဝိဒ်၏အိမ်နှင့်နိုင်ငံတော်သည်အစဉ်တည် ဆောက်လိမ့်မည်။ (၂ရာ ၇း၁၃၊၁၆. **cp** ဟေရှာ ၉း၆၊၇)ခရစ်တော်၏နိုင်ငံတော်မှာအစ္စရေးနိုင်ငံ၏ ဒါဝိဒ်၏နိုင်ငံတော်အပေါ်တွင် အခြေခံလိမ့်မည်။ ယင်းမှာဘုရားသခင်၏နိုင်ငံတော်ပေါ် ပေါက်လာမှုမှာအစ္စရေးနိုင်ငံတော်ပြန်လည်တည်ဆောက်မှုတစ်ခုကို ဖြစ်စေလိမ့်မည်။ လေ့လာမှု၅.၃ကိုဤအချက်ပို၍သိရန်ကြည့်ပါ။ ဤကတိစကားကိုဖြည့်ဆည်း၍ခရစ်တော်သည်ဒါဝိဒ်၏ပလ္လင်တော် သို့မဟုတ် အုပ်ချုပ်ရမည့်နေရာတွင်စိုးစံရမည်။ ဤအချက်မှာ ဂျေရုဆလင်တွင် အတိ အကျဖြစ်သည်။ ယင်းအချက်မှာထိုကတိစကားများကိုဖြည့်ဆည်းရန် အလို့ငှာကမ္ဘာပေါ်တွင် တည်ဆောက်ရမည့် နိုင်ငံတော်ကို အခြားသက်သေ ပြမှုဖြစ်သည်။

## ၄။ နိုင်ငံတော်

သင်၏အမျိုးအနွယ်နှင့်သင်၏နိုင်ငံသည်ငါ့ရှေ့မှာ အစဉ်အမြဲတည် လိမ့်မည်။ သင်၏ရာဇပလ္လင်သည်လည်းအစဉ်အမြဲ တည်လိမ့်မည်ဟု ဒါဝိဒ် အားပြောလော့ဟုမိန့်တော်မူ၏။(၂ရာ ၇း၁၆)ယင်းကဒါဝိဒ်သည်ခရစ်တော်၏ ထာဝရနိုင်ငံတော် တည်ဆောက်မှု၏မျက်မြင်သက်သေကိုအကြံပြုသည်။ ဤအချက်မှာခရစ်တော်ပြန်လည်ရှင်သန်ထမြောက်လာစေမည့်တိုက်ရိုက် မဟုတ်သော ကတိစကားဖြစ်သည်။ သို့မှသာသူ၏ကိုယ်ပိုင်မျက်စိများဖြင့် နိုင်ငံတော် ကျယ်ကျယ်ပြန့်ပြန့်တည်ဆောက်မှုကိုမြင်တွေ့ နိုင်မည်။ ယေရှုက ဂျေရုဆလင်မှအုပ်ချုပ်သည်။

ဒါဝိဒ်သို့ကတိစကားထားသောအရာများမှာ နားလည်ရန်အလွန် အရေးကြီးသည်။ ဒါဝိဒ်ကထိုအရာများအားသေချာစွာ စီရင်၍မပျက်နိုင်သော နိစ္စထာဝရပဋိညာဉ်ကိုငါနှင့်ဖွဲ့တော်မူပြီ။ ထိုပဋိညာဉ်သည်ချက်ခြင်း မပြည့်စုံ သော်လည်း ငါ့ကိုကယ်တင်ရာ အကြောင်း ငါအားရနှစ်သက်အကြောင်းဖြစ်၏။(၂ရာ ၂၃း၅)ထိုအရာများသည်ကျွန်ုပ်တို့၏ကယ်တင်မှုနှင့်လည်းဆက်စပ်လျက် ရှိသည်။ သူတို့တွင်ပျော်ရွှင်မှုမှာလည်းကျွန်ုပ်တို့၏ဆန္ဒဖြစ်သင့်သည်။ထို့ကြောင့်ထိုသင်ကြားမှုများအရေးကြီးလာအောင်အချက်များပြုလုပ်ရသည်။ ခရစ်ယာန်တရားဟောဆရာများကထိုအံ့ဘွယ်ရာအမှန်တ ရားများကို ရှေ့နောက်ညီညွတ်မှုမရှိအောင်သင်ကြားမှုမှာ ဝမ်းနည်းဘွယ်ရာတစ်ခုဖြစ်ပေသည်။

> **အကယ်၍ယေရှုသည်ရုပ်ဝတ္တုဖြင့်ကြိုတင်တည်ရှိခဲ့ပါ **i.e** မမွေးဖွားမီလူတစ်ယောက်အဖြစ်တည်ရှိခဲ့မှုမှ ယေရှုသည် ဒါဝိဒ်၏ အမျိုးအနွယ်သို့မဟုတ် မျိုးနွယ်ဆက် ဖြစ် ကြောင်းထို ကတိစကားများမှာအဓိပ္ပါယ်ကင်းမဲ့မှုဖြစ်သည်။☼☼
>
> **အကယ်၍ဘုရားသခင်၏နိုင်ငံတော်သည်ကောင်းကင်ဘုံထဲ တွင်ဖြစ်ပါက ယေရှုအနေဖြင့်အစ္စရေး၏ဒါဝိဒ်၏ နိုင်ငံတော်ကို ပြန်လည်တည်ဆောက် နိုင်လိမ့်မည် မဟုတ် သကဲ့သို့ဒါဝိဒ်၏ ပလ္လင်တော်သို့မဟုတ် အုပ်ချုပ်ရာနေရာမှအုပ်ချုပ်နိုင်လိမ့်မည် မဟုတ်ပေ။ ထိုအရာများသည်ကမ္ဘာပေါ်တွင်အတိအကျရှိသကဲ့ သို့သူတို့၏ပြန်လည်တည်ဆောက်မှုသည်လည်းအလားတူနေ ရာတွင်ပင်ရှိရမည်။☼☼

## ဆော်လမွန်တွင်ဖြည့်ဆည်းမှု

ဒါဝိဒ်၏သားဆော်လမွန်သည်ဒါဝိဒ်သို့ကတိစကားများ၏ အချို့အစိတ်အပိုင်းကိုဖြည့်ဆည်းပေးခဲ့သည်။သူကဘုရားသခင် အတွက် ကျောင်းတော်တစ်ခုတည်ဆောက်ခဲ့သည်။(၃ရာ ၅-၈)သူ့တွင်အလွန် အောင်မြင်သောနိုင်ငံတော်တစ်ခုရှိသည်။ ကမ္ဘာအနှံ့ အပြားနေရာအားလုံးမှ လူများသည်ဆော်လမွန်အားဂါရဝပြုရန်ကိုယ်စားလှယ်များစေလွှတ်ခဲ့သည်။(၃ရာ ၁၀)ဘုရားကျောင်းအသုံးပြု မှုမကြီးမားသောဝိညာဉ်တော်ဆိုင်ရာကောင်းချီးပေးမှုရှိခဲ့သည်။ ဆော်လမွန်၏အုပ်ချုပ်မှုကခရစ်တော်၏ နိုင်ငံတော်တွင်မြင်တွေ့ရသည်။ ဒါဝိဒ်သို့ကတိစကားများကြီးမားများပြားစွာ ဖြည့်ဆီးမှုကိုရှေ့သို့ညွှန်ပြလျက်ရှိသည်။

အချို့ကဒါဝိဒ်သို့ကတိစကားများသည်ဆော်လမွန်တွင် ပြည့်စုံစွာ ပြည့်ဆည်းပြီးဖြစ်သည်ဟုအခိုင်အမာပြောဆိုခဲ့သည်။ သို့ရာတွင်ယင်းမှာ အောက်ပါတို့အားဖြင့်ခွင့်မပြုနိုင်တော့ပေ။

- များစွာသောဓမ္မသတ်သစ်ကျမ်းသက်သေကအမျိုးအနွယ်သည် ဆော်လမွန် မဟုတ် ခရစ်တော် ဖြစ်သည်ဟုပြဆိုသည်။
- ဒါဝိဒ်ကသူ့ကိုပြုသော ဘုရားသခင်၏ ကတိစကားများကို အာဗြဟံသို့ပြု သော ကတိစကားများနှင့်ဆက်စပ်မှုပြုလုပ်ဟန်ရှိသည်။ (၅ ရာ ၁၇း၂၇ ‘ က ၂၂း၁၇၊၁၈)
- အမျိုးအနွယ်၏နိုင်ငံတော်မှာအစဉ်ရှည်ကြာခဲ့သည်။ ဆောလမွန်၏ နိုင်ငံတော်မှာ ရှည်ကြာမှုမရှိ။
- ဒါဝိဒ်ကကတိစကားများသည်ထာဝရအသက်နှင့် ဆက်စပ်နေသည်ဟု ဆိုခဲ့သည်။ ယင်းသည်သူ၏အနီးကပ်မိသားစုနှင့်ညွန်းဆိုမှု တစ်ခုခုကို တားမြစ်ထားသည်။ ငါ့အမျိုးအနွယ်သည် ဘုရားသခင်ရှေ့တော်၌ မြဲမြံသည်မဟုတ်လော၊ သေချာစွာစီရင်၍မပျက် နိုင်သောနိစ္စထာဝရ ပဋိညာဉ်ကိုငါနှင့်ဖွဲ့တော်မူခဲ့ပြီ၊ထိုပဋိညာဉ်သည် ချက်ခြင်းမပြည့်စုံ သော်လည်း ငါ့ကိုကယ်တင်ရာအကြောင်း ငါ့အားနှစ်သက်ရာ အကြောင်း ဖြစ်သည်။ (၂ရာ ၂၃း၅)
- ဒါဝိဒ်၏အမျိုးအနွယ်သည်ဒုက္ခမှကယ်တင်ခြင်းခံရသည်။ **Messiah** ဖြစ်သည်။ (ဟေရှာ ၉း၆၊၇၊ ၂၂း၂၂) (ယော ၃၃း၅၊၆၊၁၅) (ယော ၇း၄၂)သို့ ရာတွင်ဆော်လမွန်သည်နောက်ပိုင်းတွင်ဘုရားသခင်ထံမှအဝေးသို့ ထွက်သွားခဲ့သည်။ (၃ ရာ ၁၁း၁-၁၃၊ နေ ၁၃း၂၆)ယင်းမှာ အစ္စရေး၏ မျှော်လင့်ချက်ပြင်ပမှသူများနှင့်သူ၏လက်ထပ်ထိမ်းမြားမှုကြောင့်ဖြစ်သည်။

## လေ့လာမှု ၃ မေးခွန်းများ

၁။ ဘုရားသခင်၏မည်သည့်ကတိစကားသည်အပြစ်ကျူးလွန်ခြင်းနှင့် အမှန်တရားအကြားတသမတ်တည်းသောကြိုးပမ်းမှုကိုမျှော်မှန်းပေးပါသလဲ (က) နောဧ၏ကတိစကား
(ခ) ဒေဗ်၏ကတိစကား
(ဂ) ဒါဝိဒ်၏ကတိစကား
(ဃ) အာဗြဟံ၏ကတိစကား

၂။ ဒေဗ်၏ကတိစကားများနှင့်ပတ်သက်၍အောက်ပါမည်သည့်ဖော်ညွှန်း ချက်များသည် အမှန်ဖြစ်ပါသလဲ
(က) မြွေနဂါး၏အမျိုးအနွယ်သည်လူစီဖာ ဖြစ်သည်
(ခ) ခရစ်တော်နှင့်အမှန်တရားသည်အမျိုးသမီး၏အမျိုးအနွယ်များ ဖြစ်ကြသည်။
(ဂ) မြွေနဂါး၏အမျိုးအနွယ်ကိုဘုရားသခင်အားဖြင့် ယာယီအနာ တရ ဖြစ်စေသည်
(ဃ) အမျိုးသမီး၏အမျိုးအနွယ်ကိုခရစ်တော်၏ သေခြင်းအားဖြင့် ပွတ်တိုက်ချခြင်းခံရသည်။

၃။ အာဗြဟံ၏အမျိုးအနွယ်သည်မည်သည့်နေရာတွင် အစဉ်အမြဲဖြစ် တည်နေပါသလဲ
(က) ကောင်းကင်ဘုံတွင်
(ခ) ဂျေရုဆလင်မြို့တော်ထဲတွင်
(ဂ) ကမ္ဘာမြေပေါ်တွင်
(ဃ)အချို့သည်ကောင်းကင်ဘုံတွင်၊အချို့တို့သည်ကမ္ဘာမြေပေါ်တွင်

၄။ အောက်ပါတို့အနက်မည်သည်များသည်ဒါဝိဒ်သို့ပေးထားသော ကတိ များ ဖြစ်ပါသလဲ
(က) သူ၏ကြီးမားသောမျိုးနွယ်ဆက်သည်အမြဲအုပ်စိုးလိမ့်မည်။

(ခ) သူ၏အမျိုးအနွယ်သည်ကောင်းကင်ဘုံတွင်နိုင်ငံတော်တစ်ခု ပိုင်ဆိုင်လိမ့်မည်။

(ဂ) အမျိုးအနွယ်သည်ဘုရား၏သားတော်ဖြစ်လိမ့်မည်။

(ဃ) သူ၏အမျိုးအနွယ်ယေရှုသည်ကမ္ဘာမြေပေါ်တွင် မမွေးဖွားမီ ကောင်းကင်ဘုံတွင်နေထိုင်ရလိမ့်မည်။

# လေ့လာမှု ၄ ထာဝရဘုရားနှင့်သေခြင်းတရား

## ၄.၁ လူ၏သဘာဝ

လူသားများ၏အဓိကဖြစ်သည့်သေခြင်းတရား၏ အခြေခံအကြောင်း အချက်ဖြစ်သော သေခြင်းတရားသို့မဟုတ်သူတို့၏ ကိုယ်ပိုင်သဘာဝနှင့် ပက်သက်၍ ကမ္ဘာ့ဒဿနတရားကျင့်ကြံအားထုတ်ကြခြင်းတွင် အချိန်အနည်းငယ် သာ အသုံးပြုနေကြဟန်ရှိပေသည်။ ယင်းကဲ့သို့မိမိကိုယ်မိမိ စစ်ဆေးမှု မရှိခြင်း က မိမိကိုယ်ပိုင်အသိဉာဏ်ဗဟုသုတမရှိခြင်းကိုဦးတည်လျက်ရှိပြီ။ ထို့ကြောင့်ပင် သူတို့၏ဆုံးဖြတ်ချက်များသည်သူတို့၏ကိုယ်ပိုင်သဘာဝဆိုင်ရာဆန္ဒများ၏ စေ့ဆော်မှုအတိုင်းဘဝတစ်လျှောက်လုံးတွင်လူများ မျော ပါလျက်ရှိကြလေသည်။ ငြင်းဆိုချက်တစ်ခုရှိသည်။ မည်၍မည်မျှပင်ကာ ကွယ်ထားသော်လည်း ဘဝသည်အလွန်တိုတောင်းသည့် အတွက်နောက်ဆုံးတွင်သေခြင်းတရားသည် ကျွန်ုပ်တို့ အပေါ်သို့ကျရောက်လာမည်ဖြစ်သည်။ သင့်ဘဝသည်ဘာအတွက်လဲ။ ထိုအရာမှာအခိုးအငွေ့တစ်ခုသော်မှဖြစ်ပြီးအချိန်အနည်းငယ်အတွက်သာ ပေါ်လာကာအဝေးသို့ကွယ်ပျောက်သွားတော့သည်။ ကျွန်ုပ်တို့သည် သေအံ့သောသူဖြစ်ကြ၏။ မြေပေါ်မှာသွန်ပြီးလျှင် နောက်တဖန်ကျုံး၍ မယူနိုင် သောရေနှင့်တူကြပါ၏။ လူသည်မြက်ပင် ကဲ့သို့နံနက်အချိန်၌ တိုးပွား တတ်လာ၏။ နံနက်အချိန်၌ ကားပွင့်လန်း၍တိုးပွားပါ၏။ ညဦးအချိန်၌ ကား ရိတ်၍ညှိုးနွမ်းပါ၏။ (ယာ ၄း၁၄၊ ၂ရာ ၁၄း၁၄၊ ဆာ ၉၀း၅၊၆) အမှန် တွေးတတ် သော လူတစ်ဦးဖြစ်သည့်မောရှေက ဤအချက်ကို အမှတ်ရကာ ဘုရားသခင် အားလျှောက်ထားခဲ့သည်။ကျွန်ုပ်တို့သည် ပညာတရားကို နှလုံးသွင်းမိမည် အကြောင်းကို နေ့ရက်ကာလကို ရေတွက်နိုင်စေခြင်းငှာ သွန်သင်တော်မူပါ။(ဆာ ၉၀း၁၂)ထို့ကြောင့်ဘဝသက်တမ်း၏ တိုတောင်းမှုအမြင်အရကျွန်ုပ်တို့က မှန်ကန်သော ဉာဏ်ပညာဆည်းပူးမှုကိုပထမဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်။

လူ၏သေခြင်းတရား၏နောက်ဆုံးအခြေအနေ တုန့်ပြန်မှုမှာ ကွဲပြားခြား နားသည်။ အချို့ယဉ်ကျေးမှုဓလေ့ထုံးတမ်းများက ဆုံးရှုံးမှုနှင့် နောက်ဆုံးဖြစ်မှုကို လျှော့နည်းစေ၍ စေရန်သေခြင်းတရားနှင့်အသုဘကိုဘဝ၏ အပိုင်းအဖြစ် ဆောင်ရွက်ရန်ကြိုးပမ်းကြသည်။ခရစ်ယာန်ဘာသာ ခံယူထားကြသူများ၏ အဓိက ကျသော လူများကနောက်ပိုင်းတွင် ဆုပေးခံရမှုသို့မဟုတ်အပြစ်ပေးခံရမှု ၏အချို့နေရာများသို့သွားခြင်းဖြင့် သေခြင်းတရား ကိုရှင်သန်စေနိုင်သော မသေသည့် ဝိညာဉ်သို့မဟုတ်မသေမှု၏ အချို့အပိုင်းများမှာ သူ၏အတွင်းတွင် ရှိသည်ဟုနိဂုံးသတ်ထားကြသည်။

သေခြင်းတရားသည်လူသားအတွေ့အကြုံ၏ အခြေခံအကျဆုံး အခက်အခဲနှင့်ဝမ်းနည်းကြေကွဲမှုဖြစ်ပေရာလူ၏စိတ်ကို စိတ်ပိုင်းဆိုင်ရာ ထိရောက်မှုကိုနည်းပါးစေရန်လေ့ကျင့်ထားကြရသည်။ ထို့ကြောင့် သေခြင်း တရားနှင့် လူသားတို့၏သဘာဝနှင့် ပတ်သက်၍ သီအိုရီအမှားများ ပေါ်ပေါက်လာခဲ့သည်။ အမြဲအဖြစ်ထိုအရာများကိုယင်း၏ အဓိကကျသော အပိုင်းနှင့် ပတ်သက်သော စစ်မှန်သောအမှန်တရားကိုတွေ့ရန်အလို့ငှာ သမ္မာကျမ်းစာဖြင့် စမ်းသပ်မှုများပြုလုပ်ရမည်ဖြစ်သည်။ သမ္မာကျမ်းစာတွင် ပထမဦးဆုံး မှတ်တမ်းတင်ထားသောအရာမှာ ဧဒင်ဥယျာဉ် အတွင်းမှ မြွေဖြစ် ကြောင်းသတိရသင့်သည်။ ဘုရားသခင်၏ရှင်းလင်းသောဖော်ညွှန်း မိန့်ဆိုချက်သောအကယ်၍သူသည်အပြစ်ကျူးလွန်ပါက မုချသေရ လိမ့်မည် ဟုသောအချက်ကိုဆန့်ကျင်လျက်(က ၂း၁၇)မြွေက သင်သည်မုချကိန်းသေ မသေနိုင်ဟု အခိုင်အမာဆိုခဲ့သည်။(က၃း၄)သေခြင်းတရား၏ နောက်ဆုံး ဖြစ်မှုနှင့်စုစုပေါင်းဖြစ်မှုကိုငြင်းဆို ပြောဆိုရန်ကြိုးပမ်းမှုမှာမှားယွင်းသော ဘာသာအားလုံး၏စရိုက်လက္ခဏာတစ်ခုဖြစ်လာခဲ့သည်။ ဤသို့ဖြင့်မှားယွင်းသောအဆို ပြုချက်များကတစ်ခုမှ နောက်တစ်ခုသို့ ထပ်ဆင့် ပွားများ တော့သည်။ အပြန်အလှန်အားဖြင့်(၁ကော ၁၅း၁၃-၁၇)တွင်ဖော်ပြထား သကဲ့သို့နောက်တစ်ခုသို့ဦးတည်သွားလေသည်။ ဤနေရာတွင် ပေါလသည် မှန်ကန်မှုတစ်ခုမှ အခြားသို့ခုန်သွားသည်။(အကယ်၍---အကယ်၍---အကယ်၍---သတိပြုပါ)

ကျွန်ုပ်တို့၏မှန်ကန်သောသဘာဝကိုနားလည်ရန်သမ္မာကျမ်းစာက လူသားဖန်တီးမှုနှင့်ပတ်သက်၍မည်သည့်အချက်ကို ပြောသူကို ကျွန်ုပ်တို့ စဉ်းစားရန်လိုအပ်သည်။ အကယ်၍တိတိကျကျယူပါက ကျွန်ုပ်တို့သည် သဘာဝအားဖြင့်တိတိကျကျသာ ဖြစ်သည်ကို သံသယမရှိဘဲကျွန်ုပ်တို့ကို ထားခဲ့ပါ။ ထာဝရဘုရားသခင်သည်မြေမှုန့်ဖြင့်လူကိုဖန်ဆင်း၍ သူ၏ နှာခေါင်း ထဲသို့ဇီဝအသက် မှုတ်တော်မူလျှင် လူသည်အသက်ရှင်သောသတ္တဝါ ဖြစ်လာ ၏။ သင်သည်မြေမှုန့်ဖြစ်၍မြေမှုန့်သို့ပြန်ရမည်(က

၂း၇၊ ၃း၉)လူတွင် မသေ ဟူသော အချက်မှာလုံးဝထင်ကြေးပေးမှုမရှိပေ။ သေပြီးနောက်နေထိုင်ရ၍ သူနှင့်ပတ်သက်သော အပိုင်းများလည်းမရှိပေ။

လူသည်အခြေခံအားဖြင့်မြေမှုန့်များဖြင့်သာတည်ဆောက်ထားသည် ဟူသော အချက်အပေါ် တွင်သမ္မာကျမ်းစာက အလေးအနက်ထားသည်။ ကျွန်ုပ်တို့သည် ရွှံ့မြေဖြစ်ပါသည် (ဟေရှာ ၆၄း၈) လူသည်မြေသားဖြစ်သည်။(၁ကော ၁၅း၄၇) လူ၏အခြေသည် မြေမှုန့်ထဲတွင်ဖြစ်သည်။(ယောဘ ၃၄း၁၄၊၁၅)အာဗြဟံကသူသည်မြေမှုန့်နှင့်ပြာမှုန့်များသာ ဖြစ်သည်ဟုဝန်ခံခဲ့သည်။(က ၁၈း၂၇) ဧဒင်တွင်ဘုရားသခင်၏အမိန့်ကိုနာခံခြင်းမပြုသည့် နောက်ပိုင်းတွင်ချက်ခြင်းပင်ထိုလူကိုလွှတ်လိုက်ပါ။ သူသည်ထာဝရအသက်ကို ရခြင်းငှာလက်ကို ဆန့်လျက်အသက်ပင်၏ အသီးကိုယူ၍မစားသင့်။(က၃း၂၄၊၂၂) အကယ်၍လူသည်သဘာဝအားဖြင့်သူ၏အတွင်း၌ မသေနိုင်သောအရာတစ်ခုရှိလျှင်ယင်းအရာမှာမလိုအပ်ပေ။

## အခြေအနေကိုလိုက်၍ဖြစ်သောအသက်မသေနိုင်မှု

ဓမ္မကျမ်းစာ၏စဉ်ဆက်မပြတ်ထပ်တလဲလဲပေးနေသောသတင်းမှာ ခရစ်တော်၏အလုပ်မှတဆင့်လူသည်ထာဝရအသက် နှင့်အသက် မသေနိုင်စေမှုကိုရရှိနိုင်မည့်နည်းလမ်းတစ်ခုကိုရှာနိုင်သည်ဟုဆိုသည်။ ယင်းမှာ သမ္မာကျမ်းစာကဆိုသောအသက်မသေစေနိုင်မှုအမျိုးအစားသာဖြစ်သည်။ထိုအချက်မှာ ရှာသောလုပ်ဆောင်ချက်အတွက် စိတ်ခံစားရမှု၏ ထာဝရ ဖြစ်မှုတစ်ခုအတွေးမှာ သမ္မာကျမ်းစာ၏ ထောက်ခံမှု တစ်စုံတစ်ရာ မပါရှိပေ။ အသက်မသေနိုင်မှုကို ရရှိနိုင်မည့် တစ်ခုတည်းသောနည်းလမ်းမှာ ဘုရားသခင်၏ အမိန့်များကိုလိုက်နာခြင်းမှတဆင့်ဖြစ်ပေသည်။ ရိုသေ လေ့လာ မှုအားကောင်းသောသူ၏ မှန်ကန်မှုအတွက်ဆုလာဘ်ဖြစ်သော ပြီးပြည့်စုံမှု အခြေအနေတစ်ခုအတွင်း မသေစေနိုင်မှုကိုအသုံးပြုရလိမ့်မည်။

အောက်ပါစာပိုဒ်များသည်ဤအသက်မသေစေမှုမှာ အခြေအနေကို လိုက်၍ ဖြစ်သည်ဟူသောအချက်ကိုလုံလောက်သော သက်သေပြချက် ဖြစ်သင့် သည်။ကျွန်ုပ်တို့အနေဖြင့်သဘာဝအလျောက်ပိုင်ဆိုင်သော အရာမဟုတ်ပေ။

- **ခရစ်တော်ကသေခြင်းအကြောင်းကိုပယ်ရှား၍ အသက်ရှင်ခြင်းအကြောင်းနှင့်မဖောက်ပြန်ခြင်းအကြောင်းကိုဧဝံဂေလိ တရား အားဖြင့် ထင်ရှားစေတော်မူပြီ။** (၂တိ ၁း၁ဝ၊ ၁ယော ၁း၂)
- လူသား၏အသားကိုမစား၊ အသွေးကို မသောက်လျှင် သင်တို့၌ အသက်မရှိ၊ ငါ၏အသားကိုစား၍ငါ၏အသွေးကို လည်းသောက် သောသူသည်ထာဝရအသက်ကိုရ၏။ ထိုသူကို နောက်ဆုံးနေ့၌ ငါထမြောက်စေမည်၊ ဤထာဝရ အသက်ကို သူ့ကိုပေးမည်။ (ယော ၆း၅၄၊၅၅)
- သူသည်အသက်မုန့်ဖြစ်၏။ ဤမုန့်ကိုစားသောသူ မည်သည်ကားအစဉ်မပြတ်အသက်ရှင်လိမ့်မည်ဟုခရစ်တော်၏ အကြောင်းအကျိုးဖော်ပြမှုကိုရှင်ယောယန်အခန်းပြတွင် တလျှောက်လုံး ဖော်ပြထားသည်။(ယော ၆း၄၇၊၅ဝ၊၅၁၊၅၇၊၅၈)
- ဘုရားသခင်သည်ယုံကြည်သူကျွန်ုပ်တို့အား ထာဝရ အသက်ကို ပေးတော်မူ၍ ဤအသက်သည်လည်းသားတော်၌ ပါ၏။(၁ယော ၅း၁၁)
- ခရစ်တော်တွင်ယုံကြည်မှုမရှိသူများအတွက် အသက်ရှင်ခြင်း မျှော်လင့်ချက်မရှိနိုင်၊ ခရစ်တော်တွင်ယုံကြည်မှုဖြင့်သာ အသက်ရှင်ခြင်းဖြစ်နိုင်သည်။ သူသည်ထာဝရအသက်၏ သက်သေခံဖြစ်သည်။ (တ ၃း၁၅၊ **AV. mg)**လူတို့အဘို့ အလို့ငှာ ငြိမ်ဝပ်ခြင်းချမ်းသာတစ်မျိုးလည်းကျန်ရစ်ပေ၏။(ဟေဗြဲ ၅း၉)လူတို့အတွက်အသက်ရှင်ခြင်းမှာခရစ်တော်၏ အလုပ်မှ တဆင့်သာ အစပြုပေသည်။
- စစ်မှန်သောယုံကြည်သူများသည်အသက်ရှင်ခြင်း အတွက် ရှာဖွေ ကြပြီး ထာဝရအသက်လက်ဆောင်အားဖြင့် ဆုပေးခြင်း ခံကြရ လိမ့်မည်။(ရော ၂း၇၊ ၆း၂၃၊ ယော ၁ဝး၂၈)
- ခရစ်တော်ရှင်သန်ထမြောက်လာချိန်တွင်ပုပ်တတ်သော အရာ သည် မပုပ်နိုင်သောအဖြစ်သို့တင်စားရမည်။(၁ကော ၁၅း၅၃) အသက်ရှင်ခြင်း ကို ကတိစကားပြုခဲ့သည်။ ယျွအခါတွင်ကား ပိုင်ဆိုင်မှုမရှိပေ။ (၁ယော ၂း၂၅)

- ထာဝရဘုရားသခင်တစ်ဦးတည်းတွင်ထာဝရဂုဏ်သရေ အစွမ်းဖြင့်အသက်ရှင်ခြင်းရှိတော်မူသည်။ (၁တိ ၆း၁၆)

## ၄.၂ ဝိညာဉ်

လူတွင် သူ၏အသက်အတွင်း၌ သဘာဝအားဖြင့်မသေနိုင်သော ဝိညာဉ် သို့မဟုတ်မသေနိုင်သောအရာတစ်ခုခုရှိသည် ဆိုခြင်းမှာ မယုံကြည်နိုင်လောက် အောင် ပင်ဖြစ်သည်။ ကျွန်ုပ်တို့က ယခုအခါဝိညာဉ်၏ ပတ်ဝန်းကျင်မှ ဝိရောဓိများကို ရှင်းလင်းရန်ကြိုးပမ်း ကြလိမ့်မည်။

ဟေဗြဲနှင့်ဂရိစကားလုံးများဖြစ်သော **Nephesh** နှင့် **Psuche** တို့မှာ သမ္မာကျမ်းစာထဲတွင်ဝိညာဉ်ကိုဘာသာပြန်ထားခြင်း ဖြစ်သည်။ အောက်ပါနည်းလမ်းများဖြင့်လည်းဘာသာပြန်ထားသည်။

ခန္ဓာကိုယ် အသက်ရှုမှု
သတ္တဝါ နှလုံး
စိတ် ပုဂ္ဂိုလ်
သူကိုယ်တိုင်

ထို့ကြောင့်ဝိညာဉ်သည်လူ ကိုယ်ခန္ဓာ သို့မဟုတ်ကိုယ်တိုင်ကို ရည်မှန်း သည်။ ထင်ရှားသောကျွန်ုပ်တို့၏ဝိညာဉ်ကိုကယ်ပါ။ ( **Save our Souls** ) ( **S.O.S** )မှာကျွန်ုပ်တို့အားသေခြင်းမှကယ်တင်ပါဟုရှင်းလင်းစွာ အဓိပ္ပါယ် ရသည်။ ထို့ကြောင့်ဝိညာဉ်မှာ သင်သို့မဟုတ်လူတစ်ယောက်ဖြစ်စေမည့် အရာအားလုံးကို စုပေါင်းထားမှုဖြစ်သည်။ ထို့ကြောင့် သမ္မာကျမ်းစာ ၏ ခေတ်မီအသွင်ပြောင်းမှုများစွာ တို့နှင့်ဝိညာဉ်ဟုရှားပါးစွာအသုံးပြုပြီး*သင်☆ သို့မဟုတ် ပုဂ္ဂိုလ်ဟုဘာသာပြန်ဆိုအသုံးပြုထားသည်ကို သိနိုင်ကြပါသည်။ ဘုရားသခင်ဖန်ဆင်းထားသောတိရစ္ဆာန်များကိုရွေ့လျားသတ္တဝါများဟုခေါ်ပြီး၊ သတ္တဝါတိုင်းသည်အသက်ရှင်လျက်ရှိကြသည်။(က ၁း၂၀၊၂၁)သတ္တဝါကို ဘာသာပြန်ဆိုထားသောဟီးဗြူးစကားလုံးမှာ ****nephesh**☆☆ ဖြစ်ပြီး*ဝိညာဉ်☆ ဟုလည်း ဘာသာပြန်ဆို ထားသည်။(က ၂း၇)တွင်ဥပမာအားဖြင့် လူသည်သက်ရှိသတ္တဝါတစ်ဦးဖြစ်လာသည်။ ထို့ကြောင့်တိရစ္ဆာန်များသည်သတ္တဝါများ ဖြစ်သကဲ့သို့လူသည်လည်းသတ္တဝါဖြစ်သည်။ လူသားနှင့် တိရစ္ဆာန်များ အကြား တစ်ခုတည်းသောခြားနားချက်မှာလူသည်တိရစ္ဆာန်များ ထက်စိတ်ပိုင်းဆိုင်ရာတွင်သာလွန်ခြင်းဖြစ်သည်။ သူသည်ဘုရားသခင်၏ ရုပ်ဝတ္ထုဆိုင်ရာ ပုံရိပ်အဖြစ် ဖန်ဆင်းခံထားရခြင်းဖြစ်သည်။ (တ ၁း၂၆)လေ့လာမှု၁.၂ကိုကြည့်ပါ။ သေခြင်း အကြောင်းကိုပယ်ရှား၍ အသက်ရှင်ခြင်းအကြောင်းနှင့် မဖောက်ပြန်ခြင်းအကြောင်းကို ဧဝံဂေလိတရားအားဖြင့်ထင်ရှားစေတော်မူပြီ(၂တိ ၁း၁၀) ကျွန်ုပ်တို့၏ အခြေခံကျသောသဘာဝနှင့်ကျွန်ုပ်တို့၏သေခြင်းတရားနှင့် ပတ်သက်၍လူနှင့်တိရစ္ဆာန်များအကြားတွင်ခွဲခြားကြားနားချက်မရှိပေ။

လူသားကြုံတွေ့သောအမှုကိုတိရစ္ဆာန်တွေ့ကြုံတတ်၏။ ထိုနှစ်ဦး တို့သည် တစ်ခုတည်းသောအမှုကိုတွေ့ကြုံလျက်တစ်ဦးသေသကဲ့သို့ တစ်ဦး သေတတ်၏။ အလုံးစုံတို့သည်အသက်တစ်မျိုးတည်းရှိကြ၏။ သို့ဖြစ်၍ လူသည်တိရစ္ဆာန်ထက်သာလွန်ထူးမြတ်မှု မရှိ။ အလုံးစုံတို့သည်အနတ္တဖြစ်၏။ အလုံးစုံတို့သည်တစ်ခုတည်းသောအရပ်သို့ရောက်တတ်ကြ၏။ အလုံးစုံတို့ သည် မြေမှုန့်ထဲက ဖြစ်သည်နှင့်အညီ မြေမှုန့်ထဲသို့ ပြန်သွား တတ်ကြ၏။

(ဒေ ၃း၁၉၊၂၀)ဒေသနာကျမ်းကို စိတ်တက်ကြွစွာရေးသားသူက၅ခက်ခဲသော အချက်ကိုနှစ်သက်စေရန်ဘုရားသခင်ကလူတို့အားကူညီပါစေဟုဆုတောင်းခဲ့သည်။ လူတို့ကတိရစ္ဆာန်ကဲ့သို့ပင်ဖြစ်သည်ကိုသူတို့ သိမြင်မည့်အကြောင်း နေရာကျ သတည်း(ဒေ ၃း၁၈)၅အချက်ကိုလူအများလက်ခံရန် ခဲယဉ်းကြောင်း တွေ့ရမည်ဟု မျှော်လင့်ပေသည်။ အမှန်အားဖြင့် သဘာဝအားဖြင့်ကျွန်ုပ်တို့ သည် တိရစ္ဆာန်များပင်ဖြစ်သည်ကိုနားလည်၍စိတ်ကိုနိမ့်ချနိုင်သည်။ မိမိကိုယ်မိမိကာကွယ် စောင့်ရှောက်ခြင်း၊ အသက်ရှင်ရန်အတွက် လိုက်လျော ညီထွေ နေထိုင်ရခြင်းနှင့်မွေးဖွားလိုခြင်းဟူသော တူညီသော အခြေအနေအောက် တွင် အသက်ရှင်နေထိုင်နေကြခြင်းဖြစ်ပေသည်။ သူ့အားတိရစ္ဆာန် တစ်ကောင်မျှသာ ဖြစ်သည်ကိုမြင်အောင်ပြုလုပ်ခြင်းဖြင့်

ဘုရားသခင်က လူအားစမ်းသပ်သည်ဟုဒေသနာ ၃း၁၈၏ **N.I.V** ဘာသာပြန်ကဆိုလေသည်။ **i.e** ဘုရားသခင်၏စစ်မှန်သော လူများဖြစ်၍နှိမ့်ချသောသူများသည် ဤအချက်၏ အမှန်တရားကိုသိလိမ့်မည်။ သို့ရာတွင် ဤသို့ နှိမ်ချမှု မရှိသူများ သည် ဤစမ်းသပ်မှု တွင်ကျရှုံးလိမ့်မည်။ လူသားအဖြစ်ရပ်တည်မှုသည် အရေးကြီး၍ တန်ဖိုးရှိမှုမြင့်မားသည်ဟူသောအတွေးမှာနှစ်ဆယ်ရာစုအတွင်း ကမ္ဘာအနှံ့တဖြည်းဖြည်းပျံ့နှံ့လျက်ရှိသည်။ ကျွန်ုပ်တို့၏လူသား၏ ဩဇာ သက် ရောက်မှုအတွေးကိုရှင်းလင်းရန်မှာလုပ်ငန်းတစ်ခု ဖြစ်ပေသည်။(ဆာ ၃၉း၅) သည် ကူညီမှုတစ်ခုအတွက်ထင်ရှားသောစကားလုံးများဖြစ်သည်။ လူမည်သည်ကားလူ၏အထွဋ်သို့ ရောက်သော်လည်းအနတ္တသက်ကယ်ဖြစ်၏။ လူသည်မိမိသွားရာလမ်းကိုအစိုးမရ။(ယော ၁၀း၂၃)

ကျွန်ုပ်တို့သိရှိထားသောအခြေခံအကျဆုံးအရာများအနက် တစ်ခုမှာ လူသားခန္ဓာအားလုံးသည်အားလုံးသက်ရှိသတ္တဝါများ ချည်းဖြစ်သည်။ သေဆုံးကြရမည်။ ထို့ကြောင့်ဝိညာဉ်လည်းသေဆုံးသည်။ ထိုအချက်မှာ မသေသောအရာနှင့်တိကျသော ဆန့်ကျင်ဘက်ဖြစ်သည်။ သမ္မာကျမ်းစာထဲတွင်ဝိညာဉ်ဟု ဘာသာပြန်ထားသောစကားလုံးများကို အသုံးပြုသူများ၏သုံးပုံတစ်ပုံခန့် တို့သည်သေခြင်းတရားနှင့် ဝိညာဉ် စကားလုံးမှာမဖျက်ဆီးနိုင်သော၊ မသေနိုင်သော၊ အရာမဟုတ်ကြောင်း ပြဆိုပေသည်။

**ပြစ်မှားသေသောဝိညာဉ်သည်အသက်သေရမည်။[☆☆] (ဇေယ၁၈း၄)

**ဘုရားသခင်သည်ဝိညာဉ်ကိုဖျက်ဆီးနိုင်သည်။ (မ ၁၀း၂၈)အခြားဝိညာဉ်ကိုဖျက်ဆီးနိုင်သောအညွှန်းများမှာ (ဇေယ ၂၂း၂၇၊ သု ၆း၃၂၊ ဝတ် ၂၃း၃၀)

**ဟာဇော် (**Hazar**)မြို့အတွင်းမှဝိညာဉ်များအားလုံးသည် ဒါးဖြင့်အသတ်ခံခဲ့ကြရသည်။[☆☆] (ယေရှု ၁၁း၁၁၊ စီပီ ၁၀း၃၀-၃၉)

**သက်ရှိဝိညာဉ်တိုင်း သေဆုံးခဲ့ကြသည်။[☆☆] (ဗျာ ၁၆း၃ **cp** ဆာ ၇၈း၅၀)

**ဥပဒေကိုမလိုက်နာသောသူ မည်သူမဆို ကွပ်မျက်ပစ်ရမည် ဟုသောမောရှေ၏ ဥပဒေကမကြာခဏမိန့်ဆိုသည်။[☆☆]
(တော ၁၅း၂၇-၃၁)

**မိုက်သောသူ၏နှုတ်သည် ပျက်စီးရာအကြောင်း နှုတ်ခမ်း တို့သည် လည်းမိမိအသက်ကိုကျော့မိရာအကြောင်း ဖြစ်၏။[☆☆] (သု ၁၈း၇၊ ၂၂း၂၅၊ ယောဘ ၇း၁၅)

**မည်သူမျှကိုယ့်အသက်ကိုကိုယ်မစောင့်နိုင်[☆☆] (ဆာ ၂၂း၂၉)

**ခရစ်တော်သည်သူ၏အသက်ကိုသေခြင်း၌ သွင်း၍ မတရား သောသူနှင့်ရေတွက်ဝင်ခြင်းသို့ရောက်သဖြင့် လူတို့၏ အပြစ်ကိုဆောင်ရွက်ခွင့်ရသည်။ (ဟေရှာ ၅၃း၁၀၊၁၂)

ဝိညာဉ်သည်ကျွန်ုပ်တို့၏အတွင်းမှမသေနိုင်သောမီး တောက် ထက်လူသို့မဟုတ်ခန္ဓာကိုယ်ကိုရည်ညွှန်းမှုကို စကားလုံး ရရှိသော အဓိကစာပိုဒ်များအားဖြင့်ဖော်ပြသည်။

**ဝိညာဉ်၏သွေး[☆☆] (ယေ ၂း၃၄)

**ကျိန်ဆိုသောစကားကိုကြား၍ သက်သေဖြစ်လျက် နှင့်ပြန် မဖြေဘဲနေသဖြင့်ဖြစ်ပွား၍ မိမိဒုစရိုက်အဖြစ်ကို ခံရလျှင် သော်လည်း မစင်ကြယ်သောအရာတစ်စုံတစ်ခုကို အမှတ် တမဲ့ထိမိသဖြင့်မစင်ကြယ်ရာသို့ရောက်၍အပြစ်ရှိသော်လည်း
ကောင်းအကျိုးအပြစ်ကိုမသိဘဲကျိန်ဆိုခြင်း။[☆☆] (ဝတ် ၅း၁-၄)

အို ငါ့ဝိညာဉ်၊ ငါ၏အထဲမှာရှိသမျှကို----ထာဝရဘုရားကို ကောင်းချီးပေးလော့----အို ငါ့ဝိညာဉ်---- ကျေးဇူးတော် အပေါင်းတို့ မမေ့လျော့နှင့် (ဆာ ၁၀၃း၁၊၂၅)

**အကြင်သူသည်မိမိအသက်ကိုကယ်တင်ခြင်းငှာအလိုရှိ၏။ ထိုသူသည်အသက်ဆုံးရှုံးလိမ့်မည်။ အကြင်သူသည် ငါ့ကြောင့် လည်းကောင်း၊ ဧဝံဂေလိတရားကြောင့် လည်းကောင်း၊ အသက်ဆုံး၏။ ထိုသူသည်မိမိ၏အသက်ကို ကယ်ဆယ်လိမ့်မည်။[☆☆] (မာ ၈း၃၅)

ဤအချက်မှာဝိညာဉ်သည်လူ၏အတွင်းမှစိတ်ဝိညာဉ်တစ်ခုခုကို ရည်ညွှန်းခြင်းမဟုတ်ကြောင်းလုံလောက်သောသက်သေပြချက်ဖြစ်သည်။ ဤနေရာတွင်ဝိညာဉ်(ဂရိစာလုံး **'Psuche'**

)မှာတစ်ဦးတစ်ယောက်၏ ရုပ်ပိုင်း ဆိုင်ရာ အသက်ကိုသာရည်ညွှန်း သည်။ ထိုအချက်မှာ ဤ နေရာတွင်မည်သို့ ဘာသာပြန်သည်ကိုပြသည်။

- တော ၂၁း၄ကလူအုပ်စုတစ်စုတွင်ဝိညာဉ်တစ်ခု သာရှိနိုင် ကြောင်းဖော်ပြသည်။ ⁎ဝိညာဉ်☼ သည်ကျွန်ုပ်တို့၏ တစ်ဦးချင်းအတွင်း ရှိနေသော လူပုဂ္ဂိုလ်ဆိုင်ရာ အသက်ရှင်ခြင်း၏ မီးတောက်တစ်ခုကိုမရည်ညွှန်းနိုင်ပေ။

## ၄.၃ လူ၏ဝိညာဉ်

**'Soul'** နှင့် **'Spirit'** အကြားလူများ၏ **'minds'** အတွင်းက အကြောင်းမလှသောရောထွေးမှုတစ်ခုရှိသည်။ အချို့သော ဘာသာစကားများနှင့် ကျမ်းစာဘာသာပြန်များတွင်အင်္ဂလိပ်စာလုံး **'Soul'** နှင့် **'Spirit'** တို့တွင် အဓိပ္ပါယ်တူညီစွာရှိမှုကပို၍ဆိုးရွား စေသောအချက်ဖြစ်သည်။ **'Soul'** သည် အခြေခံအားဖြင့်လူတစ်ဦးတစ်ယောက်၏ပါဝင်မှုအစိတ်အပိုင်းအားလုံးကိုရည်ညွှန်းပြီး တစ်ခါတစ်ရံတွင် **'Spirit'** ကိုလည်းရည်ညွှန်းနိုင်သည်။ မည်သို့ပင်ဖြစ်စေ ကျမ်းစာတွင်အသုံးပြုထားသကဲ့သို့ **'Soul'** နှင့် **'Spirit'** အကြား သာမန်အားဖြင့် အဓိပ္ပါယ်ကွဲပြားမှုတစ်ခုရှိပေသည်။ **'Soul'** နှင့် **'Spirit'** ကို (ဟေဗြဲ ၄း၁၂)တွင်ဖော်ပြထားသည့်အတိုင်း ခွဲခြားနိုင်သည်။

⁎⁎ဘုရားသခင်၏နှုတ်ကပတ်တရားတော်သည်အသက်ရှင်ခြင်း တန်ခိုးနှင့် ပြည့်ပြင်ခြင်းသိလျှက်ဇကာတို့ထက် ထက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ အသက်နှင့်စိတ်ဝိညာဉ်ကိုလည်းကောင်း၊ အရိုးအဆစ်နှင့်ခြင်ဆီကိုလည်းကောင်း၊ ပိုင်းခြား၍ထုတ်ခြင်းခွင်း တတ်၏။ စိတနှလုံးအကြံအစည်များကို လည်း သိမြင်တတ်၏။☼☼

**'Spirit'** အတွက်ဟီးဗြူးနှင့်ဂရိစကားလုံးများဖြစ်သော **Ruach** နှင့် **Pneume** များကိုအောက်ပါနည်းလမ်းများအတိုင်း ဘာသာပြန်ဆိုနိုင်သည်။

အသက် ဝိညာဉ်
စိတ် လေ
အသက်ရှုခြင်း

ကျွန်ုပ်တို့အနေဖြင့် **'Spirit'** ၏အတွေးကိုလေ့လာမှု ၂.၁တွင် လေ့လာခဲ့ပြီးဖြစ်သည်။ ဘုရားသခင်သည်သူ၏ဝိညာဉ်ကို လူအပါအဝင် သဘာ ဝဆိုင်ရာဖန်ဆင်းမှုများကိုထိမ်းသိမ်းရန်အသုံးပြုမည်။ လူ၏အတွင်း၌ ရှိသော ဘုရားသခင်၏ဝိညာဉ်တော်မှာသူ့အထဲတွင်ရှိသောဘဝအင်အားပင်ဖြစ်သည်။ ဝိညာဉ်ကင်းသော ကိုယ်သည်အသေဖြစ်သည်။(ယာ ၂း၂၆) ဘုရားသခင်သည် အာဒံ၏နှာခေါင်းအတွင်းသို့ဘဝ၏ ဇီဝအသက်ကိုနှုတ်တော်မူလျှင် သူသည် အသက်ရှင်သောသတ္တဝါဖြစ်လာ၏။ (က ၂း၇)

ဘုရားသခင်၏ဝိညာဉ်သည်ငါ၏နှာခေါင်းအတွင်းတွင် ရှိသည်ဟု ယောဘ ကပြောသည်။(ယောဘ ၂၇း၃ **cp** ဟေရှာ ၂း၂၂) ကျွန်ုပ်တို့၏ အတွင်း သို့ အသက်ဝိညာဉ်ကိုမွေးဖွားမှုအဖြစ်ကျွန်ုပ်တို့အားပေးခဲ့ပြီး ကျွန်ုပ်ခန္ဓာကိုယ် အသက်ရှင်သမျှတာရှည်စွာတည်ရှိ နေမည်။

ဘုရားသခင်၏ဝိညာဉ်ကိုလက်ဦးတစ်ယောက်ထံမှ ထုတ်ယူလိုက်သော အခါ ထိုအရာမှာတမဟုတ်ချင်းကွယ်ပျောက်များ သည်ဝိညာဉ်သည်သက်ရှိအား ပင်ဖြစ်သည်။ ဘုရားသခင်သည်လူကိုအလိုတော်မရှိ၍ လူ၏အသက်ဝိညာဉ်ကို ရုတ်သိမ်းတော်မူလျှင် ခပ်သိမ်းသောလူသတ္တဝါတို့သည် ချက်ခြင်းသေပျောက်၍ မြေမှုန့်သို့တဖန်ရောက်ကြရလိမ့်မည်။ ယျှမှာသင်သည်ဉာဏ်ရှိသည် ဖြစ်၍ ဆင်ခြင်ဦးလော့။ (ယောဘ ၃၄း၁၄-၁၆)

ဘုရားသခင်သည်သေဆုံးသည်အခါကျွန်ုပ်တို့ထံမှဘုရားသခင်၏ ဝိညာဉ်ကိုယူသွားသောအခါကျွန်ုပ်တို့၏ရုပ်ခန္ဓာသည် သေရုံမက ကျွန်ုပ်တို့၏အသိစိတ်လည်းတစ်ခုလုံးရပ်ဆိုင်းသွားသည်။ ဤအချက်နှင့် ပတ်သက်၍ဒါဝိဒ်၏သဘောကျနှစ်ခြိုက်မှုမှာ လူကဲ့သို့ အားနည်းသော သတ္တဝါများထက် ဘုရားသခင်အပေါ်တွင်ယုံကြည်မှုဖြစ်ပေါ်စေလေသည်။(ဆာ ၁၄၆း၃-၅)သည်လူသားနှင့် ပတ်သက်သောတောင်းဆိုမှုများအတွက် ကြမ်းတမ်း သော တုန့်ပြန်မှုဖြစ်သည်။

မင်းများမှစ၍မကယ်တင်နိုင်သောလူသားကိုမကိုးစား ကြနှင့်သူသည်အသက်ထွက်၍မြေသို့ပြန်သွားတတ်၏။ ထိုနေ့ချင်းတွင်သူ၏ အကြံအစည်တို့သည်ပျက်စီးကြ၏။

သေသည့်အချိန်တွင်မြေမှုန့်သည်နေရင်းမြေသို့လည်းကောင်း၊ ဝိညာဉ်သည်အရင်ပေးတော်မူသောဘုရားသခင်ထံသို့လည်းကောင်းပြန် သွားရလိမ့် မည်။ (ဒေ ၁၂း၇)ဘုရားသခင်သည်သူ၏ ဝိညာဉ်တော်မှတဆင့်နေရာတိုင်းတွင် ရှိနေကြောင်းအစောပိုင်းတွင် ကျွန်ုပ်တို့ပြဆိုခဲ့ပြီးဖြစ်သည်။ ဤသဘောအရ ဘုရားသခင်သည်ဝိညာဉ်ဖြစ်သည်။(ယော ၄း၂၄)ကျွန်ုပ်တို့သေလွန်သောအခါ ကျွန်ုပ်တို့ထံမှခွဲခွာတော့မည်ဟူသောအသိဖြင့်ကျွန်ုပ်တို့၏ နောက်ဆုံး အသက်ရှုမှုကိုပြုလုပ်ရသည်။ ကျွန်ုပ်တို့ဝန်းကျင်မှထိုဝိညာဉ်မှာ ဘုရားသခင်၏ ဝိညာဉ်အတွင်းသို့စုပ်ယူခြင်းခံရသည်။ သို့ဖြစ်ရာ သေသည့်အခါတွင် ဝိညာဉ်သည် ဘုရားရှင်ထံသို့ပြန်သွားလိမ့်မည်။

ဘုရားရှင်ဝိညာဉ်သည်ဖန်တီးမှုအားလုံးတွင်ခွဲ၍ရှိနေခြင်းကြောင့် သေခြင်းတရား၏ တူညီသောဖြစ်စဉ်မှာသတ္တဝါတိုင်းရရှိ ကြသည်။ လူနှင့်တိရစ္ဆာန်များတွင်တူညီသောဝိညာဉ်သို့မဟုတ် သက်ရှိအားမှာ ၎င်းတို့ အတွင်းတွင် အတူတူပင်ဖြစ်သည်။ လူသားတွေ့ကြုံသောအမှုကို တိရစ္ဆာန် တွေ့ကြုံတတ်၏။ ထိုနှစ်ဦးတို့သည်တခုတည်းသောအမှုကို တွေ့ကြုံလျက် တစ်ဦးသေသကဲ့သို့တစ်ဦးသေတတ်၏။အလုံးစုံတို့သည် အသက် တစ်မျိုးတည်းရှိကြ၏။ သို့ဖြစ်၍လူသည်တိရစ္ဆာန်ထက် ထူးမြတ်သော အကြောင်းမရှိ၊ အလုံးစုံသည်အနတ္တဖြစ်၏။(ဒေ ၃း၁၉)လူနှင့် တိရစ္ဆာန်တို့၏ ဝိညာဉ်များအကြားသိသာခွဲပြားခြားနားမှုမရှိကြောင်းစာရေးသူက ဆက်၍ဆိုပါသည်။(ဒေ ၃း၂)လူနှင့်တိရစ္ဆာန်တို့၏တူညီသော ဝိညာဉ်တော်နှင့် သေဆုံးခြင်းအတွက်ဖော်ပြချက်မှာနှစ်ဦးစလုံးတွင် ဘုရားသခင်၏ အသက်ဝိညာဉ်ရှိကြသောလူတွင်၊ တိရစ္ဆာန်နှစ်မျိုးစလုံး၏ ဖော်ပြချက်ကို ဖော်ညွှန်းသည်။(က ၂း၇၊ ၇း၁၅)ရှိမှုများမှာ ရေလွှမ်းမိုးချိန်တွင် တချိန် တည်းသေဆုံးပြီး ဖျက်ဆီးခြင်းခံကြရသည်။ မြေပေါ်မှာလှုပ်ရှားတတ်သော တိရစ္ဆာန် မျိုးတည်းဟူသော ငှက်၊ သားယဉ်၊ သားရဲ၊ မြေပေါ်တွင် တွားသွား တတ်သောတိရစ္ဆာန်အပေါင်းတို့နှင့်လူအပေါင်းတို့သည်သေကြကုန်၏။ အသက်ရှုလျက်ကုန်းပေါ်မှာရှိသမျှတို့သည်သေကြကုန်၏။(က ၇း၂၁-၂၃) (ဆာ ၉၀း၅)ကလူတို့ကိုလွှမ်းမိုးတိုက်သွားသည်။ ဖော်ပြမှုကိုမှတ်သားပါ။ ကမ္ဘာဦးကျမ်း၇ မှ နှုတ်ခမ်းတွင်အခြေခံအားဖြင့် လူသည်အခြားသက်ရှိ အရာဝတ္ထုများသက်ရှိများနှင့်တူညီသော အမျိုးအစားဖြစ်သည်။ ဤအချက်မှာ တိရစ္ဆာန်များကဲ့သို့သူတို့အတွင်းတွင် တူညီသော အသက်ဝိညာဉ်တွင် ရှိနေသော ကြောင့်ဖြစ်သည်။

## ၄.၄ သေခြင်းတရားသည်သတိမရှိတော့မှုဖြစ်သည်

**'Soul'** နှင့် **'Spirit'** တို့နှင့် ပက်သက်၍ကျွန်ုပ်တို့လေ့လာခဲ့ခြင်းမှ သေသွားသည့် လူတစ်ယောက်တွင်သတိလုံးဝမရှိ တော့ကြောင်းသိသင့်သည်။ ဘုရားသခင်သို့တာဝန်ရှိသောသူများ၏လုပ်ဆောင်ချက်များကိုဘုရားသခင်အားဖြင့်အမှတ်ရစေ လိမ့်မည်။(မ ၃း၁၆) (ဗျာ ၂၀း၁၂) (ဟေဗြဲ ၆း၁၀)သေသည့် အခြေအနေတွင် ကျွန်ုပ်တို့နှင့် သတိရှိနေသည်ဟုသမ္မာကျမ်းစာထဲတွင် အကြံပြုထားချက်မရှိပေ။ ဤအချက်နှင့်ပတ်သက်သောအောက်ပါရှင်းလင်းသော ဖော်ပြချက်များကို ငြင်းချက် ထုတ်ရန်ခဲယဉ်းပေသည်။

**သူသည်အသက်ထွက်၍မြေသို့ပြန်သွားတတ်၏။ ထိုနေ့ခြင်းတွင်သူ၏အကြံအစည်တို့သည်ပျက်စီးကြသည်။** (ဆာ ၁၄၆း၄)

**သေသောသူသည်အဘယ်အရာကိုမျှမသိ၊ သူတို့၏ချစ်ခြင်း၊ မုန်းခြင်း၊ ငြူစူခြင်းသည်လည်းပျောက်ပျက်၏။ (ဒေ ၉း၅၆)၊ သင်္ချိုင်းတွင်အသိဉာဏ်မရှိ(ဒေ၉း၁၀) တွေးတောမှုမရှိ၍ သတိလည်းမရှိတော့။**

**သေသည်အခါသူသည် သူမဖြစ်ခဲ့သော်လည်း ကဲ့သို့ ဖြစ်လိမ့်မည် ဟုယောဘကပြောသည်။ (ယောဘ ၁၀း၁၈) သူကသေခြင်းတရားကိုမေ့လျော့ခြင်းသတိမရခြင်းနှင့် တည်ရှိမှုလုံးဝမရှိတော့ခြင်းဟူသောကျွန်ုပ်တို့မမွေးမီရှိခဲ့သော အရာများဖြစ်သည်ဟုမြင်ခဲ့သည်။**

**တိရစ္ဆာန်များကဲ့သို့လူသည်လည်းသေရသည်။(ဒေ ၃း၁၈)
အကယ်၍လူသည်တစ်နေရာတွင်သတိရှိစွာ ဖြင့်သေခြင်း
တရားကိုရှင်သန်စေခဲ့လျှင်သူတို့လည်းရှင်သန်ရမည်ဖြစ်သည်။
သို့တိုင်စာ ပေကျမ်းဂန်နှင့်သိပ္ပံပညာ နှစ်မျိုးစလုံးမှာ ယင်းနှင့် ပတ်သက်၍ငြိမ်သက်နေမည်ဖြစ်သည်။☆☆
**ကျွန်ုပ်တို့သည်မြေမှုန့်များဖြစ်ကြောင်းဘုရားသခင် သတိရှိသည်။ လူတို့၏နေ့ရက်ကာလသည် မြက်ပင်ခဲ့သို့ ဖြစ်၏။ လူသည်လယ်ပြင်၌ ရှိသောပန်းပွင့်ကဲ့သို့ပွင့်တတ်၏။ လေသည်လွန်သွားလျှင်အပွင့်ပျောက်၍သူ၏နေရာသည် နောက်တစ်ဖန်သူ့ကိုမသိရာ။☆☆ (ဆာ ၁၀၃း၁၄-၁၆)

သေခြင်းတရားသည်မှန်ကန်မှုအတွက်သော မှအမှန်တယ်ပင် သတိမရှိ တော့ ကြောင်းသူတို့၏ အသက်များကိုဆွဲဆန့်ခွင့် မပြုရန်။ ဘုရားသခင်၏ အစေအပါးတို့၏ ထပ်တလဲလဲလျှောက်ထားချက်ဖြင့် ညွှန်ပြခဲ့ပြီး ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သေခြင်းတရားကိုသတိမရှိတော့သည့် အခြေတစ်ခုအဖြစ် သိမြင်လျှက် သေပြီးသည့်နောက်တွင် ဘုရားသခင်အား ချီးမွမ်း ထောပနာပြုနိုင် တော့မည်မဟုတ်တော့သည်ကိုသိသောကြောင့်ဖြစ်သည်။ **Hezekiah** (ဟေရှာ ၃၈း၁၇-၁၉)နှင့်ဒါဝိဒ်(၆း၄၊၅၊၃၀း၉၊၃၉း၁၃၊၁၁၅း၁၇) တို့သည်ဤအချက်၏ဥပမာကောင်းများဖြစ်ကြသည်။ သေခြင်းတရားကိုအမှန်၊ အမှားနှစ်မျိုးစလုံး၌ အိပ်ခြင်းသို့မည်အနားယူခြင်း အဖြစ်ထပ်တလဲလဲ ညွှန်းဆိုထားသည်။ (ယောဘ ၃း၁၁၊၁၃၊၁၇) (ဒံ ၁၂း၁၃)

သေဆုံးပြီးနောက်မှန်ကန်စွာ လုပ်ဆောင်သူများအနေဖြင့်ချမ်းသာ သုခနှင့် ဆုလာဘ်ကိုကောင်းကင်ဘုံတွင်တိုက်ရိုက် ရရှိမည်။ ထင်ရှားသောခံယူချက်ကို
သ မ္မာ ကျမ်းစာထဲ တွင်ရှင်းလင်းစွာမတွေ့ရကြောင်းထုံထိုင်းစွာ ဖော်ပြချက်မှာ ယ္ခုအခါ ကျွန်ုပ်တို့အတွက် သက်သေသာဓကထုတ်လိုက်ပြီးဖြစ်သည်။ သေချိန် တွင် စစ်မှန်သောဩဝါဒနှင့်လူ၏ သဘာဝကကြီးမားသော ငြိမ်းချမ်းမှုခံစားချက် တစ်ခုကိုဖြည့်ဆည်းပေးသည်။ လူ့ဘဝ၏**traunes** နှင့် ဒုက္ခများ ခံစားရင်း နောက် သချိုင်းလည်းသည် စုစုပေါင်းမေ့လျော့မှု၏ နေရာဖြစ်သည်။ ဘုရားသခင်၏ လိုအပ်ချက်များကိုမသိကြသောသူများအတွက် ဤမေ့လျော့မှုမှာ အစဉ်အမြဲတာရှည်လိမ့်မည်ဖြစ်သည်။ ယင်းမြေကွဲအပ်ရာနှင့် ဖြည့်ဆည်းမှု မရှိသော သဘာဝဆိုင်ရာဘဝ၏ ကောင်းသော ကိန်းဂဏာန်းများမှာ မည်သည့်အခါတွင်မှမြင့်မား လိမ့်မည်မဟုတ်ပေ။ အကျိုးမရှိသော မျှော်လင့် ချက်များနှင့် သဘာဝလူ့စိတ်ကို ကြောက်ရွံ့မှုများသိနိုင်မည်မဟုတ်၊ ငြိမ်းခြောက် ခံရလိမ့်မည်မဟုတ်။

သမ္မာကျမ်းစာလေ့လာမှုတွင်အမှန်တရား၏ စနစ်တစ်ခုကို တွေ့ရှိနိုင်သည်။ သို့တိုင်လူ၏ဘာသာရေးဆိုင်ရာအတွေးမှား စနစ်တစ်ခုလည်း ရှိနေသည်မှာဝမ်းနည်းဘွယ်ရာဖြစ်သည်။ ယင်းမှာ သမ္မာကျမ်းစာကို အာရုံစိုက်မှုမရှိခြင်းကြောင့် ဖြစ်သည်။ သေခါနီးတွင် ပျော့ပျော့ပျောင်းပျောင်း ဖြစ်စေရန်လူ၏ မျှော်လင့်ချက်မရှိသော ကြိုးပမ်းမှုများက သူ့တွင် မသေနိုင်သောဝိညာဉ်တစ်ခု ရှိနေသည်ဟုယုံကြည်စေသည်။ ယင်းကဲ့သို့ မသေနိုင်သော အရာတစ်ခုလူ့အတွင်းတည်ရှိနေသည်ကို လက်ခံလိုက်သည်နှင့် တပြိုင်နက် သေပြီးသည့်နောက်တွင်တနေရာရာသို့ သွားရမည်ဟု တွေးရန်လိုအပ်လာသည်။ ဤအချက်ကသေသည့်အခါတွင် အမှန်အမှားက အကြောင်းတရားများအကြားကွဲပြားမှုအချို့ရှိရမည်ဟူသော အတွေးသို့ ဦးတည်သွားစေသည်။ ယင်းကိုဖြည့်ဆည်းရန်နိဗ္ဗာန်ဟု ခေါ်သောကောင်းသော မသေသည့်ဝိညာဉ်သွားရန်နေရာတစ်ခုနှင့်ငရဲဟုခေါ်သော အကောင်းသော မသေသည့် ဝိညာဉ်များသွားရမည့် အခြားနေရာတစ်ခုရှိရမည်ဟုဆိုသည်။ မသေနိုင်သောဝိညာဉ်မှာသမ္မာကျမ်းစာအရမဖြစ်နိုင်မှုတစ်ခုအဖြစ် ရှေ့ပိုင်းတွင် ကျွန်ုပ်တို့ ဖော်ပြခဲ့ပြီးဖြစ်သည်။ ထင်ရှားသောအကြောင်းပြချက်များအတွင်းမှ အခြားအတွေးမှားများကိုယ္ခုဆန်းစစ်ကြလိမ့်မည်။

၁။ ကျွန်ုပ်တို့၏ဘဝများအတွက်သေသည့်အခါတွင်မသေနိုင်သောဝိညာဉ်
များ ပုံစံဖြင့်နေရာတစ်ခုခုသို့ သတ်မှတ်ပေးခြင်း ဖြစ်သည်။
၂။ ကောင်းမှုပြုလုပ်ခြင်းနှင့်မကောင်းမှုပြုလုပ်ခြင်းအကြားခွဲခြားမှုသည် သေသည့်အခါတွင်ဖြစ်ပေါ်သည်။
၃။ ကောင်းမှုပြုလုပ်သူများအတွက်ဆုလာဘ်မှာနိဗ္ဗာန်ဘုံသို့ သွားရန် ဖြစ်သည်။
၄။ အကယ်၍လူတိုင်းတွင်မသေနိုင်သောဝိညာဉ်တစ်ခုရှိပါက လူတိုင်းသည် နိဗ္ဗာန် သို့မဟုတ် ငရဲတစ်ခုခုသို့သွားရမည်ဖြစ်သည်။

၅။ မကောင်းမှုပြုလုပ်သူများ၏ဝိညာဉ်သည်ငရဲဟုခေါ်သော အပြစ်ပေးသည့် နေရာတစ်ခုသို့သွားလိမ့်မည်။

ကျွန်ုပ်တို့၏လေ့လာဆန်းစစ်မှုမှာ အပြုသဘောဆောင်ပေသည်။ ထိုအချက်များကို အသေးစိတ်စဉ်းစားခြင်းဖြင့်လူ့သဘာဝနှင့် ပတ်သက်သော မှန်ကန်သောပုံများ၏ အရေးကြီးသောအပိုင်းများဖြစ်သည့်သမ္မာကျမ်းစာ၏ အစိတ် အပိုင်းများစွာ တို့ကိုကျွန်ုပ်တို့က ဖော်ပြနိုင်လိမ့်မည်ဟု ကျွန်ုပ်တို့ယုံကြည် ပါသည်။

## ၄.၅ ပြန်လည်ရှင်သန်ထမြောက်ခြင်း

ကောင်းမှုပြုလုပ်သူများ၏ဆုလာဘ်မှာ ခရစ်တော်လာမည့်အချိန်တွင် ရှင်သန် ထမြောက်ခြင်းဖြစ်လိမ့်မည်ဟု သမ္မာကျမ်းစာကအလေးအနက်ထား ပြောဆို လေသည်။ (၁သက် ၄း၁၆)တဖန်ရှိသောသေခြင်း၏ ပြန်လည်ရှင်သန် ထမြောက်မှု(လေ့လာမှု၄.၈ကို ကြည့်ပါ) မျာခရစ်တော် ပထမဦးဆုံး လုပ်ဆောင် ချက် ဖြစ်လိမ့်မည်။ ယင်း၏နောက်တွင်ဆုံးဖြတ်မှုလိုအပ်လိမ့်မည်။ အကယ်၍ သေသည့် အချိန်တွင်ဝိညာဉ်သည် ကောင်းကင်ဘုံသို့သွားခဲ့လျှင် ပြန်လည် ရှင်သန်မှုအတွက်မလိုအပ်တော့ပေ။ အကယ်၍ပြန်လည်ရှင်သန် ထမြောက်မှု မရှိလျှင်ဘုရားသခင်သို့လေးစားမှုကြိုးပမ်းချက်များအားလုံးမရှိတော့ပေ။ (၁ကော ၁၅း၃၂) အကယ်၍သူ့အနေဖြင့် သေသည့်အခါကောင်းကင်ဘုံသို့သူ၏ ဝိညာဉ်ဖြင့်သွားရန်ဆုလာဘ်ပေးခြင်းခံရလိမ့်မည်ဟုယုံကြည်ခဲ့လျှင် သူ့အနေဖြင့် ဤအတိုင်း အကြောင်းပြနိုင်ပါမည်လား။ အကျိုးသက်ရောက်မှုမှာ ခန္ဓာကိုယ် ပြန်လည်ရှင်သန်ထမြောက်ခြင်းမှာ တစ်ခုတည်းသောဆုလာဘ် ပုံစံဖြစ်သည်ဟု သူကယုံကြည်မှုပင်ဖြစ်သည်။ ယျွအခါတွင်သစ္စာရှိသော နေထိုင်မှုအတွက် ချီးမြှင့်မှုမှာ ပြန်လည်ရှင်သန်ထမြောက်ချိန် တွင်ဖြစ်လိမ့်မည်ဟု ခရစ်တော်က ကျွန်ုပ်တို့အားမျှော်လင့်ချက်ဖြင့်အားပေးခဲ့သည်။ (လု၁၄း၁၄)

သမ္မာကျမ်းစာကခန္ဓာကိုယ်ပုံစံဖြင့်မှတစ်ပါးတည်ရှိမှုပုံစံတစ်ခုခုကို မသင်ကြားကြောင်းမှတ်သားရသည်။ ယင်းမှာဘုရားသခင် တမန်တော်များနှင့် လူများသို့အသုံးပြုသည့်ခရစ်တော်ကောင်းကင်ဘုံမှကြွလာတော်မူချိန်တွင် ယုတ်ညံ့သောငါတို့၏ ကိုယ်ခန္ဓာကိုပင် ဘုန်းအသရေနှင့်ပြည့်စုံသော ကိုယ်ခန္ဓာတော်၏နည်းတူဖြစ်စေခြင်းငှာ အသစ်ပြင်ဆင်တော်မူလတ္တံ့၊(ဖိ ၃း၂၀၊၂၁) ယျွအခါသူ့တွင် တိကျသောသမ္မာကိုယ်ပုံစံရှိသမျှအစစ်အမှန်အားဖြင့် သွေးထက် ဝိညာဉ်အားဖြင့် ခွန်အားကိုဖြစ်စေသကဲ့သို့ကျွန်ုပ်တို့အနေဖြင့်တူညီသော ဆုလာဘ်တစ်ခုကို မျှဝေရရှိလိမ့်မည်။ ဆုံးဖြတ်ချိန်တွင်ခန္ဓာကိုယ်ပုံစံဖြင့် ဤဘဝတွင် ကျွန်ုပ်တို့မည်ကဲ့သို့နေထိုင်မှုပြုခဲ့ခြင်းအတွက်ချီးမြှင့်မှုတစ်ခု ရရှိကြလိမ့်မည်ဖြစ်သည်။(၁ကော ၅း၁၀)ဘဝကို ရေစုန်မျောနေသူများ အနေဖြင့် လက်ရှိသေသောခန္ဓာဖြင့်လူ့ဘဝမှ ထွက်ခွာသွားကြရမည်။ ထို့နောက် ပုပ်သိုးဆွေးမြေ့ပြီးမြေမှုန့်ဖြစ်သွားကြသည်။ မိမိဇာတိပကတိ၌ မျိုးစေ့ကြဲသောသူ သည်ဇာတိပကတိအားဖြင့် ပုပ်ပျက်ခြင်းအသီးအနှံကိုကိုက်ရလိမ့်မည်။ ဝိညာဉ် ပကတိမျိုးစေ့ကြဲသောသူသည်ဝိညာဉ်ပကတိအားဖြင့်ထာဝရအသက်ရှင်ခြင်းအသီးအနှံကိုရိတ်ရလိမ့်မည်။ (ဂလာ ၆း၈)

လူမှန်များ၏ဆုလာဘ်မှာ ခန္ဓာကိုယ်ပုံသဏ္ဍာန်တစ်ခုဖြစ်လိမ့်မည် ဟူသောနောက်ထပ် ယုံကြည်စေမှုရှိပေသည်။ ဤအချက်ကို လက်ခံပြီးဖြစ်ပါက ပြန်လည်ရှင်သန်ထမြောက်ခြင်း၏အရေးပါမှုမှာ သိသာမြင်သာသင့်သည်။ အကယ်၍ကျွန်ုပ်တို့အနေဖြင့်ထာဝရ အသက်နှင့် အသက်ရှင်ခြင်းကို ခန္ဓာ ကိုယ်ပုံသဏ္ဍာန်တစ်ခုဖြင့်သာတွေ့ကြုံခံစားရနိုင်ပါကကျွန်ုပ်တို့၏ လက်ရှိ ခန္ဓာကိုယ်မှာသေသည့် အခါတွင်တည်ရှိမှုကို ထင်ရှားစွာရပ်တန့်သွားသည်။ ထိုအချက်မှာ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်အားပြန်လည် ဖန်ဆင်းပြီးဘုရားသခင်၏ သဘာဝအတိုင်းပေးသည့်တိုင်အောင်သေခြင်းမှာကာတိမရှိတော့သည့် အခြေအနေ တစ်ခုဖြစ်ရမည်ကိုလိုက်နာခြင်းဖြစ်သည်။

(၁ကော ၁၅)တစ်ခုလုံးသည်ပြန်လည်ရှင်သန်ထမြောက်ခြင်းနှင့် ပတ်သက်သော အသေးစိတ်အချက်များကိုပြောသည်။ အမြဲသတိထား၍ ဖတ်ရှုကြရလိမ့်မည်။(၁ကော ၁၅း၃၅-၄၄)ကမျိုးစေ့တစ်စေ့ကို မည်ကဲ့သို့ စိုက်ပြီး မြေကြီးပေါ်မှထွက်လာကာ ဘုရားသခင်အားဖြင့်ခန္ဓာကိုယ်တစ်ခုကို ပေးသည့် အချက်ကိုရှင်းလင်းပြသည်။ အလားတူသေခြင်းမှ ရှင်သန် ထမြောက်ပြီး ခန္ဓာကိုယ်တစ်ခုဖြင့်ဆုပေးခြင်းခံရသည်။

သချိုင်းမှခရစ်တော်ထလာသည့်အခါတွင်သူ၏ သေနေသော ခန္ဓာကိုယ် သည်အသက်ရှင်သောခန္ဓာကိုယ်တစ်ခုသို့ ပြောင်းလဲသွား သကဲ့သို့ စစ်မှန်သော ယုံကြည်မှုများသည်လည်းဤ ဆုလာဘ်ကိုမျှဝေ ခံစား ကြရလိမ့်မည်။ (ဖိ ၃း၂၁)

ဗတ္တိဇံခံခြင်းဖြင့် ထိုသခင်နှင့်အတူ သင်္ဂြိုလ်ခြင်း ကို ခံကြ၏။ အကြောင်းမူကား ခရစ်တော်သည်ခမည်းတော်၏ ဘုန်းတန်ခိုးအားဖြင့် သေခြင်းမှထမြောက်တော် မူသည့် နည်းတူငါတို့သည် လည်းအသစ်သောအသက်၌ ကျင်လည်ကြရသည်။ (ရော ၆း၃-၅)သူ၏ဒုက္ခများကိုယှဉ်မျှဝေခံစား ခြင်းမှတဆင့်ကျွန်ုပ်တို့ကသူ၏ ဆုလာဘ်ကိုလည်းမျှဝေခံစားရရှိကြလိမ့်မည်။ သခင်ယေရှု၏အသက်ရှင်တော်မူ ကြောင်းကိုငါတို့ ကိုယ်ခန္ဓာ၌ ထင်ရှားစေခြင်းငှာယေရှု၏ သေတော်မူခြင်းကိုငါတို့၏သေတတ်သောကိုယ်ခန္ဓာတွင်ထင်ရှားစေခြင်းငှာ ငါတို့သည်အသက်ရှင်စဉ်တွင်ယေရှုကြောင့်သေခြင်းလက်သို့အစဉ်အပ်နှံခြင်းကိုခံကြရ၏။(၂ကော ၄း၁၀)

ယေရှုကိုသေခြင်းမှထမြောက်စေတော်မူသောဘုရား၏ ဝိညာဉ်တော် သည် သင်တို့အထဲ၌ ကိန်းဝပ်တော်မူလျှင်ခရစ်တော် ကိုသေခြင်းမှ ထမြောက် တော်မူသော ဘုရားသည်သင်တို့အထဲ၌ ကိန်းဝပ်သောမိမိ၏ဝိညာဉ်တော် အား ဖြင့်သေတတ်သောသင်တို့၏ ကိုယ်ကာယကိုပင်ရှင်စေတော်မူမည်။ (ရော ၈း၁၁) ဤမျှော်လင့်ချက်ဖြင့် ကျွန်ုပ်တို့သည်ကိုယ်ခန္ဓရွေးနှုတ်ခြင်း၊ ချမ်းသာခြင်းကို အသက်ရှင်သောခန္ဓာကိုယ်မှတဆင့်မျှော်လင့်ချက်ရှိသည်။ (ရော ၈း၂၃)

ယင်းတိကျသောခန္ဓာကိုယ်ဆုလာဘ်တစ်ခု၏ မျှော်လင့်ချက်ကို ရှေးအကျဆုံးအချိန်ကပင်ဘုရားသခင်၏လူများအားဖြင့် နားလည်ခဲ့ကြပြီး ဖြစ်သည်။ အာဗြဟံကသူသည် ပုဂ္ဂိုလ်ရေးအရခါနန်ကုန်းမြေကို အမွေ ဆက်ခံမည်ဟု ကတိပြုခဲ့သည်။ သင်ထ၍မြေကို အလျားလိုက်အားဖြင့် လည်းကောင်း၊ အနံအားဖြင့်လည်းကောင်းလျှောက်သွားလော့(က ၁၃း၁၇) (လေ့လာမှု၃-၄)တွင်ကြည့်ပါ။ ထိုကတိစကားများတွင်သူ၏ယုံကြည်မှုမှာသူ၏ ခန္ဓာကိုယ်သည်အနာဂါတ်တစ်ရပ်ရပ်တွင်တစ်နည်းနည်းဖြင့်ပြန်လည်ရှင်သန်၍ သေခြင်းမှကင်းအောင်ပြုလုပ်ခံရမည်။ သို့မှသာ ဤ အချက်ကဖြစ်နိုင်လိမ့်မည်ဟု သူ၏ ယုံကြည်မှုကိုအလေးထားစေသည်။

ယောဘကသူ၏ခန္ဓာကိုယ်မှာသချိုင်းကုန်းတွင်တီကောင်များ၏ စားခြင်းကိုခံရသော်ငြားလည်း ခန္ဓာကိုယ်ပုံသဏ္ဍာန်ဖြင့် သူ၏ဆုလာဘ်ကို မည်ကဲ့သို့ ရရှိသည်ဟူသောသူ၏ နားလည်သဘောပေါက်မှုကိုရှေးဦးစွာ ဖော်ပြခဲ့သည်။ ငါ့ကိုရွေးနှုတ်သောသခင် သည် အသက်ရှင်၍နောင်ကာလ၌ မြေမှုန့် အပေါ်မှာ ပေါ်လာတော်မူမည်ဟူ၍ လည်းကောင်း၊ ငါ့အရေလည်ပြီးမှဤ ကိုယ်ကိုပင် ဖျက်ဆီးသော်လည်းငါသည်ကိုယ်ခန္ဓာ၌ ဘုရားသခင်ကို မြင်မည်ဟူ၍ လည်းကောင်းငါသိ၏။ သူတပါးမြင်သည်သာမကငါကိုယ်တိုင် မျက်စိနှင့်ဖူးမြင်မည်။ ထိုသို့မျှော်လင့်၍ငါ့ကျောက်ကပ်သည်ပျက်လျက်ရှိ၏။ (ယောဘ၁၉း၂၅-၂၇)ဟေရှာ၏မျှော်လင့်ချက်မှာလည်း အလားတူပင်ဖြစ်သည်။ ငါ၏အသေကောင်တို့သည်လည်းထမြောက်ကြလိမ့်မည်။ (ဟေရှာ ၂၆း၁၉)

အလွန်ဆင်တူသောစကားလုံးများကိုယေရှု၏ ကိုယ်ရေးမိတ်ဆွေ တစ်ဦးဖြစ်သော လာဇရု အသုဘတွင်တွေ့ရသည်။ သူ၏နှမများအားသူ၏ ဝိညာဉ်သည်ကောင်းကင်ဘုံသို့သွားပြီဟုပြော၍နှစ်သိမ့်မည့်အစား သခင် ယေရှုက ပြန်လည်ရှင်သန်ထမြောက် လာမည့်နေ့ကိုပြောခဲ့သည်။ ကျွန်ုပ်၏ ညီတော်သည် တဖန်ပြန်ပေါ်လာလိမ့်မည်။ လာဇရု၏နှမ *မာသာ ☆က ဤအချက်ကိုရှေးဦး ခရစ်ယာန်များကမည်၍မည်မျှနှစ်သက်ခဲ့ကြပါသလဲဟု ချက်ခြင်းတုန့်ပြန်မှုကိုပြခဲ့သည်။ ယေရှုကသင်၏မောင်သည်ထမြောက်လိမ့် မည်ဟုခေါ်တော်မူ၏။ *မာသာ ☆ကလည်းနောက်ဆုံးနေ့တည်းဟူသော ထမြောက်ရာကာလ၌ သူသည်ထမြောက်လိမ့်မည်ကိုကျွန်မ သိပါသည်ဟု လျှောက်၏။(ယော ၁၁း၂၃၊၂၄)ယောဘကဲ့သို့သူမအနေဖြင့် သေခြင်းမှာ ကောင်းကင်ဘုံ၏ ချမ်းသာသုခဘဝတစ်ခုသို့ ဂိတ်ပေါက်ဝ ဖြစ်ကြောင်း နားမလည်ခဲ့ပေ။ ယင်းအစားနောက်ဆုံးနေ့တွင် ပြန်လည်ရှင်သန်ထမြောက်ခြင်း တစ်ခုသည်ရှေ့ကိုမျှော် ကြည့်သည့်( **cp** ယောဘ၏နောက်ဆုံးပိုင်းရက်) ဘုရားသခင်ကခမည်းတော်ထံ၌ နားထောင်၍နည်းခံသောသူမှန်သမျှတို့သည် ငါ့ထံသို့ လာကြ၏။ လာသောသူကိုနောက်ဆုံးသောနေ့၌ ငါထမြောက်စေသတည်း။ (ယော ၆း၄၄၊၄၅)

## ၄.၆ ဆုံးဖြတ်ချက်

ဆုံးဖြတ်ချက်နှင့်ပတ်သက်သောသမ္မာကျမ်းစာသင်ကြားမှုမှာ ဗတ္တိဇံမခံမီ ရှင်းလင်းစွာ နားလည်ရမည်ဟုယုံကြည်မှု၏ အခြေခံနည်းလမ်းများအနက် တစ်ခုဖြစ်သည်။(တ ၂၄း၂၅၊ ဟေဗြဲ ၆း၂)မကြာခဏပင်သမ္မာကျမ်းစာက ဆုံးဖြတ်မည့်နေ့ကိုပြောဆို သည်။(ဥပမာ ၂ပေ ၂း၉၊ ၃း၇၊ ၁ယော ၄း၇၊ ယု ၆) ဘုရားသခင်၏အသိဉာဏ်ပညာပေးခြင်းခံရသောသူတို့ဆုလာဘ်ရရှိမည့်အချိန် ဖြစ်သည်။

သူတို့အားလုံးသည်ခရစ်တော် ၏တရားပလ္လင်ရှေ့သို့ရောက်ကြရမည်။(ရော ၁၄း၁၀)ငါတို့ရှိသမျှသည်ကိုယ်ခန္ဓာ၌ ကျင့်သောအကျင့်ကောင်း၊ မကောင်း ရှိသည့် အတိုင်းအကျိုးအပြစ်ကိုအသီးအသီးခံခြင်းငှာ ခရစ်တော် ၏ တရားပလ္လင်ရှေ့၌ ပေါ်လာ ကြသည်။ (၂ကော ၅း၁၀)

ခရစ်တော် ၏ဒုတိယအကြိမ်လာ ခြင်းနှင့်ပတ်သက်၍ဒံယေလ၏ အမြင်တွင်ပလ္လင်တစ်ခု၏ ပုံသဏ္ဍာန်တွင်ဆုံးဖြတ်ချက် ထိုင်ခုံတစ်ခုပါဝင်သည်။(ဒံ ၇း၉-၁၄)ဥပမာစကားများက အသေးစိတ်အချက်အလက်များ ဖေါ်ထုတ်ရာတွင် ကူညီပေးသည်။ သခင်ပြန်လာသောအခါသူ၏ ငယ်သားများ ကိုခေါ်၍ သူထားခဲ့သောငွေများထဲမှသူတို့မည်၍မည်မျှ ကောင်းစွာသုံးစွဲခဲ့ သည်ကိုစီစစ်ခြင်းဖြင့် ပင်ကိုယ်စွမ်းရည်ကို သဘောကျနှစ်သက်မှုဖြစ်စေသည်။(မ ၂၅း၁၄-၂၉)ကောင်းကင်နိုင်ငံတော်သည် ပင်လယ်၌ ချ၍ အမျိုးမျိုးသော ငါးတို့ကို အုပ်မိသောပိုက်ကွန်နှင့်တူ၏။ ငါးအပြည့်ရှိသောအခါ တံငါတို့ သည် ကုန်းပေါ်သို့ဆွဲတင်၍ထိုင်လျက် မကောင်းသောငါးကို အပြင်သို့ ပစ်လိုက်ကြ သည်။ ထို့နည်းတူကမ္ဘာအဆုံး၌ ကောင်းကင်တမန်တို့သည် ဆင်းလာပြီးလျှင် ဖြောင့်မတ်သောသူတို့အထဲမှ ဆိုးသောသူတို့ကို နှုတ်ယူခွဲစားသည်။(မ ၁၃း၄၇-၄၉)

ကျွန်ုပ်တို့မြင်တွေ့ပြီးသမျှမှာဘုရားသခင်ပြန်လည်ရှင်သန်ထမြောက် လာပြီး နောက်စုဝေးကြသောလူများကဧဝံဂေလိ တရားတော်ကို သတ်မှတ် ထားသောနေရာတစ်ခုသို့ သတ်မှတ်ချိန်တွင် ယူဆောင်လာပြီး ထိုအချိန်တွင် သူတို့က ခရစ်တော်ကိုတွေ့လိမ့် မည်ဟူသောအချက်မှာ သမာသမတ်ရှိ သော ယူဆချက်ဖြစ်ပေသည်။ သူတို့အားဖြင့် ဖြစ်ရပ်တစ်ခုကို ဖြစ်ပေါ်စေလိမ့်မည်။ သူတို့အနေဖြင့် ဘုရားသခင်နိုင်ငံတော်သို့ဝင်ရောက်ခြင်း၏ ဆုလာဘ်ကို လက်ခံ သင့်မသင့်ကို သူကဆုံးဖြတ်လိမ့်မည်။ ဤအခြေအနေတွင်သာ လူကောင်းများ အနေဖြင့် သူတို့၏ဆုလာဘ်ကိုရရှိလိမ့်မည်။ ဤဖြစ်ရပ်အားလုံးမှာသိုးနှင့်ဆိတ် ဥပမာနှင့်နှိုင်းယှဉ်ကြည့်ကြသည်။ လူ၏သားတော်မည်သူနှင့်အတူသန့်ရှင်းသော တမန်တော်များအားလုံးနှင့်အတူသူ၏ဘုန်းတန်ခိုးအရပေါ်လာလိမ့်မည်။ ပြီးလျှင် ဂျေရုဆလင်မှဒါဝိဒ်၏ ပလ္လင်တွင်သူ၏တန်ခိုးဖြင့် ထိုင်တော်မူလိမ့်မည်။

(လု ၁း၃၂၊၃၃) သူ၏ရှေ့တွင် လူသားအားလုံးစုစည်းလိမ့်မည်။ (မ ၂၈း၁၉)ပြီးလျှင်သူကသူတို့ကိုတစ်ယောက်ပြီးတစ်ယောက်ခွဲခြားလိမ့်မည်။ ယင်းမှာသိုးထိမ်းသည် သူ၏သိုးများကိုဆိတ်များမှ ခွဲထုတ်ခြင်းကဲ့သို့ဖြစ်သည်။ သူသည်သိုးမျာကိုသူ၏ညာဘက်တွင်ထားသော်လည်း ဆိတ်များကို ဘယ်ဘက် တွင် ထားလိမ့်မည်။ ထိုအခါလက်ျာဘက်၌ ရှိသောသူတို့အား မင်းကြီးက ငါ့ခမည်းတော်ထံကောင်းချီးမင်္ဂလာကိုခံသောသူတို့ကမ္ဘာဦးကပင်သင်တို့အဖို့ ပြင်ဆင်သောနိုင်ငံကိုလာ၍အမွေခံကြလော့။ (မ ၂၅း၃၁-၃၄)

ဘုရားသခင်၏နိုင်ငံတော်ကိုအမွေဆက်ခံလျက် ထိုအရာနှင့်ပတ်သက်၍ အာဗြဟံသို့ကတိစကားများကိုလက်ခံခြင်းမှာ လူမှန်များ၏ဆုလာဘ်ဖြစ်သည်။ သို့တိုင်ဤအရာမှာ ခရစ်တော်ပြန်လာသောအချိန်ဆုံးဖြတ်ချက်ပြီးသည့်နောက်တွင် မျှသာဖြစ် လိမ့်မည်။ ခရစ်တော်ပြန်မလာမီအသက်ရှင်သောခန္ဓာကိုယ်တစ်ခု၏ ကတိစကားပြုဆုလာဘ်ကိုလက်ခံရန်မဖြစ်နိုင်ပေ။ ထို့ကြောင့် ကျွန်ုပ်တို့ အနေဖြင့်ပြန်လည်ရှင်သန်၍ ထမြောက်သည့်တိုင်အောင် ပြသသည့်အချိန်တွင် ယုံကြည်သူတွင်သတိရှိသောတည်ရှိမှုမှာ လုံးဝမရှိပေ။ ယင်းမှာခန္ဓာကိုယ် တစ်ခုမရှိဘဲမည်သည့်ပုံသဏ္ဍာန်နှင့်မျှတည်ရှိရန်မဖြစ်နိုင်ခြင်းပင်ဖြစ်သည်။

ခရစ်တော်ပြန်လာသောအခါဆုပေးလိမ့်မည်။ ယခင်ကမူမပေးခဲ့ပါဟု သမ္မာကျမ်းစာတွင် ထပ်ကာတလဲလဲဖော်ပြခဲ့သည်။

**သိုးထိန်းအကြီးပေါ်ထွန်းတော်မူသောအခါသင်တို့သည် မညှိုးမနွမ်းတတ်သောဘုန်းကြီးသော ပန်းဦးရစ်သရဖူကိုခံကြရလိမ့်မည်။✡✡ (၁ပေ ၅း၄ cp ၁း၁၃)

**ယေရှုခရစ်သည်သူပြန်ပေါ်လာသည့်အချိန်တွင်သေခြင်းနှင့်သူ၏ နိုင်ငံတော်တွင်လျှင်မြန်သောနေထိုင်မှုကို ဆုံးဖြတ်လိမ့်မည်။ ယွှမုစ၍ဓမ္မသရဖူသည်ငါ့အဖို့သို့ထားလျက်ရှိ၏။ ထိုနေ့ရက်၌ တရားသဖြင့်စီရင်သောသူတည်း ဟူသောဘုရားသခင်သည် ထိုသရဖူကိုငါ၌ ပေးအပ်တော်မူမည်။ ထိုမျှမကပေါ်ထွန်း တော်မူ ခြင်းကိုတောင့်တသော သူတို့ကိုလည်း ပေးအပ်တော်မူ သည်။✡✡ (၂တိ ၄း၁၈)

⁎⁎နောက်ဆုံးရက်များတွင် **Messiah** ပြန်လာသောအချိန်တွင် ကမ္ဘာ၏ မြေမှုန့်များထဲတွင် အိပ်နေသောလူများသည် နိုးထလိမ့်မည်။(က ၃း၁၉)အချို့တို့ကား ထာဝရ အသက် ရှင်ခြင်းနှင့် လည်းကောင်း အချို့တို့ကားရှက်ကြောက်ခြင်းနှင့် လည်းကောင်းနိုးကြလိမ့်မည်။✡✡ (ဒံ ၁၂း၂)

⁎⁎ခရစ်တော်သည်တရားစီရင်ရန်လာသောအခါ သချိုင်းများတွင် ရှိကြသောသူအပေါင်းတို့သည်သားတော်၏စကား သံကိုကြား၍ ထွက်ရမည့်အချိန်ကာလရောက်လတ္တံ့၊ ကောင်းသော အကျင့်ကိုကျင့်သောသူတို့သည်အသက်ရှင် ထမြောက်ရာသို့လည်းကောင်း၊ ဆိုးယုတ်သော အကျင့်ကို ကျင့်သောသူတို့သည် အပြစ်စီရင်ရာထမြောက်ခြင်းသို့ လည်းကောင်း ထွက်ကြရလတ္တံ့။✡✡ (ယော ၅း၂၅-၂၉)

⁎⁎ငါ(ယေရှု)သည်အလျှင်အမြန်လာမည်။ ငါသည်အကျိုး အပြစ်ကိုဆောင်ခဲ့သည်ဖြစ်၍လူအသီးသီးတို့အားမိမိတို့ အကျင့် အတိုင်းဆပ်ပေးမည်။✡✡ (ဗျာ ၂၂း၁၂)ကျွန်ုပ်တို့ကဆုယူရန် ကောင်းကင်ဘုံသို့မသွား၊ ခရစ်တော်ကထိုဆုကို ကောင်းကင်ဘုံမှကျွန်ုပ်ထံသို့ယူလာပေးသည်။

ယေရှုကကျွန်ုပ်တို့၏ဆုကိုသူနှင့်အတူယူလာခြင်းမှာ ကောင်းကင်ဘုံတွင် ကျွန်ုပ်တို့အတွက်ထိုအရာကိုပြင်ဆင်ခဲ့ကြောင်း ဖော်ညွှန်းသည်။ သို့ရာတွင် ဒုတိယလာရောက်ချိန်တွင် ကမ္ဘာပေါ် ရှိကျွန်ုပ်တို့ထံသို့ ယူဆောင်လာ ပေးလိမ့်မည်။ ကျွန်ုပ်တို့၏ကမ္ဘာမြေ ၏အာဗြဟံသို့အမွေဆက်ခံမှုမှာ ဤသဘော တရားအတိုင်းဖြစ်သည်။ နောက်ဆုံးကာလ၌ ထင်ရှားစေခြင်းငှာပြင်ဆင်သော ကယ်တင်ခြင်းသို့ရောက်စေမည်အကြောင်းယုံကြည်ခြင်းအားဖြင့်ဘုရားသခင်၏ တန်ခိုးတော်သည် စောင့်ရှောက်တော်မူသောသင်တို့အဖို့ကောင်းကင်ဘုံ၌ သိုထားလျက်ရှိသောအမွေတည်း။ (၁ပေ ၁း၄၊၅)

ဤအချက်ကိုနှစ်ခြိုက်ခြင်းက(ယော ၁၄း၂၊၃)ထဲမှနားလည်မှုမရှိသော စာပိုဒ်တစ်ခုကိုမှန်ကန်စွာကောက်ချက်ချမှုဖြစ်စေသည်။ ငါ(ယေရှု)သည်သင်တို့ နေစရာအရပ်ကိုပြင်ဆင်ခြင်းငှာငါသွားရ၏။ ငါသွား၍သင်တို့နေစရာ အရပ်ကိုပြင်ဆင်ပြီးမှတဖန်ပြန်လာ၍ ငါရှိရာအရပ်၌ သင်တို့ရှိစေခြင်းငှာ သင်တို့ကို ငါ့ထံသို့သိမ်းဆည်းမည်။ ယေရှုကကျွန်ုပ်တို့အားကျွန်ုပ်တို့၏ ဆုများကိုပေးရန်သူတဖန် ပြန်လာမည့်အကြောင်းနေရာတိုင်းတွင်ပြောခဲ့သည်။(ဗျာ ၂၂း၁၂)ထိုအရာများကိုသူ၏တရားစီရင်မှုပြုလုပ်သည့်အခါတွင်ပေးမည်ဟု ကျွန်ုပ်တို့မြင်တွေ့ခဲ့ပြီးဖြစ်သည်။ သူသည်ဂျေရုဆလင်မှဒါဝိဒ်၏ ပလ္လင်တွင် အမြဲအုပ်စိုးလိမ့်မည်။(လု ၁း၃၂၊၃၃)သူကထာဝရကို ဤကမ္ဘာပေါ်တွင် အသုံးပြုလိမ့်မည်။ သူရှိမည့်နေရာတွင် ကမ္ဘာပေါ်မှ ဘုရားသခင်၏ နိုင်ငံတော်တွင်ဖြစ်လိမ့်မည်။ ကျွန်ုပ်တို့လည်း အသုံးပြုရန်ပေါ်မည်။ လူ၏ကတိစကားဖြစ်သောသင့်အား ကျွန်ုပ်ကိုယ်တိုင်သို့ လက်ခံရန်မှာ သူ့အားဖြင့်တရားစီရင်ချိန်တွင်လက်ခံခြင်း၏ဖော်ပြချက် တစ်ခုအဖြစ် ဖတ်ရှုနိုင်သည်။ ဂရိစကားစုကျွန်ုပ်ကိုယ်တိုင်သို့သင့်အားလက်ခံမှုကို (မ ၁း၂၀) တွင်တွေ့ရသည်။ ယင်းတွင်ဂျိုးဇက်နှင့်ပတ်သက်၍မေရီကိုသူ၏ ဇနီးအဖြစ် သူကိုယ်တိုင်ယူလိုက်သည်။ထို့ကြောင့်ထိုအချက်မှာ ယေရှုထံသို့ ရုပ်ပိုင်းဆိုင်ရာ လှုပ်ရှားမှုသို့ရည်ညွှန်းခြင်းမဟုတ်ပေ။

ဆုအဖြစ်ခရစ်တော်ပြန်လာသည့်အပေါ်တွင် တရားစီရင်သည့် အချိန်တွင် ပေးအပ်ခြင်းသာဖြစ်လိမ့်မည်။ လူကောင်းနှင့်လူဆိုးများသည် သူတို့ သေသော အခါတူညီသောနေရာသို့သွားစေရမည်။ ယင်းမှာသချိုင်းဖြစ်သည်။ သူတို့ သေသည့်အခါတွင်သူတို့အကြား ကွဲပြားခြားနားမှုမရှိပေ။ အောက်ပါတို့မှာ ဤ အတွက်အပြုသဘောဖြစ်သော သက်သေပြမှုဖြစ်သည်။

- ယောနသန်(**Jonathan**)သည်လူကောင်းဖြစ်၍ ရှောလု (**Saul** )သည်လူဆိုးဖြစ်သည်။ သို့တိုင်သူတို့သေသောအခါ တစ်ယောက်နှင့်တစ်ယောက်ခွဲခြားမှုမရှိပေ။ (၂ရာ ၁း၂၃)
- ရှောလု၊ ယောနသန်နှင့်ဆင်ဖြူရယ်တို့သည်သေသည့်အခါ အားလုံးတူညီသောနေရာသို့သွားခဲ့ကြရသည်။(၁ရာ ၂၈း၁၉)
- လူမှန်အာဗြဟံသည်သေသောအခါသူ၏လူမျာထံသို့ သို့မဟုတ် ဆက်ခံသူများထံသို့စုစည်းခဲ့သည်။သူတို့သည် ရုပ်ထုကို ယုံကြည် ကိုးကွယ်သူများဖြစ်ကြသည်။ (က ၂၅း၈၊ ယေရှု ၂၄း၂)

- ဝိညာဉ်အားဖြင့်လူလိမ်မာနှင့်လူမိုက်များသည်တူညီသော သေခြင်းတရားကိုကြုံတွေ့ရသည်။ (ဒေ ၂း၁၅၊၁၆)

ဤအရာအားလုံးမှာ ထင်ရှားသော ခရစ်ယာန်ဘာသာဝင်များ၏ တောင်းဆိုချက်များသို့ပြတ်သားသောကွဲပြားမှုဖြစ်သည်။ လူမှန်များသည် သေသည့်အခါကောင်းကင်ဘုံသို့ထွက်ခြင်းသွားသည်ဟူသော သူတို့၏ သင်ကြားမှုမှာ သေပြီးနောက်ပြန်လည်ရှင်သန်ထမြောက်ခြင်းနှင့် တရားစီရင်ခြင်းတစ်ခုအတွက် လိုအပ်ချက်ကိုဖျက်ဆီးပစ်လိုက်သည်။ သို့တိုင် ကျွန်ုပ်တို့အနေဖြင့် ထိုအရာများသည်ဘုရားသခင်၏ ကယ်တင်ခြင်း စီမံချက်နှင့် ဧဝံဂေလိကျမ်းစာထဲမှအရေးကြီးသောအဖြစ်အပျက်များအရေးကြီးကြောင်း တွေ့မြင်ခဲ့ရပြီး ဖြစ်သည်။ ထင်ရှားသောစိတ်ကူကလူမှန်တစ်ယောက်သေပြီး ကောင်းကင်ဘုံသို့သွားခြင်းအားဖြင့်ဆုပေးရန်ဖြစ်သည်။ ယင်း၏ နောက်တွင် အခြားလူများကနောက်နေ့၊ နောက်လ၊ နောက်နှစ်လိုက်လာကြမည်။မှန်ကန် သော လူအားလုံးသည်တစ်ချိန်ထဲတွင် အတူတကွဆုပေးခြင်း ခံကြရ မည်ဟု သမ္မာကျမ်းစာ ၏သင်ကြားမှုကရှင်းလင်းမှုဖြစ်စေသည်။

တရားစီရင်မှုတွင်သိုးများကိုဆိတ်များမှတစ်ကောင်ပြီး တစ်ကောင်ခွဲထုတ် လိုက်သည်။ တရားစီရင်မှုပြီးသွားပြီးနောက် ခရစ်တော်ကသူ၏ယာဘက်တွင် စုစည်းပြီးသော သိုးအားလုံးကိုပြောလိမ့်မည်။

⁎⁎လာလော့သင့်အတွင်ပြင်ဆင်ထားသောနိုင်ငံတော်ကိုအမွေဆက်ခံ၍ ကျွန်ုပ်ဘခင်၏ကောင်းချီးပေးမှုကိုခံယူလော့။ (မ ၂၅း၃၄) ဤသို့ဖြင့် သိုးအားလုံးသည် တစ်ချိန်တည်းတွင် ဘုရားသခင်၏နိုင်ငံတော်ကို အမွေဆက်ခံ သည်။✩✩ ( **cp** ၁ကော ၁၅း၅၂)

- ခရစ်တော်ပြန်လာချိန်တွင်တရားစီရင်မှုပြုသည့် စပါးရိတ်သိမ်းပွဲတွင်ဧဝံဂေလိတရားတော်အတွင်းအလုပ်လုပ်ကြသောသူအားလုံးတို့သည်ဝမ်းမြောက်ပျော်ရွှင်ကြလိမ့်မည်။ (ယော ၄း၃၅၊၃၆) **cp** (မ ၁၃း၁၉)
- သေလွန်သောသူတို့ကိုတရားစီရင်ဆုံးဖြတ်တော်မူ၍ ကိုယ်တော် ၏ ကျွန်တည်းဟူသော ပရောဖက်တို့အားလည်းကောင်း၊ သန့်ရှင်းသူတို့ကလည်းကောင်း၊ ကိုယ်တော်ကို ကြောက်ရွံ့ရိုသေသောသူအကြီးအငယ်တို့အားလည်းကောင်း ဆုကျေးဇူးကို ပေးသနားတော်မူဟု(ဗျာဒိတ် ၁၁း၁၈)က သတ်မှတ်ပေးသည်။ (**i.e** ယုံကြည်သူများစုဝေးကြသည်)
- ဟေဗြဲသည်ဓမ္မသတ်ဟောင်း၏မှန်ကန်သော လူများစွာကို စာရင်းပြုစုပေးသောအခဏ်းဖြစ်သည်။ အပိုဒ်၁၃တွင် ကတိတော်နှင့် စပ်ဆိုင်ခြင်းသော အကျိုးကျေးဇူးကို မခံရဘဲ အဝေးတမြော်ဖြစ်လျက် စိတ်နှလုံးနှင့်ဖက်ရမ်းလျက်မိမိ တို့သည် မြေကြီးပေါ်မှာတစ်ကျွန်းသူတစ်ကျွန်းသားနိုင် ငံသားဧည့်သည်အာဂန္တုဖြစ်သည်ကိုထင်ရှားစွာဝန်ခံလျက် ယုံကြည်ခြင်းစိတ်နှင့်သေလွန်ကြ၏ဟုဖော်ပြထားသည်။ ဘုရားသခင်၏နိုင်ငံတော်သို့ဝင်ရောက်ခြင်းမှတဆင့် အာဗြဟံသို့ပြုလုပ်သောကယ်တင်ခြင်းနှင့်ပတ်သက်၍ ထားရှိ သော ကတိစကားမရှိဘဲအားလုံးတို့မှာ ယုံကြည်မှုဖြင့် သေဆုံးကြ၏။(ဟေဗြဲ ၁၁း၈-၁၂)ထိုလူများသည် သေလွန် သည့် အချိန်တွင် ဆုဂုဏ်ကျေးဇူးကိုလက်ခံရန်ကောင်းကင်ဘုံသို့တစ်ဦးပြီးတစ်ဦးသွားရောက်ခြင်းမပြုကြရသည်ကိုဖော်ပြသည်။
  ယင်းနှင့်ပတ်သက်သောအကြောင်းပြချက်ကို အပိုဒ် ၃၉နှင့် ၄၀တွင်ဖော်ပြခဲ့ပြီးဖြစ်သည်။ ထိုသူအပေါင်းတို့သည် ယုံကြည်ခြင်းအားဖြင့် ချီးမွမ်းခြင်းသို့ရောက်သော် လည်း ကတိတော်အတိုင်းအကျိုးကျေးဇူးကိုမခံကြရ၊ အဘယ့်ကြောင့် ဆိုသော်ထိုသူတို့သည်ငါတို့မပါဘဲစုံလင်ခြင်းသို့ မရောက်ရမည့်အကြောင်းဘုရားသခင်သည်ငါတို့အဘို့အလို့ငှာသာ၍မြတ်သော ကျေးဇူးကိုကြံစည်တော်မူ၏။
  ထိုကဲ့သို့သူတို့၏ကတိတော်ဆုဂုဏ်ကျေးဇူးကို ခွင့်ပြုရန်နှေးကွေးရခြင်းမှာ ယင်းမှာဘုရားသခင်၏အစီအမံဖြစ် သော ယုံကြည်သောလူအားလုံးတို့သည်တစ်ချိန်ထဲတွင် ယုံကြည် မှုအားလုံးကိုပြီးပြည့်စုံအောင်လုပ်ရန်အစီအမံကြောင့် ဖြစ်သည်။ ယင်းမှာခရစ်တော်ပြန်လာပြီးတရားစီရင်သည့်အချိန်တွင်ဖြစ်လိမ့်မည်။

## ၄.၇ ဆုဂုဏ်ကျေးဇူး၏နေရာ၊ ကောင်းကင်ဘုံလား သို့မဟုတ် မြေကြီးလား

- အထက်ပါအကြောင်းအချက်များမှတစ်ပါး မြေကြီးထက်ကောင်း ကင်ဘုံမှာ ဘုရားသခင်၏နိုင်ငံတော်၏တည်နေရာ ဖြစ်လိမ့်မည် ဟုယုံကြည်မှုရှိတဲ့လူအချို့ကဆိုပါသည်။ **i.e** ကတိပြုထား သော ဆုဂုဏ်ကျေးဇူးမှာ အောက်ပါအချက်များကိုလည်း ရှင်းပြ ရန်လိုအပ်သည်။
- **နိုင်ငံတော်တည်ထောင်ပါစေသော အလိုတော်သည် ကောင်း ကင်ဘုံ၌ ပြည့်စုံသကဲ့သို့မြေကြီးပေါ်မှာ ပြည့်စုံပါစေသော်☆☆ ကျွန်ုပ်တို့ကဘုရားသခင်၏ နိုင်ငံတော်ကမ္ဘာပေါ်မှာ ပြည့်စုံရန် ဆုတောင်းလျက်ရှိကြပါသည်။ ဘုရားသခင်၏ နိုင်ငံတော်သည် မြေကြီးပေါ်တွင်ဖျက်ဆီးခံရပြီး၊ ယ္ခုအခါကောင်းကင်ဘုံတွင် တည်ဆောက်ပြီးဖြစ်သည်ဟုယုံကြည်ဆဲ ရှိသူများက ထိုနှုတ်က ပတ်တော်များကိုလူထောင်ပေါင်းများစွာတို့က မဆင်ခြင်ဘဲ ဆုတောင်းနေခြင်းမှာဝမ်းနည်း ဘွယ်ရာ ဖြစ်ပါသည်။
- စိတ်နူးညံ့သိမ်မွေ့သောသူတို့သည်မင်္ဂလာ ရှိကြ၏။ အကြောင်းမူ ကား ထိုသူတို့သည်ပြည်တော်ကိုအမွေခံကြရလတ္တံ့။ (မ ၅း၅) သူတို့၏ ဝိညာဉ်များသည်ကောင်းကင်ဘုံသို့ သွားကြလိမ့်မည် မဟုတ်ပါ။

ယင်းမှာဆလံ၃၇သို့တိုက်ရိုက်မဟုတ်သောပြောဆိုချက်ဖြစ်သည်။ ယင်း၏တစ်ခုလုံးမှာမှန်သောသူများ၏နောက်ဆုံး ဆုလာဘ်မှာ မြေကြီးပေါ်တွင် ဖြစ်လိမ့်မည်ဟုအလေးအနက်ပြောဆိုသည်။ နေရာတစ်နေရာတည်းတွင် လူမိုက်များသည်သူတို့၏ ယာယီအမြင့်ဆုံးရမှုကိုပျော်ရွှင်နေကြသည်။ မှန်ကန် သောသူများကထာဝရအသက်ကိုရကြလိမ့်မည်။ ပြီးလျှင် လူမိုက်များတစ်ကြိမ်က လွှမ်းမိုးခဲ့သောတူညီသည့်မြေကြီးကိုပိုင်ဆိုင်သည်။ (ဆာ ၃၇း၃၄၊၃၅) စိတ်နှိမ့် ချသောသူတို့သည်ပြည်တော်ကိုအမွေခံ၍များပြားသော ငြိမ်သက်ခြင်း၌ မွေ့လျော်ကြလိမ့်မည်။ ကောင်းချီးပေးတော်မူခြင်းကို ခံရသောသူသည် ပြည် တော်ကိုအမွေခံရလိမ့်မည်။ကျိန်တော်မူ ခြင်းခံရသော သူမူကား ပယ်ခွင်းခြင်းသို့ရောက်ရလိမ့်မည်။ ဖြောင့်မတ်သောသူတို့ သည်ပြည်တော်ကို အမွေခံ၍ အစဉ်အမြဲနေကြရ လိမ့်မည်။ (ဆာ ၃၇း၁၁၊၂၂၊၂၉) ပြည်တော်ကို အမွေခံ၍ အမြဲနေရခြင်းမှာကောင်းကင်ဘုံတွင် ထာဝရသက်ရှိခြင်းသည် မဖြစ်နိုင်မှု တစ်ခုဖြစ်ခြင်းဆိုလိုခြင်းဖြစ်သည်။

- ဒါဝိဒ်သည်သေ၍သင်္ဂြိုလ်သောတွင်းသည် ယ္ခုတိုင်အောင်ငါတို့ ၌ ရှိ၏။ ဒါဝိဒ်သည်ကောင်းကင်သို့မတက်သေး၊ (တ ၂း၂၉၊၃၄) ထိုအစားပေတရုကသူ၏ မျှော်လင့်ချက်မှာ သေပြီးနောက် ခရစ်တော် ပြန်လာသည့်အချိန်တွင်ပြန်လည် ရှင်သန် ထမြောက် လာရန်ဖြစ်ကြောင်းရှင်းပြခဲ့သည်။ (တ ၂း၂၂-၃၆)
- မြေကြီးသည်ဘုရားသခင်၏လူသားတို့တွင်ဆောင်ရွက်သော နေရာ ဖြစ်သည်။ ကောင်းကင်ဘုံ၊ ကောင်းကင်ဘုံများ သည် ဘုရားသခင်၏နေရာ ဖြစ်သော်လည်း၊ မြေကြီးမှာ သူကလူ၏ ကလေးများပို့ပေးခဲ့ပြီ။ (ဆာ ၁၁၅း၁၆)
- (ဗျာ ၅း၉၊၁၀)ကမှန်ကန်သောသူများကသူတို့အနေဖြင့်တရားစီ ရင်မှုပလ္လင်ကိုလက်ခံရရှိသောအခါပြောမည်အမြင့် တစ်ခုကိုပြန်ပြောကြသည်။ **ကျွန်ုပ်တို့ဘုရားသခင်ရှေ့မှာတွင် ဘုရင်အရာ၌ လည်းကောင်း၊ ယဇ်ပရောဟိတ်အရာ၌ လည်းကောင်း ခန့်ထား၍မြေကြီးပေါ်မှာ စိုးစံရသောအခွင့်ကို ပေးတော်မူ၏။☆☆ ကမ္ဘာပေါ်တွင်ဘုရားသခင်၏နိုင်ငံတော် အတွင်းအုပ်ချုပ်နေသော ဤ ပုံမှာကျွန်ုပ်တို့အနေဖြင့် ကောင်း ကင်ဘုံ တစ်နေရာတွင်ကောင်းချီးပေးမှုကိုပျော်ရွှင်စွာ ခံစားကြရလိမ့်မည်ဟူသော နားမလည်နိုင်သော သဘော တရားမှ ဖယ်ရှားလိုက်ခြင်းဖြစ်သည်။
- ဒံယေလ၏ဟောပြောချက်များအခန်း ၂ နှင့်ရကခရစ်တော် ပြန်လာချိန်တွင်နောက်ဆုံး၌ ဘုရားသခင်နိုင်ငံတော်က လွှမ်းမိုးအုပ်စိုးမည့်နိုင်ငံရေးအာဏာ အစဉ်အဆက်တစ်ခုကို ဖော်ညွှန်းကြသည်။
- မြေကြီးတပြင်လုံးကိုဖုံးလွှမ်းလိမ့်မည်။ (ဒံ ၇း၂၇၊ ၇း၃၅၊ **cp. v** ၄၄)ကောင်းကင်အောက်၌ နိုင်ငံနှင့်တကွအာဏာစက် ဘုန်းတန်ခိုးရှိသမျှကိုအမြင့်ဆုံးသောဘုရား၏

သန့်ရှင်းသော အမျိုးသားတို့ရကြလိမ့်မည်။ ထိုဘုရားသခင်၏ နိုင်ငံတော် သည် ထာဝရနိုင်ငံဖြစ်သည်။ (ဒံ ၇း၂၇)

## ၄.၈ ဘုရားသခင်သို့တာဝန်ဝတ္တရား

အကယ်၍လူတွင်သဘာဝအရမသေသောဝိညာဉ်တစ်ခုရှိလျှင်ဆုပေးခြင်း သို့မဟုတ် အပြစ်ပေးမှုနေရာတစ်ခုခုတွင်သူ့အနေ ဖြင့်ထာဝရ နေရာတစ် နေရာ ရရှိရန် တွန်းအားပေးမှုခံရလိမ့်မည်။ ယင်းကလူတိုင်းသည် ဘုရားသခင်သို့ တာဝန်ရှိသည်ဟူသောအချက်ကို ညွှန်းဆိုလေသည်။ ဆန့်ကျင်ဖက်အားဖြင့် သဘာဝအားဖြင့် လူသည်တိရစ္ဆာန်များကဲ့သို့ အသက်ရှင်မှု တစ်စုံတစ်ရာ မရှိသဖြင့် သမ္မာ ကျမ်းစာကမည်ကဲ့သို့ သင်ကြား ပေးသည်ကို ကျွန်ုပ်တို့ပြဆို ခဲ့ပြီးဖြစ်သည်။ မည်သို့ပင်ဖြစ်စေ အချို့ လူများကဘုရားသခင်၏ နိုင်ငံတော်တွင် ထာဝရ အသက်ရှိကြောင်း မျှော်လင့်ချက်ပေးခဲ့ကြသည်။ အမြဲအသက်ရှင် နေထိုင်သောလူတိုင်းပြန်လည်ရှင်သန် ထမြောက်မှု မဖြစ်နိုင်ကြောင်း သိထားသင့်သည်။ တိရစ္ဆာန်များကဲ့သို့လူသည် အသက်ရှင်၍ သေကြေ ရသည်ပြီးလျှင်မြေမှုန့်ဖြစ်သွား ရသည်။ သို့တိုင်စီရင်ချက် တစ်ခုကြောင့် အချို့မှာအပြစ်ပေးခြင်းခံရပြီးအ ခြားသူတို့ကထာဝရအသက်ဖြင့်ဆုပေးခြင်း ခံကြရသည်။ ထို့ကြောင့်ကျွန်ုပ်တို့အနေဖြင့်လူသားများထဲမှ သီးသန့် လူတို့မှာ ဆုံးဖြတ်၍ဆုပေးခံရရန်အလို့ငှာ ပြန်လည်ရှင်သန်ထမြောက်မှု ရှိကြောင်း ကျွန်ုပ်တို့က အဆုံးသတ်၍ထားသည်။

တစ်ဦးတစ်ယောက်အနေဖြင့်ပြန်လည်ရှင်သန်ထမြောက်မှုရှိမည်၊ မရှိမည်ဟူသောအချက်မှာ ၎င်းတို့အနေဖြင့်ဆုံးဖြတ်မှု အတွက်တာဝန်ရှိ၊ မရှိ အပေါ် တွင်မူတည်ပေသည်။ ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်အခြေခံမှာ ဘုရားသခင် ၏နှုတ်ကပတ်ကိုကျွန်ုပ်တို့၏ အသိပညာဗဟုသုတပေါ် မူတည်၍ မည်ကဲ့သို့တုန့်ပြန်သည့်အပေါ် တွင်မူတည်ပါလိမ့်မည်။ ငါ့ကိုပယ်၍ ငါ့စကားကို မနာခံသောသူအား အပြစ်စီရင်သောသူရှိပေ၏။ ငါဟောပြောသော စကားပင် နောက်ဆုံးသောနေ့၌ ထိုသူအားအပြစ်စီရင်လိမ့်မည်။(ယော ၁၂း၄၈) ခရစ်တော်၏ နှုတ်ကပတ်တော်ကိုမသိနားမလည်သောသူများနှင့် သူ့အား လက်ခံရန် သို့မဟုတ်ကန့်ကွက်ရန်အခွင့်အလမ်းမရှိလျှင် ဆုံးဖြတ်မှုအတွက် တာဝန်ရှိလိမ့်မည်မဟုတ်ပေ။ ပညတ်တရားကိုမသိဘဲပြစ်မှားသောသူတို့သည် ပညတ်တရားမဲ့ပျက်ဆီးခြင်းသို့ ရောက်လိမ့်မည်။ ပညတ်တရားကို သိလျက် ပင်ပြစ်မှားသောသူတို့သည် ပညတ်တရား၏စီရင်ခြင်းကို ခံကြရလိမ့်မည်။ (ရော ၂း၁၂) သို့ဖြစ်ရာဘုရားသခင်၏ လိုအပ်ချက်များကို မသိသောသူများ သည် တိရစ္ဆာန်များကဲ့သို့ပျောက်ကွယ်သွားကြလိမ့်မည်။ ဘုရားသခင်၏ ပညတ်တော်ကို သိလျက်နှင့်ဖောက်ဖျက်သော သူများသည် ဆုံးဖြတ်မှုပြုလုပ်ရန် လိုအပ်ပြီးထိုဆုံးဖြတ်ချက်နှင့်ရင်ဆိုင်ရန်ပြန်လည် ရှင်သန်ထမြောက်ကြရမည်။

ပညတ်တရားကိုမထားမီတိုင်အောင်ဤလောက၌ အပြစ်ရှိ၏။ အဘယ်ပညတ်တရားမျှမရှိလျှင်အပြစ်ရှိသည်ဟုမှတ်သား စရာမရှိ။ (ရော၅း၁၃၊ ၁ယော ၃း၄၊ ရော ၃း၂၀)ဘုရားသခင်၏ နှုတ်ကပတ်တော်ထဲတွင် ဖော်ပြ ထားသည့် အတိုင်း ဘုရားသခင်၏ ပညတ်တော်များကိုမသိရှိဘဲအဖြစ်ကို လူတစ်ဦးတစ်ယောက်သို့ပိုင်ဆိုင်စေ၍မရပေ။ ထို့ကြောင့်ဆုံးဖြတ်ချက်မချနိုင်၊ ပြန်လည် ရှင်သန်ထမြောက်မှုမပြုနိုင်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မသိရှိသောလူများသည်တိရစ္ဆာန်များ၊ သစ်ပင်များကဲ့သို့သေကြရ လိမ့်မည်။ နေရာတစ်နေရာတည်းတွင်စုကြရမည်။ ဂုဏ်အသရေနှင့်ပြည့်စုံစေလျှက် ပညာသတိမရှိသောသူသည်ကားပျက်စီးခြင်းသို့ ရောက်တတ်သောတိရစ္ဆာန်နှင့် တူ၏။(ဆာ ၄၉း၂၀)ထိုသူတို့ကိုသိုးများကဲ့သို့မရဏာနိုင်ငံ၌ ချထား၍ သေမင်းစားလိမ့်မည်။(ဆာ ၄၉း၁၄)

ကျွန်ုပ်တို့၏လုပ်ဆောင်ချက်များအတွက်ဘုရားသခင်သို့ တာဝန်ရှိစေ၍ ကျွန်ုပ်တို့အားပြုလုပ်ပေးသည်။ ဘုရားသခင်၏ နည်းလမ်းများနှင့် ပတ်သက်သော ဗဟုသုတများရှိခြင်းအားဖြင့် ဆုံးဖြတ်ချက်ပလ္လင်တွင် ကျွန်ုပ်တို့ ၏ပြန်လည် ရှင်သန်ထမြောက်မှု နှင့်ပေါ် ပေါက်သော လူများဗတ္တိဇံခံသော သူများသာမကဘုရားသခင်၏ သူတို့၏ဗဟုသုတအတွက် အကြောင်းအား ဖြင့်ဘုရားသခင်အား တာဝန်ရှိစေသူများသည် လည်းပြန်လည်ရှင်သန် ထမြောက်လိမ့်မည်ဟုနားလည်သင့်ပေသည်။ ဤအချက်မှာ ထပ်တလဲလဲဖြစ် သော ကျမ်းစာ ၏အစီအစဉ်တစ်ခုဖြစ်သည်။

- နှုတ်ကပတ်တော်၏ပညာဗဟုသုတကတာဝန်ရှိစေမှုကို ဖြစ်စေ ကြောင်း(ယော ၁၅း၂၂)ကဖော်ပြသည်။ ငါသည်လာ၍ ထိုသူတို့အားမဟောမပြောလျှင်သူတို့၌ အပြစ်မရှိ၊ ယွှမူကားမိမိတို့အပြစ်ကိုဖုံးကွယ်၍မထားနိုင်ကြ၊(ရောမ ၁း၂၀-၂၁) ကလည်း ဘုရားသခင်ကိုသိခြင်းအားဖြင့် လူတို့အား ခွင့်လွှတ်မှုမပါဘဲ ထွက်ခွာ တော်မူသည်ဟု ဆိုသည်။

- ဘုရားသခင်ထံ၌ နားထောင်၍နာခံသောသူမှန်သမျှ နောက်ဆုံး နေ့၌ ငါထမြောက်စေသည်။ (ယော ၆း၄၄၊၄၅)
- ဘုရားသခင်သည်မိုက်မဲသောအချိန်ကာလတို့ကို အမှုမထားဘူး သော်လည်း၊ ယခုမှာ ကိုယ့်အပြစ်ကိုမြင်၍နောင်တရ ကြလော့ဟု ခပ်သိမ်းသောအရပ်တို့၌ ရှိသောလူအပေါင်းတို့အားပညတ်တော်မူ၏။ (တ ၁၇း၃၀)
- အကြင်ကျွန်ုပ်သည်မိမိသခင်၏အလိုကိုသိလျက်နှင့် အသင့် မနေ၊ သခင်၏အလိုကိုမဆောင်၊ ထိုကျွန်သည်များစွာ သောဒဏ် ကို ခံရ၏။ သခင်၏အလိုကိုလည်းမသိဘဲလျက်၊ ဒဏ်ခံထိုက် သော အမှုကိုပြုမိသောသူမူကားအနည်းငယ်သောဒဏ် ကိုသာ ခံရ၏။ အကြင်သူသည်များစွာသော ကျေးဇူးကိုခံ၏။ ထိုသူသည်အများကိုခံရ၏။ အကြင်သူ၌ များစွာသောဥစ္စာကို အပ်နှင်း၏။ ထိုသူကိုများစွာ တောင်းလိမ့်မည်။ (လု ၁၂း၄၇၊၄၈)
- ကောင်းသောအကျင့်ကိုသိလျက်မကျင့်ဘဲ နေသောသူသည် အပြစ်ရှိ၏။ (ယာ ၄း၁၇)
- အစ္စရေး၏ဘုရားသခင်သို့အထူးတာဝန်ရှိမှုမှာ ဘုရားရှင်ကိုယ် တိုင်နှင့် ပတ်သက်သောအရာကိုသူတို့အား ဘုရားသခင်၏လျို့ ဝှက် ထားသည်များကို ထုတ်ဖော်မှုကြောင့်ဖြစ်သည်။ (အာ ၃း၂)
- တာဝန်ရှိမှုသြဝါဒကြောင့်ဖြောင့်မတ်ခြင်း၊ တရားလမ်းကိုသိ၍ မိမိခံခဲ့ပြီးသောသန့်ရှင်းသောပညတ်ကိုတဖန်စွန့်ပစ် သည်ထက် ထိုလမ်းကိုမသိဘဲနေသော်သာ၍ကောင်း၏။(၂ပေ ၂း၂၁) အခြား စာပိုဒ်များက (ယော ၉း၄၁၊၁း၁၉) (၁တိ ၁း၁၃) (ဟော ၄း၁၄) (တရား ၁း၃၉)တို့တွင်ပါဝင်သည်။

ဘုရားသခင်၏အသိဉာဏ်ပညာကကျွန်ုပ်တို့အားဆုံးဖြတ်မှုပလွှင်တွင် တာဝန်ရှိစေသဖြင့်ယင်းအသိဉာဏ်မရှိသူများသည် ပြန်လည်ရှင်သန် ထမြောက်လိမ့်မည်မဟုတ်ပေ။ ၎င်းတို့အနေဖြင့်ဆုံးဖြတ်ချက်ခံရန်လည်း မလိုအပ်ပေ၊ အသိဉာဏ်မရှိခြင်းက ထိုသို့ဖြစ်စေခြင်းဖြစ်သည်။ ပညာမရှိသော သူသည်ကားပျက်စီးခြင်းသို့ရောက်တတ်သောတိရစ္ဆာန်နှင့်တူ၏။(ဆာ ၄၉း၂၀) အမြဲအသက်ရှင်သောသူအားလုံးပြန်လည်ရှင်သန်ထမြောက်မှုဖြစ်လိမ့်မည် မဟုတ်ကြောင်းပိုသောညွှန်ပြချက်များရှိသည်။

- ရှေးဟောင်းဘေဘီလုံမှလူများသည်စစ်မှန်သောဘုရားသခင် ကိုအလေးမထားသောကြောင့်သူတို့သေပြီးသည့် နောက်တွင် ပြန်လည် ထမြောက်မှုမရှိတော့။ (ယော ၅၁း၃၉၊ ဟေရှာ ၄၃း၁၇)
- ကျွန်ုပ်တို့၏ဘုရားသခင်ထာဝရဘုရား၊ ကိုယ်တော်မှတပါး အခြားသောသခင်တို့သည်ကျွန်ုပ်တို့ကိုအစိုးရကြပါပြီ။ ယခုမူကားကိုယ်တော်အားဖြင့်သာနာမတော်ကိုချီးမွမ်းကြပါမည်။ ထိုသခင်တို့သည်သေကြပါပြီ။ တဖန်အသက်မရှိ ကြရပါ။ သူတို့ကိုကြည့်ရှုဖျက်ဆီး၍သူတို့၏အမှတ်မှမရှိစေခြင်းငှာ ပယ်ရှင်းတော်မူပြီ။(ဟေရှာ ၂၆း၁၃၊၁၄)သူတို့၏ ပြန်လည် ရှင်သန်ထမြောက်မှုမရှိသူကိုဤနေရာတွင်စုကြ၏။ အလေး အနက်ထား၍ပြောဆိုသည်ကိုမှတ်သားပါ။ နောက်တဖန်ပြန်၍ အသက်မရှင်ကြ။ နောက်တဖန်ပြန်၍မထမြောက်၊ သူတို့၏ ဝိညာဉ်အားလုံးကွယ်ပျောက်သွားပြီး၊ ကွဲပြားမှုဖြင့် အစ္စရေး တို့ တွင် သူတို့၏အသိဉာဏ်ပညာကို စစ်မှန်သော ဘုရား သခင် ကြောင့်ပြန်လည်ရှင်သန်ထမြောက် မည်ဟု မျှော်လင့်ချက် ရှိကြသည်။ ကိုယ်တော်၏(အစ္စရေး၏) လူသေတို့သည် အသက်ရှင်ကြပါလိမ့်မည်။ငါ၏အသေ ကောင်တို့သည်လည်း ထမြောက်ပါလိမ့်မည်။ (ဟေရှာ ၂၆း၁၉)
- ဘုရားသခင်၏လူများဖြစ်သောကိစ္စတို့နှင့် ပတ်သက်၍ ပြောဆို ရာတွင် မြေမှုန့်၌ အိပ်ပျော်သောသူများနိုးကြလိမ့်မည်။ အချို့တို့ကားထာဝရအသက်ရှင်ခြင်းနှင့် လည်းကောင်း အချို့တို့ ကား ရှက်ကြောက်ခြင်း၊ ထာဝရအသရေပျက်ခြင်းနှင့် လည်းကောင်းနိုးကြလိမ့်မည်ဟုခရစ်တော်ပြန်လာသောအခါ ကျွန်ုပ်တို့ကိုပြောလိမ့်မည်။(ဒံ ၁၂း၂)ဂျူးလူမျိုးများ အားလုံး မဟုတ်သော်လည်း အများစုတို့သည်ဘုရားသခင် ရွေးချယ် ထား သော

လူများအဖြစ်ဘုရားသခင်သို့သူတို့၏ တာဝန်ဝတ္တရားများ ကြောင့်ပြန်လည်ရှင်သန်ထမြောက်ကြလိမ့်မည်။ သူတို့၏စစ်မှန်သောဘုရားသခင်ကိုလုံးဝမေ့လျော့သော သူများ သည် ဆုံးရှုံးမှုဖြစ်ကာမည်သည့်အခါတွင်မှ ပြန်လည် ထမြောက် ကြလိမ့်မည်မဟုတ်၊ ၎င်းတို့ကဘုရားရှင်၏ နှုတ်ကပတ်တော်ကို ရှာရန်မတတ်နိုင်သောကြောင့်ဖြစ်သည်။ (ဆာ ၈း၁၂၁၄)

ကျွန်ုပ်တို့အနေဖြင့်ယခုသိထားပြီးသည်မှာ

၁။ ဘုရားရှင်၏နှုတ်ကပတ်တော်၏အသိဉာဏ်ပညာကဘုရားရှင် သို့ တာဝန်ဝတ္တရားကိုယူဆောင်သည်။

၂။ တာဝန်ရှိသူများကပြန်လည်ရှင်သန်ထမြောက်ပြီး ဆုံးဖြတ်ခံ ကြရ လိမ့်မည်။

၃။ စစ်မှန်သောဘုရားသခင်ကိုမသိသူများသည် တိရစ္ဆာန်များကဲ့သို့ သေရစ်ကြလိမ့်မည်။

ထိုအဆုံးသတ်သွယ်ဝိုက်သောစကားများကလူ့မာနနှင့် သဘာဝ အလျောက် ယုံကြည်လိုမှုကိုခက်ခဲသောထိရိုက်မှုတစ်ခု ဖြစ်စေသည်။ ယ္ခုနှင့် သမိုင်းတလျှောက်မှလူနှစ်မျိုး၏ စစ်မှန်သောဧဝံဂေလိတရားကို နာယူခြင်း မရှိသော သန်းပေါင်းများစွာသော လူတို့သည်လည်းကောင်း၊ စိတ်ရောဂါ ပြင်းထန်စွာ ခံစားနေရသောလူများ သမ္မာကျမ်းစာပါသတင်းကို မလေ့လာနိုင် သူများ ဧဝံဂေလိ တရားတော်ကို နှစ်သက်ရန် အရွယ်မရောက်မီသေဆုံးကြသော ကလေးငယ်များ ဘုရားသခင်၏ စစ်မှန်သောပညာကိုမသိနားမလည်သူများ သည်ဘုရားသခင်အားတာဝန်ရှိသူများမဟုတ်ကြပေ။သူတို့၏ မိဘများ ၏စိတ်ပိုင်းဆိုင်ရာအခြေအနေမရှိဘဲသူတို့အနေဖြင့်ပြန်လည် ရှင်သန်ထမြောက်မှု ရှိမည်မဟုတ်ဟုဆိုလိုသည်။ ဤအချက်မှာလူသားဆိုင်ရာနှင့် အားလုံးသော ကျွန်ုပ်တို့၏ သဘာဝစိတ်ဆန္ဒနှင့် ခံစားမှုများကိုဆန့်ကျင်လျက် ရှိသည်။ သို့တိုင် ဘုရားသခင်၏နှုတ်ကပတ်တော်၏အဆုံးစွန်သောမှန်ကန်မှုမှာကျွန်ုပ်တို့၏ ကိုယ်ပိုင်သဘာဝဖြစ်သောနှိမ်ချစိတ်နှင့်ပူးတွဲ၍ဤအချက်၏ အမှန်တရားကို လက်ခံရန်ဦးဆောင်စေလျက်ရှိသည်။ လူ့အတွေ့အကြုံ၏ အကြောင်း အချက် များကို ပွင့်လင်းသောစစ်ဆေးမှုတစ်ခုက ကျမ်းစာ၏ လမ်းညွှန်မှုသော်မှ မရှိဘဲ အထက်တွင်ဖော်ပြထားသောအုပ်စုများ အတွက် အနာဂတ်ဘဝ၏ မျှော်လင့်မှု မရှိနိုင်ပေ။

ထိုအချက်များတွင်ဘုရားသခင်၏နည်းလမ်းများနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏မေးခွန်းများမှာ လုံးဝအစီအစဉ်မကျပေ။ ဘုရားသခင်ကို ငြင်းဆန် သောအချင်းလူ သင်သည်ကားအဘယ်သူနည်း လုပ်အပ်သော အရာသည် လုပ်တတ်သောသူအား အဘယ်ကြောင့်ငါ့ကိုဤသို့လုပ်ရသနည်းဟု ဆိုရမည် လော။ (ရောမ ၉း၂၀)

ကျွန်ုပ်တို့အနေဖြင့်နားမလည်နိုင်မှုကိုဝန်ခံနိုင်သည်။ သို့ရာတွင် ဘုရားသခင်အားတရားမျှတမှုမရှိသူသို့မဟုတ်မှန်ကန်မှု မရှိသူဟူ၍ စွဲစွဲမှုကိုမည်သည့်အခါမှမလုပ်ရပေ။ ဘုရားရှင်အားတစ်နည်းဖြင့် ချစ်မြတ် နိုးဘွယ် မဟုတ်သူအမှားကျူးလွန်သူဖြစ်နိုင်သည် ဟုပြောဆိုခြင်းမှာ တန်ခိုးရှိ သော ဘုရား၏ဖြောင့်မတ်ဘွယ်ရာအခြေအနေကိုဖြစ်ပေါ် စေသည်။ သူ၏သတ္တဝါများကိုဆက်ဆံသော ဖခင်နှင့်ဖန်တီးရှင်တို့ကို အကျိုးအကြောင်း မခိုင်လုံသောတရားမျှတမှုမရှိသော နည်းလမ်းပေါ် ပေါက်စေသည်။ ဒါဝိဒ်ဘုရင်၏သူ၏ ကလေးဆုံးရှုံးမှုဖြစ်သောမှတ်တမ်းကို(၂ရာ ၁၂း၁၅-၂၄) တွင် ဖတ်ရှုရသည်။ ထိုမှတ်တမ်းတွင်ဒါဝိဒ်သည်ကလေးအသက်ရှင်နေစဉ် ကလေးအတွက်မည်ကဲ့သို့ခက်ခဲစွာဆုတောင်းရသည်ကိုမှတ်တမ်းတင်ထားသည်။ သို့ရာတွင်သူကကလေးငယ်သေခြင်း၏နောက်ဆုံးဖြစ်မှုကို သတိရှိစွာ လက်ခံခဲ့ သည်။ ကလေးငယ်အသက်ရှင်ဆဲတွင် ကျွန်ုပ်သည်ပြင်းထန်စွာငိုကြွေးခဲ့သည်။ ဘုရားသခင်ကငါ့ကို သနားတော်မူ၍သူငယ်အသက်ကိုချမ်းသာပေးမည်၊ မပေးမည်ကိုအဘယ်သူဆိုနိုင်သနည်း။ သို့ရာတွင်အခုကလေးငယ်သေပြီ၊ အဘယ်ကြောင့်အစားရှောင်ရမည်နည်း။ သူငယ်ကိုပြန်၍ဆောင်ခဲ့နိုင်သလော၊ သူသည်ကျွန်ုပ်ထံသို့ပြန်လာတော့မည်မဟုတ်။ ဒါဝိဒ်သည် သူ၏ဇနီးသည်အား နှစ်သိမ့်၍နောက်ထပ်ကလေးတယောက်ကိုဖြစ်နိုင်သမျှမြန်မြန်မွေးဖွားစေလေသည်။

နောက်ဆုံးတွင်လူများစွာတို့သည်ဘုရားသခင်သို့တာဝန်ရှိခြင်း နည်းလမ်းကို လက်ဆုပ်လက်ကိုင်ပြုလျက်သူတို့အနေဖြင့် ဘုရားသခင်နှင့် ဆုံးဖြတ်မှု အပေါ် တွင် တာဝန်ရှိလာလျှင် သူတို့ကဘုရားသခင်၏ အသိဉာဏ် ပညာကို ထပ်၍ရရန်စိတ်မာနမရှိတော့ဟု ခံစားရကြောင်းပြောနိုင်ပေသည်။ သို့ရာတွင် ဘုရားသခင်နှုတ်ကပတ်တော်၏ အသိဉာဏ်ပညာက သူတို့အား ဘုရားသခင်က သူတို့၏ ဘဝတွင်ရှိနေခြင်း၊ ဘုရားသခင်နှင့်စစ်မှန်သော ဆက်နွယ်မှုပေးခြင်းတို့ကို သိရှိလျက်ဘုရားသခင်သို့တာဝန်ရှိသည်ဟုခံယူသူများ လည်းရှိပေသည်။

**''God Is Love''** ဟူသောအချက်ကိုအမြဲသတိရနေရမည်။ ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်း သို့မရောက်ထာဝရအသက်ကိုရစေခြင်းငှာ ဘုရားသခင်သည် မိမိ၏တပါးတည်းသော သားတော်ကိုစွန့်ပစ်တော်မူ သည့်တိုင်အောင် လောကီ သားတို့ကိုချစ်တော်မူ၏။(၁ယော ၄း၈၊ ၂ပေ ၃း၉၊ ယော ၃း၁၆)ဘုရားသခင်က ကျွန်ုပ်တို့အားသူ၏ နိုင်ငံတော်ထဲတွင်ရှိစေလိုသည်။

ယင်းကဲ့သို့ဂုဏ်ပြုမှုနှင့်အခွင့်အရေးတစ်ခုက တာဝန်များကိုယူစေသည်။ သို့တိုင် ထိုတာဝန်ဝတ္တရားများမှာကျွန်ုပ်တို့အတွက် တာဝန်ပိုစေရန်၊ သို့မဟုတ်တစ်ဦးတည်းဆောင်ရွက်၍သတ်မှတ်ထားခြင်းမဟုတ်ပေ။ အကယ်၍ကျွန်ုပ်တို့က ဘုရားသခင်အား အစစ်အမှန်ချစ်မြတ်နိုးပါက သူ၏ ကယ်တင်မှုမှာ သီးသန့်လုပ်ငန်းများအတွက် အလိုအလျောက် ဆုလာဘ် တစ်ခု မဟုတ်ကြောင်း ကျွန်ုပ်တို့ကအလေးအနက်ထားရမည်ဖြစ်သည်။ သို့ရာတွင် သူ့အား ချစ်မြတ်နိုးစိတ်ကသူ၏ကလေးများအတွက်သူလုပ်နိုင်သမျှ လုပ်စေရန် ပျော်ရွှင်မှု၏ထာဝရဘဝကိုခွင့်ပြုရန်တို့ကိုသူ၏ အံ့ဘွယ်ရာ ခလေ့စရိုက်ကို နှစ်သက်ခြင်းအားဖြင့်ပြီးမြောက်နိုင်ပေသည်။

ဘုရားသခင်၏နှုတ်ကပတ်တော်မှတဆင့်ဘုရားသခင်၏ ခေါ်ဆိုမှုများကို ကျွန်ုပ်တို့ကနှစ်သက်ကြွပြားလိုမှုဖြစ်လာသည် နှင့်အမျှကျွန်ုပ်တို့က လူအုပ် ကြီးများကိုဖြတ်၍လျှောက်သွားတိုင်း ကျွန်ုပ်တို့၏တာဝန်ဝတ္တရားများနှင့် အတူနေမှုပျက်ကွယ်၍ စောင့်စားမှုထက်ဘုရားသခင်သည်ကျွန်ုပ်တို့အား အထူး စွမ်းအားဖြင့်စောင့်ကြည့်နေကြောင်း၊ သူ၏ချစ်ခြင်းမေတ္တာသို့ ကျွန်ုပ်တို့၏ တုန့်ပြန်မှု၏သင်္ကေတကိုရှာနေကြောင်းကျွန်ုပ်တို့သိလာလိမ့်မည်ဖြစ်သည်။

ကျွန်ုပ်တို့အပေါ်တွင်ရှိနေသောအချစ်မျက်စိမှာမည်သည့် အခါတွင် ပျက်ပြားများမည်မဟုတ်ပါ။ ဘုရားသခင်သို့တာဝန် ကင်းစွာဖြင့် လူတို့အား စိတ်ပျော်ရွှင်မှုရရန်ဘုရားသခင်၏ ပညာကိုမည်အခါတွင်မှမမေ့မလျော့နိုင်ပါ။ မည့်သည့်အခါမှမလုပ်ဘဲ မနေနိုင်ပါ။ ယင်းအစားကျွန်ုပ်တို့ အနေဖြင့် ဘုရား သခင်သို့ ကျွန်ုပ်တို့ရှိရမည့်အထူးဦးစပ်မှုကိုပျော်ရွှင်နိုင်သည်၊ ပျော်ရွှင်သင့်သည်။ ထို့ကြောင့်ဘုရားသခင်နှင့်ပတ်သက်သော အချက်များကို ကျွန်ုပ်တို့ကအမြဲ ရှာနေသော ဘုရားသခင်၏ ကြီးမားသောအချက်ပေါ်တွင် ယုံကြည်မှုရှိရမည်။ ကျွန်ုပ်တို့၏ ဘုရားသခင်အားချစ်ခင်မြတ်နိုးမှုနှင့်သူ၏ အကြောင်းအား သိလိုမှု ရှိမှသာသူအားအတိအကျပုံတူ ကူးချနိုင်ကာသူ၏ အဆုံးစွန်သော သန့်ရှင်းမှု၏ သဘာဝဆိုင်ရာ ကြောက်ရွံ့မှုကိုချိန်ဆသင့်သည်။

## ၄.၉ ငရဲ

ငရဲ၏ထင်ရှားသောသဘောတရားမှာကောက်ကျစ်စဉ်းလဲသော မသေ သည့်ဝိညာဉ်၏သေပြီးနောက်တိုက်ရိုက်အပြစ်ပေး သည့်နေရာ၊ သို့မဟုတ် တရားစီရင်ရာတွင် ပယ်ချခံရသူများအားပြင်းထန်စွာနာကျင်မှု ဖြစ်စေ သောနေရာဖြစ်သည်။ သမ္မာကျမ်းစာမှ လူအားလုံးသေသည့်အခါ သွားသော နေရာ၊ သချိုင်းကုန်းသည် ငရဲဖြစ်သည်ဟုသင်ထားခြင်းသည် ကျွန်ုပ်တို့၏ ဝန်ခံမှုဖြစ်သည်။

စကားလုံးတစ်လုံးအနေဖြင့်မူလဟီးဗြူးစာလုံးတစ်လုံးဖြစ်သော **sheol** ကို **'hell'** ဟုပြန်ဆိုထားပြီး ဖုံးကွယ်ထားသောနေရာ တစ်ခုဟုဆိုလိုသည်။ **'Hell'** သည် **sheol** ၏အင်္ဂလိပ်ဘာသာပြန်ဖြစ်သည်။ ထို့ကြောင့် **'hell'** ကိုဖတ်သောအခါ ကျွန်ုပ်တို့အနေဖြင့် အပြည့်ဘာသာပြန်ထားသော စကားလုံး တစ်လုံးကိုဖတ်နေခြင်းမဟုတ်ပေ။ **''helmet''** သည်စာအားဖြင့် **''hell-met''** ဖြစ်ပြီး၊ ဦးခေါင်းအတွက်ဖုံးကွယ်ထားသောအရာတစ်ခုဟုအဓိပ္ပါယ်ရသည်။ သမ္မာကျမ်းစာအရာ ယင်းဖုံးကွယ်ထားသောနေရာသို့မဟုတ် **hell** သည် **'grave'** ဖြစ်သည်။ မူလစကားလုံး **'Sheol'** ကို **grave** ဟုပြန်ဆိုရာတွင်ဥပမာများစွာရှိပေသည်။ အမှန်အားဖြင့်ခေတ်မီ သမ္မာကျမ်းစာပြန်ဆိုမှုများတွင် **'hell'** စကားလုံးကိုအသုံးပြုမှုနည်းပါးပြီး၊ **grave** အဖြစ်ပို၍အဆင်ပြေစွာပြန်ဆိုထားပါသည်။ **sheol** ဟု **grave** ဟုဘာသာပြန်ထားမှု၏ဥပမာအနည်းငယ်တွင် **'hell'** ကိုမီး၏နေရာ တစ်ခုနှင့်ကောက်ကျစ်သူများအားနှိပ်စက် ညှင်းပန်းသော နေရာအဖြစ် ပြန်ဆိုထားသည်။

⁎⁎လူဆိုးတို့မှုကားအရှက်ကွဲလျက်မရဏနိုင်ငံ၌ တိတ်ဆိတ်စွာ နေကြပါစေသော်✡✡

**ဘုရားသခင်သည်ငါ၏ဝိညာဉ်ကိုသိမ်းယူတော်မူသောကြောင့်ငါ၏ ဝိညာဉ်ကိုမရဏာနိုင်ငံ၏တန်ခိုးမှရွေးတော်မူမည်။(ဆာ ၄၉း၁၅) (i.e ဒါဝိဒ်၏ဝိညာဉ်သို့မဟုတ်ခန္ဓာကိုယ်သည် မရဏာနိုင်ငံမှ ပြန်လည်ရှင်သန်ထမြောက် လာလိမ့်မည်။☼☼

ငရဲသည်လူဆိုးအတွက်အပြစ်ပေးရာနေရာဖြစ်သည်။ ထိုနေရာမှ မလွတ်မြောက်နိုင်၊ မှန်သောသူသည်ငရဲသို့သွားနိုင်သော်လည်းပြန်လည် လွတ်မြောက်နိုင်သည်ဟုယုံကြည်ထားသည်။ (ယော ၁၃း၁၄)က ဤအချက်ကို ခိုင်မာစေသည်။ သူတို့ကို မရဏာနိုင်ငံတန်ခိုးမှငါကယ်လွှတ်မည်၊ သေမင်းလက်မှ လည်းရွေးမည်။ ဤအချက်ကို ၁ကော ၁၅း၅၅တွင်ဖော်ပြထားပြီးခရစ်တော် ပြန်လည် ထမြောက်လာမှုကိုအသုံးပြုသည်။ အလားတူပင် ဒုတိယ အကြိမ်ပြန်လည်ရှင်သန်ထမြောက်လာသည်ဟူသောအမြင်ထဲတွင် (လေ့လာမှု၅.၅) ကိုကြည့်ပါ။ မရဏာနှင့်မရဏာနိုင်ငံသည်လည်းမိမိတို့၌ ရှိသော လူသေတို့ကို ပေးအပ်ကြ၏။(ဗျာ ၂ဝး၁၃) မရဏာ(**i.e** မရဏာနိုင်ငံ)နှင့်ငရဲအကြား အပြိုင် ဖြစ်မှုကို မှတ်သားပါ။ (ဆာ ၆း၅)

(၁ရာ ၂း၆)မှ **Hannah** ၏စကားလုံးများမှာအလွန်ရှင်းလင်းပါသည်။ ထာဝရဘုရားသည်သေစေသောအခွင့်၊ အသက်ရှင် စေသောအခွင့်၊ မရဏာ နိုင်ငံသို့ နှိမ့်ချသောအခွင့်၊ ထမြောက်စေသောအခွင့်ရှိတော်မူ၏။

ငရဲသည်မရဏာနိုင်ငံဖြစ်သည်ဟု ရှုမြင်လျက်မှန်ကန်သောလူသည် ပြန်လည် ရှင်သန်ထမြောက်ခြင်းမှတဆင့်ထာဝရအသက်သို့ ကယ်တင်ခြင်း ခံရမည်ဟုမျှော်မှန်းရပေသည်။ သို့ဖြစ်၍ငရဲသို့မဟုတ် မရဏာနိုင်ငံတော်သို့ဝင်ရန်အတော်ပင်လွယ်ကူပေသည်။ နောက်ပိုင်းတွင်၎င်းနေရာမှ ပြန်လည်ရှင်သန်ထမြောက်ခြင်းမှလွတ်မြောက်သည်။ အကောင်းဆုံး ဥပမာမှာယေရှုဖြစ်သည်။ ခရစ်တော်၏စိတ်ဝိညာဉ်ကို မရဏာနိုင်ငံ၌ ပစ်ထား တော်မမူ၊ အသားသည်လည်းပုပ်စပ်ခြင်းသို့မရောက်ဟု၊(တ ၂း၃၁) အဘယ်ကြောင့်ဆိုသော်သူသည်ပြန်လည်ရှင်သန်ထမြောက်ခြင်းကြောင့် ဖြစ်သည်။ ခရစ်တော်၏ ဝိညာဉ်စိတ်နှင့်သူ၏အသားသို့မဟုတ်ခန္ဓာကိုယ် အကြားအပြိုင်ဖြစ်မှုကိုမှတ်သားပါ။ သူ၏ခန္ဓာကိုယ်မှာ ငရဲတွင်မကျန်ရစ်ဟူသော အချက်မှာ ထိုနေရာတွင်အချိန်တစ်ခုအထိရှိခဲ့သည်။ (**i.e** သူ၏ ရုပ်ခန္ဓာသည် မရဏာနိုင်ငံတွင်ရှိနေသောသုံးရက်) ခရစ်တော်သည် ငရဲသို့ သွားခဲ့သည်ဟူသောအချက်မှာသူသည် စိတ်ယုတ်မာသောသူသွားသောနေရာ တစ်ခုသို့မဟုတ်ကြောင်းသက်သေပြသင့်သည်။

လူကောင်းရောလူဆိုးပါငရဲသို့သွားကြရသည်။ (**i.e** မရဏာနိုင်ငံတော်)ဤသို့ဖြင့်ယေရှုသည်လူဆိုးတို့နှင့်အတူမြေမြှုပ်ခံရသည်။ (ဟေရှာ ၅၃း၉)ဤအချက်နှင့်ကိုက်ညီစေရန်မှန်ကန်သောသူများငရဲသို့သွားကြသည်။ (**i.e** မရဏာနိုင်ငံတော်)ငါ့သား ရှိရာမရဏာနိုင်ငံသို့ စိတ်မသာညည်းထွားလျက် ဆင်းသက်တော့မည်ဟုဆိုလေ၏။ ထိုသို့ ယောသပ်အဘသည်သားကြောင့်ငိုကြွေးမြည်တမ်းလျက်နေလေ၏။ (က ၃၇း၁၅)

အပြစ်ကျူးလွန်ခြင်းအတွက်အပြစ်ဒဏ်မှာသေခြင်းဖြစ်သည် ဆိုခြင်းမှာ ဘုရားသခင်၏နည်းလမ်းမားအနက်တစ်ခုဖြစ်သည်။ (ရော ၆း၃၅၊ ၈း၁၃၊ ယာ ၁း၁၅)သေခြင်းသည်လုံးဝသတိမရတော့သော အခြေအနေတစ်ခုဖြစ်ကြောင်းကျွန်ုပ်တို့ကယခင်ကပင် ပြဆိုခဲ့ပြီးဖြစ်သည်။ ဒုက္ခဖြစ်မှုကြောင့် လုံးဝ ပျက်စီးမှု ဖြစ်သည်။ ထာဝရနာကျင်စေမှုဒုက္ခမဟုတ်ပေ။(မ ၂၁း၄၁၊ ၂၂း၇၊ မ ၁၂း၉၊ ယာ ၄း၁၂)ယင်းမှာရေကြီးသည့်အခါလူများဖျက်စီးခံရသကဲ့သို့ဖြစ်ရန်သေချာသည်။(လု ၁၇း၂၇၊၂၉)အစ္စရေးလူမျိုးများတောနက်ထဲ တွင်သေဆုံးသကဲ့သို့ဖြစ်သည်။ (၁ကော ၁ဝး၁ဝ)ထိုဖြစ်ရပ်နှစ်ခုစလုံးတွင်ပြစ်မှုကျူးလွန်သူများသည် ထာဝရနာကျင်မှုခံရသူများထက် ပို၍သေဆုံးကြသည်။ သို့ဖြစ်ရာ လူမိုက်များသည် ထာဝရစိတ်ဖိစီးမှုနှင့် ဒုက္ခဝေဒနာခံစားရမှုဖြင့် အပြစ်ပေး ခံရခြင်းမှာမဖြစ်နိုင်ပေ။

ဘုရားသခင်သည်အပြစ်မကျူးလွန်သို့မဟုတ်အပြစ် ကျူးလွန်ခြင်းကို ကျွန်ုပ်တို့၏ မှတ်တမ်းတွင်အပါမခံသည်ကိုကျွန်ုပ်တို့တွေ့ခဲ့ကြပြီးဖြစ်သည်။ ယင်းမှာအကယ်၍ကျွန်ုပ်တို့ကဘုရားသခင်၏နှုတ်ကပတ်တော်ကိုမသိလျှင်(ရော ၅း၁၃) ဤအခြေအနေတွင်ရှိနေသူများအနေဖြင့် သေခြင်းတရားနှင့် ဆက်၍ ရင်ဆိုင်နေရလိမ့်မည်။

ဘုရားသခင်၏လိုအပ်ချက်များကိုသိသောသူများအနေဖြင့် ခရစ်တော် ပြန်လာချိန်တွင်ပြန်လည်ရှင်သန်ထမြောက်ပြီး ဆုံးဖြတ်ခြင်းကိုခံရလိမ့်မည်။ အကယ်၍မိုက်မဲပါကထိုအချက်မှာ အပြစ်အတွက်ဆုံးဖြတ်ချက်ဖြစ်သောကြောင့် သူတို့လက်ခံရရှိမည့် အပြစ်ဒဏ်မှာသေခြင်းတရားပင်ဖြစ်သည်။ ထို့ကြောင့် ခရစ်တော်၏

ဆုံးဖြတ်ခြင်းမပြုမီလာ ပြီးနောက်သူတို့သည် အပြစ်ပေးခံရပြီးတဖန် သေရပြန်သည်။ အမြဲလည်းသေနေရဦးမည်။ ယင်းမှာ (ဗျာ ၂း၁၁၊ ၂၀း၆) တွင် ပြောထားသည့်အတိုင်းဒုတိယအကြိမ်သေခြင်း ဖြစ်လိမ့်မည်။ ထိုလူများသည် တစ်ကြိမ်သေပြီးဖြစ်လိမ့်မည်။ လုံးဝသတိမရတော့သောသေခြင်းတရား တစ်ခု ဖြစ်သည်။ သူတို့သည် ခရစ်တော်ပြန်လာချိန်တွင်ပြန်လည် ရှင်သန် ထမြောက်ပြီးဆုံးဖြတ်ခြင်းခံရလိမ့်မည်။ ထို့နောက်ပထမအကြိမ်သေခြင်းခဲ့သို့ဒုတိယ အကြိမ်သေခြင်းဖြင့်အပြစ်ပေးခံရမည်။ ထိုအဖြေတွင် လုံးဝသတိမရတော့သော အဖြေဖြစ်လိမ့်မည်။ ဤအခြေအနေမှာအမြဲကြာရှည် လိမ့်မည်။

အပြစ်အတွက်အပြစ်ဒဏ်မှာအမြဲတာရှည်ပြီးသူတို့၏ သေခြင်း တရားမှာအဆုံးမရှိဖြစ်လိမ့်မည်။ အမြဲသေခြင်းမှာတာရှည်သော အပြစ် တစ်ခုဖြစ်သည်။ ဤကဲ့သို့ဖော်ပြချက်မျိုးကိုအသုံးပြုပြီး ထားသောဥပမာတစ်ခုကို (တရား ၁၁း၄)တွင်တွေ့ရသည်။ ဤအရာမှာဖာရော့၏ စစ်တပ်ကပင် လယ်နီဒေသတွင် တစ်သက်တာဖျက်စီးမှုပြုခဲ့ရာယင်းကဲ့သို့ ဖျက်စီးခြင်းမျိုး အစ္စရေးအပေါ် ဒုက္ခ ဖြစ်စေမှုမည်သည့်အခါမျှထပ်၍မဖြစ်ခဲ့ပေ။ **သူကပင်လယ်နီရေကိုသူတို့အားလွှမ်းစေရန်ပြုလုပ်ခဲ့သည်၊ ဘုရားသခင်ကသူတို့အား ဤနေ့တွင် ဖျက်စီးခဲ့သည်။✡✡

ဓမ္မသတ်ဟောင်း၏ရှေးဦးအချိန်များတွင်မောရှေ ယုံကြည်သူများက နောက်ဆုံးနေ့တွင်ပြန်လည်ရှင်သန်ထမြောက်ခြင်းဖြစ် လိမ့်မည်ဟု နားလည်ထားကြသည်။ ထို့နောက်တွင်တာဝန်ရှိသော လူမိုက်သည် မရဏာဘုံသို့ပြန်လာလိမ့်မည်။ (ယောဘ ၂၁း၃၀၊၃၂)မှာ အလွန်ရှင်းပါသည်။ ဖျက်ဆီးရာနေ့ရက်ကာလသို့မတရားသောသူတို့သည် ယွှဲဘေးလွတ် လိမ့်မည့်အကြောင်း ဒေါသအမျက်ခံရာ နေ့ရက်ကာလသို့ ယွှဲထွက် မြောက် လိမ့်မည်။ အကြောင်းတည်းဟူသောသူတို့ လက္ခဏာ သက်သေများကို မသိကြ သလော၊ သူသည် သင်္ချိုလ်ခြင်းသို့ရောက်၍သူ၏ သင်္ချိုင်းပုံကို အစောင့် ချထားကြလိမ့်မည်။ **ငါ၏အုပ်ချုပ်မှုကို မခံလိုသောငါ့ရန်သူတို့ကိုခေါ်ခဲ့ကြ၊ ငါ့ရှေ့မှာ သတ်ကြဟုစီရင်တော်မူသည်ဟုမိန့်တော်မူသည်။✡✡(လု ၁၉း၂၀) လူမိုက်များသည် သတိရှိသောအခြေအနေတွင်ပုံမှန်အနာတရ ရရှိစေလျက် အမြဲ တည်ရှိနေသည်ဟူသော အတွေးမှာဤအချက်တွင်အံဝင်ခွင်ကျမဖြစ်ပေ။ မည် သည့် ဖြစ်ရပ်တွင်မဆိုယင်းအချက်မှာ နှစ်ပေါင်း(၇၀)ကြာလုပ်ရပ်များအတွက် အမြဲ အနာတရဖြစ်စေမှုမှာအကျိုးအကြောင်းခိုင်လုံမှုမရှိသော အပြစ်ပေးမှုပင်ဖြစ်လိမ့်မည်။ ဘုရားသခင်အနေဖြင့်လူမိုက်များကို အပြစ်ပေးခြင်းအတွက် ပျော်ရွှင်ချမ်းမြေ့မှုမရှိပေ။ ဘုရားသခင်က သူတို့အပေါ်တွင်ထာဝရအပြစ် ဖြစ် စေမှု ပေါ် ပေါက်စေလိမ့်မည်မဟုတ်ဟု မျှော်လင့်ရပေသည်။

(ယေဇ ၁၈း၂၃၊၃၂၊၃၃း၁၁**cp** မ၂ပေ ၃း၉)

ခရစ်ယာန်ဝါဒကိုအမြဲယုံကြည်မှုမထားသူများက မကြာခဏပင်ငရဲ (**hell** ) ကိုမီးနှင့်ပြင်းထန်သောဝေဒနာအတွေ့နှင့်ဆက်စပ် ပြောဆိုလေ့ရှိသည်။ ယင်းအချက်မှာငရဲနှင့်ပတ်သက်သောသမ္မာကျမ်းစာ၏ သင်ကြားမှုနှင့် တိကျသောကွဲပြားချက်ဖြစ်ပေသည်။ သိုးများကဲ့သို့သူတို့အား မရဏာနိုင်ငံ၌ ချထား၍သေမင်းစားလိမ့်မည်။ မကြာမီဖြောင့်မတ်သော သူတို့ အုပ်စိုးကြရ လိမ့်မည် ဟူသော (ဆာ ၄၉း၁၄)မှာ မရဏာနိုင်ငံသည်ငြိမ်းချမ်းသောသုခချမ်းသာ နေရာတစ်ခုဖြစ်သည်ဟုတိတ်ဆိတ်ဖော်ညွှန်းလေသည်။ ခရစ်တော်၏ ဝိညာဉ် သို့မဟုတ် ခန္ဓာကိုယ်မှာငရဲတွင်သုံးရက်နေခဲ့ရဘူးသော်လည်း အသား ပုပ်စပ်ခြင်းသို့မရောက်(တ ၂း၃၁)အကယ်၍ငရဲသည် မီး၏နေရာတစ်ခုသာ ဖြစ်ပါက ဤအချက်မှာမဖြစ်နိုင်ပေ။(ယေဇ ၃၂း၂၆-၃၀)ကစွမ်းအားကြီးမားသောနိုင်ငံများမှစစ်သားများသည် သူတို့၏မရဏာနိုင်ငံတွင်ငြိမ်းချမ်းစွာ လဲလျောင်းနေမှုပုံကိုဖော်ညွှန်းပေးလေသည်။ စစ်တိုက်လက်နက်ပါလျက် မရဏာနိုင်ငံသို့ ဆင်းသွား၍မိမိဒါးကိုမိမိခေါင်းအောက်မှာထားလျက် မိမိသို့အစိုးပေါ်မှာမိမိတို့အပြစ်တည်လျက်ရှိကြသည်။ ယင်းအချက်မှာ စစ်သားများအားလူတို့၏လက်နက်များနှင့် အတူခေါင်းအောက်တွင်ထား၍ မြှုပ်နှံခြင်းဓလေ့ကိုဖော်ညွှန်းသည်။ ငရဲ(မရဏာနိုင်ငံ)နှင့် ဖော်ပြချက်ဖြစ်သည်။ ထိုစစ်သားများ၏ငရဲတွင်လဲလျောင်းနေသောအချက်မှာ ငရဲသည် မီးနေရာဖြစ်သည် ဟူသောအချက်ကိုလုံးဝ မထောက်ခံပေ။ ရုပ်ဝတ⬇ုပစ္စည်း (ဥပမာဒါးများ)သည် လူတို့ကဲ့သို့ပင်အတူတကွ ငရဲသို့သွားကြရခြင်းမှာ ငရဲသည်စိတ်ဖိစီးမှုဒဏ်ဖြစ်စေသောနေရာတစ်ခုသာ မဟုတ်ကြောင်း ပြသလျက်ရှိသည်။ ပေတရုကလူမိုက်တစ်ယောက်အား ဘုရားသခင်၏ ကျေးဇူးတောက်ကို ငွေနှင့်ဝယ်ယူမည်ဟု အကြံရှိသောကြောင့်သင်နှင့် တကွသင်၏ ငွေသည်ပျက်စီးခြင်းသို့ရောက်ပါစေ။ (တ ၈း၂၀)

ယောန၏အတွေ့အကြုံမှတ်တမ်းကလည်းဤ အချက်ကို ဝိရောဓိဖြစ်စေသည်။ ကြီးမားသောငါးကြီးတကောင်အားဖြင့် အရှင်လိုက် မျိုချ ခံရသော အခါယောနကငါသည်ဒုက္ခဆင်းရဲကိုခံရသောကြောင့်

ထာဝရ ဘုရားကိုဟစ်အောင်ခေါ်၍ငါ့စကားကိုကြားတော်မူ၏။ မရဏာနိုင်ငံ၏ ဝမ်းထဲက ဟစ်ခေါ်သောစကားသံကိုနားထောင်တော်မူ၏။(ယောန ၂း၁၊၂)ယင်းမှာ မရဏာဝမ်းဗိုက်နှင့်ဝေလငါးမှာ အပြိုင်ဖြစ်စေသည်။ ဝေလငါး၏ ဝမ်းဗိုက်မှာ ဖုံးလွှမ်းထားသောနေရာဖြစ်၍ငရဲဟုဘာသာပြန်သော **sheol** ၏မူလ အဓိပ္ပါယ်ဖြစ်သည်။ အထင်အရှားထိုနေရာမှာ မီးနေရာမဟုတ် ဘဲဝေလငါးက သူတို့အံထုတ်လိုက်သောအခါ ယောနသည်ဝမ်းဗိုက်ငရဲမှထွက်လာခဲ့သည်။ ဤအချက်မှာခရစ်တော်၏မရဏာနိုင်ငံမှပြန်လည်ရှင်သန်ထမြောက်လာခြင်းကို ညွှန်ပြနေလေသည်။ (မ ၁၂း၄၀)

## ဥပမာတင်စားထားသောမီး

မည်သို့ပင်ဖြစ်စေသမ္မာကျမ်းစာကအပြစ်ကျူးလွန်သူများ မရဏာ နိုင်ငံသို့ရောက်ရှိပြီး၊ လုံးဝပျက်စီးမှုဖြစ်စေသောဘုရားသခင်၏ အပြစ်နှင့် ဒေါသဖြစ်မှုကို ကိုယ်စားပြုစေရန် အလို့ငှာထာဝရမီး၏ပုံရိပ်ကို မကြာခဏ အသုံးပြုခြင်းဖြစ်သည်။ သောဒုံ(**Sodom**)သည် ထာဝရမီးဖြင့် အပြစ်ပေးခြင်း ခံရသည်။(ယု အပိုဒ်၇) **i.e** သောဒုံမြို့တွင်နေထိုင်သူများ၏ ကောက်ကျစ် မှုကြောင့် လုံးဝဖျက်ဆီးခြင်းခံရသည်။ ယနေ့အခါတွင်ထိုမြို့သည်ပျက်စီးပြီး ပင်လယ်သေ၏ရေအောက်တွင်မြုပ်လျက်ရှိသည်။ အကယ်၍ကျွန်ုပ်တို့ကထာဝရ မီးကိုနားလည်ထားပါကထိုမြို့သည်မီးလောင်နေမည်ဖြစ်သည်။ အလားတူပင် ဂျေရုဆလင်မှာ အစ္စရေး၏အပြစ်များကြောင့်ဘုရားရှင် ၏ဒေါသသည် ထာဝရ မီးအောက်တွင် ခြိမ်းခြောက်ခံရလျက်ရှိသည်။ ငါသည်ဂျေရုဆလင်မြို့တံခါးကို မီးရှို့၍ထိုမီးသည်မငြိမ်းမသေဘဲ ထိုမြို့၏ဘုံဗိမာန်တို့ကိုလောင်ရလိမ့်မည်။(ယေ ၁၇း၂၇)ဂျေရုဆလင်သည်အနာဂါတ်နိုင်ငံတော်၏တရားဟောရာမြို့တော်ဖြစ်သည်။ (ဟေရှာ ၂း၂-၄၊ ဆာ ၄၈း၂)ဘုရားသခင်ကကျွန်ုပ်တို့က ဤအချက်အားစာအဖြစ် ဖတ်ရှုစေရန် မရည်ရွယ်ပါ။ ဂျေရုဆလင်၏အိမ်ကြီးများသည် မီးလောင်ကျွမ်းကုန်ကြသော်လည်း ထိုမီးသည်ထာဝရဆက်၍မလောင်ကျွမ်း။(၄ရာ ၂၅း၉)

အလားတူပင်ဘုရားသခင်က **Idumea** ကုန်းမြေကိုမီးဖြင့် အပြစ်ပေး ခဲ့သည်။ နေ့ညမပြတ်မီးမငြိမ်းရ၊ မီးခိုးလည်းအစဉ် တက်လိမ့်မည်။ ထိုပြည်သည် လူမျိုးအစဉ်အဆက်ဆိတ်ညံ၍ကာလအစဉ်အမြဲအဘယ်သို့မျှမလျှောက်ရမသွားရ။ ဣဗိတ်ငှက်နှင့် ကျီးအတို့သည်လည်းနေကြလိမ့်မည်။ ဘုံဗိမာန်၌ လည်းကောင်း၊ ရဲတိုက်၌ လည်းကောင်းဘူးပင်အမျိုးမျိုးပေါက်ကြလိမ့်မည်။ (ဟေရှာ ၃၄း၉-၁၅) ထိုအချက်ကိုတွေ့မြင်လျက်တိရစ္ဆာန်များနှင့် အပင်များသည် ပျက်ဆီးသွားသော **Idunee** ကုန်းမြေတွင်တည်ရှိ နေကြသည်ကိုမြင်တွေ့လျက် ထာဝရမီးဟူသောဘာသာစကားမှာဘုရားသခင်၏ဒေါသကိုရည်ညွှန်းရမည်။ သူ၏နေရာကိုလုံးဝ ပျက်စီးစေမှုကိုရည်ညွှန်းရမည်။

**'For ever'** ကိုဘာသာပြန်ထားသောဟီးဗြူးနှင့်ဂရိစကားစုများမှာ **'For the age'** အသက်ထက်ဆုံးဟုတင်းကျပ်စွာ အဓိပ္ပါယ်ရသည်။ တစ်ခါ တစ်ရံတွင် ဤအချက်မှာအဆုံးမရှိမှုကိုညွှန်းသည်။ ဥပမာ နိုင်ငံတော်၏ခေတ်၊ သို့ရာတွင်အမြဲမဟုတ် (ယေ၉ ၃၂း၁၄၊၁၅)သည်ဥပမာတစ်ခုဖြစ်သည်။ ခံတပ်နှင့်တိုင်များသည်ဝိညာဉ်ကျွန်ုပ်တို့အပေါ်တွင်သွန်းလောင်းသည့်တိုင်အောင် မြေအောက်တွင်အမြဲရှိလိမ့်မည်။ ဤအချက်မှာထာဝရဖြစ်မှုနှင့် ထာဝရမီးကို နားလည်စေသည့်နည်းလမ်းတစ်ခုဖြစ်သည်။

ထပ်ဆင့်၍ဘုရားသခင်၏ဂျေရုဆလင်နှင့်အစ္စရေးများ၏ အပြစ်ကြောင့် ဒေသဖြစ်မှုမှာမီးနှင့်ဆင်တူသည်။ ကျွန်ုပ်၏ဒေါသ မီးကိုဂျေရုဆလင်ပေါ်သို့ သွန်းလောင်းသဖြင့်ထိုမီးသည်မငြိမ်းဘဲလောင်လိမ့်မည်။(ယေ ၇း၂၀) အခြားဥပမာများကို (မြည် ၄း၁၁)နှင့် ၄ရာ ၂၂း၁၇)အထူးသဖြင့် ခရစ်တော် ပြန်လာချိန်တွင်ဘုရားသခင်၏ အပြစ်ဆုံးဖြတ်ချက်နှင့် မီးမှာဆက်နွယ် လျက်ရှိသည်။ မီးဖို၌ မီးလောင်သကဲ့သို့လောင်သောနေ့ရက်ကာလ သည်ရောက်လိမ့်မည်။ မာနကြီးသောသူနှင့် ဒုစရိုက်ကိုပြုသောသူ အပေါင်း တို့သည် အမှိုက်ခြောက်ဖြစ်ကြလိမ့်မည်။ သူတို့အရင်း အဖျားမျှ မကျန်ကြွင်း စေခြင်းငှာထိုနေ့ရက်သည် လောင်လိမ့်မည်ဟုထာဝရဘုရားမိန့် တော်မူသည်။(မာ ၄း၁)ဆုံးဖြတ်သို့မဟုတ်လူသား၏ ခန္ဓာကိုယ်တစ်ခုသော်မှ မီးလောင်ကျွမ်း ခံရသောအခါမြေမှုန့်အဖြစ်သို့ ပြန်၍ရောက်ရှိသွားသည်မည်သည့် အရာဝတ⬇မဆို အထူးသဖြင့်လူ့အသားသည်မြေလောင်ကျွမ်းရန်မဖြစ်နိုင်ထာဝရ မီးစကားသည် ထာဝရနာကျင်စေမှုကိုမရည်ညွှန်းနိုင်ပေ။ အကယ်၍လောင်စရာမရှိတော့

လျှင်မီးသည်ကြာရှည်စွာထပ်၍လောင်ကျွမ်းနိုင်တော့မရဏ နှင့်မရဏနိုင်ငံကို မီးအိုင်ထဲသို့ချပစ်လေသည်။ (ဗျာ ၂၀း၁၄)ကိုမှတ်သားသင့်သည်။ ယင်းအ ချက်မှာငရဲသည်မီးအိုင်နှင့်မတူညီကြောင်း ညွှန်ပြလေသည်။ ယင်းမှာလုံးဝ ဖျက်ဆီးမှုကိုကိုယ်စားပြုလေသည်။ ဗျာဒိတ်တော်၏ စာအုပ်တွင် မရဏနိုင်ငံ တော်သည်လုံးဝ ပျက်စီးသွားလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ထောင်စုနှစ် အဆုံးတွင် နောက်ထပ်သေခြင်းတရားရှိမည်မဟုတ်သောကြောင့်ဖြစ်သည်။

## ဂီဟီးနား (အမှိုက်ပုံ)

ဓမ္မသတ်သစ်ကျမ်းတွင်*ငရဲ*ကိုအဓိပ္ပါယ်ပြန်ဆိုထားသော ဂရိစကားလုံး နှစ်လုံးရှိသည်။ **'Hades'** သည်ဟီးဗြူးစကားလုံး **'sheol'** နှင့်တူညီသော စကားလုံးဖြစ်ပြီးကျွန်ုပ်တို့ရှေ့ပိုင်းတွင်ဆွေးနွေးခဲ့ပြီးဖြစ်သည်။ **'Gehenna'** သည် ဂျေရုဆလင်မြို့ပြင်သို့ ထုတ်ပစ်သောအမှိုက်ပုံ၏အမည်ဖြစ်သည်။ မြို့တော်မှ ထွက်လာသောအမှိုက်များကိုထိုနေရာတွင်မီးရှို့ပစ်သည်။ ယနေ့ ခေတ်ကာလ တွင်ယင်းကဲ့သို့အမှိုက်ပုံများသည် တိုးတက်ထွန်းကားသော မြို့တော် များ၏အထင်ကရဖြစ်သည်။ (ဥပမာ ဖိလစ်ပိုင်နိုင်ငံ မနီလာ မြို့ပြင် ဘက်မှ **Smoky Mountain** )ကိုယ်ပိုင်နာမ်တစ်လုံးအဖြစ်( **i.e** တကယ် နေရာတစ်ခု၏အမည်ဖြစ်ပြီး **'hell'** ဟု ပြန်ဆိုခြင်းထက် **Gehenna** အဖြစ် မူလအမည်အတိုင်းပင် ထားသင့်သည် **Gehenna** သည် ဟီးဗြူးစကားလုံး **Ge-hen-Hinnon** ၏တူညီသောစကားလုံးဖြစ်သည်။ ၄င်းမှာဂျေရုဆလင် အနီးတွင် တည်ရှိသည်(ယေရှု ၁၅း၈)ခရစ်တော်အချိန်ကမြို့တော်၏အမှိုက်ပုံ ဖြစ်ခဲ့သည်။ ရာဇဝတ်သား လူသေအပေါင်းများကို မီးရှို့ပြီး ထိုနေရာတွင် အမြဲလောင်ကျွမ်းစေသည်။ ထို့ကြောင့် **Gehenna** သည် လုံးဝဖျက်ဆီးမှု၏ သင်္ကေတဖြစ်လာခဲ့သည်။

တဖန်ထိုနေရာတွင်မီးရှို့လိုက်သောအရာအားလုံးသည်ထိုနေရာတွင် အမြဲမရှိဘဲ အလောင်းများသည်မြေမှုန့်များအဖြစ် ကူးပြောင်းသွားသည်။ ကျွန်ုပ်တို့၏ ဘုရားသခင်သည်လောင်သောမီးဖြစ်လိမ့်မည်။(ဟေဗြဲ ၁၂း၂၉) ဒုက္ခနှင့်အတူသူ၏ဒေါသမီးမှာ သီချင်းဆို၍ သက်ရှင်နေထိုင်သည် အခြေအနေ တွင် ထားရခြင်းထက်အပြစ်ကျူးလွန်သူများအား ဖျက်ဆီးစေ လိမ့်မည်။ ဘုရားသခင်သည်ဘေဘီလုံလူမျိုးများ၏လက်ထဲမှသူ၏လူအစ္စရေးများ၏ဘုရားသ ခင်ယခင်ဆုံးဖြတ်ချက်တွင်**Gehenna** တွင်ဘုရားသခင်၏လူများအကြားအပြစ် ကျူးလွန်သူများ၏လူသေအလောင်းများဖြင့်ပြည့်နှက်လျက်ရှိသည်။(ယေ ၇း၃၂၊၃၃)

သူ၏ဥဇာကောင်းမှုနည်းလမ်းဖြင့်သခင်ယေရှုက ထိုဓမ္မသတ်ဟောင်း စိတ်ကူးများကို **Gehenna** စကားလုံးအသုံးပြုရာတွင် အတူတကွယူလာခဲ့သည်။ ဘုရားသခင်မကြာခဏပြောသောစကားမှာ ဘုရားသခင်ပြန်လာချိန်တွင် ဆုံးဖြတ်ချက်ပလ္လင်၌ ပယ်ဖျက်ခြင်း ခံရသောသူများသည် **Gehenna** သို့ရောက်ရှိပြီးမည်သည့်အခါမှအဆုံးသတ်မှုမရှိနိုင်သောမီးတွင်းထဲချခံကြရသည်။ ၄င်းနေရာတွင် သူတို့၏ပိုးများမသေကြ။ (မာ၉း၄၃၊၄၄) **Gehenna** သည် ဂျူးလူမျိုးတို့၏ စိတ်တွင်အလေးအနက်ထားသောခန္ဓာကိုယ်ပယ်ဖျက် ခြင်းနှင့် ဖျက်ဆီးခြင်းအတွေးကိုခွဲဝင်ကြသည်။ ကျွန်ုပ်တို့ကထာဝရမီးမှာဘုရားသခင်၏ ပြစ်မှုကြောင့်ထွက်သောဒေါသကိုကိုယ်စားပြုပြီးအပြစ်ကျူးလွန်သူများအနေဖြင့် သေခြင်းဖြင့်ထာဝရပျက်စီးခြင်းကိုကိုယ်စားပြုသည်။

ထိုနေရာတွင်သူတို့၏ပိုးကောင်များမသေဟူသော အချက်မှာ လုံးဝပျက်စီးမှုကိုရည်ညွှန်းသည်။ ပိုးကောင်များမည်သည့် အခါတွင် မသေနိုင် ဟူသောအချက်မှာမတွေးနိုင်သောအချက်ဖြစ်သည်။ **Gehenna** သည် ဘုရားသခင်၏ လူများအကြားလူမိုက်များ၏ ယခင်ပြစ်မှုကျူးလွန်ရာ နေရာဖြစ်သည်။ခရစ်တော်၏**Gehenna** ကိုအသုံးပြုခြင်းမှာ သင့်လျော်မှု ရှိကြောင်းထပ်ညွှန်းပြဆိုလေသည်။

## လေ့လာမှု ၄ မေးခွန်းများ

၁။ သေပြီးသည့်နောက်တွင်ဘာ ဖြစ်ပါသလဲ

(က) ဝိညာဉ်သည်ကောင်းကင်ဘုံသို့သွားသည်

( ခ) ကျွန်ုပ်တို့သတိလုံးဝကင်းမဲ့သွားသည်

( ဂ) ဝိညာဉ်သည်ဆုံးဖြတ်မှုပြုလုပ်ပြီးသည့်တိုင်အောင်တစ်နေရာ တွင် သိမ်းဆည်းထားခံရသည်

(ဃ) ကောက်ကျစ်သောဝိညာဉ်များသည်ငရဲသို့သွားကြရပြီးကောင်းမှုပြုလုပ်ခဲ့သောဝိညာဉ်များသည်ကောင်းကင်ဘုံသို့သွားကြရသည်

၂။ ဝိညာဉ်ဆိုတာဘာလဲ

(က) ကျွန်ုပ်တို့သတ္တဝါများ၏မသေနိုင်သောအပိုင်းတစ်ခု

( ခ) ခန္ဓာကိုယ်၊လူပုဂ္ဂိုလ်၊သတ္တဝါဟု အဓိပ္ပါယ်ဖွင့်ဆိုနိုင်သောစကားလုံး

( ဂ) **Spirit** နှင့်အတိအကျတူညီသည်

(ဃ) သေပြီးနောက်တွင် ကောင်းကင်ဘုံသို့မဟုတ် ငရဲသို့သွားသောအရာ

၃။ သေခြင်းသည်သတိလုံးဝကင်းမဲ့သွားသောအခြေအနေဖြစ်ပါသလား

(က) ဟုတ်ပါသည်

( ခ) မဟုတ်ပါ

၄။ ငရဲဆိုတာဘာလဲ

(က) ကောက်ကျစ်သောသူများအတွက်နေရာတစ်ခု

( ခ) ဤဘဝအတွင်းဒုက္ခခံစားရမှု

( ဂ) သင်္ချိုင်း

## လေ့လာမှု ၅ ထာဝရဘုရားသခင်၏နိုင်ငံတော်

### ၅.၁ ထာဝရဘုရားသခင်၏ နိုင်ငံတော်သတ်မှတ်ခြင်း

ကျွန်ုပ်တို့၏ယခင်လေ့လာချက်များတွင်ခရစ်တော် ရှင်သန်ထမြောက် လာသော အခါသူ၏သစ္စာရှိသောလူများအားထာဝရ အသက်ရှင်မှုဖြင့် ဆုချီးမြှင့်ရန်မှာဘုရားသခင်၏ အလိုတော်ဖြစ်ကြောင်းပြဆိုခဲ့ပြီးဖြစ်သည်။ ထာဝရအသက်ရှင်မှုမှာကမ္ဘာမြေပေါ်တွင်သာအသုံးပြုလိမ့်မည်။ ယင်းအချက်နှင့် ပတ်သက်၍ ဘုရားသခင်ထပ်တစ်လဲလဲပေးခဲ့သောကတိစကားများမှာ သစ္စာရှိသော သူများနိဗ္ဗာန်ဘုံသို့သွားကြရမည်ဟူသော အချက်နှင့်မည်သည့် အခါမှမပတ်သက်ပေ။ ဘုရားသခင်၏တရားဓမ္မနိုင်ငံတော်(ရှင်မဲ ၄း၂၃)ကို အာဗြဟံသို့ကမ္ဘာမြေပေါ်တွင်ထာဝရအသက်နှင့်ပတ်သက်၍ဘုရားသခင်၏ ကတိစကားပုံစံဖြင့်ဟောကြားခဲ့ခြင်းဖြစ်သည်။ (ဂလ ၃း၈)ဘုရားသခင်၏ နိုင်ငံတော်သည်ထိုကတိစကားပြည့်စုံစွာဖြည့်ဆည်းပြီးသည့်အခါ ခရစ်တော် ပြန်လည် ရှင်သန်ထမြောက်လာပြီးနောက်အချိန်တွင်ဖြစ်သည်။ ယခုအချိန်အခါတိုင်အောင်သူ၏အလုံးစုံဖန်တီးမှု၏ ဘုရားအဖြစ်ဘုရားသခင်ရှိနေစဉ်တွင်သူကလူသားအားသူ၏ဆန္ဒများအတိုင်းကမ္ဘာကြီးနှင့် သူ၏ကိုယ်ပိုင်ဘဝကို အုပ်ချုပ်ရန်လွတ်လပ်မှုပေးခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ရာလက်ရှိတွင် ကမ္ဘာကြီး သည်လူသားတို့၏နိုင်ငံတော် အဖြစ်တည်ရှိနေခြင်းဖြစ်သည်။ (ဒံ ၄း၁၇)

ခရစ်တော်ပြန်လည်ရှင်သန်ထမြောက်လာသောအခါ ဤ ကမ္ဘာ့နိုင်ငံသည်ကျွန်ုပ်တို့ဘုရားသခင်နှင့်ခရစ်တော်၏နိုင်ငံတော် ဖြစ်လာကာ အမြဲ အုပ်ချုပ်လိမ့်မည်။ (ဗျာ ၁၁း၁၅) ထို့နောက်ဘုရားသခင်၏ ဆန္ဒနှင့်လိုအင်သည် ဤကမ္ဘာပေါ်တွင်လုံးဝ ပြည့်ပြည့်စုံစုံရှင်းရှင်းလင်းလင်းဆောင်ရွက်ကြလိမ့်မည်။ ယေရှုကကျွန်ုပ်တို့အားနိုင်ငံတော်တည်ထောင်ပါစေသော။ အလိုတော် သည် ကောင်းကင်ဘုံ၌ ပြည့်သကဲ့သို့မြေကြီးပေါ်မှာပြည့်စုံပါစေသော။ (မ ၆း၁၀)ယင်း အတွက်ကြောင့်ပင်ဘုရားသခင်၏နိုင်ငံတော်

သည်ကောင်းကင်ဘုံ၏ နိုင်ငံတော် နှင့် အပြန်အလှန်အလဲအလှယ်သုံးနိုင်သော စကားစုတစ်စုဖြစ်သည်။ (မ ၁၃း၁၁၊ စီပီမာ ၄း၁၁)ကောင်းကင်ဘုံထဲမှနိုင်ငံတော်ဟု မည်သည့်အခါတွင်မျှ ကျွန်ုပ်တို့ မဖတ်ရသည်ကိုသတိပြုပါ။ကမ္ဘာမြေပေါ် သို့ခရစ်တော်ပြန်လည် ရှင်သန် ထမြောက် လာသောအခါ သူတည်ဆောက်ခဲ့သော ကောင်းကင်ဘုံ၏ နိုင်ငံတော် ဖြစ်သည်။ဘုရားသခင်၏အလိုတော်ကို ကောင်းကင်ဘုံမှတမန်တော်များက လုံး၀ဥ သံုလိုက်နာ ကြသည်နှင့်အမျှ(ဆာ ၁၀၃း၁၉-၂၀)တမန်တော်နှင့်တူညီသော လူမှန်များသာ နေထိုင်သည့်ကမ္ဘာ ဖြစ်သောအခါ ယင်းမှာ ထာ၀ရဘုရား၏ အနာဂါတ်နိုင်ငံတော် ဖြစ်လာသည်။ (လု ၂၀း၃၆)

ခရစ်တော်ပြန်လည်ရှင်သန်ထမြောက်လာသောအခါ ဘုရားသခင်၏ နိုင်ငံတော်သို့ဝင်ရောက်လာခြင်းမှာ ဤဘ၀အတွင်း ကျွန်ုပ်တို့ ခရစ်ယန် ဘာသာဝင်များအားလုံး၏ ကြိုးပမ်းမှုနောက်ဆုံးရလဒ်ပင်ဖြစ်သည်။ (မ ၂၅း၃၄၊တ၁၄း၂၂)သို့ဖြစ်ရာ ထိုအချက်ကိုမှန်ကန်စွာ နားလည်သဘော ပေါက်ရန် လုံး၀အရေးကြီးသည်။ ဖိလစ်၏ခရစ်တော်နှင့် ပတ်သက်သော ဟော ပြောမှု ကိုဘုရားသခင်၏နိုင်ငံတော်နှင့် ပတ်သက်သော အရာများနှင့် ယေရှု ခရစ်၏အမည်နှင့်ပတ်သက်သော သင်ကြားခြင်းအဖြစ်အဓိပ္ပါယ်ဖွင့် ဆိုထား ပါသည်။ (တ၈း၅၊၁၂)စာပိုဒ်တစ်ပိုဒ်ချင်းကဘုရားသခင်၏ နိုင်ငံတော်သည် ပေါ၏ အဓိက ဟောပြောချက်ဖြစ်သည်ကိုကျွန်ုပ်တို့အားသတိပေးလျှက်ရှိသည် (တ၁၉း၈၊ ၂၀း၂၅၊ ၂၈း၂၃၊၃၁) ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်၏ နိုင်ငံတော် အတွင်းသို့ပြင်းထန်သောခံစားမှုမှတဆင့်ဝင်ရောက်ကြရမည် ဟူသော ဓမ္မစာပိုဒ်၏ အရေးကြီးသောအပိုင်းတစ်ခုပုံစံဖြင့်ရှုမြင်လျှက် ဘုရားသခင် နိုင်ငံတော်မှသင်ကြားပြသမှုများကိုအပြည့်အ၀ နားလည်သဘောပေါက်ရန် အဓိကအရေးကြီးပေသည်။ (တ၁၄း၂၂)ယင်းမှာဘ၀၏ တူးမြောင်းအဆုံးမှ အလင်းရောင်ဖြစ်ပြီးမှန်ကန် သောခရစ်ယာန်ဘ၀ပါဝင်နေသော အနစ်နာခံမှု ပြုလုပ်ရန်စိတ်ဓါတ်လှုံ့ဆော်ပေးမှုဖြစ်လာသည်။

ဘေဘီလုံ၏ဘုရင်နေဗုခဒ်နေဇာမင်းသည်ကမ္ဘာကြီး၏ အနာဂါတ်ကို သိရှိလိုခဲ့သည်။ သူသည်မျိုးကွဲသတ္တုများဖြင့်ပြုလုပ် ထားသော ရုပ်တုတစ်ခုကို မြင်မက်ခဲ့သည်။ ဒံယေလကရွှေရောင်ဦးခေါင်းကို ဘေဘီလုံနိုင်ငံ၏ ဘုရင်ကိုကိုယ်စားပြုကြောင်း ကောက်ချက်ချခဲ့သည်။ (ဒံ၂း၃၈)ခြေချောင်းတို့သည်သံတစ်ပိုင်းသရွတ်တစ်ပိုင်းဖြစ်သည်နှင့် အညီထိုနိုင်ငံသည်ခိုင်မာခြင်းနှင့် လည်းကောင်း၊ ကျိုးပဲ့ခြင်းနှင့်လည်းကောင်းဆက်ဆံလိမ့်မည်။ (ဒံ၂း၄၂)ဟူသော အခြေအနေတစ်ခုအားဖြင့်အဆုံးသတ်ရန် အစ္စရေးနိုင်ငံ၏ပတ်ဝန်းကျင် ဒေသ အတွင်း အဓိကဧကရာဇ်ဘုရင်များ၏သူ၏ နောက်ပိုင်းတွင်ဆက်ခံမှုတစ်ခုဖြစ် လိမ့်မည်။

ကမ္ဘာကြီးအတွင်းလက်ရှိဖြစ်ပေါ် နေသောအင်အားချိန်ခွင်လျှာမှာ နိုင်ငံများ အကြားကွဲပြားလျှက်ရှိသည်။ အချို့က အင်အားကောင်းပြီးအချို့ကချိနဲ့ကြသည်။ ဒံယေလသည်ကျောက်ခဲတုံးငယ်တစ်လုံးကရုပ်တု၏ခြေထောက်ကိုထိမှန်ကာ ပျက်စီးသွားခဲ့ပြီးရုပ်တုကိုထိခိုက်သောကျောက်မှုကားတိုးပွား သဖြင့် တောင်ကြီးဖြစ်၍ မြေကြီးတစ်ပြင်လုံးကိုဖုံးလွှမ်းသည်ဟု မြင်တွေ့ခဲ့သည်။ (ဒံ၂း၃၄၊၃၅) ယင်းကျောက်တုံးမှာယေရှုကိုကိုယ်စားပြုလေသည်။ (မ၂၁း၄၂၊ တ၄း၁၁၊ ဧ၂း၂၀၊ ၁ပေ၂း၄-၈) ကမ္ဘာမြေအနှံ့နေရာအားလုံးတွင် ဘုရားသခင် ဖန်ဆင်းလိုက်သော တောင်မှာအမြဲတာ ရှည်တည်တံ့သောဘုရား၏နိုင်ငံတော်ကို ကိုယ်စားပြုကာဒုတိယအကြိမ်လာရောက်သည့်အချိန်တွင်တည်ဆောက်ပြီးဖြစ်လိမ့်မည်။ ဤမြွက်ဟချက်မှာနိုင်ငံတော် သည်ကမ္ဘာမြေပေါ်တွင်တည်ရှိပြီး ကောင်းကင် ဘုံတွင် မဟုတ်ကြောင်းသက်သေပြလျှက်ရှိသည်။ ခရစ်တော်ပြန်လည်ရှင်သန် ထမြောက်လာသည့်အခါနိုင်ငံတော်အမှန်တကယ်တည် ဆောက်ပြီးစီးမှုမှာ အခြားစာပိုဒ်များတွင် ဖော်ပြထားသည့်အချက် တစ်ခုဖြစ်သည်။ ပေါကယေရှုနှင့် ပတ်သက်၍သူ၏ ပေါ် ပေါက်လာမှုနှင့်သူ၏နိုင်ငံတော်တွင်ရှင်ခြင်းနှင့် သေခြင်းကိုပြောပြခဲ့သည်။ မိ၄း၁ကဒံယေလ၏ အတွေးဖြစ်သော ထာ၀ရ ဘုရားသခင်၏ နိုင်ငံတော်သည်ဧရာမတောင်ကြီးတစ်တောင်နှင့်တူသည် ဟူသောအချက်ကိုထောက်ပြထားသည်။ နောက်ဆုံးနေ့ရက်များတွင် ထာ၀ရ ဘုရား၏ အိမ်တော်တည်သောတောင်သည် တောင်ကြီးတောင်ငယ်တို့၏ ထိပ်ပေါ်တွင် ချီးမြောက်၍တည်လိမ့်မည်။ ထို့နောက်တွင်ယင်းနိုင်ငံတော်သည် ကမ္ဘာပေါ်တွင် မည်သည့်နှင့်တူညီသည်ကို ဖေါ်ညွှန်းချက်တစ်ခု ပေါ်ပေါက်လာ လိမ့်မည်။ (မိ၄း၁-၄) ထာ၀ရဘုရားသည်ဂျေရုဆလင်တွင် ဒါဝိဒ်၏ ရာဇပလ္လင်ကိုယေရှုသို့ပေးအပ်လိမ့်မည်။ သူသည်အမြဲထာ၀ရ အုပ်စိုးပြီး ထိုနေ ရာမှသူ၏နိုင်ငံတော်မှာအဆုံးမရှိ ဖြစ်တည်နေလိမ့်မည်။ (လု၁း၃၂၊၃၃) ယင်းမှာ ယေရှုကဒါဝိဒ်၏ပလ္လင်ကိုစတင်အုပ်စိုးပြီးသူ၏နိုင်ငံတော်စတင်မှုကိုဖေါ်ညွှန်းချက် တစ်ခုဖြစ်လိမ့်မည်။ ဤအချိန်မှာခရစ်တော်ပြန်လည်နိုးထလာသည့် အချိန်ဖြစ် လိမ့်မည်။ (ဒံ၂း၄၄) နှင့်ဆက်စပ်၍သူ၏ နိုင်ငံတော်မှာအဆုံးမရှိဖြစ်လိမ့်မည်။ ကောင်းကင်ဘုံ၏ထာ၀ရဘုရားသည်မည်သည့်အခါတွင်ပျက်စီးမည်မဟုတ်သော

နိုင်ငံတော်ကိုတည်ထောင်လိမ့်မည်။ ထိုအရာသည် အခြားသူများအတွက် ကျန်ရစ်လိမ့်မည်မဟုတ်။ ဒုတိယအကြိမ်ပြန်လည်နိုးထလာချိန်တွင်မည်ကဲ့သို့ ဖြစ်မည်ကိုဗျာ ၁၁း၁၅ ကတူညီသောဘာသာစကားကိုအသုံးပြုဖော်ပြထားသည်။ လောကီနိုင်ငံတော်သည်ငါတို့အရှင်၏နိုင်ငံဖြစ်လေပြီ။ ထိုအရှင်၏ ခရစ်တော် နိုင်ငံဖြစ်လေပြီ။ သူသည်လည်းကမ္ဘာအဆက်ဆက်စိုးစံတော်မူမည်။ တဖန် ကမ္ဘာပေါ်တွင် ခရစ်တော်၏နိုင်ငံတော်နှင့်အုပ်ချုပ်မှုသည် အစပြုသည့် အချိန်တစ်ခုရှိရမည်။ ထိုအချိန်သည် ခရစ်တော်ပြန်လည်ရှင်သန် ထမြောက် လာသည့်အချိန်ဖြစ်လိမ့်မည်။

## ၅း၂ နိုင်ငံတော်သည်ယခုအချိန်ထိမတည်ဆောက်ရသေး

## ဘုရားသခင်၏နိုင်ငံတော်

ဘုရားသခင်၏နိုင်ငံတော်သည်ယခုအခါ လုံးဝဥသုံတည်ရှိနေပြီး ဖြစ်သည်ဟု ကျယ်ကျယ်ပြန့်ပြန့်ယုံကြည်ထားသူများရှိသည်။ ယင်းကို လက်ရှိ ယုံကြည်သူများတွင် ဘုရားဝတ်ပြုကျောင်းမှ လူများပါဝင်သည် အမှန်အကန်ယုံကြည်သူများသည် ကယ်တင်ခံရပြီးနိုင်ငံတော်အတွင်းနေရာ ပေးမှုခံကြရမည်။ နိုင်ငံတော်အတွင်းကျွန်ုပ်တို့အမြဲမရှိနိုင်သည်မှာ ယုံမှား ဘွယ်မရှိပေ။ ယင်းမှာ ခရစ်တော်သည် နိုင်ငံတော်ကို တည်ဆောက်ရန်ပြန်မလာသေး၍ဖြစ်သည်။ ကျွန်ုပ်တို့လေ့လာပြီးသမျှထင်ရှားသော အချက်မှာ လူအသွေးအသားသည် ဘုရားသခင်၏နိုင်ငံတော်ကို အမွေမခံနိုင်(၁ကော် ၁၅း၅၀) ဟူသော အချက ်ဖြစ်သည်။ ဘုရားသခင်ကိုချစ်သောသူများသည်ကတိထားသည့်အတိုင်း ကျွန်ုပ်တို့သည် ဘုရားသခင်နိုင်ငံတော်၏အမွေဆက်ခံသူများဖြစ်ကြသည် (ယာ ၂း၅) တွိဇံပြုလုပ်ခြင်းဖြင့် ကျွန်ုပ်တို့သည် အာဗြဟံသို့ကတိပြုထား သည့် အမွေဆက်ခံသူများဖြစ်ပြီးယင်း တွင်ဘုရားသခင် နိုင်ငံတော် ၏ အခြေခံကျသော ကောင်းချီးသတင်းပါဝင်မှုကို ကတိပြုထားခြင်းလည်း ပါဝင်သည်။(မဿ ၂၁၊ဂလ၃း၈၊ ၂၇-၂၉)သို့ဖြစ်ရာအာဗြဟံသို့ပေးထားသောကတိစကားများ ကို အပြည့်အဝလိုက်နာပြီးသောအခါခရစ်တော်ပြန်လည် ရှင်သန်ထမြောက် လာ ချိန်တွင်ဘုရားသခင်နိုင်ငံတော်၏ အမွေဆက်ခံသူများအဖြစ် မလွဲမသွေ ရရှိကြ လိမ့်မည်ဖြစ်သည်။ (မ ၂၅း၃၄၊ ၁ကော ၆း၉၊ ၁၀၊ ၁၅း၅၀၊ ဂလ၅း၂၁၊ ဧ၅း၅) အနာဂါတ်အမွေဆက်ခံသူများဟူသောစကားကို မကြာခဏသုံးစွဲမှုမှာ ဘုရားသခင်၏နိုင်ငံတော်သည်ယုံကြည်သူများ၏လက်ရှိပိုင်ဆိုင်မှုဟုတ်ကြောင်းပြဆိုလျှက်ရှိသည်။

ဘုရားသခင်၏နိုင်ငံတော်သည်ချက်ခြင်းပေါ် ထွန်းမည်ဟု ထင်မှတ်သူ များအားပြုပြင်ရန်ယေရှုကဥပမာတစ်ခုပြောပြ ခဲ့သည်။ အမတ်တစ်ယောက် သည် မင်းကြီးအရာကိုခံလို၍ မိမိပြည်သို့ပြန်လာမည်ဟု အကြံရှိလျှက် ဝေးသော ပြည်သို့သွား၏။ ထိုအချိန်အတွင်းသူ၏ အစေခံများအတွက် လုပ်ငန်းတာဝန် များပေးထားခဲ့သည်။ ထိုအမတ်သည်မင်းကြီးအရာကိုခံလျှက် ပြန်လာသော အခါသူ၏ အစေခံများအားသူ့ထံသို့ခေါ်ယူ၍ ဆုံးဖြတ်ချက်ချမှတ်ပေးခဲ့သည်။ (လု၁၉း၁၁-၂၇)အမတ်သည် ခရစ်တော်ကိုကိုယ်စားပြုကာ မင်းအဖြစ်ကိုခံယူရန် ကောင်းကင်ဘုံ၏ဝေးသောပြည်သို့သွားကာဆုံးဖြတ်ချက်ချချိန်တွင်သူပြန် လာခဲ့သည်။ ယင်းမှာဒုတိယမြောက်ပြန်လာခြင်းဖြစ်သည်။ သို့ဖြစ်ရာသူတို့၏ အရှင်သခင်မရှိသည့်အချိန်တွင် အောက်လက်ငယ်သားများက တိုင်းပြည်ကို သိမ်းပိုက် ရန်မှာမဖြစ်နိုင်ပေ။ ဤအချက်ကိုနောက်ထပ်သက်သေပြရန်အောက်ပါ တို့ကဖြည့်ဆည်းပေးသည်။

ယေရှုကငါ၏နိုင်ငံတော်သည်ဤလောကနှင့်မစပ်ဆိုင်။ (ယော ၁၈း၃၆) မည်သို့ပင်ဖြစ်စေ ထိုအချိန်တွင်ငါသည်ရှင်ဘုရင်မှန်၏(ယော ၁၈း၃၇) ဟုသူ ပြောနိုင်သည်။ ခရစ်တော်၏ဘုရင်အဖြစ်တည်ရှိမှုမှာသူ၏ နိုင်ငံတော်တည် ဆောက်ပြီးကြောင်းဆိုလိုရင်းမဟုတ်ပေ။ ပထမရာစုအတွင်းသစ္စာရှိသူကို ဘုရား သခင်၏ နိုင်ငံတော်အားမြှော်လင့်စောင့်စားသူများအဖြစ် ဖော်ပြထားသည်။ (မာ ၁၅း၄၃)

ခရစ်တော်ကသူ၏နောက်လိုက်များအားကျွန်ုပ်ဖခင်၏ နိုင်ငံတော်တွင် သင်နှင့်အတူစပျစ်ရေမျိုးအသစ်ကိုငါမသောက်မီနေ့တိုင်အောင် ယခုမှတဖန် ငါမသောက်ဟုမိန့်တော်မူ၏။ (မ ၂၆း၂၉)ယင်းမှာဘုရားသခင်၏ နိုင်ငံတော်တွင်ခရစ်တော်၏တရားဟောပြခြင်းအဖြစ် လူများကမည်သို့နားလည်သည်ကို ဖေါ်ပြ သည်။ ဘုရားသခင်၏နိုင်ငံတော်သည်အနာဂါတ်တွင်ရှိ ရမည်ဟူသောအချက်ကို ထင်ရှားစွာပြဆိုထားသည်။ (လု၈း၁)ဘုရားသခင်၏နိုင်ငံတော်၌ ပွဲဝင်သော သူသည်ကောင်းချီးပေးခံရ လိမ့်မည်ဟုဆိုသည်။ (လု၁၄း၁၅) ငါ့ခမည်းတော်သည် ငါ့အားနိုင်ငံတော်ကို ပေးတော်မူသည်နှင့်အညီ သင်တို့ သည်ငါ၏ နိုင်ငံတွင်

ငါ့စားပွဲ၌ စားသောက်နိုင်သည်ဟု (လု၂၂း၂၉၊၃၀)က ဆက်၍ဆိုထားလေသည်။
ယေရှုကသူ၏ဒုတိယမြောက်လာ ခြင်းကိုကိုယ်စား
ပြုသော သင်္ကေတများကိုရှင်းလင်းပြော ကြားပြီးထိုအကြောင်းအရာ များဖြစ်သည် ကိုမြင်ရလျှင်ဘုရားသခင်၏ နိုင်ငံတော် တည်လုနီးသည်ကိုသိမှတ်ကြလော့ (လု၂၁း၃၁) ဟုမိန့်ကြားချက်ဖြင့်အဆုံးသတ်ခဲ့သည်။ အကယ်၍ ဒုတိယ အကြိမ် မလာမီနိုင်ငံတော် တည်ရှိ နေပါကယင်းမှာ အဓိပ္ပါယ်မရှိပေ။

ငါတို့သည်များပြားသော ဆင်းရဲဒုက္ခကိုခံ၍ဘုရားသခင်၏ နိုင်ငံတော်သို့ ဝင်ကြရမည်။ (တ၁၄း၂၂)နိုင်ငံတော်တည်ထောင် နိုင်မှုအတွက် ဒုက္ခကို ယုံကြည် သူတိုင်းက ရိုးသားစွာဆုတောင်းကြခြင်းမှာ အံ့ဩဘွယ်မဟုတ်ပေ။ (မ၆း၁၀)

ဘုရားသခင်ကသင့်အားသူ၏နိုင်ငံတော်သို့ခေါ် တော်မူသည်။ (၁သက်၂း၁၂) တုန့်ပြန်မှုအားဖြင့်ကျွန်ုပ်တို့ကဘုရားသခင်၏ နိုင်ငံတော်သို့ အဝင်လမ်းကိုစိတ်ပိုင်းဆိုင်ရာ သက်ရှိဘဝမှတဆင့်ရှာ ကြရမည်။ (မ၆း၃၃)

## ၅.၃ အတိတ်ကာလမှဘုရားသခင်၏နိုင်ငံတော်

ဘုရားသခင်၏နိုင်ငံတော်မှာ ယုံကြည်သူများအတွက်အနာဂါတ် ဆုလာတ် ဖြစ်သည်။ သို့ဖြစ်ရာ ခရစ်တော်ကိုစံနမူနာ ပြု အဖြစ်အတုယူလျှက် ရေတိုဆင်းရဲဒုက္ခဖြစ်မှု၊ မပြေမလည်ဖြစ်မှုများရှိနေသည့် ဘဝလမ်းကြောင်း တွင်နေထိုင်ရန်ယင်းမှာ သူတို့ အတွက်စိတ်ဓါတ်မြင့်မားမှုဖြစ်သည်။ သူတို့အချိန် ကာလများတွင်အနာဂါတ်လောက၏အံ့ဩဘွယ်ရာ များကိုနှစ်သက်လိုမှု၊ နားလည်လိုမှုပိုမိုမြင့်မားစေခြင်းဖြင့် အချိန်ကုန်လွန်စေရန်မျှော်မှန်းထားရမည်။ ထိုအချက်မှာ သူတို့၏ စိတ်ပိုင်းဆိုင်ရာပေါင်းစည်း မှုဖြစ်ပြီးသူတို့၏ ဘခင်အဖြစ် ချစ်မေတ္တာဓါတ်ပေးရန်ရောက်ရှိလာသော ဘုရားသခင်၏ပြည့်ဝသော အလိုဆန္ဒ တော် အတိုင်းဖြစ်သည်။

ဘုရားသခင်၏နိုင်ငံတော်သည်မည်သို့မည်ပုံဖြစ်သည်ကိုအသေးစိတ်
ဖော်ညွှန်းထားသော စာပေများစွာ ရှိပြီးသင့်အနေဖြင့် ၄င်းတို့အနက် အနည်းငယ်မျှကိုသိရှိရန်မှာ တစ်သက်တာအလုပ်ဖြစ်ကြောင်း တွေ့ရမည် ဖြစ် သည်။ ယင်းအနာဂါတ်ဘုရားသခင် နိုင်ငံတော် ၏ အခြေခံကျသော လမ်းစဉ် အချို့နှင့် ပတ်သက်၍ နားလည်နိုင်မည့်တစ်ခုတည်းသော နည်းလမ်းမှာ အစ္စရေး နိုင်ငံ၏ ပုံသဏ္ဍာန်ဖြင့်အတိတ်ကာလတွင်ရှိခဲ့သောဘုရားသခင်၏ နိုင်ငံတော် ကိုယုံကြည်စွဲလမ်းရန်ပင်ဖြစ်သည်။ ဤဘုရားသခင်၏ နိုင်ငံတော်ကို ခရစ်တော် ပြန်လည်ထမြောက်လာချိန်တွင်တည်ဆောက်ရမည်ဖြစ်သည်။ သမ္မာကျမ်းစာ အများစုတို့ကကျွန်ုပ်တို့ အားဘုရားသခင်၏ အနာဂါတ် နိုင်ငံတော် မည်သို့ မည်ပုံစုစည်းတည်ဆောက်ထားသည်ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အလို့ငှာ အစ္စရေးနိုင်ငံနှင့်စပ်လျဉ်းသည့်သတင်းအချက်အလက်များကိုပေးထားသည်။

ထာဝရဘုရားကိုအစ္စရေးလူမျိုးတို့၏ ဘုရင်အဖြစ် မကြာခဏ ဖော်ပြကြ သည်။ (ဟေရှာ၄၄း၆ စီပီဟေရှာ၄၁း၂၇၊ ၄၃း၁၅၊ ဆာ၄၈း၂၊ ၈၉း၁၈၊၁၄၉း၂) ယင်းမှာအစ္စရေးနိုင်ငံ၏လူမျိုးများသည်ဘုရားသခင်၏နိုင်ငံတော်ဖြစ်ကြောင်းလိုက်နာ လျှက်ရှိသည်။ သူတို့သည်ပင်လယ်နီကိုဖြတ်၍ အီဂျစ်မှထွက်ပြေး လွတ်မြောက်လာပြီး မကြာမီကပင် ဆိုင်းနိုင်တောင်တွင် ဘုရားသခင်နှင့်သဘော တူညီမှုရရှိကာဘုရားသခင်၏နိုင်ငံတော်ဖြစ်လာခဲ့ခြင်းဖြစ်သည်။ ဤသဘောတူ ညီမှုကိုထိမ်းသိမ်း၍သူတို့၏ဆန္ဒကိုတုန့်ပြန် သည့်အနေဖြင့် သူတို့ကဘုရား သခင်၏နိုင်ငံတော်အတွင်းဝင်ရောက်ကြရလိမ့်မည်။ သို့ဖြစ်ရာ အစ္စရေး သည် အီဂျစ်နိုင်ငံမှခွဲထွက် သွားသောအခါအစ္စရေးသည်ဘုရားသခင်၏ နိုင်ငံတော် ဖြစ်လာသည်။ (ဆာ၁၁၄း၁၊၂) ဤသဘောတူညီချက်ရရှိပြီးနောက် အစ္စရေးတို့ သည်ဆိုင်းနိုင်၏ကြမ်းတမ်းသောနေရာကိုဖြတ်သန်းကာ ခရီးသွားကာ ကတိပြု ထားသည့်အတိုင်း ကင်နန်မြေပေါ် တွင် အခြေချခဲ့ကြသည်။ဘုရားသခင်သည် သူတို့၏ ဘုရင်ဖြစ်သည်နှင့် အညီရှင်ဘုရင်များထက် (ဂိဒေါင်နှင့်ဆမ်ဆင်ကဲ့သို့) တရားသူကြီးများကသူတို့ကိုအုပ်စိုးခဲ့ကြသည်။ ထိုတရားသူကြီးများသည် ဘုရင်များမဟုတ်ပေ၊ သို့ရာတွင်နိုင်ငံတစ်နိုင်ငံလုံး အုပ်ချုပ်မှုထက် နိုင်ငံ၏ သတ်မှတ်အစိတ်အပိုင်းများက ို အုပ်ချုပ်ရသောအုပ်ချုပ်သူများဖြစ်သည်။ သူတို့သည်မကြာခဏပင် သီးခြားဆောင်ရွက်မှုများအတွက်ဘုရားသခင်၏ မြှောက်စားခြင်းကိုခံရသည်။ ဥပမာ အစ္စရေးလူမျိုးတို့အားမကောင်းမှုကို ကျူးလွန်ပြီးမှနောင်တရသူများအားသူတို့၏ရန်သူများထံမှလွှဲယူပို့ဆောင်ခြင်း၊ အစ္စရေးလူမျိုးများကတရားသူကြီးဂိဒေါင်အား

သူတို့၏ဘုရင်အဖြစ် ဆောင်ရွက်ရန်ပြောသောအခါသူကကျွန်ုပ်ကသင်တို့ကိုမအုပ်ချုပ်၊ ဘုရားသခင် ကသာသင်တို့ကိုအုပ်ချုပ်လိမ့်မည်ဟုဆိုသည်။ (ယုဂ ၂၃)

နောက်ဆုံးတရားသူကြီးမှာ ရှာမွေလဖြစ်သည်။ သူ၏ခေတ်တွင် အစ္စရေးလူမျိုးတို့ကသူတို့၏ပတ်ဝန်းကျင်မှလူများနှင့်လိုက်ဖက်သည့် လူသားဘုရင်တစ်ပါးကိုတောင်းဆိုကြသည်။ (၁ရာ ၈း၅၊၆)သူ၏ ခေတ်တွင်အစ္စရေးလူမျိုးတို့ကသူတို့၏ပတ်ဝန်းကျင်မှလူများနှင့်လိုက်ဖက်သည့် လူသားဘုရင်တစ်ပါးကိုတောင်းဆိုကြသည်။ သမိုင်းတစ်လျှောက်တွင် ဘုရားသခင်၏ မှန်ကန်သောသူများကသူတို့၏ဘုရားသခင်နှင့်ဆက်နွယ်မှု၏ နီးစပ်မှုကိုနှိမ့်ချကာသူတို့၏ပတ်ဝန်းကျင်ကမ္ဘာကြီးသို့အလားတူပုံသဏ္ဍာန် တစ်ခုအတွက်အနစ်နာခံရန်ကြိုးပမ်းခဲ့သည်။ ထိုကြိုးပမ်းချက်မှာကျွန်ုပ်တို့၏လက်ရှိကမ္ဘာတွင်အကြီးကျယ်ဆုံးဖြစ်သည်။ ဘုရားသခင်ကရှင်မွေလအား ထာဝရဘုရားသခင်ကသင့်အားလူများပြောဆိုသမျှစကားကိုနားထောင်လော့၊ သူတို့သည်သင်တို့ကိုသာ မပယ်၊ ငါသည်သူတို့ကိုမအုပ်စိုးစေခြင်းငှာငါ့ကို လည်းပယ်ကြပြီ၊ သို့ဖြစ်၍ကျွန်ုပ်ကသူတို့ကို မအုပ်စိုးသင့်ဟု ဝမ်းနည်းကြေကွဲစွာ ဖော်ပြပြောဆိုခဲ့လေသည်။ (၁ရာ ၈း၇) မည်သို့ပင်ဖြစ်စေ ထာဝရဘုရားသခင်က ကောက်ကျစ်စဉ်းလဲသော **Saul** မှစ၍ဘုရင်များ အဖြစ်ခွင့်ပြုခဲ့သည်။ သူနောက်တွင်မှမှန်ကန်သော ဒေးဗစ်ဘုရင်ကအုပ်ချုပ်ခဲ့ကာသူမှနောက်ပိုင်း အဆက်ဆက်အုပ်ချုပ်ခဲ့ကြသည်။ စိတ်ထဲတွင်စွဲထင်နေကြသော ဘုရင်များက သူ၏ ဘုရင်အဖြစ်ကိုကန့်ကွက်ကြသော်လည်း အစ္စရေးတို့အား ထာဝရဘုရား၏နိုင်ငံတော် အဖြစ်ပို၍ပင်အသိအမှတ်ပြုထားဆဲဖြစ်သည်။ ထို့ကြောင့်ပင် သူတို့ သည် အစ္စရေးနိုင်ငံတွင်လူတို့၏ကိုယ်ပိုင်အမှန်တရားအတွက် ဘုရားသခင်၏ ကိုယ်စားအစ္စရေးကိုအုပ်ချုပ်နေသည်ဟုအသိအမှတ်ပြုထားကြသည်။

ဤနည်းစဉ်ကိုနားလည်ခြင်းဖြင့်ထာဝရဘုရားသခင်၏ ပလ္လင်ကို ထာဝရ ဘုရားကိုယ်စားဘုရင်အဖြစ်အုပ်ချုပ်ရန်ဒေးဗစ်၏ သားတော်ဆော်လမွန် ပတ်သက်သော အချက်အလက်များကို နားလည်သဘောပေါက်စေသည် (၆ရာ ၉း၈၊ ၅ရာ ၂၈း၅၊ ၂၉း၂၃) ဆော်လမွန်၏ငြိမ်းချမ်းအောင်မြင်စွာအုပ်ချုပ်မှု က ဘုရားသခင်၏ အနာဂါတ်နိုင်ငံတော်ကိုညွှန်ပြလျှက်ရှိသည်။ ထို့ကြောင့်ပင် ဘုရားသခင်၏ကိုယ်စားအစ္စရေးနိုင်ငံတွင်ဘုရင်ဖြစ်သူကဆောင်ရွက်ရမှုကို အလေးအနက်ဖော်ညွှန်းလျှက်ရှိသည်။ ထို့အတူယေရှုသည်လည်း ဘုရားသခင်၏ပလ္လင်ပေါ်တွင်ဘုရားသခင်အတွက်အစ္စရေးနိုင်ငံ၏ ဘုရင်အဖြစ် အုပ်စိုးလိမ့် မည်ဖြစ်သည်။ (မ ၂၇း၃၇၊ ၄၂၊ ယော ၁း၄၉၊ ၁၂း၁၃)

## ဘုရားသခင်၏ဆုံးဖြတ်ချက်

ဆော်လမွန်၏ဘာသာရေးယုံကြည်မှုစွန့်စားခြင်းကြောင့် အစ္စရေး နိုင်ငံတော်သည်နှစ်ပိုင်းကွဲသွားပြီးဆော်လမွန်၏သားရီဟိုဘွန် (**Rehoboam** ) က ဂျူးဒါး (**Judah**)၊ ဘင်ဂျမင် (**Benjamin**)နှင့်မန်နာဆက် (**Minasseh** ) မျိုးနွယ်စုတစ်ဝက်တို့ ကိုအုပ်စိုးခဲ့သည်။ ဂျာရိုဘွန် (**Jeroboam** )က အခြား လူမျိုးစု(၁၀)စုကိုအုပ်စိုးခဲ့သည်။ ယင်းလူမျိုးစု(၁၀)စုပါဝင်သည့်နိုင်ငံတော်ကိုအစ္စရေးသို့မဟုတ်အက်ဖရိမ်း(**Ephraim**)ဟုခေါ်တွင်သည်။ လူမျိုးစုနှစ်စု ပါဝင်သောနိုင်ငံတော်ကိုဂျူးဒါး(**Judah**)ဟုခေါ်တွင်ခဲ့သည်။ ထိုမျိုးနွယ်စု အားလုံးမှလူများသည်အများအားဖြင့်ဆော်လမွန်၏မကောင်းသောစံနမူနာအတိုင်းလိုက်ကြပြီးတစ်ချိန်တည်းတွင်အနီးပါတ်ဝန်းကျင်နိုင်ငံများကရုပ်တုများကို ကိုးကွယ်နေချိန်တွင်သူတို့မှန်ကန်သောထာဝရဘုရားတွင် ယုံကြည်ကြရန် တောင်းဆိုခဲ့ကြသည်။ အချိန်နှင့်အမျှ ထာဝရဘုရားသခင်က တမန်တော်များမှတဆင့်သူတို့အား ပန်ကြားကာအချည်းအနှီးမဖြစ်စေဘဲနောင်တရစေသည်။ ထို့ကြောင့်ပင်သူကသူတို့အားအစ္စရေးနိုင်ငံမှရန်သူနယ်မြေအတွင်းသို့ မောင်းထုတ်လိုက်သည်။ ဤဖြစ်ရပ်မှာ အစ္စရေးကိုကျူးကျော် ဝင်ရောက်သော အာဆီးရီးယန်း(**Assyrians**) နှင့်ဘေဘီးလုံးနီးယန်း လူမျိုးများမှတဆင့်သံ့ပန်းများအဖြစ်ခေါ်ဆောင်သွားခြင်းဖြစ်သည်။ နှစ်ပေါင်းများစွာ သူတို့ကို သည်းခံ၍ကိုယ်တော်၏ပရောဖက်တို့၌ ရှိသောကိုယ်တော်၏ ဝိညာဉ်အားဖြင့် ဆုံးမတော်မူသော်လည်း သူတို့သည် နားမထောင်သောကြောင့် ဤပြည်သူပြည်သားတို့ လက်သို့အပ်တော်မူ၏။ (နေ ၉း၁၀) အစ္စရေးနိုင်ငံ၏မျိုးနွယ်စု(၁၀)စုရှိသောနိုင်ငံတွင်ကောင်းစွာအုပ်စိုးသောဘုရင်များလုံးဝမရှိခဲ့ပေ။

ဂျာရိဘွန် (**Jeroboam**)၊ အဟက် (**Ahab**)၊ ဂျိဟိုးဟတ် (**Jehoahaz**) စသည်တို့အားလုံးကိုရုပ်တုကိုးကွယ်သူများအဖြစ် ဘုရင်များ၏စာအုပ်တွင် မှတ်တမ်းတင်ထားသည်။ သူတို့၏နောက်ဆုံးဘုရင်မှာ ဟိုရှီး (**Hoshea**) ဖြစ်ပြီးသူအုပ်စိုးစဉ်အချိန် ကာလအတွင်းအာဆီးရီးယား (**Assyria**) ကအစ္စရေးကိုအောင်မြင်စွာတိုက်ခိုက်ပြီးလူမျိုးနွယ် (၁၀)စုတို့အား သုံ့ပန်းများ အဖြစ် ခေါ်ဆောင်သွားခဲ့သည်။ (၄ ရာ ၁၇) ဤအချိန်မှစ၍ သူတို့အနေဖြင့် မူရင်းဒေသို့မည်သည့်အခါမျှမပြန်ကြတော့။ အဓိကအားဖြင့် မကောင်းသော ဘုရင်များဖြစ်ကြသော်လည်းမျိုးနွယ်စုနှစ်စုရှိသောဂျူးဒါးနိုင်ငံတွင် **Hezekiah** နှင့် **Josiah** တို့ကဲ့သို့ ကောင်းသောဘုရင်အချို့ရှိခဲ့သည်။ လူတို့၏ ထပ်ကာတလဲလဲ အကုသိုလ်ကံများကြောင့် ထာဝရဘုရားသခင်ကသူတို့၏ နောက်ဆုံး ဘုရင် **Zedekiah** လက်ထက်တွင်ဂျူးဒါးအားဘုရားသခင်၏ နိုင်ငံတော်အဖြစ် ပြောင်းလဲပစ်လိုက်သည်။ ဘေဘီလုံနီးယန်းလူမျိုး တို့က ဝင်ရောက်တိုက်ခိုက်ပြီးသူတို့အားဘေဘီလုံနိုင်ငံသို့သုံ့ပန်းများအဖြစ် ခေါ်ဆောင်သွားခြင်းဖြင့်ထိုအခြေအနေကိုဖြစ်ပေါ်စေခဲ့သည်။ (၄ရာ ၁၇) သူတို့သည်ဘေဘီလုံတွင်နှစ်ပေါင်း(၇၀) ကြာနေထိုင်ခဲ့ပြီး ထို့နောက်တွင် အချို့တို့မှာ **Ezra** နှင့် **Nehemiah** တို့၏ ဦးဆောင်မှု အောက်တွင် အစ္စရေးနိုင်ငံသို့ပြန်သွားခဲ့ကြသည်။ သူတို့တွင်မည်သည့်အခါမှ သူတို့၏ ကိုယ်ပိုင် ဘုရင်မရှိတော့ဘဲ ဘေဘီလုံနီးယန်းလူမျိုးများ၊ ဂရိနှင့် ရောမ လူမျိုးတို့၏အုပ်ချုပ်ခြင်းကိုသာခံခဲ့ကြရသည်။ ရောမလူမျိုးများ အုပ်စိုးစဉ် အချိန် အတွင်း ယေရှုကိုမွေးဖွားခဲ့သည်။ အစ္စရေးနိုင်ငံတွင် ယေရှုထိုးဝင် လာမှုကြောင့် ရောမလူမျိုးများသည်အေဒီ ၇၀ တွင်ထိုးနှက်ဝင်ရောက်ကာ အစ္စရေး လူမျိုးများ အား ကမ္ဘာအနှံ့ပျံ့နှံ့စေခဲ့သည်။ လွန်ခဲ့သော နှစ်(၁၀၀)တွင်း ကမှသာ သူတို့၏ အနေဖြင့်ခရစ်တော်၏ရှင်သန်လာမှုကိုထောက်ခံသည့် အနေဖြင့် အစ္စရေးနိုင်ငံသို ့ပြန်လာခဲ့ကြသည်။ (နောက်ဆက်တွဲ- ၃တွင်ကြည့်ပါ)

အစ္စရေးနိုင်ငံတွင် ဘုရားသခင်၏ နိုင်ငံတော် အဆုံးဖြတ်မှုကို(ယေဇ ၂၁း၂၅ -၂၇ ) တွင် ဟောပြခဲ့သည်။ အချင်းဆိုးယုတ်သော အဓမ္မ ဣသရေလ မင်းသား အဓမ္မအမှုကြောင့် ဆုံးရှုံးရသောကာလရောက် သောအခါသင်၏ အချိန် ကာလသည် ရောက်လိမ့်မည်။ ဦးရစ်တော်ကိုပယ်၍ ရာဇသရဖူကို ချွတ်လော့၊ နောင်တဖန်မရှိရ၊ နိမ့်သောသူကိုချီးမြှောက်ရမည်။ မြင့်သောသူကို နှိမ့်ချရမည်။ နိုင်ငံကိုဆုံးစေခြင်းငှာလည်းအစိုးပိုင်သောသူမရောက်မီတိုင်အောင် လည်းကောင်း ငါမှောက်လှန်မည်။ မှောက်လှန်မည်။ မှောက်လှန်မည်။ အစိုးပိုင် သောသူ၌ ငါအပ်မည်ပရောဖက်၏ဟောပြချက်များတွင်အပိုဒ်တိုင်း၌ ဘုရားသခင်၏နိုင်ငံတော် အဆုံးသတ်မှုကို ပြဆိုထားသည်။ (ဟော၁၀း၃၊မြည်၅း၁၆၊ယေ၁၄း၂၁၊ဒံ၈း၁၂၁၄)

ယေဇ၂၁း၂၅-၂၇တွင်ဖေါ်ပြထားသည့်အတိုင်းသုံးကြိမ်သုံးခါမှောက် လှန်မှုမှာဘေဘီလုံဘုရင်၏

သုံးကြိမ်ချီးနှင်းဝင်ရောက်မှုကြောင့်ဖြစ်ကြောင်း ညွှန်းပြထားသည်။ လေ့လာမှု ကောင်းသော သင်တန်းသားအနေဖြင့် ထိုစာပိုဒ် များတွင်ဘုရားသခင်၏နိုင်ငံတော်နှင့် ဘုရင်ကိုအပြိုင်လေ့လာနိုင်သည်။ ၏ဖြတ်ချခံရမှုမှာဘုရားသခင်၏နိုင်ငံတော်ဖြစ်သည်။ (အပိုင်း၅း၂ကိုလေ့လာပါ) သို့ဖြစ်ရာ ဘုရားသခင်၏နိုင်ငံတော်ကိုဆုံးစေမည်။ (ဟော၁း၄) ထိုသားသည် ကားကြီးမြတ်သောသူဖြစ်လိမ့်မည်။ အမြင့်ဆုံးဘုရား၏ သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းကိုခံရလိမ့်မည်။ သူ့အဘဒါဝိဒ်၏ ရာဇပလ္လင်ကို ထာဝရဘုရားသခင်သည်သူ့အားပေးတော်မူမည်။ ထိုသူသည်လည်း ယာကုပ် မျိုး အနွယ်ကိုအစဉ်မပြတ်အုပ်စိုးလိမ့်မည်။သူ၏နိုင်ငံသည်လည်း ဆုံးခြင်း မရှိစေဟုပြောဆို၏။ (လု၁း၃၂၃၃)ထိုအချိန်သည် ဘုရားသခင်၏ နိုင်ငံတော် ပြန်လည်ထူထောင်ရေးကတိကိုဖြည့်ဆည်းသည့်အခါတွင်ဖြစ်လိမ့်မည်။

## အစ္စရေးနိုင်ငံပြန်လည်ထူထောင်ခြင်း

ပြန်လာမှုတွင်ဘုရားသခင်၏နိုင်ငံတော်ပြန်လည်ထူထောင်ရေးနှင့် ပတ်သက်၍ဓမ္မသတ်ဟောင်းတွင်ဖေါ်ပြထားချက်များမှာ အလွန်မြင့်မား လွန်းလှ ပေသည်။ ခရစ်တော်၏ကျမ်းစာများသည်။ ဤအချိန်တွင် ဘုရားသခင်သည် သင်နှင့်အတူ ဘုရားသခင်၏နိုင်ငံတော်ကိုအစ္စရေးနိုင်ငံသို့ အသစ်တစ်ဖန် ပြန်လည်ထူထောင်မည်လော ။ (ယေဇ ၂၁း၂၇)ကိုယခုဖြည့်ဆည်းမည် လော့ဟု သူတို့အတူတကွလာသောအခါသူတို့ကသူကိုမေးသည်။ ယေရှုကထို တမန်တော်တို့သည်လည်းစုဝေး၍ သခင်ဘုရား ယခုအခါကိုယ်တော်သည် အစ္စရေးအမျိုးသားတို့အားနိုင်ငံကိုပြန်ပေးတော်မူမည်လောဟုမေးလျှောက်ကြလျှင် သခင်ဘုရားကခမည်းတော်၏

တန်ခိုးအားဖြင့် စီရင်တော်မူသော အချိန် ကာလ ကို သိရသောအခွင့်သည်သင်တို့၌ မရှိဟုပြန်ပြောလိုက်သည်။(တ ၁း၆-၁၁) ဘုရားသခင်၏နိုင်ငံတော် သို့မဟုတ် အစ္စရေးနိုင်ငံပြန်လည်ထူထောင်ခြင်း သည်ဒုတိယအကြိမ်ဖြစ်လိမ့်မည်။ ထို့ကြောင့်ပီတာက ကောင်းကင်ဘုံမှ လက်ခံ ရမည့်သုယေရှုခရစ်ကိုထာဝရဘုရားသလင်က စေလွှတ်လိမ့်မည်ဟု ဟောကြား ခဲ့သည်။ ကမ္ဘာဦးမှစ၍သန့်ရှင်းသောပရောဖက်ဆရာတော်တို့ နှုတ်ဖြင့် ဘုရား သခင် ဗျာဒိတ်ထားတော်မူသော ထိုကပ်ကာလအလုံးစုံသော အရာတို့ကို အသစ်ပြုပြင်တော်မူသော ကပ်ကာလမရောက်မီတိုင်အောင် ကောင်းကင်ဘုံသည် ထိုခရစ်တော်ကိုခံယူသိမ်းဆည်းရလိမ့်မည်။ (တ၃း၂၀း၂၁) ဒုတိယအကြိမ် လာရောက် ခြင်းသည် အစ္စရေးနိုင်ငံတော်ဟောင်းအားပြန်လည်ပြုပြင်မှုအဖြစ် ထာဝရဘုရားသခင်၏နိုင်ငံတော် တည်ဆောက်မှုကိုပြုလုပ်လိမ့်မည်။

ထာဝရဘုရားသခင်၏နိုင်ငံတော်ကိုပြန်လည်တည်ဆောက်ခြင်းမှာ ဘုရားသခင်၏ အားလုံးသောကမ္ဘာဦးမှစ၍သန့်ရှင်းသည့်ပရောဖက်များဖြင့် အမှန်တကယ် ဆောင်ရွက်မှုကြောင့်ဖြစ်သည်။

ရာဇပလ္လင်သည်လည်းကရုဏာ၌ တည်လိမ့်မည်။ သစ္စာနှင့်ပြည့်စုံ၍ ပလ္လင်တော်ပေါ်မှာထိုင်သောသူသည်ဖြောင့်မတ်စွာ စစ်ကြော၍တရားမှုကိုအလျှင် အမြန်ဆုံးဖြတ်တော်မူလျှက်ဒေးဗစ်၏ထံတော်၌ တရားစီရင်တော်မူလိမ့်မည်။ (လု၁း၃၂၊၃၃) (ဟေ ၁၆း၅)

ထိုနေ့တွင်ပြိုလဲသွားသောဒေးဗဟ်၏တဲတော်ကို ကျွန်ုပ်ကပြန်မတ် ပေးလိမ့်မည်။ ချိုးဖောက်မှုများကိုအဆုံးတိုင်စေပြီး ပျက်ဆီးမှုများကို မတ်ပေးလိမ့်မည်။ ရှေးရိုးအတိုင်းကျွန်ုပ်ကပြန်လည်တည်ဆောက်ပေးလိမ့်မည်။ (အာ၉း၁၁)နောက်ဆုံးပဒစယမှာ ပြန်လည်တည်ဆောက်ရေး ဘာသာစကားကို ရှင်းလင်းစွာဖေါ်ပြခြင်းဖြစ်သည်။

သူတို့၏အစ္စရေးလူမျိုးကလေးငယ်များသည် ယခင်ကာလ အတိုင်းပင်ဖြစ်၍ ပရိသတ်တို့သည် ငါ့ရှေ့မှာတည်ကြလိမ့်မည်။ (ယေ ၃၀း၂၀)

ထာဝရဘုရားသည်သန့်ရှင်းသောပြည်၌ မိမိအဘို့ယူဒပြည်ကိုအမွေခံ၍ တစ်ဖန်ဂျေရှုဆလင်မြို့ကိုရွေးချယ်တော်မူ လိမ့်မည်။(ဇာ၂း၁၂)ယင်းကို ထာဝရဘုရားသခင်၏ ကမ္ဘာကျော်နိုင်ငံတော်၏မြို့တော်အဖြစ် သတ်မှတ်လိမ့်မည်။ (စီပီဆာ ၄း၂၊ ဟေရှာ၂း၂-၄) သိမ်းသွားခြင်းခံရသောယုဒ ( ) အမျိုးနှင့်က္ကသရေလ( )အမျိုးသားတို့ကို တဟ်ဖန်ငါဆောင်ခဲ့၍ အရင်ကဲ့သို့တည်ဆောက်မည်။ သူတို့သည် ငါ့ကိုပြစ်မှားသမျှသောအပြစ်တို့ကိုငါဖြေရှင်းမည်။ ငါ့ကိုပြစ်များ၍ငါ၏ တရားကိုကျူးလွန် သမျှအပြစ်တို့ကိုငါလွှတ်မည်။ ဤမြို့သည် ငါဝမ်း မြောက် စရာအကြောင်း၊ ဂုဏ်သရေတော်ကျော်ဇောစရာ အကြောင်း ဖြစ်လိမ့်မည်။ ဤမြို့ သားတို့အား ငါပြုသမျှသောကျေးဇူးကို လူအမျိုးမျိုးတို့ကြားသိလိမ့်မည်။ ဤမြို့၌ ငါပြုစုသမျှသောစည်းစိမ်ချမ်းသာကို ထောက်၍ ကြောက်ရွံ့ တုန်လှုပ် ကြလိမ့်မည်။ ဤအရပ်တွင်မြို့ရွာရှိသမျှတို့၌ သိုးစုကိုထိန်းသော သိုးထိန်းနေရာရှိလေဦးမည်။ သိုးစုတို့သည် တစ်ဖန်လျှောက်သွားကြလိမ့်မည်။ (ယေ၃၃း၇-၁၃)

ဤထာဝရဘုရား၏နိုင်ငံတော်ကိုတည်ဆောက်ရန်ခရစ်တော်၏ ပြန်လာခြင်းသည်အမှန်အားဖြင့် ဗတ္တိဇံပြုလုပ်ခြင်းနှင့် ဆက်စပ်၍ ကျွန်ုပ်တို့ ဖြစ်လာကြလိမ့်မည့်အစ္စရေးတို့၏မျှော်လင့်ချက်( ) ဖြစ်သည်။

## ၅း၄အနာဂါတ်ထာဝရဘုရား၏နိုင်ငံတော်

ဤလေ့လာမှုအပိုင်း ၁နှင့် ၃တွင်ဘုရားသခင်၏ နိုင်ငံတော်သည် မည်သည့် အရာနှင့်တူသည်ဟူသောအချက်နှင့်ပတ်သက်သောသတင်း အချက် အလက် တော်တော်များများရရှိခဲ့ပြီးဖြစ်သည်။ ဤလောကကို အမွေခံစေမည်ဟု ကတိတော်ကိုအာဗြဟံမှစသောသူ၏ အမျိုးအနွယ်တို့သည်ပညတ်တရား အားဖြင့် ရကြသည်မဟုတ်၊ ယုံကြည်ခြင်း၊ ဖြောင့်မတ်ခြင်းအားဖြင့် ရကြခြင်း ဖြစ်သည်။ ကမ္ဘာကြီးတစ်ခုလုံးသည် အာဗြဟံ၏မျိုးစေ့(ခရစ်တော်) တွင်ရှိကြသောလူတို့အားဖြင့်အမွေဆက်ခံ ကြရလိမ့်မည်ဟု (ရော၄း၁၃)က ထပ်ဆင့်ညွှန်းဆိုထားသည်။ ခရစ်တော်သည်ကျောက်တုံးငယ်အဖြစ် မည်ကဲ့သို့ပြန်လည် ထမြောက်လာမည်၊ ပြီးလျှင်ဘုရားသခင်၏နိုင်ငံတော်သည် တဖြည်းဖြည်းကမ္ဘာအနှံ့ကျယ်ပြန့်လာမည်ကို( ဒံ ၂ )၏ ပုံရိပ် ဟောကိန်း ထုတ် မှုက ရှင်းလင်းပြောပြထားသည်။ ယင်းမှာ ဂျေရုဆလင် သို့မဟုတ် အစ္စရေး၏ နယ်မြေသည် အချို့မှတ်ယူထားသကဲ့သို့ အဓိကနယ်မြေဖြစ်သော် လည်း ဘုရား သခင်၏ နိုင်ငံတော်သည် ဂျေရုဆလင်သို့မဟုတ် အစ္စရေး နယ်မြေတွင် တည်ရှိရုံမျှမဟုတ်ကြောင်းဖေါ်ညွှန်းလျက်ရှိသည်။ သူ၏ဘဝတွင် ခရစ်တော် ၏အယူဝါဒကိုလိုက်နာသူများ သည်ရှင်ဘုရင်များနှင့် ယာဇ်ပရော ဟိတ်များဖြစ် လာပြီး ဤကမ္ဘာပေါ်တွင် အုပ်စိုးရလိမ့်မည်။(ဗျာ ၅း၁၀) ကျွန်ုပ်တို့ က အရွယ် အစား

နှင့်ပမာဏမျိုးစုံရှိသောနယ်မြေများကို အုပ်ချုပ်ရလိမ့်မည်။ တစ်ဦး ကမြို့ (၁၀)မြို့ကိုအုပ်ချုပ်ရပြီးအခြား တစ်ဦးက မြို့(၅)မြို့ကို အုပ်ချုပ်ရလိမ့်မည်။ (လု၁၉း၁၇)ခရစ်တော်သည် ကမ္ဘာကြီးပေါ်တွင်အုပ်စိုးမှုကို ကျွန်ုပ်တို့နှင့်အတူ ပူးတွဲအုပ်ချုပ်ရလိမ့်မည်။ (ဗျာ ၂း၂၇၊ ၂တိ ၂း၁၂) တရားသဖြင့်အုပ်စိုးသော ဘုရင်တစ်ပါး(ယေရှု) ပေါ်ထွန်းလိမ့်မည်။ မင်းသားမှူးမတ်များ း(ယုံကြည်သူများ) ကတရားသဖြင့် စီရင်ကြ လိမ့်မည်။ (ဟေရှာ ၃၂း၁၊ ဆာ ၄၅း၁၆)

ခရစ်တော်သည်ဒါဝိဒ်၏ပြန်လည်တည်ဆောက်ထားသော ပလ္လင်တွင် ထာဝရအုပ်စိုးရလိမ့်မည် (လုး၂၂၊၂၃)သူသည် ဂျေရုဆလင်တွင်ဒါဝိဒ်နေရာကို ရရှိပြီးအုပ်စိုးသူဖြစ်လိမ့်မည်။ ခရစ်တော်သည်ဂျေရုဆလင်မှနေ၍ အုပ်စိုးသောအခါဂျေရုဆလင်သည် အနာဂါတ်နိုင်ငံတော်၏ မြို့တော် ဖြစ်လာလိမ့်မည်။ယင်းနေရာတွင်ဘုရားကျောင်းတစ်ခုကို တည်ဆောက် လိမ့်မည်(ယေဇ၄၀-၄၈)ထိုအခါ ကမ္ဘာနေရာအနှံ့အပြား၌ လူတို့က ဘုရားသခင်ကိုကြီးမြတ်ရလိမ့်မည်။ (မာလ ၁း၁၁)၎ဲဘုရားကျောင်းသည် ကမ္ဘာ့ ကိုးကွယ်ရာ အဓိကနေရာဖြစ်လိမ့်မည်။ ဂျေရုဆလင်မြို့ကို တိုက်လာသော လူမျိုးအပေါင်းတို့တွင်ကွဲကျန်သမျှသောလူတို့သည် ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားတည်းဟူသောရှင်ဘုရင်ကိုကိုးကွယ်၍ သကေနေ ပွဲခံအံ့ သော၄ှာ မြို့တော်သို့နှစ်တိုင်းအစဉ်တက်လာကြ လိမ့်မည်။ (ဇာ ၁၄း၁၆)

ယင်းကဲ့သို့ဂျေရုဆလင်သို့နှစ်စဉ်ဘုရားဖူးသွားခြင်းကို(ဟေရှာ ၂း၂၃) တွင်ဟောပြထားသည်။ နောက်ဆုံးသောကာလ၌ ထာဝရဘုရား၏အိမ်တော် ( ဒံ၂း၃၅၊၄၄)တည်သောတောင်သည် တောင်ကြီးတောင်ငယ်တို့၏ ထိပ်ပေါ်မှာချီးမြှောက်၍တည်လိမ့်မည် ခပ်သိမ်းသောလူမျိုးတို့သည် ထိုတောင်သို့စည်းဝေးကြလိမ့်မည်။ များပြားသောသူတို့ကလည်း သွားကြပြီး လာကြလော့ ဘုရားသခင်၏တောင်တော်သို့တက်ကြလော့ ယာကုပ်၏ ထာဝရ ဘုရားအိမ်တော်သို့ကသွားကြလော့ပြောကြားကာလမ်းခရီးတွင် လမ်းကြောင်း ကိုပြလေသည်။ တရားတော်သည်ဇီအုန်တောင်မှလည်းကောင်း၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ဂျေရုဆလင်မြို့ မှလည်းကောင်းပေါ်ထွက်လိမ့်မည်။ ယင်းမှာ လူများကခရစ်တော်၏အခြားလူများသို့အသိဉာဏ်ဗဟုသုတများကို ဖြန့်ပြီးကမ္ဘာအနှံ့ တဖြည်းဖြည်းချင်းပြန့်နှံ့လာသည့်နှင့် အမျှ၎ဲတွင်ကျွန်ုပ်တို့၌ ဘာသာရေးဆိုင်ရာ ကိုးကွယ်မှုမှန်ကန်သော စိတ်ထက်သန်မှုပုံရိပ် တစ်ခုရှိလာမည်ဖြစ်သည်။ ထာဝရဘုရားသခင်တော်၏နိုင်ငံတော်၏ တောင်ပေါ်သို့တက်သွားသည်နှင့်အမျှ ဘုရားသခင်နိုင်ငံတော်၏ ရှေ့ပိုင်းအချိန်ကာ ာများ၏ရုပ်ပုံလွှာပေါ် ပေါက်လာမည်ဖြစ်သည်။

ကျွန်ုပ်တို့၏ခေတ်ကာလတွင်အကြီးမားဆုံးသောလူသားဆိုင်ရာ ဝမ်းနည်းဘွယ်ရာဖြစ်ရပ်များအနက် တစ်ခုမှာထာဝရ ဘုရားသခင်အားသူတို့၏ ဖခင်နှင့်ဖန်ဆင်းသူအဖြစ်မှန်ကန်သောသိနားလည်မှုတစ်ခုပေါ်တွင်အခြေခံခြင်းထက် နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှုသို့မဟုတ် စိတ်လုပ်ရှားမှုဆိုင်ရာ အကြောင်း အချက်များကြောင့် ဘုရားသခင်ကိုကိုးကွယ်မှုပိုများကြသည်။ ဘုရားသခင်၏ နိုင်ငံတော်အတွင်းတွင်ထာဝရဘုရားသခင်၏ နည်းလမ်းများကို လေ့လာ သင်ကြားရန် ကမ္ဘာနှင့်အနှံ့ကျယ်ကျယ် ပြန့်ပြန့်စိတ်အားထက်သန်မှု ရှိလိမ့် မည်ဖြစ်သည်။ ထာဝရဘုရားသခင်ထံမှကို၍ များပြားသော အသိပညာ ဗဟု သုတများကိုရရှိရန်သူတို့အနေဖြင့်ကမ္ဘာကြီး၏ နေရာအစွန်အဖျားအားလုံးမှာ ဂျေရုဆလင်သ ို့ခရီးသွားရန်စိတ်ဆန္ဒမြင့်မားစေလိမ့်မည်ဖြစ်သည်။ လူသား၏ဥပဒေဆိုင်ရာနည်းစနစ်များနှင့်တရားမျှတမှု ကိုအုပ်ချုပ် ကွပ်ကဲမှု အားဖြင့်ရှုတ်ထွေးမှုနှင့်တရားမမျှတမှုရှိနေလင့်ကစား ဂျေရုဆလင်မှနေ၍ ခရစ်တော်အားဖြင့်ပြဌာန်းမည့်ဥပဒေနှင့်ဘုရားသခင်၏စကားများပါဝင်သည်။ စကြာဝဠာတစ်တိုက်လုံးဆိုင်ရာ ဥပဒေစည်းမျဉ်း တစ်ခုလည်း ရှိလိမ့် မည်ဖြစ်သည်။ တစ်မျိုးသားလုံးသည် သင်ကြားမှုအပိုင်းသို့ စီးဝင်သွားကြမည်။ ယင်းမှာထာဝရ ဘုရားသခင်၏စစ်မှန်သော အသိပညာဗဟုသုတကို ရှာဖွေ လိုစိတ်တစ် သားတည်းဖြစ်မှုကြောင့်တစ်မျိုးသားလုံးအကြား သဘာဝ ဝိရောဓိ ဖြစ်မှုကိုလျော့နည်းစေကာတစ်ဦးချင်းအနေဖြင့်လည်း၎ဲ ဘဝတွင်လည်း သဘာဝဝိရောဓိမဖြစ်နိုင်တော့ပေ။

ဂျေရုဆလင်နိုင်ငံတော်အတွင်းသို့စီးဆင်းနေသော အမျိုးသားများအား လုံးနှင့်ပတ်သက်၍၎ဲဖော်ပြချက်မှာဂျေရုဆလင်မြို့ အတွင်းဘုရားသခင်ကို ကိုး ကွယ် ဆည်းကပ်သည့်ဂျူးများနှင့်ဂျူးမဟုတ်သူများအတူတကွ စီးဝင်သွား သော (ဟေရှာ၆၀း၅)တွင်ဖော်ပြ

ထားသည့်ရုပ်ပုံနှင့်တူညီလာခြင်းမှာ (ဇာ ၈း၂၀-၂၃)မှ ဘုရားသခင်နိုင်ငံတော်ဟောပြောချက်နှင့် အပြည့်အဝ ဆက်စပ်လျှက်ရှိသည်။

လူများများစွာသောမြို့တော်များမှအခြေချနေထိုင်သူများနှင့် မြို့တော် တစ်မြို့တော်မှအခြေချနေထိုင်သူများသည်အခြား သူများသည် အခြား နေရာများသို့ ဘုရားသခင်၏ ရှေ့တွင်ဆုတောင်းရန်နှင့် ထာဝရဘုရား သခင်ကို ရှာရန်သွားကြလိမ့်မည်။ ဘုရားသခင်သည်သင်နှင့် အတူရှိနေကြောင်း ကျွန်ုပ်တို့ကကြားသိပြီးဖြစ်သည့်အတွက် ကျွန်ုပ်တို့ကသင်နှင့် အတူ သွားလိမ့်မည်စုပြောရင်းတစ်မျိုးသားလုံး၏ဘာသာစကားအားလုံးအနက်(၁၀)ခု ကိုရွေးထုတ်လိမ့်မည်။သူ့အနီးအနားမှဂျူးတစ်ဦးကိုသော်မှ ရွေးထုတ်လိမ့်မည်။

ထာဝရဘုရားသခင်၏ပညတ်တော်တို့ကိုသူတို့၏ ကျင့်ဆောင်ခြင်း လိုက်နာဆောင်ရွက်ခြင်းနှင့်သံဝေဂတရားရခြင်းတို့ကြောင့်ဂျူးလူမျိုးတို့၏ ရုပ်ပုံလွှာကိုအမြီးမဖြစ်စေဘဲ၊ ခေါင်းဖြစ်စေတော်မူလိမ့်မည်။ (တရား ၂၈း၁၃) ဘုရားသခင်၏ကယ်တင်ခြင်း အစီအစဉ်ပေါ်တွင်အခြေခံကျသော ဂျူးလူမျိုးတို့ကိုလူတိုင်းကနှစ်သက်သဘောကျလိမ့်မည်။ ခရစ်ယာန်ဘာသာဝင် အချင်းချင်း အကြားအသိဉာဏ်ခေါင်းပါးမှုကိုလည်း အမြန်ဆုံး အဆုံးသတ် နိုင်လိမ့်မည်ဖြစ်သည်။ လူများကထိုအရာများကိုစိတ်ပါလက်ပါ ဆွေးနွေးခြင်းဖြင့် ဂျူးလူမျိုးတို့အားဘုရားသခင်သည် သင်နှင့်အတူရှိနေကြောင်း ကျွန်ုပ်တို့ ကြား သိပြီးဖြစ်သည်ဟုပြောနိုင်ကြလိမ့်မည်။ လက်ရှိကမ္ဘာအတွေးခေါ် ဖြည့်ဆည်းမှုကို အချိုးညီညီဖြစ်စေမှုထက် စိတ်ဝိညာဉ်များအကြား ဆက်စပ်ပြောဆိုမှုကို ဖြေရှင်းပေးနိုင်လိမ့်မည်ဖြစ်သည်။

ထာဝရဘုရားသည်လူမျိုးတို့တွင်တရားစီရင်၍များပြားသော လူတို့ကို ဆုံးမ တော်မူသဖြင့်သူတို့ဒါးလက်နက်များကို ထွန်သွားဖြစ်စေခြင်းငှာ လည်းကောင်း၊လှံများကိုတံစဉ်ဖြစ်စေခြင်းငှာလည်းကောင်း၊ ထုလုပ်ကြလိမ့်မည်။တစ်ပြည်ကတစ်ပြည်စစ်မတိုက်၊ စစ်အတတ်ကိုလည်းနောက်တစ်ဖန် မသင်ကြရ (ဟေရှာ ၂း၄) ခရစ်တော်၏လုံးဝဥသုံသြဇာသက်ရေရောက်မှုနှင့် အငြင်း အခုန်ဖြစ်မှုများကိုလုံးဝမျှတအောင်ဖြေရှင်းပေးနိုင်မှုကြောင့် လူမျိုးများ အတွင်း သူတို့၏စစ်ရေးဆိုင်ရာလက်နက်များကို စိုက်ပျိုးရေးသုံးစက်ပစ္စည်း ကရိယာများ အဖြစ်လည်းကောင်း စစ်ရေးဆိုင်ရာလေ့ကျင့်မှုများ စွန့်လွှတ်မှုများ ဖြစ်ပေါ်ကာ သူ၏ရက်များအတွင်းတရားသောသူသည်ပွင့်လန်း၍ ချမ်းသာများပြားလိမ့်မည်။ (ဆာ ၇၂း၇) စိတ်ပိုင်းဆိုင်ရာဖိစီးမှုရပ်ဆိုင်းကာ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ၊ ကုသိုလ်ကံနှင့်မျှတမှုစသည်တို့တွင်ရောင်ပြန်ဟပ်သောသူများသို့လေးစားမှုကိုပေးလိမ့်မည်။ ဤအချက်ကိုလက်ရှိ ဂုဏ်မောက်မှုရပ်တံ့ခြင်း၊ မိမိကိုယ်မိမိရိုးသားမှုနှင့် တစ်ကိုယ် ကောင်းဆန်ဆန္ဒမြင့်မားမှုတို့နှင့်နှိုင်းယှဉ်ကြည့်ပါ။

ဒါးလက်နက်များကိုထွန်သွားဖြစ်စေမှုမှာ ကမ္ဘာပေါ်တွင်ပေါ်ပေါက် မည့်ကြီးမားသော စိုက်ပျိုးရေးဆိုင်ရာပြောင်းလဲမှုတစ်ခု၏အပိုင်း တစ်ခု ဖြစ်လိမ့်မည်။ အာဒံ၏အကုသိုလ်ကြောင့်မြေသည်သင်၏ အတွက်ချိန်ခြင်းကို ခံလျှက်ရှိ၏(က၃း၁၇-၁၉) ရလဒ်မှာမြေကြီးမှအစားအစာရရှိရန် ကြိုးပမ်း အားထုတ်မှုများစွာပြုလုပ်ရန် လက်ရှိအခြေအနေတွင် လိုအပ်လျှက်ရှိသည်။ ထာဝရဘုရားသခင်၏နိုင်ငံတော်တွင် များစွာသောစပါးရှိ၍ အသီးအနှံသည် လေဗနုန်တောကဲ့သို့ တောင်ထိပ်ပေါ်မှာ လှုပ်ရှားလိမ့်မည်။(ဆာ ၇၂း၁၆) ထာဝရဘုရားကလယ်ထွန်သောသူသည်စပါးရိတ်သောသူ ကိုလည်းကောင်း၊ စပျစ်သီးနယ်သောသူသည်မျိုးစေ့ကြဲသောသူကိုလည်းကောင်းမှီလျှက် တောင်တို့မှချိုသောစပျစ်ရည်ယို၍ ကုန်းရှိသမျှတို့လည်းအရည်ဖြစ်ရသော ကာလရောက် လိမ့်မည်။(အာ ၉း၁၃) ယင်းကဲ့သို့ဆောင်ရွက်မှုကြောင့်မြေကြီး၏ မြေသြဇာပို၍ကောင်းလာစေပြီးအေဒင်တွင်မကောင်းမှု လျော့နည်းခြင်းပို၍ များလာစေမည်ဖြစ်သည်။

ယင်းကဲ့သို့ကြီးမားသောစိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းတွင် လူများစွာ ပါဝင်လိမ့်မည်။ ထာဝရဘုရားသခင်၏နိုင်ငံတော်နှင့် ပတ်သက်၍ ဟောပြောမှု များက လူများသည်မိမိကိုယ်တိုင်လုံလောက်မှု၊ စိုက်ပျိုးရေးဆိုင်ရာ ဘဝစတိုင်ကို ပြန်လည်ရရှိသည့်အနေ အထားရရှိလိမ့်မည်။

လူအပေါင်းတို့သည်ကိုယ်တိုင်သောစပျစ်ပင်၊ ကိုယ်ပိုင်သော သင်္ဘော သဖန်းပင်အောက်မှာထိုင်ကြလိမ့်မည်။ ကြောက်စေသော သူတစ်ယောက်မျှမရှိ စေရ။ (မိ ၄း၄) ယင်းကဲ့သို့ မိမိကိုယ်တိုင် ပြည့်စုံလုံလောက်မှုက ငွေကြေး အတွက်အလုပ်လုပ်သည့်စနစ်ကြောင့် ဖြစ်ပေါ်လာသော မတရားမှုများကို ကျော်လွှားစေလိမ့်မည်။ အခြားလူများချမ်းသာစေရေးအတွက် ဘဝတစ်သက် တာအချိန်ကိုသုံးပြီး အလုပ်လုပ်ရခြင်းမှာအတိတ်ကာလ၏ လုပ်ဆောင်ချက် တစ်ခုဖြစ်လိမ့်မည်။

ထိုသူတို့သည်ကိုယ်ဆောက်သောအိမ်၌ နေကြလိမ့်မည်။ ကိုယ်စိုက်သော စပျစ်ဥယျာဉ်အသီးကိုစားကြလိမ့်မည်။ သူတို့သည်အိမ်ကိုဆောက်၍ အခြား သောသူနေရမည်မဟုတ်၊သူတို့သည် စပျစ်ဥယျာဉ်ကို စိုက်၍ အခြားသော သူနေရမည်မဟုတ်။ ငါ၏လူတို့ အသက်သည်သစ်ပင်၏ အသက်ကဲ့သို့ဖြစ်၍ သူတို့သည်ကိုယ်ပြုစုသောအရာကိုကြာမြင့်စွာ သုံးဆောင်ကြရလိမ့်မည်။ငါရွေး ကောက် သောသူတို့သည်အချည်းအနှီး မလုပ်မဆောင်ကြရ။ (ဟေရှာ ၆၅း ၂၁- ၂၃)

(ဟေရှာ ၃၅း၁-၇) တွင်မြေဩဇာမရှိသောမြေသည်ပြောင်းလဲလိမ့်မည်။ အလုပ်လုပ်သောသူများ၏ဘဝသည်ပို၍ လွယ်ကူလာသောကြောင့်မြေမှ ရွှင်လန်းပျော်ရွှင်မှုဖြစ်၍ နှင်းပွင့်ကဲ့သို့အပွင့်ပွင့်လိမ့်မည်။ တောရိုင်းကဝမ်းမြောက်လိမ့်မည်။သဲကန္တာရကရွှင်လန်းကာ နှင်းဆီပန်းကဲ့သို့ ပွင့်လာ လိမ့်မည်။အလွန်ပွင့်လန်း၍ ဝမ်းမြောက်စွာသီချင်းဆိုခြင်းနှင့် အတူ မြူးတူးပျော်ရွှင်လိမ့်မည်။ တော၌ စမ်းရေထွက်၍ လွင်ပြင်၌ မြစ်ရေစီးလိမ့်မည်။ တန်လျှပ်သည်ရေကန်ဖြစ်လိမ့်မည်။ တိရစ္ဆာန်များအကြား သဘာဝအရပေါ် ပေါက်လာသောတင်းမာမှုများသော်မှပပျောက်သွားလိမ့်မည်။ တောခွေးသည် သိုးသငယ်နှင့်အတူနေလိမ့်မည်။ နို့ဆို့သူငယ်သည်လည်း မြွေဆိုးပေါ် မှာကစားလိမ့်မည်။ (ဟေရှာ ၆၅း ၂၅၊ ၁၁း၆ -၈)

အလားတူပင်သဘာဝဆိုင်ရာဖန်တီးမှုများပေါ် မှ မကောင်းမှုလုပ်ရပ်များ အကြီးအကျယ်လျော့ပါးသွားလိမ့်မည်။ ဤသို့ဖြင့် လူသားများပေါ် မှ မကောင်းမှု ဒုစရိုက်များလျော့နည်းသွားလိမ့်မည်။ ရှေးမြွေဟောင်း၊ မာရ်နတ်စေတန်တည်းဟူသောနဂါးကို ကိုင်ဖမ်း၍ အနှစ်တစ်ထောင်သို့ချည်နှောင်လေ၏။ အနှစ်တစ်ထောင်မကုန်မီတိုင်အောင်လူအမျိုးမျိုးတို့ကိုမလှည့်ဖြားရမည်အကြောင်းအနက်ဆုံးသောတွင်းထဲသို့ချပစ်လှောင်ထား၍တံဆိပ်ခတ်လေ၏။ အနှစ်တစ်ထောင် ကုန်ပြီးမှတဖန်စေလွှတ်ရဦးမည်ဟု (ဗျာ ၂၀း၂၊၃) ကဆိုသည်။ သက်တမ်းရှည် လာသောကြောင့်အကယ်၍ တစ်ဦးတစ်ယောက်သည် အသက်(၁၀၀)တွင် သေဆုံးပါကသူ့ကိုသူငယ်ဟူ၍မှတ်ရမည်။ (ဟေရှာ ၆၅း၂၀) အမျိုး သမီးများ သည် ကလေးမွေးဖွားရာတွင်ဝမ်းနည်းမှု အနည်းငယ်သာ ခံစားကြရလိမ့်မည်။ (ဟေရှာ ၆၅း၂၃) မျက်စိကန်းသောသူတို့သည်မျက်စိပွင့်လာကြလိမ့်မည်။ နားပင်းသောသူတို့သည်နားပင်းခြင်းနှင့်လွတ်မြောက် လိမ့်မည်။ ခြေဆွံ့သောသူတို့သည်ဒရယ်ကဲ့သို့ခုန်ကြလိမ့်မည်။ စကားအသောသူတို့သည် သီချင်းဆိုကြလိမ့်မည်။ (ဟေရှာ ၃၅း၅၊၆) ယင်းမှာသန့်ရှင်းသော ဝိညာဉ်တော်ကိုတစ်ဖန်ထပ်၍ခံယူရခြင်းကြောင့်ဖြစ်သည်။ (ဟေဗြဲ ၆း၅)

လူများကသဘာဝလက်ဆောင်မွန်များအကြား နေပူစာလှုံခြင်းဖြင့်ပျော်ရွှင်နေကြသကဲ့သို့အလားတူပျော်ရွှင်နေကြသော မှန်ကန်သူများ၏ နိဗ္ဗာန်ဘုံ တစ်ခုအဖြစ်ဘုရားသခင်၏နိုင်ငံတော်ကိုမမြင်အပ်ဟု အလေးအနက် ထားမဆိုနိုင်ပေ။ ထာဝရဘုရားသခင် နိုင်ငံတော်၏အခြေခံအကြောင်းရင်းမှာဘုရားသခင်အားမြေကြီးတွင်ဘုရားသခင်၏ ဂုဏ်ကျေးဇူးများနှင့် ပြည့်နှက်သည့်တိုင်အောင်ပင်လယ်တွင်ရေဖြင့်ဖုံးအုပ်နေသကဲ့သို့ ဂုဏ်ကျေးဇူးတော်ပေးရန်ဖြစ် သည်။ (ဟေဗြဲ ၂း၁၄) ယင်းမှာဘုရားရှင်၏အဆုံးစွန်ရည်မှန်းချက် ဖြစ်သည်။

ငါအသက်ရှင်သည်ဖြစ်၍ထာဝရဘုရား၏ဘုန်းတော်သည် မြေတစ် ပြင်လုံး၌ နှံ့ပြားလိမ့်မည်။ (တော ၁၄း၂၁) ဘုရားသခင်၏ဂုဏ်တော်မှာ ကမ္ဘာမြေပေါ် တွင် နေထိုင်သူများက ဘုရားသခင်၏ မှန်ကန်သောပြုမူချက်ကို နှစ်သက်ခြင်း၊ ချီးမွမ်းခြင်းနှင့်ပုံတူကူးခြင်း ပြုလုပ်လိမ့်မည်။ သို့ဖြစ်ရခြင်းမှာ ကမ္ဘာကြီးသည်ဤနယ်မြေတွင်ရှိနေ၍ဖြစ်သည်။ ဘုရားသခင်ကလည်း ရုပ်ဝတ္ထုကမ္ဘာကြီးအား ဤအတိုင်းဖြစ်စေရန်ခွင့်ပြုလိမ့်မည်။ လွယ်ကူသော ဘဝတွင်ပျော်ရွှင်မှုထက်စိတ်နှိမ့်ချသောသူတို့မူကား ပြည်တော်ကိုအမွေခံ၍ များပြားသောငြိမ်သက်ခြင်း၌ မွေ့လျော်ကြလိမ့်မည်။ (ဆာ ၃၇း၁၁) ဖြောင့်မတ်ခြင်းပါရမီကိုဆာလောင်ငတ်မွတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကားထိုသူတို့သည်ဝပြောခြင်းသို့ရောက်ကြလတ္တံ့။ (မ ၅း၆)

ဘုရားသခင်နိုင်ငံတော်၏ထာဝရဘဝပိုင်ဆိုင်မှုအတွေးကိုအဓိက အချက်တစ်ခုအဖြစ်လူအများအားခရစ်ယာန်ဝါဒကိုစိတ်ဝင်စားမှုမြင့်မားစေရန် အသုံးပြုလေ့ရှိသည်။ မည်သို့ပင်ဖြစ်စေကျွန်ုပ်တို့ကယင်းအချက်ကိုပိုင်ဆိုင်မှုမှာဘုရားသခင်၏နိုင်ငံတော် ထဲတွင်လူအဖြစ်ရရှိမှုနှင့် တိုက်ဆိုင်မှုဖြစ်ပြီးယင်းမှာ ထာဝရဘုရား၏ဂုဏ်ကျေးဇူးတော်ကိုအသိအမှတ်ပြုခြင်းပင်ဖြစ်သည်။

ကျွန်ုပ်တို့ဗတ္တိဇံယူပြီးနောက်မည်သည့်အချိန်တွင်ကျွန်ုပ်တို့ရှိနေမည်ဟူသောကျွန်ုပ်တို့၏ နှစ်သက်စွဲလမ်းမှုမှာဆက်တိုက်ဖြစ်ထွန်း

သင့်ပေသည်။ စာရေးသူအနေဖြင့် ထာဝရဘုရားသခင်နှင့်အတူလုံးဝပြီးပြည့်စုံသော ပျော်ရွှင်မှုနှင့် အမှားအမှန်ကို ကောင်းစွာခွဲခြားနိုင်မှုမှာ ဤဘဝ၏တန်ဘိုးပင်ဖြစ်သည်။ ဤဂုဏ် ကျေးဇူးတော်သည် ရင်ထဲသို့အစဉ်အမြဲတိုးဝင်ကာ တာ ရှည်ဖြစ်တည်ပြီးလူသား နားလည်မှု၏ကန့်သတ်မှုထက်ကျော်လွန်သော ဖြစ်ရပ်အဖြစ်မှတ်ယူစေသည်။

ရှပ်ပိုင်းဆိုင်ရာ ဝေါဟာ ရအဖြစ်ပိုမိုရှုမြင်သုံးသပ်ရာ တွင် ထာဝရဘုရား၏ နိုင်ငံတော်အတွင်းဖြစ်တည်နေမှုမှာ ကျွန်ုပ်တို့အား ကျယ်ကျယ်ပြန့်ပြန့် အကျိုး ဖြစ်ထွန်းမှုများနှင့် ရုပ်ဝါဒကိုအထင်သေးစေရန် ပို၍မြင့်မားစေရမည်ဟု ဆိုသည်။ လက်တစ်လှမ်းအကွာ ရှိ အနာဂါတ်အတွက်လွန်ကဲသော အတွေးနယ်ချဲ့မည့် အစား ဘုရားသခင်၏ နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားတော်ကိုရှေးဦးစွာ ရှာကြလော့၊ နောက်မှထိုအရာ များကိုထပ်၍ပေးတော်မူလတ္တံ့၊ (မ ၆း၃၀၊၃၄) ဟုယေရှုကအကြံပြုထားသည်။ကျွန်ုပ်တို့ယခု တွေးတော၍ဆောင်ရွက်နိုင်သော အရာအားလုံးသည်ဘုရားသခင်၏ နိုင်ငံတော်အတွင်းဖြစ်တည်မှု၏ အဆုံးစွန်ဖြည့်ဆည်းမှုသို့ မနှိုင်းယှဉ်အပ်ပေ။

ကျွန်ုပ်တို့က(ထာဝရဘုရား)၏မှန်ကန်မှုကိုရှာ ရန်လိုအပ်သည်။ ယင်းမှာ ဘုရား၏ သိက္ခာ သမာဓိကိုချစ်မြတ်နိုးမှုဖေါ် ထုတ်ရန် ကြိုးပမ်းမှုပြုခြင်းဖြစ်သည်။ ထိုအချက်ကမှန်ကန်မှုသည်ထိုနေရာ တွင်ဂုဏ်ကျေးဇူးတော် ရှိနေသော ကြောင့် ကျွန်ုပ်တို့အနေဖြင့် ထာဝရဘဝအတွက် လွယ်ကူစွာ အသက်မွေးမှုနှင့် သေခြင်း တရားမှလွတ်မြောက်လိုမှုတို့ကြောင့်ထာဝရဘုရားသခင်၏နိုင်ငံတော် အတွင်း ရှိနေကြခြင်းဖြစ်သည်။

အားလုံးတို့အနေဖြင့်လည်းလူသားတို့၏ တစ်ကိုယ်ကောင်းဆန်မှုဖြစ် သောနည်းလမ်းများတွင်ကောင်းချီးသတင်း၏ မျှော်လင့်ချက်ကို ဖေါ် ထုတ် ကြသည်။ ထင်ထင်ရှားရှားပင်ဘုရားသခင်၏ နိုင်ငံတော်အတွင်း ရှိနေခြင်း အတွက် ကျွန်ုပ်တို့၏စိတ်ဓါတ် မြင့်မားအောင်ပြုလုပ်မှုမှာ တစ်နေ့ပြီး တစ်နေ့ အလွန်အမင်းပြောင်းလဲလျှက်ရှိသည်။ ကျွန်ုပ်တို့က ဤနေရာ တွင် အကောင်းဆုံးအကြံ ပြုလိုသည်မှာ ကျွန်ုပ်တို့၏ပထမဦးစားပေးအဖြစ် ကောင်းချီးသတင်းဓမ္မသစ်ကိုလေ့လာ ရန်နှင့်ထာဝရဘုရားသခင်အားချစ်ခင် လေးစားမှုမှဗတ္တိဇံခံယူမှုကိုနားထောင်မှုပြသရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဗတ္တိဇံခံယူပြီးနောက်ဘုရားသခင်ပေးသမျှကိုမျှော်မှန်း နှစ်သက်မှုနှင့် ဘုရားသခင်၏ နိုင်ငံတော်အတွင်းနေလိုမှုအတွက် တိကျသောအချက်များမှာ ပို၍ ကြီးထွားလာ ပြီးပြည့်ဝလာ မည်ဖြစ်သည်။

## ၅.၅ ထောင်စုနှစ်

ဘုရားသခင်၏နိုင်ငံတော်အတွင်းကျွန်ုပ်တို့၏ ဘဝရပ်တည်မှုနှင့် ပတ် သက်၍ လေ့လာ ရာ တွင်ဤနေရာ ၌ အတွေးအခေါ် ရင့်ကျက်သော စာ ဖတ်သူအနေ ဖြင့်ထာဝရဘုရားသခင်နိုင်ငံတော် ၏ ရုပ်ပုံလွှာ သည်လူသားမဆန်ပေဘူး လားဟု မေးစရာ ဖြစ်လာနိုင်ပါသည်။ ဘုရားသခင်၏နိုင်ငံတော်အတွင်းမှ လူများ သည် ကလေးငယ်များကိုမွေးကြလိမ့်မည်။ (ဟေရှာ ၆၅း၂၃) သေခြင်းကို ဖြစ်ကြသည်။ (ဟေရှာ ၆၅း၂၀) ထိုလူများတွင်ပဋိပက္ခများကို ခရစ်တော်က ဖြေရှင်း ပေးရလိမ့် မည်။ (ဟေရှာ ၂း၄) ပြီးလျှင်လက်ရှိ အခြေအနေထက်များစွာ ပို၍ လွယ်ကူ သော်လည်းအသက်ရှင်ရန်အလို့ငှာ မြေကြီးပေါ် တွင် အလုပ်လုပ်ရန် လိုအပ် ဆဲဖြစ်ခဲ့သည်။ ဤအရာ အားလုံးသည်မှန်ကန်သော သူများထာ ဝရ အ သက် ကိုရကြလိမ့်မည်ဟူသော ကတိစကားမှဝေးသွားကာ ဘုရားသခင်ဖန်တီး သော သဘာဝအရနောက်ဘဝကိုလည်းကောင်း၊ သေခြင်းမှထမြောက်ခြင်းကို လည်း ကောင်းရထိုက်သည်ဟုမှတ်တော်မူခြင်းကို ခံရသော သူတို့သည်စုံဖက်ခြင်း၊ ထိမ်းမြားခြင်းကိုမပြုတတ်ကြ (လု ၂၀း၃၅၊၃၆) အဖြေမှာ ထာဝရဘုရားသခင်၏ နိုင်ငံတော် ပထမပိုင်းသည်နှစ်(၁၀၀၀)ကြာ မြင့်လိမ့်မည်ဟူသော အချက်ဖြစ် သည်။ (ဗျာ ၂၀း၂-၇) ထောင်စုနှစ်အချိန်အတွင်းကမ္ဘာ ပေါ် တွင်လူမျိုးအုပ်စုနှစ်မျိုး ရှိလိမ့်မည်။

၁။ **စိန့်လူမျိုးများ** - ၎င်းတို့ဆုံးဖြတ်ချက်ချသည့်နေရာတွင် ထာဝရအသက်ပေးမည့်ခရစ်တော်၏ဘဝအတွင်းတွင်လက်ခံယုံကြည်လိုက်နာသူများဖြစ် သည်စိန့်သည် သူတော်ကောင်းဟုအဓိပ္ပါယ်ရပြီးမှန်ကန်သော ယုံကြည်သူ များကိုရည်ညွှန်းသည်။

၂။**သာမန်လူများ** - ခရစ်တော်ပြန်လည်ရှင်သန်ထမြောက်လာချိန်တွင် တရားဓမ္မကိုမသိကြသော သေခြင်းနှင့်မကင်းနိုင်သောလူများဖြစ်သည်။ ၎င်းတို့သည် ဆုံးဖြတ်မှုချမှတ်ရာတွင်ပါဝင်ပတ်သက်သူများမဟုတ်ပေ။

ခရစ်တော်ပွင့်လာသောအခါအလယ်၌ ရှိသောသူနှစ်ယောက်တို့တွင် တစ်ယောက်ကိုသိမ်းယူ၍တစ်ယောက်မူကားနေရစ်ရလတ္တံ၊ (လု ၁၇း၃၆) ကျန်နေရစ်သူများသည်ဒုတိယအုပ်စုတွင်ပါဝင်ကြရလိမ့်မည်။

ဘုရားသခင်၏သိမ်းယူခြင်းခံရသဖြင့် စိန့်လူမျိုးများသည် မသေကုရတော့၊ ကလေးမမွေးဖွားနိုင်ကြတော့၊ ဘုရားသခင်၏ နိုင်ငံတော် အတွင်းရ ှိသော အရာများကိုခံစားကြရသောလူများ၏ ဖေါ်ပြချက်သည် ခရစ်တော်ရှင်သန်ထမြောက်လာချိန်တွင်သက်ရှိ ထင်ရှားရှိနေသော်လည်း ဘုရားသခင်၏ အလိုတော်ကိုမသိကြသောဒုတိယအုပ်စုလူများအတွက် အသုံးပြုနိုင်ရမည်ဖြစ်သည်။ မှန်ကန်သောလူများ၏ဆုလာဘ်မှာရှင်ဘုရင်အရာနှင့် ယာဇ်ပရောဟိတ်အရာ၌ ခန့်ထားခြင်းဖြစ်၍ မြေကြီးပေါ်မှာ စိုးစံရသောအခွင့်ကို ပေးကြရသည်။ (ဗျာ ၅း၁၀) ဘုရင်နှစ်(၁၀၀၀)ပတ်လုံး ခရစ်တော်နှင့်အတူစိုးစံကြရလိမ့်မည်။ (ဗျာ ၂၀း၅၊ ၁၁-၁၅) ထိုအထဲမှကောက်ကျစ်သူများသည် သေကြေပျက်စီးကာ မှန်ကန်သူများသည် ကျွန်ုပ် တို့နှင့်ပူးပေါင်း၍ ထာဝရအသက်ကိုရရှိကြမည်။

ထို့နောက်ကမ္ဘာပေါ်တွင်ဘုရားသခင်၏ အလိုတော်သည်ပြီးဆုံး သွားလိမ့်မည်။ ယင်းတွင်သေခြင်းကင်းသောမှန်ကန်သည့် လူသားများဖြင့် ဖြည့်ဆည်းနေလိမ့်မည်။ထာဝရဘုရားသခင်၏အမည်တော်ပေါ်ထွန်းလာလိမ့် မည်သည်ဘုရားသခင်၏အမည်နာမတော်ဖြစ်၍ စွမ်းအားကြီးသောသူအုပ်စုထဲမှပေါ်ထွန်းလာသည်ဟုအဓိပ္ပါယ်ရသည်။ မည်သည့်အခါမှ ဒုက္ခမရောက်တော့၊ မသေတော့၊ သောအခြေအနေကို ကမ္ဘာပေါ်တွင် ခံစားရရှိ လိမ့်မည်။ ဦးခေါင်းတွင် ထိခိုက်ခံရခြင်းအားဖြင့်မြွေနဂါး၏ ဗီဇမျိုးစေ့ကို လုံးဝ ပျက်စီးသွားလိမ့်မည်။ဟူသောကတိစကားသည် ပြီးပြည့်စုံစွာ ဖြည့် ဆည်းကြလိမ့်မည်။(က၃း၁၅) ထောင်စုနှစ်ကာလအတွင်းခရစ်တော်သည် သူအနေဖြင့်ရန်သူ အားလုံးအားသူ့ခြေထောက်ရောက်သည့်အထိအုပ်ချုပ်လိမ့်မည်။ နောက်ဆုံးရန်သူတည်းဟူသော သေမင်းသည်ဖျက်ဆီးခြင်းခံရလိမ့်မည်။ အရာအားလုံးသည်ဘုရားသခင်၏ထိမ်းချုပ်မှုအောက်ရောက်သောအခါ ခပ်သိမ်းသောအရာတို့သည်လူသားတို့အောက်၌ ချထားလျက်ရှိသော အခါ ခပ်သိမ်းသောအရာတို့ကိုသူ့အောက်၌ ချထားသောသူ၏ အုပ်စိုးတော် မူခြင်းကို သားတော်သည်ကိုယ်တိုင်ဝန်ခံရလိမ့်မည်။ အကြောင်းမူကား ဘုရားသခင်သည် အလုံးစုံဖြစ်တော်မူမည် အကြောင်းတည်း။ (၁ကော် ၁၅း၂၅-၂၈)

ထိုအခါခရစ်တော်သည်အထွဋ်အမြတ်တန်ခိုးအာဏာ အမျိုးမျိုးကို ပယ်ခွင်း၍ မိမိနိုင်ငံသည်ဘုရားသခင်တည်းဟူသောခမည်းတော်၌ ပြန်အပ်တော်မူပြီးမှကမ္ဘာသည်အဆုံးစွန်အခြေအနေရောက်လတ္တံ(၁ကော် ၁၅း၂၄) ကျွန်ုပ်တို့အားလုံးသိထားသည်မှာ ကျွန်ုပ်တို့တွင်ထာဝရအသက်ရှိသည်ဟူသော အချက်သာဖြစ်သည်။ ထာဝရဘုရားသည်အလုံးစုံဖြစ်တော်မူသော အခါဤအချိန်တွင် မည်သည့်လမ်းကို လိုက်မည်လဲဟူသော အသွင်ကို ကျွန်ုပ်တို့မသိရပေ။ ဘုရားသခင်၏သဘာဝအရဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းပြီးကျွန်ုပ်တို့နေကြရမည်။ ယင်းမှာထောင်စုနှစ်နောက်ပိုင်းကာလတွင် အခြေအနေမည်သို့ဖြစ်မည်ကိုဆက်စပ်စုံစမ်းမှုအတွက် ယူဆချက်ဖြစ်သည်။

ထာဝရဘုရားသခင်နိုင်ငံတော်၏တရားတော်ကိုနားလည်ခြင်းမှာ ထိုစကားလုံးများကိုစာဖတ်သူတိုင်း၏ကယ်တင်မှုအတွက်အရေးကြီးပေသည်။ ဤလေ့လာမှုကိုထပ်၍ဖတ်ရှုပြီးဖေါ်ညွှန်းထားသောသမ္မာကျမ်းစာ စာပိုဒ်များကိုကြည့်ရန်သင့်အား တိုက်တွန်းပါသည်။

ဘုရားသခင်ကကျွန်ုပ်တို့အားသူ၏နိုင်ငံတော်တွင်ရှိစေလိုသည်။ ဘုရားသခင်၏တီထွင်ဆန်းသစ်သောစွမ်းရည်ကိုဖေါ်ညွှန်းရန်ထက်သူ၏ အဓိကဦးတည်ချက်မှကျွန်ုပ်တို့အားလုံးကိုယ်တိုင်ကိုယ်ကျပါဝင်စေရန်ဒီဇိုင်းပုံဖော်မှုဖြစ်သည်။ဘုရားသခင်၏စကားများကနှစ်အနည်းငယ် နှိမ့်ချလိုက်နာခြင်းအားဖြင့် ဗတ္တိဇံပြုမှုကို

ယုံကြည်ရန်ခဲယဉ်းမှုက ကျွန်ုပ်တို့အား ဂုဏ်ကြီးမြင့်သည့် ထာဝရဘဝသို့ဝင်ရောက်နိုင်စေမည်ဖြစ်သည်။ ကျွန်ုပ်တို့၌ ရေတိုအခက်အခဲမည်မျှပင်ရှိစေကျွန်ုပ်တို့တွင်တရားတော်၏ခေါ် ဆောင်မှု
ကိုခုခံရန်လုံလောက်သောအကြောင်းပြချက်မရှိသောအချက်မှာသေချာပါ၏လား။

ဘုရားသခင်သည်ငါတို့ဘက်၌ ရှိတော်မူလျှင် အဘယ်သူသည် ငါတို့တစ်ဖက်၌ ရှိနေနိုင်မည်နည်း (ရော ၈း၃၁)နည်းများက တစ်စုံ တစ်ယောက်ကို အုပ်ချုပ်ရသည်။ ဘုရားသခင်ဒုတိယအကြိမ်ရှင်သန်ထမြောက်လာချိန်တွင်သမ္မာကျမ်းစာကိုမျက်ကွယ် ပြုသူများသည် အုပ်စိုးခံရန်သက်ရှင်ကျန်ရစ်ကြလိမ့်မည်။ ခရစ်ယာန်ဘာသာဝင်အဖြစ် ကမ္ဘာ၏ရှင်ဘုရင်ဖြစ်သောဘုရား၏ဆုလာဘ်ကို ကျွန်ုပ်တို့မျှဝေခံစားကြရမည်။ အကြင်သူသည်အောင်မြင်၍အဆုံးတိုင်အောင်ငါ့အကျင့်ကိုကျင့်၏ ငါ့ခမည်းတော်သည်ငါ့အား အခွင့်ပေးတော်မူသကဲ့သို့လူမျိုးတို့ကို အုပ်စိုးစေခြင်းငှာ ထိုသူအားငါသည်အခွင့်အရေးပေးမည်။ ထိုသူသည်သူတို့ကို သံလှံတံနှင့် အုပ်စိုးလိမ့်မည်။ (ဗျာ ၂း၂၆၊၂၇)

ခရစ်တော်၏ဟောကြားချက်များသည်ယခုအခါ လူအများသိရှိလာကြပြီး သစ္စာရှိသောအစေအပါးများသည်ဘုရားသခင်၏ နိုင်ငံတော်တွင်မြို့(၁၀)မြို့ သို့မဟုတ်မြို့(၅)မြို့ကို အုပ်ချုပ်ရန်ဆုအဖြစ်ပေးအပ်ခြင်းခံကြရမည်။ (လု ၁၉း၁၂-၁၉)ထာဝရဘုရား သခင်၏နည်းလမ်းများနှင့် ဆိုင်သောပညာဗဟုသုတများသည် ချက်ခြင်းမပြန့်နှံ့ပေ။ ခရစ်တော်သည်ဂျေရုဆလင်တွင် ဘုရင်အဖြစ် ကြေညာခြင်းခံရသည်။ လူများကထာဝရဘုရားသခင်နှင့် ပတ်သက်သော အကြောင်းအရာများပိုမိုရှာဖွေရန်ဂျေရုဆလင်သို့သွားကြ လိမ့်မည်။ (ဟေရှာ ၂း၂၃)၊ (ဒံ ၂း၃၅၊၄၄)တွင်ဖော်ပြထားသည့် ထာဝရ ဘုရားသခင်၏ နိုင်ငံတော်ကိုကိုယ်စားပြုသောတောင်ကြီးသည်လည်း ကမ္ဘာ ပေါ် သို့ကိုယ်စားပြုကာတ ဖြည်းဖြည်းမည်ကဲ့သို့ပျံ့နှံ့သည်ကို ပြန်လည်အမှတ်ရကာဘုရားသခင်၏အသိပညာဗဟုသုတများနှင့်သူ၏ နိုင်ငံတော်နှင့်ပတ်သက်သည်များပျံ့နှံ့စေရန်မှာ စိန့်လူမျိုးတို့၏တာဝန်ဖြစ်လိမ့်မည်။

ယခင်ကအစ္စရေးနိုင်ငံသည်ထာဝရဘုရားသခင်၏ နိုင်ငံတော်ဖြစ်ခဲ့သော အခါယာဇ်ပရောဟိတ်များ၏တာဝန်မှာထာဝရ ဘုရားသခင်၏အသိပညာ ဗဟုသုတများကို သင်ကြားပေးရန်ဖြစ်ခဲ့သည်။ (မာလ ၂း၅-၇)ဤ အချက် အတွက် သူတို့သည်အစ္စရေးနိုင်ငံ အနှံ့အပြားမြို့ရွာများစွာတို့တွင် နေရာချထားခြင်းခံရ၍ ကျက်သရေရှိသောဘုရားသခင်၏နိုင်ငံတော် ပြန်လည်တည်ဆောက်ရာတွင် စိန့်လူမျိုးတို့သည် ယာဇ်ပရောဟိတ်များ၏နေရာကဏ္ဍကို ရယူကြလိမ့်မည်။ (ဗျာ ၅း၁၀)

## ခရစ်တော်သည်ယနေ့လာသင့်သလား?

၁။ တာဝန်ကျေသေမှုသည်တာဝန်ကျေအသက်ရှင်မှုနှင့်အတူမြင့်မားလာ ကာ တရားစီရင်သောနေရာများသို့ခေါ် ဆောင်သွား ခြင်းခံကြရသည်။

၂။ ကောက်ကျစ်စဉ်းလဲမှုကျူးလွန်သူတို့သည် သေဒဏ်ပေးခြင်းခံရကာ မှန်ကန်သော လူများသည်ထာဝရအသက်ကိုပေးခြင်း ခံကြရမည်။ ခရစ် တော်ကို ခုခံကာကွယ်ပေးသူများအတွက်အဆုံးအဖြတ်ပေးလိမ့်မည်။

၃။ အသက်ရှင်ပြီးဘုရားသခင်ကိုတာဝန်မကျေသူများအပေါ် တွင် မှန်ကန်သော လူများကအုပ်စိုးလိမ့်မည်။ ထိုသူတို့ကသူတို့အား သမ္မာ ကျမ်းစာကို ဘုရင်များနှင့်ယာဇ်ပရောဟိတ်များအဖြစ် သင်ကြားပေးကြ လိမ့်မည်။

၄။ ယင်းမှာနှစ်ပေါင်း(၁၀၀၀)ကြာလိမ့်မည်။ ဤအချိန်အတွင်း သေခြင်းနှင့် ရင်ဆိုင်ကြရမည်။ လူအားလုံးသည်သမ္မာကျမ်းစာ ကို နာကြားရကာဘုရားသခင်၏အလိုတော်ကိုဖြည့်ဆည်းလိမ့်မည်။ ထိုလူများသည်ပို၍အသက်ရှည်စွာနေကြရကာပျော်ရွှင် ချမ်းမြေ့ကြ လိမ့်မည်။

၅။ ထောင်စုနှစ်၏အဆုံးတွင်ခရစ်တော်နှင့်စိန့်လူမျိုးများအားဆန့်ကျင်၍ တော်လှန်ပုန်ကန်မှုတစ်ခုဖြစ်လိမ့်မည်။ ယင်းမှာ ဘုရားသခင်၏ အပြစ်ပေးမှု ဖြစ်လိမ့်မည်။ (ဗျာ ၂၀း၈၊၉)

၆။ နှစ်ပေါင်း(၁၀၀၀)ကုန်ဆုံးချိန်တွင်ထိုအချိန်၌ သေသူများသည် ပထမထမြောက်ခြင်းကိုဝင်စားကာဘုရားသခင်၏ယာဇ်ပရောဟိတ်၊ ခရစ်တော်၏

ယာဗ်ပရောဟိတ်ဖြစ်၍ငါတို့အားပေါ်ထွန်းလတ္တံ့သော ဘုန်းကို တောက်သော် ယခုမျက်မှောက်ကာလ၌ ခံရသောဆင်းရဲဒုက္ခကို ပမာဏ မပြုထိုက်ဟုငါသဘောရှိ၏။ (ရော ၈း၁၈)

မျက်မှောက်၌ ထင်ရှားသောအရာတို့သည်ခဏသာတည်၍မထင် ရှားသောအရာသည်အမြဲတည်ကြောင်းကိုငါတို့ တည်ထောင်လျက် ထင်ရှားသော အရာကိုမကြည့်မမှတ်ဘဲ၊ မထင်ရှားသောအရာကိုကြည့် မှတ်ကြစဉ် အခါယခုခဏခံရ၍ ပေါ့ပါးသောဆင်းရဲဒုက္ခသည်အတိုင်း ထက်အ လွန်ကြီး မြတ်လေးလံသောနိစ္စ၊ ထာဝရဘုန်းအသရေကို ငါတို့အဘို့ဖြစ်စေတတ်သည်။(၂ကော် ၄း၁၇)

## လေ့လာမှု ၅ မေးခွန်းများ

၁။ အောက်ဖော်ပြပါတို့တွင်မည်သည့်အချိန်သည်ဘုရားသခင်၏နိုင်ငံတော်တည်ဆောက်နိုင်ရန်အတွက်အချိန်ဖြစ်ပါသလဲ

(က) ဘုရားသခင်၏နိုင်ငံတော်သည်အမြဲတည်ဆောက်ပြီးဖြစ်သည်။

(ခ) ခရစ်တော်ပြန်လာချိန်

(ဂ) ပထမရာစုအတွင်းပင်တီကောဒ့အုပ်စိုးချိန်တွင်

(ဃ) သူတို့၏ပြောင်းလဲမှုဖြစ်ချိန်ယုံကြည်သူများ၏အသည်းနှလုံး များ အတွင်း

၂။ ထောင်စုနှစ်ဆိုတာဘာလဲ

(က) ကျွန်ုပ်တို့၏အသည်းနှလုံးများအတွင်းကျက်သရေလွှမ်းမိုးချိန်

(ခ) ကောင်းကင်ဘုံအတွင်းယုံကြည်သူများ၏အနှစ် ၁၀၀၀ အုပ်စိုးချိန်

(ဂ) ကမ္ဘာမြေပေါ်တွင်စာတန်အုပ်စိုးသည့်အနှစ် ၁၀၀၀

(ဃ) ကမ္ဘာမြေပေါ်တွင်ဘုရားသခင်၏ အနာဂါတ်နိုင်ငံတော်တည်ရှိသည့်ပထမအနှစ် ၁၀၀၀

၃။ လက်ရှိယုံကြည်သူများသည်ထောင်စုနှစ်များအတွင်း မည်သည့်လုပ်ဆောင်ချက်များပြုလုပ်ကြပါသလဲ

(က) သေခြင်းတရားနှင့်မကင်းနိုင်သူများကိုအုပ်စိုးသူများအဖြစ်

(ခ) ကောင်းကင်ဘုံအတွင်းအုပ်စိုးသူများအဖြစ်

(ဂ) ကျွန်ုပ်တို့မသိရှိကြပါ

(ဃ) နောက်ဂြိုလ်ပေါ်တွင်နေထိုင်သည်

၄။ ဘုရားသခင်၏နိုင်ငံတော်နှင့်ပတ်သက်၍ဟောကြားမှုများပြုလုပ်ပါသလား

(က) ဓမ္မသတ်သစ်ကျမ်းတွင်သာ

(ခ) ယေရှုနှင့်တမန်တော်များအားဖြင့်သာ

(ဂ) ဓမ္မသတ်ဟောင်းနှင့်ဓမ္မသတ်သစ်နှစ်မျိုးစလုံးအတွင်း

(ဃ) ဓမ္မသတ်ဟောင်းကျမ်းအတွင်းတွင်သာ

## လေ့လာမှု(၆) ထာဝရဘုရားနှင့်မကောင်းမှု

များစွာသော ခရစ်ယာန်အယူဝါဒရှိသူများနှင့်အခြားများစွာသော ဘာသာများအနေဖြင့် ကျွန်ုပ်တို့ကျူးလွန်သောအပြစ် အတွက်တာဝန်ရှိသော၊ ကမ္ဘာကြီးထဲတွင်နှင့် ကျွန်ုပ်တို့၏ကိုယ်ပိုင်ဘဝများအတွင်း ရှိနေပြီးပြဿနာ များကိုဖန်တီးသူများဖြစ်သည်။**Devil** သို့မဟုတ် **Satan** ဟုခေါ်သည့် သတ္တဝါတစ်ကောင်ရှိသည်ဟုယုံကြည်ကြသည်။ သမ္မာကျမ်းစာက ဘုရားသခင်ကအားလုံးသောတန်ခိုးရှိသူဟုရှင်းလင်းစွာသင်ပြထားသည်။
တမန်တော်များသည်အပြစ်မကျူးလွန်နိုင်ကြောင်းလေ့လာမှု၁.၄တွင်ကျွန်ုပ်တို့ တွေ့ခဲ့ရပြီးဖြစ်သည်။

အကယ်၍ကျွနုပ်တို့အနေဖြင့် ထိုအရာများကို အမှန်အတိုင်း ယုံကြည်ပါက ဤစကြာ ကြီးအတွင်းတွင်တန်ခိုးရှင်ဘုရားအားဆန့်ကျင်သည့် သဘာဝလွန်သတ္တဝါ ရှိရန်မဖြစ်နိုင်ပေ။ အကယ်၍ယင်းကဲ့သို့ သတ္တဝါ တည်ရှိနေသည်ဟု ယုံကြည်ပါက ကျွနုပ်တို့ကဘုရားရှင်၏ အဆုံးစွန် တန်ခိုး ရှိမှုနှင့်ပတ်သက်၍ မေးခွန်းထုတ်ကြရမည်မှာ သေချာ ပေါက်ဖြစ်ပါသည်။ ဤအချက်မှာ အလွန်အရေးပါသည့်အတွက် **Devil** နှင့် **Satan** ကို မှန်ကန်သော နားလည်မှုရှိရန်အလွန်အရေးကြီးကြောင်းမှာ အရေးကြီးသော ပြဿဒတစ်ခုအဖြစ်စဉ်းစားရမည်ဖြစ်သည်။(ဟေဗြဲ ၂း၁၄)တွင်သူ၏ သေခြင်းဖြင့်ယေရှုက မကောင်းဆိုးဝါးကိုဖျက်ဆီးလိုက်ကြောင်း သိခဲ့ရပြီး ဖြစ်သည်။ ထို့ကြောင့်အကယ်၍မကောင်းဆိုးဝါးနှင့်ပတ်သက်၍ မှန်ကန်သော နားလည်မှုမရှိပါကကျွနုပ်တို့အနေဖြင့်ယေရှု၏ အလုပ်သို့မဟုတ်သဘာဝကို နားလည်နိုင်မည်မဟုတ်ပေ။

ကမ္ဘာကြီးထဲတွင်ယေဘုယျအားဖြင့်အထူးသဖြင့်ခရစ်ယာန် ကမ္ဘာကြီး ထဲတွင်ဘဝတွင်ကောင်းသောအရာများသည် ဘုရားရှင်ထံမှလာ၍ မကောင်း သော အရာများသည် **Devil** သို့မဟုတ် **Satan** ထံမှလာသည် ဟူသော အတွေးစိတ်ကူးရှိပေသည်။ ယင်းမှာ အတွေးသစ်တစ်ခုမဟုတ်ပေ။ ခရစ်ယာန်ဘာသာကိုယုံယုံကြည်ကြည်ကိုးကွယ်သောသူများ၏ စိတ်ထဲတွင် သာအကန့်အသတ်ဖြင့်ရှိနေသောစိတ်ကူးတစ်ခုသော်မှမဟုတ်ပေ။ ဥပမာ အားဖြင့်ဘေဘီလုံလူမျိုးတို့ကဘုရားနှစ်ဆူရှိသည်ဟုယုံကြည်ခဲ့ကြသည်။ တစ်ဆူမှာ ကောင်းသောအလင်းရောင်ပေးသောဘုရားတစ်ဆူဖြစ်ပြီးအခြား တစ်ဆူမှာ မကောင်းဆိုးဝါးနှင့် အမှောင်ထုဘုရားတစ်ဆူဖြစ်သည်။ ထိုနှစ် ဆူသော ဘုရားသည်သေခြင်းတရား၏ တိုက်ပွဲအတွင်း ပိတ်မိနေကြသည်ဟု ဆိုသည်။ ပါရှားနိုင်ငံ၏ဘုရင်ကြီး **Cyrus** က ဤအရာကိုယုံကြည်သည်။ ထို့ကြောင့်ဘုရားသခင်ကသူ့အား**ငါတစ်ပါးတည်းကထာဝရဘုရားဖြစ်၏၊ ငါမှတစ်ပါးအခြားသော ထာဝရဘုရားမရှိ၊ သင်သည်ငါ့ကိုမသိသော်လည်း သင်၏ ခါးကိုငါစည်း၏၊ သို့ဖြစ်၍ငါမှတစ်ပါးအခြားသောဘုရားမရှိ၊ ငါတစ်ပါးတည်းသာထာဝရဘုရားဖြစ်ကြောင်းကိုနေထွက်ရာ အရပ်သားနှင့် အနောက် မျက်နှာသားတို့သည်သိကြရလိမ့်မည်။ ငါသည် အလင်းကိုလုပ်၏၊ အမှောင် ကိုလည်းဖန်ဆင်း၏။ ငြိမ်သက်ခြင်းကိုဖြစ်စေ၏။ အမင်္ဂလာကိုလည်း ဖန်ဆင်း ၏။ ခပ်သိမ်းသောအရာ တို့ကိုငါဘုရားပြုတော်မူ၏။(ဟေရှာ ၄၅း၅-၇း၂၂) ထာဝရဘုရားသည်ငြိမ်းချမ်းမှုကိုဖန်ဆင်းသည်။ မကောင်းမှုအမင်္ဂလာကို ဖန်ဆင်းသည်။ ထာဝရဘုရားသည်စာရေးဆရာဖြစ်သည် မကောင်းမှု၏ ဖန်ဆင်းရှင်ဖြစ်သည်။ ဤသို့ဖြင့်လူ၏အပြစ်ဖြစ်သော မကောင်းမှုနှင့် အပြစ် အကြားကွဲပြားခြားနားမှုတစ်ခုရှိသည်။ လူ၏ရလဒ်ကြောင့် ထိုအရာသည် ကမ္ဘာ ကြီးအတွင်းသို့ဝင်လာခဲ့သည်။ ထာဝရဘုရားကြောင့်မဟုတ်ပေ။ (ရော ၅း၁၂)

ထာဝရဘုရားက**Cyrus** နှင့်ဘေဘီလုံမှလူတို့အား **ငါ့အပြင်အခြား ဘုရားမရှိ✡✡ပြောခဲ့သည်။ ထာဝရဘုရားဟုဘာသာပြန်ထားသော ဟီးဗြူးစကားလုံး **'el'** မှာ**အား✡✡သို့မဟုတ်စွမ်းအား၏ ရင်းမြစ်ဖြစ်သည်။ သူမှတစ်ပါးစွမ်းအား၏ရင်းမြစ်တည်ရှိမှုမရှိဟု ဘုရားကပြောသည်။ ဤအချက်မှာ ထာဝရဘုရား၌ စစ်မှန်သောယုံကြည်မှုရှိနေသူတစ်ဦးအနေဖြင့် အဘယ့်ကြောင့် သဘာဝမကောင်း ဆိုးဝါးသို့မဟုတ် နတ်မိစ္ဆာအတွေးကို လက်မခံနိုင်ရခြင်း ဖြစ်ပေသည်။

## ထာဝရဘုရား-ပျက်ဆီးမှုကိုဖန်တီးသူ

သမ္မာကျမ်းစာတွင်ထာဝရဘုရားကလူများ၏သက်ရှိဘဝအတွင်းနှင့် ကမ္ဘာလောကကြီးအတွင်းသို့မကောင်းဆိုးဝါးများ သယ်ယူလာမှုနှင့် ပတ်သက်သော ဥပမာများစွာရှိသည်။(ဆာ ၃း၆)ကအကယ်၍ မြို့တစ်မြို့ထဲတွင် မကောင်းမှုဖြစ်ပါကထာဝရဘုရားက ထိုအရာကိုဆောင်ရွက်လိုက်ခြင်း ဖြစ်သည်ဟုဆိုသည်။အကယ်၍ဥပမာအားဖြင့် မြို့တစ်မြို့တွင် မြေငလျင်တစ်ခုဖြစ်ပါက မကောင်းဆိုးဝါးကထိုမြို့ကိုဒီဇိုင်းပုံစံပြုပြီးကြီးမားသော ဒုက္ခကိုသယ်လာခဲ့ သည်ဟု ခံစားခဲ့ကြသည်။ သို့ရာတွင်စစ်မှန်သော ယုံကြည်သူများက ဤအတွက် တာဝန်ရှိသူမှာ ထာဝရဘုရားသခင်ဖြစ်သည်ဟု နားလည်ကြရ မည်ဖြစ်သည်။ ထို့ကြောင့်(မိ ၁း၁၂)ကထာဝရဘုရားထံမှ ဘေးဒဏ်သည် ဂျေရုဆလင်မြို့ တံခါးသို့ ရောက်ပြီဟုဆိုသည်။ ယောဘ

ဝတ္ထုတွင်လူမှန်တစ်ယောက်ဖြစ်သော ယောဘသည်သူ့ဘဝ တွင်ရှိခဲ့သောအရာများမည်ကဲ့သို့ ပျောက်ဆုံးသွားသည်ကို ဖတ်ရှုခဲ့ကြရသည်။

လူတစ်ဦးတစ်ယောက်၏ဘဝအတွင်းမှမကောင်းမှု အတွေ့အကြုံမှာ ထာဝရဘုရားသို့ရိုသေလေးစားမှုသို့မဟုတ်ရိုသော လေးစားမရှိမှုတို့နှင့် တိုက်ရိုက်ပတ်သက်ခြင်းမရှိဟုဆိုသည်။ ထာဝရဘုရားသည်ပေးတော်မူ၏။ ထာဝရဘုရားကပင်ပြန်လည် ရုပ်သိမ်းတော်မူ၏(ယောဘ ၁း၂၁)ထာဝရဘုရားသခင်ကပေးတော်မူပြီးမိန္ဓာနတ်ဆိုးက ပြန်လည်ယူတော်မူသည်ဟု ထာဝရဘုရား က မပြောပေ။ ငါတို့သည်ထာဝရဘုရား၏ လက်တော်မှ သုခချမ်းသာကို ခံယူသည်ဖြစ်၍ ဒုက္ခဆင်းရဲကိုမခံမယူရသလောဟုယောဘက သူ၏မိန်းမအားပြောခဲ့သည်။(ယော ၂း၁၀)စာအုပ်၏ အဆုံးတွင် ယောဘ၏ မိတ်ဆွေများက သူ့အားနှစ်သိမ့်စကားဆိုကြသည်။ သူ့အပေါ်မှာ ထာဝရဘုရား ရောက်စေတော် မူသော ဒုက္ခဆင်းရဲရှိသမျှကိုအောက်မေ့၍ သူနှင့်အတူ ညည်းတွားခြင်းဖြင့် နှစ်သိမ့်ကြသည်။ (ယောဘ၄၂း၁၁ **cp** ၁၉း၂၁၊ ၈း၄)ဤသို့ဖြင့် ထာဝရ ဘုရားသည် ကျွန်ုပ်တို့၏ ဘဝထဲမှပြဿနာများ၏ အဆုံးစွန် ခွင့်ပြုသူဟူသော အတွေးဖြင့်မကောင်းမှု၏ ရင်းမြစ်အဖြစ်မှတ်ယူကြသည်။ ထာဝရဘုရားသည် ချစ်တော်မူသောသူကိုဆုံးမတော်မူတတ်၏။ လက်ခံတော် မူသမျှသော သားတို့ကို ဒဏ်ခတ်တော်မူတတ်၏ ဟုသူငယ်တို့ကိုဆိုသကဲ့သို့သင်တို့ကို ပြောဆိုသော သြဝါဒစကားကိုမေ့လျော့ ကြသလော။ သင်တို့သည် ဆုံးမ တော်မူခြင်းကိုခံလျှင် သားတို့ကိုပြုသကဲ့သို့ထာဝရဘုရားသည် သင်တို့ကို ပြုတော်မူ၏ အကြောင်းမူကား အဘမဆုံးမသော သားတစ်စုံတစ်ယောက်ရှိသလော၊ သားအပေါင်းတို့သည် ခံတတ်သော ဆုံးမခြင်းကိုသင်တို့သည်းမခံဘဲနေလျှင် သားရင်းမဟုတ်၊ မင်းဦးမင်းလွှင်ရသောသားဖြစ်ကြ၏။ တစ်နည်းကား၊ ကိုယ်ကာယနှင့် စပ်ဆိုင်သော အဘတို့လက်ဖြင့်ငါတို့သည် ဆုံးမခြင်းကိုခံရသောအခါ သူတို့ကိုရိုသေကြ၏။ ထိုမျှသာမကစိတ်ဝိညာဉ်တို့၏ အဘအ လိုသို့ လိုက်၍အသက်ချမ်းသာရကြမည် မဟုတ်လော။ အကြောင်းမူကား ထိုအဘတို့သည်မိမိအလိုသို့လိုက်၍ တခဏသာ ဆုံးမပေးကြ၏ ကိုယ်တော်မူကား မိမိသန့်ရှင်းခြင်းပါရမီတော်ကိုငါတို့သည်ဆက်ဆံစေခြင်းငှာ ငါတို့အကျိုးကိုးထောက်၍သာဆုံးမပေးတော်မူ၏။ ဆုံးမခြင်း မည်သည်ကား ခံရစဉ် ဝမ်းမြောက်စရာမထင်၊ ဝမ်းနည်းစရာထင်တတ်၏။ သို့သော်လည်း ဆုံးမခြင်းကို ခံရသောသူတို့သည်နောက်မှငြိမ်သက်ခြင်းနှင့် စပ်ဆိုင်သော ဖြောင့်မတ်ခြင်း အကျိုးကိုခံကြရ၏။(ဟေဗြဲ ၁၂း၆-၁၁)

ဤဖြစ်ရပ်ကထာဝရဘုရားသခင်ကကျွန်ုပ်တို့အားပေးသော ဆုံးမဝါဒမှာ ကျွန်ုပ်တို့၏စိတ်ဝိညာဉ်ဆိုင်ရာကြီးထွားမှုသို့ ဦးတည်ပေသည်။ ထိုအချက်မှာ ထာဝရဘုရားသခင်၏ နှုတ်ကပတ်တော်သည်ကျွန်ုပ်တို့အား အပြစ်ကျူးလွန် စေရန် အမှားပြုလုပ်ရန် တွန်းအားပေးသော မကောင်းဆိုးဝါးအဖြစ် ဆန့်ကျင် ပြောဆိုစေသည်။ တစ်ချိန်တည်းတွင် သူကကျွန်ုပ်တို့၏ ဘဝအတွင်းသို့ ပြဿနာ များကိုသယ်လာပြီး၊ မှန်ကန်သောအေးချမ်းမှုအသီးအပွင့်ကို ရရှိနိုင်စေမည်ဖြစ်သည်။ မကောင်းဆိုးဝါး၏လက်ခံနိုင်သောအတွေးကို လက်ဆုပ်လက်ကိုင်ပြုလျက် ဤနေရာတွင်ကြီးမားသောပြဿနာအတွင်းသို့ ဝင်လာသည်။ အထူးသဖြင့်အလေးထားသောစာပိုဒ်များမှ မကောင်း ဆိုးဝါးသို့လူတစ်ယောက်ကိုပေးခြင်းကိုပြောသောအချက်မှာ ထိုသူ၏ ဝိညာဉ်သည်ယေရှုခရစ်၏နေ့ရက်၌ ကယ်တင်ခြင်း သို့ရောက်မည့် အကြောင်း သူ၏ ကိုယ်ခန္ဓာပျက်စီးဘို့ရာသူ့ကို စေတန်လက်သို့ အပ်နှံကြစေဟုငါစီရင်၏။(၁ကော ၅း၅၊ ၁တိ ၁း၂၀) အကယ်၍ စေတန်သည် လူအားဒုက္ခဖြစ်စေမှုနှင့် လူတို့အပေါ်တွင်အပြုသဘောမဆောင်သောဝိညာဉ်ဆိုင်ရာ အကျိုးသက် ရောက် မှု ဖြစ်စေသော သတ္တဝါတစ်ဦးဖြစ်ပါကအဘယ့်ကြောင့်ထိုစာပိုဒ်များကစေတန် အားအပြု သဘောဆောင်အလင်းရောင်တစ်ခုအတွင်း ပြောနေကြတာပါလဲ။ အဖြေကစေတန်သို့မဟုတ်ဘဝတွင်အခက်အခဲဖြစ်မှုကယုံကြည်သူတစ်ဦး၏ ဘဝတစ်ခုအတွင်းအပြုသဘော ဆောင်ဝိညာဉ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှု ဖြစ်စေနိုင်သည်။

အကယ်၍ကျွန်ုပ်တို့က မကောင်းမှုသည်ဘုရားရှင်ထံမှ လာသည်ဟူသော အချက်ကိုလက်ခံပါကကျွန်ုပ်တို့ကထာဝရဘုရား အားကျွန်ုပ်တို့တွင် ရှိသော အခက်အခဲများနှင့် ပတ်သက်၍တစ်စုံတစ်ခုပြုလုပ်ရန် ဆုတောင်းပေးနိုင်သည်။ ဥပမာ၄င်းတို့အားအဝေးသို့ ယူဆောင်ရန်၊ အကယ်၍ထာဝရဘုရားက မဆောင်ရွက်လျှင်၄င်းတို့မှာကျွန်ုပ်တို့၏ စိတ်ပိုင်းဆိုင်ရာ ကောင်းမှုအတွက် ထာဝရဘုရား ထံမှပို့လိုက်သောအရာအဖြစ် ကျွန်ုပ်တို့သိရှိလာခဲ့သည်။

ယ္ခုအကယ်၍ကျွန်ုပ်တို့အနေဖြင့်ကျွန်ုပ်တို့ပြဿနာ အခက်အခဲများကို ဖြစ်စေသော မကောင်းဆိုးဝါးဟုခေါ်သောမကောင်းမှု အချို့ရှိသည်ဟု ယုံကြည်လျှင်၄င်းတို့တွင်အတူဖြစ်ပေါ်ပေါက်နည်းလမ်းမရှိပေ။

မစွမ်းဆောင်နိုင် မှုနာမကျန်းဖြစ်မှု၊ ရုတ်တရက်သေဆုံးမှုသို့မဟုတ် ပျက်ဆီးဆုံးရှုံးမှုများမှာ ကံမကောင်းမှုဟုယူနိုင်ပါသည်။ အကယ်၍မကောင်းဆိုးဝါးသည် စွမ်းအားရှိသောဒုက္ခပေးနိုင်သောတမန်တော်ဖြစ်လျှင် ထိုသူသည်ကျွန်ုပ်တို့ အတွက်ပို၍စွမ်းအားကောင်းမည်ဖြစ်ပြီးကျွန်ုပ်တို့တွင်ရွေးချယ်စရာမရှိသော် လည်းသူ၏လက်ထဲတွင်ဒုက္ခခံစားရမည်ဖြစ်သည်။ နှိုင်းယှဉ်မှုဖြင့် ကျွန်ုပ်တို့ သည်ထာဝရဘုရားသခင်၏ထိမ်းချုပ်မှုအောက်တွင် နှစ်သိမ့်ခံကြရသည်။ယုံကြည်သူများ ထိုအရာအားလုံးသည်ဘဝတွင် ကောင်းမှုအတွက် တစ်ညီတစ်ညွတ်တည်းအလုပ်လုပ်နေကြသည် (ရော ၈း၂၈) ထို့ကြောင့်ယုံကြည်သူတစ်ဦး၏ဘဝအတွင်းကုသိုလ်ကံကောင်းခြင်းအရာဟူ၍မရှိပေ။

## မကောင်းမှု၏မူလအစ

မကောင်းမှုသည်ကျွန်ုပ်တို့၏အတွင်းဘက်မှလာခြင်းဖြစ်သည်ဟု အလေးအနက်ထားပြောဆိုရမည်ဖြစ်သည်။ ကျွန်ုပ်တို့ မကောင်းမှုပြုလုပ်ခြင်းမှာ ကျွန်ုပ်တို့၏အပြစ်ဖြစ်သည်။ အကြောင်းမှာ ကျွန်ုပ်တို့မကောင်းမှုပြုလုပ်ခြင်းမှာ ကျွန်ုပ်တို့အပြစ်မဟုတ်ကြောင်းယုံကြည်သင့်ပေသည်။ ကျွန်ုပ်တို့အနေဖြင့် လွတ် လပ်စွာ မကောင်းမှုပြုလုပ်နိုင်သည်။ ထိုနောက်ထိုလုပ်ရပ်မှာ မကောင်းဆိုးဝါး ၏အပြစ်ဖြစ်သည်ဟုတွေးလျက်ကျွန်ုပ်ကိုယ်ကို ကျွန်ုပ်တို့ခွင့်လွှတ်ကြသည်။ ကျွန်ုပ်တို့မကောင်းမှုပြုလုပ်ခြင်းအတွက် အပြစ်တင်မှုမှာကျွန်ုပ်တို့ အပေါ် တွင်သာလုံးလုံးပုံချသင့်သည်။ လုံးဝကောက်ကျစ်သည့်အမူအယာ ပြု ကျင့် ရာတွင် သူကထိုအချိန်တွင်မကောင်းဆိုးဝါး အားဖြင့်မကောင်းမှုကိုပိုင်ဆိုင်ရခြင်းဖြစ်၍သူကိုယ်တိုင်တာဝန်မရှိကြောင်းနှင့်အပြစ်ရှိသောသူက အပြစ်မှ ခွင့်လွှတ်ရန်တောင်းပန်မှုမှာ ဖြစ်လေ့ရှိသောဖြစ်ရပ် ဖြစ်ပေသည်။ သို့ရာ တွင်အမှန်အားဖြင့် ယင်းကဲ့သို့ခွင့်လွှတ်မှုများကို အပြစ်ကင်းစင်ကြောင်း ဆုံးဖြတ်သဖြင့် သူ့အပေါ် တွင်စီရင်မှုကင်းလွတ်သွားသည်။

အပြစ်၏အဘိုးအခမှာသေခြင်းဖြစ်သည်ဟုကျွန်ုပ်တို့သတိရရန် လိုအပ်သည်။(ရော ၆း၂၃)အပြစ်ကြောင့်သေခြင်းဖြစ်စေသည်။အကယ်၍ကျွန်ုပ်တို့ အပြစ် ကျူးလွန်ခြင်းသည်ကျွန်ုပ်တို့၏အပြစ်မဟုတ်ဘဲမကောင်းဆိုးဝါး၏အပြစ် ဖြစ် လျှင်တရားမျှတသောဘုရားရှင်အနေဖြင့်ကျွန်ုပ်တို့အားအပြစ်ပေးခြင်း ထက် မကောင်းဆိုးဝါးအားအပြစ်ပေးသင့်သည်။ သို့ရာတွင် ကျွန်ုပ်တို့ ကိုယ်တိုင်ပြုလုပ်သောအပြစ်ကြောင့်တရားစီရင်ခံရခြင်းမှာကျွန်ုပ်တို့၏အပြစ်ကျူးလွန်သူ အတွက်ကျွန်ုပ်တို့တာဝန်ရှိကြောင်းဖော်ပြသည်။မကောင်း ဆိုးဝါးက ကျွန်ုပ်တို့၏အတွင်းဘက်တွင်ရှိသည်ဟူသောအတွေးထက်ကျွန်ုပ်တို့၏ပြင်ပမှ လူတစ်ဦး ဦးဖြစ်သည်ဟူသောအတွေးများကျွန်ုပ်တို့ကျူးလွန်သော အပြစ်အတွက် တာဝန်ရှိမှုကိုကျွန်ုပ်တို့ထံမှအဝေးသို့ရွှေ့လျားစေရန်ကြိုးပမ်းမှုတစ်ခုဖြစ်ပေသည်။ ဤအချက်မှာလူ့သဘာဝနှင့်ပတ်သက်၍သမ္မာကျမ်းစာမှသင်ကြားပေးသော အချက်များကိုငြင်းဆန်သောလူများ၏နောက်ထပ်ဥပမာဖြစ်သည်။ ထိုအချက်မှာ အခြေခံ အားဖြင့်အပြစ်ဖြစ်စေပါသည်။

**လူပြင်မှလာ၍လူအတွင်းသို့ဝင်လျက်လူကိုညစ်ညူးစေနိုင်သော အရာတစ်စုံတစ်ခုမျှမရှိ၊ လူ့အတွင်းမှထွက်သောအရာ သည် လူကို ညစ်ညူးစေသောအရာဖြစ်၏။ လူပြင်မှလာ၍ လူအတွင်းသို့ဝင်သမျှသည်နှလုံးထဲသို့မဝင်၊ ဝမ်းထဲသို့ ဝင်၍အစာရှိ သမျှကို သန့်ရှင်းစေသဖြင့် ရေအိမ်တွင်လူ့အတွင်းမှထွက်သော အရာမူကားလူကိုညစ်ညူးစေသောအရာဖြစ်၏။ လူ့အတွင်း နှလုံးထဲက မကောင်းသောကြံစည်ခြင်း၊သူ့မယားကိုပြစ်မှားခြင်း၊ မိန်းမလွတ်နှင့်မှားယွင်းခြင်း၊လူအသတ်ကိုသတ်ခြင်း၊သူ့ဥစ္စာကိုခိုးခြင်း၊ လောဘကျူးလွန်ခြင်း၊ မနာလိုခြင်း၊ လှည့်စားခြင်း၊ ညစ်ညူး ခြင်း၊သူ့အသေရေကိုဖျက်ခြင်း၊ထောင်လွှားစော်ကားခြင်း၊ လျှပ်ပေါ်ခြင်း၊ဤဆိုးညစ်သောအရာများသည်အတွင်းမှထွက်လာ၍ လူကိုညစ်ညမ်းစေကြသည်ဟုမိန့်တော်မူသည်၊(မာ ၇း၁၅၊၂၃)

ကျွန်ုပ်တို့၏အတွင်းသို့ဝင်၍အပြစ်ဖြစ်စေသောကျွန်ုပ်တို့၏ ပြင်ပတွင်အပြစ်ဖြစ်စေသည့်အရာသည်ဤနေရာတွင်ယေရှုက ရှင်းလင်းစွာသင်ကြားမှုနှင့် အံဝင်ကွင်ကျမရှိပေ။ လူ၏အတွင်းတွင်နှလုံး၏ ပြင်ဘက်မှထိုဒုစရိုက် အားလုံးထွက်ပေါ်လာကြသည်။ ဤအချက်ကြောင့် ရေကြီးသည့် အချိန်တွင်

လူတို့သည်ငယ်သော အရွယ်မှစ၍စိတ်နှလုံးအကြံအစည်ဆိုးကြ၏ ဟုထာဝရဘုရား က တွေးတောခဲ့သည်။(က ၈း၂) (ယာ ၁း၁၄)ကကျွန်ုပ်တို့ မည်ကဲ့သို့သွေးဆောင်ဖြားယောင်းသည်ကိုပြောသည်။ သူကသူ၏ကိုယ်ပိုင် ဆန္ဒမှအဝေးသို့ဆွဲယူသွားခံရသောအခါ(သူ၏ကိုယ်ပိုင်းမကောင်းသောစိတ်ဆန္ဒ)နှင့် သွေးဆောင်ဖြားယောင်းခံရသောအခါတွင် လူတိုင်း(ထိုအချက်မှာ လူသားတစ်ဦးစီအတွက် တူညီသောဖြစ်စဉ်ဖြစ်သည်။)သည်လှုံဆော်မှု ဖြစ်ကြ သည်။ ကျွန်ုပ်တို့သည်ကျွန်ုပ်တို့၏ ကိုယ်ပိုင်ဆန္ဒများ၊ ကျွန်ုပ်တို့၏ မကောင်းသောစိတ်ဆန္ဒများအားဖြင့် သွေးဆောင်ဖြားယောင်းနေကြရသည်။ ကျွန်ုပ်တို့၏ပြင်ပမှ အရာတစ်ခုခုကြောင့်မဟုတ်ပေ။ သင်တို့တွင်စစ်တိုက်ခြင်း၊ ရန်တွေ့ခြင်းသည်အဘယ်အကြောင်းကြောင့်ဖြစ်သနည်း။ သင်တို့ အင်္ဂါများ၌ စစ်ပြိုင်သောကိလေသာကာမစိတ်ကြောင့်တစ်ဦးချင်းစီတွင် သီးသန့်ပင် ကိုယ်လှုံ ဆော်မှုများရှိကြသည်။ထို့ကြောင့်သူတို့ သည်ကျွန်ုပ်တို့၏ ကိုယ်ပိုင်မကောင်း သောစိတ်ဆန္ဒအားဖြင့်လှုပ်ရှားဆောင်ရွက်ရသည်။ အဘယ့်ကြောင့်ဆိုသော် ၄င်း တို့မှာကျွန်ုပ်တို့သို့ပင်ကိုယ်ဖြစ်သောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ၏ ကိုယ်ပိုင်အဆိုးဝါးဆုံးရန်သူများဖြစ်သည်ဟု မှန်ကန်စွာပြောဆို လေသည်။

ရှင်ယာကုပ်၏စာအုပ်မှာအပြစ်၄င်း၏မူလဇစ်မြစ်နှင့်၄င်းကိုမည်ကဲ့သို့ ကျော်လွှားရမည်တို့နှင့်များစွာဆက်စပ်လျက်ရှိသည်။ စာအုပ်ထဲတွင် မကောင်း ဆိုးဝါးနှင့်မိစ္ဆာနတ်ဆိုးနှင့်ဖော်ပြချက်ကိုအနည်းအကျဉ်းသာဖော်ပြထားခြင်းမှာ အလွန်ပင်ထူးခြားပေသည်။ မကောင်းမှု၏မူလအစနှင့်ပတ်သက်၍ပြောကြရာတွင်ပေါလုအနေဖြင့်မကောင်းဆိုးဝါးနှင့်မိစ္ဆာနတ်ဆိုးနှင့်ပတ်သက်၍ထုတ်ဖော် ပြောဆိုမှုမရှိပေ။ အလားတူပင်မကောင်းဆိုးဝါးမှာဧဒင်သတ်သစ်၏ သဘောတရားတစ်ခုဖြစ်သည်။ အကယ်၍ကျွန်ုပ်တို့အား မကောင်းမှုဖြစ်စေ သည့်ပြင်ပသတ္တဝါတစ်ဦးရှိခဲ့လျှင်၊ ဧဒင်သတ်ဟောင်းတွင် အသေအချာ ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြခဲ့မည်မဟုတ် ပါလား။ သို့ရာတွင်ဤအကြောင်းနှင့် ပတ်သက်၍နက်နက်နဲနဲသိသိသာသာငြိမ်သက်မှုတစ်ခုရှိခဲ့သည်။ တရားသူကြီး၏ စီရင်မှုပြုချိန်မှတ်တမ်း သို့မဟုတ် အစ္စရေးလူမျိုးများ အိမ်ခြေရာခြေမရှိသည့်အ ခြေအနေမှတ်တမ်းတွင်ထိုအချိန်များအတွင်း အစ္စရေးလူမျိုးများ ဒုက္ခအကြီးအကျယ်ရောက်မှုကိုဖော်ပြထားပေသည်။ သို့ရာတွင်ထာဝရဘုရားကသူတို့အားစွမ်းအားရှိသောသဘာဝလွန်သတ္တဝါ အချို့နှင့်ပတ်သက်၍ လည်းကောင်း၊ သို့တည်းမဟုတ်သူတို့အားဒုက္ခ ရောက်စေရန်သူတို့အတွင်းသို့ဝင်ရောက်နိုင်စေရန်အားပေးမှု များနှင့်ပတ်သက်၍ လည်းကောင်းသတိပေးမှုမရှိခဲ့ပေ။ ယင်းအစားထာဝရဘုရားကသူ၏ နှုတ်ကပတ်တော်ကိုသာသူတို့ကိုယ်တိုင်သုံးရန်၊ သို့မှသာသူတို့ အနေဖြင့် သူတို့၏ ကိုယ်ပိုင်ခန္ဓာကိုယ်များ ဒုက္ခမရောက်နိုင်ဟုဆိုသည်။
(တရား ၂၇း၉၊၁၀၊ ယော ၂၂း၅)

✱✱ငါ့အထဲမှာငါ့ဇာတိပကတိ၌ ကောင်းသောအရာ တစ်စုံတစ်ခုမျှ မတည် သည်ကိုငါသိ၏၊ အကြောင်းမူကားငါသည်ကျင့်ချင်သောစိတ် ရှိသော် လည်း ကောင်းစွာကျင့်တတ်သောအခွင့်ကို ရှာ၍မတွေ့နိုင်၊ ငါသည် ကျင့်ချင် သောအ ကျင့်ကောင်းကိုမကျင့်၊ မကျင့်ချင်သောအကျင့်ဆိုးကို ကျင့်၏၊ ထိုသို့ ငါသည် မကျင့်ချင်သောအကျင့်ကိုကျင့်လျှင်ငါကိုယ်တိုင်ကျင့်သည်မဟုတ်၊ငါ့အထဲ၌ နေသော အပြစ်တရားသည်ကျင့်၏။ ထိုသို့ကောင်းသောအကျင့်ကိုငါကျင့်ချင်သော အခါ မကောင်းသောအကျင့်ကိုကျင့်စေတတ်သောတရားကိုငါတွေ့၏(ရော ၇း၁၈-၂၁) ယ္ခုအခါတွင်သူက မကောင်းဆိုးဝါးဟု ခေါ်သော ပြင်ပသတ္တဝါတစ်ဦးကြောင့် သူ၏ဒုက္ခဖြစ်စေမှု ကိုအပြစ်မတင် သူကသူ၏ ကိုယ်ပိုင်မကောင်းမှု သဘာဝ အားဒုက္ခ၏ တကယ့်ရင်းမြစ်အဖြစ် မှတ်ယူခဲ့သည်။✡✡ ထိုအရာကိုပြုသူမှာ ငါမ ဟုတ်၊ ငါ၏အတွင်း စွဲဝင်နေသော မကောင်းမှု ဖြစ်သည်။ ငါသည် ပညတ်ချက် တစ်ခုကိုငါ့အတွင်း၌ တွေ့၏။ ငါကောင်းမှုကို ပြုလုပ်သောအခါ မကောင်းမှုက လည်းငါ၏အထဲတွင်ရှိနေသည်။ ထို့ကြောင့် သူကဝိညာဉ်ဆိုင်ရာသည် တစ်စုံတစ်ခုမှ လာခြင်းကို ဆန့်ကျင်လျက် ကျွန်ုပ်၏ ခန္ဓာကိုယ်တွင် စွဲဝင်နေ သောဒုက္ခဟူကပြောခဲ့ခြင်းဖြစ်သည်။ တွေးခေါ်လျှင် မြင်တတ်သူတိုင်း၊ စိတ်ဓါတ် ခိုင်မာသူတိုင်းကမိမိ၏ကိုယ်ပိုင်အသိဖြင့်အလား တူတစ်သဘောတည်း လာကြ လိမ့်မည်ဖြစ်သည်။ ပေါလုကဲ့သို့အမြင့်မားဆုံး ခရစ် ယာန် တစ်ဦးသော်မှ ပြောင်း လဲပြီးနောက်တွင်လည်းကောင်း၊ ဒုက္ခမဖြစ်နိုင်သော၊ဒုက္ခမရောက်နိုင်သော နေရာတွင်ရှိနေ၍လည်းကောင်း၊ သဘာဝ၏ ပြောင်းလဲမှု တစ်ခုကိုမတွေ့ ကြုံခဲ့ရ သည်ကို မှတ်သား သင့်သည်။ ခေတ်သစ်ဧဝံဂေလိ တရားကို ဟောကြား နေသူ များကသူတို့၏ထိုကဲ့သို့ နေရာတစ်ခုကိုရှင်းလင်း ပြာပြခဲ့သည်။(ရော

၇း၁၅၊၂၁) တွင် ဖော်ပြခဲ့သောသူ၏ ဖော်ပြချက်ကြောင့် ပေါလုအား လုံခြုံမှုမရှိသော အဆင့် အတွင်းထားခဲ့သည်။ ထိုစာပိုဒ်များက သူတို့ ၏ပြောကြားချက်များ အတွက် အဓိက က်ခဲမှု တစ်ခုကို သက်သေ ပြခဲ့သည်။နောက်ထပ် ၍သံသယ ရှိလောက်အောင် မှန်ကန်သောလူတစ်ဦးဖြစ်သည့် ဒါဝိဒ်ကအလားတူပင် ပုံသေ ဒုက္ခဖြစ်စေမှု သဘောတရားကိုပြောကြားခဲ့သည်။ကျွန်ုပ်သည်မွေးစကပင် အပြစ် ပါလျက်ရှိပါ၏၊ အမိဝမ်းထဲပဋိသန္ဓေ ယူစဉ်ပင် အပြစ်စွဲပါ၏။ (ဆာ ၅၁း၅)

သမ္မာကျမ်းစာအနေဖြင့်အခြေခံကျသောကောက်ကျစ်စဉ်းလဲသည့် လူ့သဘာဝနှင့်ပတ်သက်၍အတော်ပင်ပြည့်စုံရှင်းလင်းစွာ ဖော်ပြထားသည်။ အကယ်၍ယင်းအချက်ကိုသဘောကျပါကကျွန်ုပ်တို့၏အပြစ်များအတွက် တာဝန်ရှိသောကျွန်ုပ်တို့၏လူ့သဘာဝ ပြင်ပမှစိတ်ကူးယဉ်လူတစ်ယောက် ကိုတည်ထွင်ဖန်တီးရန်မလိုအပ်ပေ။ စိတ်နှလုံးသည်ခပ်သိမ်း သောအရာထက် ကောက်ကျစ်စဉ်းလဲ တတ်၏။ အလွန်ယိုယွင်းသောသဘောရှိ၏။ စိတ်နှလုံးသဘောကိုအဘယ်သူသိနိုင်သနည်းဟု(ယေ ၁၇း၉)ကဆိုလေသည်။ ယေရှုက လူ့သဘာဝအားအခြေခံအားဖြင့်မကောင်းမှုကိုတတ်သည့် အရာအဖြစ် သတ်မှတ် ထားသည်။(မ ၇း၁၁) (ဒေ ၉း၃)ကရှင်းရှင်းလင်းလင်းမဖြစ်ပေ။ အကယ်စင်စစ်လူသားတို့၏စိတ်နှလုံးသည်ဒုစရိုက်သဘောနှင့်ပြည့်၏။
(ဧ ၄း၁၈)ကဘုရားရှင်မှလူ၏သဘာဝဆိုင်ရာ အမနာပပြောဆိုမှု အတွက် အကြောင်းပြချက်ရှိသည်။ **ထိုသူတို့သည်ဉာဏ်အလင်းစွယ်သည်ဖြစ်၍ စိတ်နှလုံးမိုက်မဲသောအားဖြင့် အလျင်းမသိမှုအဖြစ်ဖော်ပြထားသည်။ ထိုအချက်မှာကျွန်ုပ်တို့၏စိတ်ပိုင်းဆိုင်ရာအရာဉာဏ်အလင်းစွယ်မှုနှင့်စိတ်နှလုံး မိုက်မဲမှုကြောင့်နှင့်ဘုရားနှင့်ဝေးကွာနေသောကျွန်ုပ်တို့၏ အတွင်းပိုင်းမှာ ကျွန်ုပ်တို့၏ တွေးခေါ်ပုံနည်းလမ်းကြောင့်ဖြစ်ပေသည်။ ဤအချက်နှင့် လိုက်ဖက် ရန်(လော ၁း၁၉)ကကျွန်ုပ်တို့၏ မကောင်းမှုပြုလုပ်ခြင်းများအား ဇာတိပကတိ၏ အကျင့်များအဖြစ်ပြောဆိုသည်။ ထိုအရာသည်ကျွန်ုပ်တို့၏ ကိုယ်ပိုင်းဇာတိ ပကတိဖြစ်သည်။ ကျွန်ုပ်တို့အားမကောင်းမှုကိုကျူး လွန်စေရန် ဖြစ်ပေါ်စေသောကျွန်ုပ်တို့၏သဘာဝ စရိုက်ဖြစ်သည်။ ထိုမည်သည့် စာပိုဒ်ကမျှမ ကောင်းဆိုးဝါးက ထိုနေရာတွင်ထားခဲ့သောကြောင့်ကျွန်ုပ်တို့အတွင်း မကောင်းမှု ပြုလုပ်ခြင်း ကမူလကိုမရှင်းလင်းနိုင်ပေ။ မကောင်းမှုဖြစ်စေသော အရာများသည် တွေးသည့်အချိန်မှစ၍ကျွန်ုပ်တို့တွင်သဘာဝအားဖြင့်ရှိနေသော အရာများ ဖြစ်ကြသည်။ ထိုအချက်မှာလူသား၏ အခြေခံလုပ်ဆောင်ချက်ဖြစ်သည်။

## ၆.၂ မကောင်းဆိုးဝါးနှင့်မိစ္ဆာနတ်ဆိုး

တစ်ခါတစ်ရံတွင်သမ္မာကျမ်းစာစာအုပ်၏မူလစကားလုံးများသည် ဘာသာမပြန်ဘဲမူလစကားလုံးများအတိုင်းကျန်ရစ်ခဲ့ ကြသည်။ [ (မ ၆း၂၄)ထဲမှ **Mammm ] Satan** သည်ဘာသာပြန်ဆိုမထားသော ဟီးဗြူးစကားလုံးဖြစ်ပြီး **''Adversary''**ဟုအဓိပ္ပါယ် ရသည်။ **''devil''** သည်ဂရိစကားလုံး **''diabolos''** ကို ပြန်ဆိုထားခြင်းဖြစ်ပြီးမုသားပြောသူ ရန်သူသို့မဟုတ်မှားယွင်းသောစွပ်စွဲသူဟုအဓိပ္ပါယ်ရသည်။ အကယ်၍ကျွန်တော်တို့အနေဖြင့်မိစ္ဆာနတ်ဆိုးနှင့်မကောင်းဆိုးဝါးတို့သည်ကျွန်ုပ်တို့၏ပြင်ပတွင်ရှိသော သတ္တဝါများဖြစ်ပြီး မကောင်းမှုအတွက်တာဝန်ရှိပေသည်။ ကျွန်ုပ်တို့က ထိုစကားလုံးများကို သမ္မာကျမ်းစာတွင်တွေ့သည့်အခါတိုင်း ကျွန်ုပ်တို့ကယင်းကိုမကောင်းဆိုးဝါးလူများကိုရည်ညွှန်းပေသည်။ ထိုစကားလုံးများ၏ သမ္မာကျမ်းစာဆိုင်ရာအသုံးအနှုန်းကနာမဝိသေသနအဖြစ်သုံးပါက သာမန် လူများဟု ဖော်ပြအသုံးပြုနိုင်ကြောင်းဖော်ပြလျက်ရှိသည်။ ဤအချက်ကမကောင်းဆိုးဝါးနှင့် မိစ္ဆာနတ်ဆိုးများသည် သမ္မာကျမ်းစာတွင် သုံးထားသည့်အတိုင်းသူတို့ကိုယ်တိုင်ဆောင်ရွက်မှုမှာကြီးကျယ်သော ကောက်ကျစ်စဉ်းလဲ သော လူသို့မဟုတ်ကျွန်ုပ်တို့၏ ပြင်ပမှသတ္တဝါကိုညွှန်းဆိုနိုင်မည်မဖြစ်နိုင်ပေ။

## သမ္မာကျမ်းစာထဲမှမိစ္ဆာနတ်ဆိုး

ထာဝရဘုရားသည်ရှောလမုန်၌ ရန်ဘက်ပြုသော ဧဒုံအမျိုးသား ဟာဒစ် ကို နှိုးဆော်တော်မူ၏ဟု(၃ရာ ၁၁း၁၄)တွင်မှတ်တမ်းတင်ထားသည်။ရှောလမုန်၌

ရန်ဘက်ပြုသူတခြားလျှော့ဒသားရေဇုန်ကိုထာဝရဘုရားနှိုးဆော်တော်မူသည်။ ထိုသူသည်ရှောလမုန် လက်ထက်ကာလပတ်လုံး အစ္စရေးလူမျိုးကို ရန်ဘက် ပြုလေသည်။(၃ရာ ၁၁း၂၃၊၂၅) ယင်းမှာထာဝရဘုရားကသဘာဝလွန် လူတစ် ယောက်သို့မဟုတ်နတ်ဆိုးအားရှောလမုန်သို့မိစ္ဆာနတ်ဆိုး/ရန်သူဖြစ်လာရန်၊ နှိုးဆော်သည်ဟုမဆိုလိုပေ။ သူကသာမန် လူများကိုနှိုးဆော်သည်။

(မ ၁၆း၂၂၊၂၃)မှာ နောက်ထပ်ဥပမာတစ်ခုဖြစ်သည်။ ပေတရုကယေရှုအား ဂျေရုဆလင်သို့ သွားခြင်းမှာ မသွားအောင်ဆွဲဆောင်ပြီး လက်ဝါးကပ်တိုင်တွင် သေစေခဲ့သည်။ ယေရှုကပြန်လည်လာပြီးပီတာအားအတွင်းရန်သူငါ့နောက်သို့ ဆုတ်လော့၊ သင်သည်ငါထိုင်မိ၍လဲစရာအကြောင်းဖြစ်၏။ သင်သည် ထာဝရ ဘုရား၏အရာကိုစိတ်မစွဲလမ်း၊ လူတို့၏အရာကိုသာ စွဲလမ်းသည်ဟု မိန့်တော်မူ၏။(မ ၄၆း၂၂၊၂၃)သို့ဖြင့်ပေတရုသည် မိစ္ဆာနတ်ဆိုးအဖြစ် အခေါ်ခံရသည်။ သူသည်ပေတရုသို့ပြောခဲ့သည် ဟူသောစကားအရ ခရစ်တော် သည်မိစ္ဆာနတ်ဆိုးသို့မဟုတ် လူ့တိရစ္ဆာန်အားပြောနေခဲ့ခြင်းမဟုတ် ကြောင်းထင်ရှားသည်။

**'Satan'** ဟူသောစကားလုံးသည်ရန်သူတစ်ဦးဟူ၍ သာဆိုလိုသော ကြောင့် လူကောင်းတယောက်၊ ထာဝရဘုရားကိုယ်တိုင်ကို သော်မှ **Satan** ဟုခေါ်ဆိုနိုင်သည်။ အနှစ်သာရအားဖြင့်စကားလုံးကိုယ်တိုင်း၊ အပြစ်ဖြစ်စေမှု မရှိပါ။ မကောင်းမှုဖြစ်စေသော အသုံးအနှုန်းမှာစာတန်ဟူသော စကားလုံးတွင် ကျွန်ုပ်တို့၏ ကိုယ်ပိုင်မကောင်းမှုဖြစ်စေသောသဘာဝမှာ ကျွန်ုပ်တို့၏ အကြီးမားဆုံး စာတန်သို့မဟုတ် **adversary** ဖြစ်သည်ဟူသောအချက်ကြောင့် ဖြစ်ပြီး၊ မကောင်းမှုနှင့်စပ်ဆိုင်သောအရာကိုရည်ညွှန်းရန်၊ ကမ္ဘာ့ ဘာသာ စကားတစ်စုံအဖြစ်အသုံးပြုခြင်းကြောင့်လည်းဖြစ်သည်။ ကျွန်ုပ်တို့၏ ဘဝအတွင်းသို့ပြဿနာများကိုသယ်ဆောင်လာခြင်း အားဖြင့် ဘုရားရှင် ကိုယ်တိုင်စာတန်တစ်ဦးဖြစ်နိုင်သည် သို့မဟုတ်ကျွန်ုပ်တို့ရှိနေသော လမ်းကြောင်းပေါ်တွင်ရပ်တည်ခြင်းအားဖြင့်လည်း စာတန်တစ်ဦးဖြစ်နိုင်သည်။ သို့ရာတွင် ဘုရားရှင်ကိုယ်တိုင် **Satan** ဟုခေါ်ဆိုရာတွင် သူကိုယ် တိုင်ကမကောင်းမှုပြုလုပ်သော သူဖြစ်သည်ဟုမဆိုလိုပေ။ **Samuel** နှင့် **Chronizlu** စာအုပ်များသည်တူညီသောဖြစ်ရပ်များကို ဇေဝံဂေလိ တရားတော် လေးခု အဖြစ်ဘာသာစကားမျိုးကွဲများဖြင့်မှတ်တမ်းတင်ထားသဖြင့် အပြိုင် ဖြစ်လျက်ရှိကြသည်။(၂ရာ ၂၄း၁)တွင်နောက်တဖန်ထာဝရဘုရားသည် အစ္စရေး လူမျိုးကိုအမျက်ထွက်တော်မူလျှင်စာတန်သည် ရန်ဘက်ပြု၍ ဣသရေလလူ နှင့်ယုဒလူတို့ကိုရေတွက်စေခြင်းငှာဒါဝိဒ်ကို တိုက်တွန်းကြောင်းမှတ်တမ်းပြု ထားခဲ့သည်။(၅ရာ ၂၁း၁)တွင်အပြိုင်ဖြစ်သောအကြောင်း အရာများနှင့် ပတ်သက်၍ နောက်တဖန် စာတန်သည် ဣသရေလလူမျိုးတစ်ဘက်၌ ထ၍ ဣသရေလအမျိုးသားတို့ကိုရေတွက်စေခြင်းငှာ ဒါဝိဒ်ကိုတိုက်တွန်း လေ၏ ဟုဆိုလေသည်။ စာပိုဒ်တစ်ပိုဒ်တွင် ထာဝရဘုရားက ဒေါသထွက်ခြင်းကို ပြုလုပ်သည်။ အခြားတစ်ဘက်တွင်စာတန်ကထိုအရာ ကိုရုပ်လုံးဖော် ပြုလုပ်လေသည်။ တစ်ခုလုံးသော အဆုံးသတ်မှုမှာထာဝရဘုရားသည် ဒါဝိဒ်သို့စာတန်တစ်ဦးသို့မဟုတ်ရန်သူသလို ပြုမူသည်။ သူသည် အလားတူဖြစ်ရပ်မျိုးကိုယောဘသို့လည်းသူ၏ ဘဝအတွင်းသို့ ပြဿနာ သယ်လာခြင်းအားဖြင့်ပြုလုပ်ခဲ့သည်။ **ကျွန်ုပ်ကိုကြမ်းတမ်းစွာပြု၍ အားကြီး သော လက်တော်နှင့် ညှဉ်းဆဲတော်မူ၏။✡✡ ဟုယောဘကထာဝရဘုရားနှင့် ပတ်သက်၍ ပြောခဲ့သည်။ (ယောဘ ၃၀း၂၁)သင်သည် ကျွန်ုပ်အားစာတန် တစ်ဦးအဖြစ်ပြုမူနေပြီဟု ယောဘကပြောဆိုခြင်းဖြစ်ပေသည်။

## သမ္မာကျမ်းစာထဲမှ 'Devil' စကားလုံး

**'Devil'** ဟူသောစကားလုံးသည်လည်းအလားတူပင်ရှိခဲ့သည်။ **ကျွန်ုပ်ရွေးချယ်ခဲ့သောနောက်လိုက်၁၂ဦးတွင်တစ်ဦးသည်။ **Devil** မဟုတ်လော✡✡ဟုယေရှုကပြောခဲ့သည်။ သူကသာမန်လူသားတစ်ဦး ဖြစ်သောယုဒလူ **Iscarivt** ကိုရည်ညွှန်းပြောဆိုခဲ့ခြင်း ဖြစ်သည်။ မူလဂျိုနှင့် လူသို့မဟုတ်ဝိညာဉ်သတ္တဝါခေါ်သောသူတစ်ဦးအားရည်မှန်းပြောဆိုခြင်းမဟုတ်ပေ။ ဤနေရာတွင် **'devil'** ဟူသောစကားလုံးမှာ ကောက်ကျစ်စဉ်းလဲသော လူတစ်ယောက်ကို ရည်ညွှန်းပြောဆိုခြင်းဖြစ်ပေသည်။(၁တိ၃း၁၁)က အခြားဥပမာ တစ်ခုကိုဖြည့်ဆည်းပေးသည်။ သင်းထောက်များ၏မိန်းမတို့သည် ချောစားတတ်သောသူမဖြစ်စေရ၊

မူလဂရိစကားလုံးမှာ **'diabolos'** ဖြစ်ပြီး **'devil'** ဟုတူညီသော အဓိပ္ပါယ်ဖွင့်ထားသည်။ **အသက်ကြီးရင့်သော မိန်းမတို့သည် ကျင့်ကြံပြုမူရာ ဓမ္မအမှုနှင့်ထိုက်တန်သော သူမချောစားတတ်သော သူ၊ စပျစ်ရည်၌ မလွန်ကြူးတတ်သော သူများယွင်းသော အကျင့်ကို ကျင့်ကြံသူများ သို့မဟုတ် **devil** များ မဖြစ်စေသင့်ဟုပေါလုက တိကုအားသတိပေးခဲ့သည်။(တိကု ၂း၃)အလားတူပင်သူကတိမောသေအားနောက်ဆုံးနေ့များတွင်လူများ
သည်များယွင်းသော အကျင့်ကိုကျင့်ကြံသူများ(**devils**)ဖြစ်လာကြမည်ဟုပြောခဲ့သည်။(၂တိ ၃း၁၊၃)ဤအချက်ကလူတို့သည်လူသား အဆင့်ထက်ကျော်လွန်သော သူများဖြစ်လာကြမည်ဟုမဆိုလိုပေ။ သို့ရာတွင်သူတို့သည်ပို၍ ကောက်ကျစ် လာကြလိမ့်မည်ဟုဆိုသည်။ ဤအရာအားလုံးမှ **devil** နှင့် **satan** စကားလုံးများသည်ကျွန်ုပ်တို့၏ပြင်ပမှလဲကျသွားသော နတ်သို့မဟုတ်အပြစ်ရှိသော သူကို ရည်ညွှန်းခြင်းမဟုတ်ပေ။

## ဒုက္ခ၊ စာတန်နှင့်မကောင်းဆိုးဝါး

စာတန်နှင့် **devil** စကားလုံးများသည် လေ့လာမှု၆.၁တွင် ကျွန်ုပ်တို့ပြောခဲ့သော ကျွန်ုပ်တို့၏အတွင်းတွင်ရှိသော သဘာဝအားဖြင့် ဒုက္ခဖြစ်စေနိုင်သော စွမ်းအားများကိုဖော်ပြရန်အသုံးပြုလေသည်။ ထိုအရာ များသည် ကျွန်ုပ်တို့၏အဓိကစေတန်သို့မဟုတ် ရန်သူပင်ဖြစ်သည်။ သူတို့သည် လူ၏အသွင်ကိုလည်းပြောင်းနိုင်ကြသည်။ သူတို့အားကျွန်ုပ်တို့၏ ရန်သူမကောင်းဆိုးဝါး အမှန်တရားကိုချေဖျက်သူအဖြစ်ပြောနိုင်ပေသည်။ ယင်းမှာကျွန်ုပ်တို့၏သာဝလူ၏မကောင်းဆိုးဝါးနှင့်မည်၍မည်မျှတူညီသည်ကိုဖော်ပြသည်။ **devil** နှင့်ကျွန်ုပ်တို့၏မကောင်းသော စိတ်ဆန္ဒများကျွန်ုပ်တို့အတွင်းမှ မကောင်းမှုစိတ်၊ အကြားဆက်နွယ်မှုမှာ စာပိုဒ်များစွာတို့တွင် ရှုတ်ထွေးစွာ ဖော်ပြထားသည်။ ထိုသူငယ်များ(ကျွန်ုပ်တို့ကိုယ်တိုင်)သည် အသွေးအသားနှင့်ဆက်ဆံကြသော ကြောင့်သူ(ယေရှု)သည်လည်းသူ သေဆုံး ခြင်းမှတဆင့် မကောင်းဆိုးဝါးဖြစ်သော သေခြင်းစွမ်းအားက သူ့ကိုဖျက်ဆီး လိုက်ခြင်း ဖြစ်ပေသည်။(ဟေဗြဲ ၂း၁၄)

ဤနေရာတွင်မကောင်းဆိုးဝါးဟုဖော်ပြခြင်းမှာ သေခြင်းတရားအတွင်း တာဝန်ရှိသည်ဟုဆိုလိုရင်းဖြစ်သည်။ သို့ရာတွင် မကောင်းမှု၏အဘိုးအခမှာ သေခြင်းဖြစ်သည်။(ရော ၆း၂၃)ထို့ကြောင့်မကောင်းမှုနှင့် မကောင်းဆိုးဝါးသည်အပြိုင်ဖြစ်သည့်အလား တူပင်(ယာ ၁း၁၄)ကကျွန်ုပ်တို့၏ မကောင်းသော စိတ်ဓါတ်ကကျွန်တို့အားမကောင်းမှုပြုလုပ်ပြီးသေစေရန်ဆွဲဆောင်သည်ဟုဆိုသည်။ သို့ရာတွင်(ဟေဗြဲ ၂း၁၄)က မကောင်းဆိုးဝါးကသေခြင်းတရားကို ယူဆောင် လာသည်ဟုဆိုသည်။ အလားတူစာပိုဒ်ကမကောင်းဆိုးဝါး ကိုဖျက်ဆီးနိုင်ရန် အလို့ငှာယေရှုတွင်ကျွန်ုပ်တို့၏သဘာဝရှိသည်ဟုဆိုသည်။ ဤအချက်ကို(ရော ၈း၃)ထာဝရဘုရားသည်အပြစ်နှင့် ပြည့်စုံသော ဇာတိပကတိ၏ သဏ္ဍာန်ကို ဆောင်သော မိမိ၏ သားတော်ကိုစေလွှတ်တော်မူ၍ အပြစ်ဖြေဘို့ရာ ဇာတိပကတိ အဖြစ်သို့ ဒဏ်ပေးတော်မူ၏နှင့်နှိုင်းယှဉ်၍ဆိုသည်။ ဤအချက်က သဘာဝအားဖြင့် လူသဘာဝအတွင်းတွင်ရှိကြသော အပြစ်ပြုနိုင်သော စွမ်းအား များသည်ထိရောက်မှုအားဖြင့်အတူတူပင်ဖြစ်ကြသည်။ ထိုအချက်မှာ ယေရှုသည်ကျွန်ုပ်တို့ကဲ့သို့ပင်ဆွဲဆောင်ခံရကြောင်းနားလည်ရန် အလွန် အရေးကြီးပေသည်။ မကောင်းဆိုးဝါးနှင့်ပတ်သက်သော ဩဝါဒကို နားလည်မှုလွဲမှားခြင်းက ကျွန်ုပ်တို့အနေဖြင့်ယေရှု၏ သဘာဝနှင့် အလုပ်ကို မှန်ကန်စွာ နှစ်သက်သဘောကျမှုမဖြစ်နိုင်ဟုဆိုလိုသည်။ ထိုအချက်မှာ ယေရှု အနေဖြင့် ကျွန်ုပ်တို့ကကယ်တင်ခြင်း မျှော်လင့်ချက်ရှိနိုင်သော မကောင်း ဆိုးဝါး ကကျွန်ုပ်တို့၏ အတွင်းဘက်တွင်ရှိသော ကျွန်ုပ်တို့၏ လူသားစရိုက်သဘာဝ ရှိနေခြင်းကြောင့် သာဖြစ်ပေသည်။(ဟေဗြဲ ၂း၁၄-၁၈း၄း၁၅)သူ၏ ကိုယ်ပိုင် သဘာဝဆန္ဒကိုကျော်လွှားခြင်းအားဖြင့်သမ္မာကျမ်းစာ မကောင်းဆိုးဝါး ယေရှုက လက်ဝါးကပ်တိုင်မှမကောင်းဆိုးဝါးကိုဖျက်ဆီးနိုင်ခဲ့သည်။(ဟေဗြဲ ၂း၁၄) အကယ်၍မကောင်းဆိုးဝါးသည်လူပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါက သူသည်ကြာရှည် တည်ရှိရန်မသင့်ပေ။(ဟေဗြဲ ၉း၂၆)က ခရစ်တော်သည်သူကိုယ်တိုင်ကိုယ်ကို ပူဇော်ခြင်းအားဖြင့်အပြစ်များကို သုတ်သင်ပယ်ရှားခြင်းငှာ ခန့်မှန်းတော်မူသည်။(ဟေဗြဲ ၂း၁၄)ကခရစ်တော်သည် သူကိုယ်တိုင်မကောင်းဆိုးဝါးကိုသူ၏ သေခြင်းမှ တဆင့်ဖျက်ဆီးပစ်လိုက်သည်ဟူသော အချက်နှင့်ယှဉ်၍ကြည့်သည်။ သူ၏သေခြင်းအားဖြင့်ခရစ်တော်သည်အပြစ်ခန္ဓာကိုယ်ကို ဖျက်ဆီး ပစ်လိုက်သည်။(ရော ၆း၆) **i.e** လူ့သဘာဝမကောင်းမှုကို ကျွန်ုပ်တို့၏ ခန္ဓာကိုယ်များ ပုံသဏ္ဍာန်ဖြင့်ဖော်ထုတ်သည်။

အပြစ်ကျူးလွန်သောသူသည်မကောင်းဆိုးဝါးဖြစ်သည်။(၁ကော ၃း၈) အဘယ်ကြောင့်ဆိုသော်အပြစ်ကျူးလွန်ခြင်းသည် ကျွန်ုပ်တို့၏ ကိုယ်ပိုင် သဘာဝမကောင်းသော ဆန္ဒများကိုအဝေးသို့ ပစ်လိုက်ခြင်း၏ ရလဒ်ဖြစ် သော ကြောင့်ဖြစ်သည်။ သမ္မာကျမ်းစာက ယင်းကိုမကောင်းဆိုးဝါးဟုခေါ်သည်။ ထိုသူ သည်မာရ်နတ်နှင့်ဆိုင်သောမာရ်နတ်၏အမှုတို့ကိုပယ်ဖျက်ခြင်းငှာဘုရားသခင်၏ သားတော်သည်ပေါ်ထွန်းတော်မူ၏။(၁ယော ၃း၈)အကယ်၍ ကျွန်ုပ်တို့အနေဖြင့် မကောင်းဆိုးဝါးသည်ကျွန်ုပ်တို့၏မကောင်းသော စိတ်ဆန္ဒများ၏ လုပ်ရပ် များသည် ကျွန်ုပ်တို့၏အပြစ်ကျူးလွန်မှုများဖြစ်သည်။ ယင်းကို(၁ယော ၃း၅) ကအတည်ပြုထားသည်။ ကိုယ်တော်သည်ငါတို့၏ အပြစ်များကို ဆောင်သွား ခြင်းငှာ ထင်ရှားပေါ်ထွန်းတော်မူသည်ယင်းအချက်ကကျွန်ုပ်တို့၏ကျူးလွန်သော အပြစ်များနှင့်မကောင်းဆိုးဝါး၏လုပ်ရပ်များတူညီကြောင်းအတည်ပြုလေသည်။(တ ၅း၃)ကဤမကောင်းဆိုးဝါးနှင့်ကျွန်ုပ်တို့ ကျူးလွန်သောအပြစ်များအကြား ဆက်နွယ်မှုကိုဖြည့်ဆည်းပေးသည်။ အခြားဥပမာဖြစ်သည် ✳✳ပေတရုက လည်းအာနန် သင်သည် သန့်ရှင်းသော ဝိညာဉ်တော်ကို လှည့်စား၍ မြေကိုရောင်းသောအဖိုး၏ တစ်ဘို့ကိုထိမ်ဝှက်မည့်အကြောင်း စာတန်သည် သခင်၏စိတ်နှလုံး ကိုအဘယ့်ကြောင့်ပြည့်စေရသနည်း။ ထို့နောက်စာပိုဒ်၄တွင် ပေတရုကအဘယ်ကြောင့်သင်သည်ဤအရာကိုသင်၏စိတ်နှလုံးတွင် သိမ်းဆည်းထားရသနည်း။ ကျွန်ုပ်တို့၏စိတ်နှလုံးအတွင်း မကောင်းမှုတစ်ခုခု သိမ်းဆည်းစေခြင်းနှင့်အတူတူပင်ဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့ကိုယ်တိုင် တစ်စုံတစ်ခုကိုသိမ်းဆည်းပါကဥပမာအပြစ်ကျူးလွန်ရန်စီမံချက်တစ်ခု၊ ထိုအရာသည်ကျွန်ုပ်တို့၏အတွင်းတွင် အစပြုလာပေသည်။ အကယ်၍ အမျိုး သမီးတစ်ဦးသည်ကလေးတစ်ဦးကိုပဋိသန္ဓေတည်ပါကထိုကလေးသည်သူမ၏ပြင်ပတွင် မတည်ရှိပေ။ သူမ၏အတွင်းဘက်တွင်အစပြုလေသည်။(ယာ ၁း၁၄၊၁၅)က မိမိတပ်မက်သောစိတ်ဆွဲငင်ဖြားယောင်းခြင်းကိုခံသော သူမည်သည်ကား အပြစ်သွေးဆောင်ခြင်းသို့ရောက်တတ်၏။ တပ်မက်သောစိတ်သည် ပဋိသန္ဓေယူ၍ဒုစရိုက်ကိုသွားတတ်၏။ ဒုစရိုက်သည်လည်း ပြည့်စုံလျှင် သေခြင်းကို သွားတတ်၏။ ဟူသောအလားတူအချက်ကိုဖော်ပြသည်။ (ဆာ ၁၀၉း၆)ကစာတန်နှင့် အပြစ်ကျူးလွန်သောလူ တစ်ယောက်ကို အပြိုင် ဖော်ညွှန်းသည်။☆☆ သူ၏အပေါ်မှမတရားသေသူကိုခန့်ထားတော်မူပါ။ သူ၏လ ကျာ်နားမှာ ရန်သူနေပါစေ **i.e** သူ့အပေါ်တွင်တန်ခိုးထားတော်မူသည်။(ဆာ ၁၁၀း၁)

## လူသားအဖြစ်ပြုမူဆောင်ရွက်ခြင်း

မည်သို့ပင်ဖြစ်စေသင့်အနေဖြင့် အကျိုးအကြောင်း ခိုင်လုံစွာ ပြန်ကြား နိုင်ပေသည်။ သို့ရာတွင်မကောင်းဆိုးဝါးကိုလူ တစ်ယောက်အဖြစ် စကားပြော သလား။ ထိုအချက်မှအတော်မှန်ကန်ပေသည်။ ✳✳သေခြင်းစွမ်းအားရှိသောသူ ယင်းမှာမကောင်းဆိုးဝါး ဖြစ်သည်။(ဟေဗြဲ ၂း၁၄)သမ္မာကျမ်းစာ ဖတ်ကြားမှု အနည်းငယ်တွင် သော်မှလူသားအဖြစ် ပြုမူဆောင်ရွက်ခြင်းကို မကြာခဏ အသုံးပြု ကြောင်းဖော်ပြထားသည်။ လူအဖြစ်စိတ္တဇအတွေးတစ်ခုကို ပြောကြား ခြင်းဖြစ်သည်။☆☆

✳✳ဉာဏ်ပညာသည်အိမ်တိုင်ခုနှစ်တိုင်ကိုခုတ်၍မိမိနေရာအိမ်ကို ဆောက် လေပြီ☆☆(သုတ္တံ ၉း၁)အပြစ်တရား၏အစကားသေခြင်းပေတည်း(ရော ၆း၂၃) ကျွန်ုပ်တို့၏ မကောင်းဆိုးဝါး **''diabolos''**သည်ကျွန်ုပ်တို့၏ မကောင်းသောစိတ်ဆန္ဒကို ကိုယ်စားပြုသည်။ သင့်တွင်စိတ္တဇဆန်သော မကောင်းမှုမရှိနိုင်၊ လူ၏နှလုံးသားအတွင်းရှိနေသောမကောင်းမှုစိတ်သည် လူမှကင်းကွာ၍ မတည်ရှိနိုင်။ ထို့ကြောင့်မကောင်းဆိုးဝါးသည် လူသားအမူ အကျင့်ရှိသည်၊ မကောင်းမှုပြုလုပ်ခြင်းကို မကြာခဏပင် ဖြောင့်မတ်ရာသို့ သွင်းခြင်းဖြင့် အစိုးရစေသည်။(ဥပမာ ရော ၅း၂၁၊၆း၆၊၁၇၊၇း၃) ထို့ကြောင့် မကောင်းဆိုးဝါးသည်လည်း မကောင်းမှုပြုလုပ်ခြင်းကို ရည်ညွှန်းသည်ဟု မြင်လျက်လူကဲ့သို့ပြုမူခြင်းဖြစ်ကြောင်းနားလည်နိုင်ပေသည်။ အလားတူပင် ပေါလုကမကောင်းဆိုးဝါးနှစ်မျိုးရှိကြောင်းကျွန်ုပ်တို့အား ပြောခဲ့သည်။ ထို့မကောင်းဆိုးဝါးများသည်ကျွန်ုပ်တို့၏ဇာတိပကတိအတွင်းတွင်ရှိကြသည်။(ရော ၇း၁၅-၂၁)ဇာတိပကတိရုပ်၏လူ (မကောင်းဆိုးဝါး)သည် ဝိညာဉ်၏ လူနှင့်ပြိုင်ဆိုင်တိုက်ခိုက်ကြသည်။ သို့တိုင်ကျွန်ုပ်တို့၏ အတွင်းတိုက် နေသောပုဂ္ဂိုလ်ဆိုင်ရာ သတ္တဝါနှစ်ဦးသည် မရှိကြောင်းထင်ရှားသည်။ ယင်းအပြစ်ကျူးလွန်သောကျွန်ုပ်တို့၏သဘာဝအပိုင်းကိုမကောင်းမှုတစ်ခုသည်

(မ ၆း၁၃R.V)သမ္မာကျမ်းစာမကောင်းဆိုးဝါးအပြစ်သတ်မှတ်ထားပါသည်။ မကောင်းဆိုးဝါးတစ်ဦး(**evil one**)ဟုပြန်ဆိုထားသော ဂရိစကားစုမှာ ဤ နေရာတွင်ကောက်ကျစ်စဉ်းလဲသောလူအဖြစ်ဘာသာပြန်ထားပါသည်။ လူတစ်ယောက်ကမကောင်းမှုကိုကျူးလွန် သောအခါသူ၏ မကောင်းသော သူတစ်ဦး သူကိုယ်တိုင်မှာ မကောင်းသောသူတစ်ဦးသို့မဟုတ်၊ မကောင်းဆိုးဝါး တစ်ဦးဖြစ်လာသည်။ (၁ကော ၅း၁၃)

## နိုင်ငံရေးဆိုင်ရာစာအုပ်အတွင်းမှမကောင်းဆိုးဝါးနှင့်စာတန်

မကောင်းဆိုးဝါးနှင့်စကားလုံးများကိုကျွန်ုပ်တို့နေထိုင်သော ကမ္ဘာကြီးအတွင်းမှ ကောက်ကျစ်သောသူအပြစ်ကျူးလွန်သော သူများကို ဖော်ပြရာတွင် အသုံးပြုသည်လူသားတို့၏လူမှုရေး၊ နိုင်ငံရေးနှင့် ဘာသာရေး အတုအယောင်များကိုမကောင်းဆိုးဝါးဟုပြော နိုင်ပေသည်။ ဓမ္မသတ်သစ်ကျမ်းတွင်မကောင်းဆိုးဝါးနှင့်စာတန်မှာဂျူးနှင့်ရောမစနစ်များ၏ နိုင်ငံရေးနှင့် လူမှုရေးအာဏာကိုမကြာခဏ ရည်ညွှန်းပြောဆိုကြသည်။ သို့ဖြစ်၍ မကောင်းဆိုးဝါးက ယုံကြည်သူများအားထောင်ထဲတွင် လှောင်ထားသည်ဟု ဖတ်ရသည်။(ဗျာ ၂း၁၀)ယင်းမှာရောမအာဏာပိုင်များက ယုံကြည် သူများအား ထောင်သွင်းအကျဉ်းချခြင်းကို ရည်ညွှန်းသည်။ ဤတူညီသောစာအုပ် ထဲတွင်စာတန်၏ပလ္လင်ရှိသောနေရာတွင်ရှိနေသော **Pergamos** အတွင်းမှ အသင်းတော်ကိုကျွန်ုပ်တို့ဖတ်ရသည်။ **i.e** ၎င်းနေရာမှာ **Pergamos** တွင် ပလ္လင် တစ်ခုရှိသည်ဟုမပြောနိုင်ပေ။

တစ်ဦးချင်း၏အပြစ်မှာထာဝရဘုရား၏ပညတ်တော်များကို ကျူးလွန်ခြင်းတစ်ခုအဖြစ်အဓိပ္ပါယ်ဖွင့်ဆိုနိုင်သည်။(၁ယော ၃း၄) သို့ရာတွင် မကောင်းမှုဒုစရိုက်ကိုထာဝရဘုရားကိုဆန့်ကျင်သည်။ နိုင်ငံရေးနှင့် လူမှုရေးအားတစ်ခုအဖြစ်စုစုဖော်ပြခြင်းမှာတစ်ဦးချင်း ထက်ပို၍ အားကောင်းသောအင်အားတစ်ခုဖြစ်သည်။ ယင်းစုပေါင်းအားမှာ မကောင်း ဆိုးဝါးဟုခေါ်သောမစွမ်းထက်သည့်သတ္တဝါ အဖြစ်သတ်မှတ်ထား သည်။ ဤသဘောဖြင့်အီရန်နှင့် အခြားအစ္စလမ်နိုင်ငံများက အမေရိကန်ပြည်ထောင်စု အား**''the great Satan''** ဟုခေါ်ကြခြင်းဖြစ်သည်။ **i.e** နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာဝေါဟာရများတွင်သူတို့၏လုပ်ရပ်သို့ကြီးမားသောရန်သူအဖြစ်၊ ယင်းမှာ **devil** နှင့် **Satar** တို့ကိုသမ္မာကျမ်းစာထဲတွင်မည်ကဲ့သို့မကြာခဏ အသုံးပြုသည်ကိုဖော်ပြခြင်းဖြစ်သည်။

နိဂုံးချုပ်အားဖြင့်အခြားသောအရာများထက်ဤဘာသာရပ်တွင် မကောင်းဆိုးဝါးနှင့်ပတ်သက်၍ပိုယုံကြည်သူများသို့ ရည်ညွှန်းဟန်ရှိသော ဖမ်းစားသည့်စာပိုဒ်များပါရှိသောစာပိုဒ်အနည်းငယ်ပေါ်တွင် ထုလိုက်ဩဝါဒ တည်ဆောက်ခြင်းထက်ကျွန်ုပ်တို့၏ နားလည်မှုကို သမ္မာကျမ်းစာ တစ်ခုလုံး၏ မှျတသောအမြင့်ပေါ်တွင် အခြေခံရန်အရေးကြီးပေသည်။ လေ့လာမှု၆း၁နှင့် ဤအပိုင်းက သတိရှိရန်၊ ဆုတောင်းရန်နှင့်ထပ်၍ဖတ်ရှုရန် ပြန်လည် တောင်းဆိုပေလိမ့်မည်။ ချမှတ်ထားသောဩဝါဒနေရာမှာ မကောင်းဆိုးဝါးနှင့် စာတန်ကိုရည်ညွှန်းသောစာပိုဒ်များအားလုံးကိုအချက် ကျကျနားလည်နိုင်စေရန် တစ်ခုတည်းသောနည်းလမ်းကိုတင်သွင်းထားခြင်း ဖြစ်ပေသည်။ ထိုစကားလုံး များကို သာမန်နာမဝိသေသနအဖြစ်အသုံးပြုနိုင်သည်။ သို့မဟုတ်အချို့ နေရာ များတွင် ကျွန်ုပ်တို့၏ကိုယ်ပိုင် လူ့သဘာဝစရိုက်အတွင်း တွေ့ရသော မကောင်းမှု ဒုစရိုက်ကိုရည်ညွှန်းသည်။ ထင်ရှားသောအတွေးများကို ထောက်ခံ သည့် အနေဖြင့်ဖော်ပြထားသောအချို့အကျယ်ပြန့်ဆုံးနားလည်မှု လွဲမှားနိုင်သော စာပိုဒ်များကိုဤလေ့လာမှုနှင့်တွဲသောလမ်းကြောင်းလွဲမှုအဖြစ်သတ်မှတ်ထားပါသည်။

ကျွန်ုပ်တို့၏နိဂုံးချုပ်မှုများကိုလက်ခံရာတွင် အခက်အခဲတွေ့ သူများအနေဖြင့်သူတို့ကိုယ်တိုင်မေးကြည့်ရန်လိုအပ်ပါသည်။

(၁)မကောင်းမှုဒုစရိုက်သည်ပုဂ္ဂိုလ်စွဲပါသလား၊ အထင်အရှားပင်ဖြစ်ပါ သည်။ (၂)စေတန်ကိုနာမဝိသေသနတစ်လုံးအဖြစ်သာ အသုံးပြုနိုင်ပါသလား၊ သုံးနိုင်ပါသည်။ ထို့ကြောင့်မကောင်းမှုဒုစရိုက်အားကျွန်ုပ်တို့၏ ရန်သူ/ စာတန် အဖြစ်ပုဂ္ဂိုလ်စွဲသတ်မှတ်မှု လက်ခံရာတွင် မည်သည့် တကယ့်ပြဿနာများဖြစ်နိုင်ပါသလဲ။ ကမ္ဘာကြီးမှာမကြာခဏပင် ရှင်ယောဟန်၏စာများနှင့်ဧဝံဂေလိကျမ်းစာများအတွင်းလူသားအဖြစ်ပြုမူဆောင်ရွက်မှုရှိနေပါသည်။
စေတန်သို့မဟုတ်မကောင်းဆိုးဝါးထက်ပို၍ကောင်းသောအမည်ကို မှည့်ခေါ်နိုင်ပါမည်လား။

## ၆.၃ သဘာဝလွန်သတ္တဝါများ (Demons)

ယခင်အပိုင်းများတွင်ကျွန်ုပ်တို့အနေဖြင့်မကောင်းဆိုးဝါး(**devil**) သို့မဟုတ် စေတန်(**Satan**)ကိုလူသတ္တဝါတစ်ဦးသို့မဟုတ် ပုံစံမဲ့လူတစ်ဦးအဖြစ် အဘယ်ကြောင့်မယုံကြည်ကြောင်းရှင်းလင်းခဲ့ပြီးဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့က ထိုသတ္တဝါမျိုးမရှိကြောင်း လက်ခံပါက မကောင်းဆိုးဝါးများ၏ ကျွန်များဖြစ်သော **Demons** များသည်လည်းမတည်ရှိနိုင်ပေ။

ဘုရားသခင်ကကျွန်ုပ်တို့အားကောင်းသောအရာအားလုံး ကိုပေးပြီး မကောင်းဆိုးဝါးများနှင့်**demms** တို့ကဆိုးသောအရာ များပေးကာ ထာဝရ ဘုရားက ကျွန်ုပ်တို့အားပေးထားသောကောင်းသော အရာများကို ပြန်လည်ရုတ်သိမ်းသွားသည်ဟုကျွန်ုပ်တို့က ယူဆထားကြသည်။ ထာဝရဘုရားသည် တန်ခိုးအားလုံး၏ အရင်းအမြစ်ဖြစ်ကြောင်းရှင်းလင်းစွာသင်ကြားပေးထားပြီး ကျွန်ုပ်တို့၏ ဘဝအတွင်းအကောင်းအဆိုးများနှစ်မျိုးစလုံးအတွက် တာဝန်ရှိသည်ဟုဆိုသည်။(ဟေရှာ ၄၅း၇)ထို့ကြောင့်ကျွန်ုပ်တို့ဒုက္ခနှင့်ရင်ဆိုင်ရ သောအခါမကောင်းဆိုးဝါးနှင့်**demons** များကိုအပြစ်မတင်ဘဲ ၎င်းတို့အားလုံးထာဝရဘုရားထံမှလာသည်ဟုလက်ခံသင့်ပေသည်။ ထာဝရဘုရားကပေးပြီး၊ ထာဝရဘုရား(**demons** မဟုတ်)ကပြန်ယူသွားသည်။ ထာဝရဘုရား၏နာမတော်သည်မင်္ဂလာရှိပါစေ သတည်း။ (ယောဘ၁း၂၁)

ထာဝရဘုရားသည်တန်ခိုးအားလုံး၏ရင်းမြစ်ဖြစ်သည်။(ဟေရှာ ၄၅း၅၊၄၄း၈) ဘုရားရှင်၏လူများကအခြားဘုရားများတွင် စတင်ယုံကြည်နေပြီ ဖြစ်ကြောင်း၊ သူတို့ကဘုရားရှင်အားပြောပါက ဘုရားရှင်ကဝန်တိုမှုဖြစ် ပေါ်သည်။ သင်သည်ကြီးမြတ်သော ဘုရားရှင်ဖြစ်သည်။ တန်ခိုးကြီးသော ဘုရာတစ်ဆူဖြစ်သည်၊ သို့ရာတွင်အကယ်၍ သူတို့သည်သင်ကဲ့သို့ တန်ခိုး မရှိသော်လည်း သင့်အပြင်အခြားသောဘုရားများကို ကျွန်ုပ်အမှန် တကယ် ယုံကြည်သည်။ ဤအချက်ကြောင့်ပင်ကျွန်ုပ်တို့အနေဖြင့် **demons** များ သို့မဟုတ်မကောင်းဆိုးဝါးများအဖြင့်စစ်မှန်သောဘုရားများလည်း တည်ရှိ ကြောင်း မယုံကြည်နိုင်ခြင်းဖြစ်သည်။ ဤအချက်မှာ အစ္စရေးလူမျိုးတို့ ပြုလုပ်ခဲ့သော အမှားများဖြစ်သည်။ ဓမ္မသတ်ဟောင်းအများစုက အခြား ဘုရားများကို ယုံကြည်သကဲ့သို့ထာဝရဘုရား ကိုလည်းယုံကြည်ခြင်း အားဖြင့် အစ္စရေးများကထာဝရဘုရားအား စိတ်မကြည်လင်မှုမည်ကဲ့သို့ဖြစ်စေသည်ကို ဖော်ပြသည်။ သမ္မာကျမ်းစာမှကျွန်ုပ်တို့တွေ့ရမည်မှာ ယနေ့လူများယုံကြည် နေသော **demons** များသည် အစ္စရေးများယုံကြည်ခဲ့သောမှားယွင်းသော ဘုရားများနှင့် တူပေသည်။

## Demons များသည်ရုပ်တုများဖြစ်ကြသည်

၁ကောကျမ်းစာတွင်ပေါလုကအဘယ်ကြောင့်ခရစ်ယာန်များအနေဖြင့် ရုပ်တုများကိုကိုးကွယ်ခြင်း သို့မဟုတ်ယင်းကဲ့သို့ သောအရာများကို ယုံကြည်မှု မပြုသင့်ကြောင်းကိုရှင်းလင်းပြောပြထားသည်။ သမ္မာကျမ်းစာခေတ်ကာလကလူများအနေဖြင့် **demons** များအားသူတို့၏ ဘဝများအတွင်းဝင်ရောက်လာမည်။အခက်အခဲပြဿနာများအား တားဆီးနိုင်ရန် ကိုးကွယ်နိုင် သော ဘုရားများအဖြစ်ယုံကြည်ခဲ့ကြသည်။ ထို့ကြောင့်သူတို့က **demons** များ ၏ရုပ်တုများပြုလုပ်ပြီးကိုးကွယ်ခဲ့ကြသည်။ ဤအချက်က ပေါလုအနေဖြင့် သူ၏စာထဲတွင်**demon** နှင့်**idol** ကိုအလဲအလှယ် အသုံးပြုသည်။ သာသနာ ပလူတို့သည်ပူဇော်သောယဇ်ကို ထာဝရဘုရားအား ပူဇော်ကြသည် မဟုတ် နတ်ဆိုးတို့အားပူဇော်ကြ၏။ သင်တို့သည်နတ်ဆိုးတို့နှင့် ဆက်ဆံစေခြင်းငှာ အလိုမရှိ။ ဤမည်သောအရာသည်ရုပ်တုရှေ့၌ ပူဇော်သောယဇ်ကောင်ဖြစ်သည် ဟုတစ်စုံတစ်ယောက်သောသူဆိုလျှင်ထိုသို့ဆိုသောသူ၏မျက်နှာ ကိုလည်းကောင်း၊ ဩတ္တပ္ပစိတ်ကိုလည်းကောင်း၊ ထောက်၍မစားကြနှင့်။

(၁ကော ၁၀း၂၀၊၂၈) ရုပ်တုများနှင့်**demons** များသည် အတူတူပင်ဖြစ်သည်။ ပေါလုက**demons** (ရုပ်တုများ)သို့ အနစ်နာခံခြင်းဖြစ်ပြီး ထာဝရဘုရားသို့ စွန့်စားခြင်းမဟုတ်ဘုရား တစ်ဆူတည်းသာရှိသည့်အတွက်**demons** များသည် ဘုရားမဟုတ်၊ **demons** များတွင်စစ်မှန်သောတန်ခိုးလုံးဝမရှိ၊ သူတို့သည် ဘုရားများ မဟုတ်ပေ။ (၁ကော ၈း၄)တွင်ဤအချက်ကိုဖယ်ထုတ်ထားသည်။

ရုပ်တုများနှင့်ပတ်သက်၍(**demons** များနှင့်အတူတူပင်ဖြစ်သော) ရုပ်တုများသည်ကမ္ဘာလောကကြီးအတွင်းဘာမျှမဟုတ်ပေ။ ဘုရား တစ်ဆူ သာရှိ၍ အခြားဘုရားမရှိဟုကျွန်ုပ်တို့သိထားကြပါသည်။ ရုပ်တုတစ်ဆူ သို့မဟုတ်**demons** သည်လုံးဝမတည်ရှိပေ။ ကမ္ဘာပေါ်တွင်စစ်မှန်သော ဘုရား သို့မဟုတ်တန်ခိုးရှင်တစ်ဦးသာရှိသည်။ ပေါလုကစာပိုဒ်၅၊၆တွင်ဆက်၍ ဖော်ပြထားပါသည်။

ဘုရားများဟုခေါ်ဝေါ်နေကြသည်များရှိသော်လည်း (ဘုရားများ စွာ ထာဝရဘုရားများစွာရှိသကဲ့သို့) (လူများကယနေ့ခေတ် ကာလတွင် ရုပ်တုတစ်ခုကသင်၏ အလုပ်ကိုပျက်ပြားဆုံးရှုံးစေပြီး အခြားတစ်ခုကသင်၏ အမျိုးသမီးအားသင့်မှခွဲခွာသွားစေရန် ရုပ်တုအမျိုးမျိုးရှိသည်ဟု) လူများက ယုံကြည် နေကြသကဲ့သို့ သို့ရာတွင်ကျွန်ုပ်တို့အတွက် (စစ်မှန်သောယုံ ကြည်သူများအတွက်) အရာရာတိုင်း၏ ဖခင်ဘုရားတစ်ဆူသာရှိသည်။(ရှေ့ပိုင်းအညွှန်းတွင်ကျွန်ုပ်တို့မြင်တွေ့သကဲ့သို့အကောင်းအဆိုးနှစ်မျိုးရှိသည်။)

ဓမ္မသတ်ဟောင်းကျမ်းကိုပြန်သွားလျှင် **demons** များသည်ရုပ်တုများ နှင့် တူညီကြောင်းသက်သေပြချက်များစွာရှိသည်။ ဓမ္မသတ်ဟောင်းကျမ်း၏ ဂရိဘာသာပြန်ဆိုမှု(**Septuagint**)တွင်ရုပ်တုအတွက်''**daimonion**'' ဟူသောစကားလုံးကို အသုံးပြုခဲ့သည်။ (တရား ၃၂း၁၇၊ဆာ ၁၀၆း၃၇) ယင်းမှာ ဓမ္မသတ်သစ်ကျမ်းတွင်''**demon**'' ဟုပြန်ဆိုထားသည်။(ဆာ ၁၀၆း၃၆-၃၉) တွင်အစ္စရေး၏ အမှားများနှင့်ကနန်း၏ရုပ်တုများသည် **demons** နှင့်ဆင်တူကြောင်း ဖော်ပြထားသည်။

**သူတို့(အစ္စရေး)ကသူတို့အတွက်ညွှတ်ကွင်းထောင်ချောက် တစ်ခု ဖြစ်သောသူတို့၏ ရုပ်တုများကိုကိုးကွယ်ခဲ့ကြသည်။ သူတို့၏ ရုပ်တုများကို ဝတ်ပြု၍ကျော့ကွင်း၌ ကျော့မိကြ၏။ကိုယ့်သားသမီးတို့ကို နတ်ဆိုးတို့ အားယဇ်ပူဇော်ကြ၏။ ထိုသို့အပြစ်မရှိသော သူတို့၏အသွေး၊ ခါနန်ရုပ်တုတို့၏ ရှေ့မှာ ယဇ်ပူဇော်သောကိုယ်သားသမီးတို့၏အသွေးကိုသွန်ကြ၍ ထိုမြေသည် အသွေးနှင့် ညစ်ညူးပေ၏။

## ဓမ္မသတ်သစ်ကျမ်းရုပ်တုများ

ရုပ်တုများနှင့်ပတ်သက်၍ရှင်းလင်းစွာပြောကြားသော ဓမ္မသတ်သစ် ကျမ်းလာ စာပိုဒ်များအားလုံးမည်၍မည်မျှရှိသနည်း။ ကိုသင်ကမေးနိုင်သည်။

ကျွန်ုပ်တို့ရှင်းရှင်းလင်းလင်းဖြစ်ရမည့်အချက်တစ်ချက်ရှိသည်။ ဓမ္မသတ်ကျမ်းကိုယ်၌ ကားရှုတ်ထွေးမှုမဖြစ်နိုင်၊ ထိုအရာမှာ တန်ခိုးရှင်ဘုရား၏ နှုတ်ကပတ်တော်ဖြစ်သည်။ အကယ်၍ကျွန်ုပ်တို့အနေဖြင့် ထာဝရဘုရားက ကျွန်ုပ်တို့၏ပြဿနာများကိုယူဆောင်ပြီး သူသည်တန်ခိုးအားလုံး၏ ရင်းမြစ်ဖြစ် သည်ဟု ရှင်းလင်းစွာဟောပြောခြင်းခံရလျှင် ဘုရားကို ဆန့်ကျင်သော ဘုရား ငယ်ရုပ်တုများက ထိုအရာများကို ကျွန်ုပ်တို့ထံယူလာသည်ဟု သမ္မာကျမ်းစာ အနေဖြင့်ကျွန်ုပ်တို့အားမပြောနိုင်ပေ။ ဓမ္မသတ်ဟောင်းတွင်**demons** အကြိမ် များစွာမြင်တွေ့ရသည်မှာထင်ရှားသည်။

ဧဝံဂေလိတရားစာများကိုရေးသားသည့်အချိန်ကနားမလည်နိုင်သော ရောဂါတစ်ခုခုဖြစ်ပေါ်မှုသည် ရုပ်တုများ၏အဖြစ်ကြောင့် ဖြစ်သည်ဟု ကျွန်ုပ်တို့ က အကြံပြုထားသည်။ အကယ်၍ရုပ်တုများသည်အမှန်တကယ်ရှိခဲ့ပြီး ကျွန်ုပ်တို့ ၏နေထိုင်မကောင်းဖြစ်မှုများနှင့် ပြဿနာများအတွက် တာဝန်ရှိလျှင်ကျွန်ုပ်တို့ အနေဖြင့်သူတို့၏ အကြောင်းကိုဓမ္မသတ်ဟောင်းကျမ်းထဲ၌ ပို၍ ဖတ်ရှုရလိမ့် မည်ဖြစ်သည်။ သို့ရာတွင်ကျွန်ုပ်တို့က၎င်းကျမ်းစာအုပ်ထဲတွင် သူတို့နှင့် ပတ်သက်၍ လုံးဝမဖတ်ရှုကြရပေ။

ရုပ်တုများသည်တစ်စုံတစ်ယောက်၏အရိပ်များဖြစ်သည်ဟု ပြောရန်မှာ စိတ်ရောဂါကုသမှုသို့မဟုတ်ထိုအချိန်က နားမလည်နိုင်သောရောဂါတစ်ခု ဖြစ်မည်ဟု ပြောလာမည်ဖြစ်သည်။ပထမရာစုတွင်နေထိုင်ကြသောလူများက **demons** ဟုခေါ်သော စိတ်ကူးယဉ်ဝတ္တုများအဖြစ်နားမလည်နိုင်ကြသော အရာ အားလုံးကိုအပြစ်တင်ရန်ကြိုးပမ်းအားထုတ်ခဲ့သည်။ သူတို့၏ဆေးပညာ ဆိုင်ရာ ဗဟုသုတအဆင့်ဖြင့်နားလည်ရန်ခဲယဉ်းသော စိတ်ပိုင်းဆိုင်ရာ ရောဂါများကို လူများကမကောင်းဆိုးဝါးပိုင်ဆိုင်မှုအဖြစ် ပြောဆိုကြသည်။ ဓမ္မသတ်ကျမ်း အချိန်များကမကောင်းဆိုးဝါးဝိညာဉ်ကို ဒုက္ခဖြစ်စေသော စိတ်ပိုင်းဆိုင်ရာ အခြေ အနေတစ်ခုသို့ရည်ညွှန်းပြောဆိုကြသည်။(တရား ၉း၂၃၊ ၁ရာ ၁၆း၂၄၊၁၈း၁၀)ဓမ္မသတ်သစ်ကျမ်းများတွင် မကောင်းသော ဝိညာဉ်/ ရုပ်တု ပိုင်ဆိုင်မှု ၏ဘာသာစကားကို

စိတ်ရောဂါခံစားရသော သူများသို့ ညွှန်းဆိုလာ ခဲ့ကြသည်။ ရုပ်တုများနှင့် နာမကျန်းဖြစ်မှုများ အခြားဆက်စပ်မှုများကိုအောက်ပါအားဖြင့်ဖော်ပြနိုင်သည်။ **နတ်ဆိုးစွဲသော သူအများတို့ကို အထံတော်သို့ဆောင်ခဲ့၍ နှုတ်တော်မြွက်ကာမျှဖြင့်ထို နတ်တို့ကိုနှင် ထုတ် တော်မူ၏။ နာသောသူရှိသမျှတို့ကိုသက်သာစေတော်မူ၏။ ထိုအကြောင်း အရာမူကားသူသည်ကျွန်ုပ်တို့ အနာရောဂါဝေဒနာများကို ယူငေ ဆောင် ရွက် လေသည်ဟုပရောဖက်ဟေရှာယဟောဘူးသော စကားပြည့်စုံမည့် အကြောင်းဖြစ်သတည်း။ ထို့ကြောင့်လူသားအားအင်ချိနဲ့ခြင်း၊ နေမကောင်း ဖြစ်မှုများသည် **demons** များနှင့်ဆိုးဝါးသောဝိညာဉ်များ၏ လုပ်ရပ်နှင့် အတူတူပင် ဖြစ်သည်။ အထံတော်သို ပရောက်သောအခါနတ်ဆိုးလေ စောင်စွဲသောသူသည်အဝတ်ကိုပတ်၍ ပကတိစိတ်နှင့် ထိုင်နေသည်ကိုမြင်လျှင် ကြောက်ရွံ့ခြင်းသို့ရောက်ကြ၏။(မာ ၅း၁၅၊ လု ၈း၃၅)၍အချက်မှာ အနာရောဂါစွဲကပ်ခြင်းမှာ တစ်ဦးတစ်ယောက်အားစိတ်ရောဂါ အားဖြင့်နေထိုင် မကောင်းဖြစ်ခြင်း၊ **i.e** သူတို့၏မှန်ကန်သော စိတ်အနေအထားမရှိကြဟု ပြောနိုင်သည်။ အထူးထူးအခြားခြားသော အနာရောဂါစွဲ၍ မကျန်း မမာသောသူရှိသမျှတို့ကို အထံတော်သို့ဆောင်ယူခဲ့ကြ၍သူတို့၏ အနာ ရောဂါကိုငြိမ်းစေတော်မူ၏။(မ ၄း၂၄၊ ၁၂း၂၂၊၁၇း၁၈) ယင်းမှာနာ မကျန်းဖြစ်မှုကအခြားနည်းလမ်းဖြင့်ဖော်ပြသော အနာရောဂါစွဲကပ်ခြင်းပင်ဖြစ်သည်။

## လေ့လာမှု ၆ မေးခွန်းများ

၁။ ကျွန်ုပ်တို့အခက်အခဲများနှင့်ပြဿနာများအတွက်အဆုံးစွန်တာဝန်ရှိ သူက မည်သူလဲ

(က) ဘုရားသခင်

(ခ) အခွင့်အလမ်း

(ဂ) စာတန်ဟုခေါ်သောဒုက္ခပေးသည့်သတ္တဝါ

(ဃ) **Demons** ဟုခေါ်သောဒုက္ခပေးသည့်သတ္တဝါများ

၂။ ကျွန်ုပ်တို့ဒုက္ခဖြစ်စေရန်ဆွဲဆောင်မှုအတွက်မည်သူတာဝန်ရှိသလဲ

(က) ကျွန်ုပ်တို့၏ကိုယ်ပိုင်လူသားသဘာဝ

(ခ) ဘုရားသခင်

(ဂ) မကောင်းသောဝိညာဉ်

(ဃ) စာတန်ဟုခေါ်သောဒုက္ခပေးသည့်သတ္တဝါ

၃။ **Devil** သည်စကားလုံးတစ်လုံးအနေဖြင့်ဘာကိုဆိုသလဲ

(က) ဒုက္ခ

(ခ) မြွေနဂါး

(ဂ) မှားယွင်းစွပ်စွဲသူ

(ဃ) လူစီဖာ(အာရုံဦးကြယ်)

၄။ စာတန်သည်ဘာကိုဆိုလိုသလဲ

(က) ဒုက္ခပေးသူတစ်ဦး

(ခ) ဆန့်ကျင်မှုတစ်ခု

(ဂ) သရဲသဘက်

(ဃ) မကောင်းဆိုးဝါးများ၏ဘုရင်

၅။ စာတန်နှင့်မကောင်းဆိုးဝါးအားပုံပန်းသဏ္ဍာန်အရ မည်သည်နှင့် ညွှန်းဆိုနိုင်ပါသလဲ

(က) မကောင်းမှုနှင့်ဆွဲဆောင်မှု

(ခ) ပြင်ပလေဟာနယ်မှမကောင်းမှုအားများ

(ဂ) နဂါးတစ်ကောင်

၆။ ဓမ္မကျမ်းစာသစ်တွင်ဖော်ပြထားသော **Demons** များအားကျွန်ုပ်တို့ မည်ကဲ့သို့နားလည်ပါသလဲ

(က) ဒုက္ခပေးသည့်ကောင်းကင်တမန်များ

(ခ) ဖျားနာခြင်း

(ဂ) **Demons** များကြောင့်ဖြစ်ပေါ်သည်ဟု လူများက တွေးထင်ထားသော ဖျားနာမှုဖြစ်သည့်နေ့အတွက်ဘာသာစကား

(ဃ) ဝိညာဉ်သတ္တဝါများ

# လေ့လာမှု ၇ ယေရှု၏မူလဘာဝ

## ၇.၁ ယေရှု၏ဓမ္မသတ်ကျမ်းစာဟောင်းမိန့်ဆိုချက်များ

လူသားတို့အတွက်ထာဝရဘုရားသခင်၏ကယ်တင်ခြင်းအကြောင်းရင်းမှာ ယေရှုခရစ်ပတ်ဝန်းကျင်တွင်အာရုံစူးစိုက်ကြောင်းလေ့လာမှုကို ရှင်းလင်းခဲ့ပြီးဖြစ်သည်။ အဗြာဟံနှင့်ဒါဝိဒ်တို့မှာ ထာဝရဘုရားကတိများအတိုင်း စာပေ အရ ယေရှုသည် သူတို့မှဆင်းသက်လာသူဖြစ်ကြောင်းအားလုံးက ဆိုခဲ့ပြီးဖြစ် သည်။ အမှန်အားဖြင့်ဓမ္မသတ်ကျမ်းဟောင်းတစ်ခုလုံးမှာခရစ်တော်နှင့် ပတ်သက် သော မိန့်ဆိုချက်များကို ညွှန်ကြားလျှက်ရှိသည်။ ခရစ်တော်မပေါ်မီ အချိန်က အစ္စရေးလူမျိုးများလိုက်နာခဲ့သောမောရှေ၏ ဥပဒေသမှာယေရှုကို အမြဲညွှန်း ဆိုလျှက်ရှိသည်။ ဥပဒေသသည်ကျွန်ုပ်တို့အား ခရစ်တော်ထံသို့ ဆောင်ကြဉ်း ပို့ဆောင်ပေးသည့် ကျွန်ုပ်တို့၏ အရှင်သခင်ဖြစ်သည်(က ၃း၂၄) အစည်းအဝေး ပရိသတ်စုညီပွဲတွင် အပြစ်ကင်းစင်သော သိုးသငယ်တစ်ကောင်ကို သတ်ကြရ မည်။ (ထွ ၁၂း၃-၆)ယင်းမှာကမ္ဘာလောက၏ အပြစ်များကို အဝေးသို့ သယ် ဆောင် သွားသောထာဝရဘုရား၏သိုးသငယ်ယေရှုခရစ်၏ အနစ်နာ ခံမှုကို ကိုယ်စားပြုသည်။ (ယော ၁း၂၉၊ ၁ကော် ၅း၇) ယာဇ်ပူဇော်မည့်တိရစ္ဆာန် အားလုံး အတွက်လိုအပ်သော အပြစ်အနာအဆာကင်းမှု အခြေအနေမှာ ယေရှု၏ အကျင့် သီလပြီးပြည့်စုံမှုကိုဖေါ်ညွှန်းသည်။ (ထွ ၁၂း၅၊ စီပီ ၁ပေ ၁း၁၉)

ဆာလံကျမ်းနှင့်ဓမ္မသတ်ဟောင်းကျမ်းများတွင် **Messiah** နှင့် ပတ်သက် သည့် မရေမတွက်နိုင်သောအကြောင်းအရာများကို ဖေါ်ပြထားသည်။ သူတို့က မောရှေမည်သို့မည်ပုံသေမည်နှင့်ပတ်သက်၍ဖေါ်ပြမှုပေါ်တွင်အထူးအာရုံ စိုက်ကြ သည်။ မောရှေ၏သေဆုံးမှုမှာသူတို့အနေဖြင့် ထိုမိန့်ဆိုချက်များကို အာရုံ စူးစိုက်မှုမရှိခြင်းကြောင့် သာဖြစ်ကြောင်းအတွေးကို လက်ခံရန် ဂျူးလူမျိုးတို့ ကငြင်းဆို ထားသည်။ယင်းတို့အနက်အချို့ကို အောက်တွင် ဖော်ပြထားပါသည်။

### ဓမ္မသတ်ဟောင်းမိန့်ဆိုချက်

◆ ကျွန်ုပ်၏ဘုရား၊ ကျွန်ုပ်၏ဘုရားအဘယ်ကြောင့် ကျွန်ုပ်ကိုစွန့်ပစ်တော်မူ သနည်း။ (ဆာ ၂၂း၁)- ကျွန်ုပ်သည် လူအများကဲ့ရဲ့စရာ ဖြစ်ပါ၏။ ကျွန်ုပ်ကို မြင်သမျှလူတို့သည်ပြက်ရယ်ပြုခြင်း၊ ခေါင်းငြိမ့်ခြင်းကိုပြုကြပါ၏။သူသည် ထာဝရဘုရား ကိုကိုးစားပြီးသူ့ကိုနှုတ်တော်မူပါစေ။ သူ့၌ အလိုတော်ရှိလျှင်ယခုပင်ကယ်တင်တော်မူပါစေ။ (ဆာ ၂၂း၆-၈)

◆ ကျွန်ုပ်၏လျှာလည်း ပါးရိုး၌ ကပ်လျှက်ရှိပါ၏။------- ကျွန်ုပ်၏လက်ခြေတို့ကိုထိုးဖောက်ကြပါပြီ။ (ဆာ ၂၂း၁၅၊၁၆)

◆သူတို့သည်ကျွန်ုပ်၏အဝတ်များကို ပိုင်းဖြတ် ၍စာရေးတံချကြ၏(ဆာ ၂၂း၁၈)

◆ ယေရှုနှင့်ပတ်သက်၍ဟေဗြဲ ၂း၁၂တွင်ဖော်ပြထားသည့် အတိုင်း(ဆာ ၂၂း၂၂) တွင် ဖော်ညွှန်းထားပါသည်။

◆ ကျွန်ုပ်၏ညီအစ်ကိုတို့တွင်ကျွန်ုပ်သည်လူစိမ်းဖြစ်ပါပြီ။ တစ်မိတည်းသောပေါက်ဖေါ်တို့တွင်တစ်ကျွန်းတစ်နိုင်ငံသား ဖြစ်ခဲ့ပါပြီ။ကိုယ်တော်၏အိမ်တော်၌ စွဲလမ်းပူပန်ခြင်းစိတ်သည်ကျွန်ုပ်ကို ဝါးမျိုလိုက် ပါပြီ။ (ဆာ ၆၉း၈-၉)

◆ကျွန်ုပ်စားစရာအတွက်ဆေးခါးကို ကျွေးကြ၏။ ရေငတ်သော အခါပုံးရည်ကိုတိုက်ကြ၏။ (ဆာ ၆၉း၂၁)

- ◆ဟေရှာအခန်းကြီး(၅၃)တစ်ခုလုံးသည် ခရစ်တော်၏ သေခြင်းနှင့်ပြန်လည် ရှင်သန်ထမြောက်ခြင်းနှင့်ပတ်သက်၍ မှတ်သားဘွယ်ရာမိန့်ဆိုထားပါသည်။ စာပိုဒ် တိုင်းသည် မှန်ကန်သော သဘော တရားများကိုဖေါ်ညွှန်းထားပါသည်။ ဥပမာ(၂)ခု ကိုအောက်တွင်ဖေါ်ပြပေး ထားပါသည်။
- ◆ထိုသူသည်ညဉ်းဆဲခြင်းနှင့် နှိမ့်ချ ခြင်းကိုခံ၍နှုတ်ကိုမဖွင့်ဘဲနေ၏ အသေ သတ်ခြင်း ဌာဆောင်သွားသော သိုးလ ငယ် ကဲ့သို့သူ့ကိုဆောင်သွား၍ သိုးသည် အမွေးညှပ်သောသူရှေ့မှာ မမြည်ဘဲ နေ သကဲ့သို့သူသည် နှုတ်ကို မဖွင့်ဘဲနေ၏။ (ဟေရှာ ၅၃း၇)
- ◆လူဆိုးတို့နှင့်အတူ မြေမြုပ်ခြင်းဌာ စီရင်ကြ၏။ သို့သော်သေ ပြီးမှသေဌေး၌ ရှိ၏။ (ဟေရှာ ၅၃း၉)

ဓမ္မသတ်ဟောင်းကျမ်းတွင်ပါဝင်သောဥပဒေသနှင့်မိန့်ဆိုချက်များ သည်ကျွန်ုပ်တို့အနေဖြင့်ခရစ်တော်နှင့်ပတ်သက်၍ နားလည်သဘောပေါက် စေမှု အခြေခံဖြစ်ကြောင်းသတိပေးမှုမှာအံ့သြဖွယ်မရှိပေ။ (တ ၂၆း၂၂၊ ၂၈း၂၃၊ ရော ၁း၂၊၃၊၁၆း၂၅၊၂၆)အကယ်၍ ကျွန်ုပ်တို့အနေဖြင့် ✳✳မောရှေနှင့် တရားဟောဆရာများကို စနစ်တကျနားလည်မှုမရှိလျှင် ကျွန်ုပ်တို့က သူ့ကိုနားလည်နိုင်မည်မဟုတ်ကြောင်း၊ယေရှုကကိုယ်တိုင်သတိပေးထားသည်။ (လု ၁၆း၃၁၊ ယော ၅း၄၆၊၄၇)

မောရှေ၏ဥပဒေသသည်ခရစ်တော်သို့ ညွှန်ပြပြီးတရားဟောဆရာများ၏ သူ့အားတရားဟောပြမှုမှာ ယေရှုသည်သူမမွေးဖွားမီ ရုပ်ဝတ္တုအဖြစ် တည်ရှိမှုမရှိကြောင်း၊ လုံလောက်သောသက်သေပြမှုဖြစ်သင့်သည်။ မမွေးဖွားမီခရစ်တော်၏ကြိုတင်ဖြစ်တည်မှုဟူသော မှားယွင်းသည့် သင်ပြမှုကြောင့်သူ့အား **Eve**၊ အာဗြဟံနှင့်ဒါဝိဒ်တို့၏ မျိုးစေ့(မျိုးနွယ်ဆက်) ဖြစ်သည်ဟူသောထပ်တစ်လဲလဲ သတိပြုမှုများကိုအဓိပ္ပါယ်မဲ့စေသည်။ အကယ်၍ခရစ်တော်အနေဖြင့်ထိုကတိများပေးသည့်အချိန်အတွင်း ကောင်းကင်ဘုံ၌ ရှိနေခဲ့လျှင် ဘုရားရှင်က **Messinh** ဖြစ်သည်။ မျိုးနွယ်ဆက် တစ်ခုဖြစ်သော ထိုလူများအားမှားယွင်းသောကတိပြုမှုဖြစ်စေလိမ့်မည်။ မ ၁နှင့် လု၃ တို့တွင်မှတ်တမ်းတင်ထားသောယေရှုခရစ်၏ဖြစ်စဉ်မှာ ထာဝရ ဘုရားကတိစကားပြုထားသောလူများသို့ဖြန့်ကြက်သောယေရှု၏မည်သို့မည်ပုံ **pedigree** တစ်ခုရှိခဲ့သည်ကိုပြဆိုသည်။

ဒါဝိဒ်၏ခရစ်တော်နှင့်ပတ်သက်သောကတိစကားနှင့်စပ်လျဉ်း၍ ကတိစကားပြုချိန်တွင်သူ၏ရုပ်ဝတ္တုဖြစ်တည်မှုကို ခွင့်မပြုပေ။သင်သည် အသက်ကာလစေ့လျှင်ဘိုးဘေးတို့နှင့်အတူအိပ်ပျော်သောအခါသင်၏ရင်သွေး၊ သင်မှဆင်းသက်သောသားကိုငါ ချီးမြှောက်လျှင်သူ၏နိုင်ငံကိုတည်ထောင်မည်။ သူထိုင်သောရာဇပလ္လင်ကိုအစဉ်အမြဲငါတည်စေမည်။ ငါသည်သူ၏ အဘဖြစ် မည်။ သူသည်လည်းငါ၏သားဖြစ်လိမ့်မည်။ (၂ရာ ၇း၁၂၊၁၄) ဤနေရာတွင် အနာဂါတ်ကာလဖြင့်သုံးထားသည်ကိုသတိပြုပါ။ ထာဝရဘုရားသည် ခရစ်တော်၏ ဘခင်ဖြစ်ကြောင်းသိမြင်လျှက်၊ ကတိစကားပြုချိန်တွင် ဘုရားသခင်၏ သားရှိနေရန်မှာမဖြစ်နိုင်ပေ။ ဤမျိုးစေ့ဖြစ်သောသူထိုင်သော ရာဇပလ္လင်ကိုအစဉ်အမြဲငါတည်စေမည်ဟုသောအချက်က သူသည် ဒါဝိဒ်မှဆင်းသက်လာသူတစ်ဦး ဖြစ်ကြောင်းပြဆိုလျှက်ရှိသည်။ ထာဝရဘုရားသည် ဒါဝိဒ်အားအဓိဌာန်ကျိန်ဆိုခြင်းကိုပြု၍သစ္စာပျက်သော်၊ တူသောစကားဟူမူကား သင်၏အမျိုးအနွယ်ကိုသင်၏ပလ္လင်ပေါ်မှာငါတင်မည်။ (ဆာ ၁၃၂း၁၁)

ဆော်လမွန်သည်ကတိစကားကိုပထမဖြည့်ဆည်းခဲ့သူဖြစ်သည်။ သို့ရာတွင်ဤကတိစကားပြုခဲ့သည့်အချိန်တွင်သူသည်ရုပ်ဝတ္တုအရ၌ ကုခပြီးဖြစ်သည်ဆိုသည့်အတိုင်း (၂ရာ ၅း၁၄)။ ခရစ်တော်ဟုညွှန်းပါသည် ဘုရားသခင်၏ သားတော်ဖြစ်လာမည်။ ဒါဝိဒ်၏မျိုးနွယ်ဆက်နှင့် ပတ်သက်သော အဓိက ကတိစကားဖြည့်ဆည်းမှုမှာ (လု ၁း၃၁-၃၃) ထာဝရဘုရား မိန့်တော်မူသည် ကားသန့်ရှင်းသောအညွန့်ကို ဒါဝိဒ်အဖို့ ငါလာစေမည့်အတိုင်းဉာဏ်ကောင်းသောရှင်ဘုရင်တန်ခိုးသည်စိုးစံ၍ မြေကြီးပေါ်မှာတရားသဖြင့်ဖြောင့်မတ်စွာစီရင်ရာကာလသက်ရောက်လိမ့်မည်။ (ယေ ၂၃း၅) **i.e Messiah** ခရစ်တော်နှင့်ပတ်သက်၍ အခြားဟော ပြောချက် များတွင် အလားတူအနာဂါတ်ကာလကိုအသုံးပြုထားသည်။ ထာဝရဘုရားသည် သင်တို့ အမျိုးသားချင်း (အစ္စရေး) အထဲ၌ ငါနှင့်တူသော ပရောဖက်တစ်ပါးကို သင်တို့အဖို့ပေါ်ထွန်းစေတော်မူသည်။ (တရား ၁၈း၁၈) ကိုပရောဖက်ကိုယေရှုအဖြစ်ဖွင့်ဆိုထားသော (တ ၃း၂၂၊၂၃)တွင် ဖော်ပြထား သည်။ သတို့သမီးကညာ(မေရီ) သည်ပဋိသန္ဓေစွဲယူ၍ သားယောကျာ်းကို ဖွားမြင်လတ္တံ့၊ ထိုသားကိုဧမာနွေလအမည်ဖြင့်မှည့်ရတ္တံ့ (ဟေရှာ ၇း၁၄) ယင်းအ ချက်ကို ခရစ်တော်၏ ဖွားမြင်ခန်းတွင်ထင်ရှားစွာဖေါ်ညွှန်းထားသည်။ (မ ၁း၂၃)

## ၇.၂ အပြစ်ကင်းစင်သောမွေးဖွားမှု

ခရစ်တော် ပဋိသန္ဓေတည်မှုနှင့်မွေးဖွားမှုမှတ်တမ်းများတွင် ခရစ်တော် သည် ရှေးယခင်ကပင်ရုပ်ဝတ္ထုပုံစံဖြင့်တည်ရှိခဲ့သည်ဟူသော အတွေးကို လက်မခံပေ။ ဘခင်၊ သားတော်နှင့်အလုံးစုံသော စိတ်သုံးမျိုးနှင့်ပတ်သက်၍ မှားယွင်းသော သင်ပြမှုကိုကိုင်စွဲထားသူများကတစ်ချိန်ကကောင်းကင်ဘုံတွင် လူသုံးဦးရှိသည့်အနက် တစ်ဦးမှာပျောက်ဆုံးသွားပြီး မေရီ၏ဝမ်းဗိုက်တွင် သန္ဓေတည် ခဲ့သည်။ ကျန်နှစ်ဦးမှာကောင်းကင်ဘုံတွင် ကျန်ရစ်ခဲ့သည် ဟုဆိုသည်။ ကျမ်းစာအရထာဝရဘုရားသခင်အပါအဝင်အားလုံးသည် ရုပ်ဝတ္ထု ပုံသဏ္ဍာန်ဖြင့် တည်ရှိခဲ့ကြောင်းကျမ်းစာများတွင်တွေ့ရှိခဲ့ပြီးဖြစ်သည်။ ခရစ်တော် အနေဖြင့်ရုပ်ဝတ္ထုပုံစံဖြင့်ကောင်းကင်ဘုံမှ ဆင်းသက်လာပြီးမယ်တော်မာရီ၏ဝမ်းဗိုက်တွင်ကိန်းအောင်းသည်ဟူသော ကြိုတင်ဖြစ်တည်မှုယုံကြည်ချက်ကို ကျွန်ုပ်တို့ကနိဂုံးချုပ်ရမည်ဖြစ်သည်။ ယင်းရှုတ်ထွေးသည့် တရားတော်ပါ အချက်အလက် အားလုံးမှာကျမ်းစာတွင် သင်ယူရသောအချက်များနှင့်အတန်ပင်အလှမ်းဝေးလျှက်ရှိပေသည်။ ခရစ်တော်စတင်ဖြစ်ပေါ်မှုမှတ်တမ်းမှာ ခရစ်တော် အနေဖြင့် ကောင်းကင်ဘုံမှစွန့်ခွာပြီးမာရီ၏ဝမ်းဗိုက်သို့ဝင်ရောက်ခြင်း ဖြစ်သည်ဟူသော အတွေးစိတ်ကူးအတွက်အကြောင်းပြချက်မရှိပေ။ ယင်းအချက်အတွက်သက်သေပြချက်မရှိခြင်းမှာ ဘခမည်းတော်၊ သားတော်နှင့်သန့်ရှင်းသောဝိညာဉ်တော်သင်ကြားမှုတွင်ကြီးမားသောဟာကွက်တစ်ခုဖြစ်သည်။

သင်သည်ပဋိသန္ဓေစွဲယူ၍သားယောကျာ်းကိုဖွားမြင်လိမ့်မည်။ ထိုသားကိုယေရှုအမည်ဖြင့်မှည့်ရမည်။ထိုသားသည်ကား ကြီးမြတ်သောသူ ဖြစ်လိမ့်မည်။ အမြင့်ဆုံးသောဘုရား၏သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံရလိမ့်မည်။ သူ့အဘဒါဝိဒ်၏ ရာဇပလ္လင်ကိုထာဝရအရှင်ဘုရားသခင်သည်သူ့အားပေးတော်မူမည်။.....မာရီကလည်း ဤအမှုအရာသည် မည်သို့ဖြစ်လိမ့်မည်နည်း။ ကျွန်ုပ်သည်ယောကျာ်းနှင့်မဆက်ဆံပါဟု ကောင်းကင်တမန်အားပြန်ပြော၏ ကောင်းကင်တမန်ကလည်း သန့်ရှင်းသော် ဝိညာဉ်တော်သည်သင်၏အပေါ်မှာသက်ရောက်တော်မူ၍ အမြင့်ဆုံးသော ဘုရား၏တန်ခိုးအာနုဘော်တော်သည်သင့်ကိုလွှမ်းမိုးလိမ့်မည်။ထို အကြောင်း ကြောင့် ထိုသန့်ရှင်းသောသားသည်လည်းဘုရားသခင်၏သားတော်ဟု ခေါ်ဝေါ် သမုတ်ခြင်းကိုခံရလိမ့်မည်။(လုး၁၁-၃၅)

ယေရှုမွေးဖွားပြီးနောက်ဘုရားသခင်၏သားတော်ဖြစ်လိမ့်မည်ဟူသော အချက်ကိုနှစ်ကြိမ်တိုင်အလေးအနက်ထားပြောခဲ့ ပြီးဖြစ်သည်။ အထောက် အထားအရဘုရား၏သားတော်သည်မမွေးဖွားမီမတည်ရှိခဲ့သေးပေ။ တဖန်အနာဂါတ်ကာလကို မှတ်သားရန်လိုအပ်လိမ့်မည်။ **ဥပမာသူသည်ကြီးမြင့်လိမ့်မည်။** ကောင်းကင်တမန်ကမာရီသို့ ပြောခဲ့သောစကားလုံးများ အတိုင်း အကယ်၍ယေရှုသည် ရုပ်ပိုင်းဆိုင်ရာရုပ်တည်မှုရှိခဲ့လျှင်သူ သည်ကြီးမြတ်သောသူဖြစ်လိမ့်မည်။ ယေရှုသည်ဒါဝိဒ်၏အမြစ်ဖြစ်၏။ ယေရှုအတွက်အသုံးပြုသောဂရိစကား "**genos**" သည်ဒါဝိဒ်ထံမှ ဆင်းသက် လာခဲ့ခြင်းဖြစ်သည်။

## ယေရှု၏သန္ဓေတည်ခြင်း

သူအပေါ်တွင်သက်ရောက်သောသန့်ရှင်းသောစိတ်(ဘုရားသခင်၏ စွမ်းအား) ဖြင့်မာရီအနေဖြင့်လူသားတစ်ဦးနှင့်ကာမ ဆက်ဆံခြင်းမပြုရပါပဲ လျှက်ယေရှုကိုသန္ဓေတည်နိုင်ခဲ့သည်။ သို့ဖြစ်ရာဂျိုးဇက်သည်ယေရှု၏ ဖခင်မှန်မဟုတ်ပေ။ မြင့်မြတ်သော စိတ်သည်လူတစ်ဦးမဟုတ် ကြောင်း နားလည်ထားရမည်ဖြစ်သည်။(လေ့လာမှု ၂ကိုကြည့်ပါ)ယေရှုသည် ဘုရားသခင်၏ သားတော် ဖြစ်ပြီးသန့်ရှင်းသောစိတ်ခါတ်မဟုတ်ပေ။ ဘုရားသခင်အနေဖြင့် မာရီအပေါ်တွင် ထားရှိသောသူ၏စိတ်ကိုအသုံးပြုခြင်းမှာသူမက မွေးဖွားသည့်မြင့်မြတ်သောအရာမှာဘုရား၏ သားတော်ဟုအမည်နာမပေးထားသည်။
(လု ၁း၃၅) ထို့ကြောင့်ဟူသောစကားလုံး အသုံးပြုထားခြင်းမှာမာရီ၏ ဝမ်းဗိုက်တွင်မြင့်မြတ်သောစိတ်မရှိဘဲဘုရားသခင်၏သားတော်ယေရှုကို မွေးဖွားပေးနိုင်မည်မဟုတ် ကြောင်းကိုရည်ညွှန်းပေသည်။

ယေရှုကိုမာရီ၏ဝမ်းဗိုက်တွင်သန္ဓေတည်ခဲ့သည်(လု ၁း၃၁)ဆိုခြင်းမှာ ဤအချိန်မတိုင်မီကယေရှုမပေါ် ပေါက်သေးကြောင်းကို သက်သေပြလျှက်ရှိသည်။

အကယ်၍ကျွန်ုပ်တို့အနေဖြင့်အတွေးတစ်ခုကိုသန္ဓေတည်စေခဲ့လျှင်ယင်းစိတ်ကူးအတွေးမှာ ကျွန်ုပ်တို့အတွင်းမှစတင်မည်ဖြစ်သည်။ သို့ဖြစ်ရာ ယေရှုသည်လည်းမာရီ၏ ဝမ်းဗိုက်အတွင်းတွင်သန္ဓေတည်ခဲ့သည်။ ယေရှုသည်မာရီဝမ်းဗိုက် အတွင်း အခြားသောလူများကဲ့သို့သန္ဓေသားအဖြစ်စတင်ခဲ့ရခြင်းဖြစ်သည်။ ယေရှုသည် ဘုရားသခင်၏တစ်ပါးတည်းသောသားတော် ဖြစ်ကြောင်းသမ္မာကျမ်းစာ၏ အထင်ရှားဆုံးအပိုဒ်(ယော ၃း၁၆)တွင်မှတ်တမ်းတင်ထားသည်။ ဤစာပိုဒ်ကို ရွတ်ဆိုကြသော လူသန်းပေါင်းများစွာတို့သည်ယင်း၏ဆိုလိုချက်အပေါ်တွင် အာရုံစိုက်မှုမရှိခဲ့ကြပေ။ အကယ်၍ယေရှုသည်သန္ဓေတည်ခဲ့လျှင် မာရီ၏ ဝမ်းဗိုက်တွင်သန္ဓေတည်ခြင်းမှအစပြုရမည်ဖြစ်သည်။ အကယ်၍ယေရှုကို ဘုရားသခင်ကသူ၏ဘခင်အဖြစ်မွေးဖွားခြင်း ဖြစ်ခဲ့လျှင်သူ၏ဖခင်သည် သူ့ထက်အသက်ပို၍ကြီးကြောင်းရှင်းလင်းသောသက်သေပြဆိုမှုဖြစ်သည်။ ဘုရားသခင်တွင်အစမရှိပေ။ (ဆာ ၉၀း၂)သို့ဖြစ်ရာယေရှုကိုယ်တိုင်မှာ ဘုရားသခင်မဖြစ်နိုင်ပေ။ (လေ့လာမှု ၈တွင်ဤအချက်ကိုအကျယ်ချဲ့ထားသည်)

ယေရှုသည်ဘုရားသခင်မှဖန်ဆင်းခံရမှုထက်အာဒံကဲ့သို့ မွေးဖွားခြင်း ဖြစ်ကြောင်းထင်ရှားသည်။ ယင်းမှာဘုရားသခင်၏ အစုအစည်းနှင့် ယေရှု အနီး ကပ်ရှိမှုကိုရှင်းပြသည်။ ဘုရားသခင်သည်ခရစ်တော်၏ အထဲ၌ရှိနေလျှက် လောကီသားတို့၏အပြစ်များကို မှတ်တော်မမူရန် ကိုငြမ်းစေ၍ ကိုယ်တော်နှင့် မိတ်သဟာယဖွဲ့စေတော်မူ၏(၂ကော် ၅း၁၉)ခရစ် တော် အားမွေးမှုနှ်မှ ဖန်ဆင်းသည် ဆိုမှုထက်ဘုရားသခင်အားဖြင့်မွေးဖွားခြင်းဖြစ်သည် ဟူသောအချက်ကသူ၏ ဘခင်ဘုရားသခင်၏နည်းလမ်းများအတိုင်းသူ၏ သဘာဝ ဆိုင်ရာ ရပ် တည်မှုကိုရှင်းလင်းစေသည်။

ခရစ်တော်သည်သူဖြည့်ဆည်းပေးသောကမ္ဘာကြီး၏ အလင်းဖြစ် ကြောင်း(ဟေရှာ ၄၉း၅၊၆)ဟောပြောချက်တစ်ခုတွင်ပါရှိပေသည်။ (ယော ၈း၁၂) ဘုရားသခင်ကသူ၏အစေအပါးအဖြစ်ဝမ်းဗိုက်တွင် သန္ဓေတည်စေခဲ့သည်ဟု ဖော်ပြထားသည်။ သို့ဖြစ်ရာ ခရစ်တော်သည်ထာဝရဘုရား၏ မြင့်မြတ်သော ဝိညာဉ်တော်၏ စွမ်းအားဖြင့်သူ၏မယ်တော်မာရီ၏ ဝမ်းဗိုက်သည်ခရစ်တော်၏ ရုပ်ပိုင်းဆိုင်ရာမူလအစဖြစ် ကြောင်းညွှန်ပြလျက်ရှိသည်။ ကျွန်ုပ်တို့အနေဖြင့် လေ့လာမှု(၇.၁)တွင် လက်ဝါးကပ်တိုင်ပေါ်တွင် ခရစ်တော်၏ အတွေးဟောပြောချက်များကို(ဆာ ၂၂)တွေ့ရှိခဲ့ပြီးဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်ကို အမိဝမ်းတွင်းမှဆွဲယူလိုက်သည်။ (ဆာ ၂၂း၉၊ ၁၀) သူ၏ကွယ်လွန်ချိန်တွင် ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် ခရစ်တော်သည်သူ၏ မူလနေရာမာရီ၏ ဝမ်းဗိုက်အတွင်းသို့ပြန်လည်စေလွှတ်ခြင်းခံရသည်။ ကျမ်းစာထဲတွင် မာရီနှင့်ပတ်သက်၍ ခရစ်တော်၏ မိခင်အဖြစ်ဖေါ်ပြခြင်းမှာမာရီထံမှ သူမမွေးဖွားမိ သူရှိခဲ့သည်ဟူသောအချက်ကို ဖျက်ဆီးပစ်လိုက်သည်။

မာရီသည်သာမန်လူသားမိဘများမှပေါက်ဖွားသည့် သာမန်လူသား တစ်ယောက်ဖြစ်ခဲ့သည်။ ယင်းအချက်ကိုသာမန်လူပုဂ္ဂိုလ် တစ်ဦးဖြစ်သော ဗတ္တိဇံ ခံထားသည့်ဂျွန်ကိုမွေးဖွားသောသူမ၏ ညီမဝမ်းကွဲတစ်ဦးဖြင့် သက်သေပြ နိုင်သည်။ ရိုမန်ကက်သလစ်တို့၏ အတွေးစိတ်ကူးဖြစ်သော မာရီသည် သာမန်လူသားမဟုတ်ဟူသော အချက်မှာခရစ်တော်သည် လူသား၏သား၊ ဘုရားသခင်၏ သားတော်နှစ်မျိုးစလုံးမှာမဖြစ်နိုင်ပေ။ ထိုအချက်များမှာ ဓမ္မသတ်သစ်ကျမ်းတွင်တောက်လျှောက်ဖေါ်ပြပါရှိသောသူ၏ အမည်နာမ များဖြစ်သည်။ လူသားမိခင်မှမွေးဖွားသောကြောင့်လူသား၏ သားတော်ဖြစ်ပြီး သန့်ရှင်းသော ဝိညာဉ်တော်မှတဆင့်မာရီအား ဘုရားသခင်၏ ဆောင်ရွက်ချက် များဖြင့်ဘုရားသခင်၏သားတော်ဖြစ်သည်။ (လု ၁း၃၅) ယင်းမှာဘုရား သခင်သည်သူ၏ဖခင်ဖြစ်သည်ဟုဆိုလိုသည်။ ယင်းလုပသော စီစဉ်မှုမှာ မာရီ သည် သာမန်အမျိုးသမီးတစ်ဦးမဟုတ်ပါကအချည်းနှီးဖြစ်သွားမည်။

မသန့်ရှင်းသောအရာထဲမှသန့်ရှင်းသောအရာကို အဘယ်သူထုတ်ဖော် နိုင်မည်နည်း။ အဘယ်သူမျှမထုတ်ဖော်နိုင်ပါ။လူသည်အဘယ်သို့သော လူဖြစ်၍ သန့်ရှင်းနိုင်သနည်း။ မိန်းမဖွားသောသူသည်အဘယ်သို့သောသူဖြစ်၍ ဖြောင့် မတ်နိုင် သနည်း။ မိန်းမမှဖွားသောသူသည်မည်ကဲ့သို့သန့်ရှင်းနိုင်သနည်း။ (ယော ၁၄း၄၊ ၁၅း၁၄၊ ၂၅း၄)ယင်းမှာမာရီသို့မဟုတ်ယေရှုတစ်ဦးဦး၏ သန့်ရှင်းသောအတွေးကို ဖြစ်ပေါ်စေနိုင်ပေသည်။

မာရီသည်သာမန်လူသားမိဘမှမွေးဖွားသောမိန်းမတစ်ဦးဖြစ်၍ လူသားမိန်းမတစ်ဦးမှမွေးဖွားသောယေရှုအနေဖြင့်မသန့်ရှင်းသောလူသား သဘာဝ ရှိမည်ဖြစ်သည်။ (ဂလာ ၄း၄) မာရီမှတဆင့်မွေးဖွားခြင်းမှာ သူမအား ဖြင့်သူ၏မွေးဖွားမှုမရှိဘဲ ရုပ်ဝတ္ထုပုံစံဖြင့် တည်ရှိမဖြစ်နိုင်ကြောင်း ထပ်ဆင့် ဖေါ်ညွှန်းလျက်ရှိပေသည်။ မိန်းမတစ်ဦးမှမွေးဖွားခြင်း(ဂလာ ၄း၄)။

ကျမ်းစာ မှတ်တမ်းများကမာ ရီ၏လူသားဖြစ်မှုကို မကြာ ခဏ ညွှန်ပြလျက် ရှိသည်။ စိတ်ပိုင်းဆိုင်ရာ အမျှော်အမြင်နည်းပါး မှုကြောင့်ခရစ်တော်က သူမအား အနည်းဆုံးသုံးကြိမ်ပြစ်တင်မောင်းမဲပြုလေသည်။ (လု ၂း၄၉၊ ယော ၂း၄) သူမက သူ၏ပြောစကား အားလုံးကိုနားမလည်နိုင်ခဲ့ပါ( လု ၂း၅၀)ယင်းအချက်မှာ ကျွန်ုပ်တို့အနေဖြင့်သူမ၏သားသည်ဘုရား၏သားတော် ဖြစ်သောလူသား သဘာ ဝ ရှိသော အမျိုးသမီးမှဖြစ်ကြောင်းမျှော်မှန်းကြမည်ဖြစ်သည်။ သို့ဖြစ်ရာ သူမ ကိုယ်တိုင်ထက်ပို၍စိတ်ပိုင်းဆိုင်ရာ တွေးခေါ် မှုဖြစ်ပေါ် စေသည်။သူကိုယ် တိုင်လည်း လူသားသဘာ ဝကိုမျှဝေပိုင်ဆိုင်သည်။ ယောသပ်သည် ခရစ်တော် မွေးဖွားပြီးနောက်ပိုင်း တွင်မှမာ ရီနှင့်သံဝါသစပ်ယှက်မှုပြုခဲ့သည်။(မ ၁း၂၅)ထိုအချိန်မှစ၍ သာမန် အိမ်ထောင်ရေးဆက်နွယ်မှုမရှိဟူသော အချက်ကိုစဉ်း စား ရန်အကြောင်းမရှိပေ။

(မ ၁၂း၄၆၊၄၇) တွင်ဖေါ် ညွှန်းထားသည့်ခရစ်တော် ၏ မယ်တော်နှင့်သူ၏ ညီအစ်ကိုဟူသော အချက်မှာမာ ရီတွင်ခရစ်တော် မွေးဖွားပြီးနောက် အခြား ကလေးများ ရှိသေးကြောင်းညွှန်းဆိုလျှက်ရှိသည်။ ယေရှုသည်သူ မပထမ ဦးဆုံးမွေးဖွားသူသာ ဖြစ်သည်။ ကက်သလစ် သင်ကြားမှုများတွင် မာ ရီသည် အပျိုစင်တစ်ဦး အဖြစ်ရှိနေပြီး ကောင်းကင်ဘုံသို့ ပြန်သက် သွားသည် ဟူသော အချက်ကို သမ္မာကျမ်းစာ များတွင် ထောက်ခံထားမှုမရှိပေ။ သေမျိုး လူသား တစ်ဦးအဖြစ် မာ ရီသည ် ရှင်သန်ကြီးထွားပြီးသေဆုံးရမည်ဖြစ်သည် ဟူသော အချက်မှတစ်ပါးမည်သူမျှ ကောင်းကင်ဘုံသို့ပြန်မတက်ပြီဟု ကျွန်ုပ်တို့ ဖတ်ရှု ရပေသည်။(ဟေဗြဲ ၂း၁၄-၁၈၊ ရော ၈း၃) တို့တွင်ဖော်ပြထားသည့် ခရစ်တော် တွင်လူသားသဘာ ဝရှိသည်ဟူသော အချက်မှာ သူ၏မယ်တော် တွင်လည်းလူသား သဘာ ဝရှိကြောင်း ဖေါ် ညွှန်းသည်။ သူ့ဖခင်တွင်မူလူသား သဘာ ဝမရှိပေ။

## ၇.၃ ဘုရားသခင်၏စီမံချက်အတွင်းမှခရစ်တော် ၏နေရာ

ဘုရားသခင်သည်လူသားသမိုင်းအားမြင်သာ စေမှုအဖြစ်သူ၏ ရည်မှန်းချက်များကို နောက်ထပ်အပိုင်းထပ်၍ခံကာ တစ်ခဏချင်းအချိန်အတွင်း သူ၏ စီမံချက်အပေါ် တွင်ဆုံးဖြတ်လေ့မရှိပေ။ အစကနဦးကပင် နှုတ်က ပတ် တော်သည်ဘုရားသခင်နှင့် အတူရှိ၏(ယော ၁း၁)သူ၏ သားတော် တစ်ယောက် ရှိလိုမှုမှာအစကနဦးကပင် သူ၏စီမံချက်ဖြစ်သည်။ ရှေးဟောင်း ဓမ္မသတ် တစ်ခုလုံးသည် ဘုရားသခင်၏ခရစ်တော်တွင် ကယ်တင်ခြင်းစီမံချက်၏ ကွဲပြား ခြားနားသော အချက်များကိုဖေါ် ညွှန်းလျက်ရှိသည်။

ကတိစကားများဖြင့်လည်းကောင်း၊ ပရောဖက်များ၏ ဟောပြော ချက်များဖြင့် လည်းကောင်း၊ မောရှေ၏ဥပဒေသများအား ဖြင့်လည်းကောင်း ရှေးဟောင်းဓမ္မသတ်ကျမ်းမှာ ခရစ်တော်နှင့်ပတ်သက်၍ဘုရားသခင်၏အလိုတော် ကို ဖေါ် ညွှန်းလျှက်ရှိကြောင်း ကျွန်ုပ်တို့အနေဖြင့် ညွှန်းဆိုခဲ့ပြီးဖြစ်ပါသည်။

ဘုရားသခင်သည်မိမိသားတော်အားဖြင့်ငါတို့အား ဗျာဒိတ်ပေးတော်မူပြီ၊ ထိုသားတော်ကိုအလုံးစုံသော အမွေခံသခင်အရာ၌ ခန့်ထားတော်မူ၏။ သားတော် အားဖြင့်လည်းလောကဓါတ်တို့ကိုတည်တော်မူ၏။(ဟေဗြဲ ၁း၁၊၂) ခရစ်တော် အားဖြင့် လူသားတို့၏ သမိုင်းသက်တမ်းကို ထာဝရဘုရားကခွင့်ပြုခဲ့သည် (ဟေဗြဲ ၁း၂) ရှေးဟောင်းဓမ္မသတ်ကျမ်းတွင် မှတ်တမ်းတင်ထားသည့် အတိုင်း ဘုရားသခင်၏ နှစ်ပေါင်းများစွာ လူသားနှင့်ပတ်သက်၍ လျို့ဝှက်ထား သည်ကို ဖွင့်ဟထုတ်ဖေါ် ခြင်းတွင်ခရစ်တော်နှင့်ပတ်သက်သော ညွှန်းဆိုချက်များ ပြည့်နှက်လျှက်ရှိသည်ကိုတွေ့ ရသည်။

ခရစ်တော် ၏သြဇာ လွှမ်းမိုးထားနိုင်မှုနှင့်ဘုရားသခင်သို့သူကြီးမား၍ အခြေခံကျသော အရေးပါမှုကိုကျွန်ုပ်တို့ အနေဖြင့် ပြည့်ပြည့်ဝဝ နားလည်ရန် ခဲယဉ်းပေသည်။ ခရစ်တော်သည် မာ ရီမှမွေးဖွားပြီးရုပ်ခန္ဓာ ဖြင့် ဖြစ်တည်ခဲ့ သော်လည်း အစဦးပိုင်းမှစတင်၍ ဘုရားသခင်၏ အလိုကျခရစ်တော် တည်ရှိ လာ ရကြောင်း မှန်ကန်စွာ ပြောဆိုနိုင်ပေသည်။ (ဟေဗြဲ ၂း၇)အရခရစ်တော်သည် ကောင်းကင်တမန်များထက်သက်တမ်းနိမ့်ပြီး (ဟေဗြဲ ၁း၄-၇၊ ၁၃၊၁၄) အရခရစ်တော်သည်ကောင်းကင်တမန်မဟုတ်ကြောင်း အလေးအနက် ဖေါ် ညွှန်း လျက်ရှိသည်။ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏(ယော ၃း၁၆) ကျမ်းစာ ထဲတွင် သင်ပြထားသော ဖြစ်မှုပုံသဏ္ဍာန်မှာ ကျွန်ုပ်တို့ကရှေးမစွကပင် ဖေါ် ပြခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ရာ ခရစ်တော်သည် သူမမွေးဖွားမီ ဝိညာဉ် တော်အဖြစ်မတည်ရှိခဲ့ပေ။ ထိုခရစ်တော်ကားဤ ကမ္ဘာမတည်ရှိမီ

ခန့်ထားတော်မူခြင်းကိုခံနှင့်သည်ဖြစ်၍ ကိုယ်တော်အားဖြင့်ဘုရားသခင်ကို ယုံကြည်သောသင်တို့အဖို့ ဤနောက်ဆုံးသောကာလ၌ ထင်ရှားတော်မူပြီဟု (၁ပေ ၁း၂၀)တွင် အကျဉ်းချုံးဖေါ်ပြထားသည်။

လူဇာတိအားဖြင့်ဒါဝိဒ်အမျိုးဖြစ်တော်မူထသောသေခြင်းမှ ထမြောက်တော်မူ၍ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်တန်ခိုး နှင့်တကွဘုရားသခင်၏သားတော်ထင်ရှားဖြစ်တော်မူသောငါ တို့သခင်ယေရှုခရစ်တည်းဟူသောမိမိသားတော်ကိုအကြောင်းပြု၍ ဘုရားသခင်သည်ရှေးကမိမိပရောဖက်များအားဖြင့်သန့်ရှင်းသော ကျမ်းစာ၌ ကတိထားတော်မူသော သမ္မာကျမ်းစာ၏အဓိကဒေါက်တိုင်ဖြစ်သည်။(ရောမ ၁း၁-၄)

ယင်းကခရစ်တော်၏သမိုင်းကိုအကျဉ်းချုံးပြထားသည်။

၁။ ဓမ္မသတ်ဟောင်းကျမ်းထဲတွင်ကတိပြုထားခဲ့သည်။ (ဘုရားသခင်၏စီမံမှုအတွင်း)

၂။ ဒါဝိဒ်၏မျိုးနွယ်ဆက်တစ်ခုအဖြစ် သန့်ရှင်းသော မွေးဖွားမှုမရုပ်ပိုင်း ဆိုင်ရာ လူပုဂ္ဂိုလ်တစ်ဦးအဖြစ်ဖန်ဆင်းခဲ့သည်။

၃။ သူ၏သက်တမ်းဘဝအတွင်းပြခဲ့သောသူ၏ ပြည့်ဝသောစာရိတ္တကြောင့် (သန့်ရှင်းသောဝိညာဉ်တော်)

၄။ တမန်တော်များ၏ဝိညာဉ်တော်လက်ဆောင်ပေးသော ဟောပြောချက် များအားဖြင့်ပြန်လည်ထမြောက်ကာ ဘုရားသခင်၏ သားတော် အဖြစ် လူသိများအောင်ထပ်တလဲလဲကြေညာခံရသည်။

## ဘုရားသခင်၏ ကြိုတင်သိမှုဉာဏ်

အကယ်၍ကျွန်ုပ်တို့အနေဖြင့်အနာဂါတ်တွင်ဖြစ်ပေါ်မည့်အရာအား လုံးကိုဘုရားသခင်ကကြိုတင်သိသည်ဟူသောအချက် ကိုလက်ခံနိုင်ပါက ရုပ်ပိုင်းဆိုင်ရာဖြစ်တည်မှုမပေါ်ပေါက်မီအစပိုင်းတွင်ခရစ်တော်ကဘုရားသခင်၏ စိတ်ထဲတွင်မည်ကဲ့သို့အပြည့်အဝ နှစ်ခြိုက်မှုရှိနေသည်ကို များစွာ အထောက် အကူပြုစေလိမ့်မည်ဖြစ်သည်။ ဘုရားသခင်တွင် ပြည့်စုံသော ကြိုတင် သိမှုဉာဏ်ရှိပေသည်။ ဘုရားသခင်အနေဖြင့် သူတို့ပြုလုပ်သကဲ့သို့ ဖြစ်တည်မှု မရှိသောအရာများနှင့် ပတ်သက်၍ပြောဆိုနိုင်သည် တွေးတောမှုပြုနိုင်ပေသည်။ ယင်းမှာဘုရားသခင်၏အနာဂါတ်အသိဉာဏ်ပြည့်ဝမှုပင်ဖြစ်သည်။ ထိုအရာများ ကို ဘုရားသခင်ကမဖြစ်သေးသောအရာတို့ကို ဖြစ်သောအရာဟု ခေါ်ဝေါ်ထား သည်။(ရော ၄း၁၇)။ အစဦးမှအဆုံးတိုင်အောင်လည်းကောင်း၊ ရှေးကာလမှ စ၍မဖြစ်သေးသောအရာ တို့ကိုလည်းကောင်း၊ ဖော်ပြလျှက် ငါ့အကြံ တည်လိမ့် မည်။ ငါအလိုရှိသမျှကိုငါပြည့်စုံစေမည်ဟုဆိုသည်။ (ဟေရှာ ၄၆း၁၀) ဤ အချက်ကြောင့်ပင်ဘုရားသခင်ကသူတို့အားသက် ရှိထင်ရှားအဖြစ် သေသူကို စကားပြောနိုင်သည်မမွေးဖွားမီသူတို့အားသက်ရှိ ထင်ရှားအဖြစ် စကားပြောနိုင်သည်။

ဘုရားသခင်၏စကားသို့မဟုတ်အကြံမှာအစဦးကပင် ခရစ်တော်သည် ဟောပြခဲ့ပြီးဖြစ်သည်။ သူကဘုရားသခင်၏အလိုရှိ သမျှအကြံပြည့်စုံစေမှု ဖြစ်စေခဲ့သည်။ သို့ဖြစ်ရာခရစ်တော်ရုပ်ဝတ္တုအဖြစ်ထင်ပေါ်၍ မွေးဖွားမှုမှာ သေချာနေပေသည်။ ဘုရားသခင် ခရစ်တော်တွင်သူ၏ ဖော်ညွှန်းခဲ့သော ဆန္ဒတော်ကိုဖြည့်ဆည်းလိမ့်မည်။ ဘုရားသခင်၏ ကြိုတင်သိမှုဉာဏ်မှာ သူပြောသောစကား၏ သေချာမှုက ရောင်ပြန်ဟပ်လျက်ရှိသည်။ ဘုရားသခင် ကတိပြုထားသောအနာဂါတ်ဖြစ်ရပ်များကိုဖော်ပြရန်အတိတ်ကာလအသုံးပြု ထားသောပြည့်ပြည့်စုံဖြစ်သည့်ဟောကြားချက်ဟေဗြဲကျမ်းစာတွင်ဖော်ပြထားသည်။ ဒါဝိဒ်ကဤအရပ်သည်ထာဝရဘုရားသခင်၏ အိမ်တော်ဖြစ်သည်ဟုဆိုခဲ့သည်။ (၁ကော ၂၂း၁)ယင်းမှာဒါဝိဒ်ကအနာဂါတ်ဖြစ်ရပ်များကိုဖော်ပြရန် မျက်မှောက်ကာလကိုအသုံးပြု သည်။ သူ၏ယုံကြည်မှုကတိစကားဖြစ်သည်၊ ကျမ်းစာနှင့်ဘုရားသခင်၏ကြိုတင်သိမှုဉာဏ်ကိုဥပမာအားဖြင့်ဖော်ပြထားသည်။ အာဗြဟံတွင်မျိုးစေ့သက်သော်မှမရှိသောအချိန်တွင်ကျွန်ုပ်ကဤ ကုန်းမြေကို ပေးခဲ့ပြီးပြီဟုဘုရားသခင်ကသူကိုပြောခဲ့သည်။ (ဗ၁၅း၁၈) ဘုရားသခင်က အာဗြဟံသို့ ကတိစကားများဖြည့်ဆည်းပေးမှုအကုန်သေချာခဲ့သည်။ တစ်ချိန်တည်းတွင်မျိုးစေ့မချမီ **Issaet Christ** တော်မွေးဖွားခဲ့သည်။ ဘုရားသခင်ကငါသည်သင့်အားများစွာသောလူမျိုးတို့၏အဘအရာ၌

ခန့်ထားပြီးဖြစ်သည်ဟုဘုရားသခင်က ထပ်မံကတိပေးခဲ့သည်။(က ၁၇း၅) အမှန်ပင်ဘုရားသခင်ကငှင်းတို့မရှိသည့်အခြေအနေတွင်ထိုအရာများအား ဘုရားသခင်ခေါ်တော် မူခဲ့သည်။

ယင်းမှာနောက်ပိုင်းတွင်ပြဿနာအပုပ်သေရန်ဘုရားသခင်သည် ခပ်သိမ်းသော အရာတို့ကိုသူ၏(ခရစ်တော်၏)လက်သို့ မည်သို့ အပ်ပေးတော်မူသည်ကိုခရစ်တော်ကပြောခဲ့သည်။ ခပ်သိမ်းသော အရာတို့ကို မူ(ခရစ်တော်၏)ခြေထောက်၌ ချထားတော်မူ ပြီဟုဆိုသော် မချထားဘဲ ကျန်ရစ်သောအရာတစ်စုံတစ်ခုမျှမရှိရ၊ ယခုမူကားခပ်သိမ်းသောအရာတို့သည် ချထားလျှက်ရှိသည်ကို ငါတို့မမြင်ကြရပေ။ (ဟေဗြဲ ၂း၈)

ကမ္ဘာဦးမှစ၍ပေါ် ထွန်းသောအိမ်၊ သန့်ရှင်းသောပရောဖက်တို့နှုတ်ဖြင့် ဗျာဒိတ်ထားတော်မူသည်နှင့်အညီယေရှုမှတဆင့် ဘုရားသခင်ကသူ၏ ကယ်တင်ခြင်းအစီအမံကိုဟောခဲ့သည်။(လု ၁း၇၀)၊ သူတို့သည်ဘုရားသခင်၏ အစီအမံနှင့်နီးကပ်စွာ ဆက်စပ်မှုရှိနေသောကြောင့် ယင်းမှာဖြစ်ရပ် တစ်ခု မရသော်လည်း သူတို့သည် ကျမ်းစာအရအစဦးမှစ၍ ပေါ်ပေါက်လာသကဲ့သို့ ထိုလူများကိုပြောကြသည်။ ယင်းအစားပရောဖက်များသည် အစဦးမှစ၍ ဘုရားသခင်၏ အစီအမံအတွင်းရှိခဲ့သညဟုလည်းကျွန်ုပ်တို့က ပြောဆိုနိုင်လည်း **Jeremiah** သည်အဓိကဥပမာတစ်ခုဖြစ်ပါသည်။ သင့်ကိုအမိဝမ်းထဲ၌ ငါမဖန်ဆင်းမီသင့်ကိုငါသိပြီ၊ မမွေးဖွားမီ ကပင်သင့်ကိုငါသန့်ရှင်းစေ၍ လူအမျိုးမျိုးတို့အဖို့ပရောဖက်အရာ၌ ခန့်ထားပြီဟုဘုရားသခင်ကသူအား မိန့်တော်မူခဲ့၏(ယော ၁း၅) သို့ဖြစ်ရာဘုရားသခင်သည် မဖန်ဆင်းမီအချိန်တွင် မောရှေဘုရားသခင်သည်ယော ရမိနှင့်ပတ်သက်၍အရာ ရာတိုင်းကိုသိရှိခဲ့သည်။ အလားတူယင်းတို့အချိန်ကပင်သိရှိခဲ့သည်ကိုဖော်ညွှန်းထားသော ဘာသာ စကားကို အသုံးပြု၍သူ၏ မမွေးဖွားမီဘုရားသခင်က ပါရှင်ဘုရင် **Cyms** နှင့်ပတ်သက်၍ ပြောဆိုနိုင်ခဲ့သည်။(ဟေရှာ ၄၅း၁-၅)၊ (ဟေဗြဲ ၇း၉၊ ၁၀)သည် မမွေးဖွားမီရှိခဲ့သော အကြောင်းအရာနှင့်ပတ်သက်၍အခြားဥပမာဖြစ်သည်။

အလားတူပင်ယောရမိနှင့်ပရောဖက်များကိုလည်းဘုရားသခင်၏ အစီအမံအတိုင်းမဖန်ဆင်းမီမောရှေဖြစ်တည်မှုနှင့် ပတ်သက်၍ပြောဆိုခဲ့ကြသည်။ သို့ဖြစ်ရာ အမှန်ယုံကြည်သူများကနောက်ပိုင်းတွင်ဖြစ်တည်ခဲ့သူများနှင့် ပတ်သက်၍ပြောခဲ့သည်။ ကျွန်ုပ်တို့အနေဖြင့်ဘုရားသခင်၏စိတ်ထဲမှသော ရုပ်ပိုင်းဆိုင်ရာအရဖြစ်တည်မှုမရှိကြောင်းထင်ရှားသည်၊ ဘုရားသခင်သည် ငါတို့ကျင့်သောအကျင့်ကိုထောက်တော်မမူရှေးကာလမရောက်မီ
ယေရှုခရစ်အားဖြင့်ငါတို့အဖို့ကိုယ်တော်တိုင်ကြံစည်တော်မူသော ကျေးဇူးတော်နှင့် အညီငါတို့ကိုကယ်တင်၍သန့်ရှင်းသောအရာ၌ ခေါ်သွင်းတော်မူ၏။ (၂ကာ ၁း၉) ဤကမ္ဘာမတည်ရှိမီငါတို့ကို ခရစ်တော်၌ ရွေးကောက်တော်မူသည်နှင့်အညီကောင်းကင်ဘုံနှင့်ဆိုင်သော
အရာတို့၌ ခပ်သိမ်းသောခမ္မမင်္ဂလာတို့ကိုခရစ်တော် အားဖြင့်ငါတို့အား ပေးသနားတော်မူသောငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း။ (ဧဖက်၁း၄-၅)စိတ်နှလုံးကိုစစ်တော်မူသော သူသည်လည်း ဝိညာဉ်တော်၏ စိတ်သဘောကိုသိတော်မူ၏၊ အကြောင်းမူကား ဝိညာဉ်တော်သည်သန့်ရှင်းသူတို့၏ဆုတောင်းခြင်းအမှုကိုဘုရားသခင်၏ အလိုတော်နှင့်အညီစောင်မတော်မူ၏။(ရော ၈း၂၇၊၉း၂၃)

ဤအချက်အားလုံးတွင်ရုပ်ပိုင်းဆိုင်ရာဖြစ်တည်မှုမရှိနိုင်သော်လည်း
အစကနဦးတွင်ဘုရားသခင်၏စိတ်နှင့်စီမံချက်များဖြစ်တည်မှုအဖြစ် ပြောသင့် သော ဘုရားသခင်၏ ဆန္ဒတော်၏ပေါင်းစပ်မှုအဖြစ် ခရစ်တော်ကို သက်မှတ်ခြင်းမှာ အံ့သြဖွယ်ရာမဟုတ်ပေ။ ဤချက်သောသိုးသငယ်၏ အသက် စာစောင်၌ ကန္တဦးကပင် စာရင်းမဝင်သောမြေကြီးမား အပေါင်းတို့သည် သားရဲတို့ ကိုလွှယ်ကြသည်၊ (ဗျာ ၁၃း၈)ကျမ်းစာအရယေရှုမသေပေ၊ သူသည် နှစ်ပေါင်း (၄၀၀၀)ခန့်နောက်ပိုင်းတွင်လက်ဝါးကပ်တိုင်ပေါ်၌ ခရစ်တော်တည်း ဟူသော သိုးသငယ်သည်ငါတို့အဖို့ယဇ်ပူဇော်ရာဖြစ်သည်။ (ယော ၁း၂၉၊ ၁ကော် ၅း၇) အလားတူပင်ခရစ်တော်သည်ဤကမ္ဘာမတိုင်မီ ကပင်ခန့်ထားတော်မူခြင်း ခံရသည်(၁လ ၁း၂၀) အလားတူယုံကြည်သူများသည်လည်း(ဧ ၁း၄) အရ ရွေးချယ်ခန့်ထားခံရသည်ဟု ဆိုထားသည်။ ဤအရာအားလုံးကိုမေးရာတွင် ခွေပြန်ရသောကျွန်ုပ်တို့၏ အခက်အခဲမှာအရှိန်၏ သဘောတရားဖြစ်၍ ဘုရားသခင် သည်မည်ကဲ့သို ဆောင်ရွက်သည်ကိုကျွန်ုပ်တို့က အလွယ်တကူ မစဉ်းစားနိုင်သောကြောင့်ဖြစ်သည်။ အရှိန်မပါဘဲ **ယုံကြည်မှု✡✡မှာ ဘုရားသခင်၏ ရှုဒေါင့်မှအရာများကိုရှုမြင်ရန်အရည်အချင်းပင်ဖြစ်သည်။

## ၇.၄ အစကနဦးနှုတ်ကပတ်တော် (ယော ၁း၁-၃)

အစကနဦး၌ နှုတ်ကပတ်တော် ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင် နှင့် အတူရှိ၏၊ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။ ထိုနှုတ်ကပတ်တော်သည်အစကနဦး၌ ဘုရားသခင်နှင့်အတူရှိ၏၊ ထိုနှုတ်က ပတ်တော်သည်ခပ်သိမ်း သောအရာတို့ကိုဖန်ဆင်းတော်မူ၏။(ယော ၁း၁-၃)

ထိုစာပိုဒ်များသည်စနစ်တကျနားလည်ပြီးကျယ်ကျယ်ပြန့်ပြန့် နိဂုံးပိုင်းသို့ ရောက်သည့်အခါအပြီးသတ်အပိုင်းသို့ရောက်ရှိ လာပြီဖြစ်သည်။ မည်သို့ပင် ဖြစ်စေ၊ ဤစာပိုဒ်ကယေရှုသည်သူ၏ မွေးဖွားမှုမတိုင်မီ ကောင်းကင် ဘုံ၌ ရှိနေကြောင်းကိုအကျယ်ပြန့်ဆုံး နားလည်မှု လွဲမှားမှုဖြစ်စေသည်။ ထိုစာပိုဒ်များကိုမှန်ကန်စွာ နားလည်ခြင်းကနှုတ်ကပတ်တော်၏ ဆိုလိုချက်များကို အလုပ်လုပ်သည်ကို ဆိုလိုသည့်အပေါ် တွင်မူတည်၍နေပေမည်။ ထိုအချက်မှာ လူတစ်ဦးတစ်ယောက်အဖို့ တိုက်ရိုက်ရည်ညွှန်းမှုမဖြစ်နိုင်အဘယ်ကြောင့် ဆိုသော်လူတစ်ဦးသည်ဘုရားသခင်နှင့်အတူတစ်ချိန်တည်းတွင်မဖြစ်နိုင်ခြင်းဖြစ်သည်။ ဤနေရာတွင်နှုတ်ကပတ်တော်ဟုပြန်ဆိုထားသောဂရိစကားလုံး သါသျ သည် ယေရှုကိုဆိုလိုခြင်းမဟုတ်ပေ။ နှုတ်ကပတ်တော်အဖြစ် ပြန်ဆိုကာ ရှိသကဲ့သို့၊

| | |
|---|---|
| အကြောင်းပြချက် | အကြောင်းရင်း |
| ဆက်သွယ်မှု | တင်ပြချက် |
| ရည်ရွယ်ချက် | သင်ကြားမှု |
| ပင်မသဘောထား | ပြောကြားချက် |
| အောင်မြင်လွန်မြောက်မှု | - ဟူ၍လည်းပြန်ဆိုသည်။ |

နှုတ်ကပတ်တော်ကိုအနေဖြင့်သာ ပြောလေ့ရှိသည်။အဘယ်ကြောင့် ဆိုသော် **Logos** သည်ဂရိကာအရကျား/မ မဟုတ်သော ကြောင့်ဖြစ်သည်။ သို့ရာတွင်ယေရှုကိုညွှန်းဆိုခြင်းမဟုတ်ပေ၊ ဂျာမန်ဘာသာစကား **"Luther"** သည်**"dad wort" (renter)** ဟုပြန်ဆိုသည်။ပြင်သစ်စကား**(segard)** သာ **"Ly parole"** ဖြစ်ပြီး **qunivine** ဟုပြန်ဆိုသည်၊ နှုတ်ကပတ်တော် ဟူသော စကားမှာ**ကျား☼☼ကိုရည်ညွှန်းခြင်းမဟုတ်ပေ။

**အစကနဦးပိုင်းLogos** သည်နှုတ်ကပတ်တော်နှင့်ခြားဆက်သွယ်မှု အဖြစ်ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြထားသောအတွင်းပိုင်းဆိုင်ရာ အတွေးအဖြစ် တင်းကျပ်စွာရည်ညွှန်းထားသည်။ အစကနဦးပိုင်းတွင်ဘုရားသခင်ကို **Logos** ရှိခဲ့သည်။ ယင်းတစ်ခုတည်းသော အကြောင်းမှာခရစ်တော်ကိုဦးတည်နေခဲ့သည်၊ ဘုရားသခင်၏ဝိညာဉ်တော်မည်သို့မည်ပုံဖြစ်တည်မှုကိုဖော်ပြခဲ့ပြီးဖြစ်သည်။ သူသည်အတွင်းပိုင်းတွေးခေါ် မှုကိုလုပ်ဆောင်ချက်အဖြစ်ဖော်ပြခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ရာဘုရားသခင်၏ဝိညာဉ်တော်နှင့် သူ၏ နှုတ်ကပတ်တော် အကြား ဆက်စပ်မှုဖြစ်ပါသည်။ (အပိုင်း ၂-၂)ကိုကြည့်ပါ။ဘုရားသခင်၏ ဝိညာဉ်တော်သည်လူသားများတွင် သူ၏စီမံချက်နှင့်သူ၏ ရေးသားထားသော နှုတ်ကပတ်တော်ကိုအစကနဦးကပင်ဖေထုတ်ခဲ့ပြီးဖြစ်ရာ ယင်းမှာ ခရစ်တော်၏စိတ်ကူးကို သင်၏လုပ်ရပ်နှင့်စကားလုံးများကဆက်စပ်ပေးခဲ့သည်။ ခရစ်တော်သည်ဘုရားသခင်၏ **Logos** ဖြစ်ခဲ့သည်။ သို့ဖြစ်ရာဘုရားသခင် ၏ ခရစ်တော်နှင့် ပတ်သက်သောစီမံချက်ကိုဘုရားသခင်၏ ဝိညာဉ်တော်က လုပ်ဆောင်ချက်များတွင်ဖော်ပြထားသည်။ ယင်းမှာ ဓမ္မသတ်ဟောင်း ရိုက်ခတ် ချက်များစွာတို့မှာခရစ်တော်၏ ဘိုးဘေးလုပ်ဆောင်ချက်ဖြစ်ကြောင်း ရှင်းပြထားသည်။ မည်သို့ပင်ဖြစ်စေ လူသားအနေဖြင့်ရှိခဲ့သော ခရစ်တော်ကို နှုတ်ကပတ်တော်မဟုတ်ကြောင်း လွန်ကဲသောအလေးအနက်ထားမှုမပြုနိုင်ပေ။ ယင်းမှာ ခရစ်တော်နှင့်ပတ်သက်သောကောင်းချီးသင်းနှင့်ပတ်သက်၍ မကြာခဏအသုံးပြုလေ့ရှိသောနှုတ်ကပတ်တော် **(Logos)** ခရစ်တော် မှတဆင့်ဘုရားသခင်၏ကယ်တင်မှုစီမံချက်ဖြစ်သည်။(ကော ၁း၁၆၊ ယော ၅း၂၄၊ တံ ၁၉း၁၀၊ ၁သက် ၁း၈- စသည်ဖြင့်)**Logos** သည်ခရစ်တော်နှင့် ပတ်သက် သည် သူ၏ ပုဂ္ဂိုလ်အရမဟုတ်ကြောင်းသတိပြုပါ။ ခရစ်တော်ဖွားမြင်သောအခါ နှုတ်ကပတ်တော်သည် လည်းလူဇာတိအဖြစ်ကိုခံယူ၍ကျေးဇူးတော်နှင့် လည်းကောင်း၊ သစ္စာတော်နှင့်လည်းကောင်း၊ ပြည့်စုံလျှက်ငါတို့ တည်နေတော်မူသည် ဖြစ်၍ခမည်းတော်၌ တစ်ပါးတည်းသောသားတော်၏ ဘုန်းကဲ့သို့သူ၏ဘုန်းတော်ကိုငါတို့မြင်ကြသည်။ (ယော ၁း၁၄)ပုဂ္ဂိုလ်ရေးအရ

ယေရှုသည်နှုတ်ကပတ်တော်တွင်လူသားဖြစ်စေသောနှုတ်ကပတ်တော်ဖြစ်လာခဲ့သည်။ ယခင်အချိန်မှစတင်၍ ဖြစ်ပေါ်လာမှုတွင် မေရီမှသူ၏မွေးဖွားမှုကိုဖြစ်စေသော နှုတ်ကပတ်တော်ဖြစ်လာခဲ့သည်။

ခရစ်တော်နှင့်ပတ်သက်၍စီမံချက်သို့မဟုတ်သတင်းမှာ အစပိုင်းတွင် ဘုရားသခင်နှင့်အတူဖြစ်ခဲ့သည်။သို့ရာတွင်ခရစ်တော်၏လူပုဂ္ဂိုလ်အဖြစ် နှင့် ပွင့်လင်းစွာထုတ်ဖော်ချက်နှင့်ပထကရာစုအတွင်းသူနှင့်ပတ်သက်၍ ကောင်းချီး သတင်းဟောပြော၍ဖြစ်ခဲ့သည်။ သို့ဖြစ်ရာဘုရားသခင်သည် ခရစ်တော် မှတဆင့်သူ၏နှုတ်ကပတ်တော်ကိုတည်စေတော်မူသည်၊(ဟေဗြဲ ၁း၁၊၂) အချိန်နှင့်အမျှ အလေးအနက်ထားပြောဆိုသည်မှာခရစ်တော်၏ စကား သည်ဘုရားသခင်၏နှုတ်ကပတ်တော်များဖြစ်သည်။ ဘုရားသခင်အား ကျွန်ုပ်တို့ နှင့်အတူရှိသည်ကိုဖော်ညွှန်းနိုင်ရန်ဘုရားသခင်၏ နှုတ်ကပတ် တော်များကို ဟောကြားခြင်းဖြစ်သည်။(ယော ၂း၂၂၊ ၃း၃၄၊ ၇း၁၆၊ ၁၀း၃၂၊၃၈၊ ၁၄း၁၀၊၂၄)

ပေါလကခရစ်တော်နှင့်ပတ်သက်သောကောင်းချီးသတင်းကို လူမျိုးအားလုံးသို့ဟောကြားရန်ခရစ်တော်အမိန့်တော်ကို လိုက်နာခဲ့သည်။ ရှေးကပ်ကာလပတ်လုံးဝှက်ထားပြီးလျှင်ယခုမှထင်ရှားသည်ဖြစ်၍ လူမျိုးအပေါင်းတို့သည် ယုံကြည်နားထောင်ကြမည့်အကြောင်းပရောဖက်တို့၏ ကျမ်းစာများကလာသည်နှင့်အညီထာဝရဘုရားသခင်၏ နှုတ်ကပတ်တော် အတိုင်းကိုလူတို့အားဖေါ်ပြရသော်နက်နဲရာကိုဖွင့်ထားခြင်း ကျေးဇူးတော်နှင့် လျော်စွာ ငါဟောသော ဧဝံဂေလိတရားတည်းဟူသော ယေရှုခရစ်၏ အကြောင်း ကိုဟောပြောခြင်းအားဖြင့် လူတို့ကိုမြဲမြဲခိုင်ခံစေခြင်းငှာ တင်နိုင်တော်သော်မူ သည်။ (ရော ၁၆း၂၅၊၂၆၊ ခစ ၁ကော ၂း၇) သို့ရာတွင်ဘုရားသခင်သည် ယေရှုဆောင်ရွက်သည့်အနစ်နာခံစွန့်စားမှုကို သိထားပြီးအစပိုင်းတွင်ပင်ဘုရားသခင်တွင်လူတိုက ထာဝရအသက်ကိုရရှိခြင်းငှာ ဤ စီမံချက်ထားရှိပြီး ဖြစ်သည်။ ထိုရရှိစေမှုနှင့်ပတ်သက်၍ အပြည့်အဝနားလည်မှုမှာ ယေရှုမွေးဖွား သေဆုံး ပြီးနောက်တွင်မှပေါ် ပေါက်လာခဲ့သည်။ ရှေးကပ်ကာလမရောက်မီကတိထားတော်မူ၍ ငါတို့ကိုကယ်တင်သောဘုရားသခင်၏ ပညတ်တော်အတိုင်း ငါ၌ အပ်ထားသောတရားဟောခြင်းအခွင့်အားဖြင်သင့်လျော်သောအချိန်၌ နှုတ်ကပတ်တော်တရားတော်ကို ထင်ရှားစေတော်မူသောအရာနှင့်စပ်ဆိုင်ပေသည်။(တိ ၁း၂၊၃) ကျွန်ုပ်တို့အနေဖြင့်ဘုရားသခင်၏ ပရောဖက်များကဟောပြောချက်များသည်အမြဲဖြစ်တည်နေမှုကို တွေ့ခဲ့ရပြီး ဖြစ်သည်။(လု ၁း၇၀)ယင်းမှာအစပိုင်းမှစ၍ လူတို့ပြောခဲ့သော နှုတ်က ပတ်တော်သည် ဘုရားသခင်နှင့်အတူတည်ရှိခဲ့သည်ကိုဖော်ညွှန်းသည်။ ယေရှု၏ဟောပြောချက်များကလိုအချက်များစွာဖော်ထုတ်ခဲ့သည်။ သူအနေဖြင့် သူကိုယ်တိုင်နှင့်ပတ်သက်သောဟောပြောချက်ကိုဖြည့်ဆည်းပေးခဲ့သည်။ ငါသည်နှုတ်ကိုဖွင့်၍ဥပဒေများကိုမြွက်ဆိုပေအံ့၊ ကမ္ဘာဦးမှစ၍ လျှို့ဝှက်သောအရာတို့ကိုဖော်ပြပေအံ့ဟုဟောဘူးသောစကားသည်ပြည့်စုံခြင်းသို့ရောက်သည်။ (မ ၁၃း၃၅)ကိုအချက်မှာ အစကနဦးကပင်နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိခဲ့ပြီး ခရစ်တော်မွေးဖွားလာချိန်တွင် လူသားအဖြစ် မွေးဖွားပေးခဲ့သည် ဟုဆို၏။

## နှုတ်ကပတ်တော်သည်ဘုရားရှင်ဖြစ်သည်

နှုတ်ကပတ်တော်သည်ဘုရားရှင်ဖြစ်သည်ဟူသော အချက်၏ ဆိုလိုချက် ကိုစဉ်းစားရမည်အခြေအနေတွင်ကျွန်ုပ်တို့ရောက်ရှိနေပြီးဖြစ်သည်။ ကျွန်ုပ်တို့၏ စီမံချက်များနှင့်တွေးတောမှုများသည် အခြေခံအားဖြင့်ကျွန်ုပ်တို့၏ စီမံချက်နှင့်အတွေးများသာဖြစ်သည်။ ✳✳ကျွန်ုပ်လန်ဒန်ကိုသွားနေသည်ဟူသော အချက်မှာ✡✡ ကျွန်ုပ်၏ဦးတည်ချက်ကိုဖော်ပြသောစကား သို့မဟုတ် ဆက်သွယ်မှုဖြစ်သည်။ ခရစ်တော်နှင့်ပတ်သက်သောဘုရားသခင်၏ စီမံချက်ကို နားလည်နိုင်သည်၊ သူသည်စိတ်ထင်သည့်အတိုင်းဖြစ်(သု ၂၃း၇)ပြီး ဘုရားသခင်တွေးထင်သည့်အတိုင်းလည်းဘုရားသခင်ကတွေးထင်ခဲ့သည်။ သို့ဖြစ်ရာ ဘုရားသခင်၏ နှုတ်ကပတ်တော်သို့မဟုတ်တွေးတောမှုသည် ဘုရားသခင်ပင ်ဖြစ်သည်။ နှုတ်ကပတ်တော်သည်ဘုရားသခင်ပင်ဖြစ်သည်၊ ထို့ကြောင့်ပင်ထာဝရဘုရားသခင် နှင့်သူ၏နှုတ်ကပတ်တော်မှာ အလွန်နီးစပ်သည့် စုစည်းမှုဖြစ်ပြီး အပြိုင်သသောဖြစ်သည်။(အ ၂၉း၈)ထာဝရဘုရား မိန့်တော်မူ သည်ကား ထိုသို့ဆင့်ဆိုကြသော်လည်းသင်တို့၏ ကိုယ်၌ အကျိုးနည်းစေခြင်းငှာကိုယ်လက်နှင့်လုပ်သောအရာများအားဖြင့်ငါ၏အမျက်ကို ထွက်စေသော အခွင့် ရှိမည်အကြောင်း၊ ငါ့စကားကိုနားမထောင်ဘဲနေကြပြီ(ယေ ၂၅း၇) ဟူသော ဟောပြောချက်များသည်ပရောဖက်များ ဟောကြားသောငါ၏

နှုတ်ကပတ်တော် သည်ကျွန်ုပ်၏ ခြေရှေ့မှာမီးခွက်ဖြစ်၍ကျွန်ုပ်၏ လမ်းခရီးကိုလင်းစေပါ၏ ဟုဒါဝိဒ်ကဆိုသည်။ (ကာ ၁၁၉း၁၀၅)သို့တိုင်- အိုထာဝရဘုရားကျွန်ုပ်၏ မျောင်မိုက်မှုကိုလင်းစေတော်မူ၏(၂ ရာ ၂၂း၂၉)ယင်းမှာဘုရားရှင်နှင့်သူ၏ နှုတ်ကပတ်တော်အကြားအပြိုင်ဖြစ်မှုကိုပြဆိုသည်။ သို့ဖြစ်ရာဘုရားသခင်၏ နှုတ်ကပတ်တော်မှာသူကိုယ်တိုင်မြွက်ဟခဲ့သောစကားဖြစ်ကြောင်း နားလည်နိုင်သည်။

ဘုရားသခင်သည်၄င်းကိုယ်တိုင်အမှန်တရားဖြစ်သည်(ယော ၃း၃၃၊ ၈း၂၆၊ ၁ယော ၅း၁၀)သို့ဖြစ်ရာဘုရားသခင်၏ နှုတ်ကပတ်တော်သည် သဒ္ဒါတရားဖြစ်ပါ၏(ယော ၁၇း၁၇)၊ အလားတူပင်ယေရှုကသူ၏ နှုတ်ကပတ်တော်ကိုသူကိုယ်တိုင်ခွဲခြမ်းစိပ်ဖြာခဲ့သည်။ ငါ့ကိုပယ်၍ ငါ့စကားကိုနားမခံသောသူအားအပြစ်စီရင်သောသူရှိပေ၏။ ငါဟောပြောသောစကား၏နောက်ဆုံးသော နေ့၌ ထိုသူအားအပြစ်စီရင်လိမ့်မည်၊ (ယော ၁၂း၄၈) ယေရှုသည် သူ၏နှုတ်ကပတ်တော်များသည်လူသားဆန်သည်၊ အဘယ့်ကြောင့်ဆိုသော်၄င်းတို့သည်ယေရှုနှင့်အလွန်ပင်နီးကပ်မှုရှိခြင်းကြောင့်ဖြစ်သည်။

ယော (၁း၁-၃)တွင်ဖော်ပြထားသည့်အတိုင်း ဘုရားသခင်ကိုယ်တိုင် ဘုရားသခင်၏ နှုတ်ကပတ်တော်သည်ဘုရားသခင်ဖြစ်တော်မူသည်။ သို့ဖြစ်ရာ ခပ်သိမ်းသောအရာအားလုံးကိုထာဝရဘုရားကဖန်ဆင်းခြင်းဖြစ်သည်ဟူသော နှုတ်ကပတ်နှင့်ပတ်သက်၍ ဟောပြောခြင်းခံကြရသည်။ (ယော ၁း၃) အဘယ်သို့ ပင်ဖြစ်စေဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်အမိန့်ဖြင့် အရာအားလုံးကို ဖန်ဆင်းတော်မူသည်(က ၁း၁) ဤအနေတွင်စူးစူးစိုက်စိုက် မှတ်သားဖွယ် ချက်မှာဘုရားသခင်၏ နှုတ်ကပတ် တော်သည် ကျွန်ုပ်တို့၏ နှလုံးသားအတွင်းစွဲလာသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့် အနီးဆပ်ဆုံးရှိနေမှုဖြစ်သည်။ (က.၁)တွင်ဘုရားသခင်သည် ခရစ်တော်၏ ကိုယ်ရေးထက်ဘုရားသခင်၏ နှုတ်ကပတ်တော်မှတဆင့် ဖန်ဆင်းရှင်ဖြစ်ကြောင်းသိသာထင်ရှားခဲ့ပြီးဖြစ်သည်။ ခရစ်တော်၏ ကိုယ်ရေးထက်အရာရာကိုဖြစ်စေသောအရာမှာဘုရားရှင်၏ နှုတ်ကပတ်တော်ဖြစ်သည်။ ထာဝရဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် မိုးကောင်းကင်ကိုလည်းကောင်း၊ နှုတ်တော်အသက်အားဖြင့် မိုးကောင်းကင် တန်ဆာများကိုလည်းကောင်း ဖန်ဆင်းတော်မူ၏။ ထာဝရဘုရား မြွက်ဆိုတော်မူသည့်အရင်းမြစ်၏ အမိန့်တော်ရှိ၍မိန့်တော်မူသည့်အတိုင်းတည်လျက်နေသည်။ (ဆာ ၃၃း၆၊၉)ယ္ခုအခါတွင်နှုတ်ကပတ်တော်ဖြင့် သဘာဝဖန်တီးမှုများဖြစ်ပေါ်စေမည့်။ မြေကြီးပေါ်သို့ ဗျာဒိတ်တော်ကို လွှတ်တော်မူ၏။ နှုတ်ကပတ်တော်သည် အလျင်အမြန်ပြေးတက်ပါ၏။ မိုးပွင့်ကိုသိုးမွေးကဲ့သို့ချတော်မူ၏၊ နှင်းခဲကိုလည်းပြာကဲ့သို့ဆွတ်ဖြူတော်မူ၏၊ မိမိမိုးမီးကို စားနှုတ်စားပေါက်ကဲ့သို့လွှတ်တော်မူ၍ချမ်းစေတော်မူခြင်းကို အဘယ်မူခံနိုင်သနည်း၊ တဖန်နှုတ်ကပတ်တော်ကိုလွှတ်၍ မိုးပွင့်အစရှိသည် တို့ကို အရည်ကျိုတော်မူ၏၊ မိမိလေကိုလာစေသော်မူသဖြင့် ရေတို့သည် စီးကြ၏၊(ဆာ ၁၄၇း၁၅-၁၈) ဘုရားရှင်၏ နှုတ်ကပတ်တော်သည်ဘုရားရှင်၏ ဖန်ဆင်းသည့်မောစွမ်းအားဖြစ်သည်။ သူကယေရှုကိုမာရီ၏ ဝမ်းဗိုက်တွင်း သန္ဓေ တည် ရန် ဖန်ဆင်းတော်မူသည်။သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဘုရားရှင်၏ စီမံချက်နှုတ်ကပတ်တော်အရခရစ်တော်၏သန္ဓေတည်မှုကို ဖြစ်စေသည်။

(လု ၁း၃၅) မာရီလည်းခရစ်တော် ကိုယ်ထင်ခွဲသည့်သတင်းနှင့် ပတ်သက်၍ ယင်းကိုအရှင်ရမိန့်နေခဲ့သည်။ မာရီကကျွန်ုပ်သည်ထာဝရဘုရား၏ ကျွန်မဖြစ် ပါ၏၊ ကိုယ်တော်၏စကားအတိုင်းကျွန်ုပ်ဖြစ်ပါစေဟုဖန်ဆင်းသည်။(လု ၁း၃၈)

ဓမ္မသစ်ဟောင်းကျမ်းတလျှောက်တွင်ဖော်ပြထားသောဘုရားသခင်၏

ဆန္ဒတော်မှာဘုရားသခင်၏နှုတ်ကပတ်တော်ကို ရောင်ပြန်ဟပ်လျက် ရှိကြောင်းကျွန်ုပ်တို့တွေ့ရပြီးဖြစ်၍ ယင်းအချက်မှန်ကန်မှုအတိုင်းအတာကို

(တ ၁၃း၂၇) တွင်ပြဆိုထားပြီးဖြစ်သည်။ ယင်းတွင်ယေရှုသည် ရှေးဟောင်း ဓမ္မသစ် ကျမ်းပရောဖက်များ၏ နှုတ်ကပတ်တော်အတိုင်း ဟောပြောခဲ့ပြီး ဖြစ်သည်။ ဂျူးတို့က ပရောဖက်တို့၏နှုတ်ကပတ်တော်များကို မသိနားမလည်ကြပေ၊ ခရစ်တော်မွေးဖွားလာသောအခါဘုရားသခင်၏ နှုတ်ကပတ်တော် ဝိညာဉ်တော်မှာယေရှုခရစ်အနေဖြင့်ဖော်ပြခဲ့သည်။ လှုံဆော်မှုအနေဖြင့်တရားဟောဆရာရှင်ဟောပြောသည့်ခရစ်တော်အားဖြင့် လက်ဆုပ်လက်ကိုင်ပြုနိုင်၊ ဖြစ်နိုင်သော တရားဓမ္မများနှင့် ပတ်သက်သော ဘုရားရှင်၏ အဆုံးစွန်ဘဝစီမံချက်အပေါ်တွင်ဂုဏ်ယူခဲ့သည်၊ သူ့အနေဖြင့်ဘုရားရှင်၏နှုတ်ကပတ်တော်ကိုလိုက်နာဆောင်ရွက်နေရသည်ဟု အသိအမှတ် ပြုထားသည်။ ဘုရားသခင်၏ကယ်တင်မှုစီမံချက်အားလုံးကို ခရစ်တော်ထံတွင် ရှိနေပြီဖြစ်သည်။(၁ယော ၁း၁-၃) ကျွန်ုပ်တို့အနေဖြင့် ခရစ်တော်ကို ရုပ်ခန္ဓာအရမမြင်နိုင်သော်လည်းချစ်ကြ၏။ ယခုမှာလည်းမပြင်ဘဲလျက် ယုံကြည်သောအားဖြင့်ဘုန်းအသရေနှင့်စပ်ဆိုင်သော၊ ပြော၍မမီနိုင်သော

ရှင်လန်းခြင်းစိတ်နှင့်ဝမ်းမြောက်ကြသည်ဖြစ်၍ စိတ်ဝိညာဉ်ကို ကယ်တင်ခြင်း တည်းဟူသော ယုံကြည်ခြင်း၏အကျိုးကိုခံကြရ၏ (၁ပေ၁း၁၉) ကျွန်ုပ်တို့က ကျွန်ုပ်ကိုယ်ကိုမေးခွန်းမေးကြရမည်။

ကျွန်ုပ်သည်ခရစ်တော်ကိုအမှန်တကယ်သိသလား။ ယေရှုဟူသော လူကောင်းတစ်ဦးရှိခဲ့ဘူးသည်ဟူသောအချက်ကို ထောက်ခံရုံမျှလောက်ဖြင့်၊ မလုံလောက်ပေ။ သဒ္ဒါကျမ်းစာကိုဆက်လက်လေ့လာခြင်းဖြင့်သင်၏ ကိုယ်ရေးဆိုင်ရာကယ်တင်သူအဖြစ် လျှင်မြန်စွာနားလည်သသောပေါက်လာပြီး ပတ္တိဂံခံယူခြင်းမှတဆင့် သင်အားခရစ်တော်နှင့်ဆက်စပ်ပေးလိမ့်မည်ဖြစ်သည်။

-ထာဝရဘုရား၏အပြစ်မဲ့သူ ခရစ်တော်သည် သူ့အားစီရင်ချက်ချနေစဉ် အတွင်း ငြိမ်သက်စွာစကားတစ်ခွန်းမှမပြောဘဲနေခဲ့သည်။ (မ ၂၇း၁၂၊၁၄)

-ယေရှုနှင့်အတူဓားပြနှစ်ယောက်ကိုရက်စက်စွာလက်ဝါးကပ်တိုင်တွင် ရက်စက်စွာရိုက်ခံရသည်။(မ၂၇း၃၈) သို့ရာတွင်လူချမ်းသာ၏ ဂူတွင် မြှုပ်နှံခြင်းခံရသည်။(မ၂၇း၅၇-၆၀)

**ခရစ်တော်တွင်ဖြည့်ဆည်းမှု**

- ထိုစကားများသည်လက်ဝါးကပ်တိုင်ပေါ်မှ ယေရှု၏စကားများဖြစ်ပါသည်။(မ၂၇း၄၆)
- အစ္စရေးတို့ကယေရှုကို ပြက်ရယ် ပြုခဲ့ကြ သည်။(လု ၂၃း၃၅၊ ၈း၅၃)၊သူတို့က သူတို့ ၏ဦးခေါင်းများကိုလှုပ်ခါခဲ့ကြသည်။ (မ ၂၇း၃၉) ယင်းကိုခရစ်တော်က လက်ဝါး ကပ်တိုင်ပေါ်မှပြောကြားခဲ့ခြင်းဖြစ်ပါသည်။ (မ ၂၇း၄၃)
- ဤအချက်ကိုလက်ဝါးကပ်တိုင်ပေါ်တွင် ရှိသောခရစ်တော်၏ ရေဆာမှုကိုဖြည့် ဆည်းပေးခဲ့သည်။ (ယော ၁၉း၂၈)၊ လက်နှင့်ခြေထောက်တွင်ထိုးဖောက် ခြင်း မှာ အပြင်းထန်ဆုံး အသုံးပြုခဲ့သော ရုပ်ပိုင်း ဆိုင်ရာ နည်းလမ်းကို ရည်ညွှန်းသည်။
- ယင်းတိကျသော ဖြည့်ဆည်းမှုကို
  (မ ၂၇း၃၅)တွင်တွေ့ ရသည်။
- ယင်းမှာသူ၏ဂျူးလူမျိုးညီအစ်ကိုများနှင့် သူ၏ကိုယ်ပိုင်မိသားစု၏တစ်စိမ်းဆန်သော ခရစ်တော်၏ခံစားမှုကိုကောင်းစွာဖေါ်ပြပေး သည်။(ယော ၇း၃-၅)၊ (မ၁၂း၄၇-၄၉) ယင်းကို(ယော ၂း၁၇)တွင်ဖော်ပြထားသည်။
- ယင်းမှာခရစ်တော်သည်လက်ဝါးကပ်တိုင် ပေါ်တွင်ရှိနေခဲ့စဉ်ဖြစ်ပေါ်ခဲ့သည်။(မ၂၇း၃၄)
- ထာဝရဘုရား၏အပြစ်မဲ့သူခရစ်တော်သည် သူ့အားစီရင် ချက်ချနေစဉ်အတွင်း ငြိမ်သက်စွာစကားတစ်ခွန်းမှမပြောဘဲ နေခဲ့သည်။ (မ ၂၇း၁၂၊၁၄)
- ယေရှုနှင့်အတူဓားပြနှစ်ယောက်ကိုရက် စက်စွာလက်ဝါးကပ်တိုင်တွင်ရက်စက်စွာ ရိုက်ခံရ သည်။ (မ၂၇း၃၈) သို့ရာတွင်လူချမ်းသာ၏ဂူတွင်မြှုပ်နှံခြင်းခံရသည်။(မ၂၇း၅၇-၆၀)

## လေ့လာမှု ၇ မေးခွန်းများ

၁။ ယေရှုသည်မမွေးဖွားမီရုပ်ခန္ဓာအရဖြစ်တည်မှုရှိခဲ့ပါသလား?
   (က) ရှိခဲ့ပါသည်။
   (ခ) မရှိပါ။
၂။ မည်သည့်အခြေအနေတွင်ယေရှုသည်မမွေးဖွားမီ ဖြစ်တည်မှု ရှိခဲ့သည်ဟု ဆိုနိုင်ပါသလဲ?
   (က) ကောင်းကင်တမန်တစ်ဦးအဖြစ်
   (ခ) သုံးဆူဘုရား၏ အစိတ်အပိုင်းတစ်ခုအဖြစ်
   (ဂ) ဘုရားသခင်၏ အလိုတော်အရ စိတ်ထဲတွင်သာ
၃။ မာရီနှင့်ပတ်သက်၍ အောက်ပါမည်သည့်အချက်များသည် မှန်ကန် ပါသလဲ?

(က) သူမသည်ပြီးပြည့်စုံသောအပြစ်ကင်းစင်သည့်အမျိုးသမီး တစ်ဦးဖြစ်သည်။

(ခ) သူမသည် သာမန်အမျိုးသမီးတစ်ဦးဖြစ်သည်။

(ဂ) သူမသည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ယေရှုကို သန္ဓေတည်ခဲ့သည်။

(ဃ) ယခုအခါသူမက ယေရှုသို့ ကျွန်ုပ်တို့၏ ဆုတောင်းမှုကို ပေးခဲ့သည်။

၄။ ယေရှုသည် ကမ္ဘာကြီးကို ဖန်ဆင်းခဲ့ပါသလား?

(က) ဖန်ဆင်းခဲ့ပါသည်။

(ခ) မဖန်ဆင်းခဲ့ပါသည်။

## လေ့လာမှု ၈ ယေရှု၏ သဘာဝ

### ၈-၁ ယေရှု၏သဘာဝ- နိဒါန်း

ပြီးပြည့်စုံသောအကျင့်စာရိတ္တတစ်ခုဖွံ့ဖြိုးတိုးတက်မှုမတဆင့် ဒုက္ခဖြစ်မှုအပေါ်တွင် အောင်မြင်မှုရရှိခြင်းကြောင့်ယေရှုခရစ် တော်အနေဖြင့် လေးစားမှုနှင့် ဂုဏ်ရှိန်မြင့်မားမှုမရရှိခြင်းမှာ အကြီးမားဆုံးဝမ်းနည်းဘွယ်ရာ ဖြစ်ရပ်များအနက်တစ်ခုဖြစ်သည်။ သုံးဆူသောဘုရား၏ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်သော ဩဝါဒကယေရှုအားသူကိုယ်တိုင်ဘုရားအဖြစ်ကိုခံယူစေသည်။ ထာဝရဘုရားအား သွေးဆောင်ခြင်းမပြုနိုင်။(ယာ ၁း၁၃)ခြင်းကိုရှုမြင်လျက် ဒုက္ခဖြစ်စေနိုင်ခြင်းမရှိသဖြင့်ခရစ်တော်အနေဖြင့်ဒုက္ခနှင့်ရင်ဆိုင်ရင် အမှန်အားဖြင့်အကြောင်းမရှိတော့၊ ကမ္ဘာပေါ်တွင်သူ၏ဘဝမှာ ဟန်ပြ သဘောမျိုးဖြစ်၍လူသားအတွေ့အကြုံဖြင့်နေထိုင်ခြင်းဖြစ်သည်။ သို့ရာတွင် လူသားမျိုးနွယ်၏ စိတ်ပိုင်းဆိုင်ရာနှင့်ရုပ်ပိုင်းဆိုင်ရာ ဖြစ်ရပ်များအတွက် စစ်မှန်သောခံစားမှုမရှိ၄င်းအားဖြင့်လည်း ပုဂ္ဂိုလ်ရေးအရသက်ရောက်မှုမရှိပေ။

အခြားတစ်ဖက်တွင် **Mormons** နှင့်**Jehovah** ၏သက် သေများကဲ့သို့အုပ်စုများကဘုရားသခင်၏တစ်ဦးတည်းသော သားတော်အဖြစ် ခရစ်တော်၏ အံ့ဘွယ်ရာကိုအစဉ်တစိုက်နှစ်သက်မှုမရှိခဲ့ပေ။ သို့ဖြင့်သူသည် တမန်တော်တစ်ဦးသို့မဟုတ်ဂျိုးဇက်၏ သဘာဝသားတော်အဖြစ် သတ်မှတ် နိုင်ခြင်းမရှိခဲ့ပေ။ အချို့ကသူ၏ဘဝတွင်ခရစ်၏ သဘာဝမှာ မကျမီအာဒံနှင့် တူညီသည်ဟု အကြံပြုခဲ့သည်။ ဤအမြင့်အတွက် သမ္မာကျမ်းစာ ဆိုင်ရာ သက်သေမရှိသဖြင့်အာဒံကိုဘုရားသခင်ကမြေမှုန့်မဖန်ဆင်းယူသည် ဟူသော အချက်ကိုလက်ခံရန်ပျက်ကွက်ခဲ့သည်။ ယေရှုကိုမူမာရီ၏ ဝမ်းဗိုက်တွင် ဘုရားသခင်၏ တန်ခိုးဖြင့်ဖန်ဆင်းခဲ့သည်။ ထို့ကြောင့် ခရစ်တော်တွင် လူသား ဖခင်မရှိသော်လည်းသူကကျွန်ုပ်တို့ကဲ့သို့သန္ဓေယူမွေးဖွားခဲ့သည်။ ဒုက္ခရောက် နေသော လူတစ်ယောက်တွင် ပြီးပြည့်စုံသောအကျင့် စာရိတ္တ မရှိနိုင်ကြောင်း လူများကလက်မခံကြပေ။ အမှန်မှာကား ယင်းမှာခရစ်တော်အား အမှန်တကယ်ယုံကြည်၍ အတားအဆီးတစ်ခုဖြစ်သည်။

ယေရှုသည်ကျွန်ုပ်၏သဘာဝအတိုင်းဖြစ်သော်လည်းသူ၏ စရိုက်အရ အပြစ်ကျူးလွန်မှုမရှိ၊ သူ၏စွဲဆောင်မှုများကိုအမြဲ ကျော်လွှားနိုင်သည်ဟူသော အချက်ကိုယုံကြည်၍မလွယ်ကူပေ။ သူသည်ဘုရားသခင်ဖြစ်ကြောင်း ငြင်းထားသောသမ္မာကျမ်းစာစာပိုဒ် များနှင့်တွဲလျက်သူ၏ပြီးပြည့်စုံမှုဘဝ၏ ကောင်းချီးသတင်းမှတ်တမ်းများပေါ်တွင် ရောင်ပြန်ဟပ်မှုများစွာရှိနေပေသည်။ သူကိုယ်တိုင် ဘုရားဖြစ်သည်ဟူသောအချက်ကိုအဆိုပြုရန်မှာပို၍ လွယ်ကူသော ကြောင့်အလိုအလျောက်ပြီးပြည့်စုံမှုဖြစ်ပေါ်သည်။ ယေရှုက မကောင်းမှုနှင့် လူ့သဘာဝတို့ကိုအောင်မြင်မှုရခဲ့သော်အောင်မြင်မှု၏ ကြီးကျယ်မှုကိုဤ အကြောင်းကပေါ်လွင်ထင်ရှားစေသည်။

သူ့တွင်လူ့သဘာဝရှိသည်။ သူကကျွန်ုပ်တို့၏အမျိုးမျိုးသောဒုက္ခများကို တစ်ခုချင်းမျှဝေခံစားသည်။(ဟေဗြဲ ၄း၁၅)သို့တိုင် သူကဘုရားသခင်၏ နည်းလမ်းများ အတိုင်းလိုက်နာဆောင်ရွက်ခြင်းနှင့်ဘုရားသခင်အကူအညီရယူ၍ ဒုက္ခကိုကျော်လွှားရန်ရှာဖွေခြင်း တို့ကြောင့်၄င်းတို့ကိုကျော်လွှားနိုင်သည်။ ဘုရားသခင်သည်ခရစ်တော်ထဲတွင်ရှိနေလျက်လောကီသားတို့၏အပြစ်များကိုမှတ်တော်မမူ၊

ရန်ကိုငြိမ်းစေ၍ကိုယ်တော်နှင့်မိဿဟာဖွဲ့စေတော်မူ၏ ထိုမိဿဟာ ယ တရားကိုလည်း ငါတို့၌ ပေးအပ်တော်မူ၏။(၂ကော ၅း၁၉)

## ၈.၂ ထာဝရဘုရားသခင်နှင့် ယေရှုအကြားခွဲကြားခြားနားချက်များ

ဘုရားသခင်သည်ခရစ်တော်ထဲ၌ ရှိနေသည်နှင့်သူ၏ လူသားဆန်မှုကို မီးမောင်းထိုးပြသူများကိုအတိုင်းအတာတစ်ခုအထိ ထိုစာပိုဒ်များ အကြား ညီမျှမှုတစ်ခုကို ဆွဲထုတ်နိုင်ကြောင်းအလေးအနက်ထားပြောဆိုကြသည်။ စာပိုဒ်များ၏ဒုတိယအုပ်စုကယေရှုသည် ကိုယ်တိုင်ထာဝရဘုရားဖြစ်သည် ဟူသော အချက်မှာသမ္မာကျမ်းစာအရမဖြစ်နိုင်ကြောင်းသုံးဆူဘုရား၏ မှားယွင်းသောဖော်ပြချက်များ၏ဩဝါဒအဖြစ်ဖော်ညွှန်းပြောဆိုကြသည်။(ဤစာပိုဒ်တို့''**very god of very god**'' ဟူသောစကားစုကိုဘုရားသခင်၏ အတွေး စိတ်ကူးကိုသုံးဆူဘုရားကို **Council of Nicea** မှအေဒီ ၃၂၅ခုတွင် ပထမဦးဆုံးဖော်ပြခဲ့သောအချက်ဖြစ်၍ ရှေးဦးခရစ်ယာန်များ မသိခဲ့ပေ။ သုံးဆူသောဘုရားကိုသမ္မာကျမ်းစာထဲတွင်မည်သည့်အခါမျှမတွေ့ရပေ။ လေ့လာမှုဥကဒုက္ခအပေါ်တွင်ခရစ်တော်၏ရာနှုန်းပြည့်အောင်မြင်မှုနှင့် ခရစ်တော်၏ ပါဝင်သောအခန်းကဏ္ဍနှင့်ပတ်သက်၍ ထပ်ဆင့်ဖော်ညွှန်း ထားသည်။ ထိုလေ့လာမှုများကို စတင်သည်နှင့်ကယ်တင်ခြင်းသည်စစ်မှန်သောယေရှုခရစ်ကိုမှန်ကန်သောနားလည်မှုတစ်ခုရှိသည့်အပေါ်တွင်မူတည်ကြောင်းသတိ ရှိကြရမည်။(ယော ၃း၁၆၊ ၆း၅၃၊ ၁၇း၃)ကျွန်ုပ်တို့အနေဖြင့်သူ၏ ဒုက္ခနှင့် သေခြင်းတရားအပေါ်မှန်ကန်သောနားလည်မှုရရှိပါက ဤကယ်တင်မှုတွင်ပါဝင်မျှဝေနိုင်ရန်အလို့ငှာဗတ္တိဇံခံနိုင်ကြမည်ဖြစ်ပါသည်။

ထာဝရဘုရားသခင်နှင့်ယေရှုအကြားဆက်နွယ်မှု၏ အရှင်းလင်းဆုံး အကျဉ်းချုပ်များအနက်တစ်ခုကို(၁တိ ၂း၅)တွင်တွေ့ ရသည်။ ဘုရားသခင်တစ်ဆူတည်းရှိတော်မူ၏၊ ဘုရားသခင်နှင့်လူတို့၏ စပ်ကြားမှာ လူဖြစ်သောယေရှုခရစ်တည်းဟူသောအာမခံ တစ်ဦးတည်းရှိသည်။ မီးမောင်းထိုးပြသောစကားလုံးများပေါ်တွင်ရောင်ပြန်ဟပ်မှုမှာအောက်ပါနိဂုံးများကိုဦးတည်စေသည်။

- ထာဝရဘုရားတစ်ဆူတည်းသာရှိသဖြင့်ယေရှုသည်ဘု ရားသခင် ဖြစ်နိုင်သည်ဟူသောအချက်မှာမဖြစ်နိုင်ပေ။ အကယ်၍ သခင်သည်ဘုရားဖြစ်၍၊ ယေရှုသည်လည်းဘုရားဖြစ်လျှင် ဘုရားနှစ်ဆူရှိလာသည်။ သို့ရာတွင်ကျွန်ုပ်တို့ အတွက် ဘုရား တစ်ဆူ သာရှိသည်။ ထိုဘုရားသည် ကျွန်ုပ်တို့၏ သခင်ဖြစ် သည်။ (၁ကော ၈း၆)
- ထာဝရဘုရားသည်ဘခင်ဖြစ်၍ တစ်ဆူတည်းသော ဘုရားဖြစ်သည်။ သုံးဆူသောဘုရား၏ မှားယွင်းသောသော ဩဝါဒ သို့သားတော်ဘုရားဟူသော သီးခြားသတ္တဝါတစ်ဦး ရှိနိုင်သည်ဆိုခြင်းမှာမဖြစ်နိုင်ပေ။ ဓမ္မသတ်ဟောင်းကျမ်းက **Yahweh** ကိုအလားတူပုံတူကူးကာဘခင်အဖြစ်ဘုရားတစ်ဆူ တည်းရှိသည်ဟုဆိုသည်။ (ဟေရှာ ၆၃း၁၆၊ ၆၄း၈)
- ဤဘုရားတစ်ဆူအပြင်ခရစ်တော်ယေရှုဟူသောကြားခံလူတစ်ဦးရှိသည်။----**နှင့်- ကြားခံတစ်ဦးထိုစကားလုံး **နှင့်[☼☼]မှာ ခရစ်တော်နှင့် ထာဝရဘုရားအကြား ကွဲပြားခြားနားမှုတစ်ခုကိုညွှန်ပြသည်။
- ခရစ်တော်သည်ကြားခံလူအဖြစ်သူသည် အောင်သွယ်တော် တစ်ဦးဖြစ်သည်။ အပြစ်ရှိသောလူနှင့်အပြစ်မဲ့သော ဘုရားသခင် သည် ၎င်းကိုယ်တိုင်အပြစ်မဲ့သောဘုရားသခင် မဖြစ်နိုင်ဟူသော ကြားခံလူတစ်ဦးအဖြစ်သူသည်အပြစ် ကျူးလွန်တတ်သော လူ့သဘာဝရှိသည့်အပြစ်မရှိသောလူတစ်ယောက်ဖြစ်ရပေမည်။ ခရစ်တော်ယေရှုဟူသောလူသည် ဤရှင်းပြမှု၏ မှန်ကန်မှုအဖြစ်ကျွန်ုပ်တို့အားသံသယဖြစ်မှုမထားခဲ့ပေ။ ယေရှု ထမြောက် လာပြီးနောက်တွင်သူသည် စာရေးနေခဲ့သော်လည်း ပေါလုက ထာဝရဘုရား ခရစ်တော်ယေရှုဟုမပြောခဲ့ပေ။

ထာဝရဘုရားသည်လူတစ်ဦးမဟုတ်ကြောင်းကျွန်ုပ်တို့အား အကြိမ်များစွာ သတိပေးခဲ့ပြီးဖြစ်သည်။ (တော ၂၃း၁၉၊ ယော ၁၁း၉) သို့တိုင်ဓမ္မသတ်သစ်တွင်မကြာခဏခေါ်ဝေါ်သည့် အတိုင်းလူသား ခရစ်တော် ယေရှုကဲ့သို့ ရှင်းလင်းစွာလူ၏သားဖြစ်ကြောင်းဖော်ပြ ထားသည်။ သူသည် ကြီးမြတ်သောလူ၏သားတော်ဖြစ်သည်။(လု

၁း၃၂)ဘုရားသခင်သည် ကြီးမြတ်သော ဟုဆိုခြင်းမှာ သူ့တွင် အဆုံးစွန်သော အမြင့်မားဆုံးကိုညွှန်ပြသည်။ ယေရှုသည်ကြီးမြတ်သော သူ၏သားတော် ဟုဆိုခြင်းမှာ သူသည်လူပုဂ္ဂိုလ်အနေဖြင့် သူကိုယ်တိုင်ထာဝရဘုရားမဖြစ်နိုင်ကြောင်းပြဆိုလေသည်။ အဖေနှင့်သားမှာ ထာဝရဘုရားနှင့် ယေရှုကိုအသုံးပြုခြင်းဖြစ်ပြီးသူတို့သည် အတူတူ မဟုတ် ကြောင်း ထင်ရှာပေးသည်။ သားတစ်ဦးတွင်သူ၏ ဖခင်နှင့်အချို့ အချက်များတွင် တူညီမှုရှိနိုင်သော်လည်းသူ့ဘခင်ကဲ့သို့ တစ်ဦးတည်းမဖြစ်နိုင်။ သူ့ဘခင်ကဲ့သို့ လည်းမကြီးရင့်နိုင်၍ အချက်နှင့်အံဝင်ခွင်ကျပင်ဘုရားသခင်နှင့် ယေရှုအကြား ထင်ရှားသော ကွဲပြားခြားနားချက်များစွာ ရှိပေသည်။ ထိုအချက်များ ကယေရှု သည်ထာဝရဘုရားသခင်ကိုယ်တိုင်မဟုတ်ကြောင်းထင်ရှားစွာ ဖော်ပြသည်။

## ထာဝရဘုရားယေရှု

- ◆ ထာဝရဘုရားကိုသွေးဆောင်ခြင်းမပြုလုပ်နိုင်။
- ◆ ခရစ်တော်သည်ငါတို့ခံရသည့်နည်းတူအမျိုးမျိုးသော စုံစမ်း (ယာ ၁း၁၃)နှောက်ယှက်ခြင်းတို့ကိုခံဘူးသော သူဖြစ်သည်။(ဟေဗြဲ၄း၁၅)
- ◆ ထာဝရဘုရားသည်မသေနိုင်၊ ထာဝရဂုဏ်အသရေ
- ◆ ခရစ်တော်သည်(၃)ရက်သေခဲ့သည်။ (မ ၁၂း၄၀၊ ၁၆း၂၀) အစွမ်းသတ္တိတော်မူသည်။ (ဆာ ၉၀း၂၊၁တိ ၆း၁၆)
- ◆ ထာဝရဘုရားကိုလူတို့မမြင်တွေ့နိုင်။(၁တိ ၆း၁၆၊
- ◆ လူများကယေရှုကိုမြင်သည်။ လက်နှင့်စမ်းသပ်ခဲ့သည်။(ထွ ၃၃း၂၀) (၁ယော ၁း၁)

ကျွန်ုပ်တို့စုံဆောင်ခံကြရသော အခါကျွန်ုပ်တို့အနေဖြင့်ဒုက္ခနှင့်ထာဝရ ဘုရားသခင်အားလေးစားကြည်ညိုမှုအကြား ရွေးချယ်မှုတစ်ခုပြုလုပ်ရန် တွန်းအား ပေးခံကြရသည်။ မကြာခဏပင်ကျွန်ုပ်တို့က ထာဝရဘုရားကို မလေးစားရန်ရွေးချယ်ကြသည်။ ခရစ်တော် တွင်လည်းအလားတူ ရွေးချယ်မှုများရှိပေသည်။ သို့ရာတွင်လေးစားကြည်ညိုရန်အမြဲရွေးချယ်ကြသည်။ သူကိုယ်တိုင်မည်သည့်အခါမျှ အမှန်တကယ်မပြုလုပ်ခဲ့သော်လည်း သူ့တွင် ဒုက္ခခံစားရမည့်အခြေအနေများရှိနေပေသည်။ ထာဝရဘုရားတွင် ဒုက္ခရောက်နိုင်ဘွယ်ရာ ရှိမှုမှာ မတွေးတောနိုင်ဘွယ် ဖြစ်သည်။ ဒါဝိဒ်၏ အမျိုးအနွယ်ကထားခဲ့သော ကတိကခရစ်တော်အသေအချာ ဖြစ်သည်ဟူသော အချက် ဖြစ်သည်။(၂ရာ ၇း၁၂-၁၆) အပိုဒ်၁၄ ကခရစ်တော် ၏အပြစ်ဖြစ်နိုင်မှုကို ဖော်ပြသည်။ အကယ်၍သူသည်ဒုစရိုက်ကိုပြုလျှင်ကြိမ်လုံးဖြင့်ငါဆုံးမမည်။

## ၈.၃ ယေရှု၏သဘာဝ

သဘာဝဟူသော စကားလုံးမှာကျွန်ုပ်တို့အနေဖြင့်သဘာဝအားဖြင့် အခြေခံအားဖြင့်မည်သည်တို့ဖြစ်သည်ကိုရည်ညွှန်း သည်။ ကျွန်ုပ်တို့အနေဖြင့် လေ့လာမှုတွင် ထာဝရဘုရားသခင်တွင် လူဟူသော သဘာဝနှစ်ခုနှင့်သာ သမ္မာကျမ်းစာ ကပြောသည်။ သဘာဝအားဖြင့်ထာဝရဘုရားသည်မသေနိုင်၊ ဆွဲဆောင်မှုမပြုနိုင်ခရစ်တော်သည်သူ၏ ဘဝအချိန်အတွင်း ဘုရားသခင်၏ သဘာဝမရှိနိုင်၊ ထို့ကြောင့်သူသည်ရာနှုန်းပြည့်လူသားသဘာဝဖြစ်သည်။ ကျွန်ုပ်တို့၏''**nature**''ဟူသော စကားလုံး၏အဓိပ္ပါယ်ဖွင့်ချက်အရ ခရစ်တော်သည်ကျွန်ုပ်တို့ကဲ့သို့ ဆွဲဆောင်ခြင်းခံရသည်မှာအရေးကြီးပေသည်။(ဟေဗြဲ ၄း၁၅)ယင်းမှသူ၏ဆွဲဆောင်မှုကိုပြည့်ဝစွာ ကျော်လွှားခြင်းဖြင့် ကျွန်ုပ်တို့အတွက်ခွင့်လွှတ်မှုပြုနိုင်သည်။ ကျွန်ုပ်တို့၏ဆွဲဆောင်မှု၏ အခြေခံများဖြစ်သော မှားယွင်းသောဆန္ဒသည် ကျွန်ုပ်တို့၏ အတွင်းမှလာသည်။(မာ ၇း၁၅-၂၃)ကျွန်ုပ်တို့၏ လူ့သဘာဝ အတွင်းမှ လာသည်။(ယာ ၁း၁၃၁၅) ထို့ကြောင့်ထိုဆွဲဆောင်မှု များကိုကျော်လွှားမှုနှင့်တွေ့ကြုံနိုင်မှုပြုလုပ်ရန် ခရစ်တော်သည်လူ့သဘာဝအတိုင်းဖြစ်သည်။(ဟေဗြဲ ၂း၁၄-၁၈)၍အချက် အားလုံးကို စကားလုံးများစွာ ဖြင့်ဖော်ပြထားသည်။

**ထိုသူငယ်တို့သည်အသွေးအသားနှင့်ဆက်ဆံကြသောကြောင့် ခရစ်တော်သည် အသေခံတော်မူသော အားဖြင့် သေခြင်း တရားကို အစိုးရသော သူတည်းဟူသော မာရ်နတ်မင်း၏ တန်ခိုး ကို

ချိုးဖဲ့ဖျက်ဆီးခြင်းငှာလည်းကောင်း၊ သေဘေးကိုကြောက်၍ တစ်သက်လုံးကျွန်ခံရသော သူတို့ကိုကယ်လွှတ်ခြင်းငှာ လည်းကောင်း၊ ထိုသူငယ်တို့၏နည်းတူ အသွေးအသားကို ဆောင်ယူတော်မူ၏။ အကြောင်းမူကား ခရစ်တော်သည် ကောင်းကင်တမန်တို့ကိုမစတော်မူမည် မဟုတ် အာဗြဟံအမျိုးကို မစတော်မူ၏။ ထို့ကြောင့် ခရစ်တော်သည် လူတို့၏ အပြစ်ဖြေစရာအကြောင်းကိုစီရင်၍ ဘုရားသခင် စပ်ဆိုင်သောအရာတို့၌ ဂရုဏာနှင့်လည်းကောင်း၊ သစ္စာနှင့် လည်းကောင်းပြည့်စုံသော ယာစ်ပရောဟိတ် အကြီးဖြစ်အံ့သော ငှာမိမိညီအစ်ကိုတို့နှင့်လုံးလုံးတူရသောအကြောင်းရှိ၏။ ထိုသို့စုံစမ်းနှောက်ယှက်ခြင်းကို ကိုယ်တော်တိုင်ခံ၍ ဒုက္ခ ဆင်းရဲခြင်း၌ ကျင်လည်သောကြောင့် စုံစမ်းနှောက် ယှက်ခြင်း အမှုနှင့်ကြုံစေသော သူတို့ကို မစခြင်းငှာ တတ်နိုင်တော်မူ၏✡✡

ဤစာပိုဒ်ကယေရှုတွင်လူ့သဘာဝရှိကြောင်းသာမန်ထက်ထူးကဲသော အလေးအနက်ထားမှုရှိသည်။သူသည်သူကိုယ်တိုင် ပါဝင်ဆောင်ရွက်ခဲ့သည်။(ဟေဗြဲ ၂း၁၄)ဤစကားစုတွင်ထိရောက်မှုရှိရန်အဓိပ္ပါယ်တူ စကားလုံး (၃)လုံးကို အသုံးပြုထားသည်။ သူသည်တူညီသော သဘာဝကိုပါဝင်ဆောင် ရွက်သည်။ သူသည်သတင်းအချက် အလက်ပိုင်းတွင် လည်း အလားတူပါဝင် ဆောင်ရွက် ကြောင်းမှတ်တမ်းကပြောနိုင်သည်။ သို့ရာတွင်သူသည်အလားတူ ပါဝင် ဆောင် ရွက်သည်ဟုအလေးအနက်ထားသည်။(ဟေဗြဲ ၂း၁၆) ကအလားတူပင် ခရစ်တော်တွင် တမန်တော်၏ သဘာဝမရှိသောအချက်ကို ညွှန်ပြပေသည်။ သူသည်အာဗြဟံ၏ အမျိုးအနွယ်အဖြစ် အာဗြဟံ၏ အမျိုးအနွယ်များ ဖြစ်လာမည့် ယုံကြည်သူများ၏ အတိုင်းအတာအတွက်ကယ်တင်မှုကို ယူဆောင်မှုဖြစ်ပေါ်သည်။ ထို့ကြောင့်ပင်ခရစ်တော်တွင် လူသဘာဝ ရှိရန်လိုအပ်သည်။ နေရာတိုင်းတွင်သူ့အနေဖြင့် မိမိညီအစ်ကိုတို့နှင့် လုံးလုံးတူညီသော အကြောင်းရှိ၏(ဟေဗြဲ ၂း၁၇)သို့ဖြစ်၍ ဘုရားအနေဖြင့် ခရစ်တော်၏ အနစ်နာခံမှုမှတဆင့်ခွင့်လွှတ်မှုကိုဖြစ်စေနိုင်သည်။ ခရစ်တော်သည် လူ့သဘာဝ အပြည့်အဝမရှိကြောင်းပြောရန်မှာခရစ်တော်၏ ကောင်းချီးသတင်း၏အခြေခံကျမှုကိုအလေးမထားမှာ ပြုမူရှိရမည်ဖြစ်သည်။

ဗတ္တိဇံခံထားသော ယုံကြည်သူများကိအပြစ်ကိုကျူးလွန်ကြသောအခါ ဘုရားသင်ထံသို့လာရောက်ကာခရစ်တော်မှတဆင့် သူတို့၏အပြစ်ကို ဆုတောင်း၍ဝန်ခံကြသည်။(၁ယော ၁း၉)ခရစ်တော်မှာသူတို့ကဲ့သို့ အပြစ်ကျူးလွန်ရန် ဆွဲဆောင်ဖြားယောင်းခြင်းခံရ သော်လည်းသူက ပြည့်ဝသူ ဖြစ်သည့်အတွက်သူတို့ဆုံးရှုံးသောဆွဲဆောင်မှုကို ကျော်လွှားနိုင်ကြောင်း ဘုရားသခင်သထိထားမိသည်။ ထိုအချက်ကြောင့်ပင် ခရစ်တော်၏အကျိုး အတွက် ထာဝရဘုရားသခင်ကကျွန်ုပ်တို့အားခွင့်လွှတ်နိုင်ပေသည်။(ဧ ၄း၃၂) ထို့ကြောင့် ကျွန်ုပ်တို့ကဲ့သို့ ခရစ်တော်အနေဖြင့်မည်ကဲ့သို့ ဆွဲဆောင်ဖြားယောင်း ခြင်းခံရသည်နှင့်ယင်းအတွက်ကျွန်ုပ်တို့၏ သဘာဝကိုဖြစ်နိုင်ရန် လိုအပ်သည်ကို နှစ်သက်ရန်အရေးကြီးပေသည်။ (ဟေဗြဲ ၂း၁၄)ကခရစ်တော်သည် ဤအရာ ကိုဖြစ်နိုင်စေရန်အသွေးနှင့်အသား သဘာဝရှိကြောင်းရှင်းလင်းစွာ ဖော်ပြထား သည်။ သူ့တွင်ရုပ်ခန္ဓာကိုယ်ရှိသော်လည်း ဘုရားသခင်သည် သဘာဝအားဖြင့် နံဝိညာဉ် ဖြစ်တော်မူ၏။(ယော ၄း၂၄) ဝိညာဉ်ကဲ့သို့သူ့တွင် အသွေးနှင့် အသားမရှိပေ။ ခရစ်တော်တွင်အသားသဘာဝရှိခြင်းမှာသူ၏ ဘဝတာ အချိန် အတွင်းထာဝရဘုရားသခင်၏ သဘာဝအတိုင်းရှိရန်မှတစ်ပါး အခြား နည်းလမ်း မရှိဟုဆိုလိုသည်။

ဘုရားသခင်၏နှုတ်ကပတ်တော်ကိုထိမ်းသိမ်းရန် ယခင်ကကြိုးပမ်းမှု များ(**i.e** ဖြားယောင်းဆွဲဆောင်မှုကိုလုံးဝကျော်လွှား နိုင်ရန်)မှာအားလုံး ဆုံးရှုံးခဲ့သည်။ ထို့ကြောင့်ဇာတိပကတိကြောင့် ပညတ်တရားသည် အားနည်း၍မတတ်နိုင်သောအမှုကိုဘုရားသခင် ပြုတော်မူခြင်းငှာ အပြစ်နှင့် ပြည့်စုံသောဇာတိပကတိ၏ သဏ္ဍာန်ကိုဆောင်သောမိမိသားတော်ကို စေလွှတ်တော်မူ၍အပြစ်ဖြေဘို့ရာ ဇာတိပကတိ၌ အပြစ်ကိုဒဏ်ပေးတော်မူ၏။(ရော ၈း၃)

အပြစ်သည်သဘာဝအားဖြင့်ကျွန်ုပ်တို့တွင်ရှိသောအပြစ်ဖြစ်စေရန် သဘာဝဆိုင်ရာတိမ်းစောင်းမှုကိုရည်ညွှန်းသည်။ ကျွန်ုပ်တို့ကဤအတွက် နည်းလမ်းပေးပြီး ထိုအတိုင်းဆက်၍ဆောင်ရွက်စေသည်။ အပြစ်၏ အဘိုးအခမှာသေခြင်းဖြစ်သည်။ ဤအခြေအနေမှ ရုန်းထွက်ရန်လူတို့အနေဖြင့် ပြင်ပအကူအညီလုပ်အပ်ခဲ့သည်။ သူကိုယ်တိုင်အပြီးတိုင်ဆောင်ရွက် နိုင်ရန် မရှိပေ။ ယင်းမှာ ပကတိရုပ်အတွင်းမှ ပကတိရုပ်ကိုပြန်ယူခြင်းရှိသကဲ့သို့ ပြန်၍မယူနိုင်ခြင်းလည်းရှိပေသည်။ ဘုရားသခင်ကကြားဝင်ကာ ကျွန်ုပ်တို့၏ အပြစ်ရှိသော ပကတိရုပ်ကိုကျွန်ုပ်တို့တွင်ရှိသော အပြစ်ဖြစ်ရန် မြန်ဆန်နိုင်မှုများအားလုံးနှင့် ကျွန်ုပ်တို့၏အပြစ်ရှိသော ပကတိရုပ် ရှိသောသူ၏ ကိုယ်ပိုင်သားကိုကျွန်ုပ်တို့အားပေးခဲ့သည်။

အခြားသောလူတိုင်းနှင့်မတူဘဲ သူ့တွင်ကျွန်ုပ်တို့တွင်ရှိသည်။ ဆုံးရှုံးမှုဖြစ်နိုင်ခြေနှင့် အပြစ်ဖြစ်စေမှုရှိသော်လည်း ခရစ်တော်ကဆွဲဆောင်မှုတိုင်းကိုကျော်လွှားခဲ့သည်။(ရော ၈း၃)ကခရစ်တော်၏ လူသဘာဝကိုအပြစ်ရှိသောပကတိရုပ်အဖြစ်ဖော်ပြခဲ့သည်။

ပေါလုကငါ့ဇာတိပကတိ၌ ကောင်းသောအရာတစ်စုံတစ်ရာမျှမတည် သည်ကိုငါသိ၏။ ငါသည်အတွင်းလူအားဖြင့် ဘုရားသခင်၏ ပညတ်တရားတော်ကို ငါနှစ်သက်၏။(ရော ၇း၁၈-၂၃)ဤစာကိုယ်ထဲ တွင်(ရော ၈း၃)တွင်ခရစ်တော်၌ အပြစ်ဖြစ်သောဇာတိပကတိရုပ်ရှိသည်ဟု ဖတ်ရန်မှာ အားလုံးပို၍အံ့ဩဘွယ်ရာကောင်းပေသည်။ ဤအချက်ကြောင့် ထိုသို့ဖြစ်ရခြင်း ဖြစ်ပြီးသူ၏ထိုဇာတိပကတိရုပ်ကိုကျော်လွှားနိုင်မှုမှာ ကျွန်ုပ်တို့တွင် ကျွန်ုပ်တို့တွင်ကျွန်ုပ်တို့၏ ဇာတိပကတိရုပ်မှ လွတ်မြောက်နိုင်သည့် လမ်းတစ်ခုရှိ၍ဖြစ်သည်။ ယေရှုသည်သူ၏ ပင်ကိုယ်သဘာဝ၏ ဒုက္ခဖြစ်မှုကို များစွာသိရှိ ခဲ့သည်။ သူသည်သဘာဝအားဖြင့် သူသည် ကောင်း၍ ပြည့်စုံမှုရှိခဲ့သောကြောင့်ကောင်းသော အရှင်သခင်အဖြစ်အမွှန်းတင်ခံခဲ့နေသည်။ သူကတုန့်ပြန်ခဲ့သည်။ အဘယ့်ကြောင့် သင်ကကျွန်ုပ်ကို ကောင်းသည်ဟု ပြောနိုင်ပါသလဲ။ တစ်ဦးတည်းမှလွဲ၍ ကောင်းသောသူမရှိ ထိုသူသည် ဘုရားသခင်ဖြစ်သည်။(မာ ၁၀း၁၇၊၁၈) အခြားဖြစ်ရပ်တွင် လူများက ခရစ်တော်ပြုလုပ်ခဲ့သော ထင်ရှားသည့် အံ့ဘွယ်များ ကြောင့် ခရစ်တော်၏ ကြီးမြင့်မှုကိုစတင်စမ်းသပ်နိုင်ခဲ့သည်။ ယေရှုကအားလုံးကို သူသိပြီးမည်သူ့မှစမ်းသပ်မှုပြုရန်မလိုသောကြောင့် ယေရှုကယင်းအပေါ်တွင် အာရုံစိုက်မှုမရှိခဲ့ပေ။ သူကလူထဲတွင် ဘာတွေရှိသည်ကို သိနေသည့်အတွက် ဖြစ်သည်။(ယော ၂း၂၃-၂၅) လူ့သဘာဝနှင့် ပတ်သက်၍သူ၏ ကြီးမားသောအသိဉာဏ်ဗဟု သုတကြောင့် သူကသူ၏ ကိုယ်ပိုင်လူသား သဘာဝသည် မည်မျှမကောင်း ကြောင်းသိမြင်လျက် ခရစ်တော်လူတို့အားသူ၏ ကိုယ်ပိုင်မှန်ကန်မှုဖြင့် ပုဂ္ဂိုလ်ရေးအရ ချီးမွမ်းမှုမပြုလုပ်လိုခဲ့ပေ။

## ၈.၄ ယေရှု၏လူ့ဘဝ

ဧဝံဂေလိမှတ်တမ်းများကယေရှုတွင် လူ့စရိုက်သဘာဝ မည်မျှ ပြည့်ပြည့်စုံစုံရှိနေသည့် ဥပမာများစွာကိုဖြည့်ဆည်းပေးသည်။ ယေရှုသည်မောပန်းသောကြောင့်ရေတွင်းမှ ရေသောက်ရန်ထိုင်တော်မူသည်ဟု မှတ်တမ်းကဆိုပေသည်။(ယော ၄း၆)လာဇရုသေဆုံး သည့်အခါယေရှုသည် မျက်ရည်ကျတော်မူ၏။(ယော ၁၁း၃၅)သူ၏နောက်ဆုံးဒုက္ခခံစားရမှုများမှာ သူ၏လူ့ဘဝလူ့စရိုက်ကိုလုံလောက် သောသက်သေပြမှုဖြစ်သည်။ ယွှုငါသည်စိတ်နှလုံးပူပန်ခြင်းရှိ၏၊ အဘယ်သို့ငါလျှောက်ရမည်နည်း၊ ထိုအချိန်မှ ကျွန်ုပ်ကိုကယ်တင် တော်မူပါအဘဟုလျှောက်ရမည်လော။ သူသည်လက်ဝါးကပ်တိုင်တွင်တွေ့သေရတော့မည့်အချိန်တွင် ဘုရားသခင်အားသူ့အား ကယ်တင်ရန်တောင်းဆိုခဲ့သည်။(ယော ၁၂း၂၇) အိုကျွန်ုပ်၏ အဘကျင်ခွက်(ဒုက္ခဝေဒနာခံစားရခြင်းနှင့်သေခြင်း)သည်ကျွန်ုပ်ကို လွန်သွားနိုင်လျှင်လွန်သွားပါစေသော၊ သို့သော်လည်း ကျွန်ုပ်အလိုရှိသည် အတိုင်း မဖြစ်ပါစေနှင့် ကိုယ်တော်အလိုရှိသည်အတိုင်း ဖြစ်ပါစေသောဟု ဆုတောင်းတော်မူ၏။(မ ၂၆း၃၉) ယင်းအချက်ကခရစ်တော်တွင် ထာဝရဘုရားနှင့် ကွဲပြားခြားနားသောစိတ်ဆန္ဒမှာ တစ်နည်းမဟုတ် တစ်နည်းရှိနေကြောင်း ညွှန်ပြလျက်ရှိသည်။ သူ၏ဘဝတစ်ခုလုံးအချိန်အတွင်း ခရစ်တော်ကသူ၏လက်ဝါးကပ်တိုင် တွင်ယင်းနောက်ဆုံးဖြစ်ရပ်အတွက် ပြင်ဆင်ရာတွင် သူ၏ဆန္ဒကိုထာဝရဘုရားထံသို့တင်သွင်းခဲ့သည်။ ငါသည်ကိုယ့် အလိုလျှောက် ဘယ်အမှုကိုမှမပြုနိုင်၊ ငါသည်ကြားသိအတိုင်း တရားစီရင်၏။ ငါစီရင်ခြင်းသည်လည်း တရားတော်နှင့်အညီ ဖြစ်၏ အကြောင်းမူကား ငါသည်ကိုယ်အလိုသို့မလိုက်၊ ငါ့ကိုစေလွှတ်တော်မူသော ခမည်းတော်၏အလိုသို့လိုက်၏။(ယော ၅း၃၀)ခရစ်တော်၏ဆန္ဒတော်နှင့် ဘုရားသခင်၏အလိုတော်အကြားခြားနားမှုမှာ ယေရှုသည်
ထာဝရဘုရားမဟုတ်ကြောင်းလုံလောက်သောသက်သေပြချက်ဖြစ်သည်။

ဤတွင်ယေရှုသည်ကျွန်ုပ်တို့၏အမြင့်မြတ်ဆုံးသောဥပမာ ဖြစ်ပါသည်။ သူ့အတွင်းသို့စိမ့်ဝင်သည်ဘုရားသခင်နှင့် ပတ်သက်သောပြီးပြည့်စုံသည့် အသိပညာဗဟုသုတများသည်ကျွန်ုပ်တို့ထက်မပိုပေ။ ကလေးဘဝမှစတင်၍ ယေရှုသည်ပညာနှင့် စိတ်ပိုင်းဆိုင်ရာတွင်ပြီးပြည့်စုံခြင်း ပမာဏအရပ် တည်း ဟူသော ကြီးရင့်သည့် လူအဖြစ်သို့ရောက်သည်။(ဧ ၄း၁၃)ဘုရားသခင်နှင့် လူတို့၏ရှေ့တွင်မျက်နှာရတော်မူ၏။(လု ၂း၅၂)လူငယ်သည်လည်းကြီးပွား၍ ပညာဉာဏ်သတ္တိနှင့်ပြည့်စုံ၏။(လု ၂း၄၀)ထိုစာပိုဒ် နှစ်ခုတို့မှာခရစ်တော်၏ ရုပ်ပိုင်းဆိုင်ရာကြီးပွားမှုကိုသူ၏ဝိညာဉ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနှင့် အပြိုင ်အဖြစ် ပုံလွှန်ပေးလေသည်။

ကြီးထွားမှုဖြစ်စဉ်သည်လူတွင်သဘာဝအရ လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာအရလည်းကောင်း၊ နှစ်မျိုးစလုံးရှိသည်။ အကယ်၍ သားတော် သည် ဘုရားဖြစ်သည်ကိုသုံးဦးဘုရားနှင့် ပတ်သက်၍ **Athanasian Creed** ဖော်ပြသကဲ့သို့ယင်းမှာ ဖြစ်နိုင်လိမ့်မည် မဟုတ်ပေ။ လူ့ဘဝ၏ အဆုံးတွင် သော်မှ သူကသူဒုတိယအကြိမ်လာရမည့်အချိန်အတိအကျကိုခမည်းတော်မှတပါးသူကိုယ်တိုင်မသိပါဟု ဝန်ခံခဲ့သည်။ (မာ ၁၃း၃)

ထာဝရဘုရားရှင်၏ဆန္ဒတော်ကို လေးစားလိုက်နာမှုမှာ ကျွန်ုပ်တို့ အားလုံး အနေဖြင့် အချိန်အတန်ကြာလေ့လာရမည့်အရာ ဖြစ်သည်။ ခရစ်တော် ကိုယ်တိုင်လည်း သူ၏ဖခင်အားလေးစားမှုအတွက် သင်ယူခြင်းကို သားတစ်ဦးဦး ကဆောင်ရွက်ရမည့်အတိုင်း ဤဖြစ်စဉ်အတိုင်း သွားရမည်ဖြစ်သည်။ ဘုရားသခင်၏ သားတော်မှန် သော်လည်း ဆင်းရဲဒုက္ခကို ခံသောအားဖြင့် နားထောင်ခြင်း အကျိုးအကြောင်းကို သင်တော်မူ၏။ ထိုသို့ စုံလင်ခြင်းရောက် တော်မူပြီးမှ ယုံကြည်နားထောင်သောသူအပေါင်းတို့အားထာဝရ ကယ်တင်ခြင်း ကျေးဇူးကိုပြုသောသူဖြစ်လာ ၏။(ဟေဗြဲ ၅း၈၉) (ဖိ ၂း၇၈) တွင် လက်ဝါး ကပ်တိုင်ပေါ် ၌ သူ၏သေခြင်း၏ အထွဋ်အထိပ် ရောက်ချိန်၌ ယေရှုတွင် အလား တူ ယင်းစိတ်ပိုင်းဆိုင်ရာတိုးတက်မှုဖြစ်စဉ်ကိုမှတ်တမ်းပြုထားသည်။ မိမိ အသေ ရေကိုစွန့်၍အစေခံကျွန်၏သဏ္ဌာန်ကိုယူဆောင်လျက်လူကဲ့သို့သော အဖြစ်၌ ဖွားမြင်ခြင်းကိုခံတော်မူ၏။ ထိုသို့လူ၏ဂုဏ်အင်္ဂါလက္ခဏာနှင့် ပြည့်စုံ လျက် အသေခံခြင်းသာမဟုတ်လက်ဝါး ကပ်တိုင်မှာအသေခံခြင်း တိုင်အောင် အစေ ကျွန်ခံ၍ကိုယ့်ကိုကိုယ်နှိမ့်ချတော်မူ၏။ ဤနေရာတွင် အသုံးပြုသော ဘာသာစကားက သူလက်ဝါးကပ်တိုင်ပေါ်တွင် သေသင့်သည်။ နောက်ဆုံးတွင် သူ့အနေဖြင့် ဘုရားသခင်ကိုလေးစားကြည်ညိုလာစေရန်သူ့ကိုယ်သူ ပို၍ပို၍ နှိမ့်ချလျက်ယေရှုအနေဖြင့်သူ၏စိတ်ပိုင်း ဆိုင်ရာ တိုးတက်မှု ရအောင် မည်ကဲ့သို့ ဆောင်ရွက်သည်ကိုဖော်ပြလေသည်။ဤသို့ဖြင့် သူ၏ဝေဒနာကိုမှန်ကန်စွာ တုန့်ပြန်ခြင်း အားဖြင့်ပြီးပြည့်စုံမှုဖြစ်စေ လေသည်။

ဤအချက်မှယေရှုအနေဖြင့်စိတ်ပါလက်ပါကိုယ်ပိုင်ကြိုးပမ်းမှုဖြင့် မှန်ကန်မှုရ၍ ရုပ်သေးရုပ်တစ်ရုံအနေမျှသာ ဖြစ်စမည့် ထာဝရ ဘုရားသခင်အားဖြင့် ထိုသို့ဆောင်ရွက်ရန် တွန်းအားပေးမည့်နည်းဖြင့် ဆောင်ရွက်၍မရပေ။ ယေရှုကကျွန်ုပ်တို့အားအမှန် တကယ်ချစ်မြတ်နိုးပြီး ဤအကြောင်းအချက်ဖြင့်လက်ဝါးကပ်တိုင်ပေါ်တွင်သူ၏အသက်ကိုပေးခဲ့သည်။ အကယ်၍ဘုရားရှင်က သူ့အားလက်ဝါးကပ်တိုင်ပေါ်တွင် သေရန် တွန်းအားပေးခဲ့ပါက ခရစ်တော်ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့အတွက် ထားရှိရန် အားပေးမှုမှာ အလဟသဖြစ်သွားလေသည်။ (ဧ ၅း၂၊၂၅၊ ဗျာ ၁း၅၊ ဂလာ ၂း၂၀) အကယ်၍ယေရှုသည်ဘုရားဖြစ်လျှင်ပြီးပြည့်စုံပြီးလက်ဝါးကပ်တိုင်ပေါ်တွင် သေရန်ရွေးပိုင်ခွင့်ရှိမည်မဟုတ်ပေ။ ယေရှုအနေဖြင့် ထိုရွေးချယ်မှုများရှိသဖြင့် ကျွန်ုပ်တို့ အားသူ၏ချစ်ခြင်းမေတ္တာကိုနှစ်သက် စေပြီးသူနှင့်ပုဂ္ဂိုလ်ရေး ဆက်နွယ်မှုပြုလုပ်နိုင်စေသည်။

ခရစ်တော်၏သူ၏အသက်ကိုစေတနာပန်းခင်းပေးရန်ဆန္ဒကြောင့် ဘုရားသခင်ကသူ့အားချစ်မြတ်နိုးခဲ့သည်။ ထို့ကြောင့် ငါသည် ကိုယ့် အသက် ကိုစွန့်၍ နောက်တဖန်ယူဦးမည်ဖြစ်သောကြောင့် ငါ့ခမည်းတော်သည် ငါ့ကိုချစ်တော်မူ၏။ ငါ့အသက်ကို အဘယ်သူမျှမလုမယူ၊ ကိုယ့်အလို အလျောက်ငါ့စွန့်၏။ ကိုယ့်အသက်ကိုစွန့်ရသောအခွင့်နှင့် နောက်တဖန် ကိုယ့်အသက်ကိုပြန်ယူရ သောအခွင့်သည်ငါ့၌ ရှိ၏။ ထိုအခွင့်ကို ခမည်းတော်သင်ပေးတော်မူပြီ၊ (ယော ၁၀း၁၇၊၁၈)

ဘုရားသခင်အနေဖြင့်ခရစ်တော်၏ ဆန္ဒရှိသောလေးစားမှုကို အလွန်ကြည်နူးနေမှုမှာ အကယ်၍ယေရှုသည်ဘုရားဖြစ်ပြီး အပြစ်ရှိသောသူနှင့် မိတ်ဖြစ်ဆွေဖြစ်တစ်မျိုးမျိုးဖြင့် လူသားပုံစံဘဝတစ်ခုအတွင်းနေထိုင်ပါက နားလည်ရန် ခဲယဉ်းလိမ့်မည်ဖြစ်သည်။ (မ ၃း၁၇၊ ၁၂း၁၈၊ ၁၇း၅)အဖေကသား၏ လေးစားမှုကိုနှစ်ခြိုက်မှုမှတ်တမ်းမှာ ခရစ်တော်တွင် မလေးစားမှုဖြစ်နိုင်ခြေရှိသော်လည်း လေးစားမှုဖြစ်ရန် စိတ်ပါလက်ပါ ရွေးချယ်မှုကို လုံလောက်သောသက်သေပြမှုဖြစ်စေသည်။

## ခရစ်တော်၏ကယ်တင်ခြင်းလိုအပ်ချက်

သူ၏လူသားစရိုက်သဘာဝကြောင့်ယေရှုသည် ဘဝ၌ နေထိုင်မကောင်း ဖြစ်မှု၊ မောပန်းမှုတို့ကိုကျွန်ုပ်တို့ကဲ့သို့ခံစားရ ပေသည်။ ထို့ကြောင့်အကယ်၍ သူသည်လက်ဝါးကပ်တိုင်ပေါ်တွင်မသေခဲ့လျှင် တစ်နည်းနည်းဖြင့် သေရလိမ့်မည်ဖြစ်သည်။ ဥပမာအသက်ကြီး၍ ဤအမြင်အရယေရှုသည် ဘုရားသခင်အားဖြင့် သေခြင်းမှကယ်တင်၍လိုအပ်မည်ဖြစ်သည်။ ခရစ်တော်သည်လူဇာတိအဖြစ်၌ နေစဉ်ကာလသေခြင်းမှ ကယ်လွှတ်နိုင်တော်မူ သော သူကိုကြီးစွာသောကြွေးကြော်ခြင်း၊ မျက်ရည်ကျခြင်းနှင့် ဆုတောင်း ပဋ္ဌာနာပြုသဖြင့် ကြောက်ရွံ့ရာအမှု၌ ချမ်းသာရလေသည်။(ဟေဗြဲ ၅း၇) ခရစ်တော်အနေဖြင့်သူ့အားသေခြင်းမှကယ်တင်ရန်ဘုရားသခင်အား

လျှော က်ထားရာ တွင်ဘုရားသခင်သည် လူအဖြစ်ဖြင့်ရှိနေခြင်းက သူ့အတွက်ပို၍ဖြစ်နိုင်လေသည်။ သေခြင်းတရားသည်နောက်တစ်ဖန် ကိုယ်တော်ကိုမအုပ်စိုးရသည်ကိုထောက်သော်ငါ တို့သည် ခရစ်တော်နှင့် အတူသေလျှင်ထိုသခင်နှင့် အတူရှင်လိမ့်မည်ဟုသဘောရှိ ကြ၏။(ရော ၆း၉)

ဆာလံကျမ်းအများစုသည်ယေရှု၏ဟောပြောချက်များဖြစ်သည်။

ဆာလံကျမ်းတစ်ခုမှအချို့စာပိုဒ်များသည်ခရစ်တော်နှင့် ပတ်သက်၍ ဓမ္မသတ်သစ်တွင် ဖော်ပြထားသောအခါ ဆာလံကျမ်းမှ အခြားစာပိုဒ်များစွာ တို့သည် လည်းသူ့အကြောင်းပင်ဖြစ်သည်ဟု ယူဆနိုင်သောအကြောင်း ခိုင်လုံလေသည်။ ခရစ်တော်အနေဖြင့် ဘုရားသခင်အားဖြင့် ကယ်တင်ခြင်း အတွက် လိုအပ်ချက်များစွာ ရှိနေမည်ဖြစ်ကြောင်း အလေးထားပေသည်။

- (ဆာ ၉၁း၁၁၊၁၂)သည်ယေရှုအကြောင်း(မ ၄း၆) တွင် ဖော်ပြထားသည်။(ဆာ ၉၁း၁၆)ကဘုရားသခင်ကယေရှုကို ကယ်တင်ခြင်းမည်ကဲ့သို့ပေးသည်ကိုဟောကြားထားသည်။ ရှည်သောအသက်နှင့်သူ့ကိုရောင့်ရဲစေ၍ငါ၏ ကယ်တင်ခြင်း ကျေးဇူးကိုသူ့အားပြမည်။(ဆာ ၆၉း၂၁)ကခရစ်တော်၏ လက်ဝါးကပ်တိုင်ပေါ်တွင်အသတ်ခံရခြင်းကို ရည်ညွှန်းထားသည်။(မ၂၇း၃၄)ဆာလံကျမ်းတစ်ခုလုံးက လက်ဝါးကပ်တိုင် ပေါ်တွင်ခရစ်တော်၏အတွေးများကို ဖော်ပြထားသည်။ ကျွန်ုပ်အားကယ်တင်တော်မူပါ---အိုဘုရားသခင်--- ကျွန်ုပ်၏ဝိညာဉ်သို့အမှောင်ထုလွှမ်းခြုံ ပေးတော်မူပါ---ရွေးနှုတ်ကယ်တင်ပေးပါ။ အိုဘုရားသခင်--- ကျွန်ုပ်အားအမြင့်သို့တင်ပေးတော်မူပါ။
- (ဆာ ၈၉)သည်ခရစ်တော်နှင့်ပတ်သက်၍ ဘုရားရှင်၏ ဒါဝိဒ်သို့ပေးသောကတိအပေါ်တွင်မှတ်ချက်ပြုထားသည်။ ခရစ်တော်နှင့်ပတ်သက်၍(ဆာ ၈၉း၂၆)၏ဟောပြောချက်များမှ **ကိုယ်တော်သည်ကျွန်ုပ်၏အဘ၊ ကျွန်ုပ်၏ ဘုရားသခင်ကျွန်ုပ်ကိုကယ်တင်ရာကျောက်ဖြစ်တော်မူ၏ဟု ငါ့ကိုကြွေးကြော်ကြလိမ့်မည်။✡✡

ကယ်တင်မှုအတွက်ခရစ်တော်၏ ဘုရားသခင်ထံသို့ ဆုတောင်းမှုများကိုကြားရသည်။ သူ၏ပုဂ္ဂိုလ်ရေးဆိုင်ရာ ဝိညာဉ်ကြောင့် သူပြောသည်ကိုကြားရသည်။ သုံးဆူဘုရားတစ်အတွင်းသူ၏ နေရာကြောင့်ကြားရခြင်းမဟုတ်ပေ။(ဟေဗြဲ ၅း၇) ဘုရားသခင်က ယေရှုကိုပြန်လည်ရှင်သန်ထ မြောက်စေပြီး အသက်ရှင် စေခြင်းဖြင့် ဂုဏ်ပြုခြင်းများဓမ္မသတ်သစ်ကျမ်း၏အဓိကအချက် တစ်ခုဖြစ်သည်။

- **ဘုရားသခင်ကယေရှုကိုထ မြောက်စေတော်မူပြီး ထိုသူကိုအစိုးရသောအရှင်အရာ၌ လည်းကောင်း၊ ကယ်တင်သော သခင်အရာ၌ လည်းကောင်း၊ ဘုရားသခင် ခန့်ထား၍ မိမိလကျာ်လက်တော်နှင့် ချီးမြှင့်တော်မူပြီ။✡✡ (တ ၅း၃၀-၃၁)
- **ဘုရားသခင်သည်မိမိသားတော်၏ ဘုန်းကို ထင်ရှား စေတော်မူပြီ၊ ထိုအရှင်ကို ဘုရားသခင်သည် သေခြင်းမှ ထမြောက် စေတော်မူသည်။✡✡ (တ ၃း၁၃၊၁၅)
- **ယေရှုကိုဘုရားသခင်ထမြောက်စေတော်မူသည်။✡✡ (တ ၂း၂၄၊၃၂၊၃၃)
- ယေရှုကဘုရားသခင်အားသူ၏ဂုဏ်ကိုထင်ရှားစေသောအခါ
  ဤအရာအားလုံးကိုယေရှုကိုယ်တိုင်မှတ်မိလေသည်။ (ယော ၁၇း၅ cp ၁၃း၃၂၊ ၈း၅၄)

အကယ်၍ယေရှုကိုယ်တိုင်ဘုရားဖြစ်လျှင် ဘုရားသခင်သည် မသေနိုင်သည်ကို သိမြင်လျက် ဤအလေးအနက်ထားမှု အားလုံး သည်ပျက်ပြားသွားလိမ့်မည်ဖြစ်သည်။ အကယ်၍ သူသည် ဘုရားရှင်ဖြစ်ပါက ယေရှုအနေဖြင့်ကယ်တင်ခြင်းကိုလိုအပ်လိမ့်မည် မဟုတ်ပေ။ ယေရှုကို မြင့်မြတ်အောင်ပြုလုပ်သောဘုရားသခင်မှာ ဘုရားသခင်၏ သူ့အပေါ်တွင် သာလွန်မှုနှင့်ထာဝရဘုရားနှင့်ယေရှု၏ သီးခြားဖြစ်မှုကို ညွှန်ပြလျက်ရှိသည်။ အင်္ဂလန်နိုင်ငံ၏ ဘုရားကျောင်းမှ ပထမဆုံးဖော်ပြသော ဆောင်းပါး ၃၉ပိုဒ် အတိုင်းခရစ်တော် အနေဖြင့်ဘုရားသခင်၏ ဦးခေါင်းတော်နှင့် လူအဖြစ် သဘာဝနှစ်မျိုးနှင့် ခရစ်တော်သည် ထာဝရဘုရားသခင်မဖြစ်နိုင်ပေ။ သို့ဖြစ်ရာ သတ္တဝါ တစ်မျိုးတွင်သဘာဝတစ်ခုသာ ရှိရမည်ဖြစ်သည်။ ကျွန်ုပ်တို့က ခရစ်တော်သည်ကျွန်ုပ်တို့၏လူ့စရိုက်သဘာဝလွှမ်းခြုံထားကြောင်းသက် သေပြချက်ကို တင်သွင်းလိုက်ပါသည်။

## ၈.၅ ထာဝရဘုရားနှင့်ယေရှုဆက်နွယ်မှု

ဘုရားသခင်ကယေရှုအားမည်ကဲ့သို့ရှင်သန်ထမြောက် စေသည်ဟူသော စဉ်စားမှုကဘုရားသခင်နှင့်ယေရှုအကြား ဆက်နွယ် မှုကိုစဉ်းစားရန် ဦးဆောင် လျက်ရှိသည်။ အကယ်၍သူတို့သည် သုံးဆူဘုရားဩဝါဒ ဖော်ညွှန်း ချက်ကဲ့သို့ အတူတကွတူညီမှု၊ အတူတကွ ထာဝရဖြစ်တည်မှုဖြစ်ပါက ကျွန်ုပ်တို့ကသူတို့၏ ဆက်နွယ်မှုကိုတူညီမှုများအဖြစ်မျှော် လင့်နိုင်ပေသည်။ ဤအချက်မှာ ပြဿနာ မဟုတ်ကြောင်းကျွန်ုပ်တို့အနေဖြင့် ထိရောက်သော ယုံကြည်မှုကို မြင်ခဲ့ပြီးဖြစ်သည်။ ထာဝရဘုရားသခင်နှင့်ခရစ်တော်အကြား ဆက်နွယ်မှုမှာ လင်နှင့် ့မယားအကြားပုံစံနှင့်ဆင်တူပေသည်။ ယောကျာ်းတိုင်း၏ ဦးခေါင်းကား ခရစ်တော်ဖြစ်သည်။မိန်းမ၏ ဦးခေါင်းကားယောကျာ်းဖြစ်သည်။ ခရစ်တော်၏ဦးခေါင်းကားထာဝရဘုရားသခင်ဖြစ်သည်။ (၁ကော ၁၁း၃)

သူတို့တွင်ယောကျာ်းနှင့်မိန်းမအကြားတွင် တည်ရှိသင့်သကဲ့သို့ တူညီသောပေါင်းစည်းမှုရှိကြသော်လည်း၊ သို့ဖြစ်၍မိန်းမကို ယောကျာ်းက ပိုင်ဆိုင်သကဲ့သို့ ခရစ်တော်သည်ဘုရားသခင်အဘို့ဖြစ်တော်မူ၏။ (၁ကော ၃း၂၃)ယောကျာ်းသည် မိန်းမ၏ဦးခေါင်းဖြစ် သကဲ့သို့ ထာဝရဘုရားသည် ခရစ်တော်၏ဦးခေါင်းဖြစ်သည်။

အဘဘုရားကို ခရစ်တော်၏ ထာဝရဘုရားအဖြစ် မကြာခဏ ဖော်ပြလေ့ရှိပါသည်။ ခရစ်တော်ကောင်းကင်ဘုံသို့တက်လာ ပြီးနောက်ဘုရားသခင်ကို ကျွန်ုပ်တို့၏ဘခင်ယေရှု၏ဘုရားသခင်နှင့် အဘ အဖြစ် ဖော်ပြမှု(၁ပေ ၁း၃၊၈ ၁း၁၇)မှာ ခရစ်တော်၏သက်ရှိ ထင်ရှား ဘဝ အတွင်းရှိခဲ့သကဲ့သို့ယင်းမှယ္ခုသူတို့၏ဆက်နွယ်မှုဖြစ်သည်။ သုံးဆူ ဘုရား ဝါဒကိုဆွဲကိုင်သူများကခရစ်တော်ကိုကမ္ဘာပေါ်မှာသူ၏ဘဝအချိန် အတွင်းဘုရားသခင်ထက်အဆင့်နိမ့်ကျသူအဖြစ်သာ ပြောဆိုခြင်းဖြင့် ငြင်းခုံလျက်ရှိကြသည်။ ဓမ္မသတ်သစ် စာများကိုခရစ်တော်၏ ကောင်းကင်ဘုံသို့ တက်ရောက်ပြီးနောက်နှစ်အနည်းငယ်အတွင်းရေးသားခဲ့သည်။ သို့တိုင် ဘုရားသခင်အား ခရစ်တော်၏ဘုရားသခင်နှင့် အဘအဖြစ်ပြောဆို နေကြဆဲပင်ဖြစ်သည်။ ယေရှုကလည်းအဘအားသူ၏ ထာဝရဘုရားသခင် အဖြစ် ပြုစုဆဲဖြစ်သည်။

ဓမ္မသတ်သစ်ကျမ်း၏နောက်ဆုံးစာအုပ်ဖြစ်သော ဗျာဒိတ်ကျမ်းကို ခရစ်တော်၏ ဂုဏ်မြင့်တက်စေမှုနှင့်ကောင်းကင်ဘုံသို့ တင်ပြီးနောက် အနည်းဆုံးနှစ်ပေါင်း(၃၀)အကြာတွင်မှ ရေးသားခဲ့ခြင်းဖြစ်သည်။ သို့တိုင်ဘုရားသခင်အားခရစ်တော်၏ထာဝရဘုရား နှင့်ဘခင်အဖြစ် ဖော်ပြပြောဆိုလေသည်။ (ဗျာ ၁း၆)ဤစာအုပ်ထဲတွင် ပြန်လည်ရှင်သန် ထမြောက်သော ဂုဏ်သရေရှိသောခရစ်တော်က သတင်းအချက်အလက်များကို ယုံကြည်သူများသို့ပေးခဲ့သည်။ သူကကျွန်ုပ်၏ဘုရားသခင်၏ ဘုရားကျောင်းကျွန်ုပ်၏ဘုရားသခင်၏ အမည်ကျွန်ုပ်ဘုရားသခင်၏ မြို့တော်ကိုပြောသည်။(ဗျာ ၃း၁၂)ဤအချက် ကယေရှုကအဘကိုသူ၏ ထာဝရဘုရားအဖြစ်ယ္ခုအချိန် အထိသော်မှသက်သေပြလျက်ရှိသည်။ ထို့ကြောင့် သူ(ယေရှု)သည် ထာဝရဘုရားမဟုတ်ပေ။

သူ၏သက်ရှိဘဝအတွင်းယေရှုကသူ၏ အဘအားအလားတူ နည်းလမ်း တစ်ခုဖြင့် ဆက်နွယ်ခဲ့သည်။ ကောင်းကင်ဘုံသို့ တက်ရာတွင် **ကျွန်ုပ်၏ အဘနှင့်သင်၏ အဘနှင့်ကျွန်ုပ်၏ ထာဝရဘုရားနှင့် သင်၏ ထာဝရဘုရား✡✡ (ယော ၂၀း၁၇)လက်ဝါးကပ်တိုင် ပေါ်တွင်ယေရှုကသူ၏ လူ့ဘဝကို အပြည့် အစုံတန်ဆာဆင်ခဲ့သည်။ ကျွန်ုပ်၏ဘုရား၊ ကျွန်ုပ်၏ဘုရား အဘယ်ကြောင့် ကျွန်ုပ်ကိုစွန့်ပစ် တော်မူသနည်း။(မ ၂၇း၄၆) အကယ်၍ ဘုရားသခင်ကိုယ်တိုင် ပြောပါကယင်းကဲ့သို့စကားလုံးများမှာနားလည်ရန်မဖြစ်နိုင်ပေ။ ယေရှုက ဘုရား သခင်အားကြီးစွာသော ကြွေးကြော်ခြင်းနှင့် မျက်ရည်ကျခြင်းနှင့် ဆုတောင်း ပဌာနာ ပြုခြင်းမှာသူတို့ဆက်နွယ်မှု၏ စစ်မှန်သောသဘာဝကို ညွှန်ပြလေသည်။(ဟေဗြဲ ၅း၇၊ လု ၆း၁၂)ဘုရားရှင်အနေဖြင့် သူ့ကိုယ်သူ ဆုတောင်းမှုမပြုနိုင်က ယ္ခုအခါတွင်ကား ခရစ်တော်က ဘုရား သခင်အား ကျွန်ုပ်တို့၏ ကိုယ်စား ဆုတောင်းပေး လေသည်။ (ရော ၈း၂၆၊၂၇) **NIV cp** ၂ကော ၃း၁၈ **V.mg**)

သူ၏သက်ရှိဘဝအတွင်းခရစ်တော်နှင့် ထာဝရဘုရား ဆက်နွယ်မှုများ အခြေပြခံအားဖြင့်ယ္ခုဖြစ်ပေါ် နေသောအခြေအနေနှင့် ခွဲကြားခြားနားမှု မရှိကြောင်းညွှန်ပြလျက်ရှိသည်။ ခရစ်တော်ကဘုရားသခင်အားသူ၏ဘခင်၊ သူ၏ဘုရားအပြစ်ဆက်နွယ်၍ ဘုရားသခင်အားဆုတောင်းလေသည်။ ခရစ်တော်ပြန်လည်ရှင်သန်ထမြောက်ခြင်းနှင့် ကောင်းကင်ဘုံသို့ တက်ရောက်ပြီးသည့်နောက် အလားတူဖြစ်ရပ်ကို ယ္ခုအခါရရှိလျက်ရှိပေသည်။ သူ၏ကမ္ဘာပေါ်တွင်သက်ရှိအပြစ်ရှိနေစဉ်အတွင်းခရစ်တော်သည်ထာဝရဘုရား၏ ကျွန်ဖြစ်ခဲ့သည်။(တ ၃း၁၃၊၂၆၊ **NIV** ဟေရှာ ၄၂း၁၊၅၃း၁၁) ကျွန်သည်သခင်၏ အလိုအတိုင်းလုပ်ဆောင်ရသည်ဖြစ်၍သူ၏ဘခင်နှင့် မည်သည့်အခါ မျှမတူညီနိုင်(ယော ၁၃း၁၆) ခရစ်တော်ကသူ၏

ကိုယ်ပိုင်မှန်ကန်မှုထက် သူ့တွင်ဘုရားသခင်ထံမှ မည်သို့သောတန်ခိုးနှင့် လုပ်ပိုင်ခွင့်ပြုခဲ့သည်ကို အလေး အနက်ထားပြောဆိုခဲ့သည်။**ငါသည် ကိုယ့်အလိုအလျောက် အဘယ်အမှုကို မျှမပြုနိုင်၊ ငါသည်ကားသည့် အတိုင်း တရားစီရင်၏၊ ငါစီရင်ခြင်းသည်လည်း တရားတော်နှင့်ညီညွတ်၏။ အကြောင်းမူကားငါသည် ကိုယ့်အလိုသို့မဟုတ် ငါ့ကိုစေလွှတ်တော်မူသော ခမည်းတော်၏အလိုသို့လိုက်၏။ (ယော ၅း၃၀၊၁၉)

## လေ့လာမှု ၈ မေးခွန်းများ

၁။ ဘုရားသခင်သည် သုံးဆူဘုရားတစ်ဖြစ်သည်ဟု သမ္မာကျမ်းစာက သင်ပြပါသလား?

(က) တင်ပြခဲ့ပါသည်။

(ခ) မတင်ပြခဲ့ပါ။

၂။ ယေရှုသည် ကျွန်ုပ်တို့နှင့် အောက်ပါမည်သည့်အချက်များတွင် ကွဲပြားမှုရှိပါသလဲ?

(က) သူသည် မည်သည့်အခါမှ မကောင်းမှုကို မပြုလုပ်

(ခ) သူသည် ဘုရားသခင်၏ ကိုယ်ပိုင်ကြိုတင်စီမံခဲ့သော သား တော်ဖြစ်သည်။

(ဂ) သူသည် မည်သည့်အခါမျှ ဒုက္ခမဖြစ်နိုင်

(ဃ) သူသည် ဘုရားသခင်အား အမှန်တရားအားဖြင့် ဆောင်ရွက် ရန် တိုက်တွန်းခံရသည်။

၃။ အောက်ဖော်ပြပါ မည်သည့်အချက်များတွင် ယေရှုသည် ဘုရားသခင် နှင့်တူညီပါသလဲ?

(က) သူသည် ကမ္ဘာမြေပေါ်၌ သူ့ဘဝထဲတွင် ဘုရားသခင်၏ သဘာဝရှိနေသည်။

(ခ) သူသည်ဘုရားသခင်ကဲ့သို့ပြည့်ဝသော စာရိတ္တရှိသည်။

(ဃ) သူသည်ဘုရားသခင်နှင့် တိုက်ရိုက်တူညီသည်။

၄။ အောက်ပါတို့တွင် မည်သည့်အချက်များက ယေရှုနှင့် ကျွန်ုပ်တို့ တူညီမှုရှိကြပါသလဲ?

(က) သူ့တွင်လူသားကဲ့သို့ဆွဲဆောင်မှုနှင့်အတွေ့အကြုံများရှိသည်။

(ခ) ကလေးသူငယ်ဘဝတွင် သူအပြစ်ကျူးလွန်ခဲ့ဘူးသည်။

(ဂ) သူသည် ကယ်တင်မှုလိုအပ်ခဲ့သည်။

(ဃ) သူ့တွင် လူသားသဘာဝရှိသည်။

၅။ အောက်ပါတို့တွင် မည်သည့်အချက်များသည် မှန်ကန်ပါသလဲ

(က) ယေရှုတွင် ပြည့်စုံသောသဘာဝနှင့်ပြည့်စုံသော အကျင့်စရိုက် ရှိသည်။

(ခ) ယေရှုတွင် အပြစ်ဖြစ်သောသဘာဝရှိသော်လည်း ပြည့်စုံသော အကျင့်စရိုက်ရှိသည်။

(ဂ) ယေရှုသည် ဘုရားသခင်နှင့်အလွန်တူသကဲ့သို့ လူသားနှင့် လည်း အလွန်တူသည်။

(ဃ) ယေရှုသည် ဒုက္ခမဖြစ်မီ အာဒမ်၏သဘာဝရှိခဲ့သည်။

# လေ့လာမှု(၉) ယေရှုသို့ဗတ္တိဇံခံခြင်း

## ၉.၁ ဗတ္တိဇံခံခြင်း၏အဓိကအရေးပါမှု

ရှေ့ပိုင်းလေ့လာမှုများစွာတို့တွင်ကျွန်ုပ်တို့အနေဖြင့်ဗတ္တိဇံခံယူခြင်း၏ အဓိကအရေးပါမှုကိုဖော်ပြခဲ့ပြီးဖြစ်သည်။ ထိုအချက် မှာဧဝံဂေလိ သတင်းလွှာ ကို လေးစားလိုက်နာမှု၏ပထမအဆင့်ဖြစ်သည်။(ဟေဗြဲ ၆း၂)ကဗတ္တိဇံခံခြင်းကို အခြေခံအကျဆုံးသြဝါဒများအနက် တစ်ခုအဖြစ်မိန့်ဆိုသည်။ ဧဝံဂေလိ ကျမ်းစာ များပါဝင်သော အခြေခံအမှန်တရားများကိုမှန်ကန်သောလက်ဆုပ်လက်ကိုင် ပြုမှုတစ်ခုပြုလုပ်ပြီးမှ မမှန်ကန်သော ဗတ္တိဇံခံယူရရှိနိုင်ခြင်းကြောင့်

ကျွန်ုပ်တို့ အနေဖြင့် ဤနောက်ဆုံးအဆင့်တိုင်အောင်ထိုစဉ်းစားမှုများကိုချန်ထားခဲ့သည်။ ကျွန်ုပ်တို့ကထိုလေ့လာမှုများကိုယ္ခုလေ့လာခဲ့ပြီးဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့အနေဖြင့်ယေရှုခရစ်မှ တဆင့်သမ္မာကျမ်းစာက ပေးသောကြီးမားသော မျှော်လင့်ချက်နှင့်မှန်ကန်စွာ ဆက်စပ်မှုရှိလာရန်ဆန္ဒရှိပါကဗတ္တိဇံခံခြင်းမှာမလွဲမသွေ လိုအပ်ချက်တစ်ခုဖြစ်လာမည်ဖြစ်ပါသည်။

အာဗြဟံနှင့်သူ၏အမျိုးအနွယ်သို့သာ ပြုလုပ်ထားသော ကယ်တင်ခြင်းနှင့် ပတ်သက်သည့်ကတိစကားများဟုမှတ်ယူလျက် ကယ်တင်ခြင်းသည်ဂျူးများ၏ ကယ်တင်ခြင်းဖြစ်သည်။(ယော ၄း၂၂)ခရစ်တော်သို့ဗတ္တိဇံခံယူခြင်းအားဖြင့် အကယ်၍ကျွန်ုပ်တို့က အမျိုးအနွယ်ထဲတွင်ဖြစ်လာပါက ကျွန်ုပ်တို့အနေဖြင့် ထိုကတိစကားများကိုကျွန်ုပ်တို့ကပြုလုပ်နိုင်သည်။(ဂလာ ၃း၂၂-၂၉)

ယေရှုကသူ၏နောက်လိုက်များအားရှင်းလင်းစွာအမိန့်ပေးခဲ့သည်။ ကမ္ဘာ အနှံ့သွား၍သတ္တဝါတိုင်းသို့ဧဝံဂေလိတရားတော် ကိုဟောကြားပါ။(ဂလာ ၃း၈) (အာဗြဟံသို့ပေးထားသောကတိစကားများတွင်ပါဝင်သော)ခရစ်ယာန်ဘာသာတွင်ယုံကြည်၍ ဗတ္တိဇံ ခံယူသောသူသည်ကယ်တင်ခြင်းခံရလိမ့်မည်။(မာ ၁၆း၁၆)'and'ဟူသော စကားလုံးအပေါ်တွင်ရောင်ပြန်ဟပ်မှုမှာဧဝံဂေလိတစ်ခုတည်း ပေါ်တွင် ယုံကြည်မှုဖြင့် ကျွန်ုပ်တို့အားမကယ်တင်နိုင်ဟုဆိုသည်။ ခရစ်ယာန်ဘဝတွင် ဗတ္တိဇံယူခြင်းသည်နောက်ထပ်အပိုအလုပ် တစ်ခုမျှသာမဟုတ်ပေ။ ကယ်တင်ခြင်းအတွက်အဓိကလိုအပ်ချက်တစ်ခုဖြစ်ပေသည်။ ဤအချက်က ဗတ္တိဇံခံယူခြင်း တစ်ခုတည်းဖြင့် ကျွန်ုပ်တို့အားမကယ်တင်နိုင်ပေ။ ထိုလုပ်ရပ် နောက်တွင် ခရစ်တော်၏ နှုတ်ကပတ်တော်သို့ဘဝတစ်သက်တာလုံးဆက်တိုက် လေ့လာမှုပြုလုပ်ရမည်ဖြစ်သည်။ ယေရှုကဤအချက်ကိုအလေးအနက်ထား ပြောဆိုခဲ့သည်။ ရေနှင့်ဝိညာဉ်တော်မမွေးသောသူမည်သည်ကား ထာဝရ ဘုရား၏ နိုင်ငံတော်သို့မဝင်ရဟုငါအမှန်အကန်ဆို၏။(ယော ၃း၅)

ဤရေမှမွေးဖွားခြင်းမှာဗတ္တိဇံယူပြီးရေမှပေါ် လွင်လာသော သူတစ် ယောက်ကိုရည်ညွှန်းသည်။ ဤနောက်တွင်သူသည် ဝိညာဉ်တော်ဖြင့် တစ်ဖန် ပြန်၍မွေးဖွားရမည်။ ယင်းမှာဆက်၍ဖြစ်နေသောဖြစ်စဉ်တစ်ခုဖြစ်သည်။ ထာဝရ ဘုရား၏နှုတ်ကပတ်တော်အားဖြင့်တစ်ဖန်ပြန်၍မွေးဖွားခြင်း(၁ပေ ၁း၂၃) ထို့ကြောင့်ထိုအချက်မှာဝိညာဉ်ကမ္ဘာသို့ကျွန်ုပ်တို့၏ ဆက်တိုက်တုန့်ပြန်မှုဖြစ်၍ ကျွန်ုပ်တို့လည်းဝိညာဉ်တော်၏မွေးဖွားမှုဖြစ်လာသည်။ (လေ့လာမှု ၂.၂)ကို ကြည့် ပါ။

ကျွန်ုပ်တို့သည်ခရစ်တော်သို့ဗတ္တိဇံခံကြသည်။(ဂလာ ၃း၂၇)ခရစ်တော်၏ အမည်သို့ဗတ္တိဇံခံကြသည်။(တ ၁၉း၅၊၈း၁၆၊ မ၂၈း၁၉)ကျွန်ုပ်တို့သည် ခရစ်တော်သို့ဗတ္တိဇံခံခြင်းဖြစ်သည်။ လူသားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ခရစ်ယာန်အဖွဲ့အစည်းသို့ ဗတ္တိဇံခံခြင်းမဟုတ်ပေ။ ဗတ္တိဇံမခံဘဲ ကျွန်ုပ်တို့သည် ခရစ်တော်တွင်မရှိကြ။ ထို့ကြောင့်သူ၏ကယ်တင်ခြင်းအားဖြင့်ဖုံးအုပ်ခြင်းမခံ ကြရ။(တ ၄း၁၂)ပေတရုကဤအချက်ပေါ်တွင် အင်အားရှိသောခရစ်ယာန် သမ္မာကျမ်းစာပါ ဘာသာစကားတစ်ခုကိုဇာတ်အိမ်ဖွဲ့၍ ပြောဆိုခဲ့သည်။ နောဧလက်ထက်၌ နည်းသောသူတည်းဟူသော လူရှစ်ယောက်တို့ကို ရေအားဖြင့် ကယ်ဆယ်သောသင်္ဘောကိုတည် လုပ်စဉ်တွင်ထာဝရဘုရား၏ ခန္တီတော်သည် ဆိုင်းလင့်တော်မူသော်လည်းနားမထောင်သောဝိညာဉ်ဖြစ်သတည်း၊ ထိုသို့သော ဥပမာ အတိုင်းယခုတွင်ဗတ္တိဇံသည်ယေရှုခရစ်ထမြောက်တော်မူသော အားဖြင့် ငါတို့ကိုကယ်တင်တတ်၏။ ဗတ္တိဇံဟုဆိုသော်ကိုယ်ကာယ၏ အညစ်အကြေး ဆေးကြောခြင်းကိုမဆိုလို၊ ကိုယ့်ကိုယ်ကိုသိသောစိတ်ကြည်လင်၍ ထာဝရ ဘုရားရှေ့၌ ဝန်ခံခြင်းကိုဆိုလိုသည်။ ဤသို့ဖြင့်ခရစ်တော်တွင် ဗတ္တိဇံခံခြင်းဖြင့် ယုံကြည်သူများအားထာဝရသေခြင်းမှကယ်တင်ခဲ့သည်။(၁ပေ ၃း၂၀) ကယ်ဆယ်သော သင်္ဘောသို့နောဧဝင်ရောက်ခြင်းသည် ကျွန်ုပ်တို့ အနေဖြင့် ဗတ္တိဇံခံယူခြင်းဖြင့် ခရစ်တော်သို့ဝင်ရောက်ခြင်းနှင့်တူပေသည်။ ကယ်ဆယ်သော သင်္ဘောပြင်ပမှလူအားလုံးသည်ရေကြီးသောအားဖြင့်ဖျက်ဆီးခံရပြီးကယ်ဆယ်သော သင်္ဘောအနီးတွင်ရပ်နေသူများ သို့မဟုတ်နောဧ၏မိတ်ဆွေတစ်ဦးမှာမူ သေခြင်းမှ ကယ်တင်ခြင်းခံရရန်မှာ မသေချာပေ။ တစ်ခုတည်းသော ကယ်တင်မှုမှာ ခရစ်တော် ကယ်ဆယ်သောသင်္ဘောအတွင်းရှိနေခြင်းဖြစ်သည်။ နောဧလက်ထက်၌ ဖြစ်သကဲ့သို့ သူ့သားလက်ထက်၌ လည်းအလားတူရေကြီးမှု ဖြစ်လိမ့်မည်။(လု ၁၇း၂၆၊၂၇)ထို့ကြောင့်ခရစ်တော်/ ကယ်ဆယ်သော သင်္ဘောအတွင်းသို့ ဗတ္တိဇံခံယူခြင်းအားဖြင့်ဝင်ရောက်ခြင်းမှာ အရေးအကြီးဆုံးဖြစ်သည်။ ဤအရေးကြီးမှုကို

လူသားစကားလုံးများက သယ်ဆောင်၍ အမှန်ပင်ပျက်ကွက်ခဲ့သည်။ နောဧ၏အချိန်တွင် ကယ်ဆယ်သည့်သင်္ဘောအတွင်းသို့ သမ္မာကျမ်းစာ အမျိုးအစား ဝင်ရောက်မှုမှာ ပို၍အားကောင်းပေသည်။

ရှေးဦးခရစ်ယာန်တို့ကဧဝံဂေလိတရားကို ကမ္ဘာအနှံ့ခရီးသွားကာ ဟောပြော၍ ဗတ္တိဇံခံယူ၍ ခရစ်တော်၏ အမိန့်ကိုလိုက်နာ ခဲ့ကြသည်။ တမန်တော်စာအုပ်က ဤအချက်ကိုမှတ်တမ်းတင်ထားသည်။ ဗတ္တိဇံခံခြင်း၏ အဓိကအရေးပါမှုသက်သေပြချက်ကို ဧဝံဂေလိကိုလက်ခံပြီးနောက် လူများမည်၍မည်မျှမြန်မြန် ဗတ္တိဇံခံယူသည်ကို အလေးအနက်ထားသည်။(ဥပမာ တ ၈း၁၂၊၃၆-၃၉၊ ၉း၁၈၊၁၀း၄၇၊၁၆း၁၅) ဤအလေးအနက်ထားမှုမှာ ဗတ္တိဇံခံယူမှုမရှိဘဲ ဧဝံဂေလိကိုကျွန်ုပ်တို့သင်ကြားခြင်းမှာ အချည်းနှီးဖြစ်သည် ဟူသောအချက်ကိုတစ်ကြိမ်နှစ်ခြိုက်ပါကနားလည်မှုဖြစ်နိုင်သည်။ ဗတ္တိဇံခံ ယူခြင်းမှာ ကယ်တင်ခြင်းလမ်းသို့သွားရန်အဓိက လိုအပ်သော အဆင့်တစ်ခုဖြစ်သည်။ အချို့ဖြစ်ရပ်များတွင် လူများစွာတို့က ဗတ္တိဇံခံယူရန်နှေးကွေးရသည်။ လူများစွာတို့က လိုက်နာ ဆောင်ရွက်ရာတွင် အခက်အခဲများစွာ တွေ့ကြရသည်ကို မီးမောင်းထိုးပြလေသည်။ ထိုအချက်မှာအလွန်အရေးကြီးသည့်အတွက် လူများက ထိုအရာများကို ကျော်လွှားရန်ထာဝရဘုရား၏ အကူအညီဖြင့် ကြိုးပမ်း အားထုတ်မှု ပြုလုပ်ကြရသည်။

ဖိလပ္ပမြထောင်မှူးသည်သူ၏လုံခြုံသောထောင်မှာ အင်အားကြီးမားသော မြေငလျင်ကြောင့်လုံးဝပျက်စီးသွားခြင်းကြောင့် သူ၏ဘဝတွင် ရုတ်တရက်အခက်အခဲပြဿနနှင့် ့တွေ့ကြုံခဲ့ရသည်။ ထောင်သားများအတွက် ပြေးရန်အခွင့်အလမ်းရရှိစေခဲ့သည်။ ထိုအချက်ကသူ၏ဘဝကို ကုန်ကျစရိတ်ဘိုးတစ်ခုထင်စေသည်။ ဧဝံဂေလိတွင်သူ၏ ယုံကြည်မှုက အမှန်တကယ်ဖြစ်ပေါ်လာကာထို ညဥ့်ကိုအချိန်နာရီ၌ ပင် ထောင်မှူးသည် ပေါလုနှင ့်သီလတို့ကိုယူ၍လက်ချက်များကိုဆေးကြောပြီးလျှင် မိမိလူအပေါင်းတို့နှင့်တကွ ဗတ္တိဇံကိုချက်ခြင်းခံလေ၏။(တ ၁၆း၃၃) အကယ်၍တစ်ဦးတစ်ယောက်က ဗတ္တိဇံခံယူ၍ နှေးကွေးမှုဖြစ်ပေါ်ခဲ့လျှင် ၄င်းမှာလူအဖြစ် ကြောင့်ဖြစ်သည်။ နှစ်ပေါင်း ၃၀၀၀ကကရိနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော အဆိုးဝါးဆုံးမြေငလျင်တွင် သမိုင်းအတွင် ရစ်ဆုံး ထောက်ဖောက်မှု ဖြစ်ခဲ့ရာ တာဝန်လစ်ဟင်းမှုကြောင့် သူ့ခေါင်းပေါ်သို့ အသတ်ခံရမည့်ဘေးကျလာခဲ့သည်။ သို့တိုင်သူ၏ ဘဝတစ်လျှောက်လုံးနှင့် ထာဝရနေထိုင်မှုအတွက်အရေးအကြီးဆုံးပြီးလုပ်ရမည်။ လုပ်ငန်းတစ်ခုကို ရှင်းလင်းစွာမြင်တွေ့ခဲ့သည်။ ဤသို့ဖြင့်သူ့ကမ္ဘာ ပတ်ဝန်းကျင်မှ ရုတ်တရက်ပေါ် ပေါက်လာခဲ့သောပြဿနာများကို ကျော်လွှားနိုင်ခဲ့သည်။(ဥပမာ မြေငလျင်)သူကိုယ်တိုင်တွေ့ရှိခဲ့သော သူ၏ နေ့စဉ်လုပ်ငန်း၏ ဖိအားနှင့် စိတ်လှုပ်ရှားမှုမှာ ဗတ္တိဇံခံရန်ပင်ဖြစ်သည်။ ဗတ္တိဇံခံရန် တုန့်ဆိုင်းတတ်တော လူများအနေဖြင့် ထိုလူထံမှ မှန်ကန်သောအသိအမြင်ကိုရယူနိုင်သည်။ သူ့အနေဖြင့် မည်ကဲ့သို့ ယုံကြည်မှု တည်ဆောက်နိုင်ခြင်းမှာ ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်၏။ ကြားနာခြင်းသည် လည်းထာဝရဘုရား၏ စကားတော်အားဖြင့်ဖြစ်၏။ ထိုမှဧဝံဂေလိတရား၏ အသေးစိတ်အသိပညာကို ရရှိခြင်းသက်သေပြမှုဖြစ်လာသည်။ (ရော ၁၀း၁၇၊ cp တ ၁၇း၁၁)

(တ ၈း၂၆-၄၀)ကအီသီယိုးပီးယားအရာရှိတစ်ဦးသည် မြင်းလှည်း တစ်စီးဖြင့် သဲကန္တာရကိုဖြတ်၍သွားရာတွင်သမ္မာကျမ်းစာ ကို မည်သို့ မည်ပုံ လေ့လာသွားသည်ကို မှတ်တမ်းပြုထားသည့် သူကဗတ္တိဇံခံခြင်း၏ လိုအပ်ချက်များအပါအဝင်ဧဝံလေိတရားတော်ကို သူ့အား အလေးအနက်ထား ရှင်းပြသော ဖိလပ္ပုအားတွေ့ခဲ့သည်။ လူသားဆန်ဆန်ပြောရလျှင် ဤကဲ့သို့ ရေမရှိသော သဲကန္တာရထဲတွင် ဗတ္တိဇံခံယူရန်အမိန့်ကို လိုက်နာရန်မှာမဖြစ်နိုင်ပေ။ ထာဝရဘုရားလည်းအချို့လူများမလိုက်နာနိုင်ဟုသူသိသောအမိန့်ကိုပေးလိမ့်မည် မဟုတ်။ ထိုသို့လမ်း၌ သွားကြစဉ်ရေထိရာနေရာသို့ရောက်ခဲ့သည်။( **i.e** ဗတ္တိဇံခံရန်ဖြစ်နိုင်သောအိုအေစစ်)(တ ၈း၃၆)ရေတွင် နှစ်မြုပ်ခြင်းခံ၍ ဗတ္တိဇံခံရန်ရေအလွယ်တကူရ ရှိနိုင်သောနေရာတွင်သာဖြစ်ရမည်ဟု အကြံပြုထားသည်။ ထာဝရဘုရားကသူ၏ ပညတ်တော်များကို လိုက်နာနိုင် မည်ဖြစ်နိုင်သော နည်းလမ်းတစ်ခုကိုအစဉ်ဖြည့်ဆည်းပေးလိမ့်မည်ဖြစ်သည်။

ထိုခဏ၌ ရှောလု၏ မျက်စိမှငါးကြေးကွာကျသကဲ့ သို့ဖြစ်၍ မျက်စိ ပြန်မြင်သဖြင့်တဖန်ဗတ္တိဇံကိုခံပြီးလျှင်အစာအာဟာရကို သုံးဆောင်၍အားဖြည့်လေ၏။(တ၉း၁၈)တဖန်ထိုအခါသူ၏ ထင်ရှားသော လူမှုရေးဆိုင်ရာအဆင့်နှင့်ယုဒဘာသာ၏သူမတွင် လုပ်ဆောင်ချက်ကို မြေပုံထုတ်ရာ ထိုအရာကသူ၏ ဗတ္တိဇံခံမှုကိုနှေးကွေးစေရန်ဆွဲဆောင်ရမည်။ သို့ရာတွင်ဂျူးလူမျိုးတို့၏ကမ္ဘာ၏ ထွန်းတောက်လာ သောကြယ်ပွင့်ကို ဗတ္တိဇံခံရန်နှင့် သူ၏ဘဝနေနည်းကို ပွင့်လင်းစွာ စွန့်လွှတ်ရန် မှန်ကန်သော ဆုံးဖြတ်ချက်ကို ချက်ခြင်းချနိုင်သည်။ နောက်ပိုင်း၌ ဗတ္တိဇံခံရန်ရွေးချယ်မှုနှင့် ပတ်သက်၍ရောင်ပြန်ဟပ်မှုရှိခဲ့သည်။ ငါ၏အကျိုးစီးပွားကိုပြုစုသော

အရာ ရှိသမျှတို့ကိုရှုံးစေသောအရာကဲ့သို့ ခရစ်တော်ကြောင့်ဟုငါထင်မှတ်၏။ ထိုမျှသာ မကငါ၏သခင်ယေရှုကိုသိသောပညာသည် အဘယ်မျှလောက်မြတ်သည်ကိုထောက်၍ခပ်သိမ်းသောအရာတို့ကိုရှုံးစေသောအရာကဲ့သို့ငါထင်မှတ်၏။ ငါပြုသောအမှုတစ်ခုဟူမူကားနောက်ကျသောအရာတို့ကိုမမှတ်ဘဲ ရှေ့၌ ရှိသောအရာတို့ကို ကမ်းလှမ်း၍ ယေရှုခရစ်အားဖြင့် ထာဝရဘုရားသည် အထက်အရပ်မှ ခေါ် တော်မူခြင်းနှင့် ဆိုင်သောဆုကိုရခြင်းငှာ ပန်းတုံးတိုင်ကို ငါလိုက်ပြေး၏။ (ဖိ ၃း၇၊၈၊၁၃၊၁၄)

ဤအချက်မှာပြေးခုန်ပစ်အားကစားသမားတစ်ဦးက နောက်ဆုံးအချိန်ကို ချိုးရန်ရှေ့သို့အားစိုက်သကဲ့သို့ဖြစ်သည်။ ယင်းကဲ့သို့ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ကြိုးပမ်းမှုမှာ ဗတ္တိဇံခံပြီးနောက်ကျွန်ုပ်တို့၏ဘဝများကိုသိသာစေသင့်သည်။ ဗတ္တိဇံခံခြင်းသည်ထာဝရဘုရား နိုင်ငံတော်သို့ သွားရာပြေးဆွဲတစ်ခု၏ အစဖြစ်ကြောင်းနားလည်ရမည်။ ထိုအချက်မှာ အသင်းတော်များနှင့် ယုံကြည်မှုပြောင်းလဲခြင်း၏ အသွင်တစ်ရာအပြစ်မျှလည်းမဖြစ်စေရ။ မရေမရာဖော်ပြထားသောခရစ်ယာန်နည်းလမ်းအနည်းငယ်သို့သာ အလွယ် တကူကယ်တင်သည့် သက်တောင့်သက်သာဘဝတစ်ခုအတွင်းသို့ ဝင်ရောက် လာရာလမ်းတစ်နည်းမဖြစ်စေရပေ။ ယေရှုခရစ်၌ ဗတ္တိဇံကိုခံသောသူရှိသမျှတို့သည်အသေခံတော်မူခြင်း၌ ဗတ္တိဇံကိုခံကြသည်ဟုသင်တို့မသိသလော။ ထို့ကြောင့်အသေခံတော်မူခြင်း၌ ဗတ္တိဇံကိုခံသော အားဖြင့်ထိုသခင်နှင့် အတူသင်္ဂြိုလ်ခြင်းကိုခံကြ၏။ အကြောင်းမူကား ခရစ်တော်သည်ခမည်းတော်၏ ဘုန်းတန်ခိုးအားဖြင့်သေခြင်းမှ ထမြောက်တော်မူသည့်နည်းတူငါတို့သည်လည်း အသစ်သောအသက်၌ ကျင်လည်ကြရသတည်း။ (ရော ၆း၃၅)

**ကောင်းကင်ကဖြစ်သောထိုဗျာဒိတ်တော်ကို ကျွန်ုပ်နားမထောင်ဘဲမနေရပါ။☆☆ ဟုမောပန်းပြီးစိတ်ဝိညာဉ်အရအောင်မြင်မှု ရနေသည့် လူအိုကြီးပေါလုကအမှတ်ရပေသည်။(တ ၂၆း၁၉) ပေါလုအတွက် မှန်ကန်စေသကဲ့သို့ ဗတ္တိဇံခံယူပြီးသူအားလုံးအတွက် လည်းမှန်ကန်ပေသည်။ ဗတ္တိဇံခံယူခြင်းမှာတစ်ဦးတစ်ယောက်အနေဖြင့် ဘယ်သောအခါမျှ ဝမ်းနည်းကြေကွဲမှုမဖြစ်မည့် ဆုံးဖြတ်ချက်တစ်ခုဖြစ်သည်။ ကျွန်ုပ်တို့၏ ဘဝတစ်လျှောက်တွင် ကျွန်ုပ်တို့က မှန်ကန်သောရွေးချယ်မှုပြုလုပ်ရန် သတိရှိရလိမ့်မည်၊ လူနည်းစု၏ ဆုံးဖြတ်ချက်များသည် သေချာပေါက် အမြဲမှန်ကန်နိုင်သည်။ အဘယ်ကြောင့် ကျွန်ုပ်ဗတ္တိဇံမခံဘဲ ရှိသင့်သနည်းဟူသောမေးခွန်းကို ဂရုတစိုက် ဖြေကြရမည်ဖြစ်သည်။

## ၉.၂ ကျွန်ုပ်တို့မည်ကဲ့သို့ ဗတ္တိဇံခံသင့်သလဲ

ဗတ္တိဇံခံယူခြင်းကိုအထူးသဖြင့်ကလေးများကိုသော်မှသူတို့၏ နဖူးပေါ်သို့ရေဖျန်းချခြင်းအားဖြင့် ပြုလုပ်နိုင်သည်ဟူသော အမြင်ကို ကျယ်ကျယ်ပြန့်ပြန့်လက်ခံလျက်ရှိကြသည်။ ယင်းမှာဗတ္တိဇံခံယူခြင်းအတွက် သမ္မာကျမ်းစာဆိုင်ရာလိုအပ်ချက်သို့ပြုပြင်မှုလုံးဝမရှိသော သိသာထင်ရှားစေမှုဖြစ်သည်။ **''baptize''** ဟုအင်္ဂလိပ်သမ္မာကျမ်းစာတွင် ဘာသာပြန်ဆိုထားသော ဂရိစကားလုံး''baptize''မှာဖြန်းရန်အဓိပ္ပါယ်မရပေ။ အရည်ထဲတွင်လုံးဝနှစ်၍ဆေးကြောရမည်ဟုဆိုလိုသည်။(**Robert Young** နှင့် James Strong တို့၏အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်လိုက်ဖက်ညီမှုကိုကြည့်ပါ။)

သင်္ဘောများရေထဲတွင်နစ်မြုပ်သွားခြင်းနှင့် ပတ်သက်၍ လည်းယင်း စကားလုံးကိုအသုံးပြုသည်။ ထို့အတူအဝတ်အထည်စ တစ်ခုအား အရောင်တစ်ခုမှ အခြားအရောင်တစ်ခုသို့ ဆေးဆိုးရာတွင် ဆေးဆိုးရည်ထဲသို့ စိုက်၍နှစ်ခြင်းတွင်လည်းအသုံးပြုသည့် အဝတ်အထည်၏ အရောင်ကို ပြောင်းလဲရန် ၎င်းအဝတ်ပေါ်၌ ဖြန်းရန်ထက်အရည်အောက်သို့ လုံးဝနှစ်အောင်မြှုပ်ရမည်ဖြစ်သည်။ နှစ်မြုပ်စေခြင်းသို့ **''baptize''** ၏ မှန်ကန်သော ပုံစံအမှန်ဖြစ်ကြောင်း အောက်ပါစာပိုဒ်များအားဖြင့် စိတ်ထဲတွင် စွဲထင်နိုင်သည်။

- ယောဟန်သည်လည်းရှာလာန်မြို့အနီးအဲနန်အရပ်၌ ရေများသောကြောင့်ဗတ္တိဇံကိုပေး၍နေသဖြင့်လူများတို့သည် လာ၍ဗတ္တိဇံခံကိုခံကြ၏။ (ယော ၃း၂၃) ဤအချက်မှာ ဗတ္တိဇံခံရန်ရေများစွာလိုအပ်ကြောင်းဖော်ပြသည်။ အကယ်၍ ရေစက်အနည်းငယ်ဖြင့်သာဖြန်းခဲ့လျှင် လူရာပေါင်းများစွာ အတွက် ရေတစ်ပုံးမျှသာလိုအပ်ပေလိမ့်မည်။ ယောဟန် သည်ရေတစ်ပုလင်းနှင့် သူတို့ထံသွားသည်ဆိုခြင်းထက် လူများသည် ဗတ္တိဇံခံရန်အတွက် ဂျော်ဒန်မြစ်ကမ်းနဘေးရှိ နေရာများသို့လာရောက်ခဲ့ကြသည်။

- ယေရှုသည်လည်းဂျော်ဒန်မြစ်ထဲတွင် ယေဟန်အားဖြင့် ဗတ္တိဇံခံခဲ့သည်။ ယေရှုသည် ဗတ္တိဇံကိုခံတော်မူပြီးလျှင်ရေပေါ်မှ ပေါ်ထစဉ်တွင်ကောင်းကင်ဖွင့်လှစ်သည်(မ ၃း၁၃-၁၆) သူ၏ဗတ္တိဇံခံယူခြင်းမှာရေထဲတွင်နစ်မြုပ်ခြင်းအားဖြင့်ဟု ရှင်းလင်းစွာဆိုထားသည်။ ဗတ္တိဇံခံပြီးနောက် ရေပေါ်မှ ပေါ်ထသည်ဟုဆိုသည်။ ယေရှုသည်ဗတ္တိဇံခံသည်ဟူသော အချက်မှာ ဥပမာအဖြစ်ပြနိုင်ရန်အလို့ငှာ အကြောင်းပြချက် တစ်ခုကို ဆွဲထုတ်ပြခြင်းဖြစ်သည်။ သို့မှသာမည်သူမျှ ရေတွင်နှစ်ခြင်းဖြင့် ဗတ္တိဇံခံယူခြင်းဥပမာကိုကူးမချဘဲယေရှု၏ နောက်သို့လိုက်ရန်မဖြစ်နိုင်ကြောင်းခိုင်ခိုင်မာမာအဆိုပြုခြင်းဖြစ်သည်။
- အလားတူပင်အီသီယိုးပီးယား အရာရှိနှင့်ဖိလစ်သည် နှစ်ဦးစလုံးရေထဲသို့ ဆင်းလျှင်သူကသူ့အား ဗတ္တိဇံပြု လိုက်သည်။ သူတို့ရေထဲမှ ပေါ်ထလာသောအခါ(တ ၈း၃၈၊၃၉) အရာရှိကအိုအေစစ်ကိုမြင်ခဲ့သောအခါ ဗတ္တိဇံပြုရန်အတွက် တောင်းဆိုခဲ့သည်ကိုသတိရပါ။ ကြည့်ပါဒီနေရာတွင်ရေဖြစ်သည်။ ကျွန်ုပ်ကို ဗတ္တိဇံမခံစေခြင်းငှာအဘယ့်ကြောင့် တားဆီးပါသနည်း(တ ၈း၃၆) လူသည်အနည်းဆုံးသူနှင့် အတူရေမပါဘဲ သဲကန္တာရခရီးကို မသွားကြောင်းသေချာ သည်။(ဥပမာ ပုလင်းတစ်ပုလင်း) အကယ်ဗတ္တိဇံခံခြင်းသည်ဖြန်းခြင်းအားဖြင့်သာဖြစ်လျှင် အိုအေစစ်မလိုအပ်နိုင်တော့ပေ။
- ဗတ္တိဇံခံခြင်းသည်သင်္ဂြိုလ်မှုတစ်ခုဖြစ်သည်။ (ကော ၂း၁၂)ယင်းမှာလုံးဝဖုံးလွှမ်းခံရမှုတစ်ခုကိုညွှန်းသည်။ ဗတ္တိဇံသည်အပြစ်များကို ဆေးကြောပစ်ခြင်းကိုခေါ်ဆိုသည်။(တ ၂၂း၁၆) အလားတူဆေးကြောသူများကို(ဗျာ ၁း၅၊ တိ ၃း၅၊ ၂ပေ ၂း၂၂၊ ဟေဗြဲ ၁၀း၂၂ စသည့်)တို့တွင်တွေ့ရသည်။ ဤဆေးကြောခြင်း ဘာသာစကားမှာဖြန်းခြင်းထက် စိုက်နှစ်ခြင်းအားဖြင့်ဗတ္တိဇံပြုခြင်းကိုပို၍ထင်ရှားစေသည်။ ဓမ္မသတ်ဟောင်းတွင်လက်ခံနိုင်သောနည်းလမ်းဖြင့်ထာဝရဘုရား၏ ဆေးကြောမှုပုံစံအချို့ကိုညွှန်ပြချက်များစွာရှိပေသည်။
- သူတို့သည်ထာဝရဘုရားအနီးသို့ဝတ်ပြုရန်မလာမီ **''laver''** ဟုခေါ်သောဆေးကြောမှုကိုပြီးပြည့်စုံစွာပြုလုပ် ကြရသည်။(ဝတ် ၈း၆၊ထွ ၄၀း၃၂)အပြစ်၏ ကိုယ်စားဖြစ်သော မသန့်ရှင်းမှုကို သန့်စင်စေရန်အလို့ငှာအစ္စရေးလူမျိုး တို့ဆေးကြောကြရသည်။ (တရား ၂၃း၁၁)

**Naaman** ဟုခေါ်သောလူတစ်ယောက်သည် နူနာရောဂါသည် တစ်ဦးဖြစ်ပြီး၊ သူ၏ရောဂါကုသရန်အစ္စရေးမှထာဝရဘုရား ကိုရှာဖွေခဲ့သည်။ ယင်းကဲ့သို့သူသည် အပြစ်ကပ်နေသောလူအဖြစ် အပြစ်ကြောင့်ရှင်လျက်နှင့် သေနေရသူတစ်ဦးဖြစ်ခဲ့သည်။ သူ၏ရောဂါကိုဂျော်ဒန်မြစ်ထဲသို့ နှစ်စိမ်ခြင်းဖြင့်ပျောက်အောင်ကုသခဲ့သည်။ အစပိုင်းတွင် ဤလွယ်ကူသော လုပ်ဆောင်ချက်ကို လက်ခံရန်ခဲယဉ်းကြောင်းတွေ့ရှိခဲ့သည်။ သူကထာဝရဘုရားသည် ပုံပြင်ဆန်ဆန်လုပ်ရပ်တစ်ခုလုပ်စေခြင်းအဖြစ်သာ တွေးထင်ခဲ့သည်။ သို့မဟုတ်ကြီးမားသောလူသိများသည် မြစ်တစ်ခုအတွင်း (ဥပမာ **Abanel** နှစ်ခိုင်းလိမ့်မည်ဟုထင်ခဲ့သည်။ အလားတူပင် ကျွန်ုပ်တို့အနေဖြင့်ဤမျှလွယ်ကူသော လုပ်ဆောင်ချက်ကကျွန်ုပ်တို့၏ ကယ်တင်မှုကိုအဆုံးစွန်ဆောင်ရွက်နိုင်မည်ဟုမယုံကြည်နိုင်အောင်ရှိခဲ့သည်။
ဤမျှလွယ်ကူသောအစ္စရေး၏စစ်မှန်သောမျှော်လင့်ချက်နှင့် အတူ ဆောင်ရွက်ရန်ထက်ကြီးမားလူသိများသော အသင်းတော်(cp Abanea မြစ်)နှင့် ဆက်စပ်၍ကျွန်ုပ်တို့၏ကိုယ်ပိုင်လုပ်ငန်းများနှင့်အများနှင့်စုစည်းမှုကိုတွေ့ရန်ပို၍ဆွဲဆောင် နိုင်သည်။ ဂျော်ဒန်မြစ်၌ ကိုယ်ကိုနှစ်ပြီးနောက်နေမန်၏ အသားသည်သူငယ်၏ အသားကဲ့သို့ပြောင်း၍သန့်ရှင်းခြင်းသို့ရောက်၏။ (၄ရာ ၅း၉-၁၄)

ဗတ္တိဇံခံယူခြင်းမှာဧဝံဂေလိတရားတော်၏ အခြေခံသတင်းကို ပထမဦးစွာနားလည်ပြီးနောက်ပြီးပြည့်စုံသောရေတွင်စိုက်နှစ် ခြင်းကို ရည်ညွှန်းခြင်းအားသံသယအနည်းငယ်မျှမရှိတော့ပေ။ ယင်းဗတ္တိဇံခံယူခြင်း၏ သမ္မာကျမ်းစာအခြေခံအဓိပ္ပါယ်ဖွင့်ချက်မှာ ဗတ္တိဇံခံယူခြင်းကို ရုပ်ပိုင်းအရအမှန်တကယ်ဆောင်ရွက်သောလူ၏ အခြေအနေကို ညွှန်းချက် တစ်စုံတစ်ရာပြုလုပ်ခြင်း မဟုတ်ပေ။

ဗတ္တိဇံခံယူခြင်းမှာ ဧဝံဂေလိတရားတော်ကို ယုံကြည်ပြီးနောက် ရေထဲတွင်နစ်ခြင်းဖြစ်ရာ တစ်ဦးချင်းအနေဖြင့် စာတွေ့အရဗတ္တိဇံခံရန် ဖြစ်နိုင်ပေသည်။ မည်သို့ပင်ဖြစ်စေ ဗတ္တိဇံခံယူခြင်းမှာ နစ်လိုက်သည့်အ ချိန်တွင်တစ်ဦးတစ်ယောက်က ကိုင်တွယ်ထားသော မှန်ကန်သော ဩဝါဒ၏ အကျိုးအကြောင်းအားဖြင့် ဗတ္တိဇံခံယူခြင်းသာဖြစ်၍ အမှန်တကယ်အားဖြင့် သူ့အားနစ်ခြင်းမပြုလုပ်မီလူတစ်ယောက်တွင် ရှိသောအသိပညာဗဟုသုတ၏ဒီဂရီကဆန်းစစ်ခြင်းအားလုံးကိုပထမ ဆောင်ရွက်သောမှန်ကန်သောဩဝါဒ၏ နောက်ထပ်ယုံကြည်သူ အားဖြင့်ဗတ္တိဇံခံရန်တိကျစွာအကြံပြုထားပေသည်။

ထို့ကြောင့်အမှန်တကယ်နစ်ခြင်းမပြုလုပ်မီ ဗတ္တိဇံခံယူပြီးအတွက် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့်ခရစ်ယာန်ဘာသာဝင်များနှင့် တိတိလင်းလင်း ဆွေးနွေးမှုပြုလုပ်ခြင်းမှာ သမားရိုးကျလုပ်ရိုးတစ်ခုပင်ဖြစ်သည်။ ဤစာအုပ်လေ့လာမှုတစ်ခုစီ၏အဆုံးတွင် မေးခွန်းများကို ဆွေးနွေးမှု တစ်ခုအတွက်အခြေခံအဖြစ်တွေ့ရမည်ဖြစ်ပါသည်။ ခရစ်ယာန် ယုံကြည်သူများကမိုင်ပေါင်းများစွာခရီး သွားပြီး လူတစ်ဦးတစ်ယောက်အား ဗတ္တိဇံခံရန်ကူညီခဲ့သည်။ ယင်းကဲ့သို့ဆောင်ရွက်ချက်မှာ ထာဝရအသက်၏ မှန်ကန်သော မျှော်လင့်ချက်ဖြစ်စေသောလူတစ်ဦးခြင်း၏ အံ့ဘွယ်ရာဖြစ်ရာ ကျွန်ုပ်တို့အနေဖြင့် အပြန်အလှန်များ၏ကိန်းဂဏာန်းများနှင့်ပဏာမ အားဖြင့်သက်ဆိုင်မှုမရှိပေ။ အရေအတွက်ထက် အရည်အချင်းမှာ ကျွန်ုပ်တို့၏ နည်းလမ်း၏ သော့ချက်ပင်ဖြစ်ပါသည်။

## ၉.၃ ဗတ္တိဇံခံခြင်း၏အဓိပ္ပါယ်

နှစ်ခြင်းအားဖြင့်ဗတ္တိဇံခံယူခြင်းအတွက်အဓိက အချက်တစ်ခုမှာ ခရစ်တော်သေခြင်းနှင့်ကျွန်ုပ်တို့၏သေခြင်းကိုကျွန်ုပ်တို့ ယှဉ်ဘဝ၏ပြစ်မှုနှင့်ဉာဏ်ရည်မရှိမှုကိုညွှန်ပြလျက်ရှိရာ ရေအောက်မှထွက်ပေါ်လာခြင်းသည်ခရစ်တော်ပြန်လည်ရှင်သန်ထမြောက် ခြင်းနှင့်ဆက်စပ်လျက်ရှိသည်။ ယင်းမှာသူပြန်လာချိန်တွင် ထာဝရ အသက်ပြန်လည်ရှင်သန်ထမြောက်၍ မျှော်လင့်ချက်နှင့်ကျွန်ုပ်တို့၏ ဆက်စပ်မှုသာမကယှဉ်အခါ တွင်ဘဝအသစ်တွင် နေထိုင်ကာသူ၏ သေခြင်းနှင့်ပြန်လည်ရှင်သန်ထမြောက်မှုအားဖြင့်ခရစ်တော်၏ အောင်မြင်မှုကြောင့်ပြစ်မှုအပေါ်တွင်စိတ်ဝိညာဉ်အရအောင်မြင်မှုပင်ဖြစ်သည်။

"ယေရှုခရစ်၌ ဗတ္တိဇံကိုခံသောသူရှိသမျှတို့သည်အသေခံ တော်မူခြင်း၌ ဗတ္တိဇံကိုခံကြသည်ဟုသင်တို့မသိသလော။ ထို့ကြောင့်အသေခံတော်မူခြင်း၌ ဗတ္တိဇံကိုခံသောအားဖြင့် ထိုသခင်နှင့် အတူသင်္ဂြိုလ်ခြင်းကိုခံကြ၏ အကြောင်းမူကား ခရစ်တော်သည်ခမည်းတော်၏ ဘုန်းတန်ခိုးအာဖြင့် သေခြင်းမှ ထမြောက်တော်မူသည် နည်းတူငါတို့သည်လည်း အသစ်သော အသက်ရှင်ကျင်လည်ကြရသည်။ တစ်နည်းကား အသေခံ တော်မူခြင်း၏ ပုံသဏ္ဍာန်ကိုဆောင်၍ထိုသခင်နှင့်အတူ ငါတို့သည်စိုက်ပျိုးလျက်ရှိသည်မှန်လျှင် ထမြောက် တော်မူခြင်း၏ ပုံသဏ္ဍာန်ကိုဆောင်၍ စိုက်ပျိုးလျက်ရှိကြလိမ့် မည်။" (ရော ၆း၃-၅)

ခရစ်တော်သေခြင်းနှင့်ပြန်လည်ရှင်သန်ထမြောက်ခြင်းမှ တဆင့် ကယ်တင်ခြင်းဖြစ်နိုင်သည့်အတွက်အကယ်၍ကျွန်ုပ်တို့သည် ကယ်တင်ခြင်းခံရလိုပါက ကျွန်ုပ်တို့ကိုယ်တိုင် ထိုအရာများနှင့် ဆက်နွယ်မှုရှိရန်အရေးကြီးပေသည်။ ဗတ္တိဇံခံခြင်းမှပေးသော ခရစ်တော်နှင့် သေခြင်းပြန်လည်ရှင်သန်ထမြောက်ခြင်းသင်္ကေတမှာ ဤအတိုင်း ပြုလုပ်ရန်တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။ ဖြန်းခြင်းမှာ ဤသင်္ကေတကို ဖြည့်ဆည်းပေးခြင်းမဟုတ်ပေ။ ဗတ္တိဇံခံသည့်အခါ ငါတို့၏လူကောင်း(ဘဝ၏နည်းလမ်း)သည်ခရစ်တော်နှင့် အတူ လက်ဝါးကပ်တိုင်မှာ အသေသတ်ခြင်းကိုခံရသည်။(ရော ၆း၆) ထာဝရဘုရားက ဒုစရိုက်အပြစ်၌ သေလျက်ရှိသောငါတို့ကို ခရစ်တော်နှင့် အတူ အသက်ရှင် စေတော်မူပြီး ကျေးဇူးတော်ကြောင့်သာ ကယ်တင်ခြင်းသို့ ရောက်ရ၏။(ဧ ၂း၅)မည်သို့ပင်ဖြစ်စေ ဗတ္တိဇံခံယူပြီးသည့်နောက်တွင် ကျွန်ုပ်တို့၏ လူသားသဘာဝရှိနေကြဆဲပင်ဖြစ်သည်။ ထို့ကြောင့်ဆူဖြိုးသောဘဝမှာ သူ၏ဦးခေါင်းကို ဆက်၍လှုပ်ရှားမှုပြုလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ ကိုယ်သည် လက်ဝါးကပ်တိုင်တွင် အသတ်ခံရခြင်းမှာဆက်၍ဖြစ်နေသော ဖြစ်စဉ်တစ်ခုဖြစ်ပြီးဗတ္တိဇံခံယူပြီးချိန်တွင်သာထိုဖြစ်စဉ်အစပြုသည်။ ထို့ကြောင့်ယေရှုကငါ့ကိုလည်းကပ်လိုသူဖြစ်လျှင် ကိုယ့်ကိုယ်ကို ငြင်းပယ်ရမည်။ ကိုယ့်လက်ဝါးကပ်တိုင်ကိုနေ့တိုင်းတမ်း၍ငါ့နောက်သို့လိုက်ရမည်။ ထိုဖြစ်ရပ်သည် မွေးဖွားခြင်းဆီသို့ ဦးတည်စေမည်။(လု ၉း၂၃၊၁၄း၂၇) ခရစ်တော်နှင့် အတူစစ်မှန်သော လက်ဝါးကပ်တိုင်တွင်

သေခြင်းဘဝတစ်ခုမှာ မလွယ်ကူသော်လည်း ခရစ်တော်ပြန်လည်ရှင်သန်ခြင်းနှင့် အတူစုစည်းမှုမှ မဖော်ပြနိုင်သော စိတ်သက်သာပျော်ရွှင်မှုဖြစ်နိုင်သည်။

ခရစ်တော်သည်လက်ဝါးကပ်တိုင်မှာ သွန်းသော အသွေးတော်အားဖြင့် ရန်ကိုငြိမ်းစေသည်။(ကော ၁း၂၀) ထိုသို့ပြုခြင်းဖြင့် အဘယ်သူမျှ ကြံ၍မမှီနိုင်သောထာဝရဘုရား၏ ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့၏စိတ်နှလုံးတို့ကိုစောင်မလိမ့်မည်။ (ဖိ ၄း၇)ဤအချက်နှင့် ပတ်သက်၍ ယေရှုကတိပေးခဲ့သည်မှာ ✳✳ငြိမ်သက်ခြင်းကိုသင်တို့၌ ငါထားခဲ့၏။ ငါ၏ငြိမ်သက်ခြင်းကိုသင်တို့ အားငါပေး၏။ လောကီသားတို့ပေးသကဲ့သို့ ငါပေးသည်မဟုတ်✡✡(ယော ၁၄း၂၇)ဤငြိမ်သက်ခြင်းနှင့် မှန်ကန်သော စိတ်ပျော်ရွှင်မှုမှာ လက်ဝါးကပ်တိုင်တွင် သေစေသည့်ခရစ်တော်နှင့်အတူ ကျွန်ုပ်တို့ ကိုယ်တိုင်ပွင့်လင်းစွာ စုစည်းမှု၏ဒုက္ခဝေဒနာနှင့်အခက်အခဲများကို မျှအောင်လုပ်ခြင်းထက်ပိုလေသည်။ ထာဝရဘုရာ၏ ကျေးဇူးတော်အားဖြင့် ကိုယ်တိုင်သက်သာခြင်းရှိသကဲ့သို့ဆင်းရဲခြင်းအမျိုးမျိုးကို ခံရသော သူတို့အားသက်သာစေနိုင်မည် အကြောင်းဆင်းရဲခြင်းအမျိုးမျိုး၌ ထာဝရဘုရားသည်ငါတို့အားသက်သာစေတော်မူသည်။ ခရစ်တော်ကြောင့်ငါတို့ခံရသောဆင်းရဲခြင်းသည် အလွန်များပြားသည့် နည်းတူခရစ်တော်၏ ကျေးဇူးအာဖြင့်ငါတို့ခံရသောသက်သာ ခြင်းသည် အလွန်များပြား၏။ (၂ကော ၁း၅)

ကျွန်ုပ်တို့၏ သဘာဝကိုယ်တိုင်ဖြစ်မှုသည် အမှန်တကယ်သေခြင်းကို သိနားလည်ခြင်းမှ လာသောလွတ်လပ်မှုများလည်း များလှပေသည်။ ထို့ကြောင့်ပင် ယေရှုသည်ကျွန်ုပ်တို့ လုပ်ငန်းတိုင်းမှတဆင့်ကျွန်ုပ်တို့နှင့်အတူ တက်ကြွစွာ နေထိုင်လျက်ရှိကြသည်။ တမန်တော်ကြီးပေါလုသည်သူ၏ ဘဝတစ်လျှောက်လုံးနှစ်ပေါင်းများစွာတိုင်အောင် အတွေ့အကြုံများစွာကို ပြောကြားနိုင်ခဲ့သည်။ ငါသည် ခရစ်တော်နှင့် အတူလက်ဝါးကပ်တိုင်မှာ အသေခံပြီ၊ သို့သော်လည်းအသက်ရှင်သေး၏။ ထိုသို့ဆိုသော်ငါသည်ကိုယ်တိုင် မရှင်ခရစ်တော်သည်ငါ၌ ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ ငါယခုရှင်သော အသက်သည် ထာဝရဘုရား၏ သားတော်ကိုယုံကြည်ခြင်း အားဖြင့်တည်၏။ သားတော်သည်ငါ့ကိုချစ်၍ငါ့အဘို့ကိုယ့်ကိုယ်ကိုစွန့်တော်မူ၏။ (ဂလာ ၂း၂၀)

ဗတ္တိဇံသည်ယေရှုခရစ်ထမြောက်တော်မူသောအားဖြင့် ငါတို့ကိုကယ်တင်တတ်၏။ ဗတ္တိဇံဟုဆိုသော်ကိုယ်ကာယ၏ အညစ်အကြေး ဆေးကြောခြင်းကိုမဆိုလို၊ ကိုယ်ကိုသိသောစိတ်ကြည်လင်၍ ထာဝရဘုရား၏ ရှေ့၌ ဝန်ခံခြင်းကိုဆိုလိုသည်။(၁ပေ ၃း၂၁)အဘယ်ကြောင့်ဆိုသော် ခရစ်တော်၏ ထာဝရအသက်သို့ ပြန်လည်ရှင်သန်ထမြောက်ခြင်းနှင့် အတူကျွန်ုပ်တို့၏ စုစည်းမှုက သူ၏ပြန်လာချိန်တွင်အလားတူလမ်းကြောင်းကို ကျွန်ုပ်တို့ အားပေးသောကြောင့်ဖြစ်သည်။ ထိုအရာမှာ ဤပြန်လည် ရှင်သန်ထမြောက် လာခြင်းကိုမျှဝေခံစားခြင်းမှဖြစ်ပြီးနောက်ဆုံးတွင် ကျွန်ုပ်တို့ ကယ်တင် ခြင်းခံရမည်ဖြစ်သည်။ ယေရှုကယင်းကိုရှင်းလင်းသော ဝေါဟာရဖြင့် ဖော်ပြခဲ့သည်။ ✳✳ငါသည်အသက်ရှင်သောကြောင့် သင်တို့သည်လည်း အသက်ရှင်ကြရလိမ့်မည်။✡✡ (ယော ၁၄း၁၉) ပေါလုကလည်း အလားတူပင်✳✳ထာဝရဘုရား၏ သားတော် အသေခံ တော်မူခြင်းအားဖြင့် ငါတို့သည်ထာဝရဘုရားနှင့်မိဿဟာယဖွဲ့ခြင်း ကျေးဇူးတော်ကို ခံရသည်မှန်လျှင်မိဿဟာယဖွဲ့တော်မူပြီးမှအသက် တော်အားဖြင့် ကယ်တင်တော်မူခြင်းသို့ရောက်မည်ဟုသာမျှော်လင့်စရာရှိ၏။ (ရော ၅း၁၀)

ကျွန်ုပ်တို့ကိုယ်တိုင်ဗတ္တိဇံခံယူခြင်းဤခရစ်တော်၏ သေခြင်းနှင့် ဒုက္ခခံစားရခြင်းနှင့်ကျွန်ုပ်တို့၏နောက်ထပ်ဘဝ လမ်းကြောင်းများတွင် စုစည်းခြင်းအားဖြင့်သူ၏ ထူးမြတ်သော ပြန်လည်ရှင်သန်ထမြောက်ခြင်းကို ကျွန်ုပ်တို့ကကျိန်းသေမျှဝေနိုင်လိမ့်မည်ဟု ထပ်ကာတလဲလဲ အလေးအနက်ထား ပြောဆိုနိုင်ပေသည်။

- ခရစ်တော်နှင့်အတူသေလျှင်အတူရှင်လိမ်မည်သည်းခံလျှင် ထိုသခင်နှင့်အတူစိုးစံလိမ့်မည်။ ထိုသခင်ကိုငါတို့သည် ငြင်းပယ်လျှင်ငါတို့ကိုငြင်းပယ်တော်မူလိမ့်မည်။ (၂တိ ၁၁၊၁၂)
- သခင်ယေရှုသည် အသက်ရှင်တော်မူကြောင်းကို ငါတို့ ကိုယ်ခန္ဓာ၌ ထင်ရှားစေခြင်းငှာယေရှု၏ သေတော်မူခြင်းကို အစဉ်မပြတ် ငါတို့၏ ကိုယ်ခန္ဓာ၌ ဆောင်ကြရ၏။ အဘယ်သို့နည်းဟူမူကား ယေရှုသည် အသက်ရှင် တော်မူကြောင်းကို ငါတို့၏ သေတတ်သော ကိုယ်ခန္ဓာ၌ ထင်ရှားစေခြင်းငှာ ငါတို့သည်အသက်ရှင်စဉ်တွင် ယေရှုကြောင့်သေခြင်းလက်သို့ အစဉ်အပ်နှံခြင်းကိုခံကြရ၏။ သခင်ယေရှုကို ထမြောက်စေတော်မူသော သူသည် ယေရှုအားဖြင့် ငါတို့ကိုလည်း ထမြောက်စေ၍ သင်တို့နှင့် အတူအထံတော်၌ သွင်းတော်မူမည်ဟုငါတို့သိကြ၏။ (၂ကော ၄း၁၀၊၁၁၊၁၄)

- ထိုသခင်ကြောင့်ခပ်သိမ်းသောအရာတို့ကိုအရှုံးခံရပြီ၊ သေခြင်းမှထမြောက်သောအခွင့်ကိုငါရနိုင်ကောင်းလျှင် ကိုယ်တော်သည်အသေခံတော်မူသည့်နည်းတူ ငါသည်လည်းအသေခံ၍ ထိုသခင်ကိုလည်းကောင်း ထမြောက်တော် မူခြင်းကို ခရစ်တော် ခရစ်တော် အားဖြင့် ထာဝရအသက်ရရှိသည်။ (ဖိ ၃း၁၀၊၁၁ cp ဂလာ ၆း၁၄)

## ၉.၄ ဗတ္တိဇံခံခြင်းနှင့်ကယ်တင်ခြင်း

ခရစ်တော်၏သေခြင်းနှင့်ကျွန်ုပ်တို့၏ဗတ္တိဇံနှင့်ဆက်စပ်စည်းမှုမှာ ကျွန်ုပ်တို့အနေဖြင့်ခွင့်လွှတ်ခြင်းဖြစ်နိုင်သော ဗတ္တိဇံခံခြင်းမှာ သာရရှိနိုင်သည်ဟုဆိုလိုသည်။ ✳✳ဗတ္တိဇံအားဖြင့်ထိုသခင်(ခရစ်တော်)နှင့် အတူသင်္ဂြိုလ်ခြင်းကိုခံကြ၏။ ခရစ်တော်ကိုသေခြင်းမှ ထမြောက်စေတော်မူသော ထာဝရဘုရား၏ ပြုပြင်အားထုတ်တော်မူခြင်းကို ယုံကြည်သောအားဖြင့် ဗတ္တိဇံကိုခံ၍ထိုသခင်နှင့်အတူ ထမြောက်ခြင်းသို့ရောက်ကြ၏။ ဒုစရိုက်အပြစ်၌ ---သေလျှင်ရှိသော သင်တို့ကိုခရစ်တော်နှင့်အတူအသက်ရှင်စေ၍သင်တို့အပြစ်ရှိ သမျှကိုလွှတ်တော်မူ၏။(ကော ၂း၁၂၊၁၃)သခင်ယေရှု၏ နာမတော်အားဖြင့် ကျွန်ုပ်တို့သည် ဆေးကြောသန့်ရှင်း၍ဖြောင့်မတ်ရာသို့ ရောက်ကြ၏။(၁ကော ၆း၁၁) **i.e** ယေရှု၏အမည်နာမအားဖြင့် ဗတ္တိဇံခံခြင်းမှာ ကျွန်ုပ်တို့၏ အပြစ်များကို ဗတ္တိဇံခံခြင်းဖြင့်ဆေးကြော ပစ်ခြင်းကိုဆိုလိုသည်။ ဤအချက်ကို(တော ၁၉း၁၃)တွင်ရှင်းလင်းပြောပြထားသည်။✳✳သန့်ရှင်းရန်ရေမရှိသောသူတို့သေကြရမည်✡✡ လေ့လာမှု၁၀.၂တွင် ဗတ္တိဇံဖြင့်မည်သို့မည်ပုံအပြစ်များကိုဆေးကြောပစ်နိုင်သည်ကိုဖော်ပြခဲ့ပြီးဖြစ်သည်။( **cp** တ ၂၂း၁၆)ယုံကြည် သူများကသူတို့၏အပြစ်များကိုခရစ်တော်၏ အသွေးဖြင့်ဆေးကြောတော်မူခြင်းဖော်ပြချက်မှာသူတို့ကယင်းသို့ဗတ္တိဇံခံခြင်းဖြင့် ဟုဆိုလိုသည်။(ဗျာ ၁း၅၊၇း၁၄၊တိ၃း၅) ကဗတ္တိဇံပြု၍ကျွန်ုပ်တို့၏ရေနှင့် ဝိညာဉ်တော်မွေးဖွားခြင်းကိုရည်ညွှန်းသောပြန်လည် မွေးဖွားခြင်း၏ ဆေးကြောခြင်းအဖြစ်ပြောဆိုသည်။ (ယော ၃း၅)

✳✳ကယ်တင်ခြင်းခံရရန်ကျွန်ုပ်တို့မည်သို့ပြုရပါမည်နည်းဟူသော မေးခွန်းနှင့်ပတ်သက်၍ပေတရု၏တုန့်ပြန်မှုမှာယေရှု ခရစ်တော်၏နာမ၌ ဗတ္တိဇံကိုခံကြလော့၊ ထိုသို့ပြုလျှင်သန့်ရှင်းသော ဝိညာဉ်တော်တည်းဟူသောဆုကျေးဇူးတော်ကိုရကြလိမ့်မည် ဟူ၍ဖြစ်သည်။✡✡(တ ၂း၃၇၊ ၃၈)ခရစ်တော်၏ အမည်ဖြင့် ဗတ္တိဇံခံခြင်းမှာအပြစ်ကျူးလွန်မှုကို ခွင့်လွှတ်ရန်အတွက်ဖြစ်သည်။ ဗတ္တိဇံ မခံဘဲအပြစ်အတွက်ခွင့်လွှတ်မှုမရှိနိုင် ဗတ္တိဇံမခံသော သူသည်အပြစ်တရား၏ အဘိုးအခဖြစ်သော သေခြင်းကို လက်ခံရမည်။ (ရော ၆း၂၃)ယေရှု၏ နာမတော်ဖြင့်မှတပါး ကယ်တင်ခြင်း မရှိပေ။ (တ ၄း၁၂)ဗတ္တိဇံခံယူခြင်းဖြင့်သာကျွန်ုပ်တို့အနေဖြင့်ထိုနာမတော်ကို မျှဝေရယူနိုင်သည်။ ဤအချက်ကခရစ်ယာန်ဘာသာဝင်မဟုတ်သူများအတွက် ကယ်တင်ခြင်းသို့ဦးတည်သောလမ်းမရှိနိုင်ဟု ဆိုလိုသည်။ စစ်မှန်သော သမ္မာကျမ်းစာယုံကြည်သူမဟုတ်ကသူတို့ပြုသောအရာကိုလက်မခံနိုင်ပေ။ ကက်သလစ်ဘာသာဝင်များ နှင့်ကျယ်ပြန့်သော ဘာသာရေးဆိုင်ရာလှုပ်ရှားမှု ဆောင်ရွက်နေသူ များလည်း ဤအတိုင်းပင်ဖြစ်၍ ထာဝရသမ္မာကျမ်းစာသို့ သူတို့၏ ရပ်တည်မှုမှာဝမ်းနည်းဘွယ်ရာရောင်ပြန်ဟပ်မှုတစ်ခုဖြစ်ပေသည်။

ခရစ်တော်၏ထာဝရအသက်သို့ပြန်လည်ရှင်သန်ထမြောက်ခြင်းမှာ အပြစ်ကိုသူ၏ပုဂ္ဂိုလ်ရေးအောင်မြင်မှု၏လက္ခဏာ တစ်ခုဖြစ်ခဲ့သည်။ ဗတ္တိဇံခံခြင်းအားဖြင့်ကျွန်ုပ်တို့ကိုယ်တိုင် ဤအရာနှင့် စုစည်းမှုရှိပြီးခရစ်တော်နှင့် အတူပြန်လည်ရှင်သန်ထမြောက် လာသူများအဖြစ်ပြောဆိုခံရကြကာ မကောင်းမှုအပြစ်များသည် ခရစ်တော်အပေါ်တွင် တာရှည်စွမ်းဆောင်ခြင်းငှာ မပြုနိုင်သကဲ့သို့ မကောင်းမှု အကုသိုလ်အပြစ်သည် ကျွန်ုပ်တို့အပေါ်တွင် တာရှည်အစွမ်းပြနိုင်မှုမရှိတော့ပေ။ ဗတ္တိဇံခံယူခြင်းဖြင့်ကျွန်ုပ်တို့သည်အပြစ် တရား၏လက်မှလွတ်ကြပြီး ဗတ္တိဇံခံယူပြီးနောက် အပြစ်သည် သင်တို့ အပေါ်တွင်လွှမ်းမိုးထားခြင်မပြုနိုင်တော့။(ရော ၆း၁၈၊၁၄) မည်သို့ပင်ဖြစ်စေ၊ ဗတ္တိဇံခံပြီးနောက်တွင်ကျွန်ုပ်တို့တွင်အပြစ်ရှိနေဆဲဖြစ်သည်။ (၁ယော ၁း၈၊၉)အကယ်၍ကျွန်ုပ်တို့သည်ခရစ်တော်မှ ဝေးသွားလျှင်အပြစ်က ကျွန်ုပ်တို့အားကျွန်ပြန်ပြုရန်အသင့်အနေအထားတွင်ရှိဆဲဖြစ်လိမ့်မည်။ ဗတ္တိဇံကကျွန်ုပ်တို့တွင်သူ၏ပြန်လာမှု အပေါ်မျှဝေ၍မျှော်လင့်သောခရစ်တော်၏ ပြန်လည်ရှင်သန်ထမြောက်လာခြင်းနှင့်ကျွန်ုပ်တို့မည်သို့စုစည်းမှုရှိနေသည်ကိုညွှန်ပြ သော်လည်းခရစ်တော်၏သေခြင်းနှင့် ဒုက္ခဝေဒနာခံစားရခြင်းကို လက်ရှိအားဖြင့် မျှဝေခံစားနေကြရဆဲဖြစ်သည်။

မျှော်မှန်းချက်အရသာ ကျွန်ုပ်တို့သည်ဒုက္ခမှ ကင်းလွတ်နေကြခြင်း ဖြစ်သည်။**ခရစ်၏ဒုတိယအဖြစ်လာရောက်မှုတွင် ယုံကြည်၍ ဗတ္တိဇံကို ခံသောသူသည် ကယ်တင်တော်မူခြင်းသို့ရောက်လတ္တံ့(မာ ၁၆း၁၆) အဆုံးစွန်ကယ်တင်ခြင်းသည် ဗတ္တိဇံခံပြီးနောက်တိုက်ရိုက် မဖြစ်ပေါ်ပေ။ သို့ရာတွင်တရားစီရင်မှုထိုင်ခုံတွင်သာအဆုံးစွန်ကယ်တင်ခြင်းဖြစ်သည်။(၁ကော ၃း၁၅)အကယ်၍ကျွန်ုပ်တို့အနေဖြင့် ဗတ္တိဇံခံချိန်တွင်ကယ်တင်ခြင်းကို ရရှိလျှင်သို့မဟုတ်သေဆုံးခဲ့သော်အမှန်အားဖြင့်ဆုံးဖြတ်မှု၏ ဩဝါဒအတွက် မလိုအပ်ပေ။☆☆ အဆုံးတိုင်အောင်တည်ကြည်သူသည် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။(မ ၁၀း၂၂) ဗတ္တိဇံခံပြီးသည့်နောက်တွင်သော်မှ ပေါလုနှင့် ခရစ်ယာန်အားလုံးသည် ကယ်တင်ခြင်းသို့ ဆက်၍သွားရမည် ဖြစ်သည်။(ဖိ ၃း၁၀-၁၃၊၁ကော ၉း၂၇)သူကထာဝရအသက်၏ မျှော်လင့်ချက်ကိုပြောခဲ့သည်။(တိ ၁း၂၊၃း၇)(၁သက် ၅း၈၊ရော ၈း၂၄)ကျွန်ုပ်တို့သည်ကယ်တင်ခြင်း၏ မွေဆက်ခံသူများဖြစ်သည်။ (ဟေဗြဲ ၁း၁၄)တရားစီရင်ရာပလ္လင်တွင် ဖြောင့်မတ်သောသူတို့သည် ထာဝရအသက်ရှိရာသို့သွားကြရမည်။(မ ၂၅း၄၆) ကျွန်ုပ်တို့ ကယ်တင်သောကျေးဇူးတော်သည်ကျွန်ုပ်တို့ယုံကြည်သော နေ့ရက်ထက်ဦးသည်ထက်ဦး၍လာသည်ဟုကျွန်ုပ်တို့ပျော်ရွှင်စွာသိနိုင်ရန် တစ်ရက်ချင်းကျွန်ုပ်တို့၏နေထိုင်မှုနှင့်ခံနိုင်ရန်ရှိမှုကခရစ်တော်၏ ဒုတိယလာရောက်မည့်နေ့ရက်သို့ တစ်ရက်ပို၍ဦးလာကြောင်းကျွန်ုပ်တို့၏ ကယ်တင်ခြင်းကို ယ္ခုမပိုင်ဆိုင်သေးပေ။ ကယ်တင်ခြင်းသည် အခြေအနေပေါ်မူတည်၍ ဖြစ်သည်။ အကယ်၍ကျွန်ုပ်တို့ အနေဖြင့် စစ်မှန်သော ယုံကြည်မှုကိုမြဲမြံပြုလျှင်(ဟေဗြဲ ၃း၁၂-၁၄)ဧဝံဂေလိကျမ်းစာပါဝင်သော အခြေခံဩဝါဒများကိုမှတ်မိလျှင် (၁တိ၄း၁၆၊၁ကော ၁၅း၁၊၂) အကယ်၍ကျွန်ုပ်တို့၏ မျှော်မှန်းချက်ဖြစ်သော ထိုအရာများကို ကျွန်ုပ်တို့ လုပ်ဆောင်လျှင်(၂ပေ ၁း၁၀) ကျွန်ုပ်တို့ကယ်တင်ခြင်းခံရလိမ့်မည်ဖြစ်သည်။

**'Saved'** ကိုတစ်ခါတစ်ရံတွင်ကျွန်ုပ်တို့ကဧဝံဂေလိတရားတော်ကို ဆက်တိုက်ရိုသေလေးစားလိုက်နာမှုအားဖြင့်ကျွန်ုပ်တို့ အတွင်းဖြစ်ပေါ်နေသော ကယ်တင်ခြင်း၏ ဆက်တိုက်ဖြစ်နေသောဖြစ်စဉ်ကိုဖော်ပြရန် ဆက်လက် လုပ်ဆောင်မှုပြကာလကိုအသုံး ပြုသည်။ ထို့ကြောင့် ယုံကြည်သူများအား သူတို့၏ ဧဝံဂေလိတရားသို့တုန့်ပြန်မှုအားဖြင့် ကယ်တင်ခြင်းခံရသည် ဟုပြောသည်။ (၁ကော ၁း၁၈)ဤဆက်တိုက်ဖြစ်မှု၏ အခြား ဥပမာများကို (တ ၂း၄၇နှင့် ၂ကော ၂း၁၅)နှင့်တွေ့ရသည်။ **Saved** ဟူသောစကားလုံးကို လက်ဝါးကပ်တိုင်တွင်ခရစ်တော်ကဖြစ်အောင်လုပ်လိုက်သော ဗတ္တိဇံခံ ခြင်းအားဖြင့် ကျွန်ုပ်တို့ကိုယ်တိုင်စုစည်းနိုင်သောကြီးမားသော ကယ်တင်မှုနှင့် ပတ်သက်၍အတိတ်ကာလဖြင့်အသုံးပြုနိုင်သည်။(၂တိ ၁း၉၊တိ ၃း၅)

ယင်းကိုဘုရားရှင်၏ဝိညာဉ်ဆိုင်ရာအစ္စရေးနှင့်ဆက်နွယ်မှုအတွက် အခြေခံပုံစံဖြစ်သောသဘာဝအစ္စရေးနှင့်ထာဝရဘုရား ၏ဆက်နွယ်မှုအားဖြင့် အားလုံးရှင်းလင်းပြနိုင်သည်။( **i.e** ယုံကြည်သူများ၊ ဗတ္တိဇံမခံမီကျွန်ုပ်တို့နှင့် ပေါင်းစုနေကြသောကိုယ်ခန္ဓာနှင့် မှားယွင်းသောဘာသာ၏ ကမ္ဘာကြီးကို ကိုယ်စားပြုသောအီဂျစ်ကိုအစ္စရေးကချန်ရစ်ထားခဲ့သည်။ သူတို့သည် ပင်လယ်နီကိုဖြတ်ကျော် ပြီးဆိုင်းဆိုင်းတောရိုင်းကိုဖြတ်၍ ကတိပြုထားသောမြေသို့ခရီးသွားခဲ့သည်။ ထိုနေရာတွင်သူတို့က ထာဝရဘုရား၏နိုင်ငံတော် အဖြစ်အပြည့်အစုံတည်ဆောက်ခဲ့ကြသည်။ သူတို့၏ပင်လယ်နီသို့ဖြတ်ကျော်မှုမှာကျွန်ုပ်တို့ဗတ္တိဇံခံယူခြင်း၏စံနမူနာဖြစ်သည်။ (၁ကော ၁၀း၁၊၂)ကျွန်ုပ်တို့၏လက်ရှိဘဝ၏ကြမ်းတမ်းသောခရီးနှင့်ထာဝရ ဘုရား၏နိုင်ငံတော်၏ကနန်းမှာကြမ်းတမ်းသောခရီး အတွင်း သူတို့အနက် မည်၍မည်မျှဖျက်ဆီးခြင်းခံရကြောင်းကိုဖော်ပြသည်။ ထာဝရဘုရားသည် လူများအားအီဂျစ်နိုင်ငံကုန်းမြေပြင်ပ သို့ကယ်တင်ပြီးနောက်မယုံကြည်သူများ၊ ၄င်းတို့ကိုဖျက်ဆီးပစ်လိုက်သည်။ ဤသို့ဖြင့်ဗတ္တိဇံခံသောသူများသည် အပြစ်မှကယ်တင် ခံရသူများကဲ့သို့အစ္စရေးကိုအီဂျစ်မှကယ်တင်လိုက်သည်။ အကယ်၍အစ္စရေးများထဲမှတစ်ဦးသည် သင်ကယ်တင်ခြင်းခံရပြီသားဟု မေးလိုက်သောအခါသူတို့၏တုန့်ပြန်မှုမှာ**ဟုတ်ကဲ့☆☆ ဟူ၍ဖြစ်ပါသည်။ သို့ရာတွင်ယင်းမှာသူတို့သည်အဆုံးစွန်ကယ်တင်ခြင်းခံရ သည်ဟုမဆိုလိုပါ။

အလားတူပင်အစ္စရေးတို့ကအီဂျစ်တို့အားသူတို့၏ နှလုံးသားသို့ပြန်လှည့်ကာ ကိုယ်ခန္ဓာကိုယ်အားနှစ်သစ်ခြင်း၏တစ်စုကို ပြောင်းပြန်ဖြစ်နှင့်မှားယွင်းသောဩဝါဒ ကြောင့်ဗတ္တိဇံခံခြင်းအားဖြင့် ဒုက္ခဆင်းရဲမှ ကယ်တင်ခံရသောသူများအားသူတို့ရပ်တည်သော နေရာတွင် ကောင်းချီးခံရခြင်းမှဝေးသွားမည်ဖြစ်သည်။

သဘာဝတော ရိုင်းထဲမှ အစ္စရေးနိုင်ငံနှင့်အလားတူကျွန်ုပ်တို့၏လုပ်ဆောင်ချက် ဖြစ်နိုင်မှုများကို (၁ကော ၁၀း၁-၁၂၊ဟေဗြဲ ၄း၁၊၂နှင့်ရော ၁၁း၁၇-၂၁) တွင် မီးမောင်းထိုးပြ ထားသည်။ ဗတ္တိဇံခံအားခြင်းဖြင့်အပြစ်မှ တစ်ကြိမ် လွတ်မြောက်သော သူများသည် နောက်ပိုင်းတွင် ခရစ်တော်ပြန်လာချိန်၌ အပြစ်ပေးခံရသည်ဟု ဆိုလိုသောနေရာတစ်ခုသို့ ကျရောက်မည်ဟူသော နမူနာများစွာတို့ ကျမ်းစာထဲတွင် ရှိကြသည်။(ဥပမာ ဟေဗြဲ ၃း၁၂-၁၄း၆း၄-၆း၁၀း၂၀-၂၉)စိတ်ထက်သန် သော ခရစ်ယာန်တရားဟောဆရာများ ၏ **တစ်ကြိမ်ကယ်တင်ခြင်းခံရသူသည်အမြဲကယ်တင်ခြင်းခံရသည်ဟူသော ဩဝါဒကို **complete flesh-pleasing sophistry** ကဲ့သို့စာပိုဒ်အားဖြင့် ဖော်ပြထားသည်။

အရာအားလုံးကဲ့သို့ဗတ္တိဇံခံခြင်းအားဖြင့်ကျွန်ုပ်တို့အနေဖြင့် မည်သည့် အတိုင်းအတာအထိကယ်တင်ခြင်းခံရသည်ကို သေချာရန်အတွက်ရှာဖွေရာတွင် မှန်ကန်မျှတသောစိတ်ရှိရန်လိုအပ်သည်။ လုပ်ဆောင်ချက်အနေဖြင့် ဗတ္တိဇံမခံခြင်းမရှိမှုထက် ပို၍ကောင်းသော ဖြစ်နိုင်မှုဖြစ်သော ကယ်တင်ခြင်း အခွင့်အလမ်းကိုကျွန်ုပ်တို့အားခွင့်ပြုချက်အဖြစ်မမြင်သင့်ပေ။ ဗတ္တိဇံခံခြင်းအားဖြင့် ခရစ်ယာန်ဘာသာဝင်ဖြစ်လာခြင်းအားဖြင့် ကျွန်ုပ်တို့သည်မျှော်မှန်းချက်အတွင်းကယ်တင်ခြင်းကိုခံရသည်။ ဗတ္တိဇံ ခံသောအခါမှ ကျွန်ုပ်တို့ထွက်လာသောအခါ ကျွန်ုပ်တို့အနေဖြင့် ခရစ်တော် အတွင်း ဆက်လက်တည်ရှိခဲ့လျှင် ထာဝရဘုရား၏ နိုင်ငံတော်၏ သေချာသော မျှော်မှန်းချက်ထားရှိနိုင်မည်ဖြစ်သည်။

ကျွန်ုပ်တို့ဗတ္တိဇံခံပြီးနောက်အချိန်တစ်ချိန်ချိန်တွင် ခရစ်တော်ပြန်လာချိန်၌ ကျွန်ုပ်တို့အားခရစ်တော်၏နိုင်ငံတော်တွင် သေချာပေါက် လက်ခံနိုင်လိမ့်မည်ဟု နှိမ်ချသောယုံကြည်မှုထားရှိသင့်ပေသည်။ နောက်တစ်နေ့တွင် အဝေးသို့ ကျွန်ုပ်တို့လွင့်ကျသွား နိုင်သောကြောင့် ကံသေကံမသေချာပေါက်ကား မဖြစ်နိုင်ပေ။ ဤဘဝအတွင်း ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်ရေးဝိညာဉ်ပိုင်းဆိုင်ရာ အနာဂါတ်ကို ကျွန်ုပ်တို့မသိပေ။

ဗတ္တိဇံခံခြင်းဖြင့်ထာဝရဘုရားနှင့် အတူရှိနေသောကောင်းသော စိတ်ကိုထိမ်းသိမ်းလျက်ကျွန်ုပ်တို့ဆောင်ရွက်နိုင်သမျှအရာ အားလုံးကို ဆောင်ရွက်ရမည်ဖြစ်သည်။ ဗတ္တိဇံသည်ကိုယ့်ကိုယ်ကို သိသောစိတ်ကြည်လင်၍ ထာဝရဘုရားရှေ့၌ ဝန်ခံခြင်းဖြစ်သည်။ (၁ပေ ၃း၂၁ဂရိ)ဗတ္တိဇံခံပြီးသူသည်ထိုကြည်လင်သောစိတ်ကို ဘုရားရှင်ထံတွင်ကတိသစ္စာဝန်ခံမှုပြုသည်။

ခရစ်တော်ထံမှရနိုင်သောကြီးမားသည့်ကယ်တင်မှုသို့ကျွန်ုပ်တို့၏ လမ်းပွင့်ရန် အဓိကအရေးကြီးသောအချက်မှာဗတ္တိဇံခံယူခြင်း ဖြစ်ရာ လုပ်ဆောင်ချက်တစ်ခုသို့မဟုတ် ဗတ္တိဇံခံယူခြင်းတစ်ခုတည်းဖြင့် ကျွန်ုပ်တို့ကယ်တင်ခြင်းခံရမည်ဟူသော အထင်ကြီးမှုကို မပေးရန် ကျွန်ုပ်တို့သတိထားရမည်။ ခရစ်တော် ၏ လက်ဝါးကပ်တိုင်တွင် အသတ်ခံရခြင်း၏ ဆက်တိုက်ဖြစ်သောနောက်လိုက်ဘဝရှိရန် လိုအပ်ကြောင်း ရှေ့ပိုင်းတွင် ကျွန်ုပ်တို့ပြသခဲ့ပြီးဖြစ်သည်။ **ရေနှင့်ဝိညာဉ်တော်မမွေးသော သူမည်သည်ကားထာဝရဘုရား၏ နိုင်ငံတော်သို့မဝင်ရ။(ယော ၃း၅)ဤအချက်ကို(၁ပေ ၁း၂၃)နှင့်နှိုင်းယှဉ်မှုအရဗတ္တိဇံခံပြီးနောက်ဖြစ်ပေါ်သော ဝိညာဉ်တော်မွေးဖွားမှုမှာဝိညာဉ်/နှုတ်ကပတ်တော်အားဖြင့်ကျွန်ုပ်တို့၏ တဖြည်းဖြည်းပြန်လည်မွေးဖွားမှုကိုညွှန်းရမည်ဖြစ်သည်။☆☆ ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့်ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ့်အလို အလျှောက်ရောက်သည်မဟုတ်။(ဧ ၂း၈)

ယုံကြည်မှုကြောင့်ကယ်တင်ခြင်းသို့ရောက်ရ၏။(ရော၁း၅)

မျှော်လင့်ချက်ကြောင့်ကယ်တင်ခြင်းသို့ရောက်ရ၏။(ရော ၈း၂၄) ယုံကြည်မှုတစ်ခုတည်းအားဖြင့်ကယ်တင်ခြင်းဖြစ်ရမည်ဟုတစ်ခါတစ်ရံကြားရပြီး၊ ဗတ္တိဇံခံခြင်းအလုပ်မှာအားထားမှုမပြုနိုင်ပေ မည်သို့ပင်ဖြစ်စေ။(ယာ ၂း၁၇-၂၄)ကယင်းကဲ့သို့အကြောင်းပြချက်မှာ ယုံကြည်မှုနှင့် လုပ်ငန်းများအကြားမှားယွင်းသောခွဲခြားမှုဖြစ်စေသည်။ စစ်မှန်သောယုံကြည်မှု(ဥပမာ) ဧဝံဂေလိကျမ်းစာအတွင်း ကိုဗတ္တိဇံခံယူခြင်းရလဒ်ဖြစ်သော အလုပ်အားဖြင့် စစ်မှန်သော ယုံကြည်မှုဖြစ်ရပ်ဖော်ညွှန်းထားသည်။ **လူသည် ယုံကြည်ခြင်းအားဖြင့်သာ ဖြောင့်မတ်ရာသို့ရောက်သည်မဟုတ်အကျင့်အားဖြင့် ရောက်သည်ကိုသင်တို့သိမြင်ကြရမည်။☆☆(ယာ ၂း၂၄) ဗတ္တိဇံခံခြင်းဖြစ်ရပ်များစွာတို့တွင်ယုံကြည်သူကကယ်တင်ခြင်းခံရရန်သူ ဘာလုပ်ရမည်နည်းဟုမေးရာ တုန့်ပြန်မှုမှာ အစဉ်အမြဲဗတ္တိဇံခံယူရမည်ဟူသော အချက်ဖြစ်သည်။(တ ၂း၃၇၊၃၈း၆၊၁၀း၆၊၁၆း၃၀) ဗတ္တိဇံခံယူခြင်းအလုပ်ကိုလုပ်ဆောင်ခြင်းမှာ ကျွန်ုပ်တို့အနေဖြင့် ကယ်တင်ခြင်း ဧဝံဂေလိကိုယုံကြည်မှု၏ လိုအပ်သောအညွှန်းဖြစ်သည်။ ကျွန်ုတို့၏ကယ်တင်မှုအလုပ်မှာ ထာဝရဘုရားနှင့်ယေရှုအားဖြင့်အဆုံးစွန်ပြုလုပ်ခြင်းဖြစ်သည်။ သို့ရာတွင် လူတို့သည်နောင်တရခြင်းနှင့် ထိုက်တန်သောအကျင့်ကို ကျင့်ရန် လိုအပ် ပေသည်။(တ ၂၆း၂၀ cp မာ ၁၆း၁၅၊၁၆)

အပြစ်များကိုဆေးကြောပစ်ခြင်းမှာ ခရစ်တော်သို့ကျွန်ုပ်တို့၏ ဗတ္တိဇံ ခံမှုကြောင့် ကျွန်ုပ်တို့အပေါ် ထာဝရဘုရား၏ခွင့်လွှတ်မှု ကိုရဘ်ညွှန်းကြောင်း ရှေ့တွင် ပြောခဲ့ပြီးဖြစ်သည်။ အချို့စာပိုဒ်များတွင် ကျွန်ုပ်တို့၏ ယုံကြည်မှုနှင့် နောင်တရမှုအားဖြင့်ကျွန်ုပ်တို့၏ အပြစ်များကိုဆေးကြောမှုအတွက် ပြောဆိုခဲ့ပြီး ဖြစ်သည်။(တ ၂၂း၁၆၊ဗျာ ၇း၁၄၊ ဟေရှာ ၁း၁၆)အကြားတို့တွင်ထာဝရဘုရားကို ကျွန်ုပ်တို့၏အပြစ်များဆေးကြောပစ်သူများအဖြစ်မြင်ကြသည်။(ယေဇ ၁၆း၉၊ဆာ ၅၁း၂၇၊၁ကော ၆း၁၁)ယင်းကအကယ်၍ ကျွန်ုပ်တို့သည် ဗတ္တိဇံခံယူသောအပိုင်းကိုပြုလုပ်ပါက ထာဝရဘုရားကကျွန်ုပ်တို့၏ အပြစ်များကိုဆေးကြောပစ်လိမ့်မည်ဟုဆိုသည်။ သို့ဖြစ်ရာ ဗတ္တိဇံ အလုပ်သို့မဟုတ် လုပ်ဆောင်ချက်မှာ ထာဝရဘုရား၏ ဧဝံဂေလိ ဂုဏ်ကျေးဇူးကိုထိမ်းသိမ်းမှု၏အရေးကြီးသော ခြေလှမ်းဖြစ်ကြောင်း ထာဝရဘုရား၏ နှုတ်ကပတ်တော်တွင်ဖော်ပြထားသည်။

## ဘာသာပြောင်းလဲမှု- ထပ်၍ဗတ္တိဇံခံခြင်း

ကလေးငယ်တစ်ဦးအဖြစ်ရေဖြန်းခြင်းအားဖြင့်ဖြစ်စေ၊ အခြားအသင်းတော်တွင်ရေအပြည့်နှစ်ခြင်းအားဖြင့်ဖြစ်စေ တစ်ခုခုဖြင့် သူတို့တွေး ထင်ထားသည့်အတိုင်းဗတ္တိဇံခံခြင်းပြုလုပ်ပြီးနောက် အချို့လူများက ဗတ္တိဇံခံရန်ကိစ္စကို အလွန်လျို့ဝှက်ထားလိုကြသည်။ မည်သို့ပင်ဖြစ်စေ ဗတ္တိဇံ မခံမီနောင်တရမှုနှင့် စစ်မှန်သောဧဝံဂေလိကျမ်းစာအပေါ်တွင် သင့်တင့် လျှောက်ပတ်သောယုံကြည်မှုရှိရမည်ဖြစ်သည်။(တ ၂း၃၈၊မာ ၁၆း၁၅၊၁၆) ဗတ္တိဇံခံခြင်းသည် ရေတွင်နှစ်ခြင်းမပြုလုပ်မီထိုအရာများကို စနစ်တကျထားခြင်း အားဖြင့်ဗတ္တိဇံခံ ယူခြင်းသာဖြစ်ပေသည်။(မ ၂၈း၁၉၊၂၀) ကရှင်းလင်း ပြောပြ ပြီးဖြစ်သော ခရစ်တော်၏ ဆုံးမသြဝါဒပေးမှုဖြင့်ပထမဦးဆုံးကြားမှုဖြင့် ဗတ္တိဇံခံ ခြင်းနှင့်ဆက်နွယ်နေသည်။ ကလေးငယ်တစ်ဦးအနေဖြင့် ဧဝံဂေလိတရားကို နောင်တရနိုင်စွမ်း၊ နားလည်နိုင်စွမ်းမရှိပေ။ မည်သည့် ဖြစ်ရပ်မျိုးတွင် ဖြစ်စေ ရေဖြန်းခြင်းသည်ဗတ္တိဇံခံခြင်းမဟုတ်ပေ။ ရေကူးကန် အတွင်းသို့ ဒိုင်ဗင် ထိုးလိုက်သောရေကူးသမား တစ်ဦးသည် ရေတွင်နစ်သွားနိုင်သည်။ သို့ရာတွင် ယင်းမှာဗတ္တိဇံခံယူမှုမဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် လူပုဂ္ဂိုလ်သည် စစ်မှန်သော ဧဝံဂေလိတရားကိုစိတ်ပါစွာတုန့်ပြန်စိတ်မရှိသော ကြောင့်ဖြစ်သည်။ အလားတူပင်မှားယွင်းသောသြဝါဒကိုယုံကြည်၍ နစ်ခြင်း ခံရသော သူများသည် ရေတွင်နှစ်ယောက်လည်းဗတ္တိဇံခံခြင်းမဟုတ်ပေ။

ယုံကြည်မှုတစ်ခုတည်းသာရှိသည်။ **i.e** စစ်မှန်သော ဧဝံဂေလိ တရား ပါဝင်သောသြဝါဒတစ်စုံသာရှိသည်။ တစ်ခုတည်းသော ဗတ္တိဇံခံမှု သာရှိသည်။ တစ်ခုတည်းသောယုံကြည်မှုအပေါ်တွင် ယုံကြည်ခြင်းဖြင့် ပေါ်ထွက် လာသော ဗတ္တိဇံခံယူမှုဖြစ်သည်။ သင်တို့ကိုခေါ်တော်မူခြင်းနှင့် စပ်ဆိုင်သော မျှော်လင့်ခြင်း တစ်ပါးထဲသို့ခေါ်သွင်းတော်မူသည်နှင့် အညီကိုယ်တစ်ကိုယ်ဝိညာဉ်တစ် ဝိညာဉ် တည်းရှိ၏။ သခင်တစ်ပါး၊ ယုံကြည် ခြင်းတစ်ပါး၊ ဗတ္တိဇံ တစ်ပါး၊ခပ်သိမ်းသော ငါတို့၏အဘဖြစ်သော ထာဝရဘုရား တစ်ဆူတည်းရှိ တော်မူ၏။(ဧ ၄း၄-၆)

ကျွန်ုပ်တို့အနေဖြင့်ကျွန်ုပ်တို့၏ ဆုလာဘ်သည် ကောင်းကင်ဘုံတွင် ရှိသည်ဖြစ်စေ၊ သို့တည်းမဟုတ်ကမ္ဘာပေါ်တွင်ရှိသည် ဖြစ်စေ၊ ယုံကြည်မှုမှာ အရေးကိစ္စမဟုတ်ပါဟုပြောခဲ့သော သူများအားဖြင့် ယုံကြည်သကဲ့သို့ မျှော်လင့်ခြင်းနှစ်ခုမရှိနိုင်ပေ။ ဘုရားတစ်ဆူ တည်းသာရှိသည်။ ထို့ကြောင့် ယေရှု သည်ဘုရားမဟုတ်ပေ။ အကယ်၍ ကျွန်ုပ်တို့ဗတ္တိဇံခံပြီးသောအခါ ထာဝရဘုရား ၏ နိုင်ငံတော် ထာဝရဘုရားနှင့် ယေရှုတို့ သဘာဝစသည်တို့ကဲ့သို့ အခြေခံ ကျသော သြဝါဒများကို နားလည်ရန်ပျက်ကွက်ပါက ကျွန်ုပ်တို့၏ပထမဆုံး ဗတ္တိဇံခံမှုသည်ထင်ရှားပီပြင်မှုမရှိပေ။

ယောဟန်သည်ဗတ္တိဇံကိုပေးလျက်အပြစ်လွှတ်ခြင်းအဘို့အလို့ ငှာနောင်တနှင့်စပ်ဆိုင်သောဗတ္တိဇံတရားကိုဟောလျက် ပေါ်ထွန်း၏။(မာ ၁း၄၊လု ၁း၇၇) မည်သို့ပင်ဖြစ်စေယင်းအချက်မှာမလုံလောက်ပေ။(တ ၁၉း၁-၅) ကယောဟန်ကဗတ္တိဇံခံပြီးသော လူများသည်သူတို့၏ သြဝါဒတစ်ခုခုကို မပြည့်စုံသော ဆုပ်ကိုင်မှုကြောင့်တစ်ဖန်ပြန်၍ ဗတ္တိဇံခံရကြောင်း မှတ်တမ်း တင်ထားသည်။ ယောဟန်ဗတ္တိဇံခံသောလူများကဲ့သို့ ကျွန်ုပ်တို့ပထမ အကြိမ်ရေနစ်ခြင်းတွင်စိတ်ထဲမှနောင်တရမှုနှင့် အစသစ်တစ်ခုကိုကျွန်ုပ်တို့ ခံစားမှုပြုနိုင်သည်။ ယင်းမှာမှန်ကန်နိုင်သော်လည်းယုံကြည်မှုတစ်ခု၏ အစိတ်အပိုင်းအားလုံးကိုလက်ဆုပ်လက်ကိုင်ပြုပြီးနောက် ပေါ်ပေါက် လာနိုင်သော စစ်မှန်သည့်ဗတ္တိဇံခံမှုတစ်ခုကို လက်ခံရန်လိုအပ်ချက်ကို လစ်လျူရှုမထားပေ။။

## လေ့လာမှု ၉ မေးခွန်းများ

၁။ ဗတ္တိဇံမခံဘဲ ကျွန်ုပ်တို့ ကယ်တင်လွတ်မြောက်နိုင်ပါသလား?
(က) လွတ်မြောက်နိုင်ပါသည်။
(ခ) မလွတ်မြောက်နိုင်ပါ။

၂။ ဗတ္တိဇံခံခြင်းမှာ ဘာကိုဆိုလိုပါသလဲ?
(က) ကတိကဝတ်ပြုခြင်း။
(ခ) ရေဖြန်းခြင်း
(ဂ) ယုံကြည်မှု
(ဃ) ရေတွင်နှစ်ခြင်း

၃။ မည်သည့်အချန်တွင်ကျွန်ုပ်တို့ဗတ္တိဇံ ခံသင်ပါသလဲ?
(က) စစ်မှန်သော ဧဝံဂေလိကို သင်ယူပြီး နောင်တရသည့်အချိန်တွင်
(ခ) ငယ်ရွယ်သူတစ်ဦးအနေဖြင့်
(ဂ) သမ္မာကျမ်းစာကိုစိတ်ဝင်စားမှုရှိပြီးနောက်
(ဃ) အသင်းတော်တစ်ခုသို့ဆက်သွယ်ရန်ဆန္ဒရှိသည့်အခါ

၄။ ကျွန်ုပ်တို့သည် မည်သည်ကိုဗတ္တိဇံခံခြင်းဖြစ်ပါသလဲ?
(က) ကျွန်ုပ်တို့အား ဗတ္တိဇံ ပြုပေးသောအသင်းတော်အား
(ခ) ဘုရားသခင်၏ နှုတ်ကပတ်တော်အား
(ဂ) ခရစ်တော်အား
(ဃ) သန့်ရှင်းသော ဝိညာဉ်တော်အား

၅။ အောက်ပါတို့တွင် မည်သည်တို့သည် ဗတ္တိဇံ ခံပြီးသည့်နောက်တွင် ဖြစ်ပေါ် လာပါသလဲ?
(က) ကျွန်ုပ်တို့သည်အာဗြဟံအမျိုးအနွယ်၏အစိတ်အပိုင်းဖြစ်သည်
(ခ) ကျွန်ုပ်တို့သည်မည်သည့်အခွံတွင်မှ ဒုက္ခရောက်ကြတော့မည်မဟုတ်
(ဂ) ကျွန်ုပ်တို့သည်အချိန်အားလုံးအတွက်အတိအကျကယ်တင်ခြင်း ခံကြရသည်
(ဃ) ကျွန်ုပ်တို့၏ အပြစ်များကိုမေ့ပျောက်လိုက်ကြပြီ

၆။ သင်သည်ဗတ္တိဇံ ခံယူလိုပါသလား?
(က) ခံယူလိုပါသည်
(ခ) မခံယူလိုပါ

## လေ့လာမှု ၁၀ ခရစ်တော်ထံတွင်ဘဝကိုအပ်နှံခြင်း

### ၁၀ လက်တွေ့ခရစ်ယာန်ဘဝ

### ၁၀-၁ သမ္မာကျမ်းစာလေ့လာမှု

ဗတ္တိဇံခံယူပြီးနောက် ဘုရားရှင်ကယ်လွှတ်တော်မူသောကြောင့် ယေရှုခရစ်၌ တည်၍ဇာတိပကတိအတိုင်းမကျင့်၊ ဝိညာဉ်ပကတိအတိုင်း ကျင့်သော သူတို့သည် အပြစ်စီရင်ခြင်းနှင့်လွတ်ကြ၏။(ရော ၆း၂၂၊ ၈း၁၊ ၈လာ ၅း၁၆၊ ၂၅) သင်တို့သည်ငါ၌ တည်၍ ငါ့စကားသည်သင်တို့၌ တည်လျှင် သင်တို့ သည်တောင်းချင်သမျှကိုတောင်း၍ရကြလိမ့်မည်။ သင်တို့သည်များစွာသော အသီးကိုသီးသောအားဖြင့် ငါ့ခမည်းတော်သည်ဘုန်းထင်ရှားတော်မူ၍သင်တို့ သည်လည်းငါ၏တပည့်မှန်ကြလိမ့်မည်။ (ယော ၁၅း၇၈) ဘုရားသခင်၏ ဝိညာဉ်တော်သည်သူ၏ နှုတ်ကပတ်တော်အတွင်းတွင် ရှိသည်ဟူသော သဘော ဖြင့် ကျွန်ုပ်တို့သည်ဝိညာဉ်တော်၏ ဦးဆောင်မှုကိုခံကြရမည်အကြောင်း မြင်တွေ့ ခဲ့ပြီးဖြစ်သည်။

ကျွန်ုပ်တို့၏ ဘဝတစ်လျှောက်လုံး သမ္မာကျမ်းစာကိုမှန်မှန်ဖတ်ရှု လေ့လာခြင်းဖြင့် ထိုနှုတ်ကပတ်တော်နှင့် အနီးကပ်ဆုံးရှိစေရမည်ဖြစ်သည်။

ဗတ္တိဇံခံယူရန်လိုအပ်ချက်ကိုသိရှိနားလည်သော လူတစ်ဦး တစ်ယောက် အနေဖြင့်နှုတ်ကပတ်တော်ကိုအတွင်းကျကျလေ့လာခြင်းဖြင့် ထိုအတိုင်း လုပ်ဆောင်နိုင်ကြမည်ဖြစ်သည်။ နှုတ်ကပတ်တော်အနေဖြင့်ကျွန်ုပ်တို့၏ လှုပ်ရှားမှုများကိုလွှမ်းမိုးကာ ကျွန်ုပ်တို့ဘဝ၏ လမ်းညွှန်မှုများကို ဆက်လက် ဖြစ်စေသည်။ လုပ်ငန်းစဉ်တွင်ဗတ္တိဇံခံယူခြင်းသည် ဘုရားသခင်၏ နှုတ်က ပတ်တော်ကို လိုက်နာကျင့်ကြံခြင်းမှာ ဘဝတစ်သက်တာ၏ ပထမအဆင့် ဖြစ်သည်။ သမ္မာကျမ်းစာနှင့် ကောင်းချီး သတင်းသင်ပြမှုနှင့်ပတ်သက်၍ ရင်းနှီး ကျွမ်းဝင်မှုမှာ အလွန်ပင် အန္တရာယ်များလှသည်။ ယင်းမှနှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အား တာရှည်ပြကာသက်ရောက်မှု ဖန်ဆင်းမည့်အခြေအနေလို့လည်း ဦးဆောင်သွားနိုင်သည်။ နှုတ်ကပတ်တော်များကိုဖတ်ရှုနိုင်သော်လည်း ကျွန်ုပ်တို့အတွက် လက်တွေ့အကျိုးသက်ရောက်မှု မရှိနိုင်သည်လည်း ဖြစ်နိုင် သည်။ (နောက်ဆက်တွဲ ၂ ကိုကြည့်ပါ) ထို့ကြောင့်ပင် ကျမ်းစာ တစ်ခုချင်းကို ဖတ်ရှုမီ ဆုတောင်းအပိုဒ်ကိုရွတ်ဆိုရမည်။

**တရားတော်၌ အံ့ဘွယ်သောအရာတို့ကိုမြင်နိုင်ပါမည့်အကြောင်း ကျွန်ုပ်၏မျက်စိတို့ကိုဖွင့်တော်မူပါ။☆☆ (ဆာ ၁၁၉း၁၈)

ဘုရားသခင်၏နှုတ်ကပတ်တော်သည်ကျွန်ုပ်တို့၏ နေ့စဉ် အစားအစာ ဖြစ်သင့်သည်။ အမှန်အားဖြင့်ထိုအပေါ်တွင် ကျွန်ုပ်တို့၏ လွတ်လပ်မှုနှင့် သဘာဝဆန္ဒရှိမှုမှာ အစားအသောက်များကို စားလိုစိတ်ထက်ပို၍ကြီးမားရမည်။ ထားတော်မူသောပညတ်တို့ကို ငါမဖယ်၊ နှုတ်တော်တွင်စကားတို့ကို ငါ့ရင်ခွင်၌ သို့ထားပါ၏။(ယောဘ ၂၃း၁၃)၊ ကောင်းကင်ဗိုလ်ခြေ အရှင်ဘုရားသခင် ထာဝရဘုရား၊ ကျွန်ုပ်တွေ့သော နှုတ်ကပတ်တော် စကားကို ခံယူပါပြီ၊ နှုတ်က ပတ်တော်သည် ကျွန်ုပ်ဝမ်းမြောက် ရွှင်လန်းစရာအကြောင်းဖြစ်ပါ၏၊ နာမတော် ဖြင့် ကျွန်ုပ်ကိုခေါ်ဝေါ်ပါ၏။(ယော ၁၅း၁၆) ကျွန်ုပ်တို့၏ နေ့စဉ်ဘဝပုံစံကို တည်ဆောက်၍ သမ္မာကျမ်းစာကိုပုံမှန်ဖတ်ရှုလေ့လာရန်အတွက်နေ့စဉ် အချိန်ယူခြင်းသည် အရေးကြီးဆုံး လုပ်ငန်းတစ်ခုဖြစ်သည်။ နံနက်ပိုင်းတွင် အဟန့်အတားမရှိဘဲ သမ္မာကျမ်းစာကို မိနစ်(၃၀)ခန့်လေ့လာမှုသည် မှန်ကန် သောစိတ်ခါတ်ဖြစ်ပေါ်မှုကို စတင်ဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းကဲ့သို ယုံကြည်မှု တည်ဆောက်ဖြင့် အလေ့အကျင့်များသည် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် တန်ဖိုးမြင့် လာပေလိမ့်မည်။

သမ္မာကျမ်းစာ၏အပိုင်းများကိုသာဖတ်ရှုရန် သဘာဝစွမ်းအားကို ရှောင်ရှားရန်မှာ ကျွန်ုပ်တို့အားသဘာဝကျကျတောင်းဆို ချက်ရှိ၏။ ခရစ်တော်၏ နှုတ်ကပတ်တော်ကိုလေးစားလိုက်နာပြသူများက **"Bible Companion"** ဟုခေါ်သော အစီအစဉ်တစ်ခုကို ထပ်တွင်ထားသည်။ (ယင်းကို ဤစာအုပ် ထုတ်ပေးသူများထံမှ ရရှိနိုင်ပါ၏) ယင်းကားတစ်နေ့ချင်း ဖတ်ရမည့်သင်ခန်းစာ အရေအတွက်ကိုဖော်ပြထားပါသည်။ တစ်နှစ်လျှင် ဓမ္မသတ်အသစ်အား နှစ်ကြိမ်နှင့် ဓမ္မသတ်ဟောင်းအား တစ်ကြိမ်ဖတ်ရှုရန်စီစဉ် ထားပါသည်။ ကျွန်ုပ်တို့ ကသင်ခန်းစာများကို နေ့စဉ်ဖတ်ရှုသည်နှင့်အမျှ အခြားသော ယုံကြည်သူ ထောင်ပေါင်းများစွာတို့ ဖတ်ရှုနေသော အလားတူ သင်ခန်းစာထဲမှ သတ္တိများကိုရယူနိုင်ကြမည်ဖြစ်သည်။ ကျွန်ုပ်တို့ တွေ့ဆုံသည့်အခါတိုင်း ကျွန်ုပ်တို့တွင် ချက်ခြင်းထိတွေ့မှုဖြစ်ပေါ်စေပါမည်။ မကြာမီက ကျွန်ုပ်တို့ ဖတ်ရှုခဲ့သောအပိုင်းများကကျွန်ုပ်တို့၏စကားပြောဆိုမှု၏ အခြေခံဖြစ်စေ ပါလိမ့်မည်။

## ၁၀.၂ ဆုတောင်းသူ

အခြားဆောင်ရွက်ရမည့်လက်တွေ့လုပ်ဆောင်ချက်မှာ ဆုတောင်းသူ ဖြစ်သည်။ ဘုရားသခင်နှင့်လူအကြားဆက်စပ်ပေး သူတစ်ဦးဖြစ်သော လူသား ယေရှုခရစ်တော်ရှိနေကြောင်းကျွန်ုပ်တို့အား သတိပေးထားပြီးဖြစ်ရာ သူကိုယ် တိုင်ကပင်လူသားများ အားလုံးအတွက်ကြားခံလူအဖြစ် သတ်မှတ်ထားသည်။ ပေါလကခရစ်တော်၏ လုပ်ငန်းများကို လက်တွေ့ကျကျနားလည် သဘော ပေါက်စေရန် တွန်းအားပေးလျက်ရှိသည်။ ငါသည်သက်သေခံသော သူအရာ၌ လည်းကောင်း၊ တမန်တော်အရာ၌ လည်းကောင်း ယုံကြည်ခြင်းတရားနှင့် သမ္မာတရားကို တစ်ပါးအမျိုးသားတို့အားဟောပြောသော ဆရာအရာ၌ လည်းကောင်း၊ ခန့်ထားတော်မူသော သူဖြစ်သည်ဟု ငါဆိုသောမုသားစကားကိုမဆို၊ မှန်သောစကားကိုဆို၏၊ သို့ဖြစ်၍အရပ်ရပ်၌ ယောကျာ်းတို့သည် အမျက်ထွက်ခြင်း၊ ငြင်းခုံခြင်းမရှိဘဲ သန့်ရှင်းသောလက်ကိုချီ၍ဆုတောင်းခြင်းငှာ ငါအလိုရှိ၏။(၁တိ ၂း၅-၈) ငါတို့ယစ်ပရောဟိတ်မင်းသည်ငါတို့ ခံရသော ဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူမဟုတ်၊ ငါတို့ခံရသည့်နည်းတူ အမျိုးမျိုးသော

စုံစမ်းနှောက်ယှက်ခြင်းတို့ကို ခံဘူးသောသူဖြစ်တော်မူ၏ သို့ရာတွင်ဒုစရိုက်အပြစ်နှင့် ကင်းလွတ်တော်မူ၏။ ထို့ကြောင့်ငါတို့သည် သနားခြင်း၊ ဂရုဏာကို လည်းကောင်း၊ တော်လျော်သောမစခြင်း ကျေးဇူးတော် ကိုလည်းကောင်း ခံရမည့်အကြောင်းရဲရင့်သောစိတ်နှင့်ကျေးဇူးပလ္လင်တော် သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့။ (ဟေဗြဲ ၄း၁၅-၁၆)

ခရစ်တော်သည်ကျွန်ုပ်တို့၏ကိုယ်ရေးဆိုင်ရာ ယစ်ပရောဟိတ်သို့ ကျွန်ုပ်တို့၏ ဆုတောင်းသူများကိုဘုရားသခင်သို့စွမ်းအား ဖြည့်ပေးမှုကို ကျွန်ုပ်တို့အနေဖြင့်အမှန်တကယ်နှစ်သက်မှုဖြင့်၊ ယုံကြည်မှုတွင် ပုံမှန်ဆုတောင်း သင့်သည်။ မည်သို့ပင်ဖြစ်စေ ဆုတောင်းသူသည် ဘုရားသခင်သို့ ကန်တော့ သောလိုချင်သော စာရင်းတစ်ခုအနေဖြင့်သာ မဖြစ်သင့်ပေ။ အစာ မစားမီ အစား အစာ ၏ကျေးဇူးတော်ကိုချီးမွမ်းခြင်း၊ခရီးသွားလာ ရာတွင်အန္တရာယ်ကင်းရှင်းစေရန် ဆုတောင်းခြင်းတို့မှာ ကျွန်ုပ်တို့ဆုတောင်းသူများ၏ အရေးပါသော ပုံစံတစ်ခုဖြစ်လိမ့်မည်။

ဘုရားသခင်၏ရှေ့မှောက်တွင်ကျွန်ုပ်တို့၏အခက်အခဲပြဿနာများကို ချပြရာတွင်ဆုတောင်းသူကိုယ်တိုင်အနေဖြင့် ငြိမ်းချမ်းမှုတစ်ခုပေးသင့်သည်။ အဘယ်အမှုကိုမျှစိုးရိမ်ခြင်းမရှိဘဲအရာ ရာ၌ ကျေးဇူးတော်ကိုချီးမွမ်းခြင်းနှင့် တကွဆုတောင်း ပဌနာပြုသောအားဖြင့် သင်တို့တောင်းပန်လိုသော အရာများ တို့ကို ဘုရားသခင်အားကြားလျှောက်ကြလော့၊ ထိုသို့ပြုလျှင် အဘယ်သူမျှ ကြံ၍ မမှီနိုင်သောဘုရားသခင်၏ငြိမ်သက်ခြင်းသည်ယေရှုခရစ်အားဖြင့် သင်တို့၏ စိတ်နှလုံးကိုစောင်မလိမ့်မည်။ (ဖိ ၄း၆၊၇)

ငါတို့သည်ဘုရားသခင်အထံတော်၌ ရဲရင့်ခြင်းအကြောင်းဟူမူကား၊ ငါတို့သည် အလိုတော်နှင့်အညီတစ်စုံတစ်ခုသောဆုကို တောင်းလျှင် ဘုရား သခင်သည် နားထောင်တော်မူ၏။(၁ယော ၅း၁၄)ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်၏ ဝိညာဉ်တော်၊ စိတ်ကိုကျွန်ုပ်တို့ ထံသူတို့တွင်ဖေါ်ပေးသော ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လေ့လာခြင်းဖြင့်ဘုရားသခင်၏ ဆန္ဒကို ကျွန်ုပ်တို့သိနိုင်သည်။ ထို့ကြောင့်ကျွန်ုပ်တို့၏ သမ္မာကျမ်းစာလေ့လာမှုက ကျွန်ုပ်တို့အားမည်ကဲ့သို့ဆုတောင်းရမည်၊ မည်သူကိုဆုတောင်းရမည်နှစ်မျိုးစလုံး ကိုသင်ပေးခြင်းဖြင့် ကျွန်ုပ်တို့၏ ဆုတောင်းပေးသူများအားစွမ်းအားပို၍ ကောင်းစေသည်။ ထို့ကြောင့်အကယ်၍သင်တို့သည်ငါ၌ တည်၍ ငါ့စကားသည် သင်တို့၌ တည်လျှင်သင်တို့သည်တောင်းချင်သမျှကိုတောင်း၍ရကြလိမ့်မည်။ (ယော ၁၅း၇)

သမ္မာကျမ်းစာနှင့်ပုံမှန်ဆုတောင်းသည့်ဥပမာများစွာ ရှိသည်။(ဆာလ ၁၁၉း၁၆၄) (ဒံ ၆း၁၀)နံနက်နှင့် ညနေပိုင်းတွင်တစ်နေ့တာအတွင်း အနည်းငယ် သော ချီးမွမ်းမှုမှာ အနိမ့်ဆုံးမျှသာ ဖြစ်ကြောင်းဖြစ်သင့်သည်။

## ၁၀.၃ တရားဓမ္မဟောပြောခြင်း

စစ်မှန်သောထာဝရဘုရားသခင်ကိုသိရှိခြင်းမှဖြစ်ပေါ်လာသော ကြီးမား သည့် လှုံဆော်မှုများအနက်တစ်ခုမှာ စိတ်ပိုင်းဆိုင်ရာအရ တစ်ကိုယ် ကောင်းဆန် လာမှုဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့်ကျွန်ုပ်တို့၏ ကိုယ်ပိုင်ပုဂ္ဂိုလ်ရေး အရသမ္မာကျမ်းစာလေ့လာမှုနှင့်စိတ်ပိုင်း ဆိုင်ရာမြင့်မားမှုတို့ကို အတူတကွ ယုံကြည် သူများနှင့် ကျွန်ုပ်တို့ပတ်ဝန်းကျင်မှကမ္ဘာကြီးနှင့် အတူမျှဝေခံစား ရန်မေ့ လျော့မှုဖြစ်နိုင်ပေသည်။ ယင်းသို့ဖြစ်ရခြင်းမှာကျွန်ုပ်တို့အနေဖြင့် ဘုရားရှင်နှင့် ကိုယ်ပိုင်မှုအပေါ် စိတ်ကျေနပ်မှုများမှာ ရရှိခြင်းကြောင့်ဖြစ်ပေသည်။ ဘုရားရှင်၏ နှုတ်ကပတ်တော်နှင့်စစ်မှန်သောဓမ္မစကားသည် ကျွန်ုပ်ရှေ့မှာ မီးခွက်ဖြစ်၍ ကျွန်ုပ်၏လမ်းခရီးတွင်လင်းစေပါ၏။ (ဆာ ၁၁၉း၁၀၅၊ လု ၄း၁၈) ယင်းကဲ့သို့ မီးခွက်ရှိသူသည် ဆီမီးထွန်း၍တောင်း၊ ဇလားအောက်၌ ဖုံးထားလေ့ မရှိ၊ အိမ်သူအိမ်သားအပေါင်းတို့သည် အလင်းကိုရစေခြင်းမှာ ဆီမီးခုံ ပေါ်တွင် တင်ထားလေ့ရှိ၏။ (မ ၅း၁၅)သင်တို့သည်ဤလောက၏ အလင်း ဖြစ်ကြ၏၊ ခရစ်တော်ထံတွင် ဗတ္တိဇံခံယူခြင်းဖြင့်လောက၏ အလင်းဖြစ်လာသည်။(မ ၅း၁၄၊ ယော ၈း၁၂) တောင်ထိပ်၌ တည်သောမြို့ကို မဖုံးကွယ်နိုင်ဟု ခရစ်တော် ကဆက် လက်၍မြွက်ကြားခဲ့သည်။ (မ ၅း၁၄)

အကယ်၍ကျွန်ုပ်တို့အနေဖြင့်ကျွန်ုပ်တို့နားလည်ထားသော စစ်မှန်သော တရားဓမ္မအတိုင်းဘဝရပ်တည်မှုပြုပါကကျွန်ုပ်တို့ ၏ဘဝတစ်ခုလုံးသည် ကျွန်ုပ် တို့နှင့် အတူနေသူများအတွက် ယုံကြည်မှုဖြစ်စေလိမ့်မည်။ ကျွန်ုပ်တို့က နိုင်ငံ တော်၏မျှော်လင့်ချက်ကို ခွဲခြားတတ်ခြင်းနှင့်လောက၏ လမ်းကြောင်းများမှ ခွဲခြား၍ဟန်ဆောင်မှုမပြုနိုင်ပေ။

လိမ္မာပါးနပ်စွာ ဖြင့်ကျွန်ုပ်တို့ကကျွန်ုပ်တို့နှင့်ကျွမ်းဝင်ထိတွေ့သူအား လုံးတို့နှင့်အမှန်တရား၏သုတကိုမျှပေးရန် နည်းလမ်းမှာ သင့်သည်။ ပတ်ဝန်း ကျင်မှ လူများနှင့်စကားပြောကြရမည့်အကြား ဘုရားကျောင်းများမှ အဖွဲ့ဝင်များ နှင့် ဘုရားရှင်၏သင်ကြားမှုများကို ဆွေးနွေးကြရမည်၊ ယင်းနည်း လမ်းများမှာ

ကျွန်ုပ်တို့၏အလင်းရောင်ထွန်းတောက်နိုင်သည့်နည်းလမ်းများဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့်အခြားယုံကြည်သူများသို့သက်သေပြခြင်းမှမရှောင်လွဲနိုင်၊ တစ်ဦးချင်းတွင်တာဝန်ကိုယ်စီရှိကြသည်။ ခရစ်ယာန်ဘာသာကို စိတ်ဝင်စားသူ များနှင့် ယေဘုယျအားဖြင့်စုစည်းမှုနည်းပါးကြသည်။ အခြားအုပ်စုများနှင့် နှိုင်းစာလျှင်စတင်ဟောကြားမှုအတိုင်းအတာအားနည်းနေပေသည်။ကျွန်ုပ်တို့တစ်ဦးချင်းအနေဖြင့်ကျွန်ုပ်တို့တတ်နိုင်သမျှကိုအိမ်တို့၏ကိုယ်ပိုင်စရိတ်ဖြင့်ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကြရမည်။

ဟောကြားမှု၏အအောင်မြင်ဆုံး နည်းလမ်းများအနက်တစ်ခုမှာ ကျွန်ုပ်တို့၏ ယုံကြည်မှုများကို ကျွန်ုပ်တို့၏ မိသားစုများ ကျွန်ုပ်တို့နှင့် အနီးကပ် ထိတွေ့မှုရှိသူများအားရှင်းလင်းပြောပြခြင်းဖြစ်သည်။ ယုံကြည်မှုမရှိသူများအား ရှင်းလင်းစွာဟောပြောရမည်။ ယင်းအချက်ကိုတစ်ကြိမ်ဆောင်ရွက်ပြီးသော်လည်း ဖိအားပေးဆောင်ရွက်ခြင်းမျိုးမပြုသင့်ပေ၊ ဖိအားပေးမှုပြောင်းလဲမှုများသည် ဘုရားသခင်၏ဆန္ဒတော်နှင့်မကိုက်ညီပေ။ ကျွန်ုပ်တို့၏ တာဝန်မှာ အမှန်တရားကိုတုန့်ပြန်မှုမရှိပဲ မျက်မြင်သိရှိနိုင်ရန်ဖြစ်သည်။ ယင်းကဲ့သို့လက်တွေ့မျက်မြင် ပြုလုပ်ရန်မှာကျွန်ုပ်တို့၏ ကြီးမားသောတာဝန်တစ်ရပ်ဖြစ်သည်။ (ဇေယ ၃း၁၇-၂၁)အကယ်၍ ခရစ်တော်သည်ကျွန်ုပ်တို့၏ဘဝအတွင်းရောက်လာပါက* *လူနှစ်ယောက်သည်လယ်တောထဲတွင်ရှိလတ္တံ့၊ တစ်ယောက်ကိုသိမ်းယူ၍ တစ်ယောက်မူကားနေရစ်ရလတ္တံ့☆☆(လု၁၇း၃၆) အကယ်၍ ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့၏မိသားစုအားမပြောခဲ့လျှင်နှင့် ကျွန်ုပ်တို့၏ဘုရားသခင်၏ ဒုတိယအကြိမ်လာလိမ့်မှုကိုအပေါင်းအသင်းရောင်းရင်းများနှင့်အတူတကွလုပ်ဆောင်မှုမရှိလျှင် ထိုအချက်မှာအမှန်တကယ်ပင်ထူးဆန်းမှုဖြစ်လိမ့်မည်။

## ၁၀-၄ ဘုရားကျောင်းအတွင်းမှဘဝ

ဤလေ့လာမှုတွင်ကျွန်ုပ်တို့အနေဖြင့်ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်ရေး ဝိညာဉ်ပိုင်းဆိုင်ရာလုပ်ငန်းတာဝန်ဝတ္တရားများနှင့်ပတ်သက်၍များစွာပြောဆိုခဲ့ကြပြီး ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့တွင်ကျွန်ုပ်တို့၏ မျှော်လင့်ချက်ကို မျှဝေ ခံစားသောအခြားသူများနှင့် တွေ့ဆုံရန်တာဝန်ရှိသည်။ တစ်ဖန်ဤ အချက်မှာ ကျွန်ုပ်တို့အနေဖြင့်ဆောင်ရွက်လိုသော အချက်ဖြစ်သင့်ပေသည်။ ဗတ္တိဇံခံ ယူပြီး နောက် ကျွန်ုပ်တို့အနေဖြင့်ဘုရားသခင်၏ နိုင်ငံတော်ဆီသို့ကြမ်းတမ်းသော ခရီးတစ်ခုကို ဝင်ရောက်လိုက်ခြင်းဖြစ်ကြောင်းပြဆိုခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့်ခရီးသွားဖော်များနှင့်ဆက်သွယ်သင့်သည့်အချက်မှာ သဘာဝတရားသာ ဖြစ်သည်။ ခရစ်တော်မလာမီနောက်ဆုံးရလာဒ်များတွင် ကျွန်ုပ်တို့နေထိုင် နေကြသည်။ ယင်းမှာအဆင့်တူသူများနှင့် လိုက်နာလိုအပ်ပြီး ထိုအချိန် များတွင်ဖြစ်ပေါ်နေသည်။ ခက်ခဲသောအခြေအနေများစွာကို ကျော်လွှား နိုင်ရန်ဖြစ်သည်။ လူအချို့တို့၏ ထုံးစံရှိသည့်အတိုင်း အချင်းချင်း စည်းဝေးခြင်း အမှုကို မရှောင် မလွဲကြနှင့်၊ အချင်းချင်းတို့ကိုတိုက်တွန်းနှိုးဆော်ကြလော့၊ ကာလအချိန်ရောက်လုနီးသည်ကိုထောက်သဖြင့်ကြိုးစားကြလော့၊ (ဟေဗြဲ ၁၀း၂၅၊ **cp** မာလ ၃း၁၆) ယုံကြည်သူများအနေဖြင့်စာဖြင့်ဖြစ်စေ၊ သမ္မာကျမ်းစာလေ့လာမှုကို တစ်ဦးနှင့်တစ်ဦးမျှဝေရန်အတွက် ဆုံတွေ့ရန်ခရီးသွားခြင်းဖြင့်ဖြစ်စေ၊ ဆုံတွေ့ပွဲများနှင့် တရားဓမ္မဟောပွဲများသို့ဖြစ်စေသွားရောက်ခြင်းဖြင့်ထိတွေ့မှုများ ဆောင်ရွက် သင့်သည်။

ကျွန်ုပ်တို့တွင်ဘုရားသခင်၏နိုင်ငံတော်၏ ကြီးမားသော မျှော်လင့်ချက် အတွင်းလောကကြီး၏ပြင်ပသို့တစ်ဦးချင်းခေါ် ယူ ခံကြရမည်။ **Saint** ဟူသော စကားမှာခေါ်ယူလိုက်သော လူတစ်ယောက်ကိုဆိုလိုသဖြင့် အတိတ်ကာလမှ အနည်းငယ်သောယုံကြည် သူများအတွက် အမှန် ယုံကြည်သူအားလုံးကို ညွှန်းဆိုနိုင်သည်။ အင်္ဂလိပ်သမ္မာကျမ်းစာတွင် ဘုရား ကျောင်းဟု အဓိပ္ပါယ် ပြန်ဆိုထားသော ဂရိစကားလုံးမှာ **ecclesira** ဖြစ်သည်။ ယင်းမှာတွေ့ဆုံသူများ ရုပ်ပိုင်းဆိုင်ရာ တည်ဆောက်မှုထက်ယုံကြည်သူအုပ်စုများကို ရည်ညွှန်းသည်။ ဤအခေါ် အဝေါ် အသုံးပြုရာတွင် နားလည်မှုလွဲခြင်း ရှောင်ရှားရန် အတွက် ခရစ်ယာန်ဘာသာဝင်များအနေဖြင့် သူတို့၏ဘုရားကျောင်း **charcha** ကို **ecclesira** ဟုညွှန်းဆိုကြသည်။

မြို့တစ်မြို့တစ်ဒေသတစ်ညတွင်းယုံကြည်သူများစွာရှိသည့်နေရာတွင် ပုံမှန် တွေ့ဆုံရန်နေရာတစ်နေရာသတ်မှတ်ရန်ရှာနိုင်သည်။ ယင်းမှာ ယုံကြည်သူတစ်ယောက်၏အနာဂတ်သို့မဟုတ် ငှားရမ်းထားသော ခန်းမ အတွင်းဖြစ်နိုင်သည်။ ခရစ်ယာန် ဘာသာဝင်ဘုရားကျောင်း တွေ့ဆုံ ပွဲကို စုဝေး ရန် နေရာများ၊ ဟိုတယ်ဆွေးနွေးခန်းမများ၊ ပုဂ္ဂလိကအိမ်များသို့မဟုတ်ကိုယ်တိုင် ဆောက်ထားသောခန်းမများတွင်ကျယ်ကျယ်ပြန့်ပြန့်တွေ့ဆုံနိုင်သည်။ဘုရားရှိခိုးကျောင်း တစ်ခု၏ရည်မှန်းချက်မှာ၄င်း၏ အဖွဲ့ဝင်များအားနည်းသမ္မာ ကျမ်းစာလေ့လာခြင်းဖြင့်ယင်း၏

အဖွဲ့ဝင်များအားစုစည်းရန်နှင့် ဟောပြောခြင်း ဖြင့် သူတို့၏အလင်း ရောင်များထောက်ပံ့စေရန်ဖြစ်ပါသည်။ ခရစ်ယာန်ဘာသာဝင်များအတွက်အစီအစဉ်တစ်ခုမှာ အောက်ပါအတိုင်းဖြစ်နိုင်ပါသည်။

တနင်္ဂနွေ - နံနက် ၁၁း၀၀နာရီ - **Breaking of Bread Service**

၆း၀၀ နာရီ - အများပြည်သူသို့ဟောပြောခြင်းလုပ်ငန်း

ဗုဒ္ဓဟူးနေ့ - ညနေ ၈း၀၀ နာရီ - သမ္မာကျမ်းစာလေ့လာမှု

ဘုရားရှိခိုးကျောင်းသည်ထာဝရဘုရားသခင်မိသားစု၏ အစိတ်အပိုင်း ဖြစ်သည်။ အနီးကပ်ပေါင်းစုဖွဲ့စည်းထားသော အစုအစည်းတွင် အဖွဲ့ဝင် တစ်ဦးချင်းအနေဖြင့်သိသာမှုရှိပြီး၊ အခြားလူများကိုရိုကျိုးမှုရှိရန်လိုအပ်သည်။ သူ၏သိသာသောဝိညာဉ်တော် ဆိုင်ရာအထွဋ်အထိပ်ဖြစ်မှုရှိသော်လည်း သူသည်အားလုံး၏ အစေအပါးအဖြစ်ဆောင်ရွက်ခဲ့သည်။ ငါသည်သခင် ဖြစ် လျှက် အရှင်ဘုရားလည်းဖြစ်လျက်နှင့်သင်တို့၏ ခြေကိုဆေးလျှင် သင်တို့ သည် အချင်းချင်းတို့၏ခြေကိုဆေးကြရသည်။ ငါသည်သင်တို့၌ ပြုသကဲ့သို့ သင်တို့သည်ပြုစေခြင်းငှာပုံသက်သေကိုပြခဲ့ပြီး (ယော ၁၃း၁၄၊၁၅၊ မ ၂၀း၂၅-၂၈) အလင်းတော်တွင်ပြုလုပ်ခဲ့သော သင်ကြားမှုမှာဘုရားသခင်၏ နှုတ်ကပတ် တော်ပေါ် တွင်အခြေခံသင့်သည်။ ဘုရားရှိခိုးကျောင်းအတွင်း အများကို စကားပြောသူများသည်ဘုရားသခင်၏ကိုယ်စားပြောသူများဖြစ်၏၊ ထာဝရ ဘုရားသည် ယောကျ်ားဖြစ်၍ညီအစ်ကိုများကဘုရားသခင်၏ နှုတ်ကပတ်တော်မှ ညွှန်းကြားချက်များကိုအများသို့ညွှန်ကြားမှုပြုလုပ်သင့်သည်။ (၁ကော ၁၄း၃၄) သင်တို့သည်ဟောပြောရသော အခွင့်မရှိကြ၊ ပညတ်တရားစီရင်သည့်အတိုင်း သူတို့သည်ယောကျ်ားတို့၏အုပ်စိုးခြင်းကိုခံကြရသည်၊ (၁တိ ၂း၁၁-၁၅)သည် ဧဒင်ဥယျာဉ်တွင်ခဲ့သောအဖြစ်အပျက်များအထိနောက်ကြောင်းပြန် မှုအတွင်းဖြစ်စဉ်ကိုနောက်ကြောင်းပြန်လိုက်သည်။ အဘယ့်ကြောင့် ဆိုသော် အေဝသည်အာဒမ်အားမကောင်းမှုကိုကျူးလွန်ရန်သင်ကြားပေးခဲ့သည်။ မိန်းမကယောကျ်ားအားမသင်ကြားသင့်ပေ၊ ဘုရားသခင်က အာဒမ်အား အေဝထက်စောစွာဖြစ်စေမှုမှာ မိန်းမ၏ ခေါင်းမှာယောကျ်ားဖြစ်သည်ဟူသော အချက်၏သင်္ကေတဖြစ်သည်။ (၁ကော် ၁၁း၃)သို့ဖြစ်ရာယောကျ်ားကသာ မိန်းမကိုဦးဆောင်ရမည်။ မိန်းမကယောကျ်ားကိုဦးဆောင်မှုမပြုရပေ။

ထိုအချက်များကြောင့်မိန်းမသည်အုပ်စိုးခြင်းကိုအစဉ်ဝန်ခံ၍ တိတ်ဆိတ်စွာသင်စေ၊ မိန်းမသည်ဆုံးမဩဝါဒပေးခြင်း၊ ယောကျ်ားကို အစိုးတရပြုစေခြင်းအခွင့်ကိုငါမပေး၊ သူသည်တိတ်ဆိတ်စွာနေအပ်၏။ အကြောင်းမူကားအာဒံကိုရှေးဦးစွာဖန်ဆင်းတော် မူပြီးနောက်မှ ဧဝကို ဖန်ဆင်းတော်မူ၏။ ထိုမှတစ်ပါးအာဒံသည်လှည့်ဖျားခြင်းကိုမခံ၊ မိန်းမသည် လှည့်ဖျားခြင်းကိုခံ၍လွန်ကျူး၏။ သို့သော်လည်း ဣန္ဒြေစောင့်ခြင်းနှင့်တကွယုံကြည်ခြင်း၊ ရှက်ခြင်း၊ သန့်ရှင်းခြင်း၌ တည်လျှင် သားဖွားခြင်းအမှု၌ ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။ (၁တိ ၂း၁၁-၁၅) ယောကျ်ားသည် မိန်းမကိုနိုင်ထက်စီးနင်းမလုပ်ရ၊ သို့ရာတွင်ခရစ်တော်က ကျွန်ုပ်တို့အား ချစ်တော်မူသကဲ့သို့သူမကိုလည်းချစ်ရမည်။ (ဧ ၅း ၂၅)

**ယောကျ်ားတို့ဆုတောင်းခြင်းအမှု၌ အဆီးအတားမရှိစေခြင်းမှာ အသက်ရှင်ခြင်းကျေးဇူးတော်ကိုဆက်ဆံ၍အမွေခံရသော သူချင်းကဲ့သို့ သတိပညာနှင့်လျော်စွာခင်ပွန်းနှင့်အတူနေ၍ အားနည်းသောသူကိုပြုသင့်သည့် အတိုင်း သူကိုစောင့်မပြုစုကြလော့။☆☆ (၁ ပေ ၃း၇)

စိတ်ပိုင်းဆိုင်ရာဝေါဟာရအရခရစ်တော်သို့ဗတ္တိဇံခံယူသော ယောကျ်ားနှင့် မိန်းမတို့သည် တန်းတူအခွင့်အရေးရကြသည်။ (ဂလာ ၃း၂၇၊ ၂၈- **cp** ၊ ၁ကော ၁၁း၁၁) မည်သို့ပင်ဖြစ်စေယင်းမှာယောကျ်ားသည်မိန်းမ၏ ခေါင်းဖြစ် သည်ဟူသော ရှင်းလင်းသည့် အချက်ကိုလက်တွေ့အားဖြင့် ထိခိုက်မှုမရှိပေ။ (၁ကော ၁၁း၃) ယင်းမှာမိသားစုနှင့်အသင်းတော်အတွင်း နှစ်မျိုးစလုံး၏စိတ်ပိုင်း ဆိုင်ရာကိစ္စများဖြစ်သည်။

ဤနည်းလမ်းကိုမှတ်မိစေရန်ပြသရန်အလို့ငှာ မိန်းမယုံကြည်သူများက အလိုဖြစ်သူသည် ဘုရားသခင်၏နှုတ်ကပတ်တော် ကိုသင်ယူသည့် အခါတိုင်း ခေါင်းခြုံကိုဆောင်းထားသင့်သည်။ ဤအချက်မှာလက်တွေ့အားဖြင့် အသင်းတော်စည်းဝေးပွဲများ အားလုံးတွင်ဦးထုပ်သို့မဟုတ် ခေါင်းဆောင်းတစ်ခုကိုဆောင်းသင့်သည်ဟုဆိုလိုသည်။ ယောကျ်ားနှင့် မိန်းမသည် သူတို့၏ ဆံပင်ပေါ်တွင်ဆောင်းထားသောနည်းလမ်းအားဖြင့်ခွဲခြားမှုကိုသိနိုင်သည်။(၁ကော ၁၁း၁၄၊၁၅)သူမ၏ဦးခေါင်းပေါ် တွင်အဆောင်းမပါဘဲ ဆုတောင်း သောမိန်းမတိုင်းသည်သူမ၏ဦးခေါင်းကိုမလေးစားရာကျသည်ဟုဆိုသည်။

သို့ဖြစ်ရာ သူမတို့အနေဖြင့်ခေါင်းရိပ်ထားသကဲ့သို့ တစ်ညီတည်း ခေါင်းထား ရခြင်းဖြစ်သည်။ မိန်းမမည်သည်ကား မိမိခေါင်းကိုမဖုံးဘဲဆုတောင်းသော် လည်းကောင်း၊ ပရောဖက် ပြုလျှင်သော်လည်းကောင်း၊ မိမိခေါင်းအသရေကို နှုတ်ချည်ထိုသို့ပြုလျှင်ဆံပင်ရိပ်သည်နှင့်တူ၏၊ မိန်းမသည်မိမိခေါင်းကိုမဖုံးလျှင် ဆံပင်ကိုဖြတ်စေ၊ ဆံပင်ဖြတ်ခြင်း၊ ဆံပင်ရိပ်ခြင်းအရာသည် ရှက်စရာရှိ လျှင်ခေါင်းကိုဖုန်းစေ၊ ယင်းမှာသူအဘယ်သူကယောကျာ်း၏ စွမ်းစားတော်တွင် ရှိသည့်သင်္ကေတဖြစ်သည်။ (၁ကော ၁၁း၅-၆)

## ၁၀.၅ မုန့်ဖွဲ့မင်္ဂလာ

ဆုတောင်းသူနှင့်သမ္မာကျမ်းစာဖတ်ခြင်းနှင့်အတူသူ၏ အနစ်နာခံမှုကို အမှတ်ရစေရန်မုန့်ကိုဖွဲ့၍စပျစ်ရည်သောက်ခြင်းဖြင့် ခရစ်တော်သို့ပုံမှန် လေးစားမှုပြုရန်မှာအရေးကြီးသည်။ ယင်းကိုငါ့ကိုအောက်မေ့အမှတ်ရစေရန် ပြုလုပ်ရမည်ဟု ခရစ်တော်ယေရှုက မိန့်တော်မူသည်။ (လု ၂၂း၁၉)သင်တို့သည် ထိုမုန့်ကိုစား၍ ထိုခွက်ကိုသောက်သောအခါဘုရားသခင်အသေခံ တော်မူခြင်းကို ကြွလာတော်မမူမီတိုင်အောင်ပြကြ၏။ (၁ကော် ၁၁း၂၆၊ လု ၂၂း၁၆-၁၈)

မုန့်သည်လက်ဝါးကပ်တိုင်ပေါ် တွင်ပေးသောခရစ်တော်၏ ခန္ဓာကိုယ်ကို ကိုယ်စားပြုပြီး၊ စပျစ်ဝိုင်သည်သွေးကိုကိုယ်စားပြု သည်။(၁ကော ၁၁း၂၃-၂၇) ရှေးဦးယုံကြည်သူများကဤလုပ်ရပ်ကိုမကြာခဏလုပ်လေ့ရှိသည်။ (တ ၂း၄၂၊၄၆)၊ တစ်ပတ်လျှင် တစ်ကြိမ်လုပ်လေ့ရှိသည်။(တ ၂၀း၇) အကယ်၍ ကျွန်ုပ်တို့သည် ခရစ်တော်ကိုအမှန်ချစ်လျှင်ကျွန်ုပ်တို့အနေဖြင့်သူ၏ အမိန့်တော်ကို လိုက်နာကြရလိမ့်မည်။(ယော ၁၅း၁၁-၁၄)အကယ်၍ ကျွန်ုပ်တို့ တွင်သူနှင့် မှန်ကန်သောပုဂ္ဂိုလ်ရေးဆက်စပ်မှုရှိလျှင်သူမေးသည့် အခါတိုင်း သူ၏အနစ်နာခံစွန့်လွှတ်မှုကိုအမှတ်ရလိုကြလိမ့်မည်၊ ထိုမှသူအောင်မြင်မှု ရရှိခဲ့သော၊ ကြီးမားသောကယ်တင်ခြင်း၏ အမှတ်ရမှုကို ကျွန်ုပ်တို့ကိုယ့်ကို ကျွန်ုပ်တို့အားပေးလိမ့်မည်။ လက်ဝါးကပ်တိုင်ပေါ် တွင်သူ၏ ခံစားရမှုကို ဆိပ်ငြိမ်စွာရောင်ပြန်ဟပ်သော အချိန်ကကျွန်ုပ်တို့၏ ထာဝရဘုရားသခင်နှင့် နှိုင်းယှဉ်လိုက်သောအခါ မထင်မရှားမှေးမှိန်၍သွားလေသည်။

မုန့်ဖွဲ့ခြင်းမှာအခြေခံအားဖြင့်အမှတ်ရစေရန် လုပ်ဆောင်ချက်တစ်ခုဖြစ်ပြီး၊ ယင်းကိုဆောင်ရွက်သည့်အတွက်ထူးခြားသော ဖြစ်ပေါ် မှုမရှိပေ။ ထိုအချက်မှာ မောရှေ၏ ဥပဒေအောက်တွင်လျစ်လျူရှုပွဲတော်နှင့်ညီမျှသည်။(လု ၂၂း၁၅၊ ၁ကော ၅း၇၊၈)ယင်းမှာ ဘုရားသခင်ကပင်လယ်နီတွင်မောရှေမှတဆင့် လုပ်ဆောင်ချက် ဖြစ်သောအီဂျစ်မှကြီးမားသော ပေးပို့မှုကို အမှတ်ရ စေခြင်းကို ဆိုလိုသည်။ မုန့်ဖွဲ့ခြင်းမှာလက်ဝါးကပ်တိုင်ပေါ် တွင်ပြုလုပ်သော ဗတ္တိဇံခံခြင်း အားဖြင့် ဆက်စပ်မှုပြုလာသော ခရစ်တော်မှတဆင့်ကျွန်ုပ်တို့၏ ဒုက္ခကို ကယ်တင်ခြင်းကိုအမှတ်ရစေသည်။ ထိုလုပ်ဆောင်ချက်မှာကျွန်ုပ်တို့အနေဖြင့် သဘာဝအရလုပ်ဆောင်လိုသောလုပ်ဆောင်ချက် ဖြစ်သင့်သည်။

ရုပ်ဝတ္ထုအရမုန့်နှင့်စပျစ်ဝိုင်ကိုသုံးဆောင်ခြင်းမှာ ကျွန်ုပ်တို့က ခရစ်တော် ၏ ချစ်ခြင်းကိုပြသရာရောက်ပြီး၊ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းနှင့် ပတ်သက်သော အရာအားလုံးသည်တစ်ကြိမ်ထပ်မံ၍အမှန်ဖြစ်ပေါ် လာစေသည်။ မုန့်ကို တစ်ပတ်လျှင်တစ်ကြိမ်ဖွဲ့ခြင်းမှာသန့်ရှင်းသော ဝိညာဉ်တော်၏ အခြေအနေကို ဖော်ညွှန်းသည့်သင်္ကေတတစ်ခုဖြစ်သည်။ အကယ်၍ တစ်ဦးတစ်ယောက် အနေ ဖြင့် အမှန်တရားကိုနောက်လိုက်ယုံကြည်သူများနှင့် အတူမ ဆောင်ရွက်နိုင်ပါက တစ်ဦးတည်းဆောင်ရွက်စေသင့်သည်။ အကယ်၍ အဆုံးစွန် အခြေအနေတွင် ထိုလုပ်ရပ်များကိုဆောင်ရွက်၍ ပျက်ကွက်ခဲ့လျှင်သော်၌ ကျွန်ုပ်တို့ တတ်နိုင်သမျှအကောင်းဆုံးနည်းလမ်းဖြင့် ခရစ်တော်ကိုအမှတ်ရစေခြင်းမှ ကျွန်ုပ်တို့အားမတားဆီးသင့်ပေ။ ယေရှုကစပျစ်သီးကိုအသုံးပြုခဲ့ရာ (လု ၂၂း၁၈) ကျွန်ုပ်တို့ကလည်း စပျစ်ဝိုင်အနီကိုအသုံးပြုသင့်သည်။

ခရစ်တော်၏ဒုက္ခခံစားမှုနှင့်အနစ်နာခံမှုကိုအမှတ်ရစေခြင်းမှာ ယောကျာ်း တစ်ဦးသို့မဟုတ်မိန်းမတစ်ဦးရှိရမည့် အမြင့်မားဆုံးဂုဏ်ပြုမှုဖြစ်သည်။ သူတို့ ကိုယ်စားပြုမှုကိုမလျော့ကန်သော အာရုံစူးစိုက်မှုကို ပြုလုပ်ခြင်းမှာ တိုက်ရိုက ်စော်ကားမှုဖြစ်သည်။ သင်တို့သည်ထိုမုန့်ကိုစား၍ ထိုခွက်ကိုသောက်သော အခါ ဘုရားသခင်အသေခံတော်မူခြင်းကိုကြွလာတော်မမူမီ တိုင်အောင်ပြကြ၏။ ထို့ကြောင့် ဘုရားသခင်၏ မုန့်နှင့်ခွက်ကို

မထိုက်မတန်ဘဲ စားသောက်သောသူ မည်သည်ကား ဘုရားသခင်၏ကိုယ်တော်နှင့် အသွေးတော်ကိုဖြစ်ပွားရာ ရောက် ၏။ (၁ကော် ၂၆၊၂၇)မုန့်ဖွဲ့စားပွဲမှာ တစ်ဦး တစ်ယောက်၏ စိတ်ကူးစီးကြောင်း တွင်အနှောင့်အယှက် အဟန့်အတား မရှိသောနေရာနှင့်အချိန်တွင်ပြုလုပ်သင့် သည်။ ဤဆောင်ရွက်ချက်ကိုနံနက်စောစောသို့မဟုတ်ညဦးနက်ပိုင်းတွင်အိပ်ခန်း သို့မဟုတ်အကြား သင့်တော်သော နေရာတစ်ခုခုတွင်ပြုလုပ်နိုင်သည်၊ သို့ဖြစ်၍ လူတိုင်း ကိုယ့်ကိုယ်ကို စစ်ကြောပြီးမှမုန့်ကို စားစေ၊ ထိုနည်းတူခွက်ကိုလည်း သောက်စေ၊ ဟုကျွန်ုပ်တို့ ထပ်၍ အကြံပြုထားသည်။ (၁ကော် ၁၁း၂၈) ကျွန်ုပ်တို့အနေဖြင့် ခရစ်တော်၏ အနစ်နာခံမှုကိုကျွန်ုပ်တို့က တံဆိပ်တော်အဖြစ် မယူမီခရစ်တော်၏ ကားစင်တွင် အသတ်ခံရမှု၏ဓမ္မသတ်ကျမ်းစာမှတ်တမ်း များမှတဆင့်ဖတ်ရှုလေ့လာခြင်းဖြင့် ကျွန်ုပ်တို့၏ စိတ်ကိုစူးစိုက်ထားသင့်သည်။ ယင်းသို့ဆောင်ရွက်မှုကို အဆင်ချောမွေ့အောင် ဆောင်ရွက်ခြင်းဖြင့် ခရစ်တော်ဆီသို့ကျွန်ုပ်တို့၏ ကိုယ်ပိုင် အသိကို ဟောပြောနိုင်လိမ့်မည်ဖြစ်သည်။

မုန့်ဖွဲ့စားခြင်းအတွက်သင့်တင့်လျောက်ပတ်သော အစီအစဉ်ကိုအောက်ပါ အတိုင်းဆောင်ရွက်နိုင်သည်။

**၁။ ဆုတောင်းသူ-** တွေ့ဆုံမှုအပေါ် တွင်ဘုရားရှင်၏ ကောင်းချီးပေးမှုကို
တောင်းခြင်း၊ ကျွန်ုပ်တို့၏မျက်လုံးများကိုဘုရားရှင်၏
နှုတ်ကပတ်တော် သို့ဖွင့်ထားပြီးအကြားယုံကြည်သူများ
၏လိုအပ်ချက်များကိုအမှတ်ရခြင်း၊ ဘုရားရှင်အား သူ၏
မေတ္တာတော်အတွက်ချီးမွမ်းခြင်း၊ အထူးသဖြင့်
ခရစ်တော်တွင်ပြထားသကဲ့သို့အကြားသီးခြား လုပ်ရပ် များ
နှင့်စပ်လျဉ်း၍ဆုတောင်းခြင်း

၂။ **Bible Companion** တွင်ဖော်ပြထားသကဲ့သို့ထိုနေ့အတွက်သမ္မာ
ကျမ်းစာတွင်ဖတ်ခြင်းပြုလုပ်ပါ

၃။ သမ္မာကျမ်းစာမှသင်ယူရသမျှအပေါ် တွင်အာရုံစူးစိုက်မှု သို့မဟုတ် တိုက်တွန်း
မှုတစ်ခုကိုရွတ်ဖတ်ပါ။ သမ္မာကျမ်းစာ လေ့လာမှုကြောင့် ကျွန်ုပ်တို့၏လုပ်ဆောင်ချက်ဆီသို့ဦးဆောင်ကာ
ခရစ်တော်သို့ အမှတ် တရ ဖြစ်လာ စေလိမ့်မည်

၄။ (၁ကော ၁၁း၂၃-၂၉) ကိုရွတ်ဖတ်ပါ

၅။ ငြိမ်သက်စွာ ဖြင့်မိမိကိုယ်မိမိစစ်ဆေးချိန်

၆။ မုန့်အတွက်ဆုတောင်းသူ

၇။ မုန့်ကိုဖွဲ့ပြီးအနည်းငယ်စားပါ

၈။ စပျစ်ဝိုင်အတွက်ဆုတောင်းသူ

၉။ စပျစ်ဝိုင်တစ်စုပ်စုပ်ပါ

၁၀။ ဆုတောင်းမှုအဆုံးသတ်ခြင်း

လုပ်ဆောင်ချက်တစ်ခုလုံးသည်(၁)နာရီကျော်မျှသာကြာသင့်သည်။

## ၁၀.၆ ထိမ်းမြားလက်ထပ်မှု

ဤအပိုင်းကိုကျွန်ုပ်တို့ကဗတ္တိဇံခံသည့်အချိန်တွင်လူလွတ်ဖြစ်သူ၏ အနေအထားကိုစဉ်းစားခြင်းဖြင့်စတင်ပါလိမ့်မည်။ တစ်ဦးတည်းဖြစ်နေသူများ အားအနည်းဆုံး သူတို့ကိုယ်တိုင်ဘုရားရှင်၏ လုပ်ငန်းများတွင် ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရန်အတွက် တန်းတန်းဆက်၍ နေရန်အတွက်စဉ်းစားရန်အား ပေးထားသော စာပိုဒ်များကိုယေရှု၊ ပေါလနှင့်အခြားသူများကိုစံနမူနာပြုရန် ညွှန်းဆိုထားသည်။ (၁ကော ၇း၇-၉၊ ၃၂-၃၈၊ **CP 2** တိ ၂း၄၊ မ ၁၉း၁၁၊ ၁၂၊ ၂၉၊ ဒေ ၉း၉) သို့ရာတွင်သင်သည်မယားနေလျှင် အပြစ်မရှိ၊ လင်မနေဘူးသော မိန်းမသည်လည်း လင်နေလျှင်မပြစ်မရှိ၊ သို့သော်လည်းထိုသို့ပြုသောသူတို့သည် လောကညဉ်းဆဲခြင်း၊ ဒုက္ခကိုခံကြရမည်။ (၁ကော် ၇း၂၈) တမန်တော်များစွာ တို့သည် လက်ထပ်ထိမ်းမြားမှုပြုကြသည်၊ (၁ကော ၉း၅) ဘုရားသခင် ရည်ရွယ်ထားသည့်အတိုင်းလက်ထက်ထိမ်းမြားမှုကများစွာသော ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာအကျိုးဖြစ်ထွန်းမှုများရရှိစေသည်။ ခပ်သိမ်းသောသူတို့၌ မင်္ဂလာဆောင်ခြင်းအမှုနှင့် သစ္စာသံဝါသပြုခြင်းအမှုသည်အသရေရှိစေလော့၊ မတရားသောမေထုန်ကိုပြုသော သူနှင့်သူ့မယားကိုပြစ်မှားသောသူကို

ဘုရား သခင်စစ်ကြောစီရင်တော်မူလိမ့်မည်။ (ဟေဗြဲ ၁၃း၄) အကယ်၍လူသည် ဝိညာဉ် နှင့်ဆိုင်သောအရာကိုအဆင့်မြင့်မြင့်စီမံခန့်ခွဲမှုမပြုလုပ်နိုင်လျှင် တစ်ဦးတည်း အနေဖြင့် ကံကောင်းသည်။ ထို့ကြောင့်ဘုရားသခင်က လက်ထပ်ထိမ်းမြားခြင်း ကိုခွင့်ပြုထားသည်။ (က ၂း၁၈-၂) သို့ဖြစ်ရာမယားကို ရသောသူသည် ကောင်းသောအရာကိုရ၍ ထာဝရဘုရား၏ ကျေးဇူးတော်ကိုခံရ၏။ ---သမ္မာသတိရှိသော မယားမူကားထာဝရဘုရားပေးသနားတော်မူရာ ဖြစ်၏။ (သု ၁၈း၂၂၊ ၁၉း၁၄)

ထိုစာပိုဒ်များကလက်ထက်ထိမ်းမြားမှုပြင်ပမှ စိတ်အလိုလိုက်မှုကြောင့်- မေထုန်မှီဝဲလိုမှု- အိမ်ထောင်ရေးဖောက်ပြန်မှုကို ဖော်ညွှန်းကြသည်။ အိမ်ထောင်ရေးဖောက်ပြန်မှု(လက်ထပ်မထားသောလူများအကြားမေထုန်မှီဝဲမှု၊ မယားခိုးမှု တစ်ဦးသို့မဟုတ်နှစ်ဦးစလုံးကလက်ထပ်ထားပြီး သူအတွင်းတွင် မေထုန်မှီဝဲမှု) နှင့်စိတ်ပိုင်းဆိုင်ရာဖောက်ပြန်မှုများကိုဓမ္မသတ်ကျမ်း၏စာလုံးတိုင်းတွင်မကြာခဏဖော်ညွှန်းထားသည်။ အောက်ပါတို့သည်၄င်းတို့အနက် အချို့တို့ဖြစ်ပါသည်။(တ ၁၅း၂၀) (ရော ၁း၂၉) (၁ကော် ၆း၉-၁၈၊ ၁၀း၈) (၂ကော ၁၂း၂၁) (ဂလာ ၅း၁၉) (ဧ ၅း၃) (ကော ၃း၅)၊ (၁သက် ၄း၃) (သူကြီး ၇း၁) (၁ပေ ၄း၃) (ဗျာ ၂း၂၀)

က ၂း၂၄ သည်လိင်တူခြင်းဆက်ဆံမှု၏ဒုက္ခဆင်းရဲဖြစ်မှုကိုဖော်ထုတ် ထားသည်။ ယောကျာ်းနှင့်မိန်းမတို့သည်လက်ထပ် ထိမ်းမြားသင့်သည်။ တစ်ဦးနှင့် တစ်ဦးခွဲခွာကြသည်ဟူသော အချက်မှာဘုရားရှင်၏ အလိုတော် အတိုင်း ဖြစ်သည်။ ဘုရားသခင်သည် အခြားလူ၏ အာဒံကို ကူညီရန် အမျိုး သမီးတစ်ဦးကိုဖန်ဆင်းခဲ့သည်။ လိင်တူယောကျာ်းအချင်းချင်း သံဝါသ ဆက်ဆံ မှုကို သမ္မာကျမ်းစာတွင်ထပ်ကာ တစ်လဲလဲအပြစ်တင် ချို့ချထားသည်။ ယင်းမှာ **Sodom** ပျက်စီးမှု ဒုက္ခများအနက်တစ်ခုဖြစ်သည်။ (ကအခဏ်းကြီး ၁၈-၁၉) တမန်တော်ပေါလက ယင်းကဲ့သို့ဆောင်ရွက်မှုကြောင့် ဘုရားသခင်၏ အမျက် ထွက်မှုခံရကာ သူ၏နိုင်ငံတော်မှနှင်ထုတ်ခြင်းခံရသည်ဟု ရှင်းလင်းစွာပြောဆို ထားသည်။(ရော ၁း၁၈-၃၂၊ ၁ကော ၆း၉၊၁၀)

ယင်းဖြစ်ရပ်များတွင်တစ်ကြိမ်ပါဝင်ပတ်သက်သူများက ကျွန်ုပ်တို့အား ဘုရားသခင်၏ကူညီမှုအလွန်မှုလူများဖြစ်သည်ဟု ကျွန်ုပ်တို့အပေါ်တွင် မပြုမူသင့်ပေ၊ ဘုရားသခင်တွင်ခွင့်လွှတ်မှုရှိသည်။ သူ၏ခွင့်လွှတ်မှုရကြ သူများ အားဖြင့် ချစ်ခြင်းမေတ္တာတရားကိုပေးသင့်သည်။(ဆာ ၁၃၀း၄)**Corinth** တွင်ရှိသောအသင်းတော်တွင်မကောင်းမှုကျူးလွန်ပြီးမှနောင်တရသူများရှိနေသည်။ မကောင်းမှုကိုကျူးလွန်သူတို့ကိုယေရှု၏နာမတော်အားဖြင့်လည်းကောင်း၊ ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့်လည်းကောင်း၊ ဆေးကြောသန့်ရှင်း၍ ဖြောင့်မတ်ရာသို့ရောက်ကြပြီ။ (၁-ကော ၆း၉-၁၁)

## ၁၀-၇ အသင်းအဖွဲ့

ဂရိစကားလုံးများဖြစ်သော **fellowship** နှင့်**Communion** ကို အခြေခံအားဖြင့်တူညီသောအရာရှိသော အခြေအနေတူညီသော အခြေအနေဖြင့် ပေါင်းစည်းမှုဟုပြန်ဆိုထားသည်။ ဘုရားသခင်၏နည်းလမ်းများအတိုင်း သိအောင်လုပ်ခြင်း၊ လက်တွေ့ကျင့်ကြံခြင်း အားဖြင့်ခရစ်တော်ထံတွင် တူညီစွာလုပ်ဆောင်နေကြသော အခြားသူများအားလုံးနှင့်လည်းကောင်း၊ ထာဝရဘုရားနှင့်လည်းကောင်း၊ တူညီသောအခြေအနေတွင် ပေါင်းစည်းမှု ရှိကြသည်။ အခြားသူများနှင့်တူညီသောအခြေအနေ ဖြင့်ပေါင်းစည်းမှု ပြုလုပ်ရမည်။ လုပ်ငန်းတာဝန်ဝတ္တရားများကို ချန်လှပ်ထားရန်လွယ်ကူသည်။ ကျေးဇူးပြုခြင်း၊ ဥစ္စာမျှဝေခြင်း အမှုတို့ကိုမမေ့မလျော့ကြနှင့်(ဟေဗြဲ ၁၃း၁၆)၊ ဖိ ၁း၅က ကျွန်ုပ်တို့၏သမ္မာကျမ်းစာအပေါ်တွင်တူညီသောအမြင်ဖြင့် လိုက်နာကျင့်ကြံမှုကို ဟောပြောထားသည်။ ကျွန်ုပ်တို့၏ တူညီသော လုပ်ငန်း စဉ်အရ ကျင့်ကြံအားထုတ်သူ၏အခြေခံမှာစစ်မှန်သော သမ္မာကျမ်းစာ တရားတော်များပါဝင်သည့် သင်ကြားမှုပင်ဖြစ်သည်။ ထို့ကြောင့်ပင် မှန်ကန်သော ယုံကြည်သူများဖြင့်ပျော်ရွှင်ခံစား ကြရသောအသင်းအဖွဲ့များ အားဖြင့်တစ်ဦးနှင့်တစ်ဦးခရီး ဝေးဒေသများသို့ခရီးထွက်ကာ သီးခြား ဖြစ်နေသောယုံကြည်သူများ ထံသို့သွားရောက်လည်ပတ်ကာ ဖြစ်နိုင်လျှင် စရိတ်နှင့် တယ်လီဖုန်းကိုကောင်းစွာအသုံးပြုသင့်၏၊ ပေါလကဝိညာဉ်တော်နှင့် မိဿဟာယဖွဲ့ခြင်းကိုပြောဆိုသည်။ (ဖိ- ၂း၁) ဘုရားသခင်၏ ဝိညာဉ်တော်/

စိတ်အတိုင်းတူညီသောလိုက်နာသောဆောင်ရွက်မှု ပေါ်တွင် အခြေခံသော မိဿဟာယဖွဲ့ခြင်းမှာ ဘုရားသခင်၏ ဝိညာဉ်တော် / နှုတ်ကပတ်တော် တွင် ဖော်ထုတ်ထားသည့်အတိုင်း ဖြစ်သည်။

ကျွန်ုပ်တို့၏မိဿဟာယဖွဲ့ခြင်း၏အကြီးမားဆုံးသော ဖော်ပြချက်များ အနက် တစ်ခုမှာ မုန့်ဖွဲ့ခြင်းကိုအတူတကွဆောင်ရွက် ကြခြင်းပင်ဖြစ်သည်။ ရှေးဦး ယုံကြည်သူများကတမန်တော်တို့၏ဆုံးမဩဝါဒကိုခံယူခြင်း၊ အပေါင်း အသင်းဖွဲ့ခြင်း၊ မုန့်ကိုဖွဲ့ခြင်း၊ ပဌနာပြုခြင်းတို့ကို အမြဲဆောင်ရွက် နေကြ သည်။ ထိုသူတို့သည်ဗိမာန်တော်၌ နေ့တိုင်းအစဉ် တညီ တညွတ်တည်း နေ၍ ကိုယ့်အိမ် ၌ မုန့်ကိုဖွဲ့လျက်ကြည်ဖြူရွှင်လန်းဝမ်းမြောက်သော စိတ်နှင့် အစာအာဟာရကို သုံးဆောင်ကြ၏။ (တ ၂း၄၂၊၄၆)ငါတို့သည် ကျေးဇူးတော်ကို ချီးမွမ်းရာ မင်္ဂလာခွက်ဖလားမူကား၊ ခရစ်တော်၏ အသွေးကို ဆက်ဆံခြင်း ဖြစ်သည် မဟုတ်လော၊ ငါတို့ဖွဲ့သော မုန့်မူကားခရစ်တော်၏ ကိုယ်ကို ဆက်ဆံခြင်း ဖြစ်သည်မဟုတ်လော၊ မုန့်တစ်လုံးတည်းရှိသည်ဖြစ်၍ ထိုမုန့်ကိုဆက်ဆံလျက် ခံယူကြသောကြောင့်အများဖြစ်သော ငါတို့သည် တစ်လုံးတစ်ကိုယ် တည်းဖြစ်ကြ၏။ (၁ကော ၁၀း၁၆၊၁၇)ထို့ကြောင့်ပင် ကျွန်ုပ်တို့တွင် ခရစ်တော်၏ လုပ်ငန်းမှအကျိုးကျေးဇူးဖြစ်ထွန်းကြသော လူများအားလုံးနှင့် ခရစ်တော်၏ အနစ်နာခံမှုအမှတ်တံဆိပ်ကိုမျှဝေခံစား ကြရသည်။ ထိုလူများသည်တစ်လုံးတည်းသောမုန့်ကို စားသုံးသူများ ဖြစ်ကြ သည်။ အမှန် တရားကိုသိရှိပြီးနောက်ခရစ်တော်ထံတွင် စနစ်တကျဗတ္တိဇံခံယူပြီး ကြသူများသာထိုနေရာကိုရရှိခြင်း၊၄င်းမှ ကံဖယ်သူများမှာခရစ်တော်၏ အနစ် နာခံမှု အမှတ်တံဆိပ်ကို လှောင်ပြောင်မှုဖြစ်သည်။

ထာဝရဘုရားသခင်၊ ခရစ်တော်နှင့်အခြားယုံကြည်သူများနှင့်ကျွန်ုပ်တို့၏ မိဿဟာယဖွဲ့မှုမှာတစ်ဦးတည်းပေါ် ယုံကြည်မှု ပြုသောအမှန်တရား သင်ကြား မှုကို ကျွန်ုပ်တို့၏ဘုံကြိုးပမ်းအားထုတ်မှုပေါ် တွင်မူတည်ပေသည်။ ကျွန်ုပ်တို့၏ ဘဝလမ်းကြောင်းမှာ ၄င်းတို့အထဲတွင်ဖော်ပြထားသောနည်းလမ်းများနှင့် ကိုက်ညီရမည်ဖြစ်သည်။ ထာဝရဘုရားသခင်သည်အလင်းရောင်ဖြစ်၍သူ့ထံတွင် အမှောင်ထုလုံးဝမရှိပေ။ ငါတို့သည်ဘုရားသခင်နှင့်မိဿဟာယဖွဲ့ပြီဟုဆိုလျှင် မှောင်မိုက်၌ ကျင်လည်လျှင်သစ္စာတရားကိုမကျင့်၊ မုသားကိုသုံးသောသူ ဖြစ်ကြ ၏။ ဘုရားသခင်သည်အလင်း၌ ရှိတော်မူသကဲ့သို့ ငါတို့သည်အလင်း၌ ကျင် လည်လျှင်အချင်းချင်း မိဿဟာယဖွဲ့ခြင်းရှိကြသည်ဖြစ်၍ဘုရားသခင်၏ သားတော်ယေရှုခရစ်၏အသွေးတော်သည်ငါတို့အပြစ်ရှိသမျှကိုဆေးကြော တော်မူ၏။(၁ကော ၁း၅-၇)

ထိုအချက်မှယုံကြည်သူတစ်ယောက်အနေဖြင့်ရှင်းလင်းသော သမ္မာ ကျမ်းစာသင်ပြခြင်းမှပွင့်လင်းစွာဆန့်ကျင်သော သင်ယူမှုသို့မဟုတ်ဘဝနေထိုင်မှု လမ်းကြောင်းကိုလျှင်သုံးလျှင်မိဿဟာယဖွဲ့မှုရပ်ဆိုင်းသွားကြောင်း သက်သေပြလျက်ရှိသည်။ အကျိုးမဲ့သောမှောင်မိုက်အမှုတို့နှင့် မဆက်ဆံသည် သာမကထိုအမှုတို့၏ အပြစ်ကိုပြကြလော့၊ (ဧ ၅း၁၁)ပျောက်သောသိုးကို ရှာ၍ တွေ့သောကောင်းသောသိုးထိန်း၏ စနစ်အတိုင်းကြိုးပမ်းမှုတိုင်း၌ အောင်မြင်မှု ရအောင်ပြုလုပ်ကြသည်။(လု ၁၅း၁-၇)

မိဿဟာယဖွဲ့စည်းမှုနှင့်ပတ်သက်၍အထင်ရှားဆုံးစာပိုဒ်တစ်ခုကို (၂ကော ၆း၁၄-၁၈)တွင်တွေ့ရသည်။

မယုံကြည်သောသူတို့နှင့်ဆက်၍ဆန့်ကျင်ဘက်ဖြစ်သော ထမ်းဘိုးကို မထမ်းကြနှင့်၊ တရားသောအမှုသည်မတရားသော အမှုကိုမည်သို့ လက်ခံနိုင် မည်နည်း၊ အလင်းသည်မှောင်မိုက်နှင့် ‌ အဘယ်သို့ဆက်ဆံနိုင် မည်နည်း၊ ခရစ်တော်သည်ဗေလျာလနှင့် အဘယ်သို့သင့်တင့်နိုင်မည်နည်း၊ ယုံကြည်သော သူသည်မယုံကြည်သောသူနှင့်အတူအဘယ်အကျိုးအပြစ်ကိုခံရမည်နည်း။
ဘုရားသခင်၏ဗိမာန်တော်သည်ရုပ်တုတို့နှင့်အဘယ်သို့စပ်ဆိုင်ရမည်နည်း၊
ဘုရားသခင်မိန့်တော်မူသည်ကားသူတို့တွင်ငါကျိန်းဝပ်မည်။ သူတို့တွင် လှည့်လည်၍ သူတို့၏ဘုရားသခင်ဖြစ်မည်၊ သူတို့သည်လည်းငါ၏ လူဖြစ်လိမ့်မည်ဟုမိန့်တော်မူသည့်နှင့် အညီသင်တို့သည်အသက်ရှင်တော်မူသော ဘုရားသခင်၏ဗိမာန်တော်ဖြစ်ကြ၏။ ထို့ကြောင့်ထာဝရဘုရားမိန့်တော်မူ ပြန်သည်ကား သင်တို့သည်ထိုသူတို့အထဲမှထွက်၍အသီးအခြားနေကြလော့၊ မစင်ကြယ်သောအရာကိုလက်နှင့်မျှ မတို့ကြနှင့်၊ ထိုသို့ပြုလျှင် သင်တို့ကို ငါသည်လက်ခံမည်။ သင်တို့၏အဘဖြစ်မည်၊ သင်တို့သည်လည်း ငါ၏ သား သမီး ဖြစ်ကြလိမ့်မည်ဟုအနန္တတန်ခိုးနှင့် ပြည့်စုံသော ထာဝရဘုရားမိန့်တော်မူ၏။

ဘုရားသခင်၏နှုတ်ကပတ်တော်သည်မည်သို့မည်ပုံ အလင်းရောင် ဖြစ်ကြောင်း ကျွန်ုပ်တို့ကပြခဲ့ပြီးဖြစ်သည်။ ထိုစာပိုဒ်များက အဘယ်ကြောင့် ကျွန်ုပ်တို့အနေဖြင့်မှားယွင်းသော သင်ကြားမှုများကိုသင်သော အသင်းတော်များနှင့်မိဿဟာယမဖွဲ့သင့်သည်ကိုရှင်းပြထားသည်။ အမှန်တရားကို မသိသူများနှင့် အဘယ်ကြောင့် လက်မထပ်သင့်ကြောင်းကိုရှင်းပြထားသည်။ ကမ္ဘာ လောကကြီး ၏ နည်းလမ်းများကိုအဘယ်ကြောင့် ရှောင်ရှားသင့်သည်ကို ရှင်းပြထားသည်။ ကျွန်ုပ်တို့အနေဖြင့်ကမ္ဘာလောကကြီးနှင့်ခွဲခွာထားမှုကြောင့် ဘုရားသခင်၏ ကိုယ်ပိုင်သားနှင့်သမီးများဖြစ်လာမှု၊ ကျွန်ုပ်တို့၏မောင်တော်နှင့် ညီမတော် များ၏ တူညီသောဆက်နွှယ်မှုဖြစ်သော အခြားသူများ၏ ကျယ်ကျယ်ပြန့်ပြန့် မိသားစုတစ်စု၏ အစိတ်အပိုင်းဖြစ်လာမှုတို့အတွက် ဂုဏ်ယူစရာဖြစ်ပေသည်။ ထိုအသင်းတော် ကားအလုံးစုံတို့ကိုအလုံးစုံတို့နှင့်ပြည့်စုံတော်မူသောသူ၏ ပြည့်စုံခြင်းတည်းဟူသော တမန်တော်၏ကိုယ်ဖြစ်သည်။(ဧ ၁း၂၃) သင်တို့ကို ခေါ်တော်မူခြင်းနှင့်စပ်ဆိုင်သောမျှော်လင့်ခြင်းတစ်ပါးထဲသို့ ခေါ်သွင်းတော်မူ သည်နှင့် အညီကိုယ်တစ်ကိုယ်၊ ဝိညာဉ် တစ်ဝိညာဉ်တည်းရှိ၏။ သခင် တစ်ပါး ယုံကြည် ခြင်းတစ်ပါး ဗတ္တိဇံတစ်ပါး၊ ခပ်သိမ်းသောငါတို့၏ အဘဖြစ်သော ဘုရားသခင်တစ်ဆူ တည်းရှိတော်မူ၏။ထိုဘုရားသခင်သည် ခပ်သိမ်းသောငါတို့ ၏ အပေါ်မှာရှိတော်မူ၏၊ ခပ်သိမ်းသောငါတို့ကို နှံ့ပြားတော်မူ၏၊ ခပ်သိမ်းသော ငါတို့၏အထဲ၌ လည်းရှိတော်မူ၏။(ဧ ၄း၄-၆) ကိုယ်တစ်ကိုယ်တည်း ၏ အစိတ် အပိုင်းဖြစ်ရန်မှာမဖြစ်နိုင်ပေ။ မှန်ကန်သော ယုံကြည်မှုမရှိသော အခြား ဘာသာရေးအဖွဲ့အစည်းနှင့် မိဿဟာယ ဖွဲ့ရန်လည်းမဖြစ်နိုင်ပေ။ အလင်းရောင် တွင်အမှောင်နှင့် မိဿဟာယဖွဲ့၍မရသည်ကိုသိမြင်လျှက်၊အကယ်၍ကျွန်ုပ်တို့က
အမှောင်မိဿဟာယကိုရွေးချယ်ပါကကျွန်ုပ်တို့သည်အမှောင်ထဲတွင်ပင်နေကြရမည်။

အကယ်၍သင့်အနေဖြင့်ထိုလေ့လာမှုများကိုဂရုတစိုက်လေ့လာပါက ဘုရားရှင်နှင့် ကျွန်ုပ်တို့၏ဆက်နွှယ်မှုမှာလည်း တစ်ဖက်နေရာမဖြစ်နိုင်ကြောင်း ယခုအခါပြဆိုလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည်ခရစ်တော်ထံတွင် ဗတ္တိဇံခံခြင်း အား ဖြင့်သူ၏ အတွင်းပိုင်းသို့မဟုတ်သူ၏ အပြင်ပိုင်းသို့ တစ်ခုခုရောက်ရှိ နေမည်ဖြစ်သည်။ မှန်ကန်သောသင်ကြားမှုကို လက်ဆုပ်လက်ကိုင်ပြုခြင်း၊ လက်တွေ့ကျကျလိုက်နာကျင့်သုံးခြင်းဖြင့် အလင်းရောင်ထဲတွင်ကျွန်ုပ်တို့ ရောက်နေကြသည် သို့မဟုတ်အမှောင်ထဲတွင် ရောက်နေကြမည်ဖြစ်သည် အလင်း၊ အမှောင်နှစ်မျိုးစလုံးတွင် ခြေတစ်ချောင်းမချနိုင်ပေ။

ထိုအရာများနှင့်ပတ်သက်၍ကျွန်ုပ်တို့၏ဗဟုသုတများက ဘုရားရှင်ထံသို့ အတိုင်းအတာတစ်ခုအထိတာဝန်ယူမှုကို ပေးစွမ်းလျှက်ရှိသည်။ ကမ္ဘာကြီး၏ ပျမ်းမျှလူများကဲ့သို့ကျွန်ုပ်တို့အနေဖြင့်လမ်းများပေါ်တွင်ယခုအခါလမ်းမလျှောက်ကြ သို့မဟုတ် ကျွန်ုပ်တို့၏နေ့စဉ်ဘဝများနှင့်ပတ်သက်၍များလာမှုမပြုလုပ်ကြ၊ ဘုရားသခင်ကျွန်ုပ်တို့၏ တုန့်ပြန်မှုကိုအပြင်းအထန်မျှော်လင့်လျှက်ရှိသည်။ ထာဝရဘုရားသခင်၊ ယေရှုနှစ်မျိုးစလုံးနှင့်မှန်ကန်မှုကို ယုံကြည်သူများ အားလုံး တို့အနေဖြင့်မှန်ကန်သောဆုံးဖြတ်ချက် များချစေနိုင်ပါမည်လား၊ သို့ရာတွင် ဘုရားသခင်ခရစ်တော်နှင့် ကျွန်ုပ်တို့ကိုယ်တိုင်အနေဖြင့် သင့်အား ကူညီရန် အတွက် ကျွန်ုပ်တို့စွမ်းဆောင်နိုင်သမျှဆောင်ရွက်ကြလိမ့်မည်ဖြစ်သည်။ ဘုရားသခင်အနေဖြင့်ပင်သူ၏တစ်ဦးတည်းသောသားတော်အားကျွန်ုပ်တို့ အတွက် သေစေရန်ဖြစ်စေမည့်ဖြစ်ရပ်တွင် မောရှေ အဆုံးစွန်အနေဖြင့်သင်၏ ကယ်တင်မှုမှာ သင့်ကိုလေးစားသောကြီးမားသည့် မျှော်လင့်ချက်ကို လက်ဆုပ်လက်ကိုင်ပြုနိုင်ရန်အတွက် ကိုယ်တိုင်လွတ်လပ်သောဆန္ဒဖြင့် ဆုံးဖြတ်နိုင်မှု ပေါ်တွင်မူတည်သည်။ သို့ဖြစ်ရာကျေးဇူးပြု၍ဗတ္တိဇံခံရန်ဆုံးဖြတ်ပြီး ဤနည်း လမ်း အတိုင်းလိုက်နာပါ။ အကယ်၍ သင့်အနေဖြင့်ဤစာအုပ်၏ရှေ့တွင်ပါသော လိပ်စာသို့စာရေးသားလျှင် ကျွန်ုပ်တို့အနေဖြင့် သင့်အတွက် ဝမ်းပန်းတသာ
စီစဉ် ပေးနိုင်လိမ့်မည်ဖြစ်ပါသည်။

## လေ့လာမှု ၁၀ မေးခွန်းများ

၁။ သန့်ရှင်းမှုသည် ဘာကိုဆိုလိုပါသလဲ?

(က) မယုံကြည်သူများနှင့်မဆက်သွယ်မှု

(ခ) ဒုက္ခအပေါင်းမှခွဲခြားခံရပြီး ဘုရားသခင်၏ အလိုကျဖြစ်စေမှု

(ဂ) အသင်းတော်သို့သွားခြင်း

(ဃ) အခြားသူများသို့ ကောင်းမှုပြုလုပ်ခြင်း

၂။ အောက်ဖော်ပြပါမည်သည့်အချက်များသည်မုန့်ဖဲစားခြင်းနှင့်ပတ်သက် ၍ မှန်ကန်ပါသလဲ?

(က) မုန့်ဖွဲ့စားခြင်းကို ကျွန်ုပ်တို့အပတ်စဉ်ပြုလုပ်သင့်သည်။
(ခ) မုန့်ဖွဲ့စားခြင်းကိုတစ်နှစ်လျှင်တစ်ကြိမ်အမှတ်မထင်သည့်အချိန်တွင်ကျွန်ုပ်တို့ပြုလုပ်သင့်သည်။
(ဂ) မုန့်နှင့်ဝိုင်အရက်သည် ယေရှု၏ခန္ဓာကိုယ်နှင့် အသွေးအဖြစ် ပြောင်းသွားသည်။
(ဃ) မုန့်နှင့်ဝိုင်အရက်သည်ယေရှု၏အသွေးအသားကိုကိုယ်စားပြုသည်။

၃။ အောက်ပါတိုအနက်မည်သည့်အချက်များသည် လက်ထပ်ထိမ်းမြား သင့်သည်။
(က) ကျွန်ုပ်တို့သည် စစ်မှန်သော ယုံကြည်သူများကိုသာလက်ထပ် ထိမ်းမြားသင့်သည်။
(ခ) ယုံကြည်သူများအတွက်ကွာရှင်းမှုသည်ခွင့်ပြုရမည်။
(ဂ) လက်ထပ်ထိမ်းမြားသော ယုံကြည်သူသည်ယုံကြည်မှုမရှိသော သူမိမိ၏ကြင်ဘက်အား သူနှင့်အတူဆက်၍ ပေါင်းသင်းရန် ထိန်းထာသင့်သည်။
(ဃ) လက်ထပ်ထိမ်းမြားခြင်းတွင် ယောက်ကျားသည် ခရစ်တော်ကို ကိုယ်စားပြုပြီး အမျိုးသမီးသည်ယုံကြည်သူများဖြစ်သည်။